[illegible]

# ငါးရာ့ငါးဆယ်
# ဇာတ်တော်စကားပြေ

မဟာပညာဗလ
ပဌမကျော်ဦးကြီးဖေ

သတ္တမတွဲ

ဟံသာဝတီ

၁၇၀၉

ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

သတ္တမတွဲ

{ ကောဒသကနိပါတ် မာတုပေါသကဇာတ်မှ-ပကိဏ္ဏကနိပါတ်
ဘိက္ခာပရမ္ပရဇာတ် အထိ၊ ဇာတ်ပေါင်း ၄၂။ }

မဟာပညာဗလ-ပဋ္ဌမကျော်ဦးကြီးဖေ
ရေးသားစီရင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

H391—A [ဟံသာဝတီ]

# နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော် ကောင်းတရားသည်။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာတွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ်ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် တန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာနိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေသော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စမှတ်ပြုကြပါသည်။

## အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်- အရှင်မဟာ ဗုဒ္ဓဃောသ မထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး တဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

## ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္မောဟဝိလာသိနီမည်သော ဋီကာသစ် ကိုကား၊ မြန်မာပြည်ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီရင်တော် မူပါသည်။

## နိသျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျနှင့် အဋ္ဌကထာနိသျများကို ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက-ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသမဟာသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

## ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို ဒီပဲယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားလက်ထက် ကောဇာသက္ကရာဇ် (၁၁၈၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကံဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

## အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏ်ဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှုံလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှီခိုအားထားရာ, ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တဦးဖြစ်လာနိုင်ပါသည်။

## ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့,ကဗျာ,လင်္ကာ,ချေင်း,မော်ကွန်း, သမိုင်း,သံပိုင်း, ရတု,သီချင်းကြီး, သီချင်းခံ,ကြိုး,ပတ်ပျိုး

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီး တို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင် မှီတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေး သားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသော ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခကာ်း, လွမ်းခကာ်း, ဆွေးခကာ်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖေါ်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရ ပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေး ဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိဿျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသော ကြောင့် ပညာဗဟုဿုတလိုလားရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ် သော နိပါတ်ဇာတ်နိဿျ, ဝတ္ထုစကားပြေတို့လည်း ဇာတ် ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာ ဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ် ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ် လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အ ကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကာပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှားသော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည်ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည်လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့်အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ်လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည်ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေးသားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန်ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့.... အနှစ်သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

ကုသ္ဓလရာ ပညာဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်, သံသရာ, အတ္တ, ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါ သတည်း။

ဦးကြီးဖေ-ပဌမကျော်

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ကောဒသကနိပါတ်


၄၅၅။ မာတုပေါသကဇာတ် .... ၁

တောအလယ်တွင် မျက်စိလည်နေသောသူအား ကယ်မမိသဖြင့် မိမိအား ဘေးသင့်ရကြောင်း မင်းကြီးနှင့်တကွ ကျေးဇူးရှင်ပြစ်မှားသော မူဆိုးမိုက်ကို တရားပြကာ ဆိုဆုံးမသည့် အမိလုပ်ကျွေးသော ဆင်မင်းအကြောင်း။

၄၅၆။ ဇုဏှဇာတ် ....

မင်းကြီးနှင့် ပုဏ္ဏားငယ်ရွယ်စဉ်က မှောင်မိုက်တွင်းတိုက်မိ၍ ပျက်စီးခဲ့သောအကြောင်းကို ပုဏ္ဏားကပြန်လည်လျှောက်ထားသဖြင့် ရွာဆုနှင့်တကွ များစွာသောအခြံအရံကို ချီးမြှင့်သော ဗာရာဏသီမင်း အကြောင်း။

၄၅၇။ ဓမ္မဒေဝပုတ္တဇာတ် ... ၁

သုစရိုက်တရား ပွားများရန် လူအများ အား ကောင်းကင်ခရီးဖြင့်ကြွေးကြော်သော ဓမ္မနတ်သား အား အဓမ္မနတ်သားက လမ်းမပေးဘဲ စစ်တိုက်ရန် ပြောသည်ကိုပင် သည်းခံခြင်းဖြင့် အနိုင်ရရှိသော ဓမ္မနတ်သားအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

နာမိ၍ လက်သမားမိုက်နှင့်တကွအပေါင်းပါငါးရာတို့ ပျက်စီးရသော အကြောင်း။

၄၆၇။ ကာမဇာတ် ... ၁၁၁
လောဘအလိုသို့ လိုက်၍ ပယ်စွန့်ပြီးသော ထီးနန်း စည်းစိမ်ကို ပြန်ယူလိုသော မင်းအား သိကြားလှည့် ဖြား၍ စိုးရိမ်မှုပြင်းထန်ကာ ဝမ်းသွေးသွန်ရောဂါ စွဲကပ်နေသဖြင့် စိုးရိမ်မှု ငြိမ်းအောင် ကုစား၍ ဟောကြားဆုံးမသော ပညာရှိလုလင်အကြောင်း။

၄၆၈။ ဇနသန္ဓဇာတ် ... ၁၂၁
နေ့စဉ်နေ့ဘိုင်း တနေ့လျှင် ခြောက်သိန်းကုန်လှူဒါန်း လျက် တိုင်းသူပြည်သားများအား ကုသိုလ်ကမ္မပထ တရား ပွားများအားထုတ်ရန် ဟောကြား၍ နတ်ရွာ သို့လားစေသော ဇနသန္ဓမင်းကြီးအကြောင်း။

၄၆၉။ မဟာကဏှဇာတ် ... ၁၂၆
သာသနာ မှေးမှိန်ပျက်စီးချိန်တွင် မိမိကားမှုဆိုးကြီး အဟန် မာတလိနတ်သားအား ဆင်ပမာဏရှိသော ခွေးနက်ကြီးအဟန် ဖန်ဆင်းစေ၍လူအများထိတ်လန့် စေကာ ကုသိုလ်တရား ပွားများလျက် နတ်ရွာလား အောင် ဟောကြားဆုံးမသော သိကြားမင်းအကြောင်း။

၄၇၀။ ကောသိယဇာတ် .... ၁၃၄
[ကောသိယဇာတ်သည်သုဓာဘောဇနဇာတ်နှင့်တူ၏။]

၄၇၁။ မေဏ္ဍကပဉှာဇာတ် ... ၁၃၄
[မေဏ္ဍကပဉှာဇာတ်သည် မဟာဥမင်ဇာတ်နှင့်တူ၏။]

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၇၂။ မဟာပဒုမဇာတ် .... ၁၃၄
ကာမဂုဏ်၏အလိုသို့ မလိုက်၍ မိဖုရားမိုက် မင်းအား ကုန်းတိုက်သဖြင့် သားတော်အား သတ်စေသော်လည်း တောင်စောင့်နတ်ကယ်မ၍ ရဟန်းဘဝချမ်းသာဖြင့်နေထိုင်ရသောမဟာပဒုမမင်းသားအကြောင်း။

၄၇၃။ မိတ္တာမိတ္တဇာတ် ... ၁၄၀
မြဟ္မဒတ်မင်းကြီးမေးကြားအပ်သော မိတ်ဆွေနှင့်ရန်သူ၊ပေါင်းအပ်သူ, မပေါင်းအပ်သူ ထိုသူနှစ်ယောက်တို့ကို ခွဲခြားပြောကြားအပ်သဖြင့် ဆုလာဘ်များစွာချီးမြှင့်ခြင်းခံရသော ပညာရှိအမတ်အကြောင်း။

# တေရသကနိပါတ်

၄၇၄။ အမ္ဗဇာတ် ... ၁၅၃
ဒွန်းစဏ္ဍားထံမှ သင်ယူ ခဲ့သော အမြဲ မပြတ်သရက်သီးသီးစေနိုင်သည့်အတတ်ကိုဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ကြောင်း မင်းကြီးအား လိမ်လည်လျှောက်ထား၍ ဆရာပြစ်မှားသဖြင့် မန္တန်ကွယ်ပျောက်ကာ မင်းဒဏ်သင့်လျက် နှင်ထုတ်ခံရသော ပုဏ္ဏားမိုက်အကြောင်း။

၄၇၅။ ဖန္ဒနဇာတ် ... ၁၆၄
အကြောင်းမဲ့ကြို့ပင်စောင့်နတ်ကို ရန်ငြိုးဖွဲ့သော ဝံအား ကြို့ပင်စောင့်နတ်က တဖန်ပြန်၍ ရန်ငြိုးဖွဲ့သဖြင့် နှစ်ဦးလုံး အကျိုးမဲ့ပျက်စီး ဆုံးရှုံးရသော အကြောင်း။

ဦးရေ   အကြောင်းအရာ   စာမျက်နှာ

သမင်ယောင်ဖန်ဆင်း၍ စုံစမ်းရာ ကျေးဇူးသိသူဟု ချီးမွမ်းခြင်းခံရသော ဗာရာဏသီမင်း အကြောင်း။

---

## ပကိဏ္ဏကနိပါတ်

၄၀၄။ ကောဒါရဇာတ် ... ၂၅၆

ကောက်ပဲ သီးနှံ တို့ကို စားစဉ် လယ်စောင့် ယောက်ျား ထောင်သည့် ကျော့ကွင်းတွင်မိ၍ လယ်ရှင်က ကောက်နှံဆောင်ယူခြင်းပြဿနာကို မေးမြန်းရာ ဖြေကြားကောင်းသဖြင့် လယ်ရှင်ကြည်ညို၍ နယ်စားရသော ကျေးမင်းအကြောင်း။

၄၀၅။ စန္ဒကိန္နရီဇာတ် ... ၂၆၄

စန္ဒတောင်တွင် တူနှစ်ဖေါ်ရွှင်ပျော်နေစဉ် ကိန္နရီဖိုအား မြှားမှန်၍မေ့မြောနေသောအခါ ကိန္နရာမ၏ သီလအစွမ်း အဓိဋ္ဌာန်မှုဖြင့် ချမ်းသာမှု ရအောင် ဆောင်ရွက်သော စန္ဒကိန္နရီမအကြောင်း။

၄၀၆။ မဟာဥက္ကုသဇာတ် ... ၂၀၀

ဝန်လိုငှက်-လိပ်-ခြင်္သေ့ မိတ်ဆွေကောင်းတို့နှင့် ပေါင်းဖေါ်ရသဖြင့် ရန်သူကိုအောင်မြင်ကာ သားသမီးများနှင့်တကွ အသက်ချမ်းသာရာရသော စွန်ဖို စွန်မအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၀၇။ ဥဒ္ဒါလကဇာတ် .... ၂၀၉

အံ့ဘွယ်ထင်အောင် အယောင်ဆောင်အကျင့်ကို ကျင့်သည့်ဥဒ္ဒါလက စသော ရသေ့တို့အား ကြည်ညို ရန်မသင့်ပုံကို မင်းနှင့်ရသေ့တို့ အမှန်သိရှိရန် အဆုံး အမပေးသော ပုရောဟိတ်ပုဏ္ဏား အကြောင်း။

၄၀၈။ ဘိသဇာတ် .... ၃၀၀

ကာမဂုဏ်စည်းစိမ်ကို စက်ဆုတ်လှ၍ တောတွင် နေကြသော ညီအကို မောင်နှမ ဆယ်ဦးသောရသေ့ တို့၏ သစ်သီးဝေစုကို သီလစုံစမ်းလို၍ ဝှက်ထား သော သိကြားမင်းအား အဆုံးအမပေးသော မဟာ ကဉ္စန ရသေ့ အကြောင်း။

၄၀၉။ သုရုစိဇာတ် ... ၃၁၂

သားဆုကို တောင်းသော သုရုစိမင်း၏ မိဖုရား များစွာတွင် သီလရှိသော သုမေဓာမိဖုရားတဦးသာ သိကြားမင်းပေးသောသားကိုရ၍ မရယ်မပြုံးနေရာ နတ်ကချေသည်ဖြင့် ရယ်ပြုံးစေမှ ရယ်ပြုံးလာသော သုရုစိမင်း၏သား မဟာပနာဒမင်း အကြောင်း။

၄၉၀။ ပဉ္စုပေါသထဇာတ် ... ၃၂၇

လောဘ-ဒေါသ-မာန လွန်မှုကိုအမှီပြု၍ သံဝေဂ ရရှိကာ သီလစောင့်လျက် အတူနေကြသောခို-မြွေ- မြေခွေး-ဝံ-ရသေ့သတ္တဝါငါးဦးတို့ အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄၉၁။ မဟာမောရဇာတ် ... ၃၃၅
မင်းခြောက်ဆက်တိုင်အောင် ဖမ်းယူရရှိရန် လုံ့လပြုသော်လည်း အချည်းနှီး ဖြစ်လျက် ဥဒေါင်းမ၏ ကိလေသာဖြင့် ဖြားယောင်းခါမှ အနှစ်ခုနစ်ရာတိုင်တိုင် ငြိမ်းလေပြီးသော ကိလေသာ ထကြွလာသဖြင့် မုဆိုးကျော့ကွင်းတွင် အမိခံရသော ဥဒေါင်းမင်းအကြောင်း။

၄၉၂။ တစ္ဆကသူကရဇာတ် .... ၃၄၉
ဆွေမျိုးအပေါင်း၏ ရန်သူဖြစ်သော ကျားနှင့်ရသေ့အား ပဒုမဗျူဟာ စစ်ဆင်နည်းဖြင့် ဆင်၍ အောင်ပွဲရအောင် ဆောင်ရွက်သော တစ္ဆကသူကရဝက်မင်း အကြောင်း။

၄၉၃။ မဟာဝါဏိဇဇာတ် ... ၃၆၁
နဂါးသိမ်းဆည်းအပ်သော ညောင်ပင်မှ ရေ-စားဘွယ်- အခြံအရံ- ရတနာတို့ကို ရသော်လည်း မရောင့်ရဲနိုင်ဘဲ ဖျက်ဆီးရန်ပြုသော လောဘမသိမ်းဆည်းနိုင်သည့် လှည်းကုန်သည်များ အသက်ဆုံးရှုံးပျက်စီးရခြင်းနှင့် လောဘသိမ်းဆည်းနိုင်၍ ရတနာအစုနှင့်တကွ ချမ်းသာရာရသောလှည်းမှူးအကြောင်း။

၄၉၄။ သာဓိနဇာတ် ... ၃၆၇
သီလတန်ခိုးအစွမ်းကြောင့် သိကြားမင်း အမှူးရှိသော တာဝတိံသာနတ်တို့ ကြည်ညိုသဖြင့် လူ့ရွာမှ နတ်ပြည်သို့ ပင့်ဆောင်လျက် လူ့ဘဝနှင့်ပင် နတ်စည်းစိမ်ကိုခံစားရသော သာဓိနမင်းအကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉၅။ | ဒသဗြာဟ္မဏဇာတ် ... | ၃၇၆ |
| | အလှူခံတို့အား စိစစ်လျက် ဆယ်ဦးသောအလှူခံ ပုဏ္ဏားတို့ကိုပယ်၍ နန္ဒမူလိုဏ်မှ ငါးရာသောပစ္စေကဗုဒ္ဓါတို့အား အမိဋ္ဌာန်ပြုကာ ပင့်ဆောင်၍ ကြွလာသဖြင့် ဝမ်းမြောက် ဝမ်းသာ လှူဒါန်းရသော ကောရဗျမင်းကြီး အကြောင်း။ | |
| ၄၉၆။ | ဘိက္ခာပရမ္ပရဇာတ် ... | ၃၀၄ |
| | မွန်မြတ်သော ဘောဇဉ်ကို မင်းကြီးအားဆက်၍ မင်းကြီးမှတဖန် ပုဏ္ဏား၊ ပုဏ္ဏားမှတဖန် ရသေ့၊ ရသေ့မှတဖန် ပစ္စေကဗုဒ္ဓါ တိုင်အောင် အဆင့်ဆင့် မြတ်သူတို့အား လှူဒါန်းသဖြင့် အလွန်ဝမ်းမြောက် ဝမ်းသာခြင်းဖြစ်ရသောအလှူ့ရှင်သူကြွယ်အကြောင်း။ | |

# ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

---

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

**ပဏာမနှင့် ပဋိညာဉ်**

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ·ဧတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္ထာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝီသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏီယံ၊
သာဓူနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ဗုဒ္ဓံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝဇ္ဇန္တု တံ သုဏာန္တုဘန်၊
လောကုတ္တရာ စ လောကိယာ။
အတ္တာ ဟိတာ သုခါ သဗ္ဗေ၊
နန္ဒိသောတာ ဒိနေဒိနေ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိငါးဝါ၊ အစိုးရသည့်၊ဘုရား ခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလှစွာ၊ ပေါက်ပွား၍ လာထသော။ သုဘေ၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာ သော။ နိပါတပဒုမေ၊ ကေ, ဒုက၊စသည်တည်ရှိ၊ အသီတိ အဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာ ကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရှိသေသတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏ က၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာ လှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန် သော။ တေသုမေ၊အပဏ္ဏကာ၊စသည်မည်ဆန်း၊ထိုပဒုမာ ကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြား မြင်လိုလား၊အမျိုးသားတို့၏။အတ္တာယ၊လောကုတ်,လော ကီ၊ နှစ်လီအကျိုးပွားတိုးစေခြင်းငှါ။ ကေဝိသတိခဏ္ဍေဟိ၊ ကေကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊နှစ်ဆယ့်တခဏ်းတို့ဖြင့်။မဏ္ဍိတံ၊စုံစုံလင်လင်၊တန်ဆာဆင်အပ်သော။ အတ္ထသံဟိတံ၊ အကျိုးစီးပွါး၊ ထွန်းကားအစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဉ္စသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတစုဏ္ဏိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏီယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက်မေ့အပ်သော။ သာဓုနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏာဘူသနံ၊ နား၌ဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုဿုတေဟိ၊ များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ဝရဇိန်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော။ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကီ,လောကုတ်၊ နှစ်လီအစီးအပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်။ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဓါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ထိုငါးရာ့ငါးဆယ်၊နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဓါပွါးလျက်၊နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီသောတာဏ္ဍဝ၊ အဟုန်ဒီးဒီး၊စီးဆင်းအစဉ်၊ မြစ်ရေအလျဉ်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုတ္တရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အတ္တာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်ငှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်ငှင်း။သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ငှင်း။ဝဍ္ဎန္တု၊ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း။

### ငါးရာ့ငါးဆယ်

# နိပါတ်တော် စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သတ္တမတွဲ

## ကောသက နိပါတ်

## ၄၅၅—မာတုပေါသကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**အမိအိုကျွေးမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ်အမိကိုလုပ်ကျွေးသော မထေရ်တပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**အမိမွေးမြူ ဆင်မင်းမြူ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ

တောဝယ် ဆင်မျိုး၌ဖြစ်၍ တကိုယ်လုံး ဆွတ်ဆွတ်ဖြူ၏၊ အလွန်အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ ဆင်နှစ်သောင်း အခြံအရံ ရှိ၏။

မယ်တော်ကား မျက်စိအလင်းမရချေ၊ ဆင်မင်းသည် ချိုနိုးရာ ကောင်းနိုးရာသော သစ်သီးတို့ကို ရှာဖွေကာ မယ်တော်ထံပို့စေ၏၊ ဆင်တို့သည် မယ်တော်အား မပေးမူ၍ မိမိတို့သာစားကြကုန်၏၊ဆင်မင်းသည်စုံစမ်းလတ်သော် ထိုအကြောင်းကိုသိ၍ ဆင်အပေါင်းကို စွန့်လွှတ်ကာ မယ်တော်ကိုသာ မွေးမြူတော့မည်ကြံစည်လျက် ညအခါဆင်တို့ကို မသိစေဘဲ မယ်တော်ကိုယူဆောင်ခဲ့၍ ခဏ္ဍောရဏ တောင်ခြေရှိ တခုသောပဒုမာကြာအိုင်ကို အမှီပြု၍တောင် ဂူမ်းတခု၌ထားကာ လုပ်ကျွေးမွေးမြူလေ၏။

ထိုအခါ ဗာရာဏသီပြည်၌နေသော မုဆိုးတယောက် သည် တောအရပ်ဝယ် မျက်စိလည်လမ်းမှားကာ မသွား တတ်တော့ဘဲ သည်းစွာသောအသံဖြင့် ငိုကြွေးလေ၏၊ဆင် မင်းကြားလတ်သော် ဤသူကား ကိုးကွယ်ရာမရှိသူတည်း၊ ငါထင်ရှားရှိစဉ် မပျက်စီးစေပါလင့် ဟုကြံစည်လျက် မုဆိုး အနီးသို့သွားလေ၏၊ ကြောက်သဖြင့်ပြေးသော မုဆိုးကိုမြင် လျှင် "အိုယောကျ်ား....မပြေးလင့်၊ဘေးမရှိ၊သင်အဘယ် ကြောင့် ငိုကြွေးသနည်း"ဟု မေး၏၊ "အရှင်....အကျွန်ုပ် မျက်စိလည်လမ်းမှား၍ မသွားတတ်ဘဲနေရာ ခုနစ်ရက်ရှိ ပါပြီ"ဟု ပြော၏၊"အို-ယောကျ်ား....မကြောက်လင့်၊ ငါ လိုက်ပို့မည်"ဟု ပြောဆိုကာ ကျောပေါ်သို့ တင်ပြီးလျှင် လူတို့လမ်းခရီးသို့ပို့၍ ပြန်ခဲ့၏။

**ဆင်မင်းဖန်းရန်မုဆိုးကြံ**

မုဆိုးယုတ်လည်း မင်းကြီးကိုပြောကြားမည် ဟုကြံစည်ကာ တလမ်းလုံးသစ်ပင်တောတောင် စသည်တို့ကိုမှတ်ခဲ့၍ လူတို့ခရီးသို့ရောက်သဖြင့် ပြန်ခဲ့ရာ ဗာရာဏသီပြည်သို့ရောက်လေ၏၊ တနေ့သ၌ မင်းကြီး၏ မင်္ဂလာဆင်တော်သည် သေခဲ့၏၊ ထိုအခါမင်းကြီးသည် မင်္ဂလာဆင်တော်ပြုရန် လျောက်ပတ်သော ဆင်ကိုမြင်သောသူတို့သည် ပြောကြားကြပါဟု မြို့အလုံးကို စည်လည်စေ၏။

**ဆင်မင်းဖမ်းမှုရှေ့ဆောင်ပြု**

မုဆိုးကြားလျှင် မင်းကြီးထံ ကပ်၍ ''အရှင်မင်းကြီး... ကိုယ်လုံး ဖြူသော ဆင်ကို အကျွန်ုပ် မြင်ခဲ့ပါသည်၊ လမ်းညွှန်ပါမည် အကျွန်ုပ်နှင့်တကွဆင်ဆရာတို့ကိုစေလွှတ်တော်မူပါ''ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း အလွန်ဝမ်းမြောက်တော်မူသဖြင့် ကောင်းပြီဟု ပြောဆိုပြီးလျှင် ဆင်ဆရာကို ဖမ်းရန် စေလွှတ်လေ၏။

ဆင်ဆရာလည်း အခြံအရံများစွာဖြင့် မုဆိုးကိုလမ်းညွှန်ပြု၍ သွားလေရာ ပဒုမာကြာအိုင်၌ ကျက်စားနေသောဆင်မင်းကိုမြင်၏၊ ဆင်မင်းလည်း ဆင်ဆရာကိုမြင်လျှင် ဤဘေးကား အခြားသောသူကြောင့်ဖြစ်သည်မဟုတ်၊ ငါ့အသက်ကို ကယ်ဆယ်လိုက်သော မုဆိုးယုတ်ကြောင့်ဖြစ်၏၊ ငါကားအားကြီး၏၊ ဆင်တထောင်ကို ဖျက်ဆီးနိုင်၏၊ အမျက်ထွက်လတ်သော် တနိုင်ငံလုံးရှိစစ်သည် ဗိုလ်ပါကိုလည်း ချေမှုန်းဖျက်ဆီးနိုင်၏၊ သို့သော်လည်းငါအမျက်ထွက်ချေက သီလပျက်စီးတော့မည်၊ ဦးခေါင်းကို လှံမဖြင့်

ထိုးသော်လည်း အမျက်မထွက်တော့ပါဟု အဓိဋ္ဌာန်ပြု တော်မူ၍ ဦးကင်းကိုညွတ်၍ ရပ်လေ၏။

**သားနှင့်ကွေကွင်း ငိုကြွေးခြင်း**

ဆင်ဆရာလည်း ပဒုမာ ကြာအိုင်သို့ ဆင်းသက်ကာ ဆင်မင်း၏ ကြန်အင် လက္ခဏာကို မြင်လျှင်သိ၍ ချစ်သား လာလှည့်ဟု ခေါ်ယူပြီးလျှင် နွားမောင်းကိုကိုင်၍ မင်းကြီး ထံဆောင်လေ၏၊ မယ်တော်လည်း သားတော် ဆင်မင်း မလာလျှင် မင်းအမတ်ကြီးစသည်တို့သည် ယူဆောင်၍ သွားကြလိမ့်မည်၊ထို့ကြောင့် ငါသည် ဤတော၌ပင် ပျက် စီးရမည်ဟု အောက်မေ့လျက်—

"အချင်းတို့····သားဆင်မင်းနှင့်ကင်း၍ ပေါက် ကုန်သော နှံပဲပင် လက်ထုပ်ပင်တို့သည်၎င်း၊ ကုရု ဝိန္ဒမည်သော သစ်ပင် ကရဝီရမည်သော မြက်ပင် ကြီးတို့သည်၎င်း၊ ကြာစွယ်ကြာရင်း မြက်စပါးတို့ သည်၎င်း၊လေဆိတ်ရာ၌ ပွင့်သော မဟာလှေကား ပန်းတို့သည်၎င်း ပွားများကုန်လတ့်"—

"ရွှေတန်ဆာကို ဆင်သော မင်း၏အမတ်တို့ သည် တစုံတခုသော အရပ်၌လျှင် ငါ့သားဆင် မင်းကို ထမင်းထုပ်ဖြင့် ကျွေးမွေးကြကုန်လတ့်၊ မင်းကြီးနှင့် မင်းသားတို့သည် ငါ့သားဆင်မင်းကို စီးနင်းကာ မကြောက်မရွံ့ ရန်သူ၏ချပ်ဝတ်တန် ဆာကို ဖျက်ဆီးလတ့်"။

ဟု ငိုကြွေးမြည်တမ်းလေ၏။

**မိအိုကြောင့်ပူ အစာမယူ**

ဆင်ဆရာလည်း လမ်းခရီးမှပင် မင်းကြီးအား ဆင်တော်ရတနာရခဲ့ကြောင်းကို ကြားလျှောက်စေ၏၊မင်းကြီးလည်း မြို့ကို တန်ဆာဆင်၍ ထားနှင့်၏၊ဆင်ဆရာလည်း ရောက်လျှင် ပန်းနံ့သာတို့ဖြင့် ထုံမွှမ်းအပ်သော ဆင်တင်းကုပ်သို့ ဆင်မင်းကိုသွင်း၍ မင်းကြီးကိုကြားလျှောက်စေ၏၊ မင်းကြီးလည်း အထူးထူးသော ခဲဘွယ်ဘောဇဉ်တို့ကို ဆောင်ယူကာသွား၍ ဆင်မင်းအားကျွေးစေ၏၊ ဆင်မင်းလည်း မယ်တော်နှင့်ကင်း၍အစာမစားတော့ပြီ ဟုမိဋ္ဌာန်ထားသဖြင့် မစားလေ၊ ထိုအခါ မင်းကြီးသည်—

"အို-ဆင်မင်း….အစာကိုစားပါလော၊ပိန်ကြုံသည်မဖြစ်ပါစေလင့်။ မင်းမှုကိစ္စတို့သည် များကုန်၏၊ သင်ဆင်မင်းသည် ထိုမင်းမှုကိစ္စတို့ကို ပြုလုပ်ရလတံ့"။

ဟု အစာစားရန် တောင်းပန်လေ၏၊ ဆင်မင်းသည် မင်းကြီး၏ စကားကိုကြားလျှင်—

"မြတ်သောမင်းကြီး…. မျက်စိမမြင်ဆောင်သူမရှိ အထီးကျန်သောဆင်အိုမသည် ခဏ္ဍောရဏတောင်သို့ ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့်ခတ်မိလေအံ့တကား"—

ဟု ပြောကြားလေ၏၊ထိုအခါမင်းကြီးသည်မသိသဖြင့်—

"အို-ဆင်မင်း‥မျက်စိမမြင် ဆောင်သူမရှိ၊အထီးကျန်သော ဆင်အိုမသည် ခဏ္ဍောရဏ တောင်သို့ ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့်ခတ်မိလေအံ့

ဆိုဘိ၏၊ ထိုဆင်မကား သင်နှင့် အသို့စပ်တော်
သနည်း”–

ဟု မေးတော်မူ၏။

**မိအိုကျွေးသမှု လွှတ်ခြင်းပြု**

ထိုအခါ ဆင်မင်းသည် မြတ်သော မင်းကြီး..အကျွန်ုပ်၏ အမိဖြစ်ပါသည်၊ အကျွန်ုပ်ကား အမိအိုကို လုပ်ကျွေး၍ နေပါသည် ဟုပြောကြားလေ၏၊ ထိုအခါ မင်းကြီးသည် မင်းချင်းအား “အမောင်တို့.... ဤဆင်မင်းကား အမိအို ကိုလုပ်ကျွေးနေသော ဆင်မြတ်ဖြစ်သည်၊ အနှောင်အဖွဲ့မှ လွှတ်ကြကုန်”ဟု အခွင့်ပေးလေ၏။

ဆင်မင်းလည်း အနှောင်အဖွဲ့မှလွှတ်လျှင် မင်းကြီးအား မင်းကျင့်တရားဆယ်ပါးကို ဟောကြားကာ အဆုံးအမပေး ပြီးလျှင် ဟိမဝန္တာတောသို့ သွားလေ၏၊ မင်းကြီးနှင့်တကွ လူအပေါင်းတို့လည်း ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကာ လိုက်၍ပို့ကြကုန်၏၊ဆင်မင်းလည်းထိုနေ့ပင် ပဒုမာကြာအိုင် သို့ရောက်၍ ကြာစွယ်ကြာရင်းတို့ကို ယူပြီးလျှင် နှာမောင်း အပြည့်ရေကိုလည်းယူ၍ အမိအိုထံသွားကာ ခုနစ်ရက် ပတ်လုံး အစာမစားရ၍ အားနည်းနေသောအမိအား အင်အား ပြည့်လာစေရန် ဦးခေါင်းထက်၌ ရေသွန်း လောင်း၏၊ ထိုအခါ ဆင်မအိုသည် မိုယ်းရွာ၏ ဟူသော အထိမ်းအမှတ်ဖြင့်–

“ငါ့ရင်မှဖြစ်၍ ငါ့ကို လုပ်ကျွေး မွေးမြူသော
သားကောင်းဆင်မင်းသည် အရပ်တပါးသို့ သွား

လေ၏၊ အခါမဟုတ်ဘဲ ရွာသော မိုးယုတ်မာ
ကား အဘယ်မိုးတွဲနည်း''
ဟုမိုးကို ဆဲရေးလေ၏၊ ထိုအခါ ဆင်မင်းသည်–

''မိခင်....ထပါ၊ အဘယ်ကြောင့်၍မျှလောက်
အိပ်သနည်း၊ မိခင်သားတော် အကျွန်ုပ်သည်
ရောက်လာခဲ့ပြီ၊ လျင်မြန်သောဉာဏ်ရှိလျက် အခြံ
အရံများသော ကာသိမင်းသည်လွှတ်လိုက်ပေပြီ''–
ဟုမိခင်အား အကြောင်းစုံပြောကြားလေ၏၊ သား၏
စကားကိုကြားလျှင် မိခင်ဆင်အိုမသည်–

''ကာသိတိုင်းကြီး၏ အကျိုးစီးပွားကိုဆောင်
ရွက်တော်မူသော မင်းမြတ်သည် အခါခပ်သိမ်း
မိခင်ကို အရိုအသေလုပ်ကျွေးသော သားမြတ်ကို
လွှတ်လိုက်ပေ၏၊ ထိုမင်းမြတ်သည် ရှည်မြင့်စွာ
အသက်ရှည်ပါစေ''–
ဟုဂုဏ်ကျေးဇူးကို ချီးကျူးကာဆုမွန်ကောင်းတောင်း
လေ၏။

**ဆင်မင်းကိုမို**
**မြို့တော်တည်**

မင်းကြီးလည်း ဆင်မင်းကို ကြည်ညို၍ ပဒုမာ ကြာအိုင်၏ မနီး မဝေးသော အရပ် မှာပင် မြို့ရွာ တည်ပြီးလျှင် ဆင်မင်းအားရင်း, မယ်တော်အားရင်း နိဗဒ္ဓဝတ်ပြု၍ အမြဲလုပ်ကျွေးလေ၏၊ နောက်အခါ မယ်တော်သေလွန်လျှင် ဆင်မင်းသည် ကရဏ္ဍကမည်သော သင်္ခမ်းကျောင်းသို့သွား၍ ရသေ့ငါးရာတို့ကိုလုပ်ကျွေးကာ ကုသိုလ်ကောင်းမှုကို ပြု၍နေ၏။

မင်းကြီးလည်း ဆင်မင်းမရှိလျှင် ဆင်မင်းသင်္ချိုင်းကျောက်ရုပ်ကို ထုလုပ်စေပြီးလျှင် ကြီးစွာသော ပူဇော်သက္ကာရကိုပြု၏၊ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သော သူတို့သည် နှစ်တိုင်း နှစ်တိုင်းစုဝေးကာ ဆင်ပူဇော်ပွဲပြုလုပ်ကြကုန်၏။

ဤဒေသနာတော်ကို ဟောတော်မူ၍ သစ္စာကိုပြသည်၏အဆုံး၌ အမိကိုလုပ်ကျွေးသောမထေရ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ မုဆိုးသည်-ဒေဝဒတ်။

※ ဆင်ဆရာသည်-သာရိပုတ္တရာ။

※ ဆင်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဇူးကြီးလှ၊မိနှင့်ဘ၊နိစ္စလုပ်ကျွေးရာ။

(၂) ပစ္စုပ်တမလွန်၊ကျိုးနှစ်တန်၊ကောန်ပြီးသည်သာ။

(၃) မိခင်ကျွေးမှု၊ကျောက်ဆင်တု၊ဇမ္ဗူကိုးကွယ်ရာ။

မာတုပေါသကဇာတ်ပြီး၏။

# ၄၅၆။ ဇုဏှဇာတ်

ပဉ္စနိပါတ်

**အမြဲအလုပ်ကျွေး မရှိသေး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ်အာနန္ဒာမထေရ်အား မြတ်စွာဘုရားထံမှဆုရှစ်ပါးကိုရသတတ်၊ ထိုစကားကို ချဲ့ဦးအံ့၊ မြတ်စွာဘုရားအား ပဌမဗောဓိ၌ ဝါတော်နှစ်ဆယ်တို့ပတ်လုံး အလုပ်အကျွေးအမြဲမရှိ။

တနေ့သ၌ မြတ်စွာဘုရားသည် ရဟန်းသံဃာ ခြံရံလျက်ဂန္ဓကုဋိတိုက်၌ နေတော်မူ၍ "ချစ်သားရဟန်းတို့....ငါဘုရားကား ကြီးရင့်တော်မူပြီ၊ အမြဲ လုပ်ကျွေးမည့်သူကို သိကြကုန်"ဟု မိန့်တော်မူ၏၊ထိုအခါ ရှင်သာရိပုတ္တရာသည်ထ၍ရှိခိုးလျက် "လုပ်ကျွေးပါမည်"ဟုလျှောက်ထား၏၊ မြတ်စွာဘုရားသည် ပယ်တော်မူ၏၊ ထိုနောက်ရှင်မောဂ္ဂလာန်စသော မဟာသာဝကကြီးတို့သည် အသီးအသီး လုပ်ကျွေးပါမည်ဟု လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ပယ်တော်မူ၏၊ ညီတော်အာနန္ဒာကား တစုံတရာလျှောက်ထားခြင်းမရှိ၊ ဆိတ်ဆိတ်သာနေ၏၊ ထိုနောင်မှ ရဟန်းတို့သည် ညီတော်အာနန္ဒာအား အလုပ်အကျွေးရာထူးကိုတောင်းရန် တိုက်တွန်းကြကုန်၏။

**ပယ်လေတောင်းလေ ဆုရှစ်ထွေ**

ထိုအခါ ညီတော် အာနန္ဒာ သည် ထ၍ လက်အုပ်ချီမိုး ရှိခိုး ဦးတင်ကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....မြတ်စွာဘုရားသည် အကျွန်ုပ်အား–

ပယ်သောဆုလေးပါး

(၁) ကိုယ်တော်ရအပ်သောသင်္ကန်းကို မပေးခြင်း,
(၂) ဘုဉ်းပေးတော်မူသောဆွမ်းကို မပေးခြင်း,
(၃) ဂန္ဓကုဋိ တိုက်ခန်းတခုတည်း၌ အတူနေရန် မပေးခြင်း,
(၄) အကျွန်ုပ်ကိုခေါ်၍ ပင့်ဘိတ်ရာသို့ မကြွခြင်း,

တောင်းသောဆုလေးပါး

(၁) အကျွန်ုပ်ပင့်ရာသို့ ကြွတော်မူခြင်း,
(၂) အရှင်ဘုရားကို ဖူးမျှော်ရန်လာသော ပရိသတ်ကိုလာသောခဏ၌ ဖူးမျှော်စေခြင်းငှါခွင့်ရခြင်း,
(၃) ယုံမှားသက်ာဖြစ်သောခဏ၌ မေးလျှောက်ခြင်းငှါခွင့်ရခြင်း,
(၄) မျက်ကွယ်၌ဟောအပ်သောတရားတို့ကိုအကျွန်ုပ်အား ဟောကြားခြင်း,

ဤသို့ပယ်အပ်သော ဆုလေးပါး၊ တောင်းအပ်သော ဆုလေးပါးအားဖြင့် ရှစ်ပါးသောဆုတို့ကို ခွင့်ပြုပေးသနားတော်မူပါလျှင် အကျွန်ုပ် အမြဲလုပ်ကျွေးပါမည်" ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားလည်း ရှေးဆုတောင်းပါလျက်ဖြည့်ဆည်းပူးအပ်သော ပါရမီရှိသော ပုဂ္ဂိုလ်ထူးဖြစ်ရကား တောင်းသောဆု ရှစ်ပါးကို ပေးပြီးလျှင် အမြဲလုပ်ကျွေးရန် ခွင့်ပြုတော်မူ၏။

**ရှင်အာနန္ဒာ ရတ်အင်္ဂါ**

ရှင်အာနန္ဒာလည်း ထိုအခါမှစ၍ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး မြဲသောအလုပ်အကျွေးဖြစ်လေ၏၊ ရှင်အာနန္ဒာကား

ငါးပါးသောဌာနၵ် တေဒဂ်ရတော်မူ၍ ခုနစ်ပါးသော ဂုဏ်အင်္ဂါနှင့်လည်း ပြည့်စုံ၏။

ဂုဏ်အင်္ဂါ ၇—ပါး

(၁) သောတာပတ္တိဖိုလ်ကိုရသည်နှင့် ပြည့်စုံခြင်း,
(၂) ရှေးကောင်းမှုအကြောင်းနှင့် ပြည့်စုံခြင်း,
(၃) မိမိစီးပွားကိုပေးသည်နှင့် ပြည့်စုံခြင်း,
(၄) ဘုရားမျက်မှောက်၌နေရသည်နှင့် ပြည့်စုံခြင်း,
(၅) အသင့်အတင့် နှလုံးသွင်းခြင်းနှင့်ပြည့်စုံခြင်း,
(၆) ဘုရားကိုမှီရသည်နှင့် ပြည့်စုံခြင်း,
(၇) ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ဆောင်နိုင်သည်နှင့် ပြည့်စုံခြင်း,

ဤသို့လျှင် ရှင်အာနန္ဒာသည် ဆုရှစ်ပါး ဂုဏ်အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ သာသနာတော်ဝယ် ကောင်းကင်၌ နေလအသွင် အလွန်ထင်ရှားလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာအား ဆုရှစ်ပါးကိုပေးသဖြင့် ရောင့်ရဲစေကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍သိတော်မူလျှင် "ရဟန်းတို့···· ငါဘုရားသည် အာနန္ဒာအား ယခုအခါ၌သာလျှင် တောင်းသောဆုကို ပေးသည်မဟုတ်၊ ရှေးအခါ၌လည်း ပေးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

၅၆၅၅

## အတိတ်ဝတ္ထု

ညမှောင်အမိုက်
နှစ်ဦးတိုက်

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ၊ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ သားဖြစ်၍ ဇုဏှအမည်ရှိ၏၊ ထိုဇုဏှမင်းသားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားနေစဉ် တနေ့သ၌ ညအခါဝယ် ဆင်ဆရာအိမ်မှ မိမိနေရာသို့ပြန်လာရာ မှောင်မိုက်သဖြင့် မမြင်၍ ထမင်းခွက်ကိုင်လာသော ပုဏ္ဏားတယောက်ကို တိုက်မိလေ၏၊ ပုဏ္ဏားသည်လဲသဖြင့် ထမင်းခွက်ကျ၍ကွဲလေ၏၊ ထိုအခါပုဏ္ဏားသည် လူးလည်း၍ ငိုကြွေးမြည်တမ်းလေ၏။

မင်းသားသည် ပုဏ္ဏားကိုသနားသဖြင့် လက်ကိုကိုင်၍ထူမ၏၊ ပုဏ္ဏားလည်း "ချစ်သား....သင်သည် ငါ့ထမင်းခွက်ကို တိုက်မိ၍ ကွဲဘိ၏၊ ထမင်းခွက်ဘိုးကိုပေးပါ" ဟု တောင်းလေ၏၊ "ပုဏ္ဏား.... ယခုငါသည် သင်၏ထမင်းခွက်ဘိုးကိုမပေးနိုင်၊ ငါကား ဗာရာဏသီမင်း၏သားတော် ဇုဏှမည်သော မင်းသားဖြစ်၏၊ ငါမင်းဖြစ်သောအခါလာ၍တောင်းပါ ပေးမည်"ဟု ကတိထားလေ၏၊ မင်းသားလည်း အတတ်ပညာ ပြည့်စုံ တတ်မြောက်လတ်သော် ဗာရာဏသီပြည်သို့ ပြန်လေ၏။

ရှေးကဖြစ်ဟောင်း
ထမင်းဘိုးတောင်း

မင်းကြီးလည်း သားတော်ရောက်လာလျှင် ငါအသက်ရှင်စဉ်ပင် သားတော်၏မင်းအဖြစ်ကို ကြည့်ရှု လိုသည်ဟု ပြောဆိုကာ မိမိ၏ထီးနန်းစည်းစိမ်ကို သားတော်ဇုဏှမင်း

သားအား လွှဲအပ်ပြီးလျှင်, အဘိသိက်သွန်း၍ မင်းမြှောက်လေ၏၊ ဇုဏှမင်းလည်း တရားနှင့်အညီမင်းပြု၏၊ ထိုအကြောင်းကို ထမင်းခွက်ကွဲဘူးသော ပုဏ္ဏားကြားလျှင် ငါ့ထမင်းခွက်ဘိုးကို တောင်းမည်ဟုကြံစည်ကာ ဗာရာဏသီပြည်သို့သွား၍ မြို့တော်ကို ဆင်တော်ဖြင့် လက်ျာရစ်လှည့်လည်တော်မူသော မင်းကြီးကို မြင်လောက်ရာအရပ်တခုမှနေ၍ လက်ကိုမြှောက်လျက် (အောင်စေသတည်း-အောင်စေသတည်း)ဟု ဆုတောင်းလေ၏၊ မင်းကြီးသည် မမြင်သဖြင့် လွန်၍သွားလေ၏၊ ပုဏ္ဏားသည် မင်းကြီးမမြင်သောအဖြစ်ကိုသိလျှင်—

"အို-မင်းမြတ်····အကျွန်ုပ်စကားကို နာတော်မူဦးလော၊ အရှင်မင်းကြီးထံ အလှူခံလိုသောကြောင့် ဤအရပ်သို့ရောက်လာပါ၏၊ အိုမင်းမြတ် အရပ်ဝေးမှလာ၍ အလှူခံခြင်းငှါ ရပ်ကုန်သော ပုဏ္ဏားတို့ကို မကြည့်ရှုဘဲမသွားသင့်ဟု ပညာရှိတို့ပြောဆိုကြကုန်၏"—

ဟု အသံကျယ်စွာဖြင့် ပဋိသန္ဓာရစကား ပြောကြားလေ၏။

**အလှူခံပုဏ္ဏား မင်းမေးမြန်း**

မင်းကြီးကြားလျှင် ဆင်ကို ချွန်းအုပ်၍ နောက်သို့လှည့်စေပြီးလျှင်—

"အို-ပုဏ္ဏား···· ငါနားထောင်ပါအံ့၊ ရပ်တည်ပါအံ့၊ ဤအရပ်သို့ ရောက်လာခြင်းအကြောင်းကို ပြောဆိုပါ၊ ငါ့ထံ၌ ဘာကိုအလိုရှိ၍ ဤအရပ်သို့

လာသနည်း၊ ငါတိုက်တွန်းပါ၏၊အလိုရှိရာကိုပြော
ဆိုပါ”–

ဟု အကြောင်းကိုမေးမြန်းကာ ဘိတ်မန္တကပြုလေ၏၊ ထိုအခါပုဏ္ဏားသည်–

“အို-မင်းမြတ်….အကျွန်ုပ်အား ငါးရာသော ရွာဆုကိုဎင်း,ကျွန်မတရာကိုဎင်း, နို့ညှစ်နွားမ ခုနစ်ရာကိုဎင်း,အထောင်မကသော ရွှေစင်နိက္ခကိုဎင်း, အဆင်းသဏ္ဌာန် အမျိုးဇာတ်တူသော မယားနှစ်ယောက်တို့ကိုဎင်း ပေးလှူတော်မူပါ။”

“အို-ပုဏ္ဏား..သင့်အား ဂုဏ်ကျေးဇူးကြီးသော အကျင့်သည်ဎင်း,ဆန်းကြယ်သောသဘောရှိသော မန္တရားသည်ဎင်း, သင့်စကားကို လိုက်နာသော နတ်အချို့သည်ဎင်း ရှိပါကုန်သလော ငါမင်းမြတ်၏ အကျိုးစီးပွားကို ပြုခဲ့ဘူးပါသလော။”

နောက်ကြောင်းဖြစ်ရပ်
လျှောက်တင်အပ်

“အို-မင်းမြတ်…. အကျွန်ုပ်အား ဂုဏ်ကျေးဇူးကြီးသော အကျင့်သည်ဎင်း, ဆန်းကြယ်သော သဘောရှိသောမန္တရားသည်ဎင်း, အကျွန်ုပ်စကားကို လိုက်နာသော နတ်အချို့သည်ဎင်း မရှိပါကုန်၊ အရှင်မင်းမြတ်၏ အကျိုးစီးပွားကိုလည်း မပြုခဲ့ဘူးပါ၊ ရှေးအခါပေါင်းဆုံမိကာမျှ ဖြစ်ဘူးပါ၏”။

“အို-ပုဏ္ဏား…. ငါ့အား ယခုမြင်ရခြင်းကား ရှေးဦးစွာမြင်ခြင်းတည်း၊ ရှေးအခါ၌ မသိစဘူး၊ ဘယ်အခါ ဘယ်အရပ်၌ သင်နှင့်ပေါင်းဆုံမိကာမျှ ဖြစ်ဘူးသနည်း၊ ပြောကြားပါ။”

"အို-မင်းမြတ်....ဂန္ဓာရမင်း၏ နှလုံးမွေ့လျော်ဘွယ်ရှိသော တက္ကသိုလ်ပြည်၌ နေဘူးပါကုန်၏၊ ထိုပြည်ဝယ် အလွန်မှောင်မိုက်သောညအခါ၌ သင်မင်းကြီး၏ပခုံးစွန်းနှင့် ကျွန်ုပ်၏ပခုံးစွန်းသည် တိုက်ခတ်မိပါ၏၊ ထိုသို့တိုက်ခတ်မိရာ၌ နှစ်ဦးသောအကျွန်ုပ်တို့သည် ရပ်ကုန်လျက် အသက်ထက်ဆုံးအောက်မေ့အပ်သောစကားကို ပြောဘူးပါကုန်၏၊ ထိုအခါပေါင်းဆုံမိကာမျှဖြစ်ဘူးပါ၏၊ ထိုမှနောက်၌ရှင်း, ရှေး၌ရှင်း မသိဘူးကြပါ"။

**မိတ်ဆွေဖြစ်လင့်ဆုချီးမြှင့်**

"အို-ပုဏ္ဏား.... လူတို့၌ အမှတ်မရှိသောအခါ သူတော်ကောင်း တို့နှင့်ပေါင်းဖော်မိ၏၊ ပညာရှိတို့သည် ခဏပေါင်းခြင်း, အရှည်ပေါင်းခြင်းကိုရှင်း,ရှေး၌ပြုဘူးသောကျေးဇူးကိုရှင်း, မဖျက်ဆီးကြကုန်၊ မိုက်သောသူတို့သည်သာ ခဏပေါင်းခြင်းအရှည်ပေါင်းခြင်းကိုရှင်း, ရှေး၌ပြုဘူးသောကျေးဇူးကိုရှင်း ဖျက်ဆီးကြကုန်၏။ သူမိုက်တို့ကား ပြုဘူးသောကျေးဇူးကို မသိတတ်သောသဘောရှိကြကုန်၏။ ပညာရှိတို့ကား ခဏပေါင်းဘော်ခြင်း အရှည်ပေါင်းဘော်ခြင်းကိုရှင်း,ရှေး၌ပြုဘူးသောကျေးဇူးကိုရှင်းမဖျက်ဆီးကြကုန်၊ပညာရှိတို့ကား ပြုဘူးသောကျေးဇူးကိုသိတတ်သောသဘော ရှိကြကုန်၏၊ အနည်းငယ်မျှပြုဘူးသော ကျေးဇူးကိုသော်လည်း မဖျက်ဆီးကြကုန်။

အို-ပုဏ္ဏားး… သင့်အား ငါးရာသော ရွာဆုကိုရင်း, ကျွန်မတရာကိုရင်း, နို့ညှစ်နွားမခုနစ်ရာကိုရင်း, အထောင်မကသော ရွှေစင်နိက္ခကိုရင်း, အဆင်းသဏ္ဍာန် အမျိုးဇာတ် တူသော မယားနှစ်ယောက်တို့ကိုရင်း ငါပေးပါ၏။

အို-မင်းမြတ်… ဤသို့ သူတော်ကောင်းတို့နှင့် ကပ်၍ ပေါင်းဖော်မိ၏၊ အိုမင်းမြတ်… ကောင်းကင်အလယ်၌ လမင်းသည်ပြည့်သကဲ့သို့၊ ထို့အတူ အကျွန်ုပ်သည်လည်း ရွာဆုစသည်တို့ဖြင့် ပြည့်ပေ၏၊ အို-မင်းမြတ်… အကျွန်ုပ်သည် အရှင်မင်းမြတ်နှင့် ပေါင်းဖော်ခြင်းကို ယခုအခါ ရပေပြီ''—ဟု ပုဏ္ဏားသည် မင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးလည်း ပုဏ္ဏားအား တောင်းသောဆု များစွာသော စည်းစိမ် အခြံအရံကို ပေးလေ၏၊ ပုဏ္ဏားလည်း မင်းကြီးပေးသောဆုဖြင့် ရောင့်ရဲလေသတည်း။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့…
※ ထိုအခါ ပုဏ္ဏားသည်—ယခုအခါ အာနန္ဒာ။
※ ဗာရာဏသီမင်းသည်—ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) တခဏာပေါင်း၊ အရှည်ပေါင်း၊ သူကောင်းမိတ်မဖျက်။
(၂) နည်းငယ်ပြုဘူး၊ သူ့ကျေးဇူး၊ အထူးသိပြန်လျက်။
(၃) ရွာ,ကျွန်,ပေးနွား၊ ရွှေ,မယား၊ ဘိုးထားထမင်းခွက်။

ဇုဏှဇာတ်ပြီး၏။

---

## ၄၅၇—ဓမ္မဒေဝပုတ္တဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**ဂရုကံထိုက် ငရဲဆိုက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ် မြေမျိုခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**ကောင်းမှုပြုဘော် ဓမ္မကြွေးကြော်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်ကာမာဝစရနတ်ပြည်ဝယ် ဓမ္မနတ်သားဖြစ်၏၊ ဒေဝဒတ်အလောင်းကား အဓမ္မနတ်သားဖြစ်လေ၏။

ထိုနတ်သားတို့တွင် ဓမ္မနတ်သားသည် ညအခါလူတို့ ထမင်းစားပြီး၍ အိမ်၌နေကုန်စဉ် နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် ရထားမြတ်ကိုစီး၍ အမတ်အပေါင်းခြံရံကာ ရွာနိဂုံးဇနပုဒ် မင်းနေပြည်ဝယ် ကောင်းကင်၌ရပ်လျက်

''အို-လူအပေါင်းတို့.... အကုသိုလ်၊ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်ကြကုန်၊ ကုသိုလ်သုစရိုက်ဆယ်ပါးကို ဖြည့်ကျင့်ကြကုန်၊ အမိအဘကို လုပ်ကျွေးကြကုန်၊ ဤသို့ ပြုသည်ရှိသော် နတ်ပြည်သို့လား၍ ကြီးမားသော စည်းစိမ်ချမ်းသာကို ခံစားကြရကုန်လတ္တံ့''ဟု ကြွေးကြော်လျက် ဇမ္ဗူဒိပ်ကို လက်ျာရစ်လှည့်လည်လေ၏။

**တရားဖျက်လတ်အဓမ္မနတ်**

အဓမ္မနတ်သားလည်း ရထားမြတ်ကို စီးလျက် အမတ် အပေါင်း ခြံရံ၍ အကုသိုလ်ဒုစရိုက်ကို ပြုကြကုန် စသည်ဖြင့် ကြွေးကြော်လျက် ဇမ္ဗူဒိပ်ကျွန်းကို လက်ဝဲရစ်လှည့်လည်လေ၏၊ ထိုနှစ်ယောက်သော နတ်သားတို့၏ ရထားတို့သည် ကောင်းကင်တနေရာတွင် ရှေးရှုဆိုင်မိကြကုန်၏၊ အချင်းချင်းမေးကြရာ ငါတို့ကား ဓမ္မနတ်သား၏ ပရိသတ်ဖြစ်သည်၊ ငါတို့ကား အဓမ္မနတ်သား၏ ပရိသတ်ဖြစ်သည်ဟု အသီးအသီးပြောဆိုလျက် လမ်းခရီးမှ ဆင်းသက်ကြကုန်၏၊ ထိုအခါ ဓမ္မနတ်သားသည်—

''အို-အဓမ္မနတ်သား..ငါကားလူတို့၏စည်းစိမ်ချမ်းသာကိုပြု၏၊ လူတို့အား ကုသိုလ်ကောင်းမှုကို ပြုစေ၏၊ ရဟန်းပုဏ္ဏားတို့အား အမြဲချီးမွမ်း၏၊ ဓမ္မနတ်သားဖြစ်သောငါသည် လူနတ်တို့အပူဇော်ကိုခံရ၏၊ ငါ့အား ခရီးလမ်းသည်ထိုက်၏၊ ခရီးလမ်းကိုပေးပါလော့''—

ဟု ရှေးဦးစွာပြောဆိုလေ၏၊ ထိုအခါ အဓမ္မနတ်သားသည်—

"အို-ဓမ္မနတ်သား....ငါကား အဓမ္မရထားကို မြဲစွာစီး၏၊ မကြောက်ရွံ့၊ အားကြီး၏၊ ဘယ် အကြောင်းကြောင့် ငါသည် မပေးဘူးသော လမ်း ခရီးကို သင့်အား ယခုပေးရအံ့နည်း"။

ဓမ္မ-အဓမ္မ လမ်းလုကြ

"အို- အဓမ္မနတ်သား.... လောက၌ စင်စစ်ရှေးဦးစွာ ကုသိုလ်တရားသည် ထင်ရှားဖြစ်ခဲ့၏၊ နောက်မှ အကုသိုလ် တရားသည် ထင်ရှားဖြစ်ခဲ့၏၊ ငါသည် ကြီးလည်း ကြီး၏၊ မြတ်လည်းမြတ်၏၊ ရှေးလည်းဖြစ်၏၊ ငယ် သောသင်သည် ကြီးသော ငါ့အား လမ်းခရီးမှ ဖယ်ပါလော့"။

"အို-ဓမ္မနတ်သား.... တောင်းရမ်းသဖြင့်၎င်း၊ သင့်တင့်စွာ ပြောဆိုသဖြင့်၎င်း သင့်အားလမ်းခရီး ကို ငါမပေး၊ သင်နှင့်မထိုက်၊ ယခုငါတို့နှစ်ယောက် အား စစ်ထိုးခြင်းဖြစ်ပါစေ၊ စစ်ထိုးရာ၌ အောင် နိုင်သူအား လမ်းခရီးလည်း ဖြစ်ပါစေ"။

"အို-အဓမ္မနတ်သား....ငါသည် အရပ်ရှစ် မျက်နှာတို့၌ ပျံ့နှံ့ထင်ရှား၏၊ ခွန်အားကြီး၏၊ မနှိုင်းယှဉ်အပ်သောအခြံအရံရှိ၏၊ငါနှင့်တူသူမရှိ၊ ဂုဏ်အင်္ဂါအလုံးစုံနှင့် ပြည့်စုံသော ငါဓမ္မနတ်သား ကို သင်အဘယ်ကြောင့် အောင်နိုင်လိမ့်မည်နည်း"။

"အို-ဓမ္မနတ်သား....စင်စစ်သံဖြင့်ရွှေကို ဖြတ် နိုင်၏၊ ရွှေဖြင့်သံကိုမဖြတ်နိုင်၊ အကယ်၍ယခုအခါ ငါအဓမ္မနတ်သားသည် သင်ဓမ္မနတ်သားကို သတ်

ငြားအံ့ သံသည်ရှေ့ကို ဖျက်ဆီးသကဲ့သို့ ဖြစ်ပေမည်”။

“အို-အဓမ္မနတ်သား.... အကယ်၍ သင်သည် စစ်ထိုးခြင်း၌ အားရှိသည်ဖြစ်အံ့၊ သင်အားကြီးသူ အရှိအသေပြုသူတို့မရှိကုန်၊ ချစ်သည်ဖြစ်စေ, မချစ်သည်ဖြစ်စေ သင့်အားလမ်းခရီးကို ငါပေး၏၊ သင်၏ကြမ်းကြုတ်သောစကားတို့ကိုလည်း ငါသည်းခံ၏”။

**အကုက်ကြီးလှ အဝိစိကျ**

ဤသို့ ပြောဆိုသောခဏ၌ အဓမ္မနတ်သားသည် ရထားထက်၌ မတည်နိုင်ဘဲ ဦးခေါင်းစောက်ထိုး မြေသို့ကျ၍ မြေမျိုပြီးလျှင် အဝီစိငရဲ၌ ခံရလေ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

“ရဟန်းတို့.... စစ်ထိုးလိုသောအဓမ္မနတ်သားသည် ဓမ္မနတ်သား၏စကားကို ကြားရ၍ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ဖြစ်လျက် စစ်မထိုးရပြီ ဟု ပြောဆိုကာ အောက်သို့ကျလေ၏၊ ဤသို့ကျသဖြင့် အဓမ္မနတ်သားကို သတ်အပ်သည်မည်၏”။

“ရဟန်းတို့.... သည်းခံခြင်းအားနှင့် ပြည့်စုံ၍ အလွန် အားကြီးလျက် မှန်ကန်သော လုံ့လရှိသဖြင့် စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော ဓမ္မနတ်သားသည် အဓမ္မနတ်သား၏ စစ်ဗိုလ်ထုကိုအောင်နိုင်၍ အဓမ္မနတ်သားကိုသတ်ကာ မြေသို့ ကျစေပြီးလျှင် မြှုပ်သတ်၍ ရထားကိုစီးလျက် လမ်းခရီးဖြင့် သွားလေ၏”။

"ရဟန်းတို့.... အိမ်၌ရှိသော အမိအဘနှင့် ရဟန်းပုဏ္ဏားတို့ကို အရိုအသေ မပြုသောသူသည် ဤလောက၌ပင် ကိုယ်ခန္ဓာကို စွန့်ပစ်၍ အဓမ္မနတ်သားသည် ဦးခေါင်းစောက်ထိုး ကျသကဲ့သို့ ထို့အတူ သေလွန်သောအခါ ငရဲသို့ လားရ၏"။

"ရဟန်းတို့.... အိမ်၌ရှိသော အမိအဘနှင့် ရဟန်းပုဏ္ဏားတို့ကို အရိုအသေ ပြုသောသူသည် ဤလောက၌ပင် ကိုယ်ခန္ဓာကို စွန့်ပစ်၍ ဓမ္မနတ်သားသည် မိမိရထားကို စီး၍သွားရသကဲ့သို့ ထို့အတူ သေလွန်သောအခါ သုဂတိသို့ လားရ၏"။

ဟု ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အဓမ္မနတ်သားသည်-ယခုအခါဒေဝဒတ်။

※ အဓမ္မနတ်သား၏ ပရိသတ်သည်- ဒေဝဒတ်၏ ပရိသတ်။

※ ဓမ္မနတ်သား၏ ပရိသတ်သည်-ငါဘုရား၏ပရိသတ်။

※ ဓမ္မနတ်သားသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ဓမ္မနတ်ကား၊ လူအများ၊ ပြောကြားပြုကုသိုလ်။

(၂) အဓမ္မနတ်ဆိုး၊ လူတရိုး၊ နှိုးဆော်အကုသိုလ်။

၁၇၀၉

(၃) နတ်နှစ်ဦးသား၊ တွေ့ဆုံငြား၊ ကြိုး၀ါးစစ်ထိုးလို။
(၄) မြွေသည်းခံ၊ အားကြီးပြန်၊ ရန်စင်အောင်သကို။
(၅) မြေမျိုအမြွေ၊ ၀ိစိကျ၊ ခံရရှုံးသကို။
(၆) ရဟန်း,ပုဏ္ဏား၊ မိဘအား၊ သွတ်တွားကြစေလို။
(၇) တရားမသက်၊ အမှားဘက်၊ ပျက်လိမ့်မလွဲဆို။

မြွေဒေ၀ပုတ္တဇာတ် ပြီး၏။

---

## ၄၅၀။ ဥဒယဘဒ္ဒဇာတ်

### ပစ္စုပ္ပန်၀တ္ထု

**သာသနာလွန်ပျင်း ရဟန်းဖျင်း**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတ၀န်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကိလေသာ၏ အစွမ်းဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်၀တ္ထုသည် ကုသဇာတ်၌ ထင်စွာဖြစ်လတ့်။]

### အတိတ်၀တ္ထု

**သားတော်ဖွားမြင် လွန်ချစ်ခင်**

လွန်လေပြီးသောအခါ ကာသိတိုင်း သုရုန္ဓနမြို့၀ယ် ကာသိကရာဇ်မင်း မင်းပြုသည်ရှိသော် ထိုမင်းအား သားသမီး မရှိ၊ မင်းကြီးသည် မိဖုရားတို့အား သားဆုကိုတောင်းစေ၏၊ဘုရားအလောင်းသည် ဗြဟ္မာပြည်မှ စုတေ၍ မိဖုရားကြီး၏ ၀မ်း၌ ဖြစ်၏၊ ဘွားမြင်သောအခါ သတို့သားကိုလူတို့ စိတ်နှလုံးကို ပွားစေတတ်သောကြောင့် ဥဒယဘဒ္ဒဟူသော

အမည်ကိုမှည့်ကုန်၏၊ မင်းသားသည် ခြေဖြင့်သွားနိုင်သော အခါ တပါးသောသတ္တဝါသည် ဖြဟ္မာပြည်မှပင် စုတေ၍ မိဖုရားတယောက်၏ ဝမ်း၌ဖြစ်၏၊ ဘွားမြင်သောအခါ သတို့သမီးကိုလည်း ဥဒယဘဒ္ဒါ ဟူသော အမည်ကိုမှည့် ကုန်၏။

ဥဒယဘဒ္ဒမင်းသားသည် ဘွားမြင်သည်မှစ၍ မြတ် သောအကျင့်နှင့်ပြည့်စုံ၏၊အရွယ်ရောက်သောအခါ အတတ် ပညာနှင့် ပြည့်စုံခြင်းသို့ရောက်၏၊ အိမ်မက်ဖြင့်သော်လည်း မေထုန်အကျင့်ကို မသိစဘူး၊ ကိလေသာ ကာမဂုဏ်တို့၌ ကပ်ငြိခြင်းမရှိ၊ အဘမင်းကြီးသည် အဘိသိက်သွန်း၍ မင်း မြှောက်ပြီးလျှင် ကချေသည်မတို့ကို လုပ်ကျွေးစေမည် ဟု သားတော်ထံ အကြောင်းကြား၏၊ မင်းသားလည်း မင်း အဖြစ်ကိုအလိုမရှိ၊ ကိလေသာကာမဂုဏ်တို့၌ မကပ်ငြိ ဟု အဖန်ဖန်ပယ်၏၊ မင်းကြီးလည်း အဖန်ဖန် တိုက်တွန်း၏၊ မင်းသား လည်းနားအေးစေတော့ဟုကြံစည်ကာ ဇမ္ဗူရာဇ် ရွှေစင်မိန်းမရုပ်ကို ထုလုပ်၍ ဤအရုပ်နှင့်တူသော မိန်းမ ကိုရလျှင် မင်းပြုမည် ဟု မယ်တော် ခမည်းတော်တို့ထံပို့ စေ၏။

**ထီးနန်းအပ်နှင်း မင်းမြှောက်ခြင်း**

မယ်တော် ခမည်းတော်တို့လည်း ထိုရွှေ စင်ရုပ်နှင့် တူသော မိန်းမကို ရရှိရန် ရွှေစင်ရုပ်ကို ယူဆောင်လျက် ဇမ္ဗူဒိပ် တကျွန်းလုံးနှံ့အောင် ရှာစေသော်လည်း မရကုန်၊နောက် ဆုံး၌ မကြံတတ်သဖြင့် ဥဒယဘဒ္ဒါမင်းသမီးကို တန်ဆာ ဆင်စေလျက်ရွှေစင်ရုပ်နှင့်ယှဉ်၍ ကြည့်ကုန်၏၊ ဥဒယဘဒ္ဒါ မင်းသမီးသည် ရွှေစင်ရုပ်ထက် သာလွန်နေသည်ကို

တွေ့ရကုန်၏၊ထိုအခါ မယ်တော်ခမည်းတော်တို့သည် နှစ်ယောက်လုံး အလိုမရှိကြကုန်ဘဲလျက် အဘတူ အမိကွဲဖြစ်သော ဥဒယဘဒ္ဒါမင်းသမီးကို မိဖုရားကြီးပြုကာ ဥဒယဘဒ္ဒမင်းသားကို အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏၊ မင်းမိဖုရားတို့သည် တဦးနှင့်တဦး ကိလေသာကာမဂုဏ်၏အစွမ်းဖြင့် မရောယှက်ကြဘဲမြတ်သောအကျင့်ကိုကျင့်၍သာနေကြကုန်၏၊ အယုတ်အားဖြင့် ကိလေသာ၏အစွမ်းဖြင့် ဋ္ဌမျက်စိကိုဖွင့်၍ အချင်းချင်း မကြည့်ဘူးကုန်၊ စင်စစ်သော်ကား [ငါတို့နှစ်ယောက်တို့တွင် ရှေးဦးစွာ သေလွန်သူကလာ၍ မည်သည့်အရပ်မှာ ဖြစ်သည်ဟု ဖြစ်ရာအရပ်ကို ပြောကြားစတမ်း]ဟု ကတိကဝတ်ကိုပြု၍ထားကုန်၏။

**လူ့ဘဝရွှေ့ချိန် သိကြားစည်းစိမ်**

ဥဒယဘဒ္ဒ မင်းကြီးသည် အဘိသိက်ခံသည်မှ အနှစ်ခုနစ်ရာ လွန်သောအခါ နတ်ရွာစံလေ၏၊ ဥဒယဘဒ္ဒါ မိဖုရားကြီးသည် တိုင်းပြည်ကို အုပ်ချုပ်လျက် မင်းလုပ်လေ၏၊ မင်းကြီးသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၍ စည်းစိမ် အခြံအရံ များပြားလှသဖြင့် စည်းစိမ်ယစ်ကာ ခုနစ်ရက်ပတ်လုံး သတိမရဘဲနေ၏၊ လူတို့အရေအတွက်အားဖြင့် အနှစ်ခုနစ်ရာလွန်၍ ဆင်ခြင်လတ်သော် နောက်ဘဝက အဖြစ်အပျက် ကတိကဝတ်ထားခဲ့သည်ကို အမှတ်ရ၍ ဥဒယဘဒ္ဒါမိဖုရားကြီးကို ဥစ္စာဖြင့်ဖြားယောင်းစုံစမ်းကာတရားဟော၍ ကတိကဝတ်မှလွတ်စေအံ့ဟု ကြံစည်၏၊ [ထိုအခါ လူတို့အား အနှစ်တသောင်း အသက်ရှည်သောအခါဖြစ်သတတ်။]

**အတိတ်ဆင်ခြင်**
**မိဖုရားမြင်**

မိဖုရားကြီးသည် နေ့ညဉ့်အဘို့၌ တံခါးပိတ်ကာ အစောင့်အရှောက် လုံစွာထားပြီးသော် ဘုံခုနစ်ဆင့်၌ ရှိသော မြတ်သောကြက်သရေတိုက်ခန်းဝယ် တယောက်ထီးတည်း မတုန်မလှုပ် မိမိသီလကို ဆင်ခြင်လျက်နေ၏၊ ထိုအခါ သိကြားမင်းသည် ရွှေပဲရုပ်ဖြင့် ပြည့်သော ရွှေခွက်ကိုယူလာပြီးလျှင် အိပ်ရာတိုက်ခန်းသို့ဝင်၍ လျောက်ပတ်သော အရပ်၌နေလျက်—

"စင်ကြယ်သောအဝတ်၌ ကောင်းစွာဝတ်ထားအပ်သော ပေါင်ရှိလျက် မကွဲ့ရဲ့အပ်သောကိုယ်ရှိကာ ကိန္နရာ မျက်စိနှင့်တူသော မျက်စိရှိသော မင်းသမီး.... ပြာသာဒ်ထက်သို့တက်၍ တယောက်ထီးတည်းနေဘိ၏၊ သင့်ကိုတောင်းပန်ပါ၏၊ ဤတညဉ့်ပတ်လုံး ငါတို့နှစ်ယောက် အတူတကွ နေလိုပါကုန်၏"—

ဟု မင်းသမီးအား ရှေးဦးစွာ စကားစပ်၍ ပြောဆိုလေ၏။

ထိုစကားကိုကြားလျှင် မင်းသမီးသည် အလွန်အံ့ဩလျက်—

ဤသုရုန္ဓရမြို့ကြီးကား ကျုံးသုံးတန် ခြံရံဘိ၏၊ မြဲမြံသောပြအိုး,ပစ်စင်,တံခါးမုတ်လည်းရှိ၏၊ သန်လျက်လက်စွဲသော သူရဲကောင်းတို့ စောင့်ရှောက်အပ်သဖြင့် ဝင်နိုင်ခဲ၏။

ငယ်သူ၏ဂုဏ်း, သူရဲသူဘက်၏ဂုဏ်း လာခြင်းမည်
သည်မရှိစဘူး၊ သို့ပါလျက် ဘယ်အကြောင်း
ကြောင့် ငါနှင့်ပေါင်းဘက် ယှဉ်တွဲ၍ နေလိုဘိ
သနည်း—

ဟု မေးလေ၏။

**ဥစ္စာပေးခွမ်း အကျင့်စမ်း**

ထိုအခါ သိကြားမင်းသည် မိဖုရား
အား ဥစ္စာဖြင့်ဖြားယောင်းလျက်စုံစမ်း
သောအနေဖြင့်—

"ကောင်းသောအဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်
စုံလိုသော အို-မင်းသမီး.... အကျွန်ုပ်ကား နတ်
သားတည်း၊ သင်၏အထံသို့လာခဲ့၏၊ သင့်အား
ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ၊သင်သည် အကျွန်ုပ်
ကိုကြိုက်နှစ်သက်ပါလော၊ဤသို့ကြိုက်နှစ်သက်သည်
ရှိသော်ရွှေပဲရုပ်ပြည့်သောဤရွှေခွက်ကိုပေးပါအံ့"

ဟု ချစ်ကြိုက်စေလိုကြောင်းကို ပြောဆိုလေ၏၊ထိုအခါ
မင်းသမီးသည်—

"အို-တန်ခိုးကြီးသော နတ်မင်း....အကျွန်ုပ်
သည် နတ်ကိုဂုဏ်း, ဘီလူးကိုဂုဏ်း, လူကိုဂုဏ်း,ဥဒယ
ဘဒ္ဒမင်းကိုကျော်လွန်၍ တပါးသောသူကိုမတောင့်
တပါ၊ မြန်မြန်သွားပါ၊ နောက်တဖန် ပြန်မလာ
ပါလင့်"—

ဟု နှင်ထုတ်လေ၏၊ သိကြားမင်းလည်း မင်းသမီး
စကားကိုကြားလျှင် မရပ်မူ၍သွားသကဲ့သို့ ထိုအရပ်မှာပင်
ကွယ်ပျောက်လေ၏။



P.26 မိဖုရားအလိုစမ်းလို၍ ညဥ့်အချိန်ရွှေခွက်ပေးကာ ကာမဂုဏ်တောင်းနေသော သိကြားမင်းပုံ

**ကာမဂုဏ်အစွမ်း သိကြားစမ်း**

နောက်တနေ့ ညဥ့်အခါ၌ ရှေးနည်းတူ ရွှေပဲရုပ်ဖြင့် ပြည့်သော ငွေခွက်ကို ယူဆောင် လာပြီးလျှင် ဖြားယောင်းပြန် လိုသဖြင့်—

အို-နှမ···· ကာမဂုဏ်စည်းစိမ်ကို ခံစားကုန်သောသူတို့အား မွေ့လျော်ခြင်းတို့တွင် မေထုန်၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏၊ ထို့ကြောင့် သတ္တဝါတို့သည် မကောင်းမှုဒုစရိုက်ကို ပြုကျင့်ကြကုန်၏၊ နှစ်သက်ဘွယ် ပြုံးရယ်သောမင်းသမီး···· ဤမေထုန်၌ မွေ့လျော်ခြင်းကို မပျက်ပါစေလင့်၊ ရွှေပဲရုပ်ပြည့်သော ဤငွေခွက်ကိုပေးပါအံ့”—

ဟုပြောဆိုပြန်၏၊ ထိုအခါ မင်းသမီးသည် ဤသူကား ငါနှင့် စကားပြောရသည်ရှိသော် အဖန်ဖန် လာလတံ့၊ ထိုကြောင့် ယခုအခါ၌ ငါသည် စကားမပြောဘဲနေအံ့ဟု ကြံစည်ကာ တခွန်းတပါဒမျှ စကားမပြောလတ်သော်- သိကြားမင်းသည် ထိုအရပ်မှာပင် ကွယ်ပျောက်ပြန်၏။

**လူ့ဘဝပြစ်ဖော် နတ်ဘဝခေါ်**

နောက်တနေ့ ညဥ့်အခါ၌လည်း ရှေးနည်းအတူ အသပြာပြည့်သော ကြေးခွက်ကိုယူလာပြီးလျှင် “အို-နှမ··· သင်သည် ငါ့ကိုမေထုန်ဖြင့် မွေ့လျော်စေခြင်းဖြင့် ရောင့်ရဲစေလော၊ ဤအသပြာပြည့်သော ကြေးခွက်ကိုပေးပါအံ့”ဟု ခွင့်တောင်းပြန်၏၊ ထိုအခါမင်းသမီးသည်—

“အို-ယောကျ်ား··မိန်းမကို ဥစ္စာလက်ဆောင်ဖြင့် ဖြားယောင်းသောယောကျ်ားမည်သည် အလို

ဆန္ဒရှိလာစေရန် ထိုမိန်းမကိုချီးမွမ်းကာ များသည်
ထက် များသောဥစ္စာဖြင့် လာသင့်၏၊ သင်ကားထို
သဘောနှင့်ဆန့်ကျင်ဘိ၏၊ ယခုမျက်မှောက်မှာပင်
အလွန်နည်းသောဥစ္စာဖြင့် လာဘိ၏"—

ဟု ပြောဆိုလေ၏၊ မင်းသမီး စကားကို ကြားလျှင်
သိကြားမင်းသည်—

"ကောင်းသောကိုယ်ရှိသော အို-မင်းသမီး....
လူ့ပြည်၌လူတို့အား အသက်နှင့် အဆင်းသည်
တနေ့တခြား ဆုတ်ယုတ်ဘိ၏၊ ထိုကြောင့်သာလျှင်
သင့်အား ဥစ္စာကိုလည်းဆုတ်ယုတ်စေဘိ၏၊ ယနေ့
အလွန်အိုမင်းပြီ"-

"အခြံအရံများသော အို-မင်းသမီး.... ဤသို့
ငါမြင်စဉ်လျှင် သင်၏အဆင်းသည် ဆုတ်ယုတ်သည်
သာတည်း၊ နေ့ညဥ့်တို့ ကုန်လွန်သည်ရှိသော် ခေါ
ဝေါ်စရာ အကောင်အထည်မရှိသော အဖြစ်သို့
ရောက်လတ့်၊ ကောင်းသော ပညာရှိသောအိုမင်း
သမီး....သင်သည်ဤအရွယ်ဖြင့် မြတ်သောအကျင့်
ကိုကျင့်လော့၊ လွန်စွာ အဆင်းလည်း ပြည့်စုံ
ရာ၏"—

ဟု မင်းသမီးအား ဥစ္စာတဖြည်းဖြည်း နည်းခြင်းအ
ကြောင်းကို ပြောကြားလေ၏။

**ကျင့်တရားစုံစမ်း၊ သိကြားမေးမြန်း**

ထိုအခါ မင်းသမီးသည် နတ်ပြည်၌ရှိ
သော စည်းစိမ်ချမ်းသာကိုသိကြားမင်း
အားမေးမြန်းလိုသောကြောင့်—

''အို-တန်ခိုးကြီးသောနတ်မင်း....လူတို့အိုကုန်သကဲ့သို့ နတ်တို့မအိုကုန်ဘူးလော၊ နတ်တို့ကိုယ်၌အရေမတွန့်လိပ်ကုန်ဘူးလော၊ နတ်တို့ခန္ဓာကိုယ်သည် အဘယ့်ကြောင့် မအိုသနည်း''—

ဟု သိကြားမင်းကို မေးပြန်၏၊ ထိုအခါ သိကြားမင်းသည်—

''အို-မင်းသမီး....လူတို့အိုကုန်သကဲ့သို့နတ်တို့မအိုကုန်၊ လူတို့ကိုယ်၌ အရေ တွန့်လိပ်ကုန်၏၊ နတ်တို့အားကား နေ့တိုင်းနေ့တိုင်း အလွန်အဆင်းလှကုန်၏၊ စည်းစိမ်ဥစ္စာ ပွားများလာကုန်၏''—

ဟု နတ်တို့ဂုဏ်ကျေးဇူးကို ပြောကြားလေ၏၊ ထိုစကားကိုကြားလျှင် မင်းသမီးသည်—

''အို-တန်ခိုးကြီးသောနတ်မင်း....ဤလူ့ပြည်၌လူပေါင်းများစွာတို့သည် ဘယ်အရာကိုကြောက်၍နတ်ပြည်သို့မရောက်ကြသနည်း၊ များသောတည်ရာရှိ၍ ပညာရှိတို့ဟောကြားအပ်သော နတ်ရွာလမ်းခရီးသည် အဘယ်မှာနည်း၊ ဘယ်အရပ်၌ တည်သောသူသာလျှင် တမလွန်လောကကို မကြောက်သနည်း''—

ဟု နတ်ပြည်သို့ ရောက်ရာရောက်ကြောင်းလမ်းခရီးကို မေးမြန်းပြန်၏။

**နှုးညံ့သိမ်မွေ့ နတ်အတွေ့**

ထိုအခါ သိကြားမင်းသည် နတ်ရွာသို့လားစေတတ်သော အကျင့်တရားတို့ကို ပြောဆိုဆုံးမလို၍—

''အို-နှမ···· ကိုယ်,နှုတ်,နှလုံး သုံးပါးတို့ဖြင့် မကောင်းမှုကိုမပြုရာ၊ အိမ်၌နေရသော်လည်း များစွာသော ထမင်းအဖျော်စသည်တို့ကို ပေးလှူရာ၏၊ ယုံကြည်သောစိတ်, နူးညံ့သောစိတ် ရှိသည်ဖြစ်၍ အလှူအဘို့ကို အမျှပေးဝေလျက် အဆုံးအမကိုလိုက်နာကာ လေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် သင်္ဂြိုဟ်ရာ၏၊ ချစ်ဘွယ်သောစကား ပြေပြစ်နူးညံ့သောစကားကို ပြောဆိုရာ၏၊ ဤဆိုအပ်ပြီးသော ဂုဏ်ကျေးဇူး၌ တည်သောသူသည် တမလွန်လောကကိုမကြောက်''–

ဟု ပြောကြားလေ၏၊ ထို့နောက်မင်းသမီးသည်–

''အို-မြတ်သော ကိုယ်ရှိသောနတ်မင်း···သင်သည် အမိအဘကဲ့သို့ အကျွန်ုပ်ကို ဆုံးမပေ၏၊ တင့်တယ်သော အဆင်းရှိသော သင်နတ်မင်းကို မေးလိုပါ၏၊ သင်သည်အဘယ်သူဖြစ်ပါသနည်း''–

ဟု မေးမြန်းပြန်၏။

ခင်ပွန်းဟောင်းဘဝ သိကြားပြောပြ

ထိုအခါ သိကြားမင်းသည် မိမိဖြစ်ခဲ့သောနောက်ဘဝကို မိဖုရားအားပြောကြားလိုသဖြင့်–

''အိုမင်းသမီး···· ငါကားလူဖြစ်စဉ်အခါ သင်၏ချစ်လင်ဥဒယဘဒ္ဒမင်းသားဖြစ်၏၊ ဖြစ်ရာအရပ်မှ လာ၍ ပြောကြားစတမ်းဟူသော ကတိကဝတ်ကြောင့် သင့်ထံလာခဲ့၏၊ သင်နှမကိုခေါ်၍ငါသွားမည်၊ သင်၏ကတိကဝတ်မှ လွတ်ပေပြီ''–

ဟု ရှေးအကြောင်းရင်းကို ထုတ်ဘော်ပြောဆိုလေ၏၊

ထိုအခါ မင်းသမီးသည် အလွန်နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍–

"အရှင်….အရှင်သည် ဥဒယမင်းသားအကယ် ၍ဖြစ်ပါအံ့၊ ကတိကဝတ်ကြောင့် ဤအိပ်ရာတိုက် ခန်းသို့ လာသည်ဖြစ်ပါအံ့၊ သင် မင်းသားနှင့် နောက်တဖန်ပြန်၍ လင်မယားအဖြစ် ပေါင်းဖော် ရအောင် အဆုံးအမ ပေးတော်မူပါ"–

ဟု ခယတောင်းပန်လေ၏။

**ဖြစ်ပျက်သဘော သိကြားဟော**

ထိုအခါသိကြားမင်းသည် ကုသိုလ်ကမ္မ ပထတရားတို့အား နေ့, ညမပြတ်ပွား များရန် တိုက်တွန်းလိုသဖြင့်–

"အို-ဥဒယဘဒ္ဒါ မင်းသမီး…. သတ္တဝါတို့ အရွယ်သုံးပါးသည် လျင်မြန်စွာလွန်၏၊ ခဏသုံး ပါးသည် အလွန်လျင်မြန်၏၊ အမြဲတည်ရာအရပ် မရှိ၊ မချွတ်သေရကုန်၏၊ အိုမင်းရကုန်၏၊ ခန္ဓာ ကိုယ်သည်မမြဲ၊ မမေ့မလျော့ပါလင့်၊ ကုသိုလ်ကမ္မ ပထတရား ဆယ်ပါးကိုကျင့်ပါလော့"-

"အို-ဥဒယဘဒ္ဒါမင်းသမီး….သူတပါးနှင့်မစပ် သော ဥစ္စာဖြင့်ပြည့်သော ပထဝီမြေပြင်ဝယ် တ ယောက်တည်း ဧကရာဇ်မင်း ဖြစ်ငြားသော်လည်း ဘဏ္ဍာ၏အလိုသို့ လိုက်သောသူသည် ထိုဧကရာဇ် မင်းအဖြစ်ကိုလည်း စွန့်လွှတ်ရ၏၊ မမေ့မလျော့ ပါလင့်၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့် ပါလော့"-

"အို-ဥဒယဘဒ္ဒါ မင်းသမီး....အမိ အဘ ညီ
အကို သားမယားတို့သည် ဥစ္စာဖြင့် မရောင့်ရဲနိုင်
ကုန်၊ အချင်းချင်းလည်းစွန့်ရကုန်၏၊ မမေ့မလျော့
ပါလင့်၊ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကျင့်
ပါလော့"-

"အို-ဥဒယဘဒ္ဒါမင်းသမီး.... ခန္ဓာကိုယ်သည်
တပါးသောသတ္တဝါတို့၏အစာအာဟာရဖြစ်၏ဟူ၍
၎င်း, သံသရာဝယ် သုဂတိ, ဒုဂ္ဂတိဘဝတို့၌ နေရ
ခြင်းလည်း အနည်းငယ်မျှသော နေခြင်းဟူ၍၎င်း
သိမြင်၍ မမေ့မလျော့ပါလင့်၊ ကုသိုလ်ကမ္မပထ
တရားဆယ်ပါးကိုကျင့်ပါလော့"-

ဟု အကြောင်းအကျိုးကိုပြကာ အဆုံးမဩဝါဒပေး
လေ၏။

**ထီးနန်းစွန့်သော် တရားနှင့်ပျော်**

မင်းသမီးလည်း သိကြားမင်း ဟော
ကြားသောတရားစကားကို ကြားနာရ
သဖြင့် အလွန်ကြည်ညိုသည်ဖြစ်၍—

"အရှင်မင်းသား.... သတ္တဝါတို့အသက်သည်
နည်းလှ၏၊ ဆင်းလည်းဆင်းရဲ၏၊ တိုလည်းတိုလှ၏။
ထိုအသက်သည်လည်း ဝဋ်ဆင်းရဲနှင့်ယှဉ်၏ဟု ဤ
နတ်မင်းသည်ပြောဆိုဘိ၏၊ ကောင်းလေစွတကား၊
အကျွန်ုပ်သည်သုရုန္ဓနမြို့ကြီးကိုစွန့်ပစ်၍တယောက်
ထီးတည်း ရဟန်းပြုပါတော့အံ့"—

ဟု သိကြားမင်းထံ ဝန်ခံလေ၏၊သိကြားမင်းလည်းအ
ဆုံးမဩဝါဒပေးပြီးလျှင် မိမိနေရာတာဝတိံသာနတ်ရွာသို့

သွားလေ၏၊ မင်းသမီးလည်း မိုးသောက်သောအခါ တိုင်းပြည်ကို အမတ်တို့အားအပ်နှင်း၍ ရသေ့ရဟန်းပြုပြီး လျှင် မြို့တွင်းဥယျာဉ်တော်၌နေလျက် ရဟန်းတရားကိုအား ထုတ်၍ သေလွန်သောအခါ သိကြားမင်း၏အလုပ်အကျွေး နတ်မိဖုရား ဖြစ်လေ၏။

ဤဒေသနာတော်ကိုဆောင်၍သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိ လူထွက်ချင်သော ရဟန်း သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ် ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးသည်- ယခုအခါ ရာဟုလာမယ်တော်။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မြဟ္မာထက်ဖွား၊ ကူးပြောင်းငြားနည်းပါးကိလေသာ။
(၂) ဥဒယမောင်မယ်၊ နန်းရိပ်လယ်၊ စင်ကြယ်တရားရှာ။
(၃) တဏှာကိလေ၊ ဆားငန်ရေ၊ သောက်လေငတ်သည်သာ။

ဥဒယဘဒ္ဒဇာတ်ပြီး၏။

# ၄၅၉။ ပါနီယဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**စိတ်အာရုံ ဆုံးမပုံ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ နေ၍ အဆွေခင်ပွန်း ဖြစ်ကုန်သော ရဟန်းငါးရာတို့သည် ညသန်းခေါင်ယာမ်ဝယ် ကာမဝိတက်ကြီ စည်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**ဝိတက်ပယ်ပစ် ပစ္စေကဖြစ်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာသိကတိုင်း တခုသောရွာ၌ အဆွေခင်ပွန်း နှစ်ယောက်တို့သည် ရေဘူးကိုယူ၍ လယ်တောသို့သွားကာ လျောက်ပတ်သောနေရာ၌ထားပြီးလျှင် လယ်ကို ခုတ်ထွင်ကုန်၏၊ ရေငတ်သောအခါ ရေကို သောက်ကုန်၏၊ ထိုအဆွေခင်ပွန်း နှစ်ယောက်တို့တွင် အဆွေခင်ပွန်း တယောက်သည် ရေသောက်သောအခါ မိမိရေကုန်မည်ကို စိုးရိမ်၍ အဆွေခင်ပွန်း၏ရေကို ခိုး၍ သောက်၏။

ညချမ်းသောအခါ လယ်တောမှထွက်၍ ရေချိုးလတ်သော် ငါ့အား ကာယဒွါရ, ဝစီဒွါရစသည်၌ တစုံတရာ မကောင်းမှုပြုခြင်း ရှိသလောဟု စိုးရိမ်ဆင်ခြင်သောအခါ

ရေကိုခိုး၍သောက်မိသော မကောင်းမှုကိုမြင်၍ ငါ့သန္တာန်၌ တဏှာပွားလတ်သော် အပါယ်သို့ကျလတ့်ဟု ကြံစည်ကာ ရေခိုးသောက်မိသော အပြစ်ကို အာရုံပြုလျက် ဝိပဿနာကိုပွားစေလျှင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်လေ၏။

**လူ့ဘောင်ပြစ်မြင် တောသို့ဝင်**

ရေချိုးပြီးသောအခါ ထိုပစ္စေက ဗုဒ္ဓါကို အဘော်ဖြစ်သော အဆွေခင်ပွန်းသည် "အဆွေ....လာပါ၊ အိမ်သို့သွားမည်"ဟုပြောလေ၏၊ "အဆွေ....ငါ့မှာအိမ်သို့သွားရန်ကိစ္စမရှိ၊ ပစ္စေကဗုဒ္ဓါဖြစ်ပြီ"ဟုပြော၏၊ "အဆွေ.... ပစ္စေကဗုဒ္ဓါမည်သည် အဆွေကဲ့သို့မဟုတ်၊ ဆံပင်လက်နှစ်သစ်သာရှိ၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်သည်" ဟု ပြောလျှင် သတိရ၍ ဦးခေါင်းကို လက်ဖြင့်သုံးသပ်သောအခါ လူ့အသွင်ကွယ်ပျောက်လျက် ဆံလက်နှစ်သစ်သာရှိ၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက် ရဟန်းအသွင်ဖြစ်၍ ကောင်းကင်၌ရပ်လျက် တရားဟောပြီးလျှင် နန္ဒမူလိုဏ်ဂူသို့ ကြွလေ၏။

**ကာမအာရုံ စွန့်ပယ်ပုံ**

ထိုမှတပါး ကာသိကရွာ၌ပင် သူကြွယ်တယောက်သည် နေရာ၌ ထိုင်နေစဉ် ယောကျ်ားတယောက်သည် မယားကိုခေါ်၍သွားရာ မြင်လေလျှင် ထိုမိန်းမကို ရူပခြေဖျက်ကာ တစိန်းစိန်းကြည့်လတ်သော် လိုချင်တပ်စွန်းသောလောဘသည်ဖြစ်လေ၏၊ထိုအခါသူကြွယ်သည် သတိရ၍ ထိုလောဘပွားလတ်သော် အပါယ်သို့ကျလတ့်ဟု ထိတ်လန့်

လျက် လောဘကိုအာရုံပြုကာ ဝိပဿနာကို ပွားစေလျှင် ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလိုဏ်သို့ကြွလေ၏။

**သားဘအတူသွား ကတိဝတ်ထား**

ထိုမှတပါး ကာသိကတိုင်း ကာသိကရွာ၌ နေကုန်သော သားအဘ နှစ်ယောက်တို့သည် အတူတကွ ခရီးသွားကုန်၏၊ လမ်းခရီးတောအုပ်၌လည်း သူခိုးတို့သည်ရှိကုန်၏၊ ထိုသူခိုးတို့သည် သားအဘနှစ်ယောက်ကို ဖမ်း၍ရလျှင် သားကိုချုပ်နှောင်၍ အဘကို ဥစ္စာယူလွှတ်ကုန်၏၊ ညီအစ်ကိုနှစ်ယောက်ရလျှင် ညီကိုချုပ်နှောင်၍ အစ်ကိုကို ဥစ္စာယူလွှတ်ကုန်၏၊ ဆရာတပည့်ကိုရလျှင် ဆရာကို ချုပ်နှောင်၍ တပည့်ကိုဥစ္စာယူလွှတ်ကုန်၏၊ ထိုသားအဘ နှစ်ယောက်တို့လည်း ထိုအရပ်သို့ရောက်လျှင် တယောက် နှင့်တယောက် သားအဘမပြောစတမ်းဟု ကတိကဝတ်ကို ပြုလုပ်၍သွားကုန်၏။

**ဒုစရိုက်ပယ်ထွင် မဂ်ဖိုလ်ဝင်**

ထိုမှတပါး သူခိုးတို့မြင်၍ ဖမ်းပြီးလျှင် "သင်တို့ အချင်းချင်း အဘယ်သို့ စပ်တော်ကြသနည်း"ဟု မေးလျှင် ငါတို့ တဦးနှင့်တဦး စိုးစဉ်းမျှမစပ်တော်ကြကုန်"ဟုမဟုတ်မမှန် မုသားဆိုကုန်၏၊ သူခိုးတို့လည်း လွှတ်လိုက်ကုန်၏၊ တော အုပ်မှထွက်၍ ညချမ်းသောအခါ သားသည် မိမိသီလကို ဆင်ခြင်လတ်သော် မုသားကိုမြင်လေ၏၊ ထိုအခါ ငါ့မှာ မုသားဟူသော မကောင်းမှုသည် ပွားလတ်သော် အပါယ် သို့ကျလတ္တံ့၊ နှိမ်မည်ဟု ကြံစည်ကာ ထိုမုသားကို အာရုံ ပြု၍ ဝိပဿနာကိုပွားစေလျှင် ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူ လိုဏ်သို့ကြွလေ၏။

**သံသယဆင်ခြင်တော်ရပ်ဝင်**

ထိုမှတပါး ကာသိကရွာမှ ရွာစားတယောက်သည် သားကြီး ငါးကြီးတို့ကို မသတ်ရဟု စည်မောင်းခတ်ခြင်းကိုပြုစေ၏၊ ထိုအခါ ရွာသားတို့သည်စုဝေး၍ "အရှင်.... ယခုအခါ ဗလိနတ်စာကျွေးသောအခါဖြစ်၏၊ ထို့ကြောင့် သမင်ဝက် စသည်တို့ကိုသတ်၍ ဗလိနတ်စာကျွေးလိုသည်" ဟုပြော၏၊ "အမောင်တို့.... ရှေးထုံးစံရှိသည့်အတိုင်းပြုကုန်လော့"ဟု အမိန့်ပေးလေ၏၊ ရွာသားတို့သည် များစွာသော သတ္တဝါတို့ကိုသတ်၍ ဗလိနတ်စာ ကျွေးကုန်၏၊ ရွာစားမြင်လျှင် ငါ့စကားကြောင့် သတ္တဝါတို့ကိုသတ်ကြကုန်သည်ဟု သံသယဖြစ်ကာ လေသာပြူတင်းကိုမှီလျက် ဝိပဿနာကိုပွားစေလျှင် ပစ္စေကဗုဒ္ဓါဖြစ်၍နန္ဒမူလိုဏ်သို့ကြွလေ၏။

**ဒုဝရိုက်ဆင်ခြင်တော်တွင်းဝင်**

ထိုမှတပါး ကာသိကတိုင်းမှာပင်ရွာစားတယောက်သည် သေအရက်ရောင်းဝယ်ခြင်းကို တားမြစ်၏၊ ထိုအခါ လူတို့သည် အရှင်....ရှေးအခါ သေသောက်ပွဲဖြစ်၏၊ ယခုပြုလိုကြ၏၊ "အမောင်တို့.... ရှေးထုံးစံအတိုင်း ပြုကြကုန်" ဟု ခွင့်ပြုလေ၏၊လူတို့သည် သေသောက်ပွဲ ပြုလတ်သော် ခိုက်ရန်ဖြစ်ကုန်၏၊ ခြေကျိုး လက်ကျိုး ခေါင်းကွဲ နားပဲ့ဖြစ်ကုန်လျက် များစွာသော ဆင်းရဲကို ခံစားရကုန်၏၊ ထိုအခါ ရွာစားမြင်လျှင် ငါခွင့်ပြုသောကြောင့် ဤသို့သောဆင်းရဲကိုရကြသည်၊ ခွင့်မပြုသည်ရှိသော် မရကုန်ရာဟု ကြံစည်ကာ လေသာပြူတင်းကိုမှီ၍ ဝိပဿနာကိုပွားစေလျှင် ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလိုဏ်သို့ကြွလေ၏။

မင်းကိုဟောပြ
ဖြစ်စဉ်ဘဝ

နောက်အဘို့၌ ထိုပစ္စေကဗုဒ္ဓါငါးဆူ တို့သည် တပေါင်းတည်း ဖြစ်ကုန်လျက် ဗာရာဏသီပြည်၌ ဆွမ်းခံလှည့်လည်လတ်သော် မင်းအိမ်တခါးသို့ရောက်ကုန်၏၊ မင်းကြီးသည် ကြည်ညို၍ အိမ်ထက်သို့ပင့်ဆောင်ကာ ဆွမ်းဘောဇဉ်တို့ကို ကပ်လှူ၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် "အရှင်ဘုရားတို့.... အရှင်ဘုရားတို့သည် ပဌမအရွယ်၌ ရဟန်းပြုကြသည်ကား တင့်တယ်ကုန်၏၊ ကာမဂုဏ်ငါးပါး၌ ဘယ်အပြစ်ကိုမြင်၍ ရဟန်းပြုကြသနည်း" ဟု အသီးသီး မေးလျှောက်လေ၏၊ ပစ္စေကဗုဒ္ဓါ ငါးဆူတို့လည်း ရဟန်းပြုခြင်း အကြောင်းကို အသီးသီး ဖြေကြားကုန်၏။

**ပဌမ ပစ္စေက ဗုဒ္ဓါ**

"မြတ်သောမင်းကြီး.. ငါသည်လယ်တောခုတ်ထွင်ရာ၌ အဆွေခင်ပွန်း တယောက်၏ ရေကိုအရှင်မပေးဘဲ ခိုး၍သောက်မိ၏၊ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်ထပ်တဖန် မပြုတော့ပြီ"ဟု ရဟန်းပြုခဲ့၏။

**ဒုတိယ ပစ္စေက ဗုဒ္ဓါ**

"မြတ်သောမင်းကြီး.. ငါ့အားသူတပါးမယားကို မြင်ရာ တပ်နှစ်သက်သောတဏှာသည်ဖြစ်ခဲ့၏၊ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်ထပ်တဖန်မပြုတော့ပြီ"ဟု ရဟန်းပြုခဲ့၏။

**တတိယ ပစ္စေက ဗုဒ္ဓါ**

"မြတ်သော မင်းကြီး .... ငါသည် သားအဘနှစ်ယောက် ခရီးသွားရာ သူခိုးတို့ ဖမ်း၍မေးသော

အခါ သိလျက်နှင့် အဘကို စိုးစဉ်းမျှမစပ်တော်ဘူး ဟု မုသားဆိုမိ၏၊ ထိုမကောင်းမှုကို စက်ဆုပ်သော ကြောင့် နောက်ထပ်တဖန် မပြုတော့ပြီ" ဟု ရဟန်းပြုခဲ့၏။

### စတုတ္ထ ပစ္စေကဗုဒ္ဓါ

"မြတ်သောမင်းကြီး..ငါသည်ဗလိနတ်စာကျွေး၍ ယဇ်ပူဇော်ချိန်အခါ၌ လူတို့သည်သတ္တဝါတို့ကို သတ်ရန် ခွင့်တောင်းလတ်သော် ခွင့်ပြုမိ၏၊ ထိုမကောင်းမှုကိုစက်ဆုပ်သောကြောင့် နောက်တဖန် မပြုတော့ပြီ" ဟု ရဟန်းပြုခဲ့၏။

### ပဉ္စမ ပစ္စေက ဗုဒ္ဓါ

"မြတ်သောမင်းကြီး....ငါသည်သေသောက်ပွဲသဘင်ပြုချိန်အခါ၌ လူတို့အား သေသောက်ရန်ခွင့်ပြုမိ၏၊ လူတို့သည် ခိုက်ရန်ဖြစ်၍ နာကျင်ဆင်းရဲကုန်ပြီ၊ ထိုမကောင်းမှုကို စက်ဆုပ်သောကြောင့် နောက်ထပ်တဖန် မပြုတော့ပြီ" ဟု ရဟန်းပြုခဲ့၏။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါငါးဆူတို့ ဖြေကြားသော ရဟန်းပြုခြင်းအကြောင်းတို့ကို ကြားသိရလျှင်"အရှင်ဘုရားတို့..ရဟန်းအဖြစ်သည် အရှင်ဘုရားတို့နှင့်သာ လျောက်ပတ်၏" ဟု ချီးမွမ်းလျှောက်ထားလေ၏၊ သင်္ကန်း ဆေးစသော အထူးထူးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်း၏၊ ပစ္စေကဗုဒ္ဓါတို့လည်း အနုမောဒနာပြုပြီးလျှင် နန္ဒမူလိုဏ်သို့ကြွကုန်၏။

မင်းသီလစွမ်း
မိဖုရားပမ်း

မင်းကြီးသည် ထိုအခါမှစ၍ ဝတ္တုကာ မတို့၌ တပ်ခြင်း ငဲ့ကွက်ခြင်းမရှိ၊ မိန်းမတို့ကို စကားမပြော ကြည့်ရှုခြင်းမရှိလေ၊ ကြက်သရေတိုက်သို့ဝင်ကာ ကျောက်ဖြူနံရံကို ဩဒါတကသိုဏ်းရှုလျက် ဈာန်ကိုရလေ၏၊ ထိုမင်းကြီးသည် ဈာန်ကိုရသောအခါ—

"အချင်းတို့.... ကာမဂုဏ်တို့သည် စက်ဆုပ်ဘွယ်ရှိစွာကား၊ ငါကား မကောင်းသော အနံ့များစွာသော ဆူးငြောင့် ဘေးရန်ရှိသော ကာမဂုဏ်တို့ကို မှီဝဲမိ၍ ဤသို့သဘောရှိသော ဈာန်ချမ်းသာကို မရခဲ့ပေ"။

ဟု ကာမဂုဏ်တို့ကို ပြစ်တင်ကဲ့ရဲ့လေ၏၊ ထိုအခါမိဖုရားကြီးသည် ဤမင်းကား ပစ္စေကဗုဒ္ဓါတို့စကားကို ကြားရသည်မှစ၍ ဆန့်ကျင်သော သဘောရှိ၏၊ ငါတို့နှင့်စကားမပြောဘဲ ကြက်သရေတိုက်၌သာနေ၏၊ ထိုမင်းကို စုံစမ်းမည် ဟု ကြက်သရေတိုက်ခန်းတံခါး၌ ရပ်လျက် ကာမဂုဏ်တို့ကို ကဲ့ရဲ့သောမင်း၏ ဥဒါန်းစကားကို ကြားလျှင်—

"မြတ်သောမင်းကြီး.... ကာမဂုဏ်တို့သည် သာယာဘွယ် အလွန်ကောင်းမြတ်သော ချမ်းသာမည်ကုန်၏၊ ကာမဂုဏ်တို့ထက် လွန်မြတ်သော ချမ်းသာမရှိ၊ ကာမဂုဏ်တို့ကို မှီဝဲသောသူတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏"။

ဟု မင်းကြီးကြားအောင် ကာမဂုဏ်တို့ကိုချီးမွမ်းလေ၏။

ကာမစက်ဆုပ် မိဖုရားနှင့်ထုတ်

ထိုအခါ မင်းကြီးသည် မိဖုရားကြီး စကားကိုကြားလျှင်"ဟယ်သူယုတ်မ•• ပျောက်လေ၊ပျက်လေ၊ အဘယ်သို့ပြောဆိုသနည်း"ဟု ခြိမ်းချောက်ပြီးလျှင်—

"မိဖုရား.... ကာမဂုဏ်တို့သည် မသာယာအပ်ကုန်၊ အလွန်ဆင်းရဲကုန်၏၊ ကာမဂုဏ်တို့ထက်လွန်ကဲသော ဆင်းရဲမရှိ၊ကာမဂုဏ်တို့ကို မှီဝဲသောသူတို့သည် ငရဲသို့ရောက်ရကုန်၏။

ကာမဂုဏ်တို့သည် ထက်စွာ သွေးအပ်သောသန်လျက်နှင့် တူကုန်၏၊ လူတို့သွေးကို အလွန်သောက်သော သန်လျက်ကြီးနှင့် တူကုန်၏၊ ရင်၌ထိုးအပ်သော လှံမနှင့်တူကုန်၏၊ ကာမဂုဏ်တို့သည် ထိုသန်လျက်ဖြင့်ခုတ်ခြင်း လှံမဖြင့် ထိုးခြင်းထက် လွန်စွာဆင်းရဲကုန်၏"။

ကာမချမ်းသာ ဆိပ်သီးပမာ

"ကာမဂုဏ် တို့သည် တရပ် တသူလောက် မြင့်အောင် ပြောင်ပြောင်တောက်လောင်နေသော မီးကျီးခဲ မီးကျီးတွင်းနှင့်တူကုန်၏၊နွေအခါပြင်းထန်စွာပူသောနေလုလင်နှင့်တူကုန်၏၊ ကာမဂုဏ်တို့သည် ထိုမီးကျီးတွင်းနေပူထက် လွန်စွာဆင်းရဲကုန်၏။

ကာမဂုဏ်တို့သည် လတ်တလော သေစေတတ်သော အဆိပ်နှင့် တူကုန်၏၊ ကျိုက်ကျိုက်ဆူဝေနေသော ဆီနှင့်တူကုန်၏။ မီးဖြင့်ချက်ကျိုအပ်

သော ကြေးနီရည်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် ထိုအဆိပ်,ဆိပူ,ကြေးနီပူတို့ထက် လွန်စွာဆင်းရဲကုန်၏’’—

ဟု ကာမဂုဏ်တို့ကို ကဲ့ရဲ့ရှုတ်ချကာ တရားဟောပြီးလျှင် အမတ်တို့အား တိုင်းပြည်ကိုအပ်နှင်း၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့သွားပြီးလျှင် ရသေ့ရဟန်းပြုလေ၏၊ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မိဖုရားကြီးသည်— ယခုအခါ ရာဟုလာမယ်တော်။

※ မင်းကြီးသည်—ငါဘုရားဖြစ်လာပြီဟု—

ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကာမဂုဏ်မှာ၊မသာယာ၊လွန်စွာဆင်းရဲဟူ။

(၂) ကာမဂုဏ်စွဲ၊အမိုက်ခဲ၊ငရဲကျ၏ဟူ။

(၃) သန်လျက်,လှံမ၊ဆိပူမျှ၊တူလှနေ့နေပူ။

(၄) အဆိပ်မကွဲ၊ဆိပူနဲ၊မလွဲကြေးရည်တူ။

ပါနီယဇာတ်ပြီး၏။

# ၄၆၀—ယုဝဉ္စယဇာတ်

## ပစ္စုပ္ပန်ဝတ္ထု။

**လောကစွန့်ခွါ ဗုဒ္ဓစရိယာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ် စည်းဝေးကုန်သည်ရှိသော် "ငါ့ရှင်တို့.... မြတ်စွာဘုရားသည် လူ့ဘောင်၌ နေသည်ဖြစ်အံ့၊ စကြာမင်းဖြစ်ရာ၏၊ ထိုသို့ဖြစ်ပါလျက် စကြာမင်း၏အသရေကို စွန့်ပယ်ကာ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ညသန်းခေါင်ယာမ်အခါ ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းကိုစီးလျက် တောထွက်တော်မူ၍ အနောမာမြစ်ကမ်း၌ ရဟန်းပြုပြီးလျှင် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရ၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့....ငါဘုရားသည်ယခုအခါ၌သာ မြတ်သောတောထွက်ခြင်းကို ပြုတော်မူသည်မဟုတ်၊ ရှေးအခါ၌ ဗာရာဏသီပြည်ကြီးကိုစွန့်၍ တောထွက်ဘူးသည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ဥယျာဉ်ထွက်လျှင် သံဝေဝင်**

လွန်လေ ပြီးသောအခါ ရမ္မပြည်ဝယ် သဗ္ဗဒတ္တ မည်သော ရမ္မမင်း မင်းပြုသည်ရှိသော် ထိုမင်းအား သားတ

ထောင်ရှိ၏၊ ယုဓိဋ္ဌိလမည်သော သားအကြီးဆုံးကို အိမ်ရှေ့မင်းအဖြစ်ကိုပေး၏၊ ထိုအိမ်ရှေ့မင်းသည် နေ့တိုင်းနေ့တိုင်း ကြီးစွာသောအလှူကြီးကိုပေး၏။

ကာလကြာမြင့်လတ်သော် အိမ်ရှေ့မင်းသည် တနေ့သ၌ မြတ်သောရထားကိုစီးလျက် ဥယျာဉ်ကစား သွားလတ်သော် သစ်ပင်ဖျား မြက်ပင်ဖျား ပင့်ကူအိမ်တို့၌ကပ်ငြိလျက် ပုလဲလုံးသဏ္ဍာန်ရှိသော ဆီးနှင်းပေါက်တို့ကိုမြင်၍ "အချင်းရထားထိန်း.... ဤအပေါက်တို့ကား အဘယ်အပေါက်တို့နည်း"ဟုမေး၏၊ "အရှင်မင်းသား....ဆီးနှင်းပေါက်တို့ဖြစ်ပါ၏"ဟု လျှောက်ထားလေ၏၊ ညချမ်းသောအခါ ဥယျာဉ်တော်မှ ပြန်ခဲ့သည်ရှိသော် ဆီးနှင်းပေါက်တို့ကို မမြင်ပြန်၍ "အချင်းရထားထိန်း.... ဆီးနှင်းပေါက်တို့ အဘယ်မှာနည်း"ဟု မေး၏၊ "အရှင်မင်းသား....နေထွက်သည်ရှိသော် အလုံးစုံသော ဆီးနှင်းပေါက်တို့သည် ပျက်စီး၍ မြေသို့ကျကုန်၏"ဟု လျှောက်ထားပြန်၏၊ ထိုအခါ မင်းသားသည် ထိတ်လန့်တုန်လှုပ်လျက် သတ္တဝါသင်္ခါရတို့ကား ဆီးနှင်းပေါက်နှင့်တူကုန်၏တကား။

**ခမည်းတော်ထံဝင် ရဟန်းပြုချင်**

ငါသည် အိုခြင်း, နာခြင်း, သေခြင်းတို့ မနှိပ်စက်မီလျှင် မယ်တော် ခမည်းတော်တို့ကို တောင်းပန်၍ ရဟန်းပြုရန်သင့်၏ဟု ဆီးနှင်းပေါက်တို့ ပျက်စီးခြင်းကို အာရုံပြု၍ ဘဝသုံးပါးကို ရဲရဲပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကဲ့သို့ ရှုဆင်ခြင်က အိမ်သို့မပြန်တော့ဘဲ တရားလွှတ်တော်တွင် တရားစီရင်၍နေသောခမည်းတော်၏ အထံသို့ သွား၍ရှိခိုးလျက်—

"အို-ခမည်းတော်မင်းကြီး.... ချစ်အပ်သော အမတ်အပေါင်းခြံရံလျက်နေသော ခမည်းတော် မင်းကြီးကို ရှိခိုးပါ၏၊ အကျွန်ုပ်သည် ရဟန်းပြု ပါအံ့၊ ရဟန်းပြုခြင်းကို အရှင်ခမည်းတော် မင်း ကြီးသည် ခွင့်ပြုတော်မူပါ"—

ဟု ခမည်းတော်မင်းကြီးအား တောင်းပန်လေ၏၊ ထို အခါ ခမည်းတော်မင်းကြီးသည်—

"အို-ချစ်သား.... သင်ချစ်သားအား ကာမ ဂုဏ်တို့ဖြင့် အကယ်၍ယုတ်လျော့ငြားအံ့၊ ငါသည် ပြည့်စေအံ့၊ သင်ချစ်သားကို ညှဉ်းဆဲ နှိပ်စက်သူ ကိုလည်းတားမြစ်အံ့၊ ချစ်သားယုဝဉ္စယ....ရဟန်း မပြုပါလင့်"—

ဟုသားတော်ကို တားမြစ်တော်မူ၏။

**ရဟန်းပြုလိုမှု ခွင့်မပြု**

သားတော်သည် ခမည်းတော်မင်းကြီး တားမြစ်သောစကားကို ကြားလျှင်—

"အို-ခမည်းတော် မင်းကြီး....အကျွန်ုပ်အား ကာမဂုဏ်တို့ဖြင့် ယုတ်လျော့ခြင်းမရှိပါ၊အကျွန်ုပ် ကို ညှဉ်းဆဲနှိပ်စက်သူလည်းမရှိပါ၊ စင်စစ်ကား အိုခြင်း, နာခြင်း, သေခြင်းတို့မဖျက်ဆီးနိုင်သော မှီခိုရာကိုင်းကျွန်းကို ပြုလိုပါ၏"။

ဟုတောင်းပန်ပြန်၏၊ ခမည်းတော်မင်းကြီးလည်း—

"အို-ချစ်သား....ငါဘခင်သည် ရဟန်းမပြုရန် တောင်းပန်ပါ၏၊ ပြည်ရွာတိုင်းကား ဇနပုဒ်သား

တို့လည်း တောင်းပန်ကြကုန်၏၊ သို့အတွက်ရဟန်း
မပြုပါလင့်”—

ဟုအဖန်တလဲလဲ တားမြစ်ပြန်၏၊ ထိုအခါမင်းသား
သည်—

“အို-ခမည်းတော်မင်းကြီး····အကျွန်ုပ်ရဟန်း
ပြုခြင်းကို မတားမြစ်ပါလင့်၊ အကျွန်ုပ်ကို ကာမ
ဂုဏ်တို့ဖြင့် မယစ်မူးပါစေလင့်၊ အဖန်တလဲလဲ
အိုခြင်း, နာခြင်း, သေခြင်း၏ အလိုသို့လိုက်ရသည်
မဖြစ်ပါစေလင့်”

ဟု အဖန်တလဲလဲ တောင်းပန်ပြန်၏၊ ဤသို့ မင်းသား
သည်ပြောဆိုတောင်းပန်သည်ရှိသော် ခမည်းတော်မင်းကြီး
သည်စကားဆိုရာမရလေ။

**မယ်တော်လာ၍ တားမြစ်ခြင်း**

ထိုအခါ မယ်တော် မိဖုရားကြီးသည် ထိုအကြောင်းကို ကြားလျှင် ရွှေထမ်းစင်ဖြင့်သားတော်ထံအတင်းသွားကာ-

“ချစ်သား····ငါသည် ချစ်သားကို တောင်းပန်
ပါ၏၊ ငါသည်တားမြစ်ပါ၏၊ ငါ့သားကိုငါသည်
ကြာမြင့်စွာ မြင်ခြင်းငှါ အလိုရှိပါ၏၊ ငါ့သား
ချစ္စယ····ရဟန်းမပြုပါလင့်”—

ဟုသားတော်အား အဘင်းတားမြစ်ပြန်၏၊ မင်းသား
သည် မယ်တော်စကားကိုကြားပြန်လျှင်—

“အို-မိခင်···· နေထွက်သည်ရှိသော် မြက်သစ်
ပင်ဖျားဦ၌တင်သော ဆီးနှင်းပေါက်ဘို့သည် ကျ

သကဲ့သို့ လူတို့အသက်သည် နည်းလှ၏၊ အကျွန်ုပ်ကိုမတားမြစ်ပါလင့်''—
ဟု မယ်တော်အား တောင်းပန်ပြန်၏။

ခမည်းတော်ခွင့်မှ ရဟန်းပြု

မယ်တော်လည်း အဖန်တလဲလဲ တားမြစ်သည်သာတည်း၊ ထိုနောက် မင်းသားသည်—
''အို-ခမည်းတော်မင်းကြီး.... ဤမယ်တော်ကို ယခုအမြန် ယာဉ်သို့တင်စေပါလော့၊ မယ်တော်သည်ခရီးခဲကိုကူးသော အကျွန်ုပ်၏ အန္တရာယ်ကို မပြုပါစေလင့်''—
ဟု ခမည်းတော် မင်းကြီးအား လျှောက်ထားပြန်၏၊ ထိုအခါ မင်းကြီးသည် သားတော် စကားကို ကြား၍ ''မိဖုရားကြီး.... သင်ယခုသွားလော့၊ သင်၏ ရတိဝဍ္ဍန ပြာသာဒ်သို့တက်လော့''ဟု နှင်လေ၏၊ မိဖုရားကြီးလည်း မင်းကြီးစကားကိုကြားလျှင် မတည်တံ့နိုင်သဖြင့်မိမိအခြွေအရံနှင့်တကွ ပြာသာဒ်သို့တက်ကာ သတင်းစကားကိုသာ နားထောင်၍နေရ၏၊ မင်းကြီးလည်း တားမြစ်၍ မရသဖြင့် ရဟန်းပြုရန်ခွင့်ပြုရလေ၏၊ ညီတော်ယုဓိဋ္ဌိလလည်း နောင်တော်အား ခွင့်ပေးကြောင်းကိုသိလျှင် ရဟန်းပြုရန် တောင်းပန်ပြန်၏၊ ခမည်းတော်လည်း ခွင့်ပြုရပြန်၏။

ထီးနန်းစွန့်ခွါ တောကြွရာ

ထိုနောက် မင်းသား ညီနောင်တို့သည် ခမည်းတော်ထံမှခွင့်ရလျှင်လူအပေါင်း ခြံရံကာ တရားလွှတ်တော်မှ ထွက်ကြကုန်၏၊မယ်တော်မိဖုရားကြီးလည်း သားတော်ကိုပြာသာဒ်

ထက်မှကြည့်၍ ငါ့သားရဟန်းပြုလျှင် ဤရမ္မမြို့ကြီးဆိတ်ညံ လတံ့ဟုအောက်မေ့ကာ—

"အို-မောင်းမအပေါင်းတို့…သင်တို့သည်လျှင် စွာပြေးကြကုန်၊ အရှင်မင်းကြီးအား ကောင်း ခြင်းမင်္ဂလာဖြစ်ပါစေဟု ဆိုပါချေကုန်၊ သဗ္ဗဒတ္တ မည်သောမင်းသည် ငါ့သား ယုဓိဋ္ဌိလကို ခွင့်ပြု လိုက်ပြီ၊ ရမ္မမြို့ကြီးသည် ဆိတ်ညံပေတော့ မည်"။

"နုပျို၍ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ယုဓိဋ္ဌိ လမင်းသားကား သားတထောင်တို့တွင် အမြတ် ဆုံးဖြစ်၏၊ ခွန်အားအကြီးဆုံးဖြစ်၏၊ ထိုမင်းသား ကား ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ရဟန်း ပြုလေပြီတကား"—

ဟု ငိုကြွေး မြည်တမ်းလေ၏၊ မင်းသား ညီနောင်တို့ လည်း မြို့ပြင်သို့ရောက်လျှင် လူအပေါင်းကို ပြန်စေ၍ ဟိမဝန္တာသို့ ဝင်ကာ ရသေ့ ရဟန်း ပြုပြီးလျှင် ဈာန် အဘိညာဉ်ကို ဖြစ်စေလျက် သစ်သီး ကြီးငယ်ဖြင့် မျှတ၍ နေ၏၊ သေလွန်သည်၏ အခြားမဲ့၌ ဗြဟ္မာ့ပြည်သို့ လားရ ကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓိဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မယ်တော် ခမည်းတော်တို့သည်- ယခု အခါ သာကီဝင်မင်းမျိုးများ။

※ ယုဓိဋ္ဌိလမင်းသားသည်-အာနန္ဒာ။

※ ယုဓေ္ဌယမင်းသားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) နေထွက်လာငြား၊နှင်းပေါက်များ၊ပျက်ပြားရလေသည့်။

(၂) တေဘူမကာ၊သခ်ါရ၊မုချပျက်ရသည်။

(၃) အို,နာ,သေတန်း၊မညှဥ်းပန်း၊ကိုင်းကျွန်းရှာရမည်။

(၄) ယုဓေ္ဌယ၊မင်းသားလှ၊နန်းမှစွန့်ခွါသည်။

(၅) နှင်းပေါက်မြင်ရွှေ၊ တရားမွေ့၊ရသေ့ပြုတော့သည်။

ယုဓေ္ဌယဇာတ်ပြီး၏။

---

# ၄၆၁-ဒသရထဇာတ်

## ဧကဒသနိပါတ်

**သောကပြင်းလှ တရားကျ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဥ် အဘသေလွန်သဖြင့် စိုးရိမ်ခြင်းနှိပ်စက်သော သူကြွယ်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

မိဖုရားချစ်ရေး ထီးနန်းပေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဒသရထမင်း မင်းပြုသည်ရှိသော် ထိုမင်းအား တသောင်းခြောက်ထောင်သော မောင်းမတို့သည်ရှိကုန်၏၊ ထိုမောင်းမတို့၏ အကြီးဖြစ်သော မိဖုရားကြီးသည် သားတော်နှစ်ယောက်နှင့် သမီးတော်တယောက်ကိုဘွားမြင်၏၊ သားကြီးကား ရာမမင်းသားမည်၏၊ သားငယ်ကား လက္ခဏမင်းသားမည်၏၊ သမီးတော်ကား သီတာမင်းသမီးမည်၏။

အခါတပါး၌ မိဖုရားကြီးသည်နတ်ရွာစံခဲ့၏၊ မင်းကြီးသည် မိဖုရားကြီးအား သင်္ဂြိုဟ်ခြင်းကိစ္စပြုပြီးလျှင် မင်းသမီးတယောက်ကို မိဖုရားကြီးအရာ၌ထားလေ၏၊ မင်းကြီးသည် ထိုမိဖုရားကြီးကိုအလွန်ချစ်မြတ်နိုးတော်မူ၏၊ နောက်အခါ သားတယောက်ကို ဘွားမြင်၏၊ ထိုသတို့သားကို ဘရတမင်းသားဟူသော အမည်ကိုမှည့်ကုန်၏၊ မင်းကြီးသည် သားတော်၌ချစ်ခြင်းဖြင့် မိဖုရားကြီးအား "ရှင်မ… ဆုကိုငါပေးမည် ယူလော့"ဟုဆို၏၊ မိဖုရားကြီးလည်း ယူ၍ထားလိုက်၏။

သားသမီးသုံးပါး တောနှင်ခြား

မိဖုရားကြီးသည် သားတော်ဘရတမင်းသား ခုနစ်နှစ်အရွယ်ရှိသောအခါ မင်းကြီးထံ ကပ်၍ "အရှင်မင်းကြီး…. ဆုကိုပေးဘူးပါ၏၊ ယခုအခါ အကျွန်ုပ်သားတော် ဘရတမင်းသားအား မင်းအဖြစ်ကို ပေးတော်မူပါ"ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း လက်ဖျစ်တီးကာ "ဟယ်-

အယုတ်မ···· ဘာစကားကိုပြောသနည်း၊ သွားလော့ ငါ့သားတော်ကြီးတို့ကား မိးပုံကြီးကဲ့သို့ ထွန်းလင်းကုန်၏၊ သို့ပါလျက် ငါ့သားတော်ကြီးတို့ကိုသတ်၍ သင့်သားငယ်အား မင်းအဖြစ်ကိုပေးရမည်လော”ဟု ခြိမ်းချောက်လေ၏၊ မိဖုရားကြီးလည်း လက်မလျှော့ဘဲ အဖန်ဖန်တောင်း၍သာနေ၏။

တနေ့သ၌မင်းကြီးသည် မိန်းမတို့မည်သည်ကား သူ့ကျေးဇူးကိုမသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်၏၊ ဤမိဖုရားလည်း ကောက်ကျစ်စဉ်းလဲကာ တံစိုးလက်ဆောင်ပေး၍ ငါ့သားတော်ကြီးတို့ကို သတ်စေမည်လည်း မသိနိုင်ဟုကြံစည်ကာ သားတော်ကြီးတို့ကိုခေါ်၍ “ချစ်သားတို့···· ဤပြည်၌နေလျှင် သင်တို့အား ဘေးရန်ဖြစ်ရာသည်၊ အရပ်တပါးသို့သွား၍ နေကြကုန်၊ ငါ နတ်ရွာစံသောအခါမှ လာ၍မင်းပြုကြကုန်”ဟု မိန့်တော်မူပြီးလျှင် တဖန် ပုဏ္ဏားတို့ကိုခေါ်၍ အသက်အပိုင်း အခြားကိုမေးပြန်၏၊ ပုဏ္ဏားတို့လည်း ဆယ့်နှစ်နှစ်သာ အသက်ရှည်မည်ဟု လျှောက်ထားကြကုန်၏။

**ထီးနန်းရိုက်ရာ**
**သားတော်မှာ**

ထိုအခါ မင်းကြီးသည် သားတော်တို့အား တဖန် “ချစ်သားတို့···· ဆယ့်နှစ်နှစ်လွန်မှလာ၍ မင်းပြုကြကုန်” ဟု မှာထားတော်မူ၏၊ သားတော်တို့လည်း အဘမင်းကြီးကို ရှိခိုးကန်တော့ပြီးလျှင် ငိုကြွေးကုန်လျက် ပြာသာဒ်မှဆင်းသက်ကြကုန်၏၊ သီတာမင်းသမီးမြင်လျှင် ငိုကြွေးလျက် ခမည်းတော်ထံရှိခိုးခွင့်ပန်ကာ မောင်တော်တို့နှင့် အတူလိုက်လေ၏၊ မင်းသုံးပါးတို့လည်း အခြံအရံများစွာဖြင့်

တိုင်းပြည်မှ ထွက်ကြကုန်၏၊ လူအများပြန်စေ၍ အစဉ်သဖြင့်ဟိမဝန္တာတောသို့ဝင်ကာ သင်္ခမ်းကျောင်း ဆောက်လုပ်၍ သစ်သီးကြီးငယ်တို့ဖြင့် မျှတကာ နေကြကုန်၏။

**ထီးနန်းအပ်ရေး သားငယ်မပေး**

ထိုအခါ လက္ခဏာသုခမိန်သည် နှမတော် သီတာမင်းသမီးနှင့်အတူ နောင်တော် ရာမသုခမိန်ထံ ချဉ်းကပ်ကာ "နောင်တော်....နောင်တော်ကား အကျွန်ုပ်တို့ အဘအရာ၌ တည်ပါသည်၊ သစ်သီးရှာမလိုက်ပါလင့်၊ ကျောင်းတွင် ချမ်းသာစွာနေပါ၊ အကျွန်ုပ်တို့လုပ်ကျွေးပါမည်"ဟု ဝန်ခံကြ၏၊ ထိုနေ့မှစ၍ လက္ခဏာသုခမိန်နှင့် သီတာမင်းသမီးတို့သာ တောသို့သွား၍ သစ်သီးရှာကာ လုပ်ကျွေးကြ၏၊ ရာမသုခမိန်ကား ကျောင်းတွင်သာ အလုပ်အကျွေးခံ၍ နေရစ်လေ၏။

ဒသရထမင်းကြီးလည်း သားတော် သမီးတော်တို့ကို လွမ်းဆွတ်စိုးရိမ်တော်မူသဖြင့် ဆယ့်နှစ်နှစ် အသက်မရှည်တော့ဘဲ ကိုးနှစ်မြောက်တွင် နတ်ရွာစံလေ၏၊ မိဖုရားကြီးလည်း သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေပြီးလျှင် "အမတ်တို့.... သားတော် ဘရတမင်းသားအား မင်းမြှောက်ကြကုန်"ဟု ဆို၏၊ အမတ်တို့လည်း "အရှင်မိဖုရား.... ထီးနန်းရှင်တို့ကား တော၌ရှိကုန်၏"ဟုဆို၍ မပေးကြကုန်။

**ဘခင် နတ်ရွာဝင် နောင်တော်တိုင်ပင်**

ဘရတမင်းသားလည်းငါ၏နောင်တော်ကြီး ရာမသုခမိန်ကိုပင့်ဆောင်၍ မင်းမြှောက်မည်ဟု မင်းမြှောက် တန်ဆာငါးပါးကိုယူ၍ စစ်သည်ဗိုလ်ပါနှင့်တကွ ရာမသုခမိန်နေရာ

သို့သွားလေ၏၊ အနီးသို့ရောက်လျှင် သစ်တပ်တည်ဆောက်၍ တည်းခိုပြီးလျှင် နောက်အမတ်နှစ်ယောက်သုံးယောက်နှင့်တကွ ရာမသုခမိန်ထံဆည်းကပ်ကာ ရှိခိုးလျက် ခမည်းတော်မင်းတရားကြီး နတ်ရွာစံကြောင်း လျှောက်ထားကာ ခြေရင်း၌ဝပ်၍ ငိုကြွေးလေ၏၊ ရာမသုခမိန်ကား မငိုကြွေးလေ၊ ဣန္ဒြေမျှပင် ဘောက်ပြန်ခြင်းမရှိလေ။

ညချမ်းသောအခါ လက္ခဏာသုခမိန်နှင့် သီတာမင်းသမီး မောင်နှမနှစ်ယောက်တို့သည် သစ်သီးရှာရာမှ ပြန်လာကုန်၏၊ ထိုအခါရာမသုခမိန်သည် ငါ့ညီနှင့်နှမတို့ကား ငယ်ရွယ်ကုန်၏၊ ငါကဲ့သို့ ပညာအဆင်အခြင်မရှိကြ၊ ခမည်းတော်နတ်ရွာစံခဲ့ပြီဟု ရုတ်တရက်ပြောလိုက်လျှင်အလွန်စိုးရိမ်လျက် နှလုံးကွဲကုန်ရာ၏၊ သို့အတွက်ဥပါယ်တမျဉ်ဖြင့် ရေသို့ဆင်းသက်စေပြီးမှ ဤအကြောင်းကို ပြောကြားတော့မည်ဟု ကြံစည်စိတ်ကူးကာ—

**သောကငြိမ်းဘွယ်**
**နည်းပရိယာယ်**

မောင်နှမနှစ်ယောက်တို့ကိုခေါ်၍ သင်တို့သည် ယနေ့ကြာမြင့်မှ လာကြသည်၊ ဒဏ်ပေးမည်၊ ရေကန်၌ ဆင်း၍နေကြလော့ဟု အမိန့်ပေးလေ၏။

မောင်နှမ နှစ်ယောက်တို့လည်း နောင်တော်၏ တခွန်းထည်းသောစကားဖြင့်လျှင် ရေကန်သို့ ဆင်းသက်ကာ နေကြကုန်၏၊ ထိုအခါ ရာမသုခမိန်သည် ခမည်းတော် ဒသရထမင်းကြီး နတ်ရွာလားကြောင်းကို ပြောကြားလေ၏၊မောင်နှမနှစ်ယောက်တို့ကြားလျှင် တွေဝေမိန်းမောကြကုန်၏၊ ထိုအကြောင်းကို သုံးကြိမ်တိုင်အောင်ပြောကြားရာ သုံးကြိမ်

တိုင်အောင်ပင် တွေဝေမိန်းမောကြကုန်၏၊ ထိုအခါ မောင်နှမနှစ်ယောက်တို့ကို ရေမှဆယ်ယူကာ သက်သာရာကိုရစေကုန်၏၊ အချင်းချင်းလည်း ငိုကြွေးကြကုန်၏။

**သောကကင်းဝေး အကြောင်းမေး**

ထိုအခါဘရတမင်းသားသည်လက္ခဏာ သုခမိန်မှစ၍ အလုံးစုံသော သူတို့သည် စိုးရိမ်ပူဆွေး ငိုကြွေးကုန်၏၊ နောင်တော် ရာမသုခမိန်ကား စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိ၊ အကြောင်းအသို့ရှိသနည်း၊ ရာမသုခမိန်ကိုမေးမည်ဟုစဉ်းစားဆင်ခြင်ကာ—

"အို-နောင်တော်ကြီး····အဘယ်ကြောင့် စိုးရိမ်အပ်သောအရာကို မစိုးရိမ်ဘိသနည်း ၊ခမည်းတော်မင်းကြီး နတ်ရွာလားကြောင်းကို ကြား၍လည်း နောင်တော်ကြီးကို အဘယ်ကြောင့် စိုးရိမ်ခြင်းမနှိပ်စက်သနည်း"—

ဟု နောင်တော်ကြီးအား မစိုးရိမ်ခြင်း အကြောင်းကို မေးလေ၏။

**နောင်တော်ဆုံးမ ပရိဒေဝ**

ထိုအခါ ရာမသုခမိန်သည် ညီငယ် နှမငယ်များအား တရားပြဆုံးမကာ ဖြေဆိုပြောကြားလို၍—

"အို-ညီထွေးဘရတ···· ပိန်ချုံးသဖြင့် ငိုကြွေးမြည်တမ်းသောသူတို့တွင် တစုံတယောက်သော သူမျှလည်း သေသူ အသက်တဖန် ရှင်လာအောင် မတတ်နိုင်၊ ထိုသို့ဖြစ်လျက် သိက္ခမ်းလိမ်မာသော ပညာရှိသည် မိမိကိုယ်ကို အဘယ်ကြောင့်ပူပန်စေအံ့နည်း"-

"အို-ညီထွေးဘရတ..အသက်အရွယ်ငယ်သော သူ, ကြီးသောသူ, မိုက်သောသူ, ပညာရှိသောသူ, စည်းစိမ်ဥစ္စာကြွယ်ဝသောသူ, ဆင်းရဲသောသူ ၏ အလုံးစုံသော သူတို့သည် သေမင်းခံတွင်း၌ လည်း လျောင်းရကုန်၏"—

"အို-ညီထွေးဘရတ.... မှည့်သောသစ်သီးတို့ အား အမြဲကြွေကျရခြင်း ဘေးဖြစ်လာသကဲ့သို့ ထို့အတူ ဖြစ်လာကုန်သောသတ္တဝါတို့အား အမြဲ သေရခြင်းဘေးသည် ဖြစ်လာ၏"-

ဖြစ်ပျက်စဉ်မြဲ ဆိုဆုံးမ

ရာမမင်းသားသည် ညီငယ် နှမငယ်တို့ အား ဖြစ်ပျက်တရားကို ပြသ ဆုံးမလို သဖြင့်—

"အို-ညီထွေးဘရတ.... နံနက်အခါ များစွာ သောသူတို့ကို မြင်ရကုန်၏၊ ထိုသူတို့တွင် အချို့သူ တို့ကို ညချမ်းအခါမမြင်ရကုန်၊ ညချမ်းအခါ များ စွာသောသူတို့ကို မြင်ရကုန်၏၊ ထိုသူတို့တွင် အချို့ သူတို့ကို နံနက်အခါမမြင်ရကုန်"-

"အို-ညီထွေးဘရတ.... အကယ်၍ ငိုကြွေး မည်တမ်းသောသူသည် မိမိကိုယ်ကိုညှဉ်းဆဲတွေဝေ စေ၍စင်စစ်တစုံတခုသောအကျိုးစီးပွားကိုဆောင် နိုင်ငြားအံ့၊ ပညာရှိသောသူသည် ထိုငိုကြွေးမြည် တမ်းခြင်းကို ပြုလုပ်ရာ၏"-

"အို-ညီထွေးဘရတ.... ငိုကြွေး မြည်တမ်းသ ဖြင့် မိမိကိုယ်ကိုညှဉ်းဆဲသဖြင့် ပိန်ချုံးစေဘိ၏၊

အဆင်းမလှချေ၊ ထိုငိုကြွေးမြည်တမ်းခြင်းဖြင့် တမလွန်ဘဝသို့ ပြောင်းသွားသောသူတို့သည် မစောင့်နိုင်ကုန်၊ ထို့ကြောင့် ငိုကြွေး မြည်တမ်းခြင်းသည် အကျိုးမရှိ''-

**ပညာဆင်ခြင်မှု လောကခံမှု**

ပညာဖြင့်ဆင်ခြင်လျှင် သောကတရား လွင့်စင်ကြောင်းကို ဆိုးမလိုသဖြင့်—

"အို-ညီထွေးဘရတ···· ဥပမာကား နေရာအိမ်ကို မီးလောင်သည်ရှိသော် ရေအိုး ရာထောင်ဖြင့် ငြိမ်းစေသကဲ့သို့၊ ထို့အတူ မြဲမြံ တည်ကြည်လျက်အကြားအမြင်ရှိသော ပညာရှိသည် ဖြစ်သော စိုးရိမ်ပူဆွေးခြင်းကို လျင်စွာငြိမ်းစေရာ၏၊ လေသည် လဲဝါဂွမ်းကိုလွင့်ဖျောက်သကဲ့သို့ စိုးရိမ်ပူပန်ခြင်းကို လွင့်ဖျောက်ရာ၏''—

"အို-ညီထွေးဘရတ··သတ္တဝါသည် တယောက်ထည်းသာသေလွန်ရ၏၊တယောက်ထည်းသာအမျိုးလေးပါး၌ ဖြစ်ရ၏။ အလုံးစုံသောသတ္တဝါတို့အား ဆွေမျိုးတို့နှင့် ယှဉ်ခြင်းသာလျှင် အလွန်ဖြစ်ကုန်၏၊ ဆွေမျိုးတို့၏ သုံးဆောင်ခြင်းမျှသာ ရှိကုန်၏။

ထို့ကြောင့် များသောအကြားအမြင်ရှိလျက် ပစ္စုပ္ပန်တမလွန် နှစ်တန်သောလောကကို ကောင်းစွာသိမြင်သောပညာရှိအား လောကဓံတရား ရှစ်ပါးကိုသိမြင်၍ များစွာ မစိုးရိမ်မပူပန်ခြင်းတို့သည် ဟဒယဝတ္ထု ရုပ်ကိုငှင်း, စိတ်ကိုငှင်း မပူပန်စေနိုင်ကုန်''-

"ငါသည် အခြံအရံကိုဂင်း, စည်းစိမ်ဥစ္စာကို ဂင်း, မယားကိုဂင်း, ဆွေမျိုးတို့ကိုဂင်း, ကြွင်းသော ဥစ္စာကိုဂင်း ကောင်းစွာစောင့်ရှောက်အံ့၊ သိမြင်သောသူအား ဤသို့ စောင့်ရှောက် ခြင်းသည် လျှောက်ပတ်၏"—

ဟု ညီထွေးဘရတအား အမြဲမရှိသော အနိစ္စတရားကို ဟောကြား ဆုံးမတော်မူ၏။

**ဖခင်မှာကြားမှု လိုက်နာပြု**

များစွာသော ပရိသတ်သည် တရားဒေသနာကို ကြားနာရလျှင် စိုးရိမ်ပူဆွေးခြင်း ကင်းကုန်၏၊ ထိုနောင်မှ ဘရတမင်းသားသည် နောင်တော်အား "အို-နောင်တော် ရာမသုခမိန်··ဗာရာဏသီပြည်၌ မင်းပြုတော်မူပါ''ဟုပြော၏၊"ညီထွေး ဘရတ··လက္ခဏသုခမိန်နှင့် သီတာမင်းသမီးတို့ကိုခေါ်၍မင်းပြုကြကုန်''ဟုပြော၏၊"နောင်တော်တို့ကား အဘယ်သို့ ပြုကုန်အံ့နည်း''၊"ညီထွေးဘရတ····ငါ့ခမည်းတော် မင်းကြီးသည် တဆယ့်နှစ်နှစ် လွန်မှလာ၍ မင်းပြုလောဟု မှာတော်မူခဲ့၏၊ ငါသည်ယခုလိုက်၍ မင်းပြုပါလျှင် ခမည်းတော်စကားကို နားမထောင်ရာရောက်၏၊သို့အတွက် ငါသည် သုံးနှစ်လွန်မှလာ၍ မင်းပြုမည်''ဟု မှာကြား၏ "နောင်တော်·· သုံးနှစ်ပတ်လုံး အဘယ်သူ မင်းပြုလိမ့်မည်နည်း''ဟုမေး၏၊ "ညီထွေး ဘရတ··သင်တို့ ပြုကြကုန်''ဟု မှာကြား၏၊"နောင်တော်··အကျွန်ုပ်တို့မင်းမပြုလိုပါကုန်'' ဟု ပြောကြား၏၊ "ညီထွေးဘရတ···· မပြုလိုကြလျှင် ငါလာသည်တိုင်အောင် ဤမြက်ခြေနင်းတို့သည် မင်းပြုကြကုန်လတံ့''ဟုဆို၍ မြက်ခြေနင်းကိုချွတ်၍ပေးလိုက်၏။

ဖခင်နန်းမွေ
အတူနေ

မောင်နှစ်မ သုံးယောက်တို့သည် မြက်ခြေနင်းတို့ကိုယူကာ လူအပေါင်း ခြံရံလျက်ဗာရာဏသီပြည်သို့ပြန်ကြကုန်၏၊ ရောက်လျှင် သုံးနှစ်ပတ်လုံး မြက်ခြေနင်းတို့သည် မင်းပြုကုန်၏၊ အမတ်တို့သည် မြက်ခြေနင်းတို့ကို ရာဇပလ္လင်ပေါ်၌ထား၍ တရားဆုံးဖြတ်ကုန်၏၊ မကောင်းသဖြင့် ဆုံးဖြတ်လျှင် မြက်ခြေနင်းတို့သည် အချင်းချင်းတိုက်ခတ်ကြကုန်၏၊ ထိုအထိန်းအမှတ်ဖြင့် တဖန်ပြင်၍ ဆုံးဖြတ်ကြရကုန်၏၊ ကောင်းစွာဆုံးဖြတ်လျှင် အသံမရှိကုန်၊ ငြိမ်သက်စွာတည်ကုန်၏။

ရာမသုခမိန်လည်း သုံးနှစ်လွန်လျှင် တိုင်းပြည်သို့ ပြန်လာ၍ ဥယျာဉ်တော်သို့ဝင်၏၊ ရာမသုခမိန်လာသောအဖြစ်ကိုသိလျှင် မင်းသားတို့သည် အမတ်အပေါင်း ခြံရံကာ ဥယျာဉ်တော်သို့သွား၍ သီတာမင်းသမီးကို မိဖုရားကြီးပြု၍ မင်းနှင့်မိဖုရားတို့ကို အဘိသိက်သွန်းကြကုန်၏၊ ထိုနောက်တန်ဆာဆင်အပ်သောရထားဖြင့် မြို့တော်သို့ဝင်၍ စန္ဒကပြာသာဒ်တော်၌ စံနေတော်မူကာ နှစ်ပေါင်းတသောင်းခြောက်ထောင်တို့ပတ်လုံး တရားနှင့်အညီ မင်းပြုတော်မူပြီးလျှင် အသက်၏အဆုံး၌ နတ်ပြည်ကို ပြည့်စေတော်မူ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အဘသေသောသူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဒသရထမင်းသည်—ယခုအခါသိရိသုဒ္ဓေါဒနမင်း။

※ မိဖုရားကြီးသည်—မယ်တော်မာယာ။

※ သီတာဒေဝီသည်—ရာဟုလာမယ်တော်။

※ ဘရတမင်းသားသည်—အာနန္ဒာ။

※ လက္ခဏာသုခမိန်သည်—သာရိပုတ္တရာ။

※ ရာမမင်း၏ပရိသတ်သည်—ဘုရားပရိသတ်။

※ ရာမမင်းကြီးသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကြီး,ငယ်,မိုက်စွာ၊လူလိမ္မာ၊ချမ်းသာ,ဆင်းရဲဟူ။
(၂) လုံးစုံခပင်း၊သေခံတွင်း၊သက်ဆင်းရ၏ဟူ။
(၃) နေ့မြင်,ညကွယ်၊သီးမှည့်နွယ်၊သေလွယ်ဘေးတွေ့ဟူ။
(၄) လောကဓံကြိမ်၊မစိုးရိမ်၊ကဝိန်ညာဏ်ရှိသူ။
(၅) သေသူမထ၊နေသူကျ၊ပြင်းပြငိုကြွေးသူ။

ဒသရထဇာတ်ပြီး၏။

---

# ၄၆၂- သံဝရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မင်္ဂ နိုလ်ရမှု လုံ့လပြု — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌

သိတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ရဟန်းတပါး သည် ငါးဝါပြည့်သောအခါဆရာဥပဇ္ဈာယ်တို့ကိုပန်ကြား၍ ကမ္မဋ္ဌာန်းကို သင်ကြားပြီးလျှင် ကောသလတိုင်း ဇနပုဒ်ရွာ တခုကိုအမှီပြုကာကမ္မဋ္ဌာန်းကိုအားထုတ်လေ၏၊ ထိုရဟန်း သည် ဝါတွင်းသုံးလပတ်လုံးအားထုတ်သော်လည်း တရား ထူးကိုရရန် အရိတ်နိမိတ်မျှကိုလည်း ဖြစ်စေခြင်းငှါမတတ် နိုင်။

ထိုအခါရဟန်းသည် ငါကား မြတ်စွာဘုရားဟောကြား တော်မူအပ်သော ပုဂ္ဂိုလ်လေးမျိုးတို့တွင် ပဒပရမပုဂ္ဂိုလ် သာ ဖြစ်တန်ရာ၏၊ ဤဘဝ တရားထူးကို ရနိုင်မည်မထင်၊ တော၌နေသဖြင့် အကျိုးမရှိ၊ မြတ်စွာဘုရားကို ဖူးမျှော်ကာ တရားတော်ကြားနာ၍ အချိန်ကိုကုန်စေမည် ဟု ကြံစည် လျက် ဝိရိယလုံ့လကို လျှော့ပြီးလျှင် ဇေတာန်ကျောင်း တော်သို့ပြန်လေ၏။

အဆွေခင်ပွန်း ရဟန်းတို့သည် ထိုရဟန်းကိုမြတ်စွာ ဘုရားထံပို့ကြကုန်၏၊ မြတ်စွာဘုရားလည်း ထိုအကြောင်း ကို သိတော်မူလျှင် "ချစ်သားရဟန်း.... အဘယ်ကြောင့် လုံ့လဝိရိယကို လျှော့ဘိသနည်း၊ လုံ့လမရှိသောသူအား အရဟတ္တဖိုလ်ကိုမရနိုင်၊ သင်သည်ရှေးအခါ၌ လုံ့လဝိရိယ ရှိ၍၊ ဆုံးမခြင်းငှါခံ၍၊ ထိုကြောင့်ဗာရာဏသီမင်း၏ သား တော်တရာတို့တွင် အငယ်ဆုံး သားတော်ဖြစ်လျက် မင်း အဖြစ်ကိုရခဲ့ဘူးသည်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**မင်းသားများနေရေး နယ်သီးသီးပေး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သံဝရမင်းသားသည် သားတော်တရာတို့တွင် အငယ်ဆုံးဖြစ်၏၊ မင်းကြီးသည် တယောက်တယောက်သော သားတော်ကို ပညာသင်ကြားရန် တယောက်တယောက်သောအမတ်အား အပ်နှင်း၍ထား၏၊ သံဝရမင်းသား၏ ဆရာဖြစ်သော အမတ်ကား ပညာရှိ၏၊ လိမ္မာ၏၊ အဘအရာ၌တည်၏။

အမတ်တို့သည် မိမိတို့ထံအပ်နှံထားသော မင်းသားတို့ကို အတတ်သင်စေပြီးလျှင် မင်းကြီးအား အတတ်ပညာကို ပြစေကုန်၏၊ မင်းကြီးလည်း သားတော်တို့၏ အတတ်ပညာကိုမြင်ရလျှင် အလွန်အားရ နှစ်သက်တော်မူသဖြင့် အသီးအသီး ဇနပုဒ်တို့ကို ပေးကာ လွှတ်လိုက်၏၊ သားတော်တို့လည်း မိမိတို့စားရသော ဇနပုဒ်သို့သွား၍ နေကြကုန်၏။

**သားတော်အထွေး ခြေရင်းလုပ်ကျွေး**

သံဝရမင်းသားသည် အတတ်ပညာသင်ကြားပြီးလျှင် ဆရာအား "ဆရာ.... အကျွန်ုပ် ခမည်းတော်သည် ဇနပုဒ်ကို ပေး၍ စေလွှတ်လတ်သော် အသို့ပြုရအံ့နည်း" ဟု မေး၏၊ "မင်းသား....သင်သည် ဇနပုဒ်သို့ မသွားလင့်"ဟု မှာကြား၏၊ "အရှင်မင်းကြီး....အကျွန်ုပ်ကား အငယ်ဆုံးသားတော်ဖြစ်ပါ၏၊ အကျွန်ုပ်သွားသော် ခမည်းတော်၏ ခြေရင်း၌ သားတော်တယောက်မျှမရှိသဖြင့် ဆိတ်ညံလတံ့၊

သို့အတွက် ခမည်းတော်၏ခြေရင်း၌ နေလိုပါသည်” ဟု လျှောက်ထားလေ၍ဟု မှာထား၏။

တနေ့သ၌ မင်းကြီးသည် သံဝရမင်းသားအား “ချစ်သား....သင်အတတ်ပညာ တတ်မြောက်ပြီလား”ဟု မေး၏၊ “ခမည်းတော်.... တတ်မြောက်ပါပြီ”ဟု လျှောက်၏၊ “ချစ်သား.... သင်သည် နောင်တော်တို့ကဲ့သို့ ဇနပုဒ်သို့ သွားမည်လော” ဟု မေး၏၊ “ခမည်းတော်..မသွားလိုပါ။ အကျွန်ုပ်ကား အငယ်ဆုံးသားဖြစ်ပါ၏၊ အကျွန်ုပ်သွားသော် ခမည်းတော်ထံ၌ သားတော်တယောက်မျှမရှိသဖြင့် ဆိတ်ညံလတ့်၊ သို့အတွက် ခမည်းတော်ထံ၌သာ နေလိုပါသည်”ဟု လျှောက်ထား၏၊ထိုအခါ မင်းကြီးသည် အလွန်နှစ်သက်တော်မူသဖြင့် ခြေရင်း၌ပင် အမြဲခစားစေ၏။

**နန်းတွင်းနန်းပြင် သားငယ်ခင်**

သံဝရမင်းသားသည် တဖန်ဆရာအား “ဆရာ....အကျွန်ုပ်ဘယ်အမှုကို ပြုရအံ့နည်း”ဟု မေး၏၊“မင်းသား...ဥယျာဉ်ဟောင်းတခုကို တောင်း၍ပြုပြင်ကာ အသီးအပွင့်တို့ဖြင့် အစိုးရသော သူတို့အား သဂြိုဟ်ထောက်ပံ့လော့” ဟု ပြောပြန်၏၊ သံဝရမင်းသားလည်း ဆရာပြောတိုင်းပြု၏၊ တဖန် အသို့ပြုအံ့နည်း ဟု မေးပြန်၏၊ ဆရာသည် မင်းသားအား ထမင်းရိက္ခာကိုပေးစေပြန်၏၊ နောက်လည်း ဆရာဆုံးမတိုင်း ပြုလေ၏၊ ဤသို့လျှင် သံဝရမင်းသားသည် အလုံးစုံသော အမှုကိစ္စတို့ကို ဆောင်ရွက်ရသဖြင့် နန်းတွင်း နန်းပြင် အလုံးစုံသော တိုင်းသူပြည်သားတို့သည် သံဝရမင်းသားကို ချစ်ခင် နှစ်သက်ကြကုန်၏။

**ပူးမတ်တိုင်ပင်**
**သားငယ်တင်**

နောက်အဘို့၌ မင်းကြီးသည် သေရာညောင်စောင်း၌ လျောင်းစက်သည်ရှိသော် အမတ်တို့သည် မင်းကြီးကို "အရှင်မင်းကြီး....နတ်ရွာစံလျှင် ဘယ်သူ့အား ထီးနန်းကိုပေးရအံ့နည်း"ဟု လျှောက်၏၊ "အမတ်တို့....ငါ့သားတော်အလုံးစုံသည်ပင်ထီးနန်းနှင့်ထိုက်တန်ကုန်၏၊သို့သော်လည်း သင်တို့နှစ်သက်သော သူ့အား ပေးရစ်ကြကုန်" ဟု မှာထားခဲ့၏၊ အမတ်တို့လည်း မင်းကြီး နတ်ရွာစံလျှင် သင်္ဂြိုဟ်ခြင်း ကိစ္စကိုပြု၍ ခုနစ်ရက်လည်သောအခါ စည်းဝေးကြ၍ "အမတ်မင်းတို့....အကျွန်ုပ်တို့ အရှင်မင်းကြီးသည် သင်တို့နှစ်သက်သောသူ့အား ထီးနန်းကိုပေးကြကုန်" ဟု မှာထားခဲ့၏၊ အကျွန်ုပ်တို့လည်း သံဝရမင်းသားကို နှစ်သက်ကြ၏၊ သို့အတွက် ထီးနန်းကို သံဝရမင်းသားအား ပေးမည်ဟု တိုင်ပင်ညီညွတ်ကာ သံဝရမင်းသားကို မင်းမြှောက်ကြကုန်၏၊သံဝရမင်းသားလည်း ဆရာအဆုံးအမကို လိုက်နာသောကြောင့် သားတော်အငယ်ဆုံးပင် ဖြစ်သော်လည်း ထီးနန်းကိုရသဖြင့် တရားသဖြင့်မင်းပြုလေ၏။

ထိုအကြောင်းကို နောင်တော် ကိုးကျိပ် ကိုးယောက်တို့ကြားလျှင် စည်းဝေးကုန်၍ သံဝရမင်းသားသည် အငယ်ဆုံးဖြစ်၍ ထီးနန်းနှင့်မထိုက်တန်၊ အကြီးဆုံးဖြစ်သော ဥပေါသထမင်းသားသာ ထိုက်သည်ဟု တိုင်ပင်ညီညွတ်ကာ စစ်သည်ဗိုလ်ပါနှင့်တကွ လာကြပြီးလျှင် ငါတို့အား ထီးနန်းကိုလည်းပေးမည်လော၊ သို့တည်းမဟုတ် စစ်ကို လည်းထိုးမည်လောဟု ညီတော်သံဝရမင်းကြီးထံ ရာဇသံ

စေလွှတ်ကြကုန်၏၊ မြို့ကိုလည်းခိုင်လုံစွာ ဝန်းရံ၍ထားကုန်၏။

**နောင်တော် ရာဇသံ ညီငယ်ပြန်**

သံဝရ မင်းကြီးသည် ဆရာ ပညာရှိ အမတ်အား "ဆရာ⋯ ယခုအခါ အဘယ်သို့ပြုရအံ့နည်း" ဟုမေးတော်မူ၏၊ ဆရာလည်း "အရှင်မင်းကြီး နောင်တော်တို့နှင့်စစ်ထိုးဘို့ ကိစ္စမရှိ၊ အဘ၏အမွေဖြစ်သော ဥစ္စာစု အစုတရာပုံ၍ နောင်တော်တို့ အတွက် ကိုးဆယ့်ကိုးစုကို ပို့စေပြီးလျှင် နောင်တော်တို့၏ အဘအမွေဖြစ်သောဥစ္စာကို ယူကြပါကုန်၊ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါ ဟု ရာဇသံကိုပြန်ကြားတော်မူပါ" ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း ဆရာအမတ်ကြီး ပြောသောအတိုင်း ပြုလုပ်တော်မူ၏။

**အများသဘောရ တိုင်ပင်ကြ**

ထိုအခါ အစ်ကိုအကြီးဆုံး ဖြစ်သော ဥပေါသထမင်းသားသည် ညီတော်တို့ကိုခေါ်၍ "ညီတော်တို့⋯ မင်းမည်သည် နှိပ်စက်နိုင်သူမရှိ၊ ညီထွေးသံဝရမင်းသည် ရန်သူအဖြစ်ဖြင့်မခံပေ၊ ငါတို့အားလည်း အဘအမွေဖြစ်သော ဥစ္စာကိုပို့လာ၍ အကျွန်ုပ်သည် နောင်တော်တို့နှင့် စစ်မထိုးလိုပါဟု ရာဇသံပို့လာပေ၏၊ ငါတို့အလုံးစုံသည်လည်း တပြိုင်နက်ထည်း မင်းမလုပ်နိုင်ကြကုန်၊ ညီထွေးသံဝရအားသာ ဆောင်နှင်းစေအံ့၊ ညီထွေးသံဝရသာ မင်းလုပ်ပါစေ၊ လာကြကုန်၊ ညီထွေးသံဝရထံသွား၍ ဖူးမြင်ကြကုန်အံ့၊ မင်းဆွေမင်းမျိုးတို့ကို အပ်နှင်း၍ ငါတို့နေရာဇနပုဒ်သို့ ပြန်ကုန်အံ့" ဟုတိုင်ပင်ညီညွတ်ကာအလုံးစုံသောမင်းသား

တို့သည် ရန်သူမဟုတ်ကုန်ဘဲ မြို့တံခါးကို ဖွင့်စေပြီးလျှင် သံဝရမင်းကြီးထံ ဝင်ကြကုန်၏။

ညီတော်မြင်ကြ ဝမ်းမြောက်လှ

သံဝရမင်းကြီးလည်း ထိုအကြောင်းကို သိတော်မူလျှင် အမတ်တို့ကို စေလွှတ်ကာ နောင်တော်တို့အား လက်ဆောင်ပဏ္ဏာတို့ကို ပို့စေ၏၊ ခရီးဦးကြိုဆိုစေ၏၊ မင်းသားတို့လည်း အခြံအရံအနည်းငယ်ဖြင့်ခြံလျှင်လာကာနန်းတော်သို့တက်ကြကုန်၏၊ မင်းကြီးထံရောက်လျှင်ရှိသေနှိမ့်ချသောအမူအရာကို ပြုကြကုန်လျက် နိမ့်သောနေရာ၌ နေကြကုန်၏၊ သံဝရမင်းကြီးလည်း ထီးဖြူအောက်တွင် များစွာသောစည်းစိမ်အခြံအရံ ဂုဏ်ကြက်သရေဖြင့် တင့်တယ်စွာ စံနေတော်မူ၏။

ညီငယ်သီလ ရှိသေကြ

ထိုအခါ ဥပေါသထ မင်းသားသည် သံဝရမင်းကြီး၏ကြက်သရေကိုမြင်လျှင်-

"မြတ်သောမင်းကြီး....အရှင်မင်းကြီး၏သီလကို ငါတို့ခမည်းတော်မင်းကြီးသည် သိတော်မူ၍ ဤကိုးကျိပ်ကိုးယောက်သော နောင်တော်မင်းသားတို့အား ဇနပုဒ်တို့ကိုပေးသော်လည်း သင်မင်းကြီးအား တစုံတခုသော ဇနပုဒ်ကို ပေးရမည်ဟု မအောက်မေ့လေသလော"-

"မြတ်သောမင်းကြီး.... ခမည်းတော်မင်းကြီးသည် ထင်ရှားရှိစဉ်ဝင်း, နတ်ရွာလားသော်ဝင်း ကိုယ်တော်၏ အကျိုးစီးပွားကို မြင်သည်ဖြစ်၍

ဆွေမျိုးတို့သည် သင်သံဝရမင်းကြီးကို နှစ်သက်စေ ကုန်သလော''—

''မြတ်သောမင်းကြီး….သင်သည်ဘယ်အကျင့် ဖြင့် ဇာတ်တူကိုးကျိပ်ကိုးယောက်သောနောင်တော် တို့ကို လွှမ်းမိုး၍တည်သနည်း၊ အဘယ်အကြောင်း ကြောင့် အညီအညွတ် ရောက်လာ ကုန်သော ကိုးကျိပ် ကိုးယောက်သော နောင်တော်တို့သည် သင်မင်းကြီးကို မလွန်ဆန်နိုင်ကုန်သနည်း''—

ဟု သံဝရမင်းကြီးကို ပဋိသန္ဓာရစကား ပြောကြား မေးမြန်းလေ၏။

**ကိုယ်ကျင့်တရား ညီမေးပြော**

သံဝရ မင်းကြီးလည်း နောင်တော်၏ အမေးစကားကို ကြားလျှင် မိမိ ကိုယ်ကျင့်တရားပြောကြားလို၍—

''အိုနောင်တော်ကြီး…. အကျွန်ုပ်သည် ငြူစူ ခြင်းမရှိပါ၊ မြတ်သောသီလက္ခန္ဓစသော ကျေးဇူး ကိုရှာမှီး၍ သည်းခံကုန်သော ရဟန်းပုဏ္ဏားတို့၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ ရဟန်းပုဏ္ဏား တို့ကို ရိုသေစွာရှိခိုးပါ၏၊ရဟန်းပုဏ္ဏားတို့အကျင့်ကျေးဇူး ၌ မွေ့လျော်ကုန်သော ရဟန်းပုဏ္ဏား တို့သည် အကျင့်ကျေးဇူးနှင့် ယှဉ်သော တရားစကားကို သူတပါးကို မငြူစူသောအကျွန်ုပ်အားဟောကြား ဆုံးမကြပါ၏''။

''အကျွန်ုပ်သည် သီလက္ခန္ဓစသော ကျေးဇူးကို ရှာမှီး၍ သည်းခံလေ့ရှိကုန်သောရဟန်းပုဏ္ဏားတို့၏ တရားစကားကို ကြားနာရ၍ တစုံတယောက်

ကိုမျှ မထေမဲ့မြင်မပြုပါ၊အကျွန်ုပ်၏စိတ်နှလုံးသည် တရား၌အမြဲမွေ့လျော်ပါ၏”။

“အကျွန်ုပ်သည် ဆင်စီး သူရဲ, မြင်းစီး သူရဲ, ရထားစီးသူရဲ,ခြေသည်သူရဲတို့အား ပေးသွင်းအပ်သောထမင်းရိက္ခာကို မပိတ်ပင်ပါ”။

“အကျွန်ုပ်အား အတိုင်အပင် ပညာနှင့် ပြည့်စုံသော အမတ်ကြီး အမတ်ငယ်တို့ရှိပါကုန်၏၊ ထိုမှတပါး ကြွယ်ဝချမ်းသာသော ကုန်သည် တို့သည် တိုင်းတပါးမှလာကြ၍ ဤဗာရာဏသီပြည်၌ များစွာသော ငါးအမဲ သေရည်သေရက်တို့ကို ရောင်းဝယ်ကြကုန်၏၊ အကျွန်ုပ်သည် ထိုကုန်သည်တို့၌လည်း အစောင့်အရှောက်ကို စီရင်အပ်ပါ၏”— ဟု နောင်တော်ကြီးအား မိမိဂုဏ်ကျေးဇူးတို့ကိုထုတ်ဖော်ပြောကြားလေ၏။

**ဆွေမျိုးဂုဏ်ရောင် ညီငယ်ဆောင်**

ထိုအခါ နောင်တော်ကြီးသည် သံဝရမင်းကြီး၏ဂုဏ်ကျေးဇူးကိုကြားရလျှင်—

“မြတ်သောမင်းကြီး····သင်မင်းကြီးသည် အဆွေအမျိုး ကိုးကျိပ် ကိုးယောက်သော နောင်တော်တို့ကို တရားသဖြင့် လွှမ်းမိုးသတတ်၊ သင်မင်းကြီးသည် မင်းအဖြစ်ကို ပြုပါလော့၊ သင်မင်းကြီးသည်သာထိုးထွင်းသောပညာ,အကြောင်းအကျိုးကို သိသော ပညာရှိပေ၏၊ ထိုမှတပါး ဆွေမျိုးတို့အကျိုးစီးပွားကိုလည်း ဆောင်ပေ၏”။

"မြတ်သောမင်းကြီး.... အဆွေအမျိုး ကိုးကျိပ် ကိုးယောက်သော နောင်တော်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အထူးထူးသော ရတနာတို့ဖြင့် သွန်းစီအပ်သော ဂုဏ်အပေါင်းနှင့်ပြည့်စုံသော သင်မင်းကြီးကို ရန်သူတို့သည် မနှိပ်စက်နိုင်ကုန်၊ ဥပမာ အသုရာမင်းသည် သိကြားမင်းကို မနှိပ်စက်နိုင်သကဲ့သို့ဖြစ်ပါ၏"—

ဟု ညီထွေး သံဝရမင်းကြီးအား ချီးမွမ်းစကားပြောကြားလေ၏။

သံဝရမင်းကြီးလည်း နောင်တော်တို့အား အလုံးစုံသောစည်းစိမ်ကိုပေးလေ၏၊ နောင်တော်တို့လည်း တလခွဲမျှနေ၍ ဇနပုဒ်သို့ ပြန်ကြကုန်၏၊ သံဝရမင်းကြီးသည် ဆရာအမတ်ကြီး၏ အဆုံးအမ၌တည်၍ နတ်ပြည်ကို ပြည့်စေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည့်အဆုံး၌ လုံ့လဝီရိယယုတ်လျော့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သံဝရမင်းသည်—ယခုအခါ ဝီရိယ ယုတ်လျော့သောရဟန်း။

※ ဥပေါသထမင်းသားသည်—သာရိပုတ္တရာ။

※ ကြွင်းသော နောင်တော်တို့သည်- မဟာသာဝက-ပကတိသာဝကတို့။
※ မင်းပရိသတ်သည်-ဘုရားပရိသတ်။
※ ဆရာအမတ်သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပျင်းရိမမှု၊လုံ့လကူ၊ထိုသူကြီးပွားမည်။
(၂) ဆရာစကား၊နားထောင်ငြား၊ထွတ်ဖျားရောက်နိုင်သည်။
(၃) သားတရာမွေး၊ညီအထွေး၊ကိုယ်ရေးပိုင်လှသည်။
(၄) နောင်ကိုးကျိပ်ကိုး၊လွှမ်းရှုံးစိုး၊တန်ခိုးကြီးလှသည်။

သံဝရ ဇာတ်ပြီး၏။

---

## ၄၆၃-သုပ္ပါရကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ဗုဒ္ဓပညာခွမ်း
လွန်ချီးမွမ်း

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် မြတ်စွာဘုရား၏ ကြီးမားသော ပညာပါရမီတော်ကို ချီးကျူးကြသည်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

သူကြီးမွေးဘွား
တဦးတည်းသား

လွန်လေ ပြီးသောအခါ ကုရုတိုင်း ဝယ် ကုရုမင်း မင်းပြုသည်ရှိသော် ကုရုကစ္ဆမည်သောသဘော်ဆိပ်ရွာ

ကမ္ဗလာကိုလက်ဖြင့်သုံးသပ်၍“ဤကမ္ဗလာဝယ် တခုသော အရပ်၌ပိုးရှိ၏”ဟု လျှောက်ထားပြန်၏၊ သုတ်သင်သည့်ရှိသော် ပိုးကိုမြင်၍ မင်းအား လျှောက်ထား ကြကုန်၏၊ အလွန်နှစ်သက်သဖြင့် ရှစ်သပြာပင်ပေးစေပြန်၏။

**မင်းမှုစွန့်ခိုက် သင်္ဘောလိုက်**

ထိုအခါ ပညာရှိသည် ဤမင်းကား ဤသို့သော အံ့ဘွယ်သရဲကို မြင်ရပါလျက် ရှစ်သပြာမျှကိုသာပေး၏၊ ဤမင်းကား ပညာကိုမရှိးမြှောက်၊ ဆေတ္တာသည်ကိုပေးသကဲ့သို့ပေး၏၊ ဆေတ္တာသည်မျိုးဖြစ်လတံ့၊ ဤမင်းမျိုးကို ခစားသဖြင့် အဘယ် အကျိုး ရှိအံ့နည်းဟု ကြံစည်ကာ ကုရုကစ္ဆ သင်္ဘောဆိပ်သို့ပြန်ခဲ့လေ၏။

ကုရုကစ္ဆ သင်္ဘောဆိပ်၌ နေကုန်သော သူတို့သည် သင်္ဘောတစင်းကို စီရင်၍ သုပ္ပါရကပညာရှိကို သင်္ဘောသူကြီးပြုစေမည်ဟု တိုင်ပင်ညီညွတ်ကုန်လျက် ပညာရှိထံ ဆည်းကပ်ကုန်၍ သုပ္ပါရကအား“အို-ပညာရှိ····အကျွန်ုပ်တို့သင်္ဘော၌ သင်္ဘောသူကြီး ပြုလုပ်ပါ”ဟု ပြောကြ၏၊ “အမောင်တို့····ငါမှာ မျက်စိမမြင်၊ အဘယ်သို့သင်္ဘောသူကြီးအမှုကို ပြုလုပ်နိုင်အံ့နည်း”ဟု ပြော၏၊“အရှင်···· မျက်စိမမြင်သော်လည်း အကျွန်ုပ်တို့ထက် လိမ်မာပါ၏” ဟု အဖန်တလဲလဲတောင်းပန်ကုန်၏။

**သင်္ဘောစီးလျက် ကုန်သွယ်ထွက်**

ထိုအခါ ပညာ ရှိသည် ကောင်းပြီ အမောင်တို့ ပြောကြားသော အမှတ်သညာဖြင့် သင်္ဘောသူကြီး ပြုလုပ်မည်ဟု ဝန်ခံကာ သင်္ဘောပေါ်သို့တက်၍ သင်္ဘောသားတို့နှင့် တကွ သမုဒ္ဒရာသို့သွားလေ၏။



P.73 သမုဒြာအတွင်း လူ့ကိုယ်နှင့်သင်ရုန်းသွားနှုတ်သီးရှိသော ငါးတို့ကိုမြင်၍ ပညာရှိအား မေးမြန်းနေပုံ

သင်္ဘောသည်ခုနစ်ရက်ပတ်လုံးဘေးမရှိသည်ဖြစ်၍သွား၏၊ထိုနောက်လေပြင်းမုန်တိုင်းနှောင့်ယှက်လတ်သော် ခရီးလွဲ၍ လေးလတို့ပတ်လုံး သမုဒ္ဒရာ၌သာ နေလေ၏၊နောက်အခါ သင်္ဘောသည် ဉရမာလိ သမုဒ္ဒရာသို့ ရောက်လေ၏၊ ထိုသမုဒ္ဒရာ၌ ငါးတို့သည်လူကိုယ်နှင့် တူကုန်၏၊ သင်ဓုန်းသွားနှင့်တူသော နှုတ်သီးရှိကုန်၏၊ ထိုအခါသင်္ဘောသားတို့သည်—

"အိုပညာရှိ·· အရှင်ကိုမေးလိုပါကုန်၏၊ သင်ဓုန်းသွားနှင့်တူသော နှာခေါင်းရှိသော လူတို့သည် ငုပ်တုံပေါ်တုံဖြစ်ကုန်၏၊ ဤသမုဒ္ဒရာကားအဘယ်သမုဒ္ဒရာနည်း"ဟု မေးကြကုန်၏။

**စိန်ကျောက်ရှိရာ သမုဒ္ဒရာ**

ထိုအခါ သုပ္ပါရက ပညာရှိ သည် "အမောင်တို့ ···· ဤသမုဒ္ဒရာကား ဉရမာလိသမုဒ္ဒရာ ဖြစ်၏"ဟုပြောကြားလေ၏၊ ထိုသမုဒ္ဒရာ၌ ဝရဇိန်ကျောက်မျိုးတို့ များကုန်၏၊ ပညာရှိသည် ငါသည်အကယ်၍ ဝရဇိန်ကျောက်မျိုးတို့များသည် ဟုပြောကြားအံ့၊လောဘကြီးသော သင်္ဘောသားတို့သည် များစွာသောကျောက်တို့ကို ယူ၍တင်သဖြင့် သင်္ဘောနစ်လိမ့်မည် ဟု မပြောဘဲနေမှ ကောင်းလိမ့်မည်ဟု ကြံစည်လျက် မပြောကြားဘဲ သင်္ဘောကို ရပ်စေပြီးလျှင် ပိုက်ကွန်တို့ကို ချကာ ဝရဇိန်ကျောက်တို့ကို ယူ၍ သင်္ဘော၌ တင်စေ၏၊ အဘိုးမထိုက်သော ပစ္စည်းတို့ကို စွန့်စေ၏။

ရွှေများတွေ့မြင်
သင်္ဘောတင်

ထိုမှတဖန် သွားပြန်သော် သင်္ဘောသည် အဂ္ဂိမာလိ သမုဒ္ဒရာသို့ ရောက်ပြန်၏၊ ထိုသမုဒ္ဒရာကား တောက်ပသော မီးပုံကြီးနှင့်တူ၏၊ မွန်းတည့်သော နေနှင့်တူ၏၊ အရောင်တပြောင်ပြောင်ထွက်၏၊ ထိုအခါ သင်္ဘောသားတို့သည်—

"အို-ပညာရှိ····အရှင်ကို ကျွန်ုပ်တို့ မေးလိုပါကုန်၏၊ မီးပုံကြီးကဲ့သို့ဂင်း,မွန်းတည့် နေကဲ့သို့ဂင်း မြင်ရပါကုန်၏၊ ဤသမုဒ္ဒရာကား အဘယ်သမုဒ္ဒရာနည်း"—

ဟု မေးကြကုန်၏၊ထိုအခါ ပညာရှိသည် "အမောင်တို့·· ဤသမုဒ္ဒရာကား အဂ္ဂိမာလိ သမုဒ္ဒရာဖြစ်သည်" ဟု ပြောကြား၏၊ ဤသမုဒ္ဒရာ၌ များစွာသော ရွှေတို့ရှိကုန်၏၊ ပညာရှိသည် ရွှေတို့ကို ယူ၍ သင်္ဘော၌တင်စေ၏။

အရောင်ဝင်းဝါ
ငွေသမုဒ္ဒရာ

ထိုမှတဖန် သွားပြန်သော် ဒဓိမာလိ သမုဒ္ဒရာသို့ ရောက်ပြန်၏၊ ထိုသမုဒ္ဒရာကား နို့ရည် နို့ခမ်းကဲ့သို့ ထွန်းတောက်ပ၏၊ ထိုအခါ သင်္ဘောသားတို့သည်—

"အို-ပညာရှိ···· အရှင်ကို မေးလိုပါကုန်၏၊ နို့ရည် နို့ခမ်းကဲ့သို့ ထွန်းတောက်ပ၏၊ ဤသမုဒ္ဒရာကား အဘယ် သမုဒ္ဒရာနည်း"—

ဟု မေးကြကုန်၏၊ ပညာရှိသည် "အမောင်တို့···· ဤသမုဒ္ဒရာကား-ဒဓိမာလိ သမုဒ္ဒရာဖြစ်သည်"ဟု ပြောကြား

၏၊ ထိုသမုဒ္ဒရာ၌ကား- များစွာသော ရွှေတို့ရှိကုန်၏၊ ပညာရှိသည် ရွှေတို့ကိုယူစေ၍ သင်္ဘော၌ထည့်စေ၏။

ရတနာပေါရာ
သမုဒ္ဒရာ

ထိုမှတဖန် သွားပြန်သော် ကုသမာလိ သမုဒ္ဒရာသို့ ရောက်ပြန်၏၊ ထိုသမုဒ္ဒရာကား သမန်းမြက်ကဲ့သို့ရင်း, စပါးပင်ကဲ့သို့ရင်း စိမ်းညို၏၊ သင်္ဘောသားတို့သည် "အို-ပညာရှိ.. သမန်းမြက်ကဲ့သို့ရင်း,စပါးပင်ကဲ့သို့ရင်း မြင်ရ၏၊ အဘယ်သမုဒ္ဒရာနည်း"ဟု မေးကြပြန်၏၊ ပညာရှိသည် "အမောင်တို့....ဤသမုဒ္ဒရာကား ကုသမာလိ သမုဒ္ဒရာဖြစ်သည်"ဟု ပြောကြားလေ၏၊ ထိုသမုဒ္ဒရာ၌ များစွာသော ပတ္တမြားညို မြကျောက်ညိုတို့ရှိကုန်၏၊ ပညာရှိသည် ပတ္တမြားကျောက်ညို မြကျောက်ညိုတို့ကို ယူစေ၍ သင်္ဘော၌တင်စေ၏။

ထိုမှတဖန် သွားပြန်သော် နဠမာလိ သမုဒ္ဒရာသို့ ရောက်ပြန်၏၊ ထိုသမုဒ္ဒရာကား ကျူတော ဝါးတောကဲ့သို့ ထင်၏၊ သင်္ဘောသားတို့သည် "ပညာရှိ....ယခုရောက်လာသော သမုဒ္ဒရာကား ကျူတော ဝါးတောကဲ့သို့ ထင်ဘိ၏၊ အဘယ်သမုဒ္ဒရာနည်း" ဟု မေးကြပြန်၏၊ ပညာရှိသည် "အမောင်တို့..ဤသမုဒ္ဒရာကား နဠမာလိ သမုဒ္ဒရာမည်၏၊ ထိုသမုဒ္ဒရာ၌ များစွာသောမသာရဂလ်, ကျောက်မျက်ရွဲ, ပြဿဒါးယား ဝင်သဝဏ်ကျောက်မျိုးတို့ရှိကုန်၏၊ ပညာရှိသည် ထိုကျောက်မျိုးတို့ကိုလည်း ယူစေ၍ သင်္ဘော၌တင်စေ၏။

ဗလဝါသမုဒ္ဒရာ
ကြောက်ဘွယ်ရာ

ထိုမှတဖန် သွားပြန်သော် ဗလဝါမုခ သမုဒ္ဒရာသို့ ရောက်ပြန်၏၊ ထိုသမုဒ္ဒရာကား—ရေသည် ဆွဲငင်၍ ဆွဲငင်၍ထက်

ဝန်းကျင်မှ အထက်သို့တက်သည်ရှိသော် ကမ်းပါးပြတ်ကြီး ကဲ့သို့ရင်း, ဇလုပ်တွင်းကြီးကဲ့သို့ရင်း ထင်၏၊ နားအုံ ပွင့်အုံ့ကဲ့သို့ရင်း, နှလုံးကွဲအုံ့ကဲ့သို့ရင်း အလွန်ကြောက်မက် ဘွယ်သော အသံသည် ဖြစ်၏၊ ထိုသမုဒ္ဒရာကို မြင်လျှင် သင်္ဘောသားတို့သည် အလွန်ကြောက်လန့်တုန်လှုပ်လျက် "အို-ပညာရှိ....ဘေးမျှား၍ ကြောက်မက်ဘွယ် ရှိသော ဘီလူးတို့အသံကဲ့သို့ ကြီးကျယ်ပြင်းထန်လှသော အသံကြီး တို့ကိုကြားရပါ၏၊ ရေလှိုင်းတို့လည်း ကမ်းပါးပြတ်ကြီးကဲ့ သို့ရင်း,ဇလုပ်တွင်းကြီးကဲ့သို့ရင်း ထင်ပါ၏၊ဤသမုဒ္ဒရာကား အဘယ် သမုဒ္ဒရာနည်း"ဟု မေးကုန်၏။

**ကိုးကွယ်ရာရှာကြ ကြောက်ရွံ့လှ**

ထိုအခါ ပညာရှိသည် "အမောင်တို့.... ဤသမုဒ္ဒရာကား※ဗလဝါမုခသမုဒ္ဒရာ ဖြစ်၏၊ ဤသမုဒ္ဒရာသို့ ရောက်သော သူတို့သည် ပြန်ခြင်းငှါ မတတ်နိုင်ကုန်၊ သင်္ဘောနှင့်တကွ လူပါပျက်စီးကြမြဲဖြစ်၏" ဟု ပြောလေ၏၊ ထိုစကားကို ကြားလျှင် သင်္ဘောသားခုနစ်ရာတို့တွင် သေရမည့်ဘေးမှ အလွန် ကြောက်လန့်ကုန်သည်ဖြစ်၍ တပြိုင်နက်ငိုကြွေး မြည်တမ်းကြကုန်၏၊ ဟစ်အော်ကြကုန်၏၊ ထိုအခါ သုပ္ပါ ရကပညာရှိသည် ငါမှတပါး တပါးကိုးကွယ်ရာ မရှိပြီ၊ ငါသည် သစ္စာပြု၍ ဗလဝါမုခသမုဒ္ဒရာမှ ထွက်မြောက် စေပြီးလျှင် ချမ်းသာရာအရပ်သို့ ရောက်စေမည်ဟုကြံစည်

---

* ဗလဝါမုခဲ...(၁) ကျယ်ဝန်းစွာလည်၍ကျသော ဗလဝါ မုခဲ။ (၂) ကျယ်စွာသောဇလုပ်တွင်းကဲ့သို့ကျသော ဗလဝါ မုခဲဟုနှစ်မျိုးရှိရာ ဤသုပ္ပါရကဇာတ်၌လာသော ဗလဝါ မုခဲကား ဇလုပ်တွင်းကဲ့သို့ကျသောဲဖြစ်သည်။

က "အမောင်တို့····မကြောက်ကြကုန်လင့်၊ လျင်မြန်စွာ ငါ့ကို နှံ့သာရေဖြင့် ရေချိုး၍ အဝတ်သစ်ကို ဝတ်ပြီးလျှင် ရေပြည့်သောရေခွက်ကို သင်္ဘောဦး၌ အသင့်ထားကြ" ဟု ပြောလေ၏။

**သစ္စာဓိဋ္ဌာန်မြှုရာပြန်**

သင်္ဘောသားတို့လည်း ပညာရှိဆိုတိုင်း လျင်မြန်စွာ ပြုလုပ်ကြကုန်၏၊ ပညာရှိသည် ရေပြည့်သောရေခွက်ကို လက်နှစ်ဘက်တို့ဖြင့်ကိုင်က သင်္ဘောဦး၌ရပ်လျက်—

"ငါတို့သည် မိမိကိုယ်ကို အောက်မေ့သတိရသောအခါ လိမ်မာရေးခြား ရှိသောအခါမှစ၍ သေစေလိုသော စေတနာဖြင့် တဦးတယောက်သောသတ္တဝါကိုမျှလည်း သတ်ဖြတ်ညှဉ်းဆဲခဲ့သည်ကိုမသိစဘူး၊ ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် သင်္ဘောသည် ချမ်းသာစွာ ပြန်နစ်စေသော်"—

ဟုသစ္စာပြုက ရေခွက်မှရေကို သင်္ဘောဦး၌ သွန်းလောင်းလေ၏၊ ထိုအခါ သုပ္ပါရကပညာရှိ၏ သစ္စာတန်ခိုးကြောင့် လေးလပတ်လုံး သမုဒ္ဒရာတွင် မျောနေသော သင်္ဘောသည် ဗလဝါမုခသမုဒ္ဒရာမှ ထွက်မြောက်၍တနေ့ချင်းဖြင့်လျှင် ကုရုကစ္ဆသင်္ဘောဆိပ်သို့ရောက်၍ ကမ်းပေါ်တွင် ရှစ်ဥသဘတိုင်အောင် ပြေးလျက် သင်္ဘောသူကြီးအိမ်၌တည်လေ၏။

**ရပ်ဌာန်ရောက်က ကုသိုလ်ပြုကြ**

ထိုအခါသုပ္ပါရကပညာရှိသည်သင်္ဘောသားတို့အား ရွှေ, ငွေ,ကျောက်မျက် ရတနာတို့ကိုခွဲဝေပေးပြီးလျှင် "အမောင်

တို့····သင်တို့အား ဤမျှလောက်ရွှေ, ငွေ, ကျောက်မျက် ရတနာတို့ဖြင့် အသက်မွေးလောက်ကြပြီ၊ နောက်တဖန် သမုဒ္ဒရာသို့ ကုန်ကူးမသွားကြလင့်”ဟု အဆုံးအမကိုပေး လေ၏၊ သဘောသားတို့လည်း ပညာရှိ၏ အဆုံးအမ၌ တည်ကြ၍ အလှူပေးခြင်း,သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၍၊ အသက်၏အဆုံး၌ နတ်ပြည်သို့လားကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ သုပ္ပါရကပညာရှိ၏ ပရိသတ်သည်-ယခု အခါငါဘုရားပရိသတ်။

※ သုပ္ပါရကပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ပညာရှိအား၊ ဆည်းကပ်ငြား၊ကြီးပွားတိုးတက်လာ။

(၂) မမြင်မျက်စိ၊ရေမှတ်ဘိ၊ရရှိရတနာ။

(၃) ဗလဝါဇလုပ်၊သဘောမြုပ်၊ထုတ်ခဲ့ချမ်းသာရာ။

(၄) သုပ္ပါရက၊မည်နာမ၊ထူးလှပညာဝါ။

သုပ္ပါရကဇာတ်ပြီး၏။

ဧကာဒသကနိပါတ်စကားပြေပြီး၏။

# ဥပါဒသကနိပါတ်

## ၄၆၄-စူဠကုဏာလဇာတ်

[ဤစူဠကုဏာလဇာတ်သည် အသီတိနိပါတ် မဟာကုဏာလဇာတ်၌ ထင်ရှားစွာဖြစ်လတ္တံ့။]

## ၄၆၅- ဘဒ္ဒသာလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကျွမ်းဝင်သူကျွေးက မှန်မြတ်လှ

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆွေတော်မျိုးတော်တို့ အကျိုးစီးပွားကို ကျင့်တော်မူ၏၊ ထိုစကားကိုချဲ့ဦးအံ့၊ သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေးအိမ်၌ ရဟန်းငါးရာတို့အား အမြဲဆွမ်းလုပ်ကျွေး၏၊ ဝိသာခါဒါယိကာမအိမ်, ကောသလမင်းကြီး နန်းတော်၌လည်း ထို့အတူ ရဟန်းငါးရာတို့အား အမြဲဆွမ်းလုပ်ကျွေးကုန်၏။

တနေ့သ၌ ကောသလမင်းကြီးသည် ထူးမြတ်သောလက်ဆောင်ပဏ္ဏာရ၍ ရဟန်းတို့အား လှူဒါန်းကြကုန်ဟု ဆွမ်းစားစရပ်သို့ပို့စေ၏၊ ရဟန်းတို့မရှိပါကုန်ဟု လျှောက်ထား၏၊ အဘယ်သို့ကြွကုန်သနည်းဟု မေးသောအခါ မိမိတို့အကျွမ်းဝင်ရာအိမ်သို့ ကြွပါကုန်၏ဟု လျှောက်ထား၏၊ ထိုအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံသွား၍ "အရှင်ဘုရား····အဘယ်သို့သောဘောဇဉ်သည် အရသာရှိပါသနည်း"ဟု လျှောက်၏၊ "မင်းကြီး···· အကျွမ်းဝင်သောဘောဇဉ်သည် အလွန်အရသာရှိ၏၊ ရဟန်းတို့အား

အဘယ်သူတို့နှင့် အကျွမ်းဝင်ပါသနည်း၊ မိမိတို့ဆွေမျိုးတို့နှင့်ဂုဏ်း, သာကီဝင်မင်းမျိုးတို့နှင့်ဂုဏ်း အကျွမ်းဝင်ကုန်၏” ဟု မိန့်တော်မူ၏။

**မျိုးတော်လိုကြောင်း သမီးတောင်း**

ထိုအခါ ကောသလမင်းကြီးသည် သာကီဝင် မင်းသမီးတယောက်ကို ဆောင်စေ၍ မိဖုရားကြီးပြုမည်၊ ထိုသို့ပြုသော် ရဟန်းတို့နှင့် ဆွေမျိုးဖြစ်ရလတံ့ဟု ကြံစည်ပြီးလျှင် နန်းတော်သို့ပြန်ပြီးလျှင် တမန်တို့ကိုခေါ်၍ ငါ့အား သာကီဝင်မင်းသမီးတယောက်ကို ပေးကုန်လော့၊ သင်တို့နှင့်ဆွေမျိုးတော်လိုသည်ဟု သဝဏ်စာရေးပြီးလျှင် ကပိလဝတ်ပြည်သို့ စေလွှတ်၏၊ သာကီဝင်မင်းတို့လည်း တမန်တို့စကားကို ကြားရလျှင် စည်းဝေးကုန်၍ “အချင်းတို့.... ငါတို့ကား ကောသလမင်းကြီး၏ အာဏာပြန့်နှံ့ရာအရပ်၌ နေရကုန်၏၊ သာကီဝင်မင်းသမီးကိုမပေးသော် စစ်ကြီးဖြစ်ရလတံ့၊ ပေးသော် အမျိုးပျက်လတံ့၊ ထို့ကြောင့် အဘယ်သို့ပြုရအံ့နည်း”ဟု တိုင်ပင်ကြကုန်၏။

**မျိုးဂုဏ်ကဲခပ် လျှောက်တင်အပ်**

မဟာနာမ်မင်းကြီးသည် “အမောင်တို့.... မစိုးရိမ်ကြလင့်၊ နာဂမုဏ္ဍာမည်သော ကျွန်မမှမွေးဖွားသော ငါ့သမီးတော် ဝသဘခတ္တိယာသည် ဆယ့်ခြောက်နှစ်အရွယ်ရှိပြီ၊ အလွန်အဆင်းလှ၏၊ အဘ၏အစွမ်းဖြင့်ကား မင်းမျိုးဖြစ်၏၊ ဂုဏ်းကိုပေးမည်”ဟုပြောဆိုတိုင်ပင်ပြီးလျှင် တမန်တို့ကိုခေါ်၍ “အမတ်မင်းတို့.... ကောင်းပြီ သာကီဝင်မင်းသမီးကို ပေးမည်၊ ယခုပင်ယူ၍သွားကြကုန်လော့”ဟု ပြောလေ၏။

ထိုအခါတမန်တို့သည် ဤသာကီဝင်မင်းတို့ကား အမျိုးကိုမှီ၍ အလွန်မာန်တက်ကုန်၏၊ ကျွန်မသမီးကို ပေးမည့်ကိုလည်း မသိကုန်၊ သာကီဝင်မင်းတို့နှင့် ထမင်းတပွဲတည်း စားသော မင်းသမီးကိုသာ ယူမည်ဟုကြံစည်ကာ "အရှင်တို့…. သာကီဝင်မင်းတို့နှင့် ထမင်းတပွဲတည်း စားသော မင်းသမီးကိုသာ ယူလိုကုန်၏၊ သို့အတွက် ပေးမည့်မင်းသမီးကို သာကီဝင်မင်းတို့နှင့်ထမင်းတပွဲတည်းစား၍ပြပါ" ဟု လျှောက်ထားကြကုန်၏။

**ကျွန်မကိုပင် သာကီဝင်ထင်**

ထိုအခါသာကီဝင်မင်းတို့သည် အဘယ်သို့ ပြုရကုန်အံ့နည်းဟု တိုင်ပင်ကြပြန်၏၊ မဟာနာမ်မင်းကြီးသည် မစိုးရိမ်ကြလင့်၊ ငါစီမံမည်၊ ငါထမင်းစားသောအခါ ဝါသဘခတ္တိယာကို ထမင်းစားရန် တန်ဆာဆင်၍ ခေါ်ခဲ့ကြ၊ ငါထမင်းလုပ်ကိုယူကာမျှ၌ ဤမည်သောမင်းထံမှ သဝဏ်စာရောက်လာသည်ဟုဆိုကာ စာကိုပြကြကုန်ဟု မှာထား၏။

ထိုနောက် မဟာနာမ်မင်းကြီးသည် တမန်တို့ရှေ့မှာပင် ထမင်းစားလတ်သော် "အမောင်တို့…. ငါ့သမီးတော် ဝါသဘခတ္တိယာကိုခေါ်ခဲ့ကြကုန်၊ ငါနှင့်အတူ ထမင်းစားမည်" ဟု အမိန့်ပေးလေ၏၊ ထိုအခါ ဝါသဘခတ္တိယာကို တန်ဆာဆင်၍ အတန်ကြာမှခေါ်ခဲ့ကြ၏၊ ဝါသဘခတ္တိယာလည်း ခမည်းတော်နှင့်အတူ ထမင်းစားမည်ပြောဆိုကာ ထမင်းတပွဲထည်း၌ လက်ကိုချ၏၊ မဟာနာမ်မင်းကြီးလည်း သမီးနှင့်အတူ ထမင်းတဆုပ်ကိုကိုင်၍ ခံတွင်း၌ ထား၏။

**ကျွန်မလိမ်ညာ သမီးဆက်ရာ**

ဒုတိယထမင်းလုပ်ကိုယူရန် လက်ချစဉ် ချိန်းချက်ထားသော သာကီဝင်မင်းတို့သည် လာလတ်ကုန်၍ "အရှင်မင်းကြီး.... ဤမည်သောမင်းထံမှ အလွန်အရေးကြီးသော သဝဏ်စာရောက်လာသည်၊ ကြည့်ရှုပါဦးလော့"ဟု ဆက်သကြကုန်၏၊ မဟာနာမ်မင်းကြီးလည်း "ချစ်သမီး....စားလော့"ဟုဆိုကာ လက်ျာလက်ကို ထမင်းစားပွဲ၌ချထား၍ လက်ဝဲလက်ဖြင့် မှာစာကိုကိုင်ကာ ကြည့်ရှု၍နေ၏၊ ထိုအခိုက်တွင် မင်းသမီးသည် ထမင်းစား၍ ပြီးနှင့်၏၊ ထိုအခါ မဟာနာမ်မင်းကြီးသည် သမီးတော် ထမင်းစားပြီးလျှင် လက်ကိုဆေး၍ ခံတွင်းကိုဆေး၏၊ တမန်တို့လည်း ထမင်းစားသည်ကိုမြင်လျှင် မဟာနာမ်မင်းကြီး၏သမီးတော် မှန်ပေသည်ဟု ဆုံးဖြတ်ကြကုန်၏။

**မိဖုရားမြှောက်တင် သားဖွားမြင်**

မဟာနာမ် မင်းကြီးလည်း များစွာသောပူဇော်သက္ကာရ အခြံအရံတို့ဖြင့် သမီးတော်ကို ကောသလမင်းကြီးထံ ပို့စေ၏၊ တမန်တို့လည်း မင်းသမီးကို ဆောင်ယူကာ ကောသလမင်းကြီးထံ ရောက်လျှင် "အရှင်မင်းကြီး.... ဤမင်းသမီးကား အမျိုးနှင့်ပြည့်စုံ၏၊ မဟာနာမ်မင်းကြီး၏သမီးတော်ရင်း ဖြစ်သည်"ဟု လျှောက်ထား ကုန်၏၊ ကောသလမင်းကြီးလည်း အလွန် နှစ်သက်တော် မူသဖြင့် ဝါသဘခတ္တိယာကို ရတနာအစု၌ထားကာ အဘိသိက် သွန်း၍ မိဖုရားကြီးမြှောက်လေ၏၊ နောက်အခါ ရွှေအဆင်းနှင့်တူသော သားတော်ကို ဖွားမြင်လေ၏။

ဘိုးတော်အမည်ရ ဝိဋုဋ္ဋဘ

ကောသလ မင်းကြီးသည် သားတော်ကိုအမည်မှည့်ပေးရန် မဟာနာမ် မင်းကြီးထံ အမတ်တို့ကိုစေလွှတ်၏၊အမတ်တို့သည် အတန်ငယ်နားပင်းကုန်၏၊ အမတ်တို့လည်းမဟာနာမ်မင်းကြီးထံရောက်လျှင် သမီးတော်ဝါသဘခတ္တိယာမှာ သားတော်ဖွားမြင်ကြောင်း အမည်မှည့်ပေးရန် စေလွှတ်လိုက်ကြောင်းကို လျှောက်ထားကုန်၏၊မဟာနာမ်မင်းကြီးလည်း ထိုသတင်းစကားကို ကြားလျှင် (ဝါသဘခတ္တိယာကား သားမဘွားဘဲလျှင်လည်း သာကီဝင်မင်းမျိုး အလုံးစုံကိုလွှမ်း၏၊ ယခုကား မင်းနှင့် အလွန်အကျွမ်းဝင်သည့်(ဝလ္လဘ) ဖြစ်လတံ့ဟု ပြောဆိုလေ၏။

ထိုအခါ နားပင်းသောအမတ်တို့သည် ဝလ္လဘ-ဟူသော စကားကို ဝိဋုဋ္ဋဘဟု မှတ်၍ ပြန်လာကာ ကောသလမင်းထံရောက်ပြန်လျှင် ဘိုးတော် မဟာနာမ် မင်းကြီးက ဝိဋုဋ္ဋဘဟု မှည့်လိုက်ကြောင်း လျှောက်ထား ကုန်၏၊ ကောသလမင်းကြီးလည်း ရှေးမင်းတို့အမည် ဖြစ်လိမ့်မည်ဟု အောက်မေ့ကာ ဝိဋုဋ္ဋဘပင် မှည့်တော်မူ၏။

ဆွေမျိုးတော်များ ဖူးမျှော်သွား

ဝိဋုဋ္ဋဘသည် ခုနစ်နှစ် အရွယ်သို့ ရောက်သောအခါ အခြားမင်းသားတို့ထံ အဘိုးအဘွားတို့ထံမှ ဆင်ရုပ်,မြင်းရုပ် စသည်တို့ကို ပို့လလာသည်ကိုမြင်လျှင် မိခင်အား မိမိအဘိုးအဘွားတို့ ဘယ်မှာနည်းဟုမေး၏၊ မိခင်လည်း သာကီဝင်မင်းတို့သည် ဘိုးတော်တို့ဖြစ်သည်၊ ဝေး၍ မပို့နိုင်ကြဟု ပြောဆိုဖျောင်းဖျထား၏၊ တဖန် ဆယ့်ခြောက်နှစ် အ

ရွယ်သို့ရောက်သောအခါ ဘိုးတော်တို့ထံ အဖူးအမျှော် သွားလိုသည်ဟု မယ်တော်ထံခွင့်ပန်၏၊ မယ်တော်လည်း အဖန်ဖန်တားမြစ်၍မရသဖြင့် ခွင့်ပြုရလေ၏၊ တဖန်မည်း တော်ထံခွင့်ပန်ကာ များစွာသော အခြံအရံဖြင့် ထွက် လေ၏၊ ဝါသဘခတ္တိယာလည်း "အရှင်တို့....ဤအရပ်၌ အလွန်ချမ်းသာစွာ နေရပါ၏၊ တစုံတရာအထူးကို မပြကြ ပါလင့်"ဟု ရှေးဦးစွာ သာကီဝင်မင်းတို့ထံ မှာစာပေး၍ ထားနှင့်၏။

**ဆွေမျိုးကုန်စင် ဖူးမျှော်ဝင်**

သာကီဝင် မင်းတို့လည်း ဝိဋူဍဘ လာ သည်ဟု ကြားလျှင် ရှိမခိုးနိုင်ရကား ဝိဋူဍဘ အောက် ငယ်ကုန်သောသာ ကီဝင်မင်းတို့ကို ဇနပုဒ်သို့ လွှတ်လိုက်ကုန်၏၊ ဝိဋူဍဘ မင်းသားလည်း ကပိလဝတ်ပြည်သို့ ရောက်လျှင် သာကီဝင် မင်းတို့ စည်းဝေးရာအရပ်သို့သွား၏၊ ထိုအခါ သာကီဝင် မင်းတို့သည် ဝိဋူဍဘမင်းသားကို "ချစ်သား.... ဤသူကား သင့်ဘိုးတော်တည်း၊ ဤသူကား သင့်ဦးရီးတော်တည်း" စသည်ဖြင့် ဆွေမျိုးစပ်၍ပေးကုန်၏၊ ဝိဋူဍဘလည်း ဝမ်း မြောက်ဝမ်းသာ လှည့်လည်၍ ရှိခိုး၏။

ထိုနောက် မိမိကိုရှိခိုးသူ တစုံတယောက်မျှကို မမြင် လျှင် "အဘယ်ကြောင့် အကျွန်ုပ်ကိုရှိခိုးသူမရှိသနည်း"ဟု မေး၏၊ ထိုအခါ သာကီဝင်မင်းတို့သည် "ချစ်သား....သင့် ညီတော်ဖြစ်သော သာကီဝင်မင်းသားတို့သည် ဇနပုဒ်သို့ သွားနေခိုက်ဖြစ်သည်"ဟုပြောဆိုကုန်၏၊ဝိဋူဍဘမင်းသား အား များစွာသော ပူဇော်သက္ကာရကိုပြုကြကုန်၏။

**ဆဲရေးကဲ့ရဲ့ ရန်ငြိုးဖွဲ့**

ဝိဋူဘလည်း နှစ်ရက် သုံးရက်နေပြီးလျှင် အခြံအရံနှင့်တကွ ထွက်ခဲ့၏၊ ထိုအခါ ကျွန်မတယောက်သည် ဝိဋူဘမင်းသားထိုင်သောပျဉ်ချပ်ကို ဤနေရာကား ကျွန်မသားထိုင်သောပျဉ်ချပ်တည်းဟု ဆဲရေးကာ နို့ရည်ဖြင့်ဆေး၏၊ ထိုအခိုက် မင်းချင်းယောကျ်ားတယောက်သည် လက်နက်မေ့ကျန်ရစ်သဖြင့် ပြန်၍ယူစဉ် ဆဲရေးသံကို ကြားရ၍မေးမြန်းရာ ဝါသဘခတ္တိယာ၏အမိကား နာဂမုဏ္ဍာမည်သော ကျွန်မတည်း၊ အဘကား မဟာနာမ် မင်းကြီးတည်းဟု ပြောလေ၏၊ ထိုမင်းချင်းယောကျ်ားလည်း ဗိုလ်ထုသို့ရောက်၍ ပြောပြန်ရာ ဝါသဘခတ္တိယာကား ကျွန်မသမီးဖြစ်သည်ဟု အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏၊ ဝိဋူဘကြားလျှင် သာကီဝင်မင်းတို့သည် ယခုအခါ ငါထိုင်သော နေရာကို နို့ရည်ဖြင့် ဆေးဘိသည်၊ ရှိစေဦး၊ ငါမင်းဖြစ်သောအခါ သာကီဝင်မင်းတို့ လည်ချောင်းသွေးဖြင့် ဆေးမည်ဟု ရန်ငြိုးထားလေ၏။

**မိဖုရားအရာချ ဘုရားဆုံးမ**

သာဝတ္ထိပြည်သို့ ရောက်လျှင် မှူးတော်မတ်တော်တို့သည် ဖြစ်သမျှအကြောင်းစုံကို ကောသလမင်းကြီးအားလျှောက်ထားကုန်၏၊ ကောသလမင်းကြီးသိလျှင် ငါ့ကဲ့သို့သောမင်းအား ကျွန်မကို ပေးရာသလောဟု အမျက်ထွက်၍ ဝါသဘခတ္တိယာနှင့် သားတော်ဝိဋူဘတို့အား စည်းစိမ်အဆောင်အယောင်ကို ရုပ်သိမ်း၍ ကျွန်တို့ အတန်းအစားတွင် ချထားလေ၏။

နှစ်ရက် သုံးရက်လွန်၍ မြတ်စွာဘုရား သိတော်မူလျှင် ကောသလမင်းကြီး၏ နန်းတော်သို့ကြွ၍ သာကီဝင်တို့ကို အပြစ်တင်တော်မူပြီးလျှင် "မြတ်သောမင်းကြီး....အမိမျိုး ကား ပမာဏမဟုတ်၊ အဘမျိုးသာပမာဏဖြစ်ကြောင်း၊ထင်း ခွေမိန်းမမှ မွေးဖွားသောသားတော်ကိုပင် မင်းအဖြစ်ကို ပေးဘူးကြောင်းကို ဟောပြောဆုံးမတော်မူ၏၊ ကောသလ မင်းကြီးလည်း ကျေနပ်တော်မူပြန်သဖြင့် ဝါသဘခတ္တိယာ နှင့် သားတော် ဝိဍူဍဘတို့အား ပေးမြဲတိုင်း အဆောင် အယောင်ကို ပြန်၍ပေးတော်မူ၏။

**ဗန္ဓုလမယားနှင့် အတိတ်မြင်**

ကောသလမင်းကြီး၌ကား ဗန္ဓုလမည် သောစစ်သူကြီးသည်ရှိသတတ်၊ ထိုစစ် သူကြီး၏မယားကား မလ္လိကာမည်၏၊ သားမဖွား၊မြုံသတတ်၊ ထိုအခါ ဗန္ဓုလ စစ်သူကြီးသည် မိမိမယား မလ္လိကာကို"ရှင်မ....သင်သည် မြုံ၏၊သင့်မိဘ ထံ ကုသိနာရုံပြည်သို့ပြန်လော့"ဟု စေလွှတ်၏၊ မလ္လိကာ လည်း မြတ်စွာဘုရားကို ဖူးမျှော်ပြီးမှ သွားမည်ဟုမြတ်စွာ ဘုရားထံ ဆည်းကပ်ရာ မြတ်စွာဘုရားက မေးတော်မူ၍ အကျွန်ုပ်မှာမြုံ၍ မိဘများထံသွားရမည် စေလွှတ်သည့်အ တွက် ကုသိနာရုံပြည်သို့သွားမည်ဟု လျှောက်ထား၏၊ ထို အခါ မြတ်စွာဘုရားသည် "မလ္လိကာ.... ဤအကြောင်း ကြောင့် မသွားလေနှင့် သွားဘို့ကိစ္စမရှိ"ဟု မိန့်တော်မူ၍ အိမ်သို့ပြန်လေ၏၊ ဗန္ဓုလစစ်သူကြီးသည် မလ္လိကာကိုမြင် လျှင် အကြောင်းကိုမေးမြန်းပြန်ရာ မြတ်စွာဘုရား အမိန့် တော်ရှိကြောင်းကိုပြောကြားလျှင် သွားရမည့်အကြောင်း ကိုမြင်တော်မူ၍မိန့်ဆိုဟန်တူသည်ဟု ဆိတ်ဆိတ်သာနေ၏။

**ချင်ခြင်းတပ်ငြား စစ်သူကြီးမယား**

မကြာမီ မလ္လိကာ၌ ကိုယ်ဝန် တည်၍ လိစ္ဆဝီမင်းတို့ အဘိသိက်သွန်းရာ မင်္ဂလာရေကန်၌ ချိုးလို သောက်လိုသော ချင်ခြင်းဖြစ်သည်ဟု ဗန္ဓုလအား ပြောကြား၏၊ ဗန္ဓုလလည်း ရှင်မ ရစေမည်ဆို၍ ဗိုလ်တထောင်နိုင်သော လေးကိုယူကာ မလ္လိကာကိုရထား၌တင်ပြီးလျှင် ဝေသာလီပြည်သို့သွားလေ၏၊ ကောသလမင်းကြီးနှင့်ရင်း,ဗန္ဓုလနှင့်ရင်း ပညာသင်ဘက်ဖြစ်သော မဟာလိလိစ္ဆဝီမင်းသည် မျက်စိမမြင်သဖြင့် လိစ္ဆဝီမင်းတို့ကို ဆုံးမကာ မြို့တံခါးအနီး၌ နေ၏၊ ထိုမဟာလိလိစ္ဆဝီမင်းသည် မြို့တံခါး၌ ထိခိုက်သော ရထားသံကိုကြားလျှင် ဤရထားကား ဗန္ဓုလ၏ရထား ဖြစ်သည်၊ ယနေ့ လိစ္ဆဝီမင်းတို့ မှချဘေး ဖြစ်လတ္တံ့ဟု ပြောဆိုလေ၏၊ မင်္ဂလာရေကန်၌ကား အစောင့် အရှောက်ကို ထား၍ အထက်၌လည်း သံကွန်ရက်ကို ကြက်၍ ထား၏၊ အယုတ်သဖြင့်ငှက်တို့မျှလည်း မဝင်နိုင်ကုန်။

**ချင်ခြင်းဆန္ဒ ပြုလုပ်ကြ**

ဗန္ဓုလသည် ရေကန်သို့ရောက်လျှင် အစောင့်အရှောက်တို့ကို သတ်ဖြတ်ပြေးလွှားစေ၍ သံကွန်ရက်ကိုဖြတ်ကာ မလ္လိကာကိုအလိုရှိတိုင်း ရေချိုးစေ သောက်စေ၍ မိမိကိုယ်တိုင်လည်းရေချိုးပြီးလျှင်မလ္လိကာကိုရထား၌တင်ကာ ဝေသာလီပြည်မှထွက်၍ လာမြဲလမ်းဖြင့်ပြန်လေ၏။

လိစ္ဆဝီမင်းတို့သည် အစောင့်အရှောက်တို့ လျှောက်ထားသဖြင့် ထိုအကြောင်းကိုသိလျှင် အလွန်အမျက်ထွက်သဖြင့် ဗန္ဓုလကိုဖမ်းရန် ရထားငါးရာဖြင့် လိုက်ကုန်၏၊ မဟာလိလိစ္ဆဝီမင်းကြားလျှင် မလိုက်ကြနှင့် ဗန္ဓုလသည်

အလုံးစုံသောလိစ္ဆဝီမင်းတို့ကို သတ်လိမ့်မည်၊ ရထားဘီး ပန်းတောင်းတိုင်နစ်သော နေရာကိုမြင်လျှင် ပြန်ခဲ့ကြ၊ အ သက်ရှင်ကြဦးမည်၊ နောက်မိုးကြိုးသံကဲ့သို့ ကြားရာအရပ် မှပြန်ခဲ့ကြ၊ အသက်ရှင်ကြဦးမည်၊ ရှေ့သို့လိုက်လျှင် သင်တို့ ရထားဦးတို့၌ အပေါက်တို့ကို မြင်ရလိမ့်မည်၊ ထိုအခါ အလုံးစုံသေကြပြီဟု ပြောဆို၍ တားမြစ်၏၊ လိစ္ဆဝီမင်း တို့လည်း နားမထောင်ဘဲ လိုက်ကြကုန်၏။

**စစ်သူကြီးမြွားချက် အသက်ထွက်**

မလ္လိကာသည် ဗန္ဓုလအား ရထားတို့ လိုက်လာကြောင်းကို ပြောကြားလေ ၏၊ ဗန္ဓုလသည် "ရှင်မ.... ရထား တို့ရှေ့မှကြည့်လျှင် တစီးထည်းကဲ့သို့မြင်ရသောအခါ ငါ့ကို ပြောပါ"ဟု မှာထား၏၊ မကြာမီရထားတို့သည် တစီး ထည်းကဲ့သို့မြင်ရ၏၊ ထိုအခါ မလ္လိကာသည်ပြောကြားလေ ၏၊ ဗန္ဓုလသည် မလ္လိကာအား ရထားကြိုးကိုအကိုင်ခိုင်း ပြီးလျှင် ရထား၌ရပ်လျက် လေးကိုတင်၏၊ ရထားဘီး သည် ပန်းတောင်းတိုင်အောင် မြေသို့ဝင်၏၊ လိစ္ဆဝီမင်း တို့သည် ထိုအရပ်ကိုမြင်၍လည်း မပြန်ကြကုန်၊ နောက် အတန်ငယ်သွားပြီးလျှင် လေးညို့ကိုဖြန့်၏၊ မိုးကြိုးသံကဲ့ သို့မြည်၏၊ ထိုကြားရာအရပ်မှလည်းမပြန်ကြကုန်၊ ဗန္ဓုလ သည် မြွားတစင်းတည်းဖြင့်ပစ်လေ၏၊ မြွားသည် ရထား ငါးရာလုံး ရထားဦးတို့ကိုဖောက်ကာ လိစ္ဆဝီမင်းငါးရာ ကိုလည်း ဖောက်၍ မြေသို့ဝင်လေ၏။

**လိစ္ဆဝီငါးရာ သေဆုံးရှာ**

လိစ္ဆဝီမင်းသည် မြွားမှန်သည်ကို မသိ ကြသေးဘဲ အတင်းလိုက်ကာ "ဟယ် လူပျက်.... ရပ်လေ"ဟု ဆိုကုန်၏၊

ထိုအခါဗန္ဓုလသည် ရထားကိုရပ်၍ "သင်တို့ သေကုန်ပြီ၊ သူသေတို့နှင့်စစ်မထိုးလို၊ မယုံလျှင် နောက်ဆုံးလိစ္ဆဝီမင်း၏ ချပ်ဝတ်တန်ဆာကို ဖြေ၍ကြည့်ကြ၊ သိလိမ့်မည်" ဟု ပြောလေ၏၊ ဗန္ဓုလပြောတိုင်းဖြေ၍ကြည့်ရာ ဖြေလျှင်ဖြေချင်း လဲ၍သေလေ၏၊ ဗန္ဓုလသည် လိစ္ဆဝီမင်းအလုံးစုံတို့လည်း ဤလိစ္ဆဝီမင်းကဲ့သို့ပင် သေကြကုန်ပြီ၊ သားမယားတို့ကို မှာထားကြလိုသေးလျှင် အမြန်ပြန်ကြကုန်၊ မှာထားပြီးမှ ချပ်ဝတ်တန်ဆာကိုချွတ်ကြကုန်ဟု ပြောလေ၏၊ လိစ္ဆဝီမင်းတို့လည်းပြန်၍ မိမိတို့အိမ်သို့ ရောက်လျှင် သေကြကုန်၏။

**စဉ်းလဲတရားမှု ဆုံးဖြတ်ပုံ**

ဗန္ဓုလလည်း မလ္လိကာကို အိမ်သို့ ဆောင်ယူခဲ့၏၊ မလ္လိကာသည် သားနှစ်ယောက်စီနှစ်ယောက်စီ အမွှာပူးဆယ့်ခြောက်ကြိမ်ဖွားမြင်ရာ သားပေါင်း သုံးကျိပ်နှစ်ယောက် ဖြစ်ကုန်၏၊ ထိုသားတို့သည် ရဲရင့်ကုန်၏၊ ခွန်အားနှင့် ပြည့်စုံကုန်၏၊ အတတ်ပညာကို တတ်မြောက်ကုန်၏၊ ယောကျ်ားတထောင်စီ အခြံအရံရှိကုန်၏၊ ဗန္ဓုလသည် သားတို့နှင့်အတူ မင်းခစားသွားသည်ရှိသော် အခြံအရံဖြင့် မင်းရင်ပြင်တခုလုံးပြည့်လေ၏။

တနေ့သ၌ ဗန္ဓုလစစ်သူကြီးသည် မင်းခစားသွားရာ တရားသူကြီးတို့သည် ကောက်ကျစ်စဉ်းလဲကာ တရားစီရင်ကြသဖြင့် တရားရှုံးသောသူတို့မြင်လျှင် သည်းစွာငိုကြွေးကုန်လျက် တရားသူကြီးတို့ ကောက်ကျစ်စဉ်းလဲသောအဖြစ်ကိုလျှောက်ထားကုန်၏၊ ထိုအခါ ဗန္ဓုလသည် တရားစီရင်ရာသို့သွား၍ တဖန်စစ်ဆေးပြီးလျှင် ဥစ္စာရှင်ကို ဥစ္စာရှင်

ပြုကာ အမှန်အတိုင်းဆုံးဖြတ်စီရင်၏၊ ထိုအခါလူတို့သည် အလွန်ဝမ်းမြောက်သဖြင့် သည်းစွာကောင်းချီး ပေးကြကုန်၏။

**ပုဏ္ဏားယုတ် ပြောပုံ မင်းကြီးယုံ**

ကောသလမင်းကြီးသည် ထိုအကြောင်းကိုသိလျှင် တရားသူကြီးတို့ကို ရာထူးမှချ၍ ဗန္ဓုလကိုတရားသူကြီးအရာ၌ထားတော်မူ၏၊ ဗန္ဓုလသည် ထိုနေ့မှစ၍ ကောင်းစွာတရားစီရင်ဆုံးဖြတ်ရ၏။

ထိုအခါ တရားသူကြီးဟောင်းတို့သည် တံစိုးလက်ဆောင်မရကြသဖြင့် ဗန္ဓုလစစ်သူကြီးကား ထီးနန်းကိုလုရန် ကြံစည်သည်ဟု ကောသလမင်းကြီးထံ ကုန်းတိုက်ကုန်၏၊ ကောသလမင်းကြီးလည်း မစုံစမ်း မဆင်ခြင်ဘဲ ယုံကြည်သဖြင့် ဤဗန္ဓုလကိုအကြောင်းမဲ့ ဤအရပ်၌သတ်ခြင်းငှါမသင့်၊ ပစ္စန္တရစ်သို့လွှတ်ကာ အပြန်တွင် သားသုံးကျိပ်နှစ်ယောက်နှင့်တကွ သတ်ရလျှင်ကောင်းမည်ဟု ကြံစည်မိလေ၏၊ ထိုနောက်မင်းကြီးသည် အစွမ်း သတ္တိရှိသော သူရဲကောင်းတို့ကိုခေါ်၍ "အမောင်တို့....ပစ္စန္တရစ်သို့သွားကာ သူခိုးဖျက်ဟန်ပြု၍ ဗန္ဓုလစစ်သူကြီးကို လွှတ်လိုက်သောအခါ အပြန်တွင် ခေါင်းကိုဖြတ်၍ သတ်ကြရမည်"ဟု တိတ်တဆိတ် မှာကြားကာလွှတ်လိုက်၏။

**မင်းအထင်မှားလက် စစ်သူကြီးသတ်**

မင်းစေသူခိုးတို့လည်း ပစ္စန္တရစ်သို့သွား၍ဖျက်ဆီးကုန်၏၊ မင်းကြီးသည် ဗန္ဓုလကိုခေါ်၍ ပစ္စန္တရစ်၌ သူခိုးတို့ဖျက်ဆီးကြသည်၊ သင့်သားတို့နှင့်တကွသွား၍ သူခိုးတို့ကိုဖမ်းချေ

ဟု စေလွှတ်၏၊ ဗန္ဓုလလည်း သားသုံးကျိပ်နှစ်ယောက်နှင့်တကွ သူရဲကောင်းတို့ကိုခေါ်၍ သူခိုးဖမ်းရန် ပစ္စန္တရစ်သို့သွားကုန်၏၊ ဗန္ဓုလလာသည်ကြားလျှင် မင်းစေသူခိုးတို့လည်း ပြေးကြကုန်၏၊ ဗန္ဓုလလည်း ပစ္စန္တရစ်ကို အေးချမ်းအောင်ပြုပြီးလျှင် ပြန်ခဲ့၏၊ မြို့နှင့်မနီးမဝေးအရပ်သို့ရောက်လျှင် မင်းကြီးလွှတ်ထားသော သူရဲကောင်းတို့သည် ဗန္ဓုလစစ်သူကြီးနှင့် သားသုံးကျိပ်နှစ်ယောက်တို့ကို ဦးခေါင်းကိုဖြတ်၍ သတ်ကြကုန်၏။

**သာဝကနှစ်ပါးပင် ဆွမ်းကျွေးစဉ်**

ထိုနေ့မှာပင် မလ္လိကာလည်း အဂ္ဂသာဝကနှစ်ပါးနှင့်တကွ သံဃာ ငါးရာကို အိမ်သို့ပင့်ဘိတ်ကာ ဆွမ်းကျွေးလျက်ရှိ၏၊ ထိုအခိုက်မှာ လင်နှင့်သားတို့ဦးခေါင်းကို ဖြတ်၍ သတ်ကြပြီဟူသော မှာစာလည်းရောက်၍လာ၏၊ မလ္လိကာလည်း တစုံတယောက်ကိုမျှမပြောဘဲ ဆွမ်းကျွေးမြဲ ကျွေး၍သာနေ၏၊ သံဃာတော်တို့ ဆွမ်းဘုဉ်းပေးပြီးသောအခါ အလုပ်အကျွေးမ တယောက်သည် ထောပတ်အိုးကို ယူ၍လာရာ ကျ၍ကွဲလေ၏၊ ရှင်သာရိပုတ္တရာသည် “ဒါယိကာမ•• ကွဲပြီတတ်သောသဘောသည် ကွဲပြီ၏၊ မစိုးရိမ်လင့်”ဟုမိန့်တော်မူ၏၊ ထိုအခါမလ္လိကာသည် အိတ်တွင်းမှ မှာစာကို ထုတ်ကာ “အရှင်ဘုရား•••• လင်နှင့်သားတို့ဦးခေါင်းကို ဖြတ်၍ သတ်ကြပြီဆိုသော သတင်းစကားကို ကြားလျက်လည်း မစိုးရိမ်ပါ၊ ထောပတ်အိုးကွဲကာမျှဖြင့် အဘယ်ကြောင့်စိုးရိမ်မည်နည်း”ဟု လျှောက်ထား၏၊ ရှင်သာရိပုတ္တရာလည်း တရားဟောပြီးလျှင် သံဃာတော်တို့နှင့်တကွ ကြွလေ၏။

**လင်သားသေပြန် ရပ်ထံပြန်**

ထိုနောက် မလ္လိကာလည်း ချွေးမသုံးကျိပ်နှစ်ယောက်တို့ကိုခေါ်၍ "သမီးတို့… သင်တို့သည် ရှေးကံ၏အကျိုးဆက်ကိုရကြကုန်၏၊ မစိုးရိမ်ကြကုန်လင့်၊ မင်းကြီးအပေါ်၌လည်း စိတ်မပြစ်မှားကြလင့်"ဟု ဆုံးမ၏၊ ထိုအကြောင်းကို ကောသလမင်းကြီးသိလျှင် အလွန်ထိတ်လန့်လျက် မလ္လိကာအိမ်သို့သွားကာ မလ္လိကာနှင့် ချွေးမတို့ကိုသည်းခံစေ၍ မလ္လိကာအား ဆုကိုပေးတော်မူ၏၊ မလ္လိကာလည်းယူ၍ထား၏၊ မလ္လိကာလည်း လင်နှင့်သားတို့အတွက် မတကဘတ်ဆွမ်းလှူပြီးလျှင် မင်းကြီးထံသွား၍ "အရှင်မင်းကြီး… တပါးသောဆုကိုမယူလိုပါ၊ အကျွန်ုပ်နှင့်တကွ ချွေးမသုံးကျိပ် နှစ်ယောက်တို့အား မိဘတို့အိမ် ပြန်ခွင့်ပြုပါ" ဟု တောင်းပန်၏၊ မင်းကြီးလည်းခွင့်ပြုတော်မူ၏၊ မလ္လိကာလည်း မင်းကြီးထံမှခွင့်ရလျှင် ချွေးမတို့အားမိဘများအိမ်သို့ပို့စေပြီးလျှင် ကုသိနာရုံပြည်သို့ ပြန်လေ၏။

**ဦးရီးသတ်မှု ရန်ငြိုးပြု**

ကောသလမင်းကြီးလည်း ဗန္ဓုလစစ်သူကြီး၏ရာထူးကို တူဖြစ်သော ဒီဃကာရာယနအား ပေးတော်မူ၏၊ ထိုဒီဃကာရာယနလည်း အပြစ်မရှိသောငါ့ဦးရီးတော်ကို သတ်သည်ဟု ရန်ငြိုးထားကာ ကောသလမင်းကြီးအား သတ်ခွင့်ကိုသာရှာ၍နေ၏၊ ကောသလမင်းကြီးလည်း ဗန္ဓုလကို သတ်သောနေ့မှစ၍ စိတ်ချမ်းသာခြင်းကိုမရ၊ စည်းစိမ်ကိုမခံစားနိုင်။

ထိုအခါ မြတ်စွာဘုရားသည် သာကီဝင်မင်းမျိုးတို့၏ ဝေဠုမည်သော နိဂုံးကို အမှီပြု၍ နေတော်မူ၏၊ ကောသလ

မင်းကြီးလည်း ဝေဠုနိဂုံးသို့ အခြံအရံများစွာဖြင့် သွား၍ သစ်တပ်ချကာ မြတ်စွာဘုရားကို ရှိခိုးမည် ဟု မင်းမြောက်တန်ဆာ ငါးပါးကို ဒီဃကာရာယန စစ်သူကြီးထံ အပ်နှင်းလျက် တယောက်ထည်းသာ ဂန္ဓကုဋိတိုက်သို့ဝင်လေ၏။

ထိုအခါ ဒီဃကာရာယနစစ်သူကြီးသည် အချက်ကောင်း ရပြီ ဟုကြံစည်ပြီးလျှင် မင်းမြောက်တန်ဆာ ငါးပါးဖြင့် သွားတော်ဝိဋ္ဋူဘအား အဘိသိက်သွန်း၍ မင်းမြောက်ပြီးလျှင် ကိုယ်လုပ်တော် တယောက်ကိုသာ ထားခဲ့၍ သာဝတ္ထိပြည်သို့သွားလေ၏။

**လမ်းခရီးအကြား နတ်ရွာလား**

မင်းကြီးလည်း မြတ်စွာဘုရားကိုဖူးမြင်ပြီးလျှင် ဂန္ဓကုဋိမှ ထွက်လတ်သော် စစ်သည် ဗိုလ်ပါတို့ကိုမမြင်၊ ကိုယ်လုပ်တော်တယောက်ကိုသာ မြင်သဖြင့် စုံစမ်းရာအကြောင်းကိုသိရလျှင် ဝိဋ္ဋူဘအား ငါ့တူတော် အဇာတသတ်မင်းကို ဖမ်းစေမည် ဟု ရာဇဂြိုဟ်ပြည်သို့ ကိုယ်လုပ်တော်နှင့် သွားရာ ရောက်လျှင်ညအခါမှဲ့ဖြစ်၍ မြို့တွင်းသို့ မဝင်နိုင်ဘဲ မြို့တခါးအနီး ဇရပ်တခုတွင် ဆင်းရဲစွာတည်းခိုရ၏၊အရွယ်ကလည်း ကြီးရင့်လျက် ခရီးကလည်းပန်း စိတ်ကလည်း မချမ်းသာသဖြင့် ညတွင်းခြင်းပင် နာမကျန်းဖြစ်ကာ နတ်ရွာစံလေ၏၊ ကိုယ်လုပ်တော်လည်း မိုးလင်းလတ်သော် "အရှင်မင်းကြီး.... ရှေးအခါ ကောသလတိုင်းကြီးကို အစိုးရသော်လည်း ယခုအခါ ကိုးကွယ်ရာမဲ့ဖြစ်ရပြီ" ဟု ဟစ်အော်ငိုကြွေးလေ၏၊ ကြားသူတို့ အဇာတသတ်မင်းကြီးကို လျှောက်ထား၍ သိလေလျှင် ဦးရီးတော်မှာ ဖြစ်ရလေ

ခြင်း ဟု ရင်ထုမနာဖြစ်ကာ ကြီးစွာသောပူဇော်သက္ကာရကို ပြု၍ အလောင်းကို သင်္ဂြိုဟ်လေ၏။

ဆွေမျိုးဖျက်ခြား ဘုရားမြစ်တား

ဝိဋ္ဋူဘလည်း မင်းအဖြစ်ကိုရလျှင် သာကီဝင်မင်းမျိုးတို့၌ ထားအပ်သော ရန်ငြိုးကို သတိရ၍ တမျိုးလုံးပြုတ်အောင်သတ်မည် ဟု များစွာသော စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် မြို့မှထွက်လေ၏၊ မြတ်စွာဘုရားသည် မိုးသောက်ထအခါ သဗ္ဗညုတဉာဏ်ဖြင့် ကြည့်တော်မူလျှင် ဆွေတော်မျိုးတော်တို့ ပျက်စီးခြင်းကို မြင်တော်မူ၍ ငါသင်္ဂြိုဟ်ထောက်ပံ့မည် ဟု ကောင်းကင်ခရီးဖြင့်ကြွ၍ ကပိလဝတ်ပြည်အနီး အရိပ်မရှိသော သစ်ပင်ကြီးအရင်းတွင် သီတင်းသုံးတော်မူနှင့်၏၊ ထိုသစ်ပင်မှ မနီးမဝေးအရပ်၌ ဝိဋ္ဋူဘ၏ နိုင်ငံအတွင်း၌ကား အရိပ်ချမ်းအေးသော ပညောင်ပင်ကြီးတပင်လည်း ရှိသတတ်၊ ဝိဋ္ဋူဘလည်း အစဉ်အတိုင်းသွားရာ မြတ်စွာဘုရားကိုမြင်လျှင် အထံတော်သို့ကပ်၍ "အရှင်ဘုရား.... အနီးတွင်အရိပ်နှင့်ပြည့်စုံသော ပညောင်ပင်ရှိပါလျက် အဘယ်ကြောင့် အရိပ်မရှိသော ဤသစ်ပင်ရင်း၌ သီတင်းသုံးပါသနည်း" ဟု လျှောက်၏၊ "အရှင်မင်းကြီး.... အရိပ်မရှိသည်ဖြစ်စေ ဆွေမျိုးတို့အရိပ်ကား အေးချမ်းလှ၏" ဟု မိန့်တော်မူလျှင် ဝိဋ္ဋူဘသည် ဆွေမျိုးတို့ကို စောင့်ရှောက်ရန် လာတော်မူသည် ဖြစ်လိမ့်မည် ဟု ရှိခိုးပြီးလျှင် သာဝတ္ထိပြည်သို့ ပြန်လေ၏။

ဝိပါက်ကံချိန်ကျ တားမြစ်မရ

ဝိဋ္ဋူဘမင်းကြီးသည် ရှေးနည်းအတူ သာကီဝင်မင်းတို့၏ အပြစ်ကို အောက်မေ့၍ ဒုတိယအကြိမ် ထွက်ပြန်ရာ မြတ်

စွာဘုရားကို မြင်ပြန်လျှင် ပြန်ခဲ့ရ၏၊ တတိယအကြိမ်လည်း နည်းတူပင် ပြန်ခဲ့ရ၏၊ စတုတ္ထအကြိမ်၌ကား ဝိဍုဍူဘမင်း ကြီးထွက်သည်ရှိသော် မြတ်စွာဘုရားသည် ကြည့်ရှုတော်မူရာ သာကီဝင်မင်းတို့၏ မြစ်၌ဆေးခတ်ဘူးသော အကုသိုလ်ကံကို မတားမြစ်နိုင်၊ မုချပျက်စီးရမည်ကို သိတော်မူသဖြင့် ကြွတော်မမူချေ၊ ဝိဍုဍူဘမင်းကြီးလည်း သာကီဝင်မင်းမျိုးတို့ကို နို့စို့သူငယ်မှစ၍ အလုံးစုံသတ်ဖြတ်ပြီးလျှင် မိမိနေထိုင်ရာ ပျဉ်ချပ်ကို လည်ချောင်းသွေးဖြင့် ဆေးပြီးလျှင် ပြန်ခဲ့၏။

ထိုအခါ တရားသဘင်ဝယ် ရဟန်းတို့သည် မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ကို သေဘေးမှလွတ်စေ၏၊ အကျိုးစီးပွားကို ကျင့်တော်မူ၏ ဟု မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူလျှင် သိတော်မူ၍ "ရဟန်းတို့.... ယခုအခါ၌သာ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားကို ကျင့်တော်မူသည်မဟုတ်၊ ရှေးအခါ၌လည်း ကျင့်တော်မူဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ပြာသာဒ်တည်ရန် မင်းစီမံ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းကြီးသည် တရားနှင့်အညီ မင်းပြုတော်မူ၏၊ ထိုမင်းကြီးသည် တနေ့သ၌ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောမင်းတို့သည်တိုင်များစွာရှိသော ပြာသာဒ်တို့၌ နေကြကုန်၏၊ ထိုတိုင်များစွာရှိသော ပြာသာဒ်သည်အံ့ဘွယ်မရှိ၊ ငါသည်ဘိုင်

တလုံးထည်းသာရှိသော ပြာသာဒ်ကို ပြု၍နေအံ့၊ ထိုသို့ခံနေသည်ရှိသော် အလုံးစုံသော မင်းတို့ထက်မြတ်သော မင်းဖြစ်လတံ့” ဟု ကြံစည်လေ၏၊ ထိုနောင် မင်းကြီးသည် လက်သမားတို့ကို ခေါ်စေ၍ “အမောင်တို့....ငါ့အား တင့်တယ်သော တပင်တိုင်ပြာသာဒ်ကို ပြုကြလော့”ဟုစေခိုင်းလေ၏။

**တောစိုးသစ်ပင် ရုက္ခစိုးနှင့်**

လက်သမား တို့သည် တပင်တိုင်နန်းပြာသာဒ်ဆောက်လုပ်ရန် ထိုထို၌ ဤသို့ သစ်ကို ရှာဖွေလတ်သော် ဖြောင့်၍ကြီးမားသော သစ်တို့ကို တွေ့မြင်ရသော်လည်း ခရီးလမ်းမသာ၍ ဆောင်ယူခြင်းငှါ မတတ်နိုင်ကုန်၊ တဖန်ဥယျာဉ်တော်၌ ရှာဖွေပြန်သော် လူအများကိုးကွယ်ရာ ဖြောင့်မတ်ကြီးမားသော မင်္ဂလာအင်ကြင်းပင်ကို မြင်လျှင် မင်းကြီးထံသွား၍ ထိုအကြောင်းကို လျှောက်ထားကုန်၏၊ မင်းကြီးလည်း ခုတ်ဖြတ်ရန်ခွင့်ပြုတော်မူ၏၊ လက်သမားတို့လည်း မင်္ဂလာအင်ကြင်းပင်ကြီးကို ပန်းနံ့သာဆီမီးတို့ဖြင့် ပူဇော်၍ နံ့သာလက်ငါးချောင်းရာပေးပြီးလျှင် “အို-အင်ကြင်းပင်စောင့်နတ်မင်း....ခုတ်ဖြတ်ရန် မင်းကြီးခွင့်ပြုအပ်ပြီ၊ငါတို့၌ အပြစ်မရှိ၊ခုနစ်ရက်မြောက်နေ့၌ခုတ်ဖြတ်မည်၊ အရပ်တပါးသို့ ပြောင်းရွှေ့ပါလော့” ဟု တိုင်ကြားပြီးလျှင် ပြန်ခဲ့ကြကုန်၏။

**မင်းထံဝင်ကာ ငိုကြွေးရှာ**

အင်ကြင်းပင်စောင့် နတ်မင်းလည်း ထိုစကားကိုကြားလျှင် မချွတ်လျှင် ဤသစ်ကိုခုတ်ကြတော့မည် ခုတ်ဖြတ်လျှင် ငါ့ဗိမာန်ပျက်မည် ပျက်လျှင် ငါအသက်မရှိပြီ၊ ငါဗိမာန်

ကိုရံ၍နေသော အင်ကြင်းပင်ငယ်တို့လည်း ပျက်စီးကြတော့မည်၊ ထိုအခါငါ့ဆွေမျိုးတို့လည်း ပျက်စီးကြလိမ့်မည်၊ သို့အတွက် ငါသည် ဆွေမျိုးတို့အသက်ကို ကယ်တင်ကာ အကျိုးစီးပွားကိုကျင့်မည်ဟု ကြံစည်ပြီးလျှင် တန်ဆာဆင်လျက် ညဉ့်သန်းခေါင်ယာမ်တွင် မင်းကြီး၏ ကြက်သရေတိုက်ခန်းသို့ဝင်၍ တပြိုင်နက် အရောင်အလင်းကိုဖြစ်စေပြီးလျှင် ဦးခေါင်းရင်းနံပါး တဘက်ကောင်းကင်၌ ရပ်လျက်ငိုကြွေး၏။

**ဗိမာန်ဖျက်မှု တောင်းပန်ပြု**

မင်းကြီးသည် နန်းတော်အတွင်း ကိုယ်ရောင်ကိုယ်ဝါဖြင့် ဝင်လာသောနတ်ကို မြင်လျှင် ကြောက်လန့်သည်ဖြစ်၍—

"အို-လုလင်.... သင်ကား စင်ကြယ်သော အဝတ်တန်ဆာကို ဝတ်ဆင်လျက် ကောင်းကင်၌ ရပ်ဘိ၏၊ အဘယ်သူနည်း၊ အဘယ့်ကြောင့်ငိုကြွေး၍နေသနည်း၊ သင်အားအဘယ်အရပ်မှ ဘေးဖြစ်သနည်း"။

"အရှင်မင်းကြီး.... အရှင်မင်းကြီး၏ တိုင်းနိုင်ငံဝယ် ငါကားအင်ကြင်းပင်စောင့် နတ်မင်း ဟု ထင်ရှား၏၊ လူအပေါင်းတို့ ပူဇော်အပ်၏၊ ငါတည်နေသည်မှာ နှစ်ပေါင်းခြောက်သောင်း ရှိပေပြီ"။

"အရှင်မင်းကြီး.... မြို့တို့ကိုရင်း, အထူးထူးအပြားပြားရှိသော ပြာသာဒ်တို့ကိုရင်း ပြုလုပ်သောမင်းတို့သည် ငါ့ကိုမညှဉ်းဆဲကြကုန် ပူဇော်ကြကုန်၏၊ ထို့အတူ သင်မင်းကြီးတို့သည်လည်း ပူဇော်ပါ"။

ကိုယ်ကျိုးအတွက် မငဲ့ကွက်

"အင်ကြင်းပင်စောင့်နတ်မင်း….သင့်အင်ကြင်းပင်နှင့်တူ၍ ကြီးမား ဖြောင့်မတ်သော သစ်ပင်ကိုမမြင်ပါ၊ ပေါက်ကထည်းကပင် အလုံးအရပ်နှင့် ပြည့်စုံ၏၊ တိုင်တလုံးတည်းရှိ၍ မွေ့လျော်ဘွယ်သောနန်းပြာသာဒ်ကို ပြုလုပ်လိုပါ၏၊ ထိုနန်းပြာသာဒ်၌သင်နတ်မင်းကိုလည်း ပင့်ဆောင်ထားပါမည်၊သင်နတ်မင်းအား ရှည်မြင့်စွာ အသက်ရှည်ပါလိမ့်မည်"။

"အရှင်မင်းကြီး….ငါ့ဗိမာန်နှင့်ကင်း၍ မဖြစ်နိုင်ဟု စိတ်ရှိခဲ့အံ့၊ အများအားဖြင့် ငါ့သစ်ပင်ကိုဖြတ်သည်ရှိသော် ပိုင်း၍ပိုင်း၍ဖြတ်ပါ၊ အဖျားတို့ကိုရင်း,အလယ်သားတို့ကိုရင်းဖြတ်ပြီးသည်ရှိသော်နောက်မှအရင်းကိုဖြတ်ပါ၊ ဤသို့ဖြတ်ခဲ့သော် ဆင်းရဲစွာသေခြင်းမဖြစ်ရာ"။

ဆွေမျိုးပျက်မှု ကာကွယ်ပြု

"အင်ကြင်း ပင်စောင့် နတ်မင်း….အသက်ရှိသောသူအား လက်-ခြေတို့ကိုရင်း,နားနှာခေါင်းတို့ကိုရင်း ဖြတ်ပြီးမှ ဦးခေါင်းကို ဖြတ်သည်ရှိသော် ဆင်းရဲစွာသေရာ၏၊ အဖျားမှ ပိုင်း၍ပိုင်း၍ဖြတ်သည်ရှိသော်ချမ်းသာစွာ သေရာသလော၊ အဘယ့်ကြောင့်အဘယ်ကိုစွဲ၍ အဖျားမှပိုင်း၍ပိုင်း၍ ဖြတ်စေလိုဘိသနည်း"။

"အရှင်မင်းကြီး….ငါသည် အဖျားမှ ပိုင်း၍ပိုင်း၍ ဖြတ်စေလိုခြင်းအကြောင်းကို ပြောပြမည်၊

သင်နားထောင်ပါ၊ ငါ၏ဆွေမျိုးဉာတိတို့သည် ချမ်းသာကြီးပွားကြလျက် ငါ၏အနီးအပါး၌ နေကြကုန်၏၊ ငါသည် ထိုဆွေမျိုးဉာတိတို့ကို ညှဉ်းဆဲကုန်ရာ၏၊ သူတပါးတို့၏ ဆင်းရဲကို ပွားစေ သည်မည်၏''

**ဘေးရန်ကင်းပ ချမ်းသာကြ**

ထိုအခါ မင်းကြီးသည် အင်ကြင်းပင်စောင့်နတ်မင်း၏ စကားကိုကြားလျှင် ''ဤနတ်မင်းကား တရားကိုစောင့်ပေ၏၊ မိမိဗိမာန် ပျက်စီးခြင်းကိုကား အလိုရှိ၏၊ ဆွေမျိုးဗိမာန် ပျက်စီးခြင်းကိုကား အလိုမရှိပေ၊ ဆွေမျိုးတို့အကျိုးစီးပွားကို ကျင့်ပေ၏''ဟု အလွန်နှစ်သက်ရကား—

''အင်ကြင်းပင်စောင့်နတ်မင်း····သင်နတ်မင်းကြံစည်ခြင်းကား ဆွေမျိုးတို့အကျိုးစီးပွားကိုအလိုရှိ၍ ကြံစည်ခြင်းဖြစ်၏၊ အို-နတ်မင်း···· ရှင်နတ်မင်းအား အကျွန်ုပ်သည်ဘေးမဲ့ပေးပါ၏''—

ဟု မင်္ဂလာအင်ကြင်းပင်ကြီးကို မခုတ်ဖြတ်စေဘဲ ဘေးမဲ့ပေးလေ၏၊ နတ်မင်းလည်း မင်းကြီးအား တရားဟောလေ၏၊ မင်းကြီးလည်း နတ်မင်း၏ အဆုံးအမ ဩဝါဒ၌ တည်လျက် ဒါန,သီလစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်၍ နတ်ပြည်ကိုပြည့်စေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ မင်းကြီးသည်-ယခုအခါ အာနန္ဒာ။
※ အင်ကြင်းပင်စောင့်နတ် ပရိသတ်သည် ငါဘုရား ပရိသတ်။
※ အင်ကြင်းပင်စောင့် နတ်မင်းသည်-ငါဘုရား ဖြစ်လာပြီ–ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဆွေမျိုးတို့အား၊ ချီးမြှောက်ငြား၊ မှတ်သားမင်္ဂလာ။
(၂) ဆွေမျိုးအများ၊ ကျိုးစီးပွား၊ ကြိုးစားကျင့်ကြရာ။
(၃) သုံးပါးစရိယ၊ ဉာတတ္ထ၊ ထုတ်ပြကျမ်းဂန်မှာ။

ဘဒ္ဒသာလဇာတ် ပြီး၏။

---

## ၄၆၆- သမုဒ္ဒဝါဏိဇဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ဒေဝဒတ်ဝိပါက် ပြောဆိုလျက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်၌ ဒေဝဒတ်ကား ငါးရာသော အမျိုးသားတို့ကိုယူ၍ အဝီစိငရဲ၌ကျ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည်အဖြစ်ကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာ ပရိသတ်နှင့်တကွ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည်မဟုတ်၊ ရှေးအခါ၌လည်း ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရဘူးပြီ

ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ကြွေးမြီတောင်းလှ ပြောင်းရွှေ့ကြ** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုပြည်၏ မနီးမဝေး အရပ်၌ အမျိုးတထောင် အခြံအရံရှိသော လက်သမားရွာကြီးရှိသတတ်၊ ထိုရွာ၌နေသော လက်သမားတို့သည် ညောင်စောင်း အင်းပျဉ်အိမ်အဆောက်အဦစသည်တို့ကို ပြုလုပ်ပေးမည်ဟု မြီကိုယူကြကုန်၏၊ ပြုလုပ်ပေးရန် မစွမ်းနိုင်ကုန်၊ လူတို့သည် လက်သမားတို့ကို မြင်တိုင်းမြင်တိုင်း မြီတောင်းကြကုန်၏။

ထိုအခါ လက်သမားတို့သည် မြီရှင်တို့နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ချမ်းသာစွာမနေနိုင်ကြရကား အရပ်တပါးသို့ သွားမည်ဟုကြံစည်လျက် တောသို့ဝင်၍ သစ်တို့ကိုခုတ်ဖြတ်ကာ သင်္ဘောလှေစပ်ပြီးလျှင် ရွာမှ တဂါဝုတ်မျှကွာဝေးသော မြစ်ထဲ၌ထားကုန်၏၊ ညဉ့်သန်းခေါင်အခါ၌ ရွာသို့သွား၍ သားမယား ပစ္စည်းဥစ္စာတို့ကို ယူပြီးလျှင် လှေသင်္ဘော၌တင်၍ သမုဒ္ဒရာ၌ သွားကြကုန်၏၊ လျင်မြန်သောအဟုန်ဖြင့် သွားရာ မကြာမြင့်မီ ကျွန်းငယ်တခုသို့ ရောက်ကြကုန်၏။

**ကျွန်းငယ်ရောက်က စုံစမ်းကြ** ထိုကျွန်းငယ်၌ကား- အလိုလို ပေါက်ပွား၍နေသော သလေးစပါး, ကြံ, ငှက်ပျော, သပြေ, သရက်, ပိန္နဲ, ထန်း,

အုန်းစသော အသီးတို့ရှိကုန်၏၊ သဘော်ာပျက်၍ ရှေးဦးစွာ ရောက်နှင့်သော ယောက်ျားတယောက်လည်း ရှိသတတ်၊ ထိုယောက်ျားသည် သလေးထမင်းနှင့်သရက်,ပိန္နဲစသော အသီးတို့ကိုစားရသဖြင့် အလွန် ဆူဖြိုးသော ကိုယ်ရှိ၏၊ ကိုယ်တွင်အဝတ်မရှိ၊ မုတ်ဆိတ်ဆံပင်တို့ဖြင့် ဖားယားကျ လျက် ကြောက်မက်ဘွယ်ရှိ၏။

လက်သမားတို့လည်း ကျွန်းငယ်သို့ ရောက်လျှင် ဤ ကျွန်းငယ်ကား အကယ်၍ ရက္ခိုသ်ဘီလူးတို့စောင့်ကြွားအံ့၊ အလုံးစုံသော ငါတို့သည် သေကြေပျက်စီးကြရကုန်အံ့ဟု ကြံစည်လျက် ခွန်အားကြီး၍ ရဲစွမ်းသတ္တိရှိသော လူခုနစ် ယောက်,ရှစ်ယောက်တို့ကို လက်နက်ငါးပါးတို့ကို ကိုင်စွဲ ကာ ကျွန်းငယ်သို့တက်၍ လှည့်လည်စုံစမ်းစေကုန်၏။

ကျွန်းငယ်ပျော်မွေ့လုလင်တွေ

ထိုအခိုက်၌ ထိုယောက်ျားသည် နံနက် စာစား၍ ကြံရည်ကို သောက်ပြီးလျှင် ချမ်းအေးသောသဲပြင်၌အိပ်လျက်—

"အချင်းတို့···· ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော သူတို့သည် လယ်ထွန်ကြရကုန်၏၊ စိုက်ပျိုးကြရ ကုန်၏၊ ကုန်သွယ်ကြရကုန်၏၊ အမှုလုပ်ကာ အ သက်မွေးကြရကုန်၏၊ ဤကျွန်းငယ်၌ နေကုန်သော သူတို့နှင့်မတူမျှကြကုန်၊ ဤငါတို့ကျွန်းငယ်သည်သာ ဇမ္ဗူဒိပ်ကျွန်းထက်မွန်မြတ်၏"—

ဟု ဥဒါန်းသီချင်းကို သီဆိုကျူးရင့်ကာနေ၏၊ စုံစမ်း သော ယောက်ျားတို့သည် ထိုယောက်ျား၏ သီချင်းသံကို ကြားလျှင် လူသံကဲ့သို့ကြားရသည်၊ သိအောင် စုံစမ်းမည်

ဟု အစဉ်အတိုင်း သွားရာ ထိုယောက်ျားကို မြင်လျှင် ဘီလူးဖြစ်လိမ့်မည်ဟု ကြောက်လန့်သဖြင့် မြှားကိုအသင့် တင်ထားကြကုန်၏။

**လုလင်ပြောပြ လုံးစုံသိရ**

ထိုကျွန်းငယ်ရှိ ယောက်ျားလည်း ထိုသူတို့ကိုမြင်လျှင် မိမိကို သတ်အံ့သည်မှ ကြောက်သောကြောင့် "အရှင်တို့.... အကျွန်ုပ်ကား ဘီလူးမဟုတ်ပါ လူဖြစ်ပါ၏၊ အသက်ကို ချမ်းသာပေးကြပါ"ဟု ပြော၏၊ "အချင်း....လူမည်သည် အဝတ်ဝတ်၏၊ သင်ကား အဝတ်မဝတ်"ဟု မေးကြ၏၊ "အရှင်တို့....မရှိ၍မဝတ်ရပါ"ဟုပြောလေ၏၊ စုံစမ်းသော သူတို့လည်း လူဖြစ်ကြောင်းကိုသိလျှင် အနီးသို့ကပ်၍ ဝမ်းမြောက်ဝမ်းသာ ပဋိသန္ထာရစကား ပြောကြားကုန်၏၊ ထိုယောက်ျားလည်း မိမိ၏ကျွန်းငယ်သို့ ရောက်လာရခြင်း အကြောင်းကိုပြောကြားပြီးလျှင် "အရှင်တို့.... အရှင်တို့ကား ကံကောင်းထောက်မ၍ ဤကျွန်းငယ်သို့ ရောက်ကြရသည်၊ ဤကျွန်းငယ်ကား အလွန်မွန်မြတ်၏၊ နေသောသူတို့သည် အမှုလုပ်၍ အသက်မမွေးရကုန်၊ အလိုလိုပေါက်သောသလေးစပါး,ကြံ, သစ်သီးတို့သည် အလွန်ပေါများကုန်၏၊ အလိုရှိတိုင်းစားကာ မပျင်းမရိ နေကြပါကုန်၊ အထူးအားဖြင့် ဤကျွန်းငယ်ကိုကား ဘီလူးတို့သိမ်းဆည်း အပ်၏၊ ကျင်ကြီးကျင်ငယ်စွန့်သောအခါသဲဖြင့်ဖုံးလွှမ်းကြကုန်၊ ဘီလူးတို့မြင်လျှင် စက်ဆုပ်၍ အမျက်ထွက်ကာ ဘေးရန်ပြုကုန်လတံ့၊ တပါးသော ဘေးရန်မရှိဟု ပြောကြားလေ၏၊ လက်သမားတို့လည်း ထိုယောက်ျား ပြောကြားသောနည်းအတိုင်း နေကြကုန်၏။

**လက်သမားရွာတည် အမျိုးငါးရာစီ**

လက်သမား တထောင်တို့တွင် အမျိုးငါးရာစီအားဖြင့် နှစ်စုကွဲလျက် ရှိ၏၊ တစု၏ အကြီးအမှူး လက်သမားကား မိုက်၏၊ အကြောင်းအကျိုးကို မသိတတ်၊ တစု၏အကြီးအမှူး လက်သမားကား လိမ်မာ၏၊ အကြောင်းအကျိုးသိ၏၊ နောက်အဘို့၌ လက်သမားတို့သည် ချမ်းသာစွာနေရသဖြင့် ဆူဖြိုးသောကိုယ်ရှိကုန်၏၊တနေ့သ၌ လက်သမားတို့သည် ကြံရည်ဖြင့် သေအရက်ကို ပြုလုပ်၍ သောက်ကြကုန်၏၊ မူးယစ်ပျော်မြူးကုန်လျက် နေကြကုန်၏၊ စွန့်အပ်သောကျင်ကြီးကျင်ငယ်တို့ကို မဖုံးလွှမ်းမိကြကုန်၊ ထိုအခါ ကျွန်းငယ်တခုလုံးအညစ်အကြေးတို့ဖြင့် ပြွမ်းတီးကာ စက်ဆုပ်ရွံရှာဘွယ်ရှိလေ၏။

**နတ်ဆိုးအနက္ခရာယ ဝင်ရောက်ကယ်**

ထိုအခါ နတ်တို့သည် လကွယ်နေ့၌ စည်းဝေးရောက်လာကြ၍ ကျင်ကြီးကျင်ငယ် စက်ဆုပ်ဘွယ်တို့ကို မြင်လျှင် ဤသူတို့ကား ငါတို့ကစားရာကျွန်းငယ်၌ စက်ဆုပ်ဘွယ်တို့ကို ပြု၍ ဖျက်ဆီးကြသည်၊ ယနေ့ ငါတို့အစည်းအဝေးလည်း ပျက်ခဲ့ပြီ၊ ရှိစေဦး၊ ဤနေ့မှ ဆယ့်ငါးရက်မြောက် လပြည့်နေ့ည လထွက်သောအခါ ဤသူတို့ကို တကျွန်းလုံး သမုဒ္ဒရာရေဖြင့် လွှမ်း၍သတ်ကုန်အံ့ဟု နေ့ရက်ကိုချိန်းချက်၍ထားကြကုန်၏။

ထိုနတ်တို့အလယ်တွင် လူတို့ကိုသနား၍ တရားစောင့်သောနတ်သားတယောက်သည် ငါမြင်စဉ် မပျက်စီးပါစေလင့်ဟု လူတို့ညစာထမင်းစားပြီးလျှင် ချမ်းသာစွာစကားပြော၍နေသည်ရှိသော် နတ်ဝတ်တန်ဆာ ဆင်မြန်း၍ တ

ကျွန်းလုံးလင်းစေလျက် မြောက်အရပ်မျက်နှာ ကောင်းကင်၌ရပ်လျက်—

"အို-လက်သမားတို့····ယနေ့မှ ဆယ့်ငါးရက်မြောက် လပြည့်နေ့ည လထွက်သောအခါ တကျွန်းလုံး သမုဒ္ဒရာရေလွှမ်းကာ သင်တို့ကိုသတ်လိမ့်မည်၊ ပုန်းအောင်းရာအရပ်ကို ရှာကြကုန်၊ အရပ်တပါးသို့သွားကြကုန်"—

ဟု အဟုတ်အမှန် ကြွေးကြော်ကာ လက်သမားတို့ကို အဆုံးအမပေး၍ မိမိနေရာသို့ သွားလေ၏။

**နတ်ဆိုးပရိယာယ်နှိပ်စက်ဘွယ်**

ထိုနောက် တရားမစောင့် ကြမ်းကြုတ်သော နတ်သား တယောက်သည် ဤလက်သမား တို့ကား ထိုနတ်သား၏ စကားကိုနာယူ၍ ပြေးကြကုန်လတ့်၊ ငါတားမြစ်၍ကြီးစွာသောပျက်စီးခြင်းသို့ရောက်စေအံ့ဟု ကြံစည်ကာ နတ်ဝတ်တန်ဆာဆင်မြန်း၍ တကျွန်းလုံး လင်းစေလျက် တောင်အရပ်မျက်နှာ ကောင်းကင်၌ရပ်လျက်—

"အို-လက်သမားတို့···· မွန်မြတ်သော ဤကျွန်းကို စင်စစ် သမုဒ္ဒရာရေလွှမ်းခြင်းသည် မဖြစ်လတ့်၊ ထိုအကြောင်းကို ငါသည် အကြောင်းများစွာတို့ဖြင့်မြင်အပ်ပြီ၊ မကြောက်ကြလင့်၊ အဘယ့်ကြောင့် စိုးရိမ်ရအံ့နည်း၊ ဝမ်းမြောက် ဝမ်းသာနေကြပါ၊ အစားအစာ ထမင်းအဖျော်များ၍ မွန်မြတ်သော ဤနေရာကို အလိုရှိကုန်သော သင်တို့အား တစုံတခုသောဘေးအန္တရာယ်ကို ငါမမြင်၊ သင်တို့

သည် သားမြေးတိုင်အောင် ဝမ်းမြောက်ဝမ်းသာ
နေကြကုန်''—

ဟု မဟုတ်မမှန် ကြွေးကြော်ကာ လက်သမားတို့ကို နှစ်သက်စေ၍ မိမိနေရာသို့သွားလေ၏။

**သူမိုက်ဆင်ခြင်ဉာဏ်မမြင်**

ထိုနတ်သား သွားသောအခါ တရားစောင့်သောနတ်သား၏စကားကို မယုံကြည်သောလက်သမားမိုက်သည်—

''အချင်းတို့.... တောင်အရပ်၌ တည်သော
နတ်သားသည် ဘေးမရှိဟုပြောဆို၏၊ ထိုနတ်သား
၏စကားသည်မှန်၏၊ မြောက်အရပ်၌ တည်သော
နတ်သား၏စကားသည်မမှန်၊ ရန်သူဖြစ်၏၊ ဘေးမှ
ကြောက်၏၊ မကြောက်ကြလင့်၊ အဘယ့်ကြောင့်
စိုးရိမ်အံ့နည်း၊ ဝမ်းမြောက်ဝမ်းသာ နေကြကုန်''—

ဟု လက်သမားတို့ကို ခေါ်၍ပြောကြား၏၊ ထိုအခါ အရသာ၌တပ်မက်သော လက်သမားငါးရာတို့သည် လက်သမားမိုက်၏စကားကိုနာယူကြကုန်၏။

**ကြိုတင်မြင်သိပညာရှိ**

ထိုအခါ ပညာရှိ လက်သမားသည် လက်သမားမိုက်၏စကားကိုမနာယူဘဲ လက်သမားတို့ကိုခေါ်၍—

''အချင်းတို့.... ဤနတ်သားတို့သည် အချင်း
ချင်းဆန့်ကျင်သောစကားကိုဆိုကုန်၏၊ တယောက်
ကားဘေးမရှိဟုဆို၏၊ တယောက်ကားဘေးရှိ၏ဟု
ဆို၏၊ ငါတိုက်တွန်းလိုသည်မှာ ငါ့စကားကိုနား
ထောင်ကြကုန်၊ အလုံးစုံသော ငါတို့သည် အလွန်

လျင်စွာ မပျက်စီးစေကုန်လင့်၊ အလုံးစုံသော ငါတို့သည် စည်းဝေး ညီညွတ်ကုန်၍ လင်းယဉ်တိုင်, ရွက်, ထိုးဝါး အလုံးစုံ ပြည့်စုံသော မြဲမြံခိုင်ခံ့၍ ကျင်းနက်သော လှေသင်္ဘောကို တည်ဆောက်ကြမည်၊ အကယ်၍ တောင်အရပ်၌ တည်သော နတ်သားစကားမှန်ငြားအံ့၊ ဤလှေသင်္ဘောသည်နောက်၌ဖြစ်လတံ့သောဘေးရန်အလို့ငှါ ဖြစ်သိမ့်မည်၊ ဤကျွန်းကိုမစွန့်ရကုန်လတံ့”။

**ဘေးကာကွယ်မှု ပြင်ဆင်မှု**

“အကယ်၍မြောက်အရပ်၌တည်သော နတ်သား၏စကားသည်မှန်ငြားအံ့၊ ထိုသို့မှန်သည်ရှိသော် အလုံးစုံသော ငါတို့သည် ဤလှေသင်္ဘောကိုစီး၍ ချမ်းသာစွာ ကမ်းတဘက်သို့ ကူးရကုန်လတံ့။

ရှေးဦးစွာ ပြောသော နတ်၏စကားကို စင်စစ်မှန်၏ဟုမယူအပ်၊ နောက်မှ ပြောသော နတ်၏စကားကိုလည်း မှန်၏ဟု မယူအပ်၊ ထင်ခြင်းသို့ရောက်သော စကားနှစ်ရပ်ကို မှတ်သား၍ လောက၌လူတို့သည် ရှေ့စကားနောက်စကား နှစ်ရပ်ကို ယူကာ ဆင်ခြင်၍ သဘောယုတ္တိရှိသော စကားကို ယူအံ့၊ ထိုသူသည် စင်စစ် မြတ်သော အရပ်သို့ ရောက်ရ၏”–

ဟု ပြောဆိုပြီးလျှင် “အချင်းတို့....ငါတို့သည် နတ်နှစ်ယောက်လုံးတို့စကားကို နားထောင်ကုန်အံ့၊ လှေသင်္ဘောကိုလည်းစီရင်ကုန်အံ့၊ ရှေးဦးစွာပြောဆိုသော နတ်စကား

သည်မှန်ပြွားအံ့၊ ဤလှေ သင်္ဘောဖြင့် သွားကြကုန်အံ့၊ နောက်မှပြောသော နတ်စကားသည်မှန်ပြွားအံ့၊ ဤလှေ သင်္ဘောကို လျှောက်ပတ်ရာအရပ်၌ထား၍ ဤကျွန်း၌ပင် နေကုန်အံ့''ဟု ဆိုးမလေ၏။

**ဘေးရန်ဆင်ခြင် အသင့်ပြင်**

ထိုအခါ လက်သမား မိုက်သည် ''အချင်း.... သင်ကား ရေခွက်ထဲ၌ မိကျောင်းကို မြင်ပေ၏၊ အလွန်လျှင် အရှည်ကိုမြင်ပေ၏၊ရှေးဦးစွာပြောသောနတ်သည် ငါတို့၌ မုန်းသဖြင့်ပြောဆို၏၊ နောက်မှပြောသောနတ်သည် ချစ်သဖြင့်ပြောဆို၏၊ ဤကျွန်းမြတ်ကိုစွန့်၍ ဘယ်အရပ်သို့ သွားရကုန်အံ့နည်း၊ အကယ်၍သွားလိုလျှင် သင့်ပရိသတ်ကို ခေါ်၍ လှေသင်္ဘောကို လုပ်လော၊ ငါတို့အားလှေ သင်္ဘောဖြင့် ပြုဘွယ်ကိစ္စမရှိ''ဟု တင်းမာစွာပြောလေ၏၊ ပညာရှိလက်သမားသည် မိမိပရိသတ်ကိုခေါ်၍ လှေ သင်္ဘောကို အပြည့်အစုံပြုလုပ်ပြီးလျှင် အလုံးစုံသော အဆောက်အဦနှင့်တကွ ပရိသတ်ကိုတင်၍ လှေသင်္ဘော၌နေ၏။

**သူ့မိုက်ယုံသမျှ ပျက်စီးရ**

လပြည့်နေ့ ည လထွက် လတ်သော် သမုဒ္ဒရာလှိုင်းတံပိုးအဟုန်သည်ခါးတိုင်အောင်တက်၍ တကျွန်းလုံးဆေးကြော လျက်သွား၏၊ပညာရှိလက်သမားသည် သမုဒ္ဒရာလှိုင်းတပိုး တက်လာသည်ကိုသိ၍ လှေသင်္ဘောကို လွှတ်လေ၏၊ ငါး ရာသောလက်သမားမိုက် အပင်း အသင်း အမျိုးတို့ကား သမုဒ္ဒရာ လှိုင်းတံပိုးတို့သည် ကျွန်းကို ဆေးကြောရန်လာ ကုန်၏၊ ဆေးကြောခြင်းကား ဤမျှပင်တည်းဟု ပြောဆို

ကာနေကြကုန်၏၊ ထိုနောက်ရေသည် တဖြည်းဖြည်းခါး, တရပ်,တသူ,ထန်းတဖျားတိုင်အောင် တက်၍လာ၏၊ပညာရှိလက်သမားကား အကြောင်း၌ လိမ္မာသောကြောင့် ချမ်းသာစွာသွားရ၏။

**သူမိုက်ရှောင်ခွါ ချမ်းသာရာ**

လက်သမား မိုက်သည် အကြောင်း၌ မလိမ္မာ အရသာ၌ တပ်မက်သောကြောင့် ပရိသတ်နှင့်တကွ ပျက်စီးခြင်းသို့ရောက်ရ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးလျှင်—

"ရဟန်းတို့.... ကုန်သည်တို့သည် သမုဒ္ဒရာအလယ်၌ မိမိအမှုကြောင့် ချမ်းသာစွာ သွားရကုန်သကဲ့သို့ မြေကြီးအထုနှင့်တူသော ပညာရှိသောသူသည် လာလတ့ံသော အကျိုးစီးပွားကို သိ၍ အနည်းငယ်မျှသော အကျိုးစီးပွားကိုလည်း မလွန်"။

"အရသာ၌ တပ်မက်သော သူမိုက်တို့သည်ကား မိုက်မဲတွေဝေသောကြောင့် လာလတ့ံသော အကျိုးစီးပွားကို မသိကုန်၍ သမုဒ္ဒရာအလယ်၌ နစ်မြုပ်ကုန်သကဲ့သို့ ပစ္စုပ္ပန်မျက်မှောက်၌ အကျိုးစီးပွားဖြစ်လတ်သော်ဆုတ်နစ်ကြကုန်၏"။

"ရဟန်းတို့..အမှုကိစ္စကို ပြုလုပ်သောအခါ၌ ငါ့ကိုမနှိပ်စက် စေသတည်းဟု လာလတ့ံသော အမှုကိစ္စကို ရှေးဦးစွာပြုလုပ်ကုန်ရာ၏၊ ပြုလုပ်အပ်သော အမှုကိစ္စကို ရှေးမဆွက ပြုလုပ်ထားလင့်

သောသူကို ထိုအမှုကိစ္စသည်လည်း ပြုလုပ်သော
အခါ၌ မနှိပ်စက်လေ''—

ဟုရဟန်းတို့အား ဟောတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ လက်သမားမိုက်သည်-ယခု အခါ ဒေဝဒတ်။

※ တရားမစောင့်သော နတ်သားသည်-ကောကာလိက။

※ တရားစောင့်သော နတ်သားသည်- သာရိပုတ္တရာ။

※ လက်သမားပညာရှိသည်-ငါဘုရားဖြစ်လာပြီ။

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) လာလတံ့ငြား၊ ကျိုးစီးပွား၊သိငြားပညာရှင်။
(၂) နည်းငယ်မကျန်၊ ကျိုးမလွန်၊ ကေန်ရမည်ပင်။
(၃) ပြုမည့်ကိစ္စ၊ ဟူသမျှ၊ ပြုကြရှေးဆခင်။
(၄) အသင့်ရှိက၊ လိုရာရ၊ ကိစ္စပြီးကြောင်းပင်။

သမုဒ္ဒဝါဏိဇ ဇာတ်ပြီး၏။

# ၄၆၇-ကာမဇာတ်

## ပန္နရပ်နိပါတ်

**ဘုရားကျွမ်းဝင်ပြော လယ်လုပ်သမား**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်သား ပုဏ္ဏားတယောက်သည် လယ်လုပ်ရန် အစိရဝတီ မြစ်နား၌ တောချုံတို့ကို ခုတ်ထွင်ရှင်းလင်း၏၊ ထိုအခါ မြတ်စွာဘုရားသည် သောတာပန် ဖြစ်လတ့ံသော အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ပုဏ္ဏားထံကြွကာ ပဋိသန္ထာရစကား ပြောကြား၍ ပုဏ္ဏားအား ဘယ်အမှုကို ပြုသနည်းဟု မေးရာ လယ်လုပ်ရန် ခုတ်ထွင်ကြောင်း လျှောက်ထားသဖြင့် ကောင်းပြီ ခုတ်ထွင်ပါဟု အမိန့်ရှိကာ ပြန်ကြွတော်မူခဲ့၏။

ပုဏ္ဏားလည်း လယ်ထွန်ခြင်း,ကံသင်းဖွဲ့ခြင်း,ပျိုးထောင်ခြင်း, ကောက်စိုက်ခြင်းစသော လယ်၌ပြုဘွယ် ကိစ္စအဝဝတို့ကို နေ့စဉ်ပြုလုပ်၏၊ မြတ်စွာဘုရားလည်း ရံဖန်ရံဖန်ကြွတော်မူ၏၊ ပုဏ္ဏားသည် တနေ့သ၌ မြတ်စွာဘုရားအား ဤကောက်ပြည့်စုံလျှင် အလှူကြီးပေးမည်ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည် ပုဏ္ဏားနှင့် အကျွမ်းဝင်လတ်သော် အိမ်သို့လည်း မပြတ်မပြတ်ကြွတော်မူ၏။

**လယ်ပျက်စီးမှု ဟောကြားပြု**

ကောက်မှည့်သောအခါ ပုဏ္ဏားသည် နက်ဖြန် ကောက်ရိတ်မည်ဟု နေ့ရက်သတ်မှတ်၍အိပ်သည်ရှိသော် အစိရဝတီ မြစ်ညာ၌ တညဉ့်လုံး ရွာကြီးမိုဃ်းရွာ၏၊ မြစ်မှကြီးစွာ

သော ရေအယဉ်တက်လတ်၍ စပါးတကွမ်းစား ထွက်မှု မကျန်ဘဲ သမုဒ္ဒရာသို့ မျောလေ၏၊ ရေအယဉ် ကျလတ်သော် ပုဏ္ဏားသည် ပျက်စီးဆုံးရှုံးသော စပါးတို့ကို ကြည့်ရှု၍ ကြီးစွာသော စိုးရိမ်ပူဆွေးခြင်း နှိပ်စက်သည် ဖြစ်၍ ရင်ပတ်ကိုလက်ဖြင့် တီးခတ်ကာ ငိုကြွေးမြည်တမ်း လျက်အိပ်၏။

မြတ်စွာဘုရားသည်ပုဏ္ဏားအိမ်သို့ကြွတော်မူ၍"ပုဏ္ဏား·· စိုးရိမ်သလော" ဟုမေး၏၊ "မှန်လှပါ၊ စိုးရိမ်ပါ၏" ဟု လျှောက်၏၊ "ပျက်စီးပြီးသော စပါးသည် တဖန်ပြန်၍ လာမည်လော"ဟု မေးပြန်၏၊ "မလာပါ" ဟုလျှောက်၏၊ "မလာသော် စိုးရိမ်ခြင်းငှါ မသင့်၊ စပါးမည်သည်ဖြစ်သောအခါဖြစ်, ပျက်သောအခါပျက်ပြန်၏၊ တစုံတခုသော သင်္ခါရတရားသည် မပျက်သော မည်သည်မရှိ" ဟု ဆုံးမ၍ ပုဏ္ဏားအား ရှင်လန်းစေ၏၊ ပုဏ္ဏားနှင့်လျှောက်ပတ်သော ကာမသုတ် ဒေသနာကိုလည်း ဟောတော်မူ၏၊ ထိုအခါ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ ထိုသတင်းသည် တမြို့လုံးပျံ့နှံ့၍သွား၏။

ရဟန်းတို့သည် တရားသဘင်၌ ထိုပုဏ္ဏားအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့····ယခုအခါ၌သာလျှင် ပုဏ္ဏားအား စိုးရိမ်ခြင်းမရှိသည်ကို ပြုတော်မူသည် မဟုတ်၊ ရှေးအခါ၌လည်း ပြုတော်မူဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ထီးနန်းမွေကို မယူလို**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းသည် သားတော်ကြီးအား အိမ်ရှေ့မင်းအရာ, သားတော်ငယ်အား စစ်သူကြီးအရာကို ပေးလေ၏၊ နောက်အဘို့၌ ခမည်းတော်နတ်ရွာစံလတ်သော် မှူးမတ်တို့သည် သားတော်ကြီးအား မင်းအဖြစ်ကိုအပ်နှင်းကုန်၏၊ သားတော်ကြီးသည် ငါအလိုမရှိ၊ ညီတော်အားအပ်နှင်းကုန်ဟု မိန့်တော်မူ၏၊ အဖန်တလဲလဲတောင်းပန်သော်လည်း လက်မခံ၊ ညီတော်အားသာ အပ်နှင်းစေ၏၊ထိုအခါညီတော်အားမင်းမြှောက်ကြကုန်၏။

သားတော်ကြီးသည် တဖန်အိမ်ရှေ့မင်းအဖြစ်ကိုလည်း ပယ်ပြန်၏၊ နန်းတော်၌သာ ချမ်းသာစွာ နေတော်မူပါဟု တောင်းပန်ကုန်၏၊ နန်းတော်၌နေရန် ကိစ္စမရှိဟုပယ်ပြန်လျက် မြို့တော်မှထွက်၍ ပစ္စန္တရစ်သူဌေးတဦးထံတွင် မိမိကိုယ်ကာ လက်အမှုကိုလုပ်၍နေ၏၊ နောက်အဘို့ ပစ္စန္တရစ်သားတို့သည် မင်းသား၏အဖြစ်ကို သိကုန်လတ်သော် လက်အမှုကိုမပြုစေကုန်၊ မင်းသားကို ခြိရံကြကုန်၏။

**နန်းမှထွက်လေ သူဌေးအိမ်နေ**

တနေ့သ၌ မင်းမှုထမ်းတို့သည် လယ်ပယ်တိုင်းရန် ပစ္စန္တရစ်သို့ ရောက်လာကုန်၏၊ သူဌေးသည် မင်းသားထံကပ်၍ "အရှင်သား…အကျွန်ုပ်ကျွေးမွေးပါမည်၊အခွန်တော်လွတ်ငြိမ်းအောင် ညီတော်မင်းကြီးထံ အမှာစာ ပို့တော်မူပါ"

ဟုတောင်းပန်၏၊ မင်းသားလည်း သူဌေးပြောတိုင်း အမှာစာကိုပို့တော်မူ၏၊ ညီတော်မင်းကြီးသည် နောင်တော်၏ အမှာစာအတိုင်း သူဌေးအား အခွန်တော်ကိုလွတ်ငြိမ်းစေ၏၊ ထို့နောက် ရွာသား ဇနပုဒ်သားတို့သည် မင်းသားထံကပ်ကြ၍ "အရှင်သား···· အရှင်သားအား အခွန်တော်ဆက်ပါမည်၊ အကျွန်ုပ်တို့ကိုလည်း အခွန်တော်လွတ်ငြိမ်းအောင် အမှာစာပို့တော်မူပါ"ဟု တောင်းပန်ကြပြန်ကုန်၏၊ မင်းသားလည်းပို့စေပြန်၏၊ မင်းကြီးလည်း လွတ်ငြိမ်းခွင့်ပြုတော်မူပြန်၏။

**လောဘဖေါက်ပြန်ထီးနန်းယူရန်**

ထိုအခါမှစ၍ ဇနပုဒ်သားတို့သည် မင်းသားအား အခွန်ဆက်ကြကုန်၏၊ မင်းသားအား များသော ပူဇော်သက္ကာရ ဖြစ်လတ်၏၊ ထိုအခါမင်းသားသည် မရောင့်ရဲနိုင်ဘဲ တဏှာရမ္မက်နှိပ်စက်သဖြင့် ဇနပုဒ်အလုံးစုံကိုတောင်း၏၊ မင်းကြီးလည်းပေးတော်မူ၏၊ မရောင့်ရဲနိုင်ပြန်သဖြင့် အိမ်ရှေ့မင်းအဖြစ်ကိုတောင်းပြန်၏၊ ပေးတော်မူပြန်၏၊ တဖန်မရောင့်ရဲနိုင်ပြန်သဖြင့် ဇနပုဒ်သားအပေါင်း ခြံရံလျက် ဗာရာဏသီပြည်သို့သွားကာ မြို့ပဘ်နေ၍ စစ်မူလည်းထိုးမည်လော၊ မင်းအဖြစ်ကိုလည်းပေးမည်လောဟု ညီတော်မင်းကြီးထံ အမှာစာပို့လိုက်ပြန်၏။

**လောဘလွန်ကဲဆင်ခြင်လွဲ**

ထိုစကားကိုကြားလျှင် မင်းကြီးသည် ဤသူကား အလွန်မိုက်လှ၏၊ ရှေးအခါ မင်းအဖြစ်စသည်ကို ပယ်ပြီး၍ ယခုအခါမှ တဖန်စစ်ထိုး၍ယူမည်ဟု ပြောဆိုပြန်၏၊ ငါသည်အ

ကယ်၍စစ်ထိုးသဖြင့် ထိုသူမိုက်ကိုသတ်အံ့၊ ငါ့အား ကဲ့ရဲ့ကြလတံ့၊ ငါ့အား မင်းအဖြစ်ဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု ကြံစည်ပြီးလျှင် နောင်တော်နှင့်စစ်မထိုးလို၊ မင်းအဖြစ်ကိုယူတော်မူပါဟု အမှာစာပြန်လိုက်၏၊ နောင်တော်သည်မင်းအဖြစ်ကိုယူ၍ ညီတော်အား အိမ်ရှေ့မင်းအဖြစ်ကိုပေးလေ၏၊ ထိုအခါမှစ၍မင်းကြီးသည် မင်းအဖြစ်ဖြင့် မရောင့်ရဲနိုင်သေးဘဲ၊ နှစ်ပြည်ထောင်, သုံးပြည်ထောင်စသည်ကိုယူရန် အမြဲတောင့်တလျက်နေ၏။

**သိကြားဆင်ခြင်**
**မင်းမိုက်မြင်**

သိကြားမင်းသည်လူ့ပြည်၌ အဘယ်သူသည် မိဘကိုလုပ်ကျွေးသနည်း၊အဘယ်သူသည်ကုသိုလ်ကောင်းမှုကိုပြုသနည်း၊ အဘယ်သူသည် လောဘနိုင်ငံသို့လိုက်သနည်းဟု ကြည့်ရှုဆင်ခြင်လတ်သော် လောဘနိုင်ငံသို့လိုက်သော ဗာရာဏသီမင်းမိုက်ကို မြင်လေ၏၊ ထိုအခါ သိကြားမင်းသည် လုလင်အသွင်ဖန်ဆင်းကာ မင်းကြီးထံကပ်ပြီးလျှင် "အရှင်မင်းကြီး···· အနည်းငယ် တင်လျှောက်ထားဘွယ်ရှိပါ၏၊ ထို့ကြောင့် ဆိတ်ကွယ်ရာအရပ်ကို အလိုရှိ၏"ဟု လျှောက်ထား၏၊ ထိုခဏ၌လျှင် သိကြားမင်း၏ အာနုဘော်ဖြင့် လူတို့သည် ဘဲသွားကုန်၏။

**လောဘလှည့်ဖြား**
**မင်းမိုက်အား**

ထိုအခါသိကြားမင်းသည် "မင်းကြီး·· အကျွန်ုပ်သည် စစ်သည်ဗိုလ်ပါနှင့်ပြည့်စုံ၍ သာယာဝပြောသော တိုင်းပြည်ကြီးသုံးပြည်ထောင်ကို မြင်ခဲ့ရပါသည်၊ ထိုသုံးပြည်ထောင်ကို အကျွန်ုပ်၏အစွမ်းဖြင့်ယူ၍ ဆက်သပါမည်၊ မကြာမြင့်ဘဲ အလျင်အမြန် သွားသင့်၏ဟု လျှောက်ထားပြီးလျှင်

ကွယ်ပျောက်လေ၏၊မင်းကြီးသည်အမည်အရပ် ချီးမြှောက်ရမည့် အရာဝတ္ထုကိုမမေးမြန်းမိချေ၊မင်းကြီးသည် သိကြားမင်းသွားလျှင် အမတ်တို့ကိုခေါ်၍ "အမတ်တို့.... ငါ့အားလုလင်တယောက်လာ၍ ပြည်ကြီးသုံးပြည်ထောင်ကို ယူ၍ပေးမည်ဟု လျှောက်ထားသည်၊ ထိုလုလင်ကို ခေါ်ကြလော့"ဟု အမိန့်ပေးလေ၏၊ အမတ်တို့သည် "အရှင်မင်းကြီး.... ထိုလုလင်ကား အဘယ်သူနည်း၊ ဘယ်အရပ်၌နေသနည်း၊ ဘယ်အရာဝတ္ထုကို ချီးမြှောက်ရမည်နည်းစသည်ဖြင့် မေးမြန်းစုံစမ်းပါ၏လော"ဟုလျှောက်ထား၏၊ "အမတ်တို့.... ငါမေးမြန်း စုံစမ်းခြင်းမပြုမိချေ၊ တွေ့အောင်ရှာကြလော့"ဟု အမိန့်ပေးလေ၏။

**လောဘနှိပ်စက်**
**ဝမ်းသွေးပျက်**

အမတ်တို့လည်း မင်းကြီး၏အမိန့်ဖြင့် ဗာရာဏသီ တပြည်လုံး လိုက်လံရှာဖွေရာ မတွေ့သဖြင့်မင်းကြီးအား မတွေ့ကြောင်းလျှောက်ထားကြကုန်၏၊ မင်းကြီးလည်း အမတ်တို့စကားကိုကြားရလျှင် ငါ့အား သုံးပြည်ထောင်အခြီအရံမှ ဆုတ်ယုတ်ခဲ့၏၊ ငါလည်း မေးမြန်းစုံစမ်းခြင်းကိုမပြုခဲ့မိ၊ တစုံတရာ ပူဇော်သက္ကာရကို မပြုခဲ့မိဟု ယူကျုံးမရဖြစ်လေ၏၊ ထိုအခါမင်းကြီး၏ကိုယ်၌ စိုးရိမ်သောကနှိပ်စက်သဖြင့် ပူလောင်၏၊ တကိုယ်လုံးပူလောင်လတ်သော် ရင်သည်ခြောက်ကပ်၍ ဝမ်းသွေးကျသော အနာသည် ဖြစ်လေ၏၊ စားသမျှအစာကိုလက်မခံ၊ အန်၍ထုတ်လေ၏၊ ဆေးသမားတို့လည်း မကုစားနိုင်ကုန်၊ မင်းကြီးသည် အလွန်ဆင်းရဲပင်ပန်း၏၊ ထိုအနာရောဂါဖြစ်ခြင်းသည်လည်း တပြည်လုံးထင်ရှား၏။

**ရောဂါကုရေး လျှောက်ထားမေး**

ထိုအခိုက် တက္ကသိုလ်ပြည်မှ အတတ်ပညာအလုံးစုံကိုတတ်မြောက်၍မိဘထံ ပြန်လာသော လုလင်တယောက်သည် ထိုအကြောင်းကိုကြား၍ ငါဆေးဝါးကုသမည်ဟု ကြံစည်လျက် မင်းကြီးထံသို့သွားလေ၏၊ ရောက်လျှင် "အရှင်မင်းကြီး....အရှင်မင်းကြီး၌စွဲကပ်နေသောရောဂါကို အကျွန်ုပ်ဆေးကုပါမည်၊ မကြောက်ပါလင့်၊ အနာရောဂါဖြစ်ခြင်းအကြောင်းရင်းကို ပြောကြားပါ"ဟု လျှောက်ထား၏၊ မင်းကြီးသည်—

"အမောင်....ဆေးကိုသာကုပါလော၊ အနာရောဂါဖြစ်ခြင်းအကြောင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ပြော၏၊ အရှင်မင်းကြီး....ဆေးသမားတို့မည်သည်မှာ အနာဖြစ်ခြင်းအကြောင်းကိုသိပါမှကုသနိုင်ပါသည်"—

ဟုလျှောက်ထားပြန်၏၊ မင်းကြီးသည် အနာဖြစ်ခြင်းအကြောင်းရင်းကို အလုံးစုံပြောကြားလေ၏။

**လောဘသက်သာမှု လျှောက်ထားပြု**

လုလင်သည် မင်းကြီးအား "မြတ်သောမင်းကြီး.... စိုးရိမ် ပူဆွေးခြင်းကြောင့် သုံးပြည်ထောင်ကို ရနိုင်မည်လော၊ မရနိုင်ပါဘဲလျက် အဘယ်ကြောင့်စိုးရိမ်ပူဆွေးဘိသနည်း၊အကယ်၍သုံးပြည်ထောင်ကိုရငြားအံ့၊သင်မင်းကြီးသည် တပြိုင်နက် ထမင်းလေးခွက်ကို စားနိုင်ပါမည်လော၊ အိပ်ရာလေးခုကို အိပ်နိုင်ပါမည်လော၊ အဝတ်တန်ဆာလေးခုကို ဝတ်ဆင်နိုင်ပါမည်လော၊ လောဘနိုင်ငံသို့လိုက်

ခြင်းသည် မသင့်၊ ထိုလောဘသည် ကြီးပွားသည်ရှိသော် အပါယ်လေးဘုံသို့ ကျရောက်တတ်၏''ဟု ဆုံးမလေ၏။

**လောဘတဏှာ နွားတော်ပမာ**

ထိုနောက်တဖန်မင်းကြီးအား နှိပ်စက်ညှဥ်းဆဲကာ ဖေါက်ပြန်သော လောဘတရား ပြောကြား လိုပြန်သဖြင့်—

''မြတ်သောမင်းကြီး....ဝတ္ထုကာမကိုတောင့်တသူအား အကယ်၍ပြည့်စုံအံ့၊ သတ္တဝါသည် လိုရာကိုရသည်ရှိသော် စင်စစ် နှစ်သက် ဝမ်းမြောက်၏၊ ဝတ္ထုကာမကို တောင့်တသောသူအား အကယ်၍ ပြည့်စုံအံ့၊ ထိုအခါမှစ၍ နောက်၌ နွေကာလ၌ ရေငတ်မွတ်သကဲ့သို့ဝတ္ထုကာမကို ငတ်မွတ်လေ၏။

နွားအပေါင်းတို့တွင် ဦးချိုရှိသောနွား၏ ဦးချိုသည် ပွားများလာသကဲ့သို့ ပညာမဲ့၍ မသိမိုက်မဲသောသူအား တောင့်တသော တဏှာလောဘသည်ရင်း,ခံစားလိုသော တဏှာလောဘသည်ရင်းလွန်စွာပွားများလာ၏။

လောဘနိုင်ငံသို့ လိုက်သောသူအား မြေပြင်၌ရှိသော သလေးခင်း, မုယောခင်း, နွား,မြင်း,ကျွန် အမှုလုပ်တို့ကို ပေးသော်လည်း အလိုမပြည့်နိုင်ဟုသိ၍မျှတစွာကျင့်ရာ၏''။

**လောဘနိုင်ရေး ပညာဆေး**

''ပြည့်ရှင်မင်းမည်သည်လူအပေါင်းကို နှိပ်စက်၍ သမုဒ္ဒရာ၏အတွင်းရှိမြေပြင်အလုံးကို အောင်နိုင် ရရှိသော်လည်း မရောင့်ရဲသော သဘောရှိသည်ဖြစ်၍ သမုဒ္ဒရာကမ်းတဘက်ကိုလည်းတောင့်တရာ၏။

ဤသို့ ကာမဂုဏ်တို့ကို တောင့်တနေသောသူ သည် စိတ်ဖြင့်ရောင့်ရဲခြင်းကိုမရနိုင်၊ ထိုကာမဂုဏ် မှ ဆုတ်နစ်ဘဲကြဉ်ကာ အပြစ်ကို ဉာဏ်ဖြင့်မြင်၍ ပညာဖြင့် ပြည့်သောသူတို့သည် စင်စစ်ကောင်းမွန် စွာရောင့်ရဲခြင်းကို ရနိုင်ကုန်၏။

ပညာဖြင့် ရောင့်ရဲနိုင်သော သူသည်သာ မြတ် ၏၊ ကာမဂုဏ်တို့ဖြင့် မပူပန်၊ ပညာဖြင့် ရောင့်ရဲနိုင် သောသူကို တဏှာလောဘသည်မိမိအလိုသို့မလိုက် စေနိုင်။

ကာမဂုဏ်တို့ကို ဖျက်ဆီးရာ၏၊ အလိုနည်း လျက် မလျှပ်မပေါ်ရာ၊ သမုဒ္ဒရာနှင့်တူသောပညာ ရှိသောသူသည် ကာမဂုဏ်တို့ဖြင့် မပူပန်။

သားရေနယ် သမားသည် ဘိနပ် လှီးရာ၌ ပြတ်သောသားရေတို့ကို ပယ်စွန့်သကဲ့သို့ အနည်း ငယ်သော ကာမဂုဏ်ကို ပယ်စွန့်သည်ရှိသော် အနည်းငယ်သော ချမ်းသာသည် ပြည့်စုံ၏၊ အလုံး စုံသော ချမ်းသာကို အလိုရှိသော် အလုံးစုံသော ကာမဂုဏ်ကိုပယ်စွန့်ရာ၏”။

ဟုမင်းကြီးအား တရားဟောပြန်၏။

**ရောဂါကင်းပျောက်**
**လုလင်ချီးမြှောက်**

ဤသို့တရားဟောစဉ် ထီးဖြူကို အာရုံ ပြု၍နေသော လုလင်အား ဩဒါတ ကသိုဏ်းလျှင် အာရုံရှိသောဈာန်သည် ဖြစ်လေ၏၊ မင်းကြီးလည်း အနာရောဂါ ကင်းပျောက် လျက် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ နေရာမှ

ထပြီးလျှင်“ငါ၏ရောဂါကို ဤမျှလောက်သောဆေးသမား ကြီးတို့ပင် မကုစားနိုင်ကုန်၊ ဤလုလင်ကား ကာမဂုဏ် တို့အပြစ်ကိုပြကာ ကုစားသဖြင့် ပျောက်ကင်းပေ၏”ဟု ပြောဆိုချီးကျူးလျက် လုလင်အား ရှစ်ဂါထာတို့ဖြင့်တရား ဟောသည်ကိုအစွဲပြု၍ ရှစ်ထောင်သော အသပြာတို့ဖြင့် ပူဇော်လေ၏။

**တဏှာပယ်မှု ရဟန်းပြု**

ထိုအခါလုလင်သည် “မြတ်သောမင်း ကြီး.... အကျွန်ုပ်သည် မင်းကြီးပေး သော အသပြာတို့ဖြင့် အလိုမရှိပါ၊ နောက်ဆုံးဂါထာကို ရွတ်ဆိုစဉ် အကျွန်ုပ်၏ စိတ်သည် ကာမဂုဏ်တို့၌ မမွေ့လျော်တော့ပါ”ဟု လျှောက်ထား လေ၏၊ မင်းကြီးလည်း အတိုင်းထက်အလွန်နှစ်သက်သည် ဖြစ်၍“အချင်းတို့....ဤလုလင်ကား ပညာရှိပေစွ၊ဝဋ်ဆင်း ရဲကို ဖြစ်စေတတ်သောတဏှာကိုသိပေစွ၊ ကောင်းပေစွ” ဟုချီးကျူးပြန်၏။

လုလင်လည်း မင်းကြီးအား မင်းကျင့်တရား ဆယ်ပါး နှင့်ညီညွတ်၍ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရန်ဆုံးမ ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့သွား၍ ရသေ့ ရဟန်းပြုကာ မယုတ်လျော့သော ဈာန်ရှိသည်ဖြစ်၍ သေ လွန်သည်၏အဆုံး၌ ဗြဟ္မာပြည်သို့လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ တကျော်နိုင်ငံသို့ လိုက်သောမင်းသည်-ယခု အခါပုဏ္ဏား။
※ ပညာရှိလုလင်သည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဝတ္ထုကာမ၊ လိုရာရ၊ မုချနှစ်သက်မြဲ။
(၂) ရလေလိုလေ၊ ဆားငန်ရေသောက်လေသူဘို့နဲ့။
(၃) တကျော်တွေ့ပွား၊ သူ့မိုက်များ၊ လားလိမ့်ပါယ်ငရဲ။
(၄) ရှောင့်ရဲပယ်ခွါ၊ ပညာဝါ၊ ချမ်းသာရစမြဲ၊

ကာမဇာတ်ပြီး၏။

---

# ၄၆၇-ဇနသန္ဓဇာတ်

**ပန္နရသနိပါတ်။**

**မင်းမှာန် ယစ်လျက် မေ့လျော့ချက်** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်း ကြီးသည် အစိုးရခြင်းမာန်ယစ်သဖြင့် ကိလေသာ မြူး၏၊ တရားလည်း မဆိုးဖြတ်၊ မြတ်စွာဘုရားထံလည်း ဆည်း မကပ်လေ၊ တနေ့သ၌သတိရ၍ မြတ်စွာဘုရားထံသို့ ဆည်း ကပ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ကြာမြင့်မှ လာခြင်းအကြောင်းကို မေးတော်မူပြီးလျှင်

"မြတ်သောမင်းကြီး… အဆုံးအမပေးတတ်သောငါဘုရား ရှိပါလျက် အဘယ်ကြောင့် မလာသနည်း၊ ငါဘုရားဆုံးမ အပ်သည်ဖြစ်၍ သင်မင်းကြီးသည် တရားနှင့်အညီ မင်းပြု ပေ၏၊ ထိုသို့တရားနှင့်အညီ မင်းပြုခြင်းကား အံ့ဘွယ်မရှိ သေး၊ ရှေးပညာရှိတို့သည် ဆုံးမတတ်သော သူမရှိသော် လည်း မိမိတို့ပကတိသဘောအားဖြင့် သုစရိုက်သုံးပါး၌ တည်ကာ တရားနှင့်အညီ မင်းပြုဘူးပြီ"ဟု မိန့်တော်မူ ကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အလှူဝတ်ပြည့်စုံ ၆-သိန်းကုန်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရား အလောင်းသည် ထို ဗြဟ္မဒတ်မင်း၏ သားတော်ဖြစ်၍ ဇနသန္ဓအမည်ရှိသတတ်၊ ထိုဇနသန္ဓမင်းသားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် ခမည်း တော်မင်းကြီးထံ ပြန်ရောက်လာသောအခါ ခမည်းတော် မင်းကြီးသည် အိမ်ရှေ့မင်းအဖြစ်ကိုပေးလေ၏။

ခမည်းတော်မင်းကြီးနတ်ရွာစံသောအခါ မင်းအဖြစ်ကို ရ၍ ဇနသန္ဓမင်းဟု ထင်ရှားလေ၏၊ မြို့တံခါးလေးမျက်နှာ, မြို့လယ်,နန်းတော်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်း ကုပ်တို့ကို ဆောက်လုပ်စေပြီးလျှင် နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသောအသပြာတို့ကို အကုန်အကျခံကာအလှူ ကြီးကို ပေးလှူလေ၏၊ နှောင်အိမ်တို့ကိုလည်း အမြဲဟင်း လင်းပွင့်စေ၏၊ သင်္ဂဟတရား လေးပါးတို့ဖြင့် လူအပေါင်း

တို့အား သင်္ဂြိုဟ်ထောက်ပံ့တော်မူ၍၊ ငါးပါးသီလ,ရှစ်ပါး သီလကိုဆောက်တည်လျက် တရားနှင့်အညီမင်းပြုလေ၏။

**နောက်ဖြစ်ဆင်ခြင် သတိဝင်**

လူအပေါင်းတို့ကိုလည်း အလှူပေးကြကုန်၊ သီလဆောက်တည် ကြကုန်၊ ဘာဝနာကို ပွားများကြကုန်၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကြိုးစား အားထုတ်ကြကုန်" ဟု ဆုံးမ၏၊ တရားဟော၏၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသောအခါ၌ ဇနသန္ဓမင်းကြီး ဟောအပ်သော တရားတို့ကို ကောသလမင်းကြီးအား ထင်ရှားစွာဟော ပြတော်မူ၏။

"မြတ်သော မင်းကြီး.... ဤဆယ်ပါးသော အကြောင်းအရာ လုပ်ငန်းကိစ္စတို့ကို ရှေးအခါ၌ မပြုလုပ်ခဲ့မိသောသူသည် နောက်အခါ၌ စိုးရိမ်ပူပန်ရတတ်၏"ဟုဇနသန္ဓမင်းကြီးဟောခဲ့သတတ်။

ရသင့်ရထိုက်သော ဥစ္စာပစ္စည်းကို မရသည်ရှိသော် စိုးရိမ်ပူပန်ရ၏၊ ငါသည် ငယ်ရွယ်စဉ်အခါ ပစ္စည်းဥစ္စာကို မဆည်းပူး,မစုဆောင်းမိဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏"။

**သတိဖြစ်မှု သံဝေပြု**

အတတ်ပညာမရှိသူအား အသက်မွေးရခြင်းသည် ဆင်းရဲငြိုငြင်လှ၏၊ငါသည် ငယ်ရွယ်စဉ်အခါ၌ အတတ်ပညာကို မသင်ကြားခဲ့မိပေဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

"ငါသည် ငယ်ရွယ်စဉ်အခါ၌ ကောက်ကျစ်စဉ်းလဲသောအမှုကိုပြုခဲ့မိ၏၊ သူတပါးကျောကုန်း

သားကို စားသကဲ့သို့ ချောပစ်ကုန်းတိုက်သော စကားကိုဆိုမိခဲ့၏၊ ကြမ်းကြုတ်သောစကားကို ဆိုမိခဲ့၏ဟု အိုမင်းသောအခါစိုးရိမ်ပူပန်ရ၏''။

''ငါသည် ငယ်ရွယ်စဉ်အခါ သူ့အသက်ကို သတ်မိ၏၊ ရက်စက်ကြမ်းကြုတ်ခဲ့၏၊ ယုတ်မာခဲ့၏၊ သတ္တဝါတို့၌ သနားခြင်းကိုမပြုခဲ့မိ-ဟုအိုမင်းသော အခါ စိုးရိမ်ပူပန်ရ၏''။

''ငါသည်ငယ်ရွယ်စဉ်အခါသူတပါးတို့မသိမ်းဆည်းအပ်သော မိန်းမအများရှိပါလျက်သူတပါး မယားကို မှိဝဲကျူးလွန်မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏''။

**ကိုယ်ကျင့်မရှိမှု စိုးရိမ်မှု**

''ငါသည် ငယ်ရွယ်စဉ်အခါ ထမင်း အဖျော် ဥစ္စာစီးပွားများ ရှိပါလျက် အလှူဒါနကို မလှူဒါန်းမိခဲ့ဟု အိုမင်း သောအခါ စိုးရိမ်ပူပန်ရ၏''။

''ငါသည် ငယ်ရွယ်စဉ်အခါ၌ ဥစ္စာအား,ကိုယ် အားဖြင့် စွမ်းနိုင်ပါလျက် အိုမင်းသောအမိအဘ တို့ကို မကျွေးမွေးမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏''။

''ငါသည်လက်ဦးဆရာဖြစ်၍ ဆုံးမပဲ့ပြင်လျက် အလုံးစုံသော ဝတ္ထုကာမ အရသာကို ဆောင်၍ ကျွေးမွေးပေသောအဘကို မထေမဲ့မြင် ပြုမိခဲ့၏ဟု နောက်အခါစိုးရိမ်ပူပန်ရ၏''။

ကောင်းမှုပြုရ စိုးရိမ်ကွာ

"ငါသည်ရှေးအခါသီလရှိ၍ဗဟုသုတများသော ရဟန်း ပုဏ္ဏား တို့ကို မဆည်းကပ်မိခဲ့ဟု နောက်အခါစိုးရိမ်ပူပန်၏"။

"ငါသည် ရှေးအခါငြိမ်သက်သောဆည်းကပ်အပ်သော မြိုးမြီသောအကျင့်ရှိပါလျက် မကျင့်မိခဲ့ဟုနောက်အခါ စိုးရိမ်ပူပန်ရ၏"။

"မြတ်သော မင်းကြီး.... ဤဆယ်ပါးသော အကြောင်းအရာလုပ်ငန်းကိစ္စတို့ကို ပြုလုပ်ခဲ့မိသောသူသည် နောက်အခါ၌စိုးရိမ်ပူပန်ခြင်းမရှိပါ"—

ဟုလခဲ့တကြိမ် လူအများအား တရားဟော၏၊ လူအများလည်း ဇနသန္ဓမင်းကြီး၏ အဆုံးအမ၌ တည်လျက် ဆယ်ပါးသော အကြောင်းအရာလုပ်ငန်းကိစ္စတို့ကို ပြုလုပ်ဆည်းပူးကြသဖြင့် သေလွန်သောအခါနတ်ပြည်သို့ လားကြရ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ရှေးအခါ ဇနသန္ဓမင်းကြီး၏ ပရိသတ်သည်- ယခုအခါ ငါဘုရား၏ပရိသတ်။

※ ဇနသန္ဓမင်းကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ဥစ္စာမရ၊ငယ်စဉ်က၊နောင်တပူပန်မည်။
(၂) ပညာမရ၊ငယ်စဉ်က၊နောင်တပူပန်မည်။
(၃) စဉ်းလဲတဖြာ၊ကုန်းချောလာ၊နောင်ခါပူပန်မည်။
(၄) သနားမညှာ၊သတ်ပုတ်လာ၊နောင်ခါပူပန်မည်။
(၅) သူ့မယားသာ၊လွန်ကျူးသာ၊နောင်ခါပူပန်မည်။
(၆) ဥစ္စာရှိခိုက်၊မလှူလိုက်၊နောင်၌ပူပန်မည်။
(၇) အမိအဘ၊မကျွေးက၊နောင်တပူပန်မည်။
(၈) မထေပြုလျှင်၊ဆရာရှင်၊နောင်တွင်ပူပန်မည်။
(၉) ရဟန်းပုဏ္ဏား၊မကပ်ငြား၊နောင်ကားပူပန်မည်။
(၁၀) ခြိုးခြံကျင့်ကောင်း၊မကျင့်တောင်း၊နောင်နှောင်းပူပန်မည်။

ဇနသန္ဓဇာတ်ပြီး၏။

---

## ၄၆၉—မဟာကဏှဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မဂ်ဖိုလ်ချမ်းသာ ပေးစွမ်းရာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ မြတ်စွာဘုရားသည် သတ္တဝါတို့ အကျိုးစီးပွားအလို့ငှါ ကျင့်တော်မူ၏၊ သတ္တဝါတို့အား မဂ်ဖိုလ်နိဗ္ဗာန်ကိုပေးတော်မူ၏၊ အယုတ်ဆုံး သရဏဂုံ သီလ၌ တည်စေတော်မူ၏၊ စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး၍နေခိုက် မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့…ယခုအခါ ငါဘုရားသည် မြတ်သော သဗ္ဗညုအဖြစ်

သို့ရောက်တော်မူ၍ သတ္တဝါတို့အကျိုးစီးပွားအလို့ငှါ ကျင့်တော်မူခြင်းကား အံ့ဩဘွယ်မရှိသေး၊ ရှေးအခါ ရာဂနှင့်တကွဖြစ်တော်မူလျက် သတ္တဝါတို့ အကျိုးစီးပွား အလို့ငှါ ကျင့်တော်မူသည်သာတည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သာသနာမှေးမှိန်ပျက်စီးချိန်**

လွန်လေ ပြီးသောအခါ ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ဗာရာဏသီပြည်ဝယ် ဥသိနကမင်း မင်းပြုတော်မူ၏၊ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ ကာလကြာမြင့်လတ်သော် သာသနာတော်သည် ဆုတ်ယုတ်လေ၏၊ ရဟန်းတို့သည် တဆယ့်နှစ်ပါးသော အနေသနတို့ဖြင့်အသက်မွေးကြကုန်၏၊ လူတို့နှင့်၎င်း, ရဟန်းမိန်းမတို့နှင့်၎င်း ရောယှက်ကြကုန်၏၊ အိမ်ထောင်ခြင်း,သားမွေးခြင်းကိုပြုကြကုန်၏၊ ရဟန်းရှင်လူအပေါင်းတို့သည် မိမိတို့ကျင့်ဝတ်ကိုစွန့်လွှတ်ကြကုန်၏၊ အကုသိုလ်တရားကို ပြုကျင့်ကြလျက် သေလွန်သောအခါ အပါယ်သို့ လားကြကုန်၏၊ နတ်ပြည်တို့သည် ဆိတ်သုဉ်းကုန်၏။

**သိကြားဆင်းလာ ပရိယာယ်ရှာ**

ထိုအခါ သိကြားမင်းသည် နတ်ပြည်၌ နတ်သား, နတ်သမီးသစ်တို့ကို မမြင်သဖြင့် လူ့ပြည်သို့ ကြည့်လတ်သော် မြတ်စွာဘုရား၏သာသနာတော် ဆုတ်ယုတ် ပျက်စီးနေသည်ကို မြင်လေ၏၊ထိုအခါ သိကြားမင်းသည် လူတို့ကိုခြိမ်းချောက်၍ နောက်မှ နှစ်သိမ့်စေပြီးလျှင် သာသနာတော်ကို နှစ်

ပေါင်းတထောင်တည်အောင် ချီးမြှောက်မည်ဟု ကြံစည်ကာ မာတလိနတ်သားကို ငှက်ပျောဖူးပမာ အစွယ်ရှိ၍ မည်းနက်ညိုမှောင်လျက် ကိုယ်ဝန်ဆောင် မိန်းမတို့မြင်လျှင်လန့်ဖျပ်ကာ ကိုယ်ဝန်ကျလောက်အောင် ကြောက်မက်ဖွယ်ရှိ၍အာဇာနည်ဆင်ပမာဏရှိသောခွေးနက်ကြီးအဟန်ဘန်ဆင်းစေ၍ ငါး၄ာနတို့၌ ကြိုးတို့ဖြင့်ဘွဲချည်ကာ လည်ပင်းတွင်နီရဲသောပန်းကို ဆင်မြန်းစေလျက် မိမိကိုယ်တိုင်ကား ကြိုးစွန်းကိုကိုင်လျက် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်၍ နီမြန်းသောပန်းကိုဆင်မြန်းလျက် လေးကိုကိုင်ကာ မုဆိုးကြီးအသွင် ဖန်ဆင်းပြီးလျှင် ခွေးနက်ကြီးကို ကိုင်ဆွဲ၍ မြို့တော်၏အနီး တယူဇနာမျှဝေးသော အရပ်တွင်နေလျက် (လောကသည်ပျက်လတံ့-လောကသည်ပျက်လတံ့) ဟု သုံးကြိမ်တိုင်တိုင်ကြွေးကြော်ကာ လူအပေါင်းကို ထိတ်လန့်စေ၏၊ မြို့အနီးသို့ရောက်လျှင်လည်း တဖန်ကြွေးကြော်ပြန်၏။

**မုဆိုးနှင့်ခွေးမြင်ရ ကြောက်လန့်ကြ** လူတို့သည် မုဆိုးနှင့် ခွေးနက်ကြီးကို မြင်လျှင် ထိတ်လန့်တကြား ပြေးလွှားကာ မြို့တွင်းသို့ဝင်ကုန်လျက် မင်းကြီးအားလျှောက်ထားကြကုန်၏၊ မင်းကြီးလည်း လျင်မြန်စွာ မြို့တံခါးတို့ကို ပိတ်စေ၏၊ သိကြားမင်းလည်း ဆယ့်ရှစ်တောင်မြင့်သော မြို့တံခါးကိုခုန်လွှား၍ ခွေးနက်ကြီးနှင့် တကွ မြို့တွင်းသို့ဝင်လေ၏၊ ခွေးနက်ကြီးလည်း မြင်တိုင်းမြင်တိုင်းသောသူတို့ကိုလိုက်၍ ထိတ်လန့်စေ၏၊လူတို့လည်း တလကြိမ်းပြေးလွှားကာအိမ်တွင်း၌ပုန်းအောင်းကြကုန်၏၊ မုဆိုးနှင့် ခွေးနက်ကြီးတို့သည် တဖန် မင်းကြီးနန်းတော်သို့

သွားကုန်၏၊ မင်းကြီးလည်း တံခါးတို့ကို ပိတ်စေပြီးလျှင် မောင်းမတို့ကို နန်းပြာသာဒ်ပေါ်သို့တက်စေ၏၊ခွေးနက်ကြီးလည်း လက်နှစ်ဘက်တို့ကို လေသွန်တံခါး၌ထားကာ ပြင်းထန်စွာဟောင်လေ၏၊ ထိုခွေးနက်ကြီး၏ အသံသည် အထက်၌ဘဝဂ် အောက်၌ အဝီစိတိုင်အောင်ရောက်၍ စကြဝဠာတတိုက်လုံး ပွဲ့တင်ထပ်၏။

[မှတ်ချက်-ဝိဓုရဇာတ်၌ပုဏ္ဏကဘီလူးအသံ၊ ကုသဇာတ်၌ ကုသမင်းကြီးအသံ၊ဘူရိဒတ်ဇာတ်၌ သုဒဿန နဂါးမင်းအသံ၊ ဤမဟာကဏှဇာတ်၌ခွေးနက်ကြီးအသံ၊ ဤအသံကြီးလေးမျိုးတို့သည် ဇမ္ဗူဒိပ်တကျွန်းလုံးကြားသော အသံကြီးတို့ဖြစ်ကုန်၏။]

**ခွေးဟောင်သည့်ရေး မင်းကြီးမေး**

လူတို့သည် အလွန် ကြောက်လန့်ကုန်သည်ဖြစ်၍ တစုံတယောက်သောသူမျှ သိကြားမင်းနှင့် စကားမပြောဝံ့ကုန်၊ ထိုအခါ မင်းကြီးသည် သတိကိုဖြစ်စေ၍ လေသွန်တံခါးကို မှီလျက် "အို-မုဆိုးကြီး.... သင့်ခွေးနက်ကြီးသည် အဘယ်ကြောင့်ဟောင်သနည်း"ဟု မေး၏၊"မြတ်သောမင်းကြီး.. ဆာမွတ်သောကြောင့် ဟောင်သည်"ဟု ပြော၏၊"မင်းကြီးသည် ဆာမွတ်လျှင်ထမင်းကျွေးမည်"ဟု နန်းတော်တွင်းရှိ အလုံးစုံသော ထမင်းတို့ကို ပေးစေ၏၊ ခွေးနက်ကြီးသည် တလုပ်ထည်းကဲ့သို့ဟပ်၍စားပြီးလျှင် ဟောင်ပြန်၏၊ တဖန် ဆင်စာ မြင်းစာ ထမင်းတို့ကိုပေးစေ၏၊ ၎င်းတို့ကိုလည်း တလုပ်ထည်းကဲ့သို့ဟပ်၍စားပြီးလျှင် ဟောင်ပြန်၏၊ တဖန် တပြည်လုံးစုရုံး၍ ရသမျှထမင်းကိုပေးစေ၏၊ စားပြီးလျှင် ဟောင်ပြန်၏။

**ကိုယ်ကျင့်ပျက်ပြား ရန်သူများ**

ထိုအခါ မင်းကြီးသည် ဤခွေးသည် ခွေးစင်စစ်မဟုတ်၊ ဤသူလည်း မုချ ဘီလူးဖြစ်မည်ဟု ကြံစည်လျက်—

"အို-မှူးဆိုးကြီး····မည်းနက်ညိုမှောင် ကြောက်မက်ဘွယ်အဆင်းရှိလျက် ဖြူစင်သော အစွယ်လေးချောင်းမှ အရောင် တပြောင်ပြောင်ထွက်ကာ ကြီးငါးချောင်းတို့ဖြင့် ဤခွေးနက်ကြီးကို ဖွဲ့ချည်ထားဘိ၏၊ ထိုခွေးနက်ကြီးသည် အဘယ့်ကြောင့်ဟောင်သနည်း"—


ဟု ကြောက်လန့်တကြား မေးမြန်းလေ၏၊ မင်းကြီး၏စကားကိုကြားလျှင် သိကြားမင်းသည်—

"အို-မြတ်သောမင်းကြီး···ဤခွေးနက်ကြီးကား ထမင်း သားငါးတို့ကို စားလို၍ ဟောင်သည်မဟုတ်၊ တရားပျက်သောလူတို့ကို စားလို၍ဟောင်၏၊ လူတို့ တရားပျက်သောအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"—

ဟု မင်းကြီးအား ပြောကြားလေ၏။

**သာသနာဖျက်များ ခွေးကစား**

မင်းကြီးသည် တဖန် "အို-မှူးဆိုးကြီး··· သင့်ခွေးနက်ကြီးသည် အလုံးစုံသောသူတို့ကို စားမည်လား၊ သို့တည်းမဟုတ် ရန်သူသာစားမည်လား"ဟု မေးပြန်၏၊ သိကြားမင်းသည် "မြတ်သောမင်းကြီး···· အလုံးစုံသောသူတို့ကို မစားပါ၊ ရန်သူကိုသာ စားလိမ့်မည်"ဟု ပြော၏၊ "အဘယ်သူသည် ရန်သူဖြစ်သနည်း"ဟု မေးပြန်၏၊ ထိုအခါ သိကြားမင်းသည်—



P.131 သာသနာ့ဆုတ်ယုတ်ချိန် လူတို့အား မာတလိခွေးနက်ကြီးကိုပြ၍ ထိတ်လန့်စေကာ သိကြားမင်းမှဆိုးသာသနာပြုနေပုံ

"မြတ်သောမင်းကြီး···· ရဟန်းယုတ်တို့သည် သပိတ်လက်စွဲကာ ဦးပြည်းတုံးလျက် ကိုယ်ဝတ်ဒုကုဋ်တို့ကို ဝတ်ရုံ၍ ထွန်တို့ဖြင့် လယ်ယာတို့ကို ထွန်ကြလိမ့်မည်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"ရဟန်းယုတ်တို့သည် သပိတ်လက်စွဲကာ ဦးပြည်းတုံးလျက် ကိုယ်ဝတ်ဒုကုဋ်တို့ကို ဝတ်ရုံကုန်၍ သာသနာတော်၌ အထီးကျန်ကာ ကာမဂုဏ်တို့ကို ခံစားကြလိမ့်မည်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"ရဟန်းယုတ်တို့သည်ရှည်သောအရပ်၌တည်ကာ သွားချေးများကုန်လျက် ဦးခေါင်း၌ မြူမှုန်အလိမ်းအလိမ်း ကပ်ကာ ဆံကျစ်ရှိကြ၍ ကြွေးမြီချေးငှါးတောင်းရမ်းကြလိမ့်မည်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှ လွတ်လိမ့်မည်"။

မိဘကျေးဇူးမှု ပျက်စီးသူ

"ပုဏ္ဏားတို့သည် ဗေဒင်ကျမ်း,သာဝိတ္တိကျမ်း, ယဇ်ပူဇော်သော ကျမ်းတို့ကို အဘိုးအခယူ၍ သင်ကြားကြလိမ့်မည်၊ ယဇ်ကို ပူဇော်ကြလိမ့်မည်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"လူတို့သည် ကိုယ်အား ပစ္စည်းအားဖြင့် စွမ်းနိုင်ကြပါလျက် အရွယ်ကြီး၍ အိုမင်းပြီးသောအမိအဘတို့ကို မမွေးမြူဘဲထားကြလိမ့်မည်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"အရွယ်ကြီး၍ အိုမင်းပြီးသောအမိအဘတို့ကို 'သင်တို့သည် အလွန်မိုက်မဲကုန်၏၊ ဘာတခုမျှမသိကြကုန်'ဟု ပြောဆိုကြလိမ့်မည်၊ထိုအခါ၌ခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"ဆရာ့မယား၊ အဆွေခင်ပွန်းမယား၊ ဦးရီးမယား၊ ဘထွေးမယားတို့ကို လောက၌ ပြစ်မှားလွန်ကျူးကြလိမ့်မည်၊ ထိုအခါ ၌ခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

နိုးသူလိမ်ညာ ပျက်စီးရာ

"ပုဏ္ဏားတို့သည်သန်လျက်ကာကိုကိုင်ဆောင်ကုန်လျက်လမ်းခရီးတို့၌ လုယက်ဖျက်ဆီးကြလိမ့်မည်၊ ထိုအခါခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"ဖြူစင်သော အရေအဆင်း ကြီးမားသောကိုယ်လက်ရှိကုန်လျက် ဥစ္စာကိုမရှာ မိန်းမကျူးသူတို့သည် အချစ်ပျက်ခြင်းကိုပြုကြလိမ့်မည်၊ ထိုအခါ ၌ခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"။

"လောက၌ မျက်မှောက်ထင်ထင် လှည့်ပတ်ခြင်း၊ အတုပြု၍လှည့်ပတ်ခြင်း၊ မကောင်းသောအကြံအစည်ကို ကြံစည်ခြင်းတို့ကို ပြုကြလိမ့်မည်၊ ထိုအခါ ၌ခွေးနက်ကြီးသည် ငါ့လက်မှလွတ်လိမ့်မည်"–

ဟု မင်းကြီးအား လူတို့ကိုစားသောက်ရန် ခွေးနက်ကြီးလက်မှ လွတ်ထွက်ခြင်းအကြောင်းတို့ကို ပြောကြားပြီးလျှင် ဒုသီလသည် ရန်သူဖြစ်ကြောင်း ပြောကြား ပြန်လျက်

မကောင်းမှုပြုသောသူတို့ကို ကိုက်၍ စားအံ့သကဲ့သို့ ပြု၍ ပြလေ၏။

**သိကြားအသွင်ပြ ဆိုဆုံးမ**

လူတို့ထိတ်လန့်သောအခါ ခွေးနက်ကြီးကို ကြိုးဖြင့်ဆွဲငင်သကဲ့သို့ပြုပြီးလျှင် မုဆိုးအသွင်ကိုစွန့်၍ သိကြားမင်းအသွင်ကိုယူကာ ကောင်းကင်၌ရပ်လျက် "မြတ်သောမင်းကြီး.... ငါသည် မုဆိုးမဟုတ်၊ သိကြားမင်းတည်း၊ ဤလူအပေါင်းသည် ပျက်စီးဘိ၏၊ ထိုကြောင့်ငါလာခဲ့သည်၊ လူတို့သည် တရားစောင့်ကြကုန်လော့၊ ဤနေ့မှစ၍ ငါသည် တရားမစောင့်သောသူတို့ကို စားစေမည်ဟု ခြိမ်းချောက်ပြီးလျှင် သတ္တရပဟ လေးဂါထာတို့ဖြင့် တရားဟော၍ ဆုတ်ယုတ်နေသောသာသနာတော်ကို နောက်ထပ်တဖန် အနှစ်တထောင်တည်ရစ်အောင် ချီးမြှောက်ခဲ့၍ မာတလိနတ်သားနှင့်တကွ မိမိနေရာတာဝတိံသာနတ်ပြည်သို့သွားလေ၏။

မင်းကြီးနှင့်တကွ လူတို့လည်း သိကြားမင်း၏ အဆုံးအမ၌တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြလျက် သေလွန်သောအခါ နတ်ပြည်သို့ လားကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်--

ရဟန်းတို့....

※ ထိုအခါ မာတလိနတ်သားသည်- ယခုအခါ အာနန္ဒာ။

※ သိကြားမင်းသည်- ငါဘုရားဖြစ်လာပြီ--

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သတ္တဝါများ၊ ကျိုးစီးပွား၊ မမှားပြုအပ်စွာ။
(၂) မတရားပျောက်၊ လူငြိမ်းချောက်၊ ချီးမြှောက်သာသနာ။
(၃) ခွေးနက်,မှုဆိုး၊ စားဟန်ပြိုး၊ ပြရိုးနတ်ရာဇာ။

မဟာကဏှဇာတ်ပြီး၏။

## ၄၇၀—ကောသိယဇာတ်

[ကောသိယဇာတ်သည် သုဓာဘောဇနဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

## ၄၇၁—မေဏ္ဍကပဉှာဇာတ်

[မေဏ္ဍကပဉှာဇာတ်သည် မဟာဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

## ၄၇၂—မဟာပဒုမဇာတ်

ပန္နရသနိပါတ်။

ငှဿစ္စသိမ်ညာ စိဉ္စမာ — နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တိတ္ထိတို့သည် လာဘသက္ကာရမှ ဆုတ်ယုတ်သည်ဖြစ်၍ စိဉ္စမာနဝိကာအား မြတ်စွာဘုရားကို မဟုတ်မမှန်စွပ်စွဲဖျက်ဆီးရန် တိုက်တွန်းကုန်၏။

စိဉ္စမာနဝိကာလည်း တိတ္ထိတို့တိုက်တွန်းသောအတိုင်း မြတ်စွာဘုရားကို ဖျက်ဆီးလိုသဖြင့် ညအခါ ဇေတဝန်

ကျောင်းတော်သို့သွား၍အိပ်ဟန်ပြုကာသစ်သားပျဉ်ချပ်ဖြင့် ကိုယ်ဝန်ဆောင်ဟန်ပြု၍ ညချမ်းအခါ တန်ဆာဆင်အပ်သော တရားဟောပလ္လင်ထက်၌ တင့်တယ်စွာတရားဟောတော်မူစဉ် လာလတ်၍ မြတ်စွာဘုရားကိုစွဲ၍ ကိုယ်ဝန်ရကြောင်း ပရိသတ်လေးပါးတို့အလယ်တွင် မဟုတ်မမှန်ကြိဖန်စွပ်စွဲလေ၏။

**ပြစ်မှားစိတ်မိုက်**
**ဂရုကံထိုက်**

ထိုအခိုက် သိကြားမင်းသည် နတ်သားလေးယောက် နှင့်တကွ လာပြီးလျှင် ကြွက်ငယ်အဟန် ဘန်ဆင်းစေ၍ သစ်သားပျဉ်ချပ်တွင် ဖွဲ့ချည်သောကြိုးတို့ကို ကိုက်ဖြတ်စေ၏၊ ထိုအခါ ကိုယ်ဝန်ဆောင်အဟန်ပြုလုပ်ထားသော ပျဉ်ချပ်သည် စိဉ္စမာနဝိကာ၏ ခြေဘမိုးပေါ်သို့ကျသဖြင့် ခြေဖျားနှစ်ဘက်တို့သည်ပြတ်ကုန်၏၊ လူတို့သည် ပျဉ်ချပ်ကိုမြင်လျှင် ထ၍ စိဉ္စမာနဝိကာအား "ဟယ်-အယုတ်မ···· နင်အဘယ်ကြောင့်မြတ်စွာဘုရားကို မဟုတ်မမှန်စွပ်စွဲဘိသနည်း" ဟု ကြိမ်းမောင်းလျက် ဦးခေါင်းထက်၌ တံတွေးထွေးပြီးလျှင် ဇေတဝန်ကျောင်းတော်မှ နှင်ထုတ်ကုန်၏၊ စိဉ္စမာနဝိကာလည်းမြတ်စွာဘုရားမြင်တော်မူရာ ဥပစာကိုလွန်လျှင် မြေမျို၍ အဝီစိငရဲသို့ကျလေ၏။

ရဟန်းတို့သည် တရားသဘင်၌ စိဉ္စမာနဝိကာ အကြောင်းကို စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့···· စိဉ္စမာနဝိကာသည် ယခုအခါ၌သာ ငါဘုရားကိုမဟုတ်မမှန် စွပ်စွဲသဖြင့် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်သည်မဟုတ်၊

ရှေးအခါ၌လည်း ရောက်ဘူးပြီ''ဟု မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**သားကိုချစ်၍ မင်းအရာ** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း မိဖုရားကြီးဝမ်း၌ဖြစ်၍ မွေးဖွားသောအခါ ပဒုမာကြာနှင့်တူသော ကြက်သရေရှိသော မျက်နှာရှိသည်ဖြစ်၍ မဟာပဒုမမင်းသားဟု အမည်မှည့်ကုန်၏၊ ထိုမဟာပဒုမ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြား တတ်မြောက်ပြီးလျှင် တိုင်းပြည်သို့ပြန်၍လာခဲ့၏၊ ထိုအခါ မယ်တော်မိဖုရားကြီးသည် နတ်ရွာစံလေ၏၊ မင်းကြီးလည်း တပါးသော မင်းသမီးကို မိဖုရားကြီးရာထူးကိုပေး၍ မဟာပဒုမမင်းသားကိုလည်း အိမ်ရှေ့မင်းရာထူးကိုပေးလေ၏။

**ဘေးရန်အောင်မြင် မြို့တော်ဝင်** နောက်အဘို့၌ ဗြဟ္မဒတ် မင်းကြီးသည် ပုန်ကန်ထကြွသော ပစ္စန္တရစ်ကို ငြိမ်းစေခြင်းငှါ သွားသည်ရှိသော် မိဖုရားကြီးကို ခေါ်၍ ''ရှင်မ.... မပျင်းမရိ နေရစ်လော့၊ငါ ပစ္စန္တရစ်သို့သွားမည်၊ တိုင်းပြည်ကို အိမ်ရှေ့မင်းအားအပ်နှင်းခဲ့သည်၊သင်အလိုရှိရာကို အိမ်ရှေ့မင်းအားပြောကြားစေခိုင်းလေ၊ အိမ်ရှေ့မင်းပြုလုပ်ဆောင်ရွက်၍ပေးလိမ့်မည်ဟု မှာထားပြီးလျှင် စစ်သည်ဗိုလ်ပါနှင့်တကွ ပစ္စန္တရစ်သို့သွားလေ၏၊ ပစ္စန္တရစ်ကို ငြိမ်းအေးစေပြီးလျှင် မြို့တော်

သို့ပြန်လာ၍ သစ်ခက်တဲနန်း၌နေကာ ပြန်လာကြောင်းကို အိမ်ရှေ့မင်းအား ပြောကြားစေ၏၊ အိမ်ရှေ့မင်းလည်း ခမည်းတော် ပြန်လာကြောင်းကိုသိလျှင် တမြို့လုံး တန်ဆာဆင်စေ၍ နန်းတော်ကိုလည်း တန်ဆာဆင်စေ၍ ကိုယ်တော်တပါးတည်း မိဖုရားကြီးထံသွားလေ၏။

**မင်းသားတစ်စွန်း မိဖုရားကြမ်း**

မိဖုရားကြီးလည်း မဟာပဒုမ မင်းသားကိုမြင်လျှင် အလွန်တပ်စွန်းတိမ်းညွတ်သော စိတ်ရှိလေ၏၊ မဟာပဒုမမင်းသားလည်း ရှိခိုး၍"မိခင်··ဘယ်အမှုကိုပြုရအံ့နည်း" ဟု မေး၏၊ ထိုအခါ မိဖုရားကြီးသည် မဟာပဒုမမင်းသားကို "အဘယ်သို့ဆိုသနည်းဟု ပြောကာထ၍ လက်ကိုကိုင်လျက်အိပ်ရာသို့တက်လော့"ဟုပြော၏၊ "မိခင်···ဘယ်အကြောင်းကြောင့်နည်း"ဟု မေး၏၊ "မင်းကြီးမလာသေးသမျှ ကာလပတ်လုံး သင်နှင့်ငါ ကိလေသာဖြင့် မွေ့လျော်ပျော်ပါးမည်"ဟုပြော၏၊ "မိခင်··သင်ကား-အမိဖြစ်ခဲ့၏၊ လင်ရှိမယားလည်းဖြစ်ခဲ့၏၊ လင်ရှိမိန်းမကို ဣန္ဒြေကိုဖျက်၍မကြည့်စဘူး၊ အဘယ့်ကြောင့် သင်နှင့် ညစ်နွမ်းသော အကျင့်ကို ကျင့်အံ့နည်း" ဟု ပြောဆိုလေ၏၊ မိဖုရားကြီးသည် နှစ်ကြိမ်သုံးကြိမ်တောင်းပန်၍ မရလတ်သော်"သင်ငါ့စကားကိုလိုက်နာမည်လော"ဟု မေး၏၊ "မလိုက်နာနိုင်ပါ"ဟု ပြောသောအခါ "ကောင်းပြီ၊ မင်းကြီးအားလျှောက်ထား၍ သင့်ဦးခေါင်းကိုဖြတ်စေမည်"ဟု ပြော၏၊ "သင်အလိုရှိတိုင်းလျှောက်ထားလော့"ဆို၍ မိဖုရားကြီးကို အရှက်ကွဲစေပြီးလျှင် သွားလေ၏။

**မိဖုရားမာယာ စိတ်ယုတ်မာ**

ထိုအခါ မိဖုရားကြီးသည် ဤအိမ်ရှေ့မင်းသည် ရှေးဦးစွာ ခမည်းတော်အား လျှောက်ထားပြောဆိုသော် ငါ၏အသက်မရှိပြီ၊ ငါသာ ရှေးဦးစွာ လျှောက်ထားမည်ဟု ကြံစည်ကာ ထမင်းစားပြီးလျှင် အဝတ်နွမ်းတို့ကို ဝတ်၍ တကိုယ်လုံး လက်သည်းတို့ဖြင့် ကုတ်ခြစ်လျက် ငါ့ကိုမင်းကြီးမေးလျှင် နာဖျားနေသည်ဟု လျှောက်ထားလေဟု အလုပ်အကျွေးတို့ကို မှာထားပြီးလျှင် ကြက်သရေတိုက်ခန်းသို့ ဝင်၍အိပ်လေ၏။

ဗြဟ္မဒတ်မင်းကြီးသည် မြို့တော်သို့ဝင်၍ နန်းတော်ထက်သို့ရောက်လျှင် မိဖုရားကြီးကိုမမြင်၍ မေးတော်မူပြီးလျှင် ကြက်သရေတိုက်ခန်းသို့ဝင်၍ "ငါ့ရှင်မိဖုရား....အသို့နည်း နာဖျားသလော"ဟု မေး၏၊ မိဖုရားကြီးသည် သုံးကြိမ်တိုင်အောင် မေးသော်လည်း မကြားသကဲ့သို့ ဆိတ်ဆိတ်နေ၏။

**မိဖုရားယုတ်နိက် မင်းကုန်းတိုက်**

မင်းကြီးသည် တဖန်- အရှင် မိဖုရားအဘယ့်ကြောင့် စကား မဆိုသနည်း၊ "မြတ်သောမင်းကြီး....အဘယ်သို့ ဆိုသနည်း၊ လင်မရှိသော မိန်းမသည်သည် အကျွန်ုပ်ကဲ့သို့ မဖြစ်တန်ရာ"ဟု ပြော၏၊ "အဘယ်သူ ညှဉ်းဆဲသနည်း၊ ငါ့ကိုလျှင်စွာပြောလော့၊ ဦးခေါင်းကိုဖြတ်မည်"ဟုပြော၏၊ "ဘယ်သူအား မြို့ကိုအပ်၍သွားသနည်း"ဟု မေး၏၊ "ငါ့သားတော် အိမ်ရှေ့မင်းအား အပ်၍သွားသည်"ဟုပြော၏၊ "ထိုအိမ်ရှေ့မင်းသားသည် အကျွန်ုပ်နေရာသို့ လာ၍ ဤသို့ပြုပါ၏၊ ငါဟာ မယ်တော်ဖြစ်သည်ဟု တောင်းပန်ပါ

သော်လည်း အကျွန်ုပ်၏ ဆံပင်တို့ကို ကိုင်ဆွဲ၍ ကိလေသာ ဖြင့်မွေ့လျော်မည်ဟု အတင်းလှဲပြီးလျှင် ရိုက်နှက် ထောင်း ထု၍ သွားပါသည်''ဟု မဟုတ်မမှန် လုပ်ကြံ၍လျှောက် ထားလေ၏။

**မင်းဒေါသစွမ်း သားတော်ဖမ်း**

မင်းကြီးလည်း မစုံစမ်းဘဲ အဆိပ်ထန်သော မြွေဟောက်ကို တုတ်နှင့် ခတ်မိသကဲ့သို့ ဒေါသ အမျက် ချောင်းချောင်းထွက်ကာ မင်းချင်းတို့ကိုခေါ်၍ ''သွားချေ၊အိမ်ရှေ့မင်းကိုနှောင်ဖွဲ့၍ ငါ့ထံဆောင်ယူခဲ့ရမည်''ဟု တချက်လွှတ် အမိန့်ပေးလေ၏၊ မင်းချင်းတို့လည်း တမြို့လုံး လွှမ်းမိုးသကဲ့သို့ အိမ်ရှေ့မင်းအိမ်သို့သွား၍ အိမ်ရှေ့မင်းကိုလက်ပြန် ကြိုးတဲကာ နီမြန်းသောပန်းကို လည်တွင်ဆွဲလျက် ရိုက်နှက်ပုတ်ခတ်ကာ ဒလကြမ်းဆွဲငင်၍ဆောင်ကုန်၏၊ ထိုအခါ အိမ်ရှေ့မင်းသည် ဤအမှုကား မိဖုရားယုတ်၏အမှုဟုသိ၍ ''အချင်းတို့··ငါ့မှာအပြစ်မရှိ၊ခမည်းတော်ကို ငါမပြစ်မှား'' ဟုမြည်တမ်းလျက်လိုက်၏၊မြို့အလုံးလည်းချောက်ချားလေ၏၊ မင်းကြီးသည် မိန်းမစကားကိုနားထောင်ကာ အိမ်ရှေ့မင်းကို သတ်စေသတဲ့ဟု- အိမ်ရှေ့မင်းခြေရင်း၌ ဝပ်ကုန်လျက် ''အရှင်မင်းသား····ဤအမှုကား အရှင်မင်းသားနှင့် မလျော်ကပတ်''ဟု ငိုကြွေးကြကုန်၏၊ မင်းချင်းတို့လည်း အိမ်ရှေ့မင်းကို ခမည်းတော်ထံ ပြကြကုန်၏။

**သားတော်သတ်စေ အမိန့်ပေးလေ**

ခမည်းတော် မင်းကြီးလည်း အိမ်ရှေ့မင်းကို မြင်လျှင်မြင်ခြင်း ဒေါသအမျက်ကို မချုပ်တည်းနိုင်တော့ဘဲ ''အချင်းတို့····ဤမင်းသားကား မင်း၏အသွင်ကိုပြုဘိ၏၊ငါ၏သား

တော်ဖြစ်လျက် မိဖုရားကြီးကိုပြစ်မှားဘိ၏၊ သွားချေ ခိုးသူချရာ ကမ်းပါးပြတ်၌ချ၍ သတ်ကြကုန်''ဟု တချက်လွှတ်အမိန့်ပေးလေ၏၊ အိမ်ရှေ့မင်းသားလည်း ''ခမည်းတော်ဘုရား….အကျွန်ုပ်အား ဤသို့သောအပြစ်မရှိပါ၊ မိန်းမစကားကိုယုံကြည်ကာ အကျွန်ုပ်ကို သတ်တော်မမူပါလင့်''ဟု လျှောက်တင်သော်လည်း လက်မခံ။ ဟု တောင်းပန်လေ၏၊မင်းကြီးလည်း သားတော်၏စကားကို နာယူတော်မမူချေ၊ ထို့နောက် တသောင်း ခြောက်ထောင်သော နန်းတွင်းသူတို့သည် ငိုကြွေးကုန်၏။

**မင်းကြီးလျှောက်ထား မှူးမတ်များ**

အလုံးစုံသော သူဌေးသူကြွယ် မှူးမတ်အပေါင်းတို့လည်း''အရှင်မင်းကြီး..သားတော် အိမ်ရှေ့မင်းသည် အကျင့်သီလနှင့်ပြည့်စုံ၏၊အမျိုးအနွယ်ကို စောင့်ရှောက်လတံ့သောသူဖြစ်၏၊ တိုင်းပြည်၏အမွေခံဖြစ်၏၊ မိန်းမစကားကို ယုံကြည်ကာ သတ်တော်မမူပါလင့်၊ မင်းတို့မည်သည် စုံစမ်းဆင်ခြင်၍ပြုရာ၏''ဟု လျှောက်ထားပြီးလျှင် တဖန်—

''မြတ်သောမင်းကြီး….သူတပါးတို့ အပြစ်ကိုမမြင်ဘဲ၊ ပြည့်ရှင်မင်းသည် အလုံးစုံသော အပြစ်ကြီးငယ်ကို ကိုယ်တိုင် မစုံစမ်းမဆင်ခြင်ဘဲ အပြစ်ဒဏ်မပေးရာ''။

''မြတ်သောမင်းကြီး…. မစုံစမ်း မဆင်ခြင်ဘဲအပြစ်ဒဏ်ပေးခြင်းကို ပြုသော ပြည့်ရှင်မင်း မည်သည်ကား မျက်စိကန်းသောသူသည် ယင်ကောင်ပါ၍ အဆူးရှိသော ဘောဇဉ်ကိုမျိုသကဲ့သို့ အကျိုးမဲ့ကိုပြုသည်မည်၏''။

ပြစ်ဒဏ်ပေးမှု စုံစမ်းပြု

"မြတ်သော မင်းကြီး.... အပြစ်ဒဏ် မပေးထိုက်သူကို အပြစ်ဒဏ်ပေး၍ အပြစ်ဒဏ်ပေးထိုက်သူကိုမပေးသောပြည့်ရှင်မင်း မည်သည်ကား မျက်စိကန်းသောသူသည် လမ်းခရီး၏ ညီညွတ်သည် မညီညွတ်သည်ကို မသိသကဲ့သို့ ညီညွတ်သည်မညီညွတ်သည်ကိုမသိလေ"။

"မြတ်သောမင်းကြီး....အလုံးစုံသော အပြစ်ကြီးငယ်ဟူသော အကြောင်းအရာတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ ဆုံးမသော ပြည့်ရှင်မင်းသည် စင်စစ် မင်းပြုခြင်းငှါထိုက်တန်၏"။

"မြတ်သောမင်းကြီး.... စင်စစ် နူးညံ့သိမ်မွေ့သောပြည့်ရှင်မင်းသည် မိမိကိုယ်ကို မြင့်မြတ်သောအဖြစ်၌ မထားနိုင်၊စင်စစ်ထက်လွန်းသော ပြည့်ရှင်မင်းသည်လည်း မိမိကိုယ်ကိုမြင့်မြတ်သောအဖြစ်၌ မထားနိုင်၊ ထိုကြောင့် အနု,အထက် နှစ်ပါးစုံကို ကျင့်ရာ၏"။

မိန်းမကြောင်းပြု မိုက်မဲမှု

"မြတ်သောမင်းကြီး.... နူးညံ့သိမ့်မွေ့သောပြည့်ရှင်မင်းသည် တိုင်းသူပြည်သားတို့ အနှိပ်စက်ကို ခံရ၏၊ထက်လွန်းသော ပြည့်ရှင်မင်းသည်လည်း ရန်များလှ၏၊ ဤနှစ်ပါးစုံကိုသိ၍ မနူးညံ့လွန်း မထက်လွန်းသော အကျင့်ကို ကောင်းစွာ ကျင့်ရာ၏"။

"မြတ်သော မင်းကြီး.... တပ်စွန်းသည်ဖြစ်၍လည်း များစွာပြောဆိုရာ၏၊ အမျက်ထွက်သည်

ဖြစ်၍လည်း များစွာဆဲရေးရာ၏။ မိန်းမဟူသော အကြောင်းကြောင့် သားတော် အိမ်ရှေမင်းကို မသတ်ထိုက်ပါ”—

ဟု အကြောင်း အမျိုးမျိုးပြကာ လျှောက်ထားကြကုန်သော်လည်း မှူးမတ်တို့သည်မိမိတို့စကားကိုနာယူစေခြင်းငှါ မတတ်နိုင်ကုန်။

**မင်းကြီးလျှောက်တင်နားတော်မဝင်**

အိမ်ရှေမင်းသားလည်း လျှောက်ထားတောင်းပန်သော်လည်း မိမိစကားကို နာယူစေခြင်းငှါ မတတ်နိုင်လေ၊ ထိုအခါ အလွန်မိုက်လှစွာသော မင်းသည်—

“အမတ်တို့.... အလုံးစုံသော သူတို့ကား တပေါင်းတည်းဖြစ်ကာ မင်းသား၏ အပင်းအသင်းတို့တည်း၊ ဤမိန်းမကား တယောက်တည်းသာတည်း၊ ထိုကြောင့် ငါသည် အမှုကိုစီရင်အံ့၊ ယခုသွား၍ မင်းသားကို တောင်ကမ်းပါးပြတ်၌ ချကြကုန်”

ဟုထပ်၍ အမိန့်ပေးပြန်၏၊ တိုင်းသူပြည်သားလူအများတို့သည် ဆံပင်တို့ကို ဖရိုဖရဲကြဲကာ ငိုကြွေးမြည်တမ်းကြကုန်၏၊ ထိုအခါ မင်းချင်းတို့သည် သားတော်အိမ်ရှေမင်းသားကို ခြေနှစ်ချောင်းတို့ကို ကိုင်ဆွဲကာ ဦးခေါင်းစောက်ထိုး တောင်ကမ်းပါးပြတ်၌ ချကုန်၏။

**တောင်စောင့်နတ်မဟိမဝန္တာကြွ**

ထိုအခိုက် အိမ်ရှေမင်း၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် “အို-မဟာ ပဒုမမင်းသား....

မကြောက်လင့်”ဟု အားပေးစကားပြောကြားကာ လက်နှစ်ဘက်တို့ဖြင့် ခံယူ၍ရင်ခွင်၌ထားလျက် နတ်၏ အတွေ့ကို တွေ့စေ၍ တောင်ခြေရင်း၌ တည်ရှိသော နဂါးမင်း၏ ပါးပျဉ်းထက်၌ထားလေ၏၊ နဂါးမင်းလည်း မဟာပဒုမ မင်းသားကို နဂါးပြည်သို့ ဆောင်ယူလျက် စည်းစိမ်ကို တဝက်ခွဲ၍ပေး၏၊မဟာပဒုမမင်းသားသည် နဂါးပြည်တွင် တနှစ်ကြာလတ်သော် နဂါးမင်းအား လူ့ပြည်သို့ပြန်၍ ဟိမဝန္တာအရပ်၌ ရဟန်းပြု၍နေလိုပါသည် ဟု တောင်းပန်လေ၏၊ နဂါးမင်းလည်း ရဟန်းပရိက္ခရာ အစုံအလင်စီမံကာ ဟိမဝန္တာသို့ လိုက်၍ပို့ပြီးလျှင် နဂါးပြည်သို့ ပြန်ခဲ့၏၊ မဟာပဒုမမင်းသားလည်း ရသေ့ရဟန်း ပြုပြီးလျှင် ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဟိမဝန္တာ၌ တောသစ်သီး, သစ်ဥတို့ဖြင့် မျှတကာနေ၏။

**မုဆိုးလျှောက်တင်သားတော်ရှာစဉ်**

ထိုအခါ ဗာရာဏသီပြည်သား မုဆိုးတယောက်သည် ထိုအရပ်သို့ ရောက်၍ မြင်လျှင် မဟာပဒုမ မင်းသားအား အရှင်သည် မဟာပဒုမမင်းသား ဟုတ်မဟုတ်ကို မေး၍ ဟုတ်မှန်ကြောင်းကို ပြောဆိုသောအခါ နှစ်ရက်,သုံးရက် နေပြီးလျှင် မြို့တော်သို့ပြန်၍ မင်းကြီးအား သားတော် မဟာပဒုမမင်းသားကိုအသက်ရှင်လျက် ရသေ့ရဟန်းပြုနေသည်ကို တွေ့မြင်ခဲ့ရကြောင်း လျှောက်ထားလေ၏၊ မင်းကြီးသည် မယုံကြည်သဖြင့် သင်သည်ကိုယ်တိုင် မျက်မှောက် တွေ့မြင်ခဲ့သလော မေးရာ မျက်မှောက် တွေ့မြင်ရုံမျှမက ကျောင်းမှာပင်နှစ်ရက်,သုံးရက်နေခဲ့သေးကြောင်းလျှောက်ထားလေ၏။

မင်းကြီးသည် ယုံကြည်တော်မူသဖြင့် စစ်သည်ဗိုလ်ပါနှင့်တကွ မူဆိုးကိုပင် လမ်းညွှန်ပြုကာ မြို့တော်မှထွက်လေ၏၊ ဟိမဝန္တာတောစွန်သို့ရောက်လျှင် သစ်ခက်တဲနန်းပြုလုပ်တည်းခိုလျက် အမတ်အပေါင်းခြံရံကာ သားတော်ရသေ့ထံသို့သွားလေ၏။

**သားဖတွေ့ရခြင်းရာစုံ**

သစ်ရွက်မိုးကျောင်းတံခါးဝ၌ ရွှေဆင်းတုကဲ့သို့ ထိုင်နေသော သားတော်ကို မြင်လျှင် ရှိသေစွာရှိခိုး၍ လျောက်ပတ်သောအရပ်၌နေ၏၊ မှူးမတ်တို့လည်း ရှိခိုးကာနေကုန်၏၊ ရသေ့လည်း ခမည်းတော်မင်းကြီးနှင့် မှူးမတ်တို့အား ပဋိသန္ထာရ စကားပြောကြားလေ၏၊ ထိုနောက်ခမည်းတော်မင်းကြီးသည်—

"ချစ်သား.... သင့်ကို များစွာသောထန်းပင်ပမာဏရှိ၍ အလွန်အတက်ခက်၍ နက်လှစွာသော နရက်ချောက်ကမ်းပါး ပြတ်ကြီး၌ ချစေပါလျက်-သင်သည် အဘယ့်ကြောင့် မသေပါသနည်း"—

ဟု သားတော်ရသေ့အား မေးလေ၏၊ ထိုအခါသားတော်ရသေ့သည်—

"ခမည်းတော်မင်းကြီး....ထိုကမ်းပါးပြတ်ကြီးဝယ် ပြန့်ကျယ်သောပါးပျဉ်း, ထက်သောအစွယ်ရှိလျက် တောင်လျှဉ်တောင်ဖန်း၌ နေသောနဂါးမင်းသည် ကျလာသော အကျွန်ုပ်ကို အခွေတို့ဖြင့် ခံ၍ထားသောကြောင့် မသေပါ"—

ဟု မသေခြင်း အကြောင်းကို ပြန်ကြားပြောဆိုလေ၏။

**ထီးနန်းရိုက်ရာ ရှုံ့ဘွယ်ရာ**

ထိုအခါမင်းကြီးသည် သားတော်အား မိမိ၏ ထီးနန်းမွေကို ပေးလိုသဖြင့်—

"ချစ်သား···· ပြန်လာပါ၊ သင်ချစ်သားကို နန်းတော်သို့ တဖန်ဆောင်ယူပါမည်၊ သင်ချစ်သား အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ၊ မင်းပြုပါ လော့၊ တောကြီးထဲ၌ အဘယ်အကျိုး ရှိပါအံ့ နည်း"—

ဟု ပြောဆိုကာ နန်းတော်သို့ပြန်လိုက်ရန်,ထီးနန်းအုပ်ချုပ် မင်းလုပ်ရန် တိုက်တွန်း တောင်းပန်လေ၏၊ထိုနောင်မှ သားတော်ရသေ့သည်—

"ခမည်းတော်မင်းကြီး····ငါးမျှားချိတ်ကို မျို၍ သွေးနှင့်တကွအန်သကဲ့သို့ ထို့အတူထွေးအန်သည် ရှိသော် ချမ်းသာရာ၏၊ မိမိကိုယ်၌ ချမ်းသာသည်ကို မြင်ရ၏"—

ဟု ဥပမာဖြင့် ပြောဆိုကာ မြစ်ပယ်လေ၏။

**ကာမဂုဏ်ချမ်းသာ ငါးမျှားပမာ**

မင်းကြီးသည် သားတော် ရသေ့ပြော သောစကားကို နားမလည်သဖြင့်—

"ချစ်သား····သင်သည် အဘယ်အရာဝတ္ထုကို ငါးမျှားချိတ်နှင့်တူသည် ဟု ဆိုသနည်း၊ ဘယ်အရာ ဝတ္ထုကို သွေးနှင့်တကွဟု ဆိုသနည်း၊ ဘယ်အရာ ဝတ္ထုကို အန်သည်ဟု ဆိုသနည်း၊ ဖြေကြားပါ လော"—

ဟု တောင်းပန်ပြန်၏၊ထိုအခါ သားတော်ရသေ့သည်—

"ခမည်းတော် မင်းကြီး.... ကာမဂုဏ်တို့ကို ငါးမျှားချိတ်ဟုဆိုပါ၏၊ ဆင်မြင်းစသည်ကိုသွေးနှင့် တကွဟုဆိုပါ၏၊ အကျွန်ုပ်စွန့်ခဲ့ခြင်းကို အန်သည်ဟု ဆိုပါ၏၊ ဤသို့ဥပမာ,ဥပမေယျ စပ်ဟပ်၍သိပါ"— ဟု ခမည်းတော်အား ရှင်းလင်းဖြေကြားလေ၏။

**သားတော်ပန် လက် ထီးနန်းအပ်**

ထိုအခါ ခမည်းတော် မင်းကြီးသည် သားတော် ရသေ့တရားစကားကို ကြားနာရလျှင် အလွန်နှစ်သက် ဝမ်းမြောက်သည်ဖြစ်၍"ချစ်သား....ငါသည်အလွန်မိုက်သောကြောင့် မိန်းမယုတ်စကားကို ယုံကြည်ကာအကျင့်သီလနှင့် ပြည့်စုံသော သင်ချစ်သားကို ပြစ်မှားမိပေ၏၊ အပြစ်ကို သည်းခံတော်မူပါ"ဟု ခြေတို့၌ဝပ်၍ တောင်းပန်ကန်တော့၏၊ သားတော်ရသေ့လည်း "ခမည်းတော်မင်းကြီး....အပြစ်ကိုသည်းခံပါ၏၊ ယနေ့မှစ၍ မစုံစမ်း မဆင်ခြင်ဘဲ မပြုပါလင့်"ဟု ဆုံးမ၏၊ ထိုအခါ မင်းကြီးသည် "ချစ်သား....ထီးမြှုအုပ်ချုပ်မင်းလုပ်သည်ရှိသော် သည်းခံသည်မည်၏"ဟုလျှောက်ပြန်၏၊ရသေ့သည် "ခမည်းတော် မင်းကြီး.... မင်းအဖြစ်ကိုအလိုမရှိပါ၊ ခမည်းတော်သည် သာလျှင် အဂတိလေးပါးမလိုက်စားဘဲ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုပါ" ဟုဆုံးမပြန်၏။

**သားကိုခွဲခွါ ဝမ်းနည်းစွာ**

မင်းကြီးလည်း သားတော်ကိုမင်းပြုရန် တောင်းပန်၍ မရသဖြင့် ငိုယိုမြည်တမ်းကာ မြို့တော်သို့ပြန်ခဲ့၏၊ ခရီးလမ်းအကြားသို့ရောက်လျှင်"အမတ်မင်းတို့....ငါသည်အဘယ်

သူကိုမှီ၍ အကျင့်သီလနှင့် ပြည့်စုံသော သားတော်နှင့် ကွေကွင်းရသနည်း''ဟု မေး၏၊ ''အရှင်မင်းကြီး..မိဖုရား ယုတ်ကိုမှီ၍ ကွေကွင်းရပါသည်''ဟု လျှောက်ကုန်၏၊ ထို အခါ မင်းကြီးသည် မင်းချင်းတို့အား မိဖုရားယုတ်ကို ခြေနှစ်ချောင်းကိုကိုင်ကာ ဦးစောက် တောင်ကမ်းပါးပြတ် ကြီး၌ ချစေပြီးလျှင် မြို့တော်သို့ဝင်ကာ တရားနှင့်အညီမင်း ပြုလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမိဖုရားကြီးသည်-ယခုအခါစိဉ္စမာနဝိကာ။

※ မင်းကြီးသည်-ဒေဝဒတ်။

※ နဂါးမင်းသည်-အာနန္ဒာ။

※ တောင်စောင့်နတ်သည်-သာရိပုတ္တရာ။

※ မဟာပဒုမမင်းသားသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မင်းတို့ထုံးတမ်း၊လူတဝှမ်း၊စူးစမ်းပြစ်ပေးရာ။

(၂) အပြစ်ပေးသင့်၊မပေးသင့်၊ထောက်ချင့်နှိုင်းစာနာ။

(၃) အပြစ်ကြီးငယ်၊ ကြောင်းသွယ်,သွယ်၊ ဉာဏ်ကျယ်သိ မြင်ရာ။

(၄) နူးညံ့ညှဉ်းပြန်၊ထက်လွန်းရန်၊နှစ်တန်သိအပ်စွာ။

(၅) အလယ်အလတ်၊အကျင့်မြတ်၊လျှောက်ပတ်မင်းတို့မှာ။

မဟာပဒုမဇာတ် ပြီး၏။

# ၄၇၃-မိတ္တာမိတ္တဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု၊

ရန်သူမိတ်ဆွေ ခွဲသိလေ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော် မူစဉ် ကောသလ မင်းကြီး၏ အမတ်တယောက်သည် ကောသလမင်းကြီး အား အလွန်ကျေးဇူးများသတတ်၊ ကောသလမင်းကြီး လည်း ၎င်းအမတ်ကို အလွန်မြတ်နိုးတော်မူ၏၊ ကြွင်းသော အမတ်တို့သည် မနာလိုဝန်တိုသဖြင့်ကောသလမင်းကြီးထံ ကုန်းတိုက်ကြ၏၊ မင်းကြီးသည် စုံစမ်းဆင်ခြင်လတ်သော် တစုံတရာအပြစ်ကိုမမြင်၊ ထိုအခါ ကောသလ မင်းကြီး သည် ငါကားထိုအမတ်၏ အဆွေခင်ပွန်း အဖြစ်ကိုဎင်း, ရန်သူအဖြစ်ကိုဎင်း အဘယ်သို့ သိနိုင်အံ့နည်းဟု ကြံစည် မိလေ၏၊

ထိုနောက် မင်းကြီးသည် ထိုအကြောင်းကိုသိရန် မြတ်စွာဘုရားကို လျှောက်ထားမည်ဟု နံနက်စာစားပြီးသော် မြတ်စွာဘုရားထံ ချဉ်းကပ်၍ “ဘုန်းတော်ကြီးသောမြတ်စွာဘုရား···· လူဖြစ်သောသူသည် မိမိအဆွေခင်ပွန်းအဖြစ်ကိုဎင်း,ရန်သူအဖြစ်ကိုဎင်း အဘယ်သို့ သိရပါအံ့နည်း” ဟု လျှောက်လေ၏၊ မြတ်စွာဘုရားသည် “မြတ်သောမင်းကြီး···· ရှေးအခါ၌လည်း ဤပြဿနာမျိုးဖြစ်ပေါ်လာရာ ပညာရှိတို့ ဖြေဆိုသောနည်းဖြင့်သိရ၍ ရန်သူကို ရှောင်ကြဉ်လျက် အဆွေခင်ပွန်းကို မှီဝဲဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

ရန်နှင့်မိတ်ကို ခွဲခြားလို

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အကျိုးအကြောင်းကိုပြ၍ ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်၏၊ ထိုအခါ မင်း၏အကျိုးစီးပွားကို ကျင့်သော အမတ်တယောက်ကို ကြွင်းသောအမတ်တို့သည် မင်းကြီးထံကုန်းတိုက်ကြ၏၊ မင်းကြီးသည် ထိုအမတ်အပေါ်၌ အပြစ်ကို မမြင်၊ ထိုအခါမင်းကြီးသည် အဆွေခင်ပွန်း၏အဖြစ်, ရန်သူ၏အဖြစ်ကို သိလိုသည်ဖြစ်၍–

"အို-သုခမိန်.... လူတယောက်ကို ဘယ်အမှုကို မြင်၍၎င်း,ဘယ်စကားကိုကြား၍၎င်း ရန်သူအဖြစ်ကိုသိရာသနည်း၊ သိရအောင်အဘယ်သို့ လုံ့လပြုရာသနည်း"–

ဟုရန်သူလက္ခဏာကိုသိလိုသဖြင့်စုံစမ်းမေးမြန်းလေ၏။

ပညာစွမ်းပင် စုံစမ်းဆင်ခြင်

ထိုအခါ သုခမိန်သည် ရန်သူ၏ လက္ခဏာထင်စွာသိရှိအောင် ပြောကြားလိုသဖြင့်–

"မြတ်သော မင်းကြီး.... ရန်ဘက်ကို မြင်၍ မပြုံးရင် ရန်ဘက်ကိုမြင်၍ မနှစ်သက်၊ ရန်ဘက်ကိုမြင်လျှင် မျက်နှာလွှဲ၏၊ဆန့်ကျင်ဘက်လုပ်၏"။

"ရန်ဘက်၏ရန်သူတို့ကို မှီဝဲ၏၊ ရန်ဘက်၏ အဆွေခင်ပွန်းတို့ကို မမှီဝဲ၊မချီးမွမ်းသော သူတို့ကို တားမြစ်၏၊ ဆဲရေးသောသူကိုချီးမွမ်း၏"။

"ရန်ဘက်အား လျှို့ဝှက်သော မိမိစကားကို မပြောကြား၊ ရန်ဘက်၏ လျှို့ဝှက်သော စကားကို မလျှို့ဝှက်၊ ရန်ဘက်၏အမှုကို မချီးမွမ်း၊ ပညာဉာဏ်ကိုမချီးမွမ်း"။

"ရန်ဘက် စီးပွားချမ်းသာ ဆုတ်ယုတ်ခြင်း၌ နှစ်သက်၏၊ စီးပွားချမ်းသာပေါများခြင်း၌ မနှစ်သက်၊ ကောင်းမြတ်သော ဘောဇဉ်ကို ရသည်ရှိသော် ရန်ဘက်အားမအောက်မေ့၊ ရန်ဘက်၏ ဆင်းရဲခြင်းကိုလည်း မစောင့်ရှောက် ဤအကြောင်းလက္ခဏာဆယ့်ခြောက်ပါးတို့ကား ရန်သူ၌တည်ရှိကုန်၏၊ ယင်းအကြောင်းလက္ခဏာတို့ကိုမြင်၍ ကြား၍ ဤသူကား ရန်သူဟု သိရာ၏"။

ဟု ရန်သူအဖြစ်သိကြောင်း လက္ခဏာတို့ကို အကျယ်တဝင့် ပြောကြားလေ၏။

**ပေါင်းဖော်အပ်စွာ မိတ်ဆွေရှာ**

မင်းကြီးသည် ရန်သူ၏ လက္ခဏာတို့ကို ကြားနာပြီးလျှင် တဖန် မိတ်ဆွေ၏ အဖြစ်ကို သိလိုသဖြင့်—

"အို-သုခမိန်.... သူတယောက်ကို ဘယ်အမှုကိုမြင်၍ငင်း ဘယ်စကားကိုကြား၍ငင်း အဆွေခင်ပွန်းအဖြစ်ကိုသိရာသနည်း၊ သိရအောင် ဘယ်သို့လို့ လုပ်ရာသနည်း"—

ဟု အဆွေခင်ပွန်း၏လက္ခဏာကို မေးပြန်၏၊ ထိုအခါ သုခမိန်သည်—

"မြတ်သော မင်းကြီး.... ဝေးကွာနေသော အဆွေခင်ပွန်းကို အောက်မေ့၏၊ ရောက်လာသော

အဆွေခင်ပွန်းကို အလွန်နှစ်သက်၏၊ အဆွေခင်ပွန်း ရှင်လန်းခြင်းကို အလိုရှိ၏၊ အဆွေခင်ပွန်းစကားကိုနှစ်သက်၏။

**ပေါင်းအပ် မပေါင်းအပ် ထိုနှစ်ရပ်**

အဆွေခင်ပွန်း၏ အဆွေခင်ပွန်း တို့ကို မှီဝဲ၏၊ ရန်သူတို့ကို မမှီဝဲ၊ အဆွေခင်ပွန်းအား ဆဲရေးသောသူတို့ကို တားမြစ်၏၊ ကျေးဇူးကို ပြောဆိုသူတို့ကို ချီးမွမ်း၏။

"အဆွေ ခင်ပွန်းအား မိမိ လျှို့ဝှက်သော စကားကိုပြောကြား၏၊ အဆွေခင်ပွန်း၏ လျှို့ဝှက်သောစကားတို့ကို လျှို့ဝှက်ထား၏၊အဆွေခင်ပွန်း၏အမှုကိုချီးမွမ်း၏၊ပညာဉာဏ်ကိုချီးမွမ်း၏"။

"အဆွေခင်ပွန်း၏ စီးပွားချမ်းသာ ပေါများခြင်း၌နှစ်သက်၏၊ စီးပွားချမ်းသာ ဆုတ်ယုတ်ခြင်း၌မနှစ်သက်၊ ကောင်းမြတ်သော ဘောဇဉ်ကိုရလတ်သော် အဆွေခင်ပွန်းအား အောက်မေ့၏၊ အဆွေခင်ပွန်းအား စောင့်ရှောက်၏"။

ဤအကြောင်းလက္ခဏာတဆယ့်ခြောက်ပါးတို့ကား အဆွေခင်ပွန်း၌တည်ရှိကုန်၏၊ထိုအကြောင်းလက္ခဏာတို့ကိုမြင်၍ ကြား၍ ဤသူကား အဆွေခင်ပွန်းဟုသိရာ၏"—

ဟု အဆွေခင်ပွန်းအဖြစ် သိကြောင်း လက္ခဏာတို့ကို အကျယ်တဝင့် ပြောကြားပြန်၏၊ ထိုအခါ မင်းကြီးသည် ပညာရှိအမတ် ပြောကြားဆိုးမအပ်သော တရားစကားတို့ကိုကြားနာရသဖြင့် အလွန်နှစ်သက် ကြည်ညိုသည်ဖြစ်၍

ပညာရှိအမတ်အား များစွာသောစည်းစိမ် ချမ်းသာတို့ကို ပေးလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ ပညာရှိအမတ်သည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မြင်-မရွှင်ပျို့၊ မနှစ်မြို့၊ ဘေးသို့မျက်နှာထား။
(၂) ဆန့်ကျင်လုပ်တောင်း၊ ရန်သူပေါင်း၊မပေါင်းခင်ပွန်းများ။
(၃) ချီးမွမ်းမြစ်ကာ၊ ဆဲချီးကာ၊ လျှို့ရာမပြောကြား။
(၄) ပြောကြားလျှို့ရာ၊ မှု-ပညာ၊ ကောင်းစွာမချီးငြား။
(၅) ဆုတ်ယုတ်ဝမ်းသာ၊ ပေါ်မသာ၊ မေ့ကာဘောဇဉ်စား။
(၆) မစောင့်ရှောက်ပြန်၊ဆွဲခြောက်တန်၊ရန်သူသိကြောင်းများ။
(၇) ကွာလျှင်လွမ်းလို့၊ လာနှစ်မြို့၊ ရွှင်ဘို့လိုရှိငြား။
(၈) စကားနှစ်ထောင်း၊ ခင်ပွန်းပေါင်း၊ မပေါင်းရန်သူများ။
(၉) ဆဲရေးမြစ်ကာ၊ ချီးချီးကာ၊ လျှို့ရာကုန်ပြောကြား။
(၁၀) အမှုပညာ၊ ချီးကျူးကာ၊ လျှို့ရာလျှို့ဝှက်ထား။
(၁၁) ပေါ်များဝမ်းသာ၊ ဆုတ်မသာ၊ စားရာမမေ့ငြား။
(၁၂) စောင့်ရှောက်ခင်ပွန်း၊ ဆယ့်ခြောက်ခန်း၊ ခင်ပွန်း သိကြောင်းများ။

မိတ္တာမိတ္တဇာတ်ပြီး၏။

ဒွါဒသကနိပါတ်စကားပြေပြီး၏။

## တေရသကနိပါတ်

## ၄၇၄-အမ္ဗဇာတ်

**ပစ္စုပ္ပန်ဝတ္ထု၊**

**ကျေးဇူးချေဖြတ်**
**ဒေဝဒတ်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ် ရဟန်းသည် ငါကားဘုရားဖြစ်မည်၊ ထိုကြောင့် ဂေါတမသည် ငါ၏ဆရာမဟုတ်၊ ဥပဇ္ဈာယ်မဟုတ်ဟု ဆရာကိုစွန့်လွှတ်သဖြင့် ဈာန်အဘိညာဉ်ပျောက်ကွယ်ခဲ့၏၊ သံဃာကိုသင်းခွဲသဖြင့် မြေမျိုကာ အဝီစိငရဲ၌ဖြစ်ရ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ် အကြောင်း စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဆရာကိုစွန့်လွှတ်၍ ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရသည်မဟုတ်၊ ရှေးအခါ၌လည်းရောက်ဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မန္တရားတတ်ငြား**
**ဥန်းစလွှား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ပုရောဟိတ်မျိုးသည်ယာဉ်းအနာဖြင့် ပျက်စီးခဲ့ရာ အိမ်နံရံကိုဖောက်၍ ပြေးသဖြင့် သားတယောက်သာလွတ်မြောက်လေ၏၊ ထိုပုရောဟိတ်သားသည်

တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးသော် ဆရာထံမှလာခဲ့ရာ ပစ္စန္တရစ်မြို့သို့ရောက်လေ၏၊ ထိုမြို့ကိုမှီ၍ ဒွန်းစဏ္ဍားရွာကြီးလည်းရှိလေ၏။

ထိုအခါဘုရားအလောင်းသည် ဒွန်းစဏ္ဍားရွာကြီး၌နေ၏၊ လိမ်မာ၏၊ ပညာရှိ၏၊ အခါမဲ့ သစ်သီးတို့ကိုသီးစေနိုင်၍ အဘိုးအနဂ္ဃထိုက်တန်သော မန္တရားကိုတတ်၏၊ ထိုဒွန်းစဏ္ဍားပညာရှိသည် တနေ့သောအခါ နံနက်ခင်း၌ စောစောကလျှင် ရွာမှထွက်၍ တောသို့သွားပြီးလျှင် သရက်ပင်သို့ကပ်၍ ခြေဖြင့်ခုနစ်လှမ်း လှမ်းပြီးလျှင် ခြေစုံရပ်လျက် မန္တရားကို မန်းမှုတ်၍ သရက်ပင်ကို ရေတလက်ဖက်ဖြင့် ပက်ဖျန်းလေ၏၊ ထိုအခါသရက်ပင်သည် မန္တရား၏အာနုဘော်ကြောင့် ခဏခြင်း ရွက်ဟောင်းကြွေ၍ ရွက်သစ်လဲကာပွင့်သီးမှည့်မှဲ့ပြီးလျှင် ကြွေကုန်၏၊ ထိုသရက်သီးတို့သည် ချိုကုန်၏၊ သြဇာရှိကုန်၏၊ နတ်သုဓာနှင့်တူကုန်၏၊ ဒွန်းစဏ္ဍားသည် ကောက်၍ အလိုရှိတိုင်း စားပြီးလျှင် သရက်သီးတို့ကို ရောင်းချကာ အသက်မွေး၏။

**ဒွန်းစဏ္ဍားထံ ပညာသင်ရန်**

ပုရောဟိတ်သားလည်း အခါမဟုတ် သရက်သီးတို့ကို ရောင်းချသော ဒွန်းစဏ္ဍားကို မြင်လျှင် မန္တရား၏အာနုဘော်ကြောင့် ဖြစ်လိမ့်မည်၊ အဘိုးအနဂ္ဃ ထိုက်တန်သော မန္တရားကို သင်ယူမည်ဟုကြံစည်ကာ ဒွန်းစဏ္ဍားပညာရှိ မလာမီလျှင် မေးမြန်းစုံစမ်း၍ အိမ်သို့သွားပြီးလျှင် မယားအား ဆရာကိုမေး၍ တောသို့ သွားကြောင်းကိုပြောကြားလျှင် ငံ့လင့်ကာနေ၏၊ ဒွန်းစဏ္ဍားပြန်လာလျှင် ခရီးဦးကြိုဆို၍ လက်မှဝန်ထုပ်ကိုလှမ်းယူကာ အိမ်၌ထား၏။

ဒွန်းစဏ္ဍားလည်း ထိုလုလင်ကိုကြည့်၍ မယားအား "ရှင်မ...ဤလုလင်ကား သူယုတ်မာဖြစ်၏၊ မန္တရားသင်ရန် လာဟန်တူ၏၊ သင်ပေးသော်လည်း ထိုလုလင်ထံ၌ မန္တရား တည်မည်မဟုတ်"ဟုပြောဆိုနှင့်၏၊လုလင်လည်း ဆရာအား ကျေးဇူးပြုကာ မန္တရားကို သင်ယူမည်ကြံစည်လျက် အိမ်တွင်းအိမ်ပ ပြုဘွယ်ကိစ္စဟူသမျှတို့ကို မပျင်းမရိ ကြေကုန် ပြီးစီးအောင် ဆောင်ရွက်၏။

**ဝတ်ကြီးဝတ်ငယ် ပြုလုပ်ဘွယ်**

တနေ့သ၌ ဒွန်းစဏ္ဍားသည် လုလင်ကို ခေါ်၍ ဝတ်ကြီးဝတ်ငယ်ကိုပြုစေပြီးလျှင် "အမောင်.... ညောင်စောင်းခြေတို့ကို တပ်၍ သွားလေ"ဟု မှာထား၏၊ လုလင်လည်း ညောင်စောင်းခြေတချောင်း ရှာ၍မရသဖြင့် တညလုံးပေါင်ပေါ်၌တင်ထား၏၊ နောက်အဘို့၌ ဒွန်းစဏ္ဍားမယားသည် သားဘွား၏၊ လုလင်သည် မီးနေသောအခါ မရှိမရှာကိစ္စ အလုံးစုံကိုပြု၏။

ဒွန်းစဏ္ဍားမယားသည် တနေ့သ၌ ဒွန်းစဏ္ဍားအား "အရှင်.... ဤလုလင်သည် အမျိုးနှင့်ပြည့်စုံသူဖြစ်လျက် မန္တရားကိုသင်ယူလိုသဖြင့် အောက်ကျနောက်ကျ အိမ်တွင်း အိမ်ပအလုံးစုံကို ကြေကုန်အောင် ဆောင်ရွက်ပေ၏၊ လုလင်၏ထံ၌ မန္တရားတည်သည်ဖြစ်စေ, မတည်သည်ဖြစ် စေ လုလင်အားသင်ပေးပါ"ဟု တောင်းပန်၏။

**ဆရာမှာကြား ပညာသင်ပြား**

ဒွန်းစဏ္ဍားပညာရှိလည်း ကောင်းပြီဟုဝန်ခံ၍ လုလင်အား မန္တရားကိုသင်ပေးပြီးလျှင် "ချစ်သား.... ဤမန္တရား

သည် အကိုးများစွာထိုက်တန်၏၊ သင့်အား များစွာသော လာဘ်ပူဇော်သကာဖြစ်လိမ့်မည်၊ ထို့ကြောင့် သင်၏ဆရာ အဘယ်သူနည်းမေးလျှင် ငါ့ဆရာဒွန်းစဏ္ဍားတည်း၊ ဒွန်းစဏ္ဍားထံမှ ငါသင်ခဲ့၏ဟုပြောဆိုရမည်၊ ရှက်စနိုး၍ တဦးကိုလွှဲ၍ ပြောဆိုကာ မှသားဆိုငြားအံ့၊ မန္တရားကွယ်ပျောက်လိမ့်မည်၊ သတိကြီးစွာထားလေ”ဟု ဆုံးမ၏၊ လုလင်သည် “ဆရာ.... အဘယ့်ကြောင့်လျှို့ဝှက်အံ့နည်း၊ တစုံတယောက်က မေးလျှင် ဆရာကိုသာဆရာဟု ပြောဆိုပါမည်”ဟု ဝန်ခံ၍ ရှိခိုးခွင့်ပန်ပြီးလျှင် သွားလေ၏။

**ပညာတတ်လျှင် မင်းထံဝင်**

ပုဏ္ဏားလုလင်သည် ဒွန်းစဏ္ဍား ရွာမှ ထွက်၍ မန္တရားကိုစုံစမ်းလျက် အစဉ်အတိုင်းသွားရာ ဗာရာဏသီ ပြည်သို့ ရောက်လျှင် သရက်သီးတို့ကိုရောင်းချသဖြင့် ဥစ္စာများစွာရလေ၏၊ ထိုအခါ ဥယျာဉ်စောင့်သည် ထိုလုလင်ထံမှသရက်သီးတို့ကိုဝယ်ယူပြီးလျှင် မင်းကြီးအားဆက်သလေ၏၊ မင်းကြီးသည်သရက်သီးကိုစားပြီးလျှင် “အချင်းဥယျာဉ်စောင့် သရက်သီးတို့ကို အဘယ်မှရသနည်း”ဟု မေး၏၊ “အရှင်မင်းကြီး....အခါမဲ့ လုလင်တယောက် ရောင်းလာ၍ ရခဲ့ပါသည်”ဟု လျှောက်ထားလေ၏၊ “အချင်း-ဥယျာဉ်စောင့်....ကောင်းပြီ ထိုလုလင်ကိုငါတို့နန်းတော်သို့ဆောင်ယူခဲ့စေ”ဟု အမိန့်ပေး၏၊ ဥယျာဉ်စောင့်လည်း မင်းကြီးအမိန့်အတိုင်းနန်းတော်သို့ဆောင်ယူခဲ့စေ၏။

**မင်းကြီးစုံစမ်း ပညာစွမ်း**

ဤသို့ နန်းတော်သို့ လာဖန်များလျှင် မင်းကြီးသည် လုလင်ကို ငါ့ထံခစားလော့ဟု အမိန့်ပေးလေ၏၊ လုလင်

လည်း မင်းကြီးကိုခစားသဖြင့် များစွာသော ဥစ္စာကိုရ၏၊ ခစားဖန်များလတ်သော် မင်းကြီးနှင့်အလွန်အကျွမ်းဝင်၏၊ မင်းကြီးသည် တနေ့သ၌ "လုလင်....သင်သည် အခါမဟုတ်ဘဲ ဘယ်အရပ်မှသရက်သီးတို့ကို ဆောင်ခဲ့သနည်း၊ တန်ခိုးကြီးသော နတ်များ နဂါးများ ပေးသလော၊ သို့မဟုတ်မန္တရား၏အာနုဘော်လော"ဟု မေးလေ၏၊လုလင်လည်း "အရှင်မင်းကြီး.... တစုံတယောက်သောသူသည် မပေးပါ၊ မန္တရား၏ အာနုဘော်ဖြစ်ပါသည်"ဟု အမှန်အတိုင်းလျှောက်ထားလေ၏၊ထိုအခါ မင်းကြီးသည်အလွန်နှစ်သက်သဖြင့် "လုလင်....သင်၏မန္တရားအစွမ်းကို ကြည့်လိုသည်,ပြပါ"ဟု ပြောလေ၏၊ လုလင်လည်း ကောင်းပြီဟု ဝန်ခံလေ၏။

**ပညာတတ်ရေး ဆရာမေး**

တနေ့သ၌ မင်းကြီးသည် လုလင်ကို ခေါ်၍ ဥယျာဉ်တော်သို့ သွားပြီးလျှင် မန္တရား၏ အစွမ်းကို အပြခိုင်းလေ၏၊ လုလင်လည်း ဆရာသင်ပြသော နည်းအတိုင်း သရက်ပင်အနီးသို့ကပ်ကာ ခုနစ်ဘဝါး လှမ်းပြီးလျှင် ခြေစုံရပ်လျက် မန္တရားကို မန်းမှုတ်၍ သရက်ပင်ကို ရေတလက်ဖက်ဖြင့်ပက်ဖျန်း၏၊ သရက်ပင်သည် ခဏခြင်းရွက်သစ်လဲကာ ပွင့်သီးမှည့်မှုံ့ပြီးလျှင် မိုးရွာသကဲ့သို့ ကြွေကျလေ၏၊ လူအပေါင်းသည် ကောင်းချီးပေးကာ အဝတ်ပုဆိုးတို့ကို ကြဲမြှောက်ကြကုန်၏၊ မင်းကြီးလည်း လုလင်အား များစွာသောဥစ္စာကို ပေးပြီးလျှင် "လုလင်....သင်သည် ဤသို့အာနုဘော်ကြီး၍ အံ့ဘွယ်သရဲရှိသောမန္တရားကို အဘယ်သူ့ထံမှ သင်ယူခဲ့သနည်း"ဟုမေး၏၊ လုလင်သည် ဒွန်း

စဏ္ဍာလားထံမှသင်ယူခဲ့ရသည်ဟု ပြောဆိုရမည်ကို ရှက်နိုး၏၊ မန္တရားလည်း နုတ်တက်လှပြီ၊ မေ့ပျောက်တော့မည်မဟုတ်၊ ငါသည် မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုမည်ဟု ကြံစည်ပြီးလျှင်—


**ကျေးဇူးပျက်ပြယ်**
**အတတ်ကွယ်**

"အရှင်မင်းကြီး.... ဤမန္တရားကို သာမန်ဆရာတို့ထံမှ သင်ယူခဲ့သည်မဟုတ်၊ ဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ရသည်"ဟု လျှောက်ထားလေ၏၊ ဆရာကိုစွန့်ပယ်သောခဏ၌လျှင် မန္တရားလည်း ကွယ်ပျောက်လေ၏၊ မင်းကြီးလည်း အတိုင်းထက်အလွန် နှစ်သက်၍ လုလင်နှင့်တကွ နန်းတော်သို့ဝင်လေ၏။

အခါတပါး မင်းကြီးသည် လုလင်ကိုခေါ်၍ ဥယျာဉ်တော်သို့သွားပြီးလျှင် မင်္ဂလာကျောက်ဖျာ၌နေ၍ လုလင်အား"အမောင်.... သရက်သီးစားလိုသည်ဆောင်ယူချေ" ဟု စေခိုင်း၏၊ လုလင်လည်း သရက်ပင်ရင်းသို့ကပ်ပြီးလျှင် ရပ်လျက် ရှေးနည်းအတိုင်း မန္တရားကို မန်းမှုတ်မည်ဟု ဆင်ခြင်လတ်သော် ပျောက်ကွယ်သည်ကိုသိ၍ ရှက်သဖြင့် ငေးမှိုင်ကာနေ၏။

**ပုဏ္ဏားလိမ်ကောက်**
**မင်းညာလျှောက်**

ထိုအခါ မင်းကြီးသည် လုလင်ကိုမြင်လျှင် ရှေးအခါ ဤလုလင်ကားလူများအလယ်၌ သရက်သီးမိုး ရွာစေလျက် ငါ့ထံဆောင်ယူခဲ့သည်၊ ယခုအခါ ငေးမှိုင်ကာ နေဘိ၏၊ အကြောင်းအသို့ရှိသနည်းဟု ကြံစည်လျက်—



P.158 ဆရာကိုပြစ်မှားသဖြင့် သရက်သီးကြွေစေသည့် မန္တန်ပျောက်၍ အရှက်ရသော ပုဏ္ဏားမိုက်ပုံ

"အို-ပုဏ္ဏားလုလင်…. သင်သည် ရှေးအခါ ငါ့အဘို့ သရက်သီးကြီးငယ်တို့ကို ဆောင်ယူခဲ့ပြီ၊ အို-ပုဏ္ဏားလုလင် သင်အား ယခုအခါ ထိုမန္တရား ဖြင့်လျှင် သရက်သီးတို့မသီးပါတကား"–

ဟု မေးလေ၏၊ လုလင်လည်း သရက်သီးတို့ကိုမဆောင် ယူနိုင်ပါဟု အကယ်၍လျှောက်ကြားအံ့၊ ငါ့အား အမျက် ထွက်လတံ့၊ မုသာဝါဒဖြင့် လျှောက်ထားမည်ကြံစည်ကာ-

"မြတ်သောမင်းကြီး…. အကျွန်ုပ်သည် နက္ခတ် ကြံ့ကြိုက်ခြင်းကိုငံ့လင့်ပါ၏၊ မန္တရား၌ ခဏ-မုဟုတ် ကိုမမြင်ပါ၊ နက္ခတ်, ခဏမုဟုတ်တို့ကို ရသည်ရှိ သော် များစွာသော သရက်သီးတို့ကို ဆောင်ယူခဲ့ ပါအံ့"–

ဟု နက္ခတ်ကို ရှိုးမယ်ဖွဲ့ကာ ယုတ္တိယုတ္တာရှိအောင် ညာဏ်ဆင်၍ လျှောက်ထားလေ၏။

**ပုဏ္ဏားလျှောက်တင် မင်းဆင်ခြင်**

ထိုအခါ မင်းကြီးသည်ပုဏ္ဏားလျှောက် ထားသောစကားကို ဆင်ခြင်စဉ်းစား လျက်–

"အို-ပုဏ္ဏားလုလင်…. ရှေးအခါ သင်သည် နက္ခတ်ကြံ့ကြိုက်ခြင်းကိုငင်း၊ မန္တရား၏ ခဏမုဟုတ် ကိုငင်း မဆိုခဲ့၊ အဆင်းအနံ့ အရသာနှင့် ပြည့်စုံ သော သရက်သီးတို့ကို ကိုယ်တိုင်ဆောင်ယူခဲ့၏"။

"အို- ပုဏ္ဏားလုလင်…. ရှေးအခါ သင့်အား မန္တရားကို မန်းမှုတ်သဖြင့် သရက်သီးတို့ ဖြစ်လာ ကုန်၏၊ ယခုသင်သည် မန္တရားကိုမန်းမှုတ်ပါသော် လည်း သရက်သီးတို့ ဖြစ်လာအောင် မတတ်နိုင်

ချေ၊ ယခုသင်၏ သဘောကား အဘယ်သို့ ဖြစ်သနည်း”—

ဟု ဆင်ခြင်ကြည့်ရှုကာလုလင်ပုဏ္ဏားအား မေးပြန်၏။

**ဆရာပြစ်မှားမှု လျှောက်ထားမှု**

ထိုအခါ လုလင်သည် မင်းကြီးကို မုသာဝါဒဖြင့် လှည့်စားခြင်းငှါ မတတ်နိုင်၊အကယ်၍ ဟုတ်မှန်သောအတိုင်း လျှောက်ထားငြားအံ့၊ မင်းအာဏာပြုရာ၏၊ရှိပါစေ၊ဟုတ်မှန်သောအတိုင်း လျှောက်ထားတော့မည် ကြံစည်ကာ—

“မြတ်သောမင်းကြီး.... အကျွန်ုပ်အား ဒွန်းစဏ္ဍားသည် သဘောအားဖြင့် မန္တရားကိုသင်ပေးပါ၏၊ သူတပါးတို့မေးလျှင် ငါ၏ အမျိုးအမည်ကို မလျှို့ဝှက်လင့်၊ လျှို့ဝှက်လျှင် မန္တရားသည် အကျိုးမပြီး ကွယ်ပျောက်လိမ့်မည်” ဟု ဟုတ်မှန်သောသဘောကိုလည်း မှာထား ပြောဆိုလိုက်ပါ၏၊ သို့ပါလျက် အရှင်မင်းကြီးသည် အကျွန်ုပ်ကို လူတို့အလယ်၌ မေးလတ်သော် ရှက်နိုးသဖြင့် ဒိသာပါမောက္ခ ဆရာကြီးထံမှ သင်ယူခဲ့သည် ဟုမိုက်သဖြင့် ဆရာ၏ကျေးဇူးကိုချေဖျက်ကာ မဟုတ်မမှန် ပြောဆိုမိပါ၏၊ သို့အတွက် မန္တရားကွယ်ပျောက်ကာ အထီးကျန်လျက် ငိုကြွေးရပါ၏”။

ဟု ဟုတ်မှန်သောအတိုင်း လျှောက်ထားလေ၏။

**ပုဏ္ဏားသူယုတ် ဆွဲငင်ထုတ်**

မင်းကြီးသည် လုလင်၏ စကားကိုကြားလျှင် ဤလုလင်ကား ယုတ်မာလှ၏၊ မွန်မြတ်သော မန္တရားကို ရသည်ရှိသော် အမျိုးအမည် အသို့ပြုအံ့နည်း ဟုအမျက်ထွက်ကာ—

"အို-အမတ်တို့....ပျားရည်ကို အလိုရှိသောသူအား ကြက်ဆူပင် တမာပင် ပင်လယ်ကသစ်ပင်တို့ ရှိကြရာ ပျားရည်ရသော သစ်ပင်သည်သာ သစ်ပင်မြတ်ဖြစ်၏၊ အကျိုးစီးပွားကို အလိုရှိသောသူအားလည်း မင်း,ပုဏ္ဏား, သူဌေးသူကြွယ်, သူဆင်းရဲ, ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်တို့ရှိကြရာ အကျိုးစီးပွားရသောသူသည်သာ သူမြတ်ဖြစ်၏"။

"အို-အမတ်တို့.... ဤသူယုတ်အား ဒဏ်ပေးကြကုန်၊ သတ်ပုတ်ညှဉ်းဆဲကြကုန်၊ မွန်မြတ်သော အကျိုးစီးပွားကို ငြိုငြင်ပင်ပန်းစွာ ရပါလျက် အလွန်မာန်တက်ကာ ဖျက်ဆီးဘိ၏၊ ဤသူယုတ်ကို လည်ပင်းကိုကိုင်၍ ထုတ်ကြကုန်လော့"–

ဟု အမိန့်ပေးလေ၏၊ မင်းချင်းတို့လည်း မင်းကြီး၏ အမိန့်အတိုင်း နှင်ထုတ်ကြကုန်၏။

**ဆရာထံသွား လျှောက်ထား**

ထိုလုလင်လည်း ငါ့မှာဆရာကို ထား၍ ကိုးကွယ်ရာမရှိပြီ ဟု ကြံစည်လျက်ငို ကြွေးကာဒွန်းစဏ္ဍားရွာသို့သွားလေ၏၊ ထိုအခါ ဒွန်းစဏ္ဍားပညာရှိသည် မန္တရား ပျောက်ကွယ်၍ ပြန်လာသော လုလင်ကိုမြင်လျှင် မိမိမယားကို ခေါ်၍ "ရှင်မ...မန္တရားပျောက်ကွယ်သဖြင့်ပြန်လာသောသူယုတ်ကိုကြည့်လော"ဟု ပြောဆိုနှင့်၏။

လုလင်လည်း ဆရာဒွန်းစဏ္ဍားထံသို့ ရောက်လျှင် ရှိခိုးကာနေ၏၊"အမောင်....အဘယ်ကြောင့် လာသနည်း" ဟု မေး၏၊ထိုအခါလုလင်သည် "ဆရာ...ဆရာကိုစွန့်လွှတ်ကာ

မဟုတ်မမှန် ပြောဆိုမိသဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည် ”ဟုမိမိအပြစ်ကို ပြောကြားပြီးလျှင်–

“ဆရာ…. ယောကျ်ားသည် ဤအရပ်မှာ ညီညွတ်၏ ဟု မှတ်ထင်၍ ထုံးအိုင် လိုဏ်ဂူ ချောက်ကမ်းပါးပြတ် မြစ်ဆွေးရှိသော ကွင်းသို့ ကျသကဲ့သို့ရင်း၊ သူကန်းသည် ကြိုး ဟု မှတ်ထင်၍ မြွေဟောက်ကို နင်းမိသကဲ့သို့ရင်း၊ မီးသို့ဝင်မိသကဲ့ သို့ရင်း၊ထို့အတူချွတ်ချော်ပြစ်မှားမိသော အကျွန်ုပ် ကို သည်းခံတော်မူ၍ နောက်ထပ်တဖန် မန္တရားကို သင်ပေးတော်မူပါ”–

ဟု ဆရာအား ခယတောင်းပန်လေ၏။

**သူယုတ်ရှောင်ကြဉ် ကြိမ်းမောင်းနှင်**

ထိုအခါ ဆရာသည် “အမောင်…. အမောင်ဆိုသော စကားသည် မှန်ပေ၏၊ သူကန်းသည် အမှတ် ပေးသည် ရှိသော် ထုံးအိုင်စသည်ကို ရှောင်ကြဉ်ရာ၏၊ငါသည်သင့်ကို ရှေးဦးကပင် ပြောဆိုအပ်ပြီ၊ ယခုအဘယ့်ကြောင့် လာပြန် သနည်း” ဟု ပြောဆိုပြီးလျှင်–

‘‘လုလင်….သင့်အား တရားနှင့်အညီ မန္တရား ကို ပေးအပ်ပြီ၊ သင်လည်း တရားနှင့်အညီ သင်ယူ ခဲ့ပြီ၊ သင့်အား အကျိုးစီးပွားကိုလည်း ရရှိခဲ့ပြီ၊ တရား၌တည်သော သင့်ကို မန္တရားသည် စွန့်လွှတ်၍ မသွားရာ–

ပညာနည်းသူသည် ငြိုငြင်သဖြင့် ရအပ်သော ယခုလက်ငင်းလူ့ပြည်၌ ရခဲသော အသက်မွေးခြင်း

ငါ စွမ်းနိုင်သော အာနုဘော်ကြီးသော မန္တရားကို
အကယ်၍ကား ရခဲ့၏၊ ရခဲ့ပါသော်လည်း မဟုတ်မ
မှန်ပြောဆိုသူသည် မန္တရားကိုဖျက်ဆီး၏"။

"မိုက်မဲ တွေဝေ၍ သူ့ ကျေးဇူးကိုမသိ၊ မဟုတ်
မမှန်သောစကားကို ဆိုကာ နူတ်မစောင့်သော
သင့်အား အမြဲမပြတ် သရက်သီးကိုပေးတတ်သော
မန္တရားကို ငါမပေးနိုင်၊ မန္တရားအဘယ်မှာရှိအံ့
နည်း၊ ဆင်းသွားလေ၊ငါသင့်ကို မနှစ်သက်နိုင်"–

ဟု ကြိမ်းမောင်းကာ နှင်ထုတ်လေ၏၊ ထိုသို့ဆရာသည်
နှင်ထုတ်လိုက်သည်ရှိသော် ထိုလုလင်သည် ငါ့အားမန္တရား
ကိုမရသည်ရှိသော် လူ့ပြည်၌ အသက်ရှင်သဖြင့် အဘယ်
အကျိုးရှိအံ့နည်း"ဟု ကြံစည်လျက် တောသို့ဝင်ကာ ကိုး
ကွယ်ရာမဲ့ဖြစ်၍ သေလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····
※ ထိုအခါကျေးဇူးမသိသောလုလင်သည်-ယခုအခါ
ဒေဝဒတ်။
※ ဗာရာဏသီမင်းသည်-အာနန္ဒာ။
※ ဒွန်းစဏ္ဍားသည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပျားကိုသိုချင်၊ပျားရလျှင်၊သစ်ပင်မြတ်သလို။
(၂) ကျိုးလိုသူအား၊ကျိုးရငြား၊ပေကားမြတ်သကို။
(၃) ဒွန်းစဏ္ဍားမှ၊မန္တန်ရ၊ယုတ်လှလှလင်ပျို။
(၄) ပါမေကွထံ၊ရလေဟန်၊ မမှန်မှုသားဆို။
(၅) ကျေးဇူးထိန်ချန်၊ကွယ်မန္တန်၊ထိုးကျန်သေသကို။

အမ္ဗဇာတ်ပြီး၏။

## ၄၇၅-ဖန္ဒနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ချင်းချင်းရန်ပြုဟောကြားပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဆွေတော်မျိုးတော်တို့ ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ဤပစ္စုပ္ပန်ဝတ္ထုသည် မဟာကုဏာလဇာတ်၌ထင်စွာ ဖြစ်လတ္တံ့။]

### အတိတ်ဝတ္ထု

ချင်းချင်းကြောင်းမဲ့ ရန်ငြိုးမဲ့

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် တခုသော လက်သမားရွာရှိလေ၏၊ ထိုရွာ၌ လက်သမားပုဏ္ဏား တယောက်သည် တောမှ သစ်တို့ကိုယူကာ ရထားလုပ်၍ အသက်မွေး၏၊

ထိုအခါ ဟိမဝန္တာအရပ်ဝယ် ကြို့ပင်တပင်သည်ရှိလေ၏၊ ဝံတကောင်သည် အစာရှာဖွေစားသောက်ကာ ကြို့ပင်ရင်း၌ အိပ်လေ့ရှိ၏။

တနေ့သ၌ လေတိုက်သည်ရှိသော် ကြို့ကိုင်းချောက်သည် အိပ်နေသောဝံ၏ ကျောကုန်းပေါ်သို့ ကျလေ၏၊ ဝံသည် ကျောကုန်းနာသဖြင့် အနည်းငယ် ထ၍ပြေးပြီးလျှင် တဖန်ပြန်၍ ကြည့်ရှုလတ်သော် တစုံတယောက်ကိုမျှမမြင်၊ ထိုအခါဝံသည် ငါ့ကိုတပါးသောသူသည် ပြုလုပ်သည်မဟုတ်၊ ဤကြို့ပင်စောင့်နတ်သည် ငါအိပ်သည်ကို သည်းမခံနိုင်သဖြင့် ငါ့ကျောကုန်းပေါ်သို့ ကြို့ကိုင်းကို ချိုး၍ချယောင်တကား၊ ရှိစေဦး, ငါ့အကြောင်းကို သိရမည်ဟု အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့ကာ ကြို့ပင်ကိုပုတ်ခတ်လျက် နင့်သစ်ရွက်ကိုလည်း ငါမစား၊ အခက်ကိုလည်း ငါမချိုး၊ တပါးသော သတ္တဝါတို့နေသည်ကို သည်းခံနိုင်ပါလျက် ငါ့ကိုသည်းမခံနိုင်၊ ဘယ်အပြစ်ရှိသနည်း၊ နှစ်ရက်သုံးရက်ရှိလျှင် နင့်သစ်ပင်ကို အမြစ်ပါတူးစေမည်ဟု ကြိမ်းမောင်းကာ သွားလေ၏။

**ရန်သူပျက်မှာ ဝမ်းမြောက်စွာ**

ထိုအခိုက် ပုဏ္ဏား လက်သမားသည် အဘော် နှစ်ယောက် သုံးယောက်ကို ခေါ်၍ ရထားသစ်ယူရန် လှည်းဖြင့်လာ၏၊ တနေရာတွင် လှည်းကိုချွတ်၍ ဓားမ, ပဲခွပ်, ပုဆိန်လက်စွဲကာ စုံစမ်းရှာဖွေရာ ကြို့ပင်အနီးသို့ ရောက်လေ၏၊ ဝံသည် လက်သမားကိုမြင်လျှင် ငါ့ရန်သူ ပျက်စီးခြင်းကို မြင်ရတော့မည်ဟု ဝမ်းမြောက် ဝမ်းသာ အနည်းသို့ချဉ်းကပ်လျက်—

"အို-ယောကျ်ား…ခေါမ,ပဲကွပ်ပုဆိန်လက်စွဲ ကာတောသို့ လာဘိ၏၊ အဆွေ ယောကျ်ား… ငါ မေးအပ်သည်ကို ပြောကြားပါ၊ သင်သည် အဘယ်သစ်ကို ခုတ်ဖြတ်လိုသနည်း"–

ဟု မေးလေ၏၊ လက်သမားပုဏ္ဏားသည် ဝံစကားကို ကြားလျှင် "အို-လုလင်တို့… ငါသည် တသက်လုံး လူတို့ စကားကိုပြောဆိုသော ဝံကို မမြင်စဘူး၊ အံ့ဘွယ်ရှိစွ၊ ဤဝံသည် လျောက်ပတ်သောသစ်ကို သိတန်ရာ၏"ဟု ပြောဆိုပြီးလျှင်–

"အဆွေဝံ… သင်ကား ညီညွတ်သောတော မညီညွတ်သောတောသို့ လှည့်လည်ပါ၏၊ ငါမေး အပ်သည်ကို ပြောကြားပါ၊ အဘယ် သစ်သည် ရထား အကွပ်လုပ်ဘို့ရန် ခိုင်ခန့်ပါသနည်း"–

ဟု သစ်အကြောင်းကို မေးလေ၏။

**ရန်သူပျက်ရေး အကြံပေး**

ဝံလည်း အချက်ကောင်းကို ရပေပြီ၊ ငါ၏ရန်သူ ပျက်စီးခြင်းကို မြင်ရတော့ မည်ဟုကြံစည်ကာ–

"အဆွေလက်သမား… ပိတောက်ပင်, ရှားပင်, အင်ကြင်းပင်, ဖေါက်ကြွပင်တို့သည် မခိုင်ခန့်ကုန်၊ ကြို့ပင်သည် ရထားအကွပ်လုပ်ရန် ခိုင်ခန့်လှ၏"–

ဟု ပြောကြားလေ၏၊ လက်သမားသည် ဝံ၏စကားကိုကြားလျှင် အလွန်နှစ်သက်ဝမ်းသာ၍ ရှေးနေ့တို့၌ ငါ့အား တိရစ္ဆာန်တို့သည် လျောက်ပတ်သောသစ်ကို မပြော

ကြားစဘူး၊ ယန္တေကား ထူးထူးခြားခြား ပြောကြားပေ၏၊ ညြ····ကောင်းလေစွဟု ပြောဆိုပြီးလျှင်–

"အဆွေဝံ····သင်ပြောသော ကြို့ပင်၏အရွက် ပင်စည်တို့သည် အဘယ်သို့သဘောရှိသနည်း၊ငါတို့ ကြို့ပင်ကိုမသိကြပါ၊ သိရအောင် ငါတို့အား ပြော ကြားပါ"–

ဟု မေးမြန်းတောင်းပန်လေ၏၊ထိုအခါဝံသည်–

"အဆွေ လက်သမား···· ကြို့ပင်၏ အကိုင်း အခက်တို့သည် တွဲလျားကျကုန်၏၊ အောက်သို့ညွတ် ကုန်၏၊ မကျိုးကုန်၊ ယခုငါတည်နေသော သစ်ပင် ကား ကြို့ပင်ဖြစ်၏၊ ရထား၏အကန့်-လှည်းဘီး ပုံတောင်း-ဝက်စွယ်- အကွပ် အလုံးစုံပြုလုပ်ရန် နိုင် ခန့်လှ၏"–

ဟု လက်သမားတို့ကို ပြောကြားပြီးလျှင် မိမိအလိုရှိရာ အရပ်သို့သွားလေ၏။

လက်သမားတို့လည်း ကြို့ပင်ကိုခုတ်ဖြတ်ရန် ကြိုးစား ကြ၏၊ ထိုအခါ ကြို့ပင်စောင့်နတ်သည် ငါကား ဝံ၏အ ပေါ်၌ တစုံတခုကိုမျှမချရ၊ ဤဝံသည် အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့ကာ ငါ့ဗိမာန်ကိုဖျက်ဆီးဘိ၏၊ တခုသောဥပါယ် ဖြင့် ဤဝံအား လက်သမားတို့ကိုပင်သတ်စေမည်ဟုကြံစည် ၍ ယောက်ျားအသွင် ဖန်ဆင်းပြီးလျှင် လက်သမားတို့ထံ လာ၍– "အို-လက်သမားတို့···· ဤသစ်ပင်ကား ကောင်း လှ၏၊ ခုတ်ဖြတ်၍ အဘယ်ကို ပြုလုပ်အံ့နည်း"ဟု မေး၏၊ "အဆွေ····ရထားအကွပ်ပြုလုပ်မည်"ဟု ပြော၏၊ သင်တို့

ကို အဘယ်သူ ပြောကြားသနည်း'' ဟု မေးသောအခါ ''ဝံတကောင်ပြောကြားပါ၏''ဟုပြော၏၊''ဝံသည် ကောင်းစွာပြောကြားပေသည်''ဟုပြော၏။

**ချင်းချင်းမုန်းချက် ကျိုးမထွက်**

ထိုအခါ ရုက္ခစိုးနတ်သည် လက်သမားတို့အား ''အမောင်တို့....ဝံရေကိုခွါ၍ လက်လေးသစ်မျှ ဖြတ်ပြီးလျှင် ရထားအကွပ်၌ သံပတ်သကဲ့သို့ပတ်လျှင် အလွန်ခိုင်ခန့်လှသည်၊ အဘိုးလည်းထိုက်တန်လှသည်၊ ဝံရေကို အဘယ်မှာရအံ့နည်း၊ သင်တို့သည်မိုက်လှ၏၊ကြို့ပင်ကား ဘယ်မှပြေးမည်မဟုတ်၊ သင်တို့အား ပြောကြားသော ဝံထံသွား၍ သင်ပြသောသစ်ပင်ကို ဘယ်အရပ်၌ ဖြတ်ရမည်နည်း၊ လိုက်၍ပြပါဟု လှည့်စား၍ခေါ်ချေ၊ လိုက်လာ၍ ဤအရပ်၌ဖြတ်လောဟု နှုတ်သီးဖြင့်ပြသောအခါ ထက်လှစွာသောပုဆိန်ဖြင့် ဖြတ်၍သတ်ပြီးလျှင်အရေကိုခွါ၍ ကောင်းသောအသားကိုစားပြီးမှ ကြို့ပင်ကိုဖြတ်လော''ဟု ရန်တုံ့မူကာ နည်းပေးပြန်၏။

ထိုအခါ လက်သမားသည် ကြို့ပင်စောင့်နတ်စကားကိုကြားပြန်လျှင် သြ....အံ့ဘွယ်ရှိပေစွ၊ ယနေ့ ငါ့အားမင်္ဂလာရှိသောနေ့ ဖြစ်ပေသည်ဟု ပြောဆိုကာ ကြို့ပင်စောင့်နတ်ပေးသောနည်းဖြင့် ဝံကိုသတ်ပြီးလျှင် ဝံပေးသောနည်းဖြင့် ကြို့ပင်ကိုခုတ်ဖြတ်ခါ ယူ၍သွားလေ၏၊ ဤသို့လျှင် ဝံနှင့်ကြို့ပင်စောင့်နတ်တို့သည် အချင်းချင်း ရန်ငြိုးဖွဲ့ကြသဖြင့် ပျက်စီးကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် သာကီဝင်မင်းတို့အား ဝံနှင့်ကြို့ပင်စောင့်နတ်ကို ပမာပြုကာ ဆုံးမတော်မူ၏၊

သာကီဝင်မင်းတို့လည်း မြတ်စွာဘုရား အဆုံးအမ၌တည်၍ ညီညွတ်ကြကုန်၏၊ ခိုက်ရန်ပြေငြိမ်းကြကုန်၏၊ ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အဘိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ ထိုတောအုပ်၌ နေသော ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ငြင်းခုံခိုက်ရန်၊ဒေါသထန်၊ကောန်ပျက်စီးမည်။
(၂) ရာမဟုတ်ပေ၊ခိုက်ရန်ဖွေ၊နှစ်ထွေပျက်စီးမည်။
(၃) ဝံနှင့်ကြို့ပင်၊ပဓာတင်၊အစဉ်မှတ်အပ်သည်။
(၄) ဝံကိုလည်းသတ်၊ကြို့ပင်ဖြတ်၊နတ်လည်းပျက်တော့သည်။

ဖန္ဒနဇာတ်ပြီး၏။

---

## ၄၇၆–ဇဝနဟံသဇာတ်

**မဇ္ဈိမပဏ္ဏာသ၊**

အာယုသင်္ခါ လွှတ်လျှင်စွာ — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော် မူစဉ် "ရဟန်းတို့....အရပ်လေးမျက်နှာ၌ တည်ကုန်လျက် လျှင်မြန်စွာ

ပစ်သောလေးသမား လေးယောက်တို့မြှားကို မြေသို့မကျမီ ကောက်ယူ၍ လာနိုင်သော ယောကျ်ား၏ သွားခြင်းသည် လျင်မြန်၏၊ ထိုထက် လ, နေ တို့၏ သွားခြင်းသည်လျင်မြန်၏၊ ထိုထက် လ,နေ တို့ရှေ့မှပြေးသောနတ်တို့၏ သွားခြင်းသည်လျင်မြန်ကုန်၏၊ထိုထက် အာယုသင်္ခါရတို့သည် လျင်မြန်ကုန်၏”ဟု ဒုဓမ္မနေဂ္ဂဟ သုတ္တန်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ပုထုဇဉ်ရဟန်းတို့သည် အလွန်ထိတ်လန့်ကုန်၏။

ခုနစ်ရက်မြောက်နေ့၌ ရဟန်းတို့သည် တရားသဘင်၌ စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍သိတော်မူလျှင်“ရဟန်းတို့…ယခုအခါ ငါဘုရားသည် အာယုသင်္ခါရ၏ နည်းသောအဖြစ်ပြလျက် ရဟန်းတို့ကို ထိတ်လန့်စေ၍ တရားဟောခြင်းကား အံ့ဘွယ်မရှိသေး၊ ရှေးအခါ တိရစ္ဆာန် ဟင်္သာမျိုး၌ ဖြစ်ပါလျက် အာယုသင်္ခါရ၏ နည်းသောအဖြစ်ကိုပြလျက် ဗာရာဏသီမင်းနှင့်တကွ ပရိသတ်ကို ထိတ်လန့်စေ၍ တရားဟောဘူးပြီ”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ဟင်္သာနှင့်လူမင်း အကျွမ်းဝင်ခြင်း**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ဇဝနဟင်္သာမျိုး၌ဖြစ်၍ ဟင်္သာကိုးသောင်းခြံရံလျက် စိတ္တကုင်တောင်၌ နေ၏၊တနေ့သ၌ ဟင်္သာမင်းသည် အခြံအရံနှင့်တကွ အိုင်

တခု၌ ပေါက်သော သလေးစပါးကို စား၍ ဗာရာဏသီ ပြည် ကောင်းကင်ထက်၌ ဖြည်းညှင်းသာယာစွာ ပျံသန်းလျက် စိတ္တကုဋ်တောင်သို့ သွားလေ၏။

ထိုအခါ အခြံအရံနှင့်တကွ ပျံသွားသော ဟံသာမင်းကို ဗာရာဏသီ မင်းမြင်၍ ဤဟံသာသည် ငါကဲ့သို့မင်းဖြစ်ရာ၏ဟု အမတ်တို့ကို ပြောဆိုကာ ချစ်ခင်နှစ်သက်တော်မူသဖြင့် ပန်း နံ့သာပျောင်းတို့ကို ကိုင်ကာကြည့်လျက် တူရိယာတို့ကို တီးမှုတ်စေ၏၊ ဟံသာမင်းသည် မိမိအားပူဇော်သက္ကာရပြုသည်ကို မြင်၍ အခြံအရံဟံသာတို့ကို"အမောင်တို့.... ဤမင်းကား အဘယ်ကို တောင့်တ၍ ငါ့အား ပူဇော်သက္ကာရကို ပြုသနည်း"၊အရှင်မင်းကြီး....မိတ်ဘွဲ့လိုသဖြင့် ပူဇော်သက္ကာရကို ပြုပါသည်၊ "အမောင်တို့.... ကောင်းပြီ"ဆို၍ မင်းကြီးထံ သွား၍ မိတ်ဖွဲ့လေ၏၊ ထိုနေ့မှစ၍ ဟံသာမင်းနှင့် ဗာရာဏသီမင်းတို့သည် ချစ်ခင်ရင်းနှီးသော မိတ်ဆွေဖြစ်လျက် သွားလာ ဆက်ဆံကာနေကြ၏။

**နေနှင့်ယှဉ်ပြိုင်**
**ဟံသာငယ်မနိုင်**

ထိုအခါ ဟံသာမင်း၏ညီတော် ဟံသာငယ်နှစ်ဦးတို့သည် နေနှင့်တကွ အပြေးပြိုင်မည် ဟု တိုင်ပင် ညီညွတ်ကာ နောင်တော် ဟံသာမင်းအား လျှောက်ထား ကုန်၏၊ "အမောင်တို့....နေကားအလွန်လျင်မြန်၏၊ အပြေးပြိုင်နိုင်မည်မဟုတ်၊ လမ်းခရီးအကြားတွင် ပျက်စီးကြလတ့်၊ မပြိုင်ကြလင့်"ဟု တားမြစ်လေ၏၊ ဟံသာငယ်တို့သည် သုံးကြိမ်တိုင်အောင် တောင်းပန်ကုန်၏၊ နောင်တော်လည်း တား

မြစ်လေ၏၊ ညီတော်ဟသ်ာငယ်တို့သည် မိမိတို့အစွမ်းကို မသိကုန်၍ မာန်တက်ကုန်လျက် နောင်တော်ကို မတောင်းပန်ကြဘဲ နေနှင့်အပြေးပြိုင်ရန် နေမထွက်မီကပင် ယုဂန္ဓိုရ်တောင်ထိပ်၌ နေလင့်ကုန်၏၊ ဟသ်ာမင်းလည်း ညီတော်တို့ကိုမမြင်၍မေးရာ ထိုအကြောင်းကိုသိလျှင် ညီတော်တို့ကားပျံနိုင်ကြမည်မဟုတ်၊ အသက်ကို ပေးမည်ဟု ကြံစည်လျက် ယုဂန္ဓိုရ်တောင်ထိပ်၌ နေလင့်၏။

နေဝန်းလည်း ယုဂန္ဓိုရ်တောင်ထိပ်မှ တက်၍ လာ၏၊ ဟသ်ာညီနောင်တို့လည်း ပျံသန်းကာနေနှင့်အတူပြေးကုန်၏၊ ဟသ်ာမင်းလည်း ညီတော်တို့နှင့် အတူပြေးကုန်၏၊ ညီတော်ငယ်သည် နံနက်နေအတော်မြင့်သောအခါ ပင်ပန်းလှ၏၊ အတောင်ကြားမှ မီးတောက်သကဲ့သို့ ဖြစ်၏၊ မပျံနိုင်ကြောင်းကို နောင်တော်အား အမှတ်ပေး၏၊နောင်တော်လည်း ညီတော်မကြောက်လင့်ဟု အားပေးကာ အတောင်ချိုင့်၌ထားလျက် စိတ္တကုဋ်တောင်သို့ ပို့ပြီးလျှင် နေနှင့်အမှီ လိုက်ပြန်၏၊ မွန်းတည့်နီးသောအခါ ညီတော်အကြီးသည် ပင်ပန်းလှ၏၊ အတောင်ကြားမှ မီးတောက်သကဲ့သို့ ဖြစ်ပြန်၏၊ နောင်တော်အားလည်း မပျံနိုင်ကြောင်း အမှတ်ပေး၏၊ နောင်တော်လည်း မကြောက်လင့်ဟု အားပေးကာ အတောင်ချိုင့်၌ထားလျက် စိတ္တကုဋ်တောင်သို့ ပို့ပြန်၏။

**နေကိုနိုင်ခြင်း ဟသ်ာမင်း**

နောက်တဖန် ဟသ်ာမင်းသည် ယနေ့ငါသည် အားအစွမ်းကို စုံစမ်းမည်ဟု ကြံစည်ကာ တဟုန်တည်း ပြေးသွား၍ ယုဂန္ဓိုရ်တောင်ထိပ်၌ နား၏၊ ထိုမှတဖန် တဟုန်တည်း

ပြေးသွားပြန်လျှင် နေရှိရာသို့ ရောက်၍ နေ၏ ရှေ့မှဝင်း, နောက်မှဝင်း ပုံ၏၊ငါ့အားနေနှင့် အပြေးပြိုင်သဖြင့် အကျိုးမရှိ၊ အဆွေတော် ဗာရာဏသီမင်းအား အကျိုးစီးပွားနှင့် စပ်သော တရားစကားကို ဟောကြားမည် ကြံစည်လျက် နေ့မွန်းမတိမ်းမီလျှင် အလုံးစုံသော စကြဝဠာအတွင်း စွန်းကို လှည့်လည်၍ အဟုန်ကို လျှော့ပြီးလျှင် ဇမ္ဗူဒိပ ကျွန်းအတွင်းစွန်းကိုလှည့်လည်ပြန်၍ ဗာရာဏသီမြို့အလုံးကို ဟင်္သာငှက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ လှည့်လည်ပြန်၏၊ တနေရာမျှအပေါက်အကြား မထင်လေ၊ တဖြည်း ဖြည်း အဟုန်ကိုလျှော့မှ အပေါက်အကြား ထင်၍လာကာ နန်းတော်လေသာပြူတင်းပေါက်တွင် ရပ်၏။

**အဟုန်ပြရန် မင်းတောင်းပန်**

ဗာရာဏသီမင်းလည်း ဟင်္သာမင်းလာသည်ကို မြင်လျှင် ငါ့အဆွေတော်လာပြီဟု ဝမ်းမြောက်ဝမ်းသာ ဟင်္သာမင်း နားနေရန် ရွှေအင်းပျဉ်ကို ခင်းစေပြီးလျှင်–

''အဆွေတော် ဟင်္သာမင်း···· ဤရွှေအင်းပျဉ်၌ နားနေတော်မူပါ၊အဆွေတော်အား မြင်ရခြင်းကို နှစ်သက်ပါ၏၊ အဆွေတော်သည် အကျွန်ုပ်ထံ ရောက်လာပေ၏၊ ဤနန်းတော်၌ အလိုရှိရာကို ပြောကြားတော်မူပါ''–

ဟု လောကွတ်ပျူငှါ ဘိတ်မန္တကပြုလေ၏၊ ဟင်္သာမင်းလည်း ရွှေအင်းပျဉ်တွင်နားနေတော်မူ၏၊ ဗာရာဏသီမင်းသည် အကြိမ်တရာ ချက်အပ်သော ဆီကြည်ဖြင့် အတောင်ကြားကိုလိမ်းပြီးလျှင် ရွှေခွက်ဖြင့် ပျားရည် သကာ ပေါက်

ပေါက်တို့ဖြင့် ထည့်၍ ဆွဲခံ၏၊ သာယာစွာ ပဋိသန္ထာရ စကားကို ပြောကြား၏၊ အဆွေတော်အား လာခဲ့ခြင်း အကြောင်းကိုလည်း မေးမြန်း၏၊ ဟင်္သာမင်းသည် နေနှင့် အပြေးပြိုင်သော ညီတော်ဟင်္သာငယ်တို့ အကြောင်းကို အကျယ်တဝင့်ပြောကြား၏၊ထိုအခါ ဗာရာဏသီ မင်းသည် "အဆွေတော်....အကျွန်ုပ်အား နေနှင့် အပြေးပြိုင်သော အဟုန်ကို ပြပါလော" ဟု ပြော၏၊ မြတ်သောမင်းကြီး အဟုန်ကို မပြနိုင်ပါ"ဟု ပြော၏၊ "တူမျှသည်ကိုပြပါ"ဟု တောင်းပန်၏။

**မြေဝယ်မကျ မြှားကောက်ပြ**

ထိုအခါ ဟင်္သာမင်းသည် အက္ခဏ ဝေဓိလေးသမား လေးယောက်တို့ကို နန်းရင်ပြင်၌ စည်းဝေးစေ၏၊ နောက် ကျောက်တိုင်ကို စိုက်စေပြီးလျှင် မိမိကိုမူကား လည်ပင်း ၌ဆည်းလည်းဆွဲစေပြီးလျှင် ကျောက်တိုင်ထိပ်၌ နေ၏၊ "မြတ်သောမင်းကြီး..ခကျောက်တိုင်ကိုကျောပေးကာအရပ် လေးမျက်နှာသို့ တပြိုင်နက်ပစ်သော လေးသမားတို့မြှားတို့ ကိုမြေကြီးသို့မကျမိ ကောက်၍ လေးသမား လေးယောက် တို့ထံကိုပို့မည်၊အကျွန်ုပ်ကိုမြင်ရမည်မဟုတ်၊ ဆည်းလည်း သံကိုသာ နားထောင်၍လျှင်မြန်သောအဟုန်ကို ရှုတော်မူ ပါ"ဟု ပြောလေ၏၊လေးသမားလေးယောက်တို့လည်း တ ပြိုင်နက် အရှေ့အနောက် တောင်မြောက် အရပ်လေး မျက်နှာသို့ အသီးအသီးပစ်ကြကုန်၏၊ ဟင်္သာမင်းလည်း မြှားတို့ကို မြေသို့မကျမိ ကောက်ယူကာ လေးသမားတို့ ထံသို့ ချပြီးလျှင် ကျောက်တိုင်ထိပ်၌နေ၏၊ မင်းနှင့်တကွ

လူအများတို့သည် မြွားကောက်သော ဟံသာမင်းကို မမြင်ကြကုန်၊ ဆည်းလည်းသံမျှသာကြားရကုန်၏။

**တရားအစုံ ဟောပြပုံ**

ထိုနောက် ဟံသာမင်းသည် "မြတ်သောမင်းကြီး....အကျွန်ုပ်၏ လျင်မြန်ခြင်းကို မြင်ရပြီ မဟုတ်လော၊ ဤလျင်မြန်ခြင်းကား ယုတ်လျော့သော လျင်မြန်ခြင်းတည်း၊"အဆွေတော်ဟံသာမင်း.... သင်၏လျင်မြန်ခြင်းထက် လျင်မြန်သောအရာ ရှိပါသေးသလော"ဟုမေး၏၊ "မြတ်သောမင်းကြီး....အကျွန်ုပ်၏ လျင်မြန်ခြင်းထက်အဆပေါင်း ရာထောင်မကလျင်မြန်လှသောအရာကားသတ္တဝါတို့၏အာယုသင်္ခါရဖြစ်ပါသည်၊ ထိုအာယုသင်္ခါရသည် လျင်မြန်စွာကုန်ဆုံးပျက်စီးတတ်၏"ဟု ရုပ်တရား နာမ်တရား တို့၏ ခဏနိရောဓကို ဟောတော်မူ၏၊ ထိုအခါမင်းကြီးသည် သေရမည့်ဘေးမှ ကြောက်သဖြင့် သတိမရ မူးမေ့ကာလဲလေ၏၊ လူအများလည်း အလွန်ကြောက်ရွံ့ထိတ်လန့်ကုန်၏၊ မင်းကြီးကို ရေဖြင့် ဆွတ်ဖြန်းကာ သတိရစေကုန်၏။

ဟံသာမင်းသည် "မြတ်သောမင်းကြီး.... မကြောက်လင့်၊ သေရလတံ့ဟု အဖန်ဖန်အောက်မေ့ခြင်း မရဏာဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလော့၊ မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြုလော့၊ ကုသိုလ်ကောင်းမှုကို ပြုလော့"ဟု မင်းကြီးကိုဆုံးမလေ၏။

**တရားခြင်းရာ ဝမ်းမြောက်စွာ**

ထိုအခါ မင်းကြီးသည် ဟံသာမင်းဟောကြားသောတရားကို များစွာနှစ်သက်လှသဖြင့်—

"အဆွေဟံသာမင်း....သင်၏စကားကိုကြားရသဖြင့် အချို့သောသူအား ချစ်မြတ်နိုးပါ၏၊မြင်တွေ့ရသဖြင့် အချို့သောသူအား ချစ်မြတ်နိုးခြင်း ကင်းပျောက်ပါ၏၊ စကားကိုကြားရသဖြင့်ရင်း, မြင်တွေ့ရသဖြင့်ရင်း ချစ်မြတ်နိုးခြင်းတို့သည် ဖြစ်ကုန်၏၊ အသို့နည်း အကျွန်ုပ်အားမြင်တွေ့ရသဖြင့် ချစ်မြတ်နိုးပါ၏လော"။

"အဆွေဟံသာမင်း..အကျွန်ုပ်သည်သင်၏စကားကိုကြားရသဖြင့် သင်ဟံသာမင်းအား ချစ်မြတ်နိုးပါ၏၊ မြင်တွေ့ရသဖြင့် အတိုင်းထက်အလွန်ချစ်မြတ်နိုးပါ၏၊ ဤသို့ ချစ်မြတ်နိုးခြင်းရှိသဖြင့် အဆွေဟံသာမင်းသည် အကျွန်ုပ်ထံ၌ နေတော်မူပါ"–

ဟု တောင်းပန်လေ၏။

**ယစ်မျိုးရှောင်ကြဉ် တရားဆင်ခြင်**

ထိုအခါ ဟံသာမင်းသည် မင်းကြီးနန်းတော်တွင်မနေလို၍ အပြစ်ပြကာ–

"မြတ်သောမင်းကြီး....ငါတို့သည် အမြဲမပြတ်အရှိအသေပူဇော်ခံကာ အရှင်မင်းကြီးတို့ နန်းတော်၌ နေကုန်ငြားအံ့၊ အရှင်မင်းကြီးသည် တရံတခါ သုရာယစ်သည်ဖြစ်၍ ငါစားဘို့ ဟံသာမင်းကိုချက်ကြကုန်"။

ဟု ဆိုပေရာ၏၊ မင်းကြီးအိမ် နေရခြင်း အပြစ်ကိုပြောဆိုလေ၏၊ ထိုအခါမင်းကြီးသည်–

"အဆွေဟင်္သာမင်း.... ယစ်မျိုးကား စက်ဆုပ်ဘွယ်ရှိပါ၏၊ အကျွန်ုပ်သည် ထမင်းအဖျော်ကိုသာ ချစ်မြတ်နိုးပါ၏၊ ထမင်း အဖျော်ထက် သင်ဟင်္သာမင်းကို ချစ်မြတ်နိုးပါ၏၊ သင်ဟင်္သာမင်း နေသမျှကာလပတ်လုံး ယစ်မျိုးကိုမသောက်စားပါ"—

ဟု ပြောဆိုဝန်ခံလေ၏။

**လူတို့သဘောနက်အသိခက်**

ထိုနောက်တဖန် ဟင်္သာမင်းသည် ငြင်းပယ်လိုသဖြင့်—

"မြတ်သောမင်းကြီး....မြေခွေးနှင့်ငှက်တို့မြည်သံကိုသိလွယ်ပါ၏၊လူတို့စကားကိုထိုမြေခွေးနှင့်ငှက်တို့မြည်သံထက် သိနိုင်ခဲပါ၏"။

"မြတ်သောမင်းကြီး....ရှေးအခါ ဝမ်းမြောက်ဝမ်းသာရှိ၍ ဤသူကား ငါ၏ဆွေမျိုးတည်း၊ ချစ်ခင်သောသူတည်း၊အဆွေခင်ပွန်းတည်းဟုအောက်မေ့မှတ်ထင်ရသောသူသည်ပင် နောက်အခါ ရန်သူဖြစ်လာတတ်၏"။

"မြတ်သောမင်းကြီး.... ချစ်ခင်နှစ်သက်သောသူသည် အဝေး၌နေငြားသော်လည်း အနီး၌အတူတကွ နေရသည်မည်၏၊ မချစ်ခင်မနှစ်သက်သောသူသည်အနီး၌နေငြားသော်လည်း အဝေး၌နေရသည်မည်၏"—

"မြတ်သောမင်းကြီး..ကြည်ညိုစိတ် ရှိသောသူသည် သမုဒ္ဒရာကမ်းတဘက်၌တည်နေသော်လည်း

ကြည်ညိုသောစိတ်ရှိသောကြောင့် အနီး၌တည်နေသည်မည်၏၊ ပြစ်မှားသောစိတ် ရှိသောသူသည် အနီး၌ တည်နေသော်လည်း ပြစ်မှားသောစိတ် ရှိသောကြောင့် သမုဒ္ဒရာကမ်းတဘက်၌ တည်နေသည် မည်၏''။

''မြတ်သောမင်းကြီး.... ဆန့်ကျင်ဘက်ရန်သူဖြစ်သောသူတို့သည် အတူတကွ နေရကုန်သော်လည်း အဝေး၌နေရသည် မည်ကုန်၏၊ မေတ္တာစိတ်ရှိသောသူတို့သည် အဝေး၌ နေရကုန်သော်လည်း အတူတကွနေရသည်မည်ကုန်၏''။

''မြတ်သောမင်းကြီး.... ချစ်ခင် နှစ်သက်ပြီးသောသူသည်လည်း အလွန်ကြာမြင့်စွာ နေသဖြင့် မုန်းတီးတတ်ပါ၏၊ သင်မင်းကြီးတို့ မုန်တီးခြင်းမဖြစ်ကုန်မီ ပြောကြားကာသွားပါကုန်အံ့''–

ဟု လူတို့နှင့် အတူတကွနေရခြင်းအပြစ်ကို ပြောကြားပြန်၏။

**မင်းစကားပယ်ရန် တောင်းပြန်**

ထိုအခါမင်းကြီးသည် ဟံသာမင်းအား တောင်းပန်ပြန်လို၍–

''အဆွေ ဟံသာမင်း.... တောင်းပန်သော အကျွန်ုပ်တို့၏ လက်အုပ်ချီမိုးခြင်းကို အကယ်၍ မသိကုန်အံ့၊အနီး၌လုပ်ကျွေးကာနေသော အကျွန်ုပ်တို့၏စကားကို အကယ်၍မလိုက်နာပါအံ့၊ ဤသို့မလိုက်နာသည်ရှိသော် ဟံသာမင်းကို တောင်းပန်

ပါ၏၊ အကျွန်ုပ်တို့ထံ လှည့်လည်ခြင်းကို ပြုတော်မူပါ"—

ဟု တောင်းပန်ကာ ဘိတ်ကြားပြန်၏၊ ဟသ်ာမင်းလည်း—

"မြတ်သောမင်းကြီး.... အသီးသီးနေကြကုန်သော အရှင်မင်းကြီးနှင့်အကျွန်ုပ်တို့မှာ အကယ်၍ဘေးအန္တရာယ် မရှိပါကုန်အံ့၊ ဘေးအန္တရာယ်ကင်းကြပါသော် နေ့ညဉ့်တို့ကိုလွန်သဖြင့် မုချတွေ့မြင်ကြရပါလိမ့်မည်"—

ဟု ဝန်ခံစကားပြောကြားလေ၏၊ ဤသို့လျှင်ရွှေဟသ်ာမင်းသည် ဗာရာဏသီမင်းကြီးကို တရားဟောကြားဆုံးမပြီးလျှင် စိတ္တကုဋ်တောင်သို့သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။
※ ညီတော်ငယ်ဟသ်ာသည်- မောဂ္ဂလာန်။
※ ညီတော်လတ်ဟသ်ာသည်- သာရိပုတ္တရာ။
※ ကြွင်းသော ဟသ်ာ အပေါင်းသည်- ဘုရားပရိသတ်။
※ ဟသ်ာမင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ခွေးငှက်အသံ၊ သိလွယ်ပြန်၊ လူသံသိခဲသည်။
(၂) အသံကိုကြား၊ ချစ်သော်ကား၊ မြင်ငြားမုန်းတတ်သည်။
(၃) အသံကြားချစ်၊ မြင်ပိုချစ်၊ ဖြစ်လည်းဖြစ်တတ်သည်။
(၄) ချစ်ခင်ရင်းနှီး၊ ဝေးခရီး၊ အနီးနေသည်မည်။
(၅) မချစ်မုန်းတီး၊ နေအနီး၊ ဝေးကြီးဝေးတော့သည်။

ဇဝနဟံသဇာတ်ပြီး၏။

---

## ၄၇၇-စူဠနာရဒဇာတ်

### ပစ္စုပ္ပန်ဝတ္ထု၊

**သမီးနှင့်တယ် ရဟန်းကိုဆွယ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ အမျိုးတဦးအား အရွယ်သို့ ရောက်သော သတို့သမီး တယောက်ရှိလေ၏၊တဦးတယောက်သောယောကျ်ားမျှ ထို သတို့သမီးကိုအလိုမရှိကြ၊ ထိုအခါ သတို့သမီး၏မိခင်သည် ငါ့သမီးကိုတောင်းလာသူမရှိ၊ သာကီဝင်မင်းသား ရဟန်း တပါးကို ဖြားယောင်းသွေးဆောင်ကာ လူထွက်စေပြီးလျှင် သမီးနှင့် ထိမ်းမြားမည်ဟု ကြံစည်ကာနေ၏၊ ထိုအခါ သာဝတ္ထိပြည်သား အမျိုးသားတယောက်သည် သာသနာ တော်၌ အသက်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် ရဟန်းတရားကို အားထုတ်ခြင်းမရှိ၊ ခန္ဓာကိုယ်ကို တန်ဆာဆင်လျက်သာ နေ၏။

တနေ့သ၌သတို့သမီး၏မိခင်သည် ယာဂုခဲဘွယ်ဘောဇဉ် တို့ကို အရံသင့်စီမံကာ အိမ်တံခါးတွင်ရပ်လျက် ခရီးမ၌

သွားသောရဟန်းတို့တွင် အဘယ်ရဟန်းကို ရသတဏှာဖြင့် ဖွဲ့ချည်ကာယူရမည်နည်းဟု စုံစမ်းကာ နေလင့်၏၊ ထိုအခိုက် ပိဏ္ဍပါတ်ဆောင်ရဟန်းတို့သည် ခရီးမ၌ သွားကုန်၏၊ ယူရမည်ရဟန်းကို မမြင်လေ၊ ထိုနောက်ဓုတင်ဆောင်ရဟန်းတို့သည် သွားကုန်၏၊ ယူရမည်ရဟန်းကို မမြင်လေ၊ ထိုနောက် ဝတ္ထနြွေမရှိ ကိုယ်ကိုတန်ဆာဆင်၍ နေသောရဟန်းကြွလာရာ မိခင်သည် မြင်လျှင်ဤရဟန်းကို ယူခြင်းငှါ တတ်ကောင်း၏ဟု ပြောဆို၍"အရှင်ဘုရား....အိမ်သို့ကြွတော်မူပါ"ဟု ပင့်ပြီးလျှင် ယာဂုခဲဘွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍"အရှင်ဘုရား....ဤနေ့မှစ၍ နေ့စဉ် အိမ်သို့ကြွတော်မူပါ" ဟု လျှောက်ထားလေ၏၊ ရဟန်းလည်း ရသတဏှာ၌ တပ်မက်သည်ဖြစ်၍ အိမ်သို့ကြွလာကာ နေ့စဉ် ယာဂုခဲဘွယ် ဘောဇဉ်တို့ကို ဘုဉ်းပေး၏၊ နောက်အဘို့၌ ရဟန်းနှင့် သတို့သမီးသားအမိတို့သည် အလွန် အကျွမ်းဝင်ကုန်၏။

**လူထွက်ဘို့ရာ ပုဆိုးမှာ**

ထိုအခါမိခင်သည် ရဟန်းကြွလာသောအခါ ကြားလောက်ရာ အရပ်မှနေ၍ "ငါ့အိမ်မှာ ဥစ္စာ အသုံးအဆောင်သာလျှင် ပြည့်စုံ၏၊ လျော်သော အိမ်ကိုအုပ်စိုးစီရင်နိုင်မည့် သားနှင့်သမက်ကားမရှိလေ"ဟု ငြီးတွား၏၊ ရဟန်းသည်ကြားလတ်သော် အတန်ငယ် ရင်၌တိုးဝှေသကဲ့သို့ရှိ၏၊ ထိုအကြောင်းကိုမိခင်သည် ရိပ်မိ၍သမီးကိုရဟန်းကို ဖြားယောင်းသွေးဆောင်၍ လူထွက်စေရန် မိန်းမတို့အမူအရာကိုပြလောဟု ပြောကြား၏၊ သမီးလည်း ထိုနေ့မှစ၍ တန်ဆာဆင်ကာ မိန်းမတို့စံပယ်ခြင်းကိုပြ၍ ဖြားယောင်း

သွေးဆောင်လေ၏၊ ရဟန်းလည်း ကိလေသာ နိုင်ငံသို့ လိုက်၍ သတို့သမီးအား "နှမ....ငါသည် သာသနာတော်၌ မပျော်မွေ့ပြီ၊ ကျောင်းသို့သွား၍ သင်္ကန်း သပိတ်ကို အပ်နှင်းပြီးလျှင် ဤမည်သောအရပ်သို့လာခဲ့မည်၊ အဝတ်ပုဆိုးတို့ကို ပို့လာပါ"ဟု မှာထား၍ ကျောင်းသို့ သွားလေ၏။

ရဟန်းငယ်သည်ဆရာဥပဇ္ဈာယ်တို့ထံရောက်လျှင်သင်္ကန်း သပိတ်ကို အပ်နှင်းကာ လူထွက်လိုကြောင်း လျှောက်ထားလေ၏၊ ဆရာဥပဇ္ဈာယ်တို့လည်း မြတ်စွာဘုရားထံ ခေါ်ဆောင်၍သွားကုန်၏၊ မြတ်စွာဘုရားလည်း ထိုရဟန်းကို မြင်လျှင် "ရဟန်း....သင်သည် ငြီးငွေ့ပျင်းရိသည် မှန်သလော"ဟု မေး၏၊ "အရှင်ဘုရား.... မှန်ပါသည်" ဟု လျှောက်၏၊ "အဘယ်သူသည်ငြီးငွေ့ပျင်းရိစေသနည်း" ဟု မေး၏၊ "အပျိုကြီးတယောက်သည် ငြီးငွေ့ပျင်းရိစေပါသည်"ဟု လျှောက်ထားပြန်လျှင် "ရဟန်း.... ရှေးအခါ ဤအပျိုကြီးသည် သင့်အားမြတ်သောအကျင့်၏ အန္တရာယ်ကိုပြုကာ ကြီးစွာသောပျက်စီးခြင်းသို့ ရောက်စေဘူးပြီ၊ ထိုအပျိုကြီးကိုမှီ၍ သာသနာတော်၌ အဘယ်ကြောင့် ငြီးငွေ့ပျင်းရိဘိသနည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သားနှင့်အဘ ရဟန်းပြုကြ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိ

တိုင်း၀ယ် စည်းစိမ်ဥစ္စာကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သောအခါ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ထောင်ပြုကာ စည်းစိမ်ဥစ္စာကိုဖြစ်စေ၏၊သားတယောက်ဘွားမြင်ပြီးသောအခါ မယားသည် သေဆုံးလေ၏။

ထိုအခါပုဏ္ဏားသည် ချစ်လှစွာသော မယားသေခြင်းကား အရှက်မရှိသကဲ့သို့ ငါ့ကိုလည်းသေခြင်းတရားသည် အရှက်ရှိမည်မဟုတ်၊ အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကာမဂုဏ်တို့ကို စွန့်လွှတ်ကာ ရဟန်းပြုတော့မည်ဟု သားငယ်ကိုယူ၍ ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကိုဖြစ်စေလျက် တောသစ်သီးသစ်မြစ်ဖြင့် မျှတကာနေ၏။

**ရသေ့ငယ်ဖျက် မိန်းမပျက်**

ထိုအခါ ပစ္စန္တရစ်၌နေသော သူခိုးတို့သည် ဇနပုဒ်သို့ဝင်၍ မြို့ကိုဖျက်ဆီးလျက် သမီးပျိုတို့ကိုခေါ်၍ ဥစ္စာထုပ်ကိုဆောင်ယူစေကာ ပစ္စန္တရစ်သို့လာကုန်၏၊ ထိုသမီးပျိုတို့တွင် သမီးပျိုတယောက်သည် အဆင်းလှ၍၊ ပညာဉာဏ်နှင့်ပြည့်စုံ၏၊ ဤသူခိုးတို့သည် ငါ့ကိုကျွန်မယားပြုလတံ့၊ ဥပါယ်တမျဉ်ဖြင့် လွတ်အောင်ကြံစည်မည်ဟု ဆုံးဖြတ်ပြီးလျှင် "အရှင်.... အကျွန်ုပ် ကိုယ်လက်သုတ်သင်လိုပါသည်၊ အတန်ငယ်ဆိုင်းငံ့ပါ" ဟု တောင်းပန်ရာ သူခိုးတို့ခွင့်ပြုသဖြင့် အတန်ငယ်သွား၍ ကိုယ်လက်သုတ်သင်ဟန်ပြုကာ ပုန်းကွယ်ပြေးလွှား၍ တောသို့ဝင်သဖြင့် မကြာမီရသေ့ကျောင်းသို့ရောက်လေ၏။

ရသေ့ကျောင်း၌လည်း အဘရသေ့ကြီး သစ်သီးရှာသွားခိုက် အခွင့်ကောင်းရသဖြင့်ရသေ့ငယ်ကို ဖြားယောင်းသွေးဆောင်၍ ကာမဂုဏ်ဖြင့်မွေ့လျော်စေလျက် အကျင့်သီလကိုပျက်စေ၏၊ ရသေ့ငယ်လည်း သီလပျက်ခဲ့၏။

**တဏှာဖြင့်ပျော် မြို့ရွာခေါ်**

ထိုနောက် မိန်းမငယ်သည် ရသေ့ငယ်မိမိအလိုသို့ပါမှန်းသိလျှင် "အရှင်···· တော၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အကျွန်ုပ်တို့နှင့်ပျော်ပျော်နေရန် ရွာသို့လိုက်ခဲ့ပါ" ဟုပြော၏၊ "နှမ····ဆိုင်းပါအုံး၊ အဘရသေ့ကြီးလာမှ ခွင့်ပန်၍ ငါတို့နှစ်ယောက် အတူတကွသွားမည်"ဟု ပြော၏၊ ထိုအခါမိန်းမငယ်သည် ရသေ့ကြီးကား ကြီးမှရဟန်းပြုသဖြင့်လောကအကြောင်းကိုနားလည်ပေမည်၊ ရသေ့ငယ်ကားနားမလည်၊ ရသေ့ကြီးရောက်လာလျှင် ငါ့ကိုရိုက်ပုတ်၍ နှင်ထုတ်လတံ့၊ ငါသွားလင့်မှတော်မည် ကြံစည်ကာ "အရှင်···· အကျွန်ုပ်လမ်းအမှတ်အသားပြုကာရှေ့ကသွားနှင့်မည်၊ သင်သည် လမ်းအမှတ်အသားကို ကြည့်ရှု၍ လိုက်ခဲ့"ဟု မှာထားပြီးလျှင်သွားလေ၏၊ ရသေ့ငယ်လည်း တစုံတရာဝတ်ကြီးဝတ်ငယ်ကိုမပြုတော့ဘဲ ဦးခေါင်းခြုံကာငိုက်လျက်အိပ်လေ၏။

**ကျိုးကြောင်းပြသ ဆိုဆုံးမ**

အဘရသေ့ကြီးသည် တောမှ ပြန်လာသည်ရှိသော် မိန်းမခြေရာကို မြင်လျှင် ဤခြေရာကား မိန်းမခြေရာ ဖြစ်သည်၊ ငါ့သားသည် မုချသီလပျက်သည်ဖြစ်လိမ့်မည်ဟု ကြံစည်လျက် ကျောင်းတွင်းသို့ဝင်ပြီးလျှင် သစ်သီးကြီးငယ်တို့ကို ချထားလျက်—

"ချစ်သား....သင်သည် ထင်းတို့ကိုလည်းမခွဲ၊ ရေကိုလည်းမခပ်၊ မီးကိုလည်းမညှိ၊ အဘယ်ကြောင့် သင်သည် ပညာနည်းသောသူကဲ့သို့ ကြံမှိုင်နေဘိသနည်း"—

ဟု မေးလေ၏၊ ထိုအခါ ရသေ့ငယ်သည် အိပ်ရာမှထ၍ အဘရသေ့ကြီးကို ရှိခိုးလျက်—

"ကဿပ အနွယ်ဖြစ်သော ဘခင်....ဘခင်ကို ပန်ကြားပါ၏၊ အကျွန်ုပ်သည် တော၌ မနေနိုင်တော့ပါ၊ ဆင်းရဲလှ၏၊ လူတို့နေရာ မြို့ရွာသို့ သွားလိုပါ၏၊ မြို့ရွာသို့ရောက်သည်ရှိသော် နေထိုင်တတ်ရန် မြို့ရွာနေသူတို့အလေ့အကျင့်ကို အကျွန်ုပ်အား ပြောကြားဆုံးမတော်မူပါ"—

ဟု တောင်းပန်လေ၏၊ ထိုအခါ အဘရသေ့ကြီးသည်-

"ချစ်သား... သင်သည် အကယ်၍ တောသစ်သီး သစ်မြစ်ကို စွန့်လွှတ်ကာ မြို့ရွာ၌နေခြင်းကို နှစ်သက်ပါအံ့၊ ဘခင်ထံမှ မြို့ရွာနေလူတို့ အလေ့အကျင့်ကို နာယူမှတ်သားလော့"။

"ချစ်သား.... သင်သည် အဆိပ်ကို မမှီဝဲလင့်၊ ချောက်ကမ်းပါးပြတ်ကို ရှောင်ကြဉ်ပါ၊ ညွန်ပျောင်းသို့မဝင်လင့်၊ အဆိပ်ထန်သော မြွေအနီးသို့ မသွားလင့်"—

ဟု သားငယ်ရသေ့အား ဆုံးမလေ၏။

**ဆုံးမစကား ဖခင်ဖြေကြား**

ရသေ့ငယ်သည် ဘခင် ရသေ့ကြီး၏ဆုံးမစကား အနက်အဓိပ္ပါယ်ကိုနားမလည်သည်ဖြစ်၍—

"ဘခင်···· ရသေ့ ရဟန်းတို့အား အဆိပ်ဟူသည် အဘယ်နည်း၊ ကမ်းပါးပြတ်ဟူသည် အဘယ်နည်း၊ ညွှန်ပျောင်း ဟူသည် အဘယ်နည်း၊ အဆိပ်ထန်သောမြွေဟူသည် အဘယ်နည်း ပြောကြားပါလော့"—

ဟု အနက်အဓိပ္ပါယ်ကို မေးလျှောက်ပြန်၏၊ ထိုအခါ ဘခင် ရသေ့ကြီးသည်—

"ချစ်သားနာရဒ····လောက၌သေအရက်ကား စိတ်ကိုနှစ်သက်စေ၏၊ ရဲရင့်စေ၏၊ အနံ့ကောင်း၏၊ ယင်ပျားအရသာနှင့်တူ၏၊ ထိုသေအရက်ကို ရသေ့ရဟန်းတို့၏ အဆိပ်ဆို၏"။

"ချစ်သားနာရဒ···· မိန်းမတို့သည် လောက၌ မေ့လျော့သောသူကို မိမိတို့အလိုသို့ ဆောင်ယူရန် ဖြားယောင်းတတ်ကုန်၏၊ သစ်ပင်မှ လျှောကျသော လဲဝါဂွမ်းကို လေသည်ဆောင်ယူသကဲ့သို့၊ ရသေ့ရဟန်းတို့စိတ်ကို ဆောင်ယူတတ်ကုန်၏၊ထိုမိန်းမတို့ကို ရသေ့ရဟန်းတို့၏ ချောက်ကမ်းပါးပြတ်ဆို၏"။

"ချစ်သားနာရဒ····လာဘ်ပေါများခြင်း,ကျော်စောခြင်း, လက်အုပ်ချီခြင်း စသော အရိုအသေပြုခြင်း,ပူဇော်ခြင်းတို့သည် သူတပါးအိမ်၌ ရှိကုန်၏၊ ထိုလာဘ သက္ကာရပူဇာတို့ကို ရသေ့ ရဟန်းတို့၏ ညွှန်ပျောင်းဖြစ်သည်ဆို၏"။

ရှောင်ကြဉ်လေအပ်
ထိုငါးရပ်

"ချစ်သားနာရဒ···· မြေအပြင်၌ ဘုန်းတန်ခိုးကြီးသော မင်းတို့သည် ရှိကုန်၏၊ ထိုမင်းတို့ထံမသွားလင့်၊ ထိုမင်းတို့ မြေ

ရင်း၌ မခစားလင့်၊ ထိုမင်းတို့ကို ရသေ့ရဟန်းတို့၏ အဆိပ်ထန်သောမြွေဆို၏''။

''ချစ်သားနာရဒ….ဆွမ်းကိုအလိုရှိသည်ဖြစ်၍ ဆွမ်းခံချိန်ဝယ် ရွာသို့ဝင်သည်ရှိသော် အိမ်အများရှိရာ အပြစ်မရှိဟုသိသောအိမ်၌သာ ဆွမ်းခံရာ၏''။

''ချစ်သားနာရဒ…. အဖျော်ဘောဇဉ်အလို့ငှါ သူတပါး အိမ်သို့ ဝင်သည်ရှိသော် နှုင်းယှဉ်၍ (အတိုင်းအရှည်ကိုသိ၍)ခဲရာစားရာ၏၊ မိန်းမတို့ကို အဆင်းအင်္ဂါ၌စိတ်မညွတ်လေနှင့်''။

''ချစ်သားနာရဒ…. နွားတို့နေရာနွားခြံ၊ သေတင်းကုပ်၊ သေသောက်ကြူး၊ ရွှေငွေလုပ်ရာအရပ်၊ ပွဲသဘင် ဤဌာနတို့ကို ဆီထောပတ် တင်သောလှည်းသည် မညီညွတ်သော လမ်းခရီးကို ရှောင်ကြဉ်သကဲ့သို့ ဝေးစွာရှောင်ကြဉ်လော့''–

ဟု အနက်အဓိပ္ပါယ်ကိုဖွင့်ပြကာ အကျယ်တဝင့် ဆုံးမလေ၏။

**သတိနှင့်ဖြစ်သော ဈာန်နှင့်ပျော်**

ရသေ့ငယ်လည်း ဘခင်ရသေ့ကြီး ပြောဟော စဉ်ပင်လျှင် သတိရ၍ ''ဘခင်…. အကျွန်ုပ်သည် လူတို့နေရာသို့ မသွားတော့ပါ''ဟု ဝန်ခံလေ၏၊ ထိုအခါ ဘခင် ရသေ့ကြီးသည် သားရသေ့ငယ်အား ကသိုဏ်းပရိကံကို ပြောကြားလေ၏၊ ရသေ့ငယ်လည်း ဘခင်၏အဆုံးအမ၌တည်ကာ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သဖြင့် မကြာမြင့်မီလျှင် ဈာန်အဘိညာဉ်ကိုရလေ၏၊ ထိုရသေ့ သားအဘနှစ်ယောက်တို့

သည် ရှာန်အဘိညာဉ်မှ မယုတ်လျော့သည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍သျှက်–

ရဟန်းတို့....

※ ထိုအခါ ရသေ့ငယ်ကိုဖျားယောင်းသောသတို့သမီးသည်–ယခုအခါ အပျိုကြီး။

※ ရသေ့ငယ်သည်– သာသနာတော်၌ ငြီးငွေ့ ပျင်းရိသော ရဟန်း။

※ အဘရသေ့ကြီးသည်–ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေရည်သေရက်၊ရဟန်းတွက်၊မှတ်ချက်အဆိပ်မည်။
(၂) မိန်းမတို့ကား၊ရဟန်းများ၊ကမ်းပါးချောက်ဆိုသည်။
(၃) ပူဇော်သက္ကာ၊ရဟန်းမှာ၊မှတ်ပါညွှန်ပျောင်းမည်။
(၄) ဘုရင်မင်းများ၊ရဟန်းအား၊မှတ်သားမြွေဆိုးမည်။
(၅) ဆွမ်းခံသွားချိန်၊ပြစ်မဲ့အိမ်၊နှိုင်းချိန်ခံရမည်။
(၆) သူ့အိမ်သို့ဝင်၊ခဲ-ဘောဇဉ်၊နှိုင်းယှဉ်စားရမည်။
(၇) မိန်းမရုပ်ဆင်း၊သာယာခြင်း၊ကင်းစေစိတ်တည်ကြည်။
(၈) သေတဲ-နွားခြံ၊သေသောက်ထံ၊ဝေးလံရှောင်ကြဉ်သည်။
(၉) ရွှေငွေပြုပြား၊သဘင်များ၊မသွားရှောင်ရသည်။
(၁၀) လူ့ထံသို့သွား၊ရဟန်းများ၊မမှားကျင့်ရသည်။

စူဠနာရဒဇာတ်ပြီး၏။

# ၄၇၈—ဒူတဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ညီတော်မင်းနန် အကြောင်းခံ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား၏ ပညာတော်ကို ချီးကျူးကြကုန်၏၊ တရားသဘင်၌ ရဟန်းတို့သည် “ငါ့ရှင်တို့····မြတ်စွာဘုရားသည် ဥပါယ် တမျဉ်၌လိမ္မာတော်မူ၏၊ ညီတော်နန္ဒအား နတ်သမီးတို့ကို ပြကာ အရဟတ္တဖိုလ်ကို ပေးတော်မူ၏၊ စူဠပန်အား ပုဆိုးပိုင်းဖြင့် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ပေးတော်မူ၏၊ ရွှေပန်းထိမ်သည်သားအားပဒုမ္မာကြာပန်းဖြင့် အရဟတ္တဖိုလ်ကို ပေးတော်မူ၏စသည်ဖြင့် မြတ်စွာဘုရား၏ပညာတော်ကို ချီးကျူးကြကုန်၏။

ထိုအခိုက်မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင်“ရဟန်းတို့····ငါဘုရားသည် ယခုအခါ၌သာ သတ္တဝါတို့၌ဥပါယ်တမျဉ်ဖြင့် လိမ္မာသည်မဟုတ်၊ ရှေးအခါ၌လည်း လိမ္မာသည်သာတည်း”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**သိပ္ပအတတ် ကျေးဇူးဆပ်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဇနပုဒ်တခုလုံး၌ ရွှေငွေမရှိ၊ ထိုမင်းသည် ဇနပုဒ်ကိုနှိပ်စက်လျက် ဥစ္စာကိုသာ စုဆောင်းလေ့ရှိ၏၊ ထိုအခါ ဘုရားလောင်းသည် ကာသိတိုင်းဝယ်

ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ် ပြည်သို့သွား၍ ဆရာကြီးကို''ဆရာ····ကျွန်တော်သည်ယခု အခါ ဆရာအဘိုးကိုမပေးနိုင်ပါ၊ အတတ်သင်ပြီးသောအခါ မှ တရားသဖြင့်အလှူခံ၍ ပေးပါမည်''ဟု တောင်းပန်ကာ အတတ်ပညာကိုသင်ကြားလေ၏၊ တတ်မြောက်လျှင် ဆရာ ထံခွင့်ပန်၍ ဆရာအဘိုးဥစ္စာရရန် တက္ကသိုလ်ပြည်မှထွက်ခဲ့ ၍ ဇနပုဒ်သို့လှည့်လည်လေ၏။

ရွှေစင်ခုနစ်နိက္ခ ရလတ်သော် ဆရာထံသွား၍ ပူဇော် မည်ဟုသွားရာ ခရီးအကြား၌ လှေဖြင့် ဂင်္ဂါမြစ်ကိုကူးရ၏၊ လှေကိုလှည့်လတ်သော် ရွှေစင်ခုနစ်နိက္ခသည် ရေတွင်ကျ ဆုံးလေ၏၊ ထိုအခါ ပုဏ္ဏားသည် ရွှေကားအလွန်ရခဲ၏၊ တဖန်ရှာဖွေလတ်သော် အလွန်ကြာမြင့်လတ္တံ့၊ ငါသည် ဂင်္ဂါမြစ်သဲအပြင်၌ အစာမစားဘဲနေငြားအံ့၊ ထိုအကြောင်း ကို အစဉ်အတိုင်း မင်းကြီးသိလတ်သော် ပျောက်ဆုံးသော ရွှေစင်ခုနစ်နိက္ခ အစားရလတ္တံ့ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် ကိုယ်ဝတ်ပုဆိုးကိုရုံလျက် စလွယ်ကိုအပ၌ထားကာ သဲပြင် ၌ ရွှေဆင်းတုကဲ့သို့ မတုန်မလှုပ်အစာမစားဘဲ နေလေ၏။

**မင်းကြီးမေးမှ အကြောင်းပြ**

လူတို့သည် ပုဏ္ဏားကို မြင်လျှင် အ ကြောင်းကိုမေးကုန်၏၊ ပုဏ္ဏားလည်း တစုံတခုသော စကားကိုမျှမဆို၊ နက် ဖြန် ရွာနေလူတို့လာ၍မေးကြကုန်၏၊ စကားမဆို၊ ပုဏ္ဏား ပင်ပန်းသည်ကိုမြင်လျှင် ငိုကြွေးကြကုန်၏၊ ငါးရက်တိုင် အောင် မေးလာသူတို့ကိုစကားမပြောလေ၊ ခြောက်ရက် တိုင်သောအခါ မင်းအမတ်တို့လာ၍ မေးကြကုန်၏၊

စကားမပြောလေ၊ ခုနစ်ရက်တိုင်သောအခါ မင်းကြီးသည် အလွန်ကြောက်လန့်ရကား ပုဏ္ဏားထံလာ၍-

"အို-ပုဏ္ဏား....ဂင်္ဂါမြစ်နား၌ ကြိမ္မိုင်နေသော သင့်ထံသို့ အကျွန်ုပ်သည် တမန်တို့ကိုစေလွှတ်ပါ၏၊ အကြောင်းကိုမေးသောအခါ စကားမပြောခဲ့၊ သင်၏ဆင်းရဲကို သင်တယောက်တည်း သိကောင်းသလော"-

ဟု မေးလေ၏၊ ထိုအခါပုဏ္ဏားသည်-

"မြတ်သောမင်းကြီး.... အကယ်၍ သင်မင်းကြီးအား ဆင်းရဲဒုက္ခဖြစ်လာအံ့၊ သင်မင်းကြီး၏ ဆင်းရဲဒုက္ခကို မလွတ်စေနိုင်သောသူအား ထိုဖြစ်လာသောဆင်းရဲဒုက္ခကို ပြောကြားတော် မမူသင့်၊ ထိုဆင်းရဲဒုက္ခ အလုံးစုံကိုဖြင်း, တစိပ်တဒေသကိုဖြင်း, တရားနှင့်အညီ လွတ်မြောက်စေနိုင်သောသူအားသာ စင်စစ်ပြောကြားသင့်၏"။

"မြတ်သောမင်းကြီး....ဆင်းရဲဒုက္ခကို အဘန်ဘန်မေးသည်ရှိသော်အခါမဟုတ်သည်၌ပြောကြားမိသောသူအား ဝမ်းမြောက်သော အဆွေခင်ပွန်းတို့လည်း ရှိကုန်၏၊ အကျိုးစီးပွါးကို လိုလားသဖြင့် ဆင်းရဲသောအဆွေခင်ပွန်းတို့လည်းရှိကုန်၏"-

"ပညာရှိသည် ပြောသင့်သောအခါကာလကို သိ၍ တူမျှသောစိတ်ရှိသည်ကိုသိလျက် ပညာရှိတို့အား မိမိ၏ဆင်းရဲဒုက္ခတို့ကို ပြောကြားရာ၏၊ သိမ်မွေ့နူးညံ့၍ အကျိုးရှိသောစကားကိုပြောကြားရာ၏"။

''အကယ်၍ မိမိအား မနှိပ်စက်မူ၍ လွန်ပြီး သောအမှုကိစ္စတို့ကို သိပြောအံ့၊လောကဓံတရားရှစ်ပါးတို့သည် ငါ့အားချမ်းသာကိုမဖြစ်စေနိုင်ဟု သိခဲ့ပြောအံ့၊ အရှက်အကြောက်ကို ငဲ့သော ပညာရှိသည် တယောက်ထီးတည်းသာ ထိုဆင်းရဲဒုက္ခတို့ကို သည်းခံရာ၏''။

ဟု ခုနစ်ဂါထာတို့ဖြင့် မင်းကြီးအား တရားဟောပြီးလျှင်-

''မြတ်သောမင်းကြီး····အကျွန်ုပ်သည် ဇနပုဒ်နိဂုံး မင်းနေပြည်သို့လှည့်လည်လျက် ဆရာအဘို့ ဥစ္စာကိုအလိုရှိ၍ သူကြွယ်,မင်းချင်းဗြာဟ္မဏမဟာသာလတို့ကို တောင်းရမ်းအလှူခံ၍ ရွှေစင်ခုနစ်နိက္ခကိုရခဲ့ပြီ''။

''မြတ်သောမင်းကြီး···· အကျွန်ုပ်အား ထိုရွှေစင်ခုနစ်နိက္ခတို့သည် ယခုအခါပြောက်ဆုံးခဲ့ကုန်ပြီ၊ သို့အတွက် အကျွန်ုပ်သည် ပြင်းထန်စွာ စိုးရိမ်ပူဆွေးပါ၏။

''မြတ်သော မင်းကြီး···· သင်၏ မင်းချင်းယောကျ်ားတို့သည် အကျွန်ုပ်၏ဆင်းရဲဒုက္ခမှ လွတ်စေခြင်းငှာ မစွမ်းနိုင်ကုန်ဟု စိတ်ဖြင့်သိအပ်ပါ၏၊ ထို့ကြောင့် ထိုမင်းချင်းယောကျ်ားတို့အား မပြောကြားပါ''–

''မြတ်သောမင်းကြီး··သင်သည်သာ အကျွန်ုပ်၏ဆင်းရဲဒုက္ခမှလွတ်စေခြင်းငှာစွမ်းနိုင်ပါ၏ဟုစိတ်ဖြင့်သိအပ်ပါ၏၊ ထိုကြောင့် အရှင်မင်းကြီးကိုသာ

အကျွန်ုပ်ကြားလျှောက်ပါ၏၊ မိမိဥစ္စာပျောက်ဆုံးခဲ့ရ၍ ရလိုကြောင်းကို အကုန်အစင် ပြောကြားလေ၏။

လိုအင်ပြည့်ဝ ဆိုဆုံးမ

ထိုအခါမင်းကြီးသည် ပုဏ္ဏားငါ၏စကားကိုကြားရလျှင် အလွန်ကြည်ညိုသည်ဖြစ်၍—

"အိုပုဏ္ဏား.... မစိုးရိမ်လင့်၊ မပူဆွေးလင့်၊ ငါသည်သင်ပုဏ္ဏားအား ဆရာအဘိုဖြစ်သောဥစ္စာကို ပေးမည်"-

ဟုဆို၍ ရွှေစင်တဆယ့်လေးနိက္ခတို့ကို ပေးလေ၏။

ပုဏ္ဏားလည်း အလွန်ဝမ်းမြောက်လျက် မင်းကြီးအား အဆုံးအမကိုပေးပြီးလျှင် ဆရာအဘိုကိုပေး၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလေ၏၊ မင်းကြီးလည်း ပုဏ္ဏား၏အဆုံးအမ၌ တည်လျက် တရားနှင့်အညီ မင်းပြု၍ ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလေ၏၊ ထိုနှစ်ယောက်သော မင်းပုဏ္ဏားတို့သည် သေသည်၏အခြားမဲ့၌ ကံအားလျော်စွာ လားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ တက္ကသိုလ်ဆရာကြီးသည်-သာရိပုတ္တရာ။

※ ပုဏ္ဏားလုလင်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒုက္ခအပေါင်း၊ရောက်တုံရှောင်း၊လွတ်ကြောင်းဥပါယ်ရှာ။
(၂) မကယ်နိုင်မူ၊ မလိုမူ၊ ထိုသူမပြောရာ။
(၃) ပြောချိန်ရောက်လျှင်၊ ပညာရှင်၊ အလျှင်ပြောဆိုရာ။
(၄) နိက္ခခုနစ်၊ပျော့က်ဆုံးလစ်၊နွမ်းညစ်စိတ်ပူဆာ။
(၅) ဆယ့်လေးနိက္ခ၊ ရွှေစင်ရ၊ ရေးကပုဏ္ဏားမှာ။
(၆) ဒုက္ခလွတ်ဘိ၊ ဥပါယ်သိ၊ ကဝိပညာဝါ။

ဒူတ ဇာတ်ပြီး၏။

---

# ၄၇၉—ကာလိင်္ဂဗောဓိဇာတ်

ပန္နရသနိပါတ်

အာနန္ဒာဗောဓိ
စိုက်ပျိုးမိ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် လူတို့အကျိုး၄ါ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည်သား လူအများတို့သည် ပန်းနံ့သာ လက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်သို့ လာကြရာ မြတ်စွာဘုရား မရှိသဖြင့် ပူဇော်ရာကို မရ၍ ပန်းနံ့သာတို့ကို ဂန္ဓကုဋိတံခါး၌ ချ၍ သွားကုန်၏၊ ဝမ်းမြောက်ဝမ်းသာ မရှိကြကုန်၊ ထိုအကြောင်းကိုသိ၍ အနာထပိဏ်သူဌေးသည် ရှင်အာနန္ဒာထံကပ်၍ "အရှင်ဘုရား....မြတ်စွာဘုရား မရှိသောအခါ ပူဇော်ရာမရှိပါ၊ ပူဇော်ရာတခုရှိရစ်အောင် မြတ်စွာဘုရားအား လျှောက်ထား တောင်းပန်ပါ" ဟု လျှောက်ထားလေ၏။

ရှင်အာနန္ဒာလည်းမြတ်စွာဘုရား ကြွလာတော်မူသောအခါ ထိုအကြောင်းကို လျှောက်ထား၏၊ မြတ်စွာဘုရားလည်း ပရိဘောဂစေတီဖြစ်သော ဗောဓိပင်ကို ဇေတဝန်ကျောင်းတံခါး၌ စိုက်ပျိုးရန် ခွင့်ပြုတော်မူ၏၊ အရှင်မောဂ္ဂလာန်သည် ဗောဓိသီးမှည့်ကို မဟာဗောဓိပင်ကြီးမှ ဆောင်ယူ၍ပေး၏၊ ထိုအခါ အာနန္ဒာသည် အနာထပိဏ်, ဝိသာခါ,ကောသလမင်းကြီးတို့နှင့် တိုင်ပင်၍ နံ့သာညွန်ပျောင်းတွင် အနာထပိဏ် သူဌေးကိုစိုက်စေ၏၊ ဗောဓိပင်လည်း ခဏချင်းဖြင့်လျှင် ပင်စည်ကိုင်းခက်နှင့် ပြည့်စုံစွာ အမြင့်အတောင်ငါးဆယ် ခက်မငါးဖြာ အတောင်ငါးဆယ်စီဖြစ်လျက် ပေါက်လေ၏၊ ကောသလမင်းကြီးသည် နံ့သာရေအိုး ရွှေကွန်ရက် တံတိုင်း မီးတားစသည်တို့ကို ပြုလုပ်ကာ ပူဇော်လေ၏၊ ထိုဗောဓိပင်သည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်လျှင် အာနန္ဒာမထေရ် စိုက်ပျိုးအပ်သောကြောင့် (အာနန္ဒာဗောဓိ)ဟု တွင်လေ၏။

ထိုအခါရဟန်းတို့သည် တရားသဘင်ဝယ် ရှင်အာနန္ဒာသည် ဗောဓိပင်ကိုစိုက်ပျိုးစေ၍ များစွာသောပူဇော်ခြင်းကိုပြုစေသည် ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့····အာနန္ဒာသည် ယခုအခါ၌သာ ဗောဓိပင်အား ပူဇော်ခြင်းကို ပြုစေသည်မဟုတ်၊ ရှေးအခါ၌လည်း လေးကျွန်းသားတို့ကို ဗောဓိပင်အား ပူဇော်ခြင်းကို ပြုစေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

စကြဝတေးပေါ်တတ် နိမိတ်ဘတ်

လွန်လေပြီးသောအခါ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်း မင်းပြုသည်ရှိသော် ထိုကာလိင်္ဂမင်းအား မဟာကာလိင်္ဂ်စူဠကာလိင်္ဂ်ဟူ၍ သားတော်နှစ်ယောက်တို့ ရှိကုန်၏၊ နိမိတ်ဘတ်တတ်သော သူတို့သည် မဟာကာလိင်္ဂ်မင်းသားသည် အဘလွန်သဖြင့် မင်းဖြစ်လတ္တံ့၊ စူဠကာလိင်္ဂ်မင်းသားသည် ရသေ့ရဟန်းပြု၍ ဆွမ်းခံလတ္တံ့၊ ထိုမင်းသား၏ သားတော်ကား စကြဝတေးမင်း ဖြစ်လတ္တံ့ဟု နိမိတ်ဘတ်ကြကုန်၏။

နောက်အဘို့၌ ခမည်းတော်လွန်လျှင် သားတော်ကြီး မဟာကာလိင်္ဂ် မင်းသားသည် မင်းဖြစ်လေ၏၊ ညီတော်စူဠကာလိင်္ဂ်မင်းသားကို အိမ်ရှေ့နှင်းတော်မူ၏၊ အိမ်ရှေ့မင်းသည် ငါ့သားတော်သည် စကြဝတေးမင်း ဖြစ်လတ္တံ့ဟု မာန်တက်ကာ နောင်တော်မင်းကြီးကို ခိုက်ရန်ပြု၏၊ နောင်တော်မင်းကြီးသည် ညီတော်အား မကြည်ညိုသဖြင့် ဖမ်းရန် သူလျှိုတယောက်ကို စေလွှတ်၏၊ သူလျှိုလည်း အိမ်ရှေ့မင်းထံသို့သွား၍"အရှင်မင်းသား..အရှင်ကိုနောင်တော်မင်းကြီးသည် ဖမ်းလို၏၊ အသက်ကိုစောင့်ရှောက်တော်မူပါလေ"ဟုလျှောက်ထားလေ၏။

ရန်လှန်မခု ရဟန်းပြု

အိမ်ရှေ့ မင်းလည်း မိမိတံဆိပ်တော်ခတ်ထားသော လက်စွပ်, နူးညံ့သော ကမ္ဗလာ, သန်လျက် ဤသုံးပါးသော အသုံးအဆောင်တို့ကို မိမိအကျိုးစီးပွားကို လိုလားသော

အမတ်အားပြ၍ ဤအမှတ်အသားဖြင့် လာ၍ပြသော ငါ့သားတော်အား မင်းအဖြစ်ကို ပေးကြကုန်လော့ ဟု မှာထားပြီးလျှင် တောထွက်ကာ မြစ်ကမ်းနားတွင် ကျောင်းသခ်မ်းဆောက်လုပ်၍နေ၏။

ထိုအခါ မဒ္ဒရာဇ်တိုင်း သာဂလမြို့၌လည်း မဒ္ဒရာဇ်မင်းကြီး၏ မိဖုရားကြီးဝယ် သမီးတော်တပါး ဘွားမြင်၏၊ ထိုမင်းသမီးကိုလည်း နိမိတ်ဘတ်တတ်သော သူတို့သည် ဆွမ်းခံ၍ အသက်မွေးလတံ့၊ ဤမင်းသမီး၏ သားတော်ကား စကြဝတေးမင်း ဖြစ်လတံ့ဟု ဘတ်ကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌ မင်းတို့သည် ထိုအကြောင်းကို ကြားကြလျှင် သာဂလမြို့ကို ဝန်းရံကာ သမီးကို တောင်းကြကုန်၏၊ ထိုအခါ မဒ္ဒရာဇ်မင်းကြီးသည် ငါသည် သမီးတော်ကို မင်းတပါးအား ပေးခဲ့အံ့၊ ကြွင်းကျန်သော မင်းတို့သည် အမျက်ထွက်ကြကုန်လတံ့၊ သမီးတော်၏အသက်ကို စောင့်ရှောက်မည်ဟု မိဖုရားကြီးနှင့် သမီးတော်ကိုခေါ်၍ မထင်ရှားသောအသွင်ဖြင့်ပြေးကာ တောသို့ဝင်၍ စူဠကာလိင်္ဂမင်းသား၏ကျောင်းမှ အထက်မြစ်ညာ၌ကျောင်းဆောက်လျက် ရသေ့ရဟန်းပြုပြီးလျှင် ဆွမ်းခံ၍ အသက်မွေးကြကုန်၏။

**အတွေ့မရှောင် မင်းမယ်မောင်**

ခမည်းတော် မယ်တော်တို့သည် ဆွမ်းခံသွားသောအခါ သစ်သီးရှာသွားသောအခါတို့၌ သမီးတော်ကို ကျောင်း၌ထား၍ သွားကြကုန်၏၊ သမီးတော်လည်း မယ်တော်ခမည်းတော်တို့ သွားသောအခါ အထူးထူးသော ပန်းတို့

ကို ကုံးပြီးလျှင် မြစ်ကမ်းပါးရှိ သရက်ပင်သို့ တက်၍ ပန်းကုံးကိုမြစ်သို့ချ၏၊ ထိုပန်းကုန်းလည်း ဂင်္ဂါမြစ်တွင် မျောလေရာ ရေချိုးနေသော ဗြူဠကာလိင်္ဂ မင်းသား၏ ဦးခေါင်းတွင် စွပ်မိလေ၏၊ မင်းသားလည်း ပန်းကုံးကို ကြည့်ရှုကာ ဤပန်းကုံးကား မိန်းမအိုကုံးသော ပန်းကုံး မဟုတ်၊ မိန်းမပျိုကုံးသော ပန်းကုံးဖြစ်လိမ့်မည်ဟု ကိလေသာ၏အစွမ်းဖြင့် မြစ်ညာသို့တက်၍ စုံစမ်းရာ သရက်ပင် ထက်မှ သီချင်းဆိုနေသော မင်းသမီး၏ အသံကိုကြား လျှင် သရက်ပင်ရင်းသို့ကပ်လေ၏၊ မင်းသမီးကို မြင်လျှင် "ရှင်မ....သင်အဘယ်သူနည်း"ဟု မေး၏၊ "အရှင်.... အကျွန်ုပ်လူမိန်းမဖြစ်ပါသည်" ဟု ပြော၏၊"ဆင်းခဲ့ပါ" ဟုပြော၏၊ "မဆင်းနိုင်ပါ၊ အကျွန်ုပ်မင်းသမီးဖြစ်သည်" ဟုပြော၏၊ "ငါလည်း မင်းသားဖြစ်သည်"ဟု ပြော၏၊ "မယုံနိုင်ပါ၊ မင်းတို့မာယာကို ဆိုလော့" ဟု ပြော၏၊ ထိုအခါ နှစ်ယောက်သောသူတို့သည် မင်းတို့မာယာဆိုကာ တဦးနှင့်တဦး ယုံကြည်ကြ၏၊မင်းသမီးလည်း သရက်ပင်မှ ဆင်းသက်၏၊ မင်းသား မင်းသမီးတို့သည် ကိလေသာဖြင့် တိမ်းညွတ်သောစိတ် ရှိကြလျက် လွန်ကျူးသောအကျင့်ကို ကျင့်ကြကုန်၏။

**သားဘုန်းကံရှင် ဖွားမြောက်မြင်**

မင်းသမီးလည်း မင်းသားကို ကျောင်းသို့ခေါ်၍ မယ်တော် ခမည်းတော်တို့ ပြန်ရောက်လာလျှင် ထိုမင်းသားကား ကာလိင်္ဂမင်းကြီး၏ သားတော် ဗြူဠကာလိင်္ဂမင်းသား ဖြစ် ကြောင်းနှင့် တောသို့လာခဲ့ရသောအကြောင်းကို အစုံအ လင်လျှောက်ထားလေ၏၊ မယ်တော်ခမည်းတော်တို့လည်း

နှစ်သက်ကြလျက် သမီးတော်ကို စူဠကာလိင်္ဂမင်းသား အားပေးကုန်၏၊ မကြာမြင့်မီပင် မင်းသမီး၌ ကိုယ်ဝန် တည်၍ ဆယ်လလွန်သဖြင့် ဘုန်းပညာလက္ခဏာနှင့် ပြည့် စုံသောသားတော်ကို ဘွားမြင်လေ၏၊ ထိုသားတော်ကို ကာလိင်္ဂသတို့သား ဟူသောအမည်ကို မှည့်ကုန်၏၊အရွယ် သို့ရောက်လတ်သော် ခမည်းတော်နှင့် ဘိုးတော်တို့ထံမှာ ပင် အတတ်ပညာသင်ကြား၍ လိမ္မာသော အဖြစ်သို့ ရောက်ခဲ့၏။

**လက်စွပ် ကိုပြ မင်းမြောက်ကြ**

တနေ့သ၌ ခမည်းတော်သည် နက္ခတ်ကို ကြည့်လတ်သော် နောင်တော် မဟာ ကာလိင်္ဂမင်းကြီး နတ်ရွာစံကြောင်းကို သိလျှင် သားတော်ကိုခေါ်၍‘‘ချစ်သား····တော၌နေသဖြင့် အကျိုးမရှိ၊ ဘကြီးတော် မဟာကာလိင်္ဂမင်းကြီး နတ်ရွာ စံချေပြီ၊ အဘ၏အမွေဖြစ်သော ဒန္တပုရမြို့တော်ကိုယူ၍ မင်းပြုချေလော့’’ဟု ပြောဆိုပြီးလျှင် မိမိဆောင်ယူခဲ့သော လက်စွပ်,ကမ္ဗလာ,သန်လျက်တို့ကိုအပ်နှင်း၍ မည်သည့် နေရာဝယ် ငါတို့အကျိုးစီးပွားကို လိုလားသောအမတ် ကြီးရှိ၏၊ ထိုအမတ်ကြီးထံသွား၍ ငါ့သားတော်အဖြစ် သိအောင် ပစ္စည်းတို့ကို သက်သေခံအဖြစ်ပြလေ’’ဟု မှာ ထားကာလွှတ်လိုက်၏။

မင်းသားလည်း မယ်တော် ခမည်းတော် ဘိုးတော် ဘွားတော်တို့ကို ရှိခိုးကန်တော့ပြီးလျှင် ရှေးဘုန်းရှေးကံ ရင့်သန်ကြီးမားသော ယောကျ်ားကောင်း ဖြစ်သည်အား လျော်စွာ ဒန္တပုရမြို့သို့ ကောင်းကင်ခရီးဖြင့်သွား၍ ထို အမတ်ကြီး၏ အိပ်ရာအပြင်၌ ဆင်းသက်လေ၏၊ ထိုအခါ

အမတ်ကြီးသည် "သင်အဘယ်သူနည်း" ဟု မေး၏၊ "အကျွန်ုပ်ကား စူဠကာလိင်္ဂမင်းသား၏ သားတော်ဖြစ်သည်"ဟု ပြော၏၊"အဘယ်သို့ယုံရမည်နည်း"ဟု ပြော၏၊ ထိုအခါ ခမည်းတော်ပေးလိုက်သော ပစ္စည်းတို့ကိုပြလေ၏၊ အမတ်ကြီးလည်း မင်းသား၏ တံဆိပ်ကို မြင်လျှင် ယုံကြည်သဖြင့် မြို့တော်ကိုတံဆာဆင်ကာ မင်းသားကို အဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်၏၊ မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းတွင် အလွန်ဘုန်းတန်ခိုးကြီးမားလေ၏။

**ကျင့်ဝတ်လျှောက်စကြာရောက်**

မင်းကြီးထံတွင် ခစားသော ကာလိင်္ဂဘာရဒ္ဝါဇပုဏ္ဏားသည် မင်းကြီးအား စကြဝတေးမင်းတို့ ကျင့်ဝတ်ကိုလျှောက်ထားလေ၏၊ မင်းကြီးလည်း ပုဏ္ဏားလျှောက်ထားသော စကြဝတေးမင်းတို့ ကျင့်ဝတ်ကို ပြည့်စုံစွာ ကျင့်လေ၏၊ ထိုအခါ တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌မင်းကြီးအား စကြာအိုင်မှ စကြာရတနာသည် ရောက်လာ၏၊ ဥပေါသထဆင်မျိုးမှ ဆင်ဖြူရတနာလည်း ရောက်လာ၏၊ ဝလာဟက မြင်းမျိုးမှ မြင်းရတနာလည်း ရောက်လာ၏၊ ဝေပုလ္လတောင်မှ ပတ္တမြားရတနာလည်း ရောက်လာ၏၊ မြောက်ကျွန်းမှ မိဖုရား ရတနာလည်း ရောက်လာ၏၊ သူဌေးကြီးရတနာ,သားကြီးရတနာတို့လည်း ထင်ရှားဖြစ်လာကုန်၏၊ စကြဝဠာ တိုက်အလုံး၌ စကြဝတေးမင်းအဖြစ်ကိုရလေ၏။

**ဆင်ဖြူစီးကာလှည့်လည်လာ**

တနေ့သ၌ စကြာမင်းသည် ဆင်ဖြူရတနာကို စီးလျက် သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ခြံရံကာ ကြီးစွာ

သော အသရေ၏ တင့်တယ်စမွယ်ခြင်းဖြင့် မယ်တော် ခမည်းတော်တို့ထံသွားတော်မူ၏၊ မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်ရာ မြေတို့၏အချက်အချာဖြစ်သော မဟာဗောဓိမဏ္ဍိုင်၏ အထက် ကောင်းကင် အရပ်သို့ ရောက်သောအခါ မင်းကြီး၏ မင်္ဂလာဆင်ဖြူတော်သည် မသွားဝံ့တော့ဘဲ ရပ်တန့်ကာနေ၏၊ မင်းကြီးလည်း အဖန်ဖန်နှင်တော်မူ၏၊ နှင်သော်လည်း မသွားဝံ့ချေ။

ထိုအခါ စကြာမင်း၏ ပုရောဟိတ်သည် ကောင်းကင်၌ အဆီးအတားအပိတ်အပင် မရှိပါဘဲလျက်အဘယ်ကြောင့် မသွားနိုင်သနည်းဟု စုံစမ်းအံ့သောငှါ ကောင်းကင်မှဆင်းသက်၍ ကြည့်ရှုဆင်ခြင်လတ်သော် မြေတို့၏ အချက်အချာ မဟာဗောဓိမဏ္ဍိုင်ကို မြင်လေ၏၊ ထိုနေရာကား မင်းပယ်ရှစ်ပယ်မျှ ကျယ်ဝန်း၏၊ မုတ်ဆိတ်ဆံမျှ မြက်ပင်မရှိ၊ ရွှေအဆင်းနှင့်တူသော သဲတို့ဖြင့် ခင်းအပ်၏၊ ပတ်ဝန်းကျင်ပေါက်သော မြက်ခြိန္နွယ် တောစိုးသစ်ပင်တို့သည် လကျ်ာရစ်လှည့်ကာ ရှေးရှုတည်ကုန်၏၊ ပုရောဟိတ်သည် ဤမြေအရပ်ကား အထက်၌ သိကြားဗြဟ္မာ စသော ခပ်သိမ်းသော သတ္တဝါတို့ ပျံသန်းသွားလာခြင်းငှါ မတတ်ကောင်းဟု ကြံစည်ကာ မင်းကြီးထံသွား၍ ဗောဓိမဏ္ဍိုင်၏ ကျေးဇူးတော်ကို လျှောက်ထားပြီးလျှင် ဆင်တော်မှဆင်းသက်တော်မူပါဟု လျှောက်ထားလေ၏။

ဗောဓိတန်ခိုး ရှု့မတိုး

မင်းကြီးသည် ပုရောဟိတ်လျှောက်ထားသော်လည်း မနာယူဘဲ အဖန်ဖန် ဝရဇိန်ချွန်းဖြင့် ပေါက်၍ အတင်းနှင်

သည့်ရှိသော် ဝေဒနာကို သည်းမခံနိုင်သည့်ဖြစ်၍ မင်္ဂလာဆင်တော်သည်သေဆုံးလေ၏၊ မင်းကြီးသည်ကား ဆင်တော်သေသည်ကိုမသိ၍ ကျောကုန်းတွင် စီးလျက် နေ၏၊ ထိုအခါ ပုရောဟိတ်သည်သိ၍ "အရှင်မင်းကြီး..ဆင်တော်ဇီဝိန်ချုပ်ခဲ့ပြီ၊ တပါးသောဆင်တော်သို့ ပြောင်းရွှေ့တော်မူပါ"ဟုလျှောက်ထား၏၊ထိုအခိုက် မင်းကြီး၏ တန်ခိုးအာနုဘော်ကြောင့် ဥပေါသထဆင်မျိုးမှ ဆင်ဖြူတော်တစီးသည် လာလတ်၍ကျောက်ကုန်းကိုညွတ်၏၊မင်းကြီးသည် ထိုဆင်တော်၏ကျောက်ကုန်းသို့ ပြောင်းရွှေ့တော်မူ၏၊ထိုခဏ၌ သေသောဆင်တော်သည် မြေသို့ကျလေ၏။

**ဗောဓိကြောင်းအင် ပုဏ္ဏားတင်**

ထိုအခါ ကာလိင်္ဂ စကြာမင်းသည် ကောင်းကင်မှ ဆင်းသက် ပြီးလျှင် ဗောဓိမဏ္ဍိုင်ကို ကြည့်၍ တန်ခိုး ပြာဋိဟာကိုမြင်ရလျှင် ဘာရဒွါဇပုဏ္ဏားအား—

"အို-ဘာရဒွါဇပုဏ္ဏား.... သင်ပုဏ္ဏားသည် ပင်လျှင် ခပ်သိမ်းသော တရားတို့ကို သိမြင်သော သဗ္ဗညုဘုရားလေလော"—

ဟု မေးကျူးလေ၏၊ မင်းကြီး စကားကို ကြားလျှင် ဘာရဒွါဇပုဏ္ဏားသည် ထိုစကားကို ဝန်မခံနိုင်၍ မိမိကိုယ်ကို နှိမ့်ကျသောအရာ၌ထားကာ—

"မြတ်သော မင်းကြီး.... အကျွန်ုပ် တို့ကား လောကီသဒ္ဒါကျမ်းတို့ဖြင့် သိရပါ၏၊ သို့အတွက် သုတဗုဒ္ဓကား ဖြစ်ပါ၏၊ သဗ္ဗညုဗုဒ္ဓ မဟုတ်ပါ။ သဗ္ဗညုဗုဒ္ဓတို့သည် အလုံးစုံသောတရားကို သိတော်

မှုကုန်၏။ အမှတ်လက္ခဏာဖြင့်သိသည်မဟုတ်ကုန်၊ အကျွန်ုပ်တို့ကား အာဂုံ ဆောင်ထားသော အတတ်ပညာ၏အစွမ်းဖြင့်သာ သိပါကုန်၏၊သဗ္ဗညုဗုဒ္ဓတို့သည် အလုံးစုံသောတရားကို အပြားအားဖြင့် သိကုန်၏"—

ဟု မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးကာ လျှောက်လေ၏၊ ကာလိင်္ဂစကြာမင်းသည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ကြားရလျှင် အလွန် ကြည်ညိုလှသဖြင့် စကြာဝဠာတိုက် အတွင်းရှိ လူတို့အား ပန်းနံ့သာတို့ကို ဆောင်ယူစေ၍ ခုနစ်ရက်ပတ်လုံး ဗောဓိမဏ္ဍိုင်၌ မဟာဗောဓိကိုပူဇော်စေ၏။

ဤသို့လျှင် မင်းကြီးသည် မဟာဗောဓိကို ပူဇော်ပြီးလျှင် မယ်တော် ခမည်းတော် ဘိုးတော် ဘွားတော်တို့ထံ သွား၍ မယ်တော် ခမည်းတော် ဘိုးတော် ဘွားတော်တို့ကို ဒန္တပုရမြို့သို့ ဆောင်ယူပြီးလျှင် ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ သေလွန်သည့်အခြားမဲ့၌ တာဝတိံသာနတ်ပြည်၌ဖြစ်ရလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကာလိင်္ဂ စကြာမင်းသည်— ယခုအခါ အာနန္ဒာ။

※ ဘာရဒွါဇပုရောဟိတ်သည်—ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဗောဓိတည်ရာ၊မြေမျက်နှာ၊ဩဇာပြည့်ဝသည်။
(၂) မင်းပယ်ရှစ်ပယ်၊အပြောကျယ်၊အံ့ဘွယ်စုဝေးသည်။
(၃) လက်ျာလှည့်ငြား၊ သစ်ပင်များ၊ ညွတ်တွား ပေါက်ကြ သည်။
(၄) ငါးမာရ်အောင်ရာ၊ဉာဏ်ကြည်ရာ၊ချက်ချာဗဟိုမည်။
(၅) ဗောဓိပင်အား၊ပူဇော်ငြား၊ဘုရားပူဇော်မည်။

ကာလိင်္ဂဗောဓိဇာတ်ပြီး၏။

---

## ၄၇၀-အကိတ္တိဇာတ်

ပဒ္ဓဖြန့်ဝဏ္ဏ။

ဒါနအစ ရ လွန်ကဲစွာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်၌ နေသော အလှူ့ဒါယကာတယောက်သည် ဘုရားအမှူးရှိသော သံဃာကိုပင့်ဘိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူ၏၊ အဆုံးနေ့၌ ပရိက္ခရာတို့ကို လှူဒါန်း၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒါယကာအား ပရိသတ်အလယ်၌ အနုမောဒနာပြုသည်ရှိသော် ''ဒါယကာ····သင်၏စွန့်ကြဲခြင်းကား များပြားလှ၏၊ အလှူ လှူသောအနွယ်မည်သည်ကား ရှေးပညာရှိတို့၏အနွယ်ဖြစ်သည်၊ အလှူမည်သည်ကို လှူဖြစ်စေ့,ရဟန်းဖြစ်စေလှူအပ်သည်သာတည်း၊ရှေးပညာရှိတို့သည် ရဟန်းပြု၍ တော၌ နေသော်လည်း ရေဖြင့်ပြုတ်ဖြော်ကာ ဆားမပါသော ကံပြင်းရွက်ကိုစားရသော်လည်း

ရောက်လာသောအလှူခံတို့အား အလိုရှိတိုင်းပေးလှူ၍ မိမိတို့ကား ပီတိချမ်းသာဖြင့် နေကုန်ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**စည်းစိမ်ကြည့်၍ သံဝေဖြူ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်၏၊ သတို့သားအား အကိတ္တိဟုအမည်မှည့်ကြကုန်၏၊ ခြေဖြင့်သွားနိုင်သောအခါ နှမကိုဘွားမြင်ပြန်၏၊ နှမအား ယသဝတီဟု အမည်မှည့်ကြကုန်၏၊ အကိတ္တိ သတို့သားသည် အရွယ်သို့ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာ သင်ကြားတတ်မြောက်ပြီးလျှင် မိဘတို့ထံ ပြန်ခဲ့၏။

နောက်အခါ မိဘတို့သည် သေလွန်ကုန်၏၊ ထိုအခါ အကိတ္တိသတို့သားသည် သင်္ဂြိုဟ်ခြင်းကိစ္စကိုပြုပြီးလျှင် ဥစ္စာတို့ကို ကြည့်လတ်သော် ဥစ္စာတို့ကား ထင်ရှားရှိကုန်၏၊ ဥစ္စာကိုရှာဖွေဆည်းပူးသောသူတို့ကား သေလွန်ကြပြီ၊ ယူ၍မသွားကြကုန်၊ ငါကား ယူ၍သွားမည်ဟု ကြံစည်၍ နှမငယ်ကိုခေါ်ကာ ''နှမငယ်....ဤဥစ္စာတို့ကို စီရင်သိမ်းပိုက်လော့''ဟု ပြောဆိုလေ၏၊ ''မောင်ကြီး.... မောင်ကြီးတို့ကား အဘယ်သို့ပြုအံ့နည်း'' ဟုမေး၏၊ ''ငါသည် ရဟန်းပြုအံ့''ဟု ပြောလေရာ၊ ''မောင်ကြီး....အကျွန်ုပ်သည် မောင်ကြီးတို့ စွန့်ပစ်သောတံတွေးကို ဦးခေါင်းဖြင့်

မခံလိုပါ၊ ဥစ္စာကိုအလိုမရှိပါ၊ ရဟန်းပြုပါအံ့”ဟု ပြော ဆိုလေ၏။

**မောင်နှမတိုင်ပင် ရဟန်းဘောင်ဝင်**

ထိုအခါ အကိတ္တိ သတို့သားသည် ရှိသမျှပစ္စည်းဥစ္စာတို့ကို လှူဒါန်းစွန့်ကြဲပြီးလျှင် နှမငယ်ကို ခေါ်ယူကာ ဗာရာဏသီပြည်မှ ထွက်ခဲ့၏၊ ထွက်သောတံခါးသည် အကိတ္တိဟု အမည်တွင်ရစ်၏၊ တဖန်မြစ်ကို ကူးပြန်၏၊ ကူးသော မြစ်ဆိပ်သည်လည်း အကိတ္တိဆိပ် ဟု အမည်တွင်ရစ်၏၊ နှစ်ယူဇနာ သုံးယူဇနာခန့် ရောက်လျှင် မောင်နှမနှစ်ယောက်လုံး ရသေ့ရဟန်းပြု၍ မွေ့လျော်ဘွယ်ရှိသောအရပ်တွင် ကျောင်းဆောက်၍ နေလေ၏၊ အကိတ္တိသတို့သား ရဟန်းပြုသော အခါမှစ၍ ရွာနိဂုံးမင်းနေပြည်၌ နေကုန်သော သူတို့သည်လည်း ရဟန်းပြုကြကုန်၏၊ အခြံအရံလည်း အလွန်များ၏၊ ရသောလာဘ်ပူဇော်သက္ကာရလည်း များလှ၏၊ ဘုရားပွင့်သောအခါကဲ့သို့ ဖြစ်လေ၏။

**လာဘ်မမြော်လင့် ထီးတည်းကျင့်**

အကိတ္တိရသေ့သည် အခြံအရံလာဘ်ပူဇော်သက္ကာရကိုအလိုမရှိ၊ တယောက်ထီးတည်း ချမ်းသာစွာ နေမည်ဟု ကြံစည်လျက် အခါမဲ့၌အယုတ်သဖြင့်နှမငယ်မျှကိုပင်မသိစေဘဲ တယောက်ထီးတည်း ထွက်ခဲ့ရာ ဒမိဠတိုင်းသို့ ရောက်၍ ကာဝိရမည်သော သင်္ဘောဆိပ်အနီးဖြစ်သော ဥယျာဉ်၌ နေလျက် ဈာန်အဘိညာဉ်ကို ဖြစ်စေ၏၊ များစွာသော ပူဇော်သက္ကာရသည် ဖြစ်ပြန်၏၊ တဖန်ပူဇော်သက္ကာရကို စက်ဆုပ်ကာ ကောင်းကင်ခရီးဖြင့် သွားပြန်ရာ နာဂဒီပ

ကျွန်း၏အနီးဖြစ်သော ကာရဒီပကျွန်း(အဟိဒီပ)၌ သက်ဆင်း၍ ကံပြင်းပင်ကြီးကို အမှီပြုလျက် ကျောင်းဆောက်၍နေ၏၊ ထိုအရပ်၌ အကိတ္တိရသေ့နေသည်ကို တစုံတယောက်သောသူမျှ မသိလေ။

နှမဖြစ်သော ယသဝတီလည်း မောင်ကြီးကို မမြင်လျှင် ရှာဖွေလျက်သွားရာ ဒမိဠတိုင်းသို့ရောက်၍၊ မောင်ကြီးကို မတွေ့လျှင် မောင်ကြီးနေရာ အရပ်မှာပင်နေလေ၏၊ ဈာန်အဘိညာဉ်ကို ဖြစ်စေခြင်းငှါမတတ်နိုင်။

**မြိုးမြိုကျင့်ဆောင် သိကြားပူလောင်**

အကိတ္တိရသေ့လည်း အလိုနည်းသည်ဖြစ်၍ အရပ်တပါးသို့ မသွားဘဲ ကံပြင်းပင်ကြီး သီးသောအခါ အသီးကို စား၏၊အသီးမရှိသောအခါ အရွက်ကို ပြုတ်ဖြော၍စား၏၊ ဆားလည်းမပါ၊ ထိုအခါ အကိတ္တိရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသောအခြင်းအရာကိုပြလေ၏၊ သိကြားမင်းလည်း ကြည့်ရှုဆင်ခြင်လတ်သော် အကိတ္တိရသေ့ကိုမြင်၍ ဤရသေ့ကား အဘယ်အကျိုးငှါ သီလကိုစောင့်သနည်း၊ သိကြားမင်းအဖြစ်ကို တောင့်တသလော၊ သို့တည်းမဟုတ် တပါးကို တောင့်တသလော၊ ငြိုငြင်စွာ အသက်မွေးဘိ၏၊ ကံပြင်းရွက်ကို ပြုတ်ဖြော၍စားဘိ၏၊ သိကြားအဖြစ်ကို အကယ်၍ တောင့်တအံ့၊ ကံပြင်းရွက်ပြုတ်ကို ငါ့အား လှူလတ့်၊ အကယ်၍ မတောင့်တအံ့၊ မလှူလတံ့၊ငါသိရအောင်စုံစမ်းမည် ဟု ကြံစည်ကာ ပုဏ္ဏားအသွင်ဖြင့် အကိတ္တိရသေ့ထံ သွားလေ၏။

သဗ္ဗညုတဉာဏ် အခြေခံ

ထိုအခါ ရသေ့သည် ကံပြင်းရွက်ပြုတ်တို့ကို စားမည်ဟု ကျောင်းတံခါး၌နေစဉ် သိကြားမင်းကို မြင်လျှင် အလှူခံပုဂ္ဂိုလ်ကို ယနေ့မှ မြင်ရပေတော့သည်။ အရတော်ပေစွဟု ဝမ်းမြောက်ဝမ်းသာ ကံပြင်းရွက်ပြုတ်ကို တအိုးလုံးယူကာ ဤအလှူသည် သဗ္ဗညုတဉာဏ်၏ အကြောင်း ဖြစ်စေသတည်းဟု ဆုတောင်းလျက် မိမိအဘို့ မကြွင်းကျန်စေဘဲ အကုန်လှူဒါန်းလေ၏၊ သိကြားမင်းလည်း ကံပြင်းရွက်ကိုယူပြီးလျှင် အတန်ငယ်သွား၍ ပျောက်ကွယ်လေ၏၊ ရသေ့လည်း တဖန်ကံပြင်းရွက်ကို ပြုတ်၍ မစားတော့ဘဲ ဝမ်းမြောက်ခြင်း ပီတိချမ်းသာဖြင့်သာ နေလေ၏၊ ဤသို့လျှင် သုံးရက်မြောက်အောင် လှူ၍ အစာမစားဘဲ ပီတိချမ်းသာဖြင့်သာနေ၏။

ဉာဏ်ကိုရှေ့ရှု၍ လှူဒါန်းမှု

သိကြားမင်းသည်သုံးရက်မြောက်သောအခါ ဤရသေ့ကား အစာမစားရသော်လည်း အလှူဝတ်ကို မပျက်စေဘဲ လှူဒါန်းကာနေ၏၊ ငါကား မည်သည့်အရာကို တောင့်တ၍ လှူဒါန်းသည်ကို မသိ၊ ငါသိအောင် သွား၍မေးမည်ဟု မွန်းလွဲလတ်သော် ကြီးစွာသော အသရေဖြင့် ကောင်းကင်၌ရပ်လျက်—

“အို-ရသေ့…. အဘယ်အရာကို တောင့်တ၍ တယောက်ထီးတည်း လေ နေပူတို့ဖြင့် နှိပ်စက်သော အရပ်၌ ငြိမ်သက်စွာ နေဘိသနည်း”—

ဟု မေးလေ၏၊ ရသေ့လည်း သိကြားမင်း စကားကို ကြား၍ သိကြားမင်းအဖြစ်ကိုသိလျှင် ငါသည် သိကြားမင်း

စည်းစိမ်ကို မတောင့်တ၊ သဗ္ဗညုတဉာဏ်ကိုသာ တောင့်တ လျက် မြိုးခြီသောအကျင့်ကို ကျင့်သည် ဟု ပြောဆိုလိုရ ကား–

"သိကြားမင်း····တဖန်ဘဝ၌ ဖြစ်ရခြင်းသည် ဆင်းရဲလှ၏၊ကိုယ်ခန္ဓာသေဆုံး ပျက်စီးရခြင်းသည် ဆင်းရဲလှ၏၊ တွေဝေလျက် သေဆုံးရခြင်းသည် ဆင်းရဲလှ၏၊ သို့အတွက် ငါသည် ငြိမ်သက်စွာ နေ၏"–

ဟု သိကြားမင်းအား ပြောဆိုလေ၏။

**လောဘနိုင်င်လက်မခံ**

ထိုစကားကို ကြားလျှင် သိကြားမင်း သည်အလွန်ကြည်ညိုသည်ဖြစ်၍ ဆုပေး မည်ဟု ကြံစည်လျက်–

"ရှင်ရသေ့···· ရှင်ရသေ့သည် ကောင်းသော စကား သင့်တင့်လျောက်ပတ်သော စကားကို ဆို ပေ၏၊ ရှင်ရသေ့အား အကျွန်ုပ် ဆုပေးပါမည်၊ အလိုရှိရာကို ယူပါလော့"–

ဟု ဘိတ်မန်လေ၏၊ ထိုအခါ ရသေ့သည်–

"သိကြားမင်း····အကယ်၍ ငါ့အားဆုပေးလို သည်ဖြစ်အံ့၊ သတ္တဝါတို့သည် သား,သမီး,မယား, ဥစ္စာ, စပါး,တပါးဖြစ်သော အလိုရှိရာ ဥစ္စာတို့ကို ရကုန်သော်လည်း မရောင့်ရဲနိုင်ကုန်၊ ထိုကြောင့် ထိုလောဘတရားသည် ငါ၌မဖြစ်စေလို"–

ဟု လောဘမဖြစ်ရန် ဆုတောင်းလေ၏။

သူမိုက်ရှောင်ရှား ဆုလိုလား

သိကြားမင်းသည် ထိုစကားကို ကြားပြန်လျှင် အဘိုင်းထက်အလွန် ကြည်ညိုသည်ဖြစ်၍ အလိုရှိရာဆုကိုတောင်းပါဟု ဘိတ်မန်ပြန်၏၊ ထိုအခါ ရသေ့သည်—

"သိကြားမင်း....ငါ့အားအကယ်၍ ဆုပေးလိုသည်ဖြစ်အံ့၊ ဒေါသတရား ဖြစ်သည်ရှိသော် လယ်, ယာ,ရွှေ,ငွေ,နွား, မြင်း, ကျွန်အမှုလုပ်တို့ကို ကုန်ခန်းပျက်စီးစေ၏၊ ထိုဒေါသတရားသည် ငါ၌မဖြစ်စေလို"—

"သိကြားမင်း....အကယ်၍ ငါ့အား ဆုပေးလိုသည်ဖြစ်အံ့၊ သူမိုက်ကို မမြင်ရလို၊ သူမိုက်ကို မကြားရလို၊သူမိုက်နှင့် မပေါင်းဘော်ရလို၊သူမိုက်နှင့် စကားပြောဟောခြင်း မပြုရလို၊ သူမိုက်ကို မနှစ်သက်ရလို"—

ဟု သိကြားမင်းအား ဆုကိုတောင်းပြန်၏။

သူမိုက်ကျင့်စဉ် ကျိုးမမြင်

ထိုအခါ သိကြားမင်းသည် ရသေ့တောင်းသောဆုကို အကျိုးအကြောင်းမေးလို၍—

"ရှင်ရသေ့....ရှင်ရသေ့အား သူမိုက်သည် အဘယ်သို့ပြုသနည်း၊ အဘယ့်ကြောင့်သူမိုက်ကိုမမြင်လိုသနည်း, မကြားလိုသနည်း, မပေါင်းဘော်လိုသနည်း, စကားမပြောလိုသနည်း, မနှစ်သက်လိုသနည်း"—

ဟု မေးပြန်၏၊ အကိတ္တိရသေ့သည်—

"သိကြားမင်း.... သူမိုက်ကား ပျက်စီးခြင်းကို ဆောင်၏၊ အကျိုးစီးပွားမရှိရာ၌ အမြဲယှဉ်၏၊ မှန် မြတ်သောအားဖြင့် သိနိုင်ခဲ၏၊ ကောင်းစွာပြော ဆိုသော်လည်း အမျက်ထွက်၏၊ အာစာရဝိနည်း ကိုမသိ၊ ထို့ကြောင့် သူမိုက်ကို မမြင်ရခြင်းသည် ကောင်း၏"—

ဟု သူမိုက်၏အကျိုးယုတ်ကြောင်းကို ပြောကြား၏။

**ပညာရှိတွေ့မြင်လိုနေချင်**

ထိုနောက်တဖန် အကိတ္တိ ရသေ့သည် ပညာရှိတို့နှင့် တွေ့မြင် ပေါင်းဖေါ်လို သောဆုကို တောင်းလို၍—

"သိကြားမင်း.... အကယ်၍ ငါ့အား ဆုပေး လိုသည်ဖြစ်အံ့၊ ပညာရှိကိုမြင်ရလို၏၊ ပညာရှိကို ကြားရလို၏၊ ပညာရှိနှင့်ပေါင်းဘော်ရလို၏၊ ပညာ ရှိနှင့်စကားပြောဟောရလို၏၊ ပညာရှိကိုနှစ်သက် ရလို၏"—

ဟု ဆုတောင်းပြန်၏၊ ထိုအခါသိကြားမင်းသည်—

"ရှင်ရသေ့.... ပညာရှိသည် ရှင်ရသေ့အား အသို့ပြုသနည်း၊ အဘယ့်ကြောင့် ပညာရှိကိုမြင်လို သနည်း, ကြားလိုသနည်း, ပေါင်းဘော်လိုသနည်း, စကားပြောလိုသနည်း, နှစ်သက်လိုသနည်း"—

ဟု မေးပြန်၏။

**ကောင်းဆိုးညွှန်ရာ ပညာရှိသာ**

ထိုအခါ အကိတ္တိရသေ့သည် ပညာရှိနှင့် တွေ့မြင်ပေါင်းဘော်လိုသော ဆန္ဒကို ပြောဆိုလိုသဖြင့်—

“သိကြားမင်း…. ပညာရှိသည် အကျိုးစီးပွား ကိုဆောင်၏၊ အကျိုးစီးပွားမရှိရာ၌မယှဉ်၊ မှန်မြတ်သောအားဖြင့်သိလွယ်၏၊ ကောင်းစွာပြောဆိုအပ်သော် အမျက်မထွက်၊ အာစာရဝိနည်းကိုသိ၏၊ ထို့ကြောင့် ပညာရှိနှင့် ပေါင်းဘော်ခြင်းသည် ကောင်း၏”–

ဟု ပညာရှိ၏အကျိုးစီးပွားများကြောင်းကိုပြောကြားလေ၏၊ ထိုနောက် အကိတ္တိရသေ့သည်–

“သိကြားမင်း….အကယ်၍ငါ့အား ဆုကိုပေးလိုသည်ဖြစ်အံ့၊ ထိုအခါမှ နံနက်နေထွက်သည်ရှိသော် နတ်၌ဖြစ်သောအစာနှင့် အလှူခံပုဂ္ဂိုလ်တို့သည် ထင်ရှားဖြစ်စေလိုကုန်၏၊ ပေးလှူသောငါ့အား မကုန်ခန်းနိုင်စေလိုကုန်၊ ပေးလှူပြီး၍လည်းနောင်တမရှိရလို၊ ပေးလှူဆဲငါသည် စိတ်ကိုကြည်ညိုစေနိုင်ရလို၏”–

ဟု ဆုတောင်းပြန်၏။

**ကျော်စောမှုလုပ်လွန်စက်ဆုပ်**

ထိုနောက်တဖန် အကိတ္တိရသေ့သည် အခြံအရံလာဘ်ကို မလိုလားသဖြင့်–

“သိကြားမင်း….အကယ်၍ငါ့အား ဆုပေးလိုသည်ဖြစ်အံ့၊ သင်သိကြားမင်းသည် ငါ့ထံနောက်တဖန် မလာစေလိုပါ”–

ဟု ဆုတောင်းပြန်၏၊ ထိုအခါသိကြားမင်းသည်–

"ရှင်ရသေ့.... များစွာကုန်သော ယောကျ်ား မိန်းမတို့သည် သင်ရသေ့၏ သီလကျင့်ဝတ်ကြောင့် ဖူးမြင်ခြင်းကို တောင့်တကြကုန်၏၊ သို့ပါလျက် အကျွန်ုပ်ဖူးမြင်ခြင်း၌ အဘယ်ကြောင့် ကြောက်သနည်း"—

ဟု ရှင်ရသေ့အား မေးပြန်၏။

ချာန်နှင့်ပျော်ပါး ဗြဟ္မာ့ရွာလား

ထိုအခါ အကိတ္တိရသေ့သည် ခြိုးခြံမှု အန္တရာယ်ကို တားမြစ်ဘွယ်မြင်၍—

"သိကြားမင်း.... အလိုခပ်သိမ်းကို ပေးတတ်သော သင်သိကြားမင်းကဲ့သို့သော နတ်၏အဆင်းကိုမြင်ရ၍ ငါ့အား ခြိုးခြံသောအကျင့်သည် မေ့လျော့ရာ၏၊ ထိုမေ့လျော့ခြင်းမှ ကြောက်သောကြောင့် သင်သိကြားမင်းကို မလာစေလိုပါ"-

ဟု သိကြားမင်းလာခြင်း၌ အပြစ်ကို ဖြေကြားပြောဆိုပြန်၏။

ထိုအခါသိကြားမင်းသည် "ရှင်ရသေ့.... ကောင်းပြီ၊ ဤနေ့မှစ၍ အရှင်ဘုရားထံ မလာတော့ပါ"ဟု လျှောက်ထားဝန်ခံ၍ ရှိသေစွာရှိခိုးကန်တော့ပြီးလျှင် မိမိနေရာတာဝတိံသာသို့သွားလေ၏၊ ရသေ့လည်း အသက်ထက်ဆုံး ထိုအရပ်၌နေ၍ ဗြဟ္မဝိဟာရတရားကိုပွားကာ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာ....
※ ထိုအခါသိကြားမင်းသည်- ယခုအခါ အနုရုဒ္ဓါ။
※ အကိတ္တိရသေ့သည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မရောင့်ရဲကြ၊ လိုတိုင်းရ၊လောဘ ကင်းစေလို။
(၂) ရရှိတိုင်းပ၊ ဖျက်ဆီးလှ၊ ဒေါသ ကင်းစေလို။
(၃) သူမိုက်ကိုလျှင်၊ မပေါင်းချင်၊ မမြင် မကြားလို။
(၄) မနှစ်သက်ပြား၊ သူမိုက်အား၊ စကားမပြောလို။
(၅) ကျိုးမဲ့ယှဉ်လျက်၊ အကျိုးဖျက်၊ သိခက်မိုက်၍ကို။
(၆) ကျင့်မသိလျှင်၊ မျက်ထွက်ချင်၊မမြင် ကောင်းသကို။
(၇) ပညာရှိလျှင်၊ ပေါင်းဘက်ချင်၊ မြင်ရ ကြားရလို။
(၈) ပညာရှင်အား၊ နှစ်သက်ပြား၊ စကားပြောရလို၊
(၉) အကျိုးယှဉ်တွယ်၊ ကျိုးဆောင်ဘွယ်၊ သိလွယ်ပညာမိုရ်။
(၁၀) အကျင့်သိလှ၊ မျက်မရှ၊ မြင်ရ ကောင်းသကို။

အကိတ္တိဇာတ်ပြီး၏။

---

## ၄၈၁- တက္ကာရိယဇာတ်

ပဥ္စပနိပါတ်

**ချမ်းသာစွာနေရာ ဆိတ်ငြိမ်စွာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အဂ္ဂသာဝက နှစ်ပါးတို့သည် တခုသော ဝါတွင်း၌ဆိတ်ငြိမ်စွာနေလိုသည် ဖြစ်၍ မြတ်စွာဘုရားထံ ပန်ကြားပြီးလျှင် ကောသလတိုင်း

သို့သွား၍ ကောကာလိကရဟန်း၏နေရာအရပ်သို့ ကပ်ပြီးလျှင်“ငါ့ရှင် ကောကာလိက····သင့်ကိုမှီ၍ ငါတို့အားချမ်းသာစွာနေရခြင်းဖြစ်လိမ့်မည်၊ ငါတို့ကိုမှီ၍သင့်အားလည်းချမ်းသာစွာနေရခြင်းဖြစ်လိမ့်မည်”ဟုပြောကုန်၏။

**ချင်းချင်း ကျေးဇူးပြု နေထိုင်မှု**

ထိုအခါ ကောကာလိကသည် အရှင်ဘုရားတို့ အကျွန်ုပ်ကိုမှီ၍ အဘယ်သို့ ချမ်းသာစွာ နေရခြင်း ဖြစ်လိမ့်မည်နည်း”ဟု မေး၏၊ “ငါ့ရှင် ကောကာလိက···· ဤအရပ်၌ ငါတို့နေသည့်အဖြစ်ကို တစုံတယောက်သောသူအားမပြောကြားသည်ဖြစ်အံ့၊ ဤသည်ကား သင့်ကိုမှီ၍ ငါတို့အားချမ်းသာစွာ နေရခြင်းဖြစ်သည်”ဟု ပြော၏၊ “အရှင်ဘုရားတို့····အရှင်ဘုရားတို့ကိုမှီ၍ အကျွန်ုပ်အား အဘယ်သို့ချမ်းသာစွာနေရခြင်းဖြစ်မည်နည်း”ဟု မေးပြန်၏၊ “ငါ့ရှင် ကောကာလိက····ငါတို့ သင့်အားဆုံးမလျက် ဝါတွင်းသုံးလပတ်လုံး တရားကိုသင်စေအံ့၊ ဤသည်ကား ငါတို့ကိုမှီ၍ သင့်အားချမ်းသာစွာနေရခြင်းဖြစ်သည်”ဟု ပြော၏၊ “အရှင်ဘုရားတို့···· ချမ်းသာစွာ နေကြကုန်လော့” ဟု လျောက်ပတ်သောကျောင်းကို ပေးလေ၏၊ အဂ္ဂသာဝကတို့လည်း ဖလသမာပတ် ချမ်းသာဖြင့် နေကြကုန်၏၊ အဂ္ဂသာဝကတို့ ထိုအရပ်၌နေသည့်အဖြစ်ကို တစုံတယောက်သောသူမျှမသိလေ။

**သာဝကနှစ်ပါး ပူဇော်ခြား**

ဝါကျွတ်သောအခါ အဂ္ဂသာဝက နှစ်ပါးတို့သည် မြတ်စွာဘုရားထံအဖူးမြင်သွားကြရန် ကောကာလိကကို ပန်

ကြားကုန်၏၊ ကောကာလိကလည်း အဂ္ဂသာဝက နှစ်ပါးတို့ကိုပင့်ဆောင်ကာ အနီးဖြစ်သောရွာ၌ ဆွမ်းခံ၍ ဆွမ်းစားပြီးသော် ရွာမှထွက်ခဲ့ကုန်၏၊ ကောကာလိကသည် မထေရ်တို့ကို လွှတ်လိုက်၍ ရွာသို့တဖန်ပြန်ကာ "ဒါယကာတို့....သင်တို့ကား တိရစ္ဆာန်နှင့်တူကုန်၏၊အဂ္ဂသာဝကနှစ်ပါးတို့ ဝါတွင်းသုံးလပတ်လုံး ဤကျောင်း၌နေသည်ကို မသိကြကုန်၊ ယခုကြွတော်မူကုန်ပြီ"ဟု အပြစ်တင်ကာပြောဆိုလေ၏၊ ဒါယကာတို့လည်း အရှင်ဘုရားသည် အဘယ်ကြောင့်မပြောကြားသနည်းဟု ပြောဆိုကုန်၍ များစွာသော ထောပတ်, ဆီ, ဆေး အဝတ်သက်န်းဘို့ကို ယူ၍ အဂ္ဂသာဝက နှစ်ပါးတို့ထံ လိုက်ကြလျက်"အရှင်ဘုရားတို့-သည်းခံတော်မူပါ၊ အရှင်ဘုရားတို့ သီတင်းသုံးသည့်အဖြစ်ကိုမသိပါကုန်၊ ယခုမှ အရှင်ကောကာလိက မိန့်တော်မူ၍ သိရပါကုန်၏၊ သနားသောအားဖြင့် ဤထောပတ်, ဆီ, ဆေး,အဝတ်သက်န်းတို့ကို အလှူခံတော်မူပါ"ဟု လျှောက်ထားကုန်၏။

**လာဘ်ယူလိုမှု ရန်ငြိုးပြု**

ကောကာလိကလည်း မထေရ်ဘို့သည် အလိုနည်း၍ ရှောင့်ရဲလွယ်ကုန်၏၊ လှူဘွယ်ဝတ္ထုတို့ကို ငါ့အား ပေးလိမ့်မည်ဟု ကြံစည်ကာ ဒါယကာတို့နှင့်အတူ မထေရ်တို့ထံလိုက်၏၊ မထေရ်တို့သည် အလှူမခံကုန်၊ ကောကာလိကအားလည်း မပေးကုန်၊မထေရ်တို့သည် ဤအရပ်သို့တဖန် ကြွလာရန် လျှောက်ထားကြသော်လည်း ဝန်မခံဘဲ မြတ်စွာဘုရားထံ သွားကုန်၏၊ ကောကာလိကသည် မိမိအား မပေးသည့်အတွက် မထေရ်တို့ကို ရန်ငြိုးဖွဲ့၏။

မထေရ်တို့သည် အတန်ကြာလျှင် ပရိသတ်နှင့်တကွ ဒေသစာရီလှည့်လည်ကြရာ ထိုကောကာလိက ကျောင်းသို့ ရောက်ကြပြန်၏၊ ဒါယကာတို့လည်း ဝါဆိုကျောင်းသို့ ပင့်၍ များစွာသော ဆေး,ပစ္စည်း,အဝတ်,သင်္ကန်းတို့ကိုလှူကုန်၏၊ မထေရ်တို့နှင့်အတူ ပါသော ရဟန်းတို့သည် သင်္ကန်းဝေ သည်ရှိသော် ကောကာလိကအား မပေးကုန်။

**သာဝကတို့ပင် ဆဲရေးနှင့်**

ကောကာလိကသည် သင်္ကန်းမရလျှင် သာရိပုတ္တရာမောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏၊ ပြည့်ခြင်းငှါ မတတ်နိုင်ကုန်၊ သူတပါးတို့ကို မကြည့်ကုန်ဟု ဆဲရေး လေ၏။

မထေရ်တို့သိလျှင် ကောကာလိကကား ငါတို့ကိုမှီ၍ အကုသိုလ်ပွားသည်ဟု အခြံအရံနှင့်တကွ ကျောင်းမှထွက် ကြရာ နှစ်ရက်သုံးရက်မျှ သီတင်းသုံးရန် ဒါယကာတို့ လျှောက်ကြသော်လည်း ပြန်ခြင်းငှါအလိုမရှိကုန်၊ ထိုအခါ ရဟန်းငယ် တပါးသည် "ဒါယကာတို့.... မထေရ်မြတ် တို့သည် အသို့နေကုန်အံ့နည်း၊သင်တို့ဆရာ ကောကာလိက သည် မထေရ်တို့နေခြင်းကိုသည်းမခံနိုင်" ဟု ပြောလေ၏။

**ကောကာလိက နှင်ထုတ်ကြ**

ထိုအခါ ဒါယကာတို့သည် ကောကာ လိကထံ သွား၍ "အရှင်ဘုရား.... မထေရ်မြတ်တို့ နေခြင်းကို သည်းမခံ နိုင်ဟု ကြားရသည်၊ ယခုသွား၍ကန်တော့ကာ မထေရ် တို့ကိုပြန်စေကုန်လော၊ ပြန်မလာလျှင် အရှင်ဘုရား ဤ ကျောင်းမှာမနေလင့်"ဟု နှင်ထုတ်ကုန်၏၊ ကောကာလိက လည်း ဒါယကာတို့ကို ကြောက်သဖြင့် အမြန်လိုက်၍

ကန်တော့၏၊ မထေရ်တို့သည် ပြန်မလာကုန်၊ ထိုအခါ ဒါယကာတို့သည် ဤရဟန်းယုတ်ကျောင်း၌ရှိလျှင် သီလရှိသော ရဟန်းကောင်းတို့လာကြတော့မည် မဟုတ်ဟု တိုင်ပင်ညီညွတ်၍ ကောကာလိကကို နှင်ထုတ်ကုန်၏၊ ကောကာလိကလည်း သပိတ်သင်္ကန်းကိုယူ၍ မြတ်စွာဘုရားထံသွားပြီးလျှင် "အရှင်ဘုရား….သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏၊ ယုတ်မာသော အလိုနိုင်ငံသို့လိုက်ကုန်၏"ဟု လျှောက်ထား၏၊"ကောကာလိက….ဤသို့မဆိုလင့်၊ ကောကာလိက….ဤသို့မဆိုလင့်၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့၌ စိတ်ကိုကြည်ညိုစေလော့၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် သီလကို ချစ်ကုန်၏" ဟု တားမြစ်တော်မူ၏။

**အကုသိုလ်စိတ်မိုက် ငရဲဆိုက်**

ကောကာလိကသည် မြတ်စွာဘုရား တားမြစ်တော် မူသော်လည်း မနာယူချေ၊ အရှင်ဘုရားတို့သည် အဂ္ဂသာဝကတို့အားသာ ယုံကြည်တော်မူ၏၊ မျက်မှောက် တွေ့မြင်ခဲ့ရသော အကျွန်ုပ်ကို ယုံကြည်တော်မမူဟု ဆိုပြီးလျှင် နေရာမှထ၍ သွားလေ၏၊ ထိုသို့သွားစဉ်လျှင် ကောကာလိက၏ ကိုယ်၌ မုန်ညင်းစေ့မျှ အိုင်းအမာတို့ ပေါက်ကုန်၏၊အစဉ်အတိုင်း ဥသျှစ်သီးလောက် ဖူးဖူးရောင်ကာ သွေးပြည်တို့ဖြင့် ယိုစီးလျက် ဆင်းရဲဝေဒနာသို့ရောက်၍ ငြီးတွားကာ ဇေတဝန်ကျောင်းတော်တံခါးမုခ်၌ အိပ်၏၊ ကောကာလိက၏ ဥပဇ္ဈာယ်ဖြစ်ဘူးသော ကုရိသမည်သော သုဒ္ဓါဝါသ အနာဂါမ် ဗြဟ္မာကြီးလာ၍ မထေရ်တို့ကို ကန်တော့ရန် တိုက်တွန်းသော်လည်းမရ၊ ကြိမ်းမောင်းကာ လွှတ်လိုက်၏၊

ထိုနောက် ကောကာလိက ရဟန်းလည်းသေ၍ ပဒုမငရဲ၌ ဖြစ်ရ၏၊ ထိုအကြောင်းကို သဟမ္ပတိ ဗြဟ္မာကြီးလာ၍ မြတ်စွာဘုရားအား လျှောက်ထား၏၊ မြတ်စွာဘုရားလည်း ရဟန်းတို့အား မိန့်ကြားတော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ကောကာလိက ရဟန်းအကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ကောကာလိကရဟန်းသည် ယခုအခါ၌သာ မိမိနှုတ်ကိုမှီ၍ ဆင်းရဲကို ခံရသည်မဟုတ်၊ ရှေးအခါ၌လည်း ခံရဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**လင်ကြီးလင်ငယ် တူကြဘွယ်** လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုမင်းအား ပိင်္ဂလမည်သော မျက်လုံးကြောင်၍ အစွယ်ခေါခေါထွက်သော ပုရောဟိတ်ပုဏ္ဏားသည်ရှိလေ၏၊ ထိုပုရောဟိတ်ပုဏ္ဏား၏ မယားပုဏ္ဏေးမသည်※ သယောက်လင် ပုဏ္ဏားတယောက်နှင့် ကျူးလွန်သော အကျင့်ကို ကျင့်လေ့ရှိ၏၊ ထိုပုဏ္ဏားလည်း မျက်လုံးကြောင်၍ အစွယ်ခေါခေါထွက်သဖြင့် လင်ကြီးဖြစ်သော ပုရောဟိတ်ပုဏ္ဏားနှင့်တူ၏။

**လင်ငယ်သတ်ချင် ဥပါယ်ဆင်** ပုရောဟိတ် ပုဏ္ဏားသည် ပုဏ္ဏေးမကို အဖန်ဖန် တားမြစ်သော်လည်း မရသဖြင့် ကြံစည်၏၊ ရန်သူကို လက်ဖြင့်သတ်

---

* သယောက်လင်- လင်ငယ်-လင်မျှောင်။

ခြင်း၄ါ မတတ်ကောင်း၊ ဉပါယ်တမျဉ်ဖြင့် သတ်မည်ဟု ကြံစည်ပြီးလျှင် မင်းကြီးထံသို့ကပ်၍“မြတ်သောမင်းကြီး… ဤမြို့တော်သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မြတ်သောမြို့တော် တည်း၊ မင်းကြီးလည်း မြတ်သောမင်းတည်း၊ သို့ပါလျက် မြို့တော် တောင်တံခါးသည် မကောင်းသဖြင့်တည်ထား၍၊ မင်္ဂလာမရှိ”ဟုလျှောက်၏၊“ဆရာအဘယ်သို့ပြုရအံ့နည်း” ဟုမေး၏၊ “မြတ်သောမင်းကြီး…· တံခါးဟောင်းကိုပယ် ကာ မင်္ဂလာသစ်ကိုယူ၍ မြို့စောင့်နတ်တို့အား ဗလိနတ်စာ ပေးပြီးလျှင် မင်္ဂလာနက္ခတ်နှင့် ယှဉ်၍ ကောင်းအောင် တည်ထားသင့်သည်”ဟုလျှောက်၏၊ “ဆရာ····ကောင်းပြီ ဆရာလျှောက်သောအတိုင်း ပြုပါ”ဟု ခွင့်ပြုအမိန့်ပေး လေ၏၊[ထိုအခါ ဘုရားလောင်းသည်တက္ကာရိယ လုလင် ဖြစ်လျက် ထိုပိင်္ဂလပုရောဟိတ်ထံ၌အတတ်ပညာသင်ကြား လျက်နေ၏။]

ပရိယာယ်ဉာဏ်ဆင် မင်းလျှောက်တင်

ပုရောဟိတ်သည် တံခါးဟောင်းကို ပယ်၍ တံခါးသစ်ကို တည်စေပြီးလျှင် မင်းကြီးထံကပ်၍ “မြတ်သောမင်းကြီး···· တံခါးသစ်ပြီးပြီ၊ နက်ဖြန်နက္ခတ်ကောင်း၏၊ မလွန်စေဘဲ ဗလိ နတ်စာပြု၍ တံခါးကို တည်သင့်၏”ဟု လျှောက်၏၊ “ဆရာ···· ဗလိနတ်စာပြုရန် ဘယ်အရာကို အလိုရှိသ နည်း”ဟု မေး၏၊ “မြတ်သောမင်းကြီး···· တံခါးတော် သည်တန်ခိုးကြီး၏၊ တန်ခိုးကြီးသော နတ်တို့စောင့်၏၊ သို့ အတွက် မျက်စိကြောင်၍ အစွယ်ခေါ်ခေါ်ထွက်သော မိဘ နှစ်ပါးမှစင်ကြယ်သော ပုဏ္ဏားတယောက်ကိုအလိုရှိသည်၊ ၎င်းကိုသတ်၍ အသားအသွေးဖြင့် ဗလိနတ်စာပြုပြီးလျှင်

ကိုယ်ကိုကား အောက်တွင်းတွင်ထည့်၍ တံခါးတိုင်စိုက်ရမည်၊ ထိုသို့တည်ထားသည်ရှိသော် အရှင်မင်းကြီးနှင့် မြို့တော်၏ အစီးအပွား ဖြစ်လိမ့်မည်" ဟု လျှောက်၏၊ "ဆရာ…ကောင်းပြီ၊ ဆရာအလိုရှိတိုင်း ပြုလော"ဟုအမိန့်ပေးလေ၏။

**အကြံရှိသလောက်နှုတ်မစောင့်**

ပုရောဟိတ်လည်း မင်းကြီးထံမှ အမိန့်ရလျှင် အလွန်နှစ်သက် ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ အိမ်သို့ ရောက်လျှင် နှုတ်ကိုစောင့်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အဆောတလျင် မယားအား "ဟယ်-အယုတ်မ….ဤနေ့မှစ၍ သင်သည် ဘယ်သူနှင့် မွေ့လျော်မည်နည်း၊ နက်ဖြန်နင့်လင်ကိုသတ်၍ ဗလိနတ်စာပြုမည်"ဟု ပြော၏၊"အရှင်….အပြစ်မရှိသူကို အဘယ်ကြောင့် သတ်ရအံ့နည်း"ဟု မေး၏၊ "ငါတို့မင်းကြီးသည် မျက်စိကြောင်၍ သွားခေါခေါထွက်သော ပုဏ္ဏားအ၏ အသားအသွေးဖြင့် ဗလိနတ်စာပြု၍ မြို့တော်တံခါးကို တည်ဆောက်လောဟု အမိန့်ပေးသည်၊ နင့်လင်ငယ်လည်း မျက်စိကြောင်၍ သွားခေါခေါ ထွက်သည်၊ သူ့ကိုသတ်၍ ငါဗလိနတ်စာပြုမည်" ဟု ပြောလေ၏။

**လင်ငယ်ပြောဖြွထွက်ပြေးကြ**

ပုဏ္ဏေးမလည်း လင်ငယ်ထံ လူလွှတ်၍ မင်းကြီးသည် မျက်စိကြောင်၍ အစွယ်ခေါခေါ ထွက်သော ပုဏ္ဏားကိုသတ်၍ ဗလိနတ်စာပြုလိမ့်မည်၊ အသက်ရှင်လိုလျှင်သင်နှင့်တူသော တပါးသော ပုဏ္ဏားတို့ကိုခေါ်၍ အခါရှိတုန်းပြေးပါ" ဟု စေလွှတ်လိုက်၏၊ ပုဏ္ဏေးမလင်ငယ်မှစ၍ မျက်စိကြောင်၍ အစွယ်ခေါခေါထွက်သော ပုဏ္ဏားတို့သည် စကား

အဆင့်ဆင့်ကြား၍ ကြောက်ရွံ့ရကား အရပ်တပါးသို့ အမြန်ပြေးကြကုန်၏၊ ပုရောဟိတ်မှတပါး မျက်စိကြောင်၍ အစွယ်ခေါခေါထွက်သော ပုဏ္ဏားမည်သည်မရှိလေ။

ပုရောဟိတ်လည်း နံနက်စောစောကလျှင် မင်းကြီးထံသွား၍ မည်သည့်အရပ်တွင် မျက်စိကြောင်၍ အစွယ်ခေါခေါထွက်သော ပုဏ္ဏားရှိသည် ဖမ်းရန် စေလွှတ်တော်မူပါလော့”ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်းအမတ်တို့ကို စေလွှတ်တော်မူ၏၊ အမတ်တို့လည်း မတွေ့၍ ထွက်ပြေးကြောင်း လျှောက်ထားကုန်၏၊ တပါးသော အရပ်၌ စုံစမ်းစေပြန်၏၊ မရှိကုန်၊ တဖြည်းဖြည်းစုံစမ်းလတ်သော် ပုရောဟိတ်မှတပါး ထိုကဲ့သို့သောပုဏ္ဏားကို မမြင်ကုန်ဟု လျှောက်ထားကုန်၏။

**သူတပါးကြံစည် မိမိထံလည်**

မင်းကြီးလည်း ပုရောဟိတ်ကို မသတ်ကောင်းဟု မိန့်တော်မူ၏၊ အမတ်တို့လည်း “မြတ်သောမင်းကြီး···· ပုရောဟိတ်၏အကြောင်းကြောင့် တံခါးတော်ကို မတည်ဆောက်ရသည်ဖြစ်အံ့၊ မြို့တော်သည် မလုံခြုံလတ့်၊ ပုရောဟိတ်ကလည်း ယနေ့နက္ခတ်ကောင်း၏၊ လွန်သော် တနှစ်လည်မှရလတ့်၊ တနှစ်လုံးတံခါးမရှိခဲ့သော် ရန်သူတို့ အခွင့်ရကြလတ့်၊ ထို့ကြောင့် ပုရောဟိတ်ကိုသတ်၍ တပါးသော လိမ်မာသောပုဏ္ဏားကိုဗလိနတ်စာပြုစေအံ့”ဟုလျှောက်၏။

“အမတ်တို့····လိမ်မာသောတပါးသောပုဏ္ဏားရှိပါ၏လော”ဟုမေး၏၊ “အရှင်မင်းကြီး····ပုရောဟိတ်၏တပည့် တက္ကာရိယလုလင်ရှိပါ၏၊ ထိုလုလင်အား ပုရောဟိတ်

ရာထူးကိုပေး၍ မင်္ဂလာပြုစေပါလော''ဟု လျှောက်ထား ကြကုန်၏၊ မင်းကြီးသည် တက္ကာရိယလုလင်ကို ခေါ်၍ အမတ်တို့ လျှောက်ထားသောအတိုင်း ပုရောဟိတ်ရာထူး ကိုပေး၍ တံခါးတိုင်တည်ရန်နှင့် မင်္ဂလာပြုရန် အပ်နှင်း တော်မူ၏။

**မိမိနှုတ်မစောင့်သေဘေးရောက်**

တက္ကာရိယလုလင်လည်း အခြံအရံဖြင့် မြို့တံခါးသို့သွား၏၊ ပုရောဟိတ်ဟောင်း ကိုလည်း မင်းအာဏာဖြင့် နှောင်ဖွဲ့ ကာ ယူဆောင်ခဲ့ကြကုန်၏၊ တက္ကာရိယ လုလင်လည်း တံခါးတိုင်တည်ရန် တွင်းကိုတူးစေ၍ တင်းတိမ်ကာရံစေ ပြီးလျှင် အစောင့်အရှောက် ထားကာ ဆရာနှင့်တကွ တင်းတိမ်အတွင်း၌နေ၏၊ ပုရောဟိတ်သည်-

''အို-တက္ကာရိယလုလင်.... တော၌ဘားသည် မြွေကိုခေါ်သကဲ့သို့ ငါသည်ပင်မိုက်၍ နှုတ်မစောင့် ဘဲ မယားယုတ်ကို ပြောဆိုမိ၏၊ ငါသည်ပင်လျှင် တွင်း၌ကျရ၏၊ ကြားရဘူးသည်ကား ပြောဆိုသင့် သောအရာကို လွန်၍ ပြောဆိုသော သူသည် မကောင်းသည်သာတည်း''-

ဟုတပည့်အား မိမိ၏မိုက်ပြစ်ကို ပြောကြားလေ၏။

**မကောင်းကြံသမျှ မိမိထံကျ**

ထိုအခါ တက္ကာရိယလုလင်သည် ဆရာ နှုတ်မစောင့်သောအဖြစ်ကို အပြစ်တင် လိုသဖြင့်-

''ဆရာ.... အခါကိုလွန်၍ ပြောဆိုမိသောသူ သည် နှောင်ဖွဲ့ခံရ၏၊ အသတ်ခံရ၏၊ စိုးရိမ်ပူဆွေး

ရ၏၊ ငိုကြွေးမြည်တမ်းရ၏၊ ဤအရာ၌မိမိကိုယ်ကို
သာကဲ့ရဲ့လေ၁၊ နှုတ်မစောင့်သည့်အတွက် ဆရာ
ကိုပင် တွင်း၌မြှုပ်သတ်ရလတံ့''–

ဟု အပြစ်တင်၍ ဆရာ့အား ကဲ့ရဲ့လေ၏၊ ထိုနောက်
တက္ကာရိယလုလင်သည်''ဆရာ…နှုတ်မစောင့်သောကြောင့်
သင်တယောက်သာ ဆင်းရဲရသည် မဟုတ်သေး၊ ဆရာမှ
တပါးသော သူတို့လည်း ဆင်းရဲဘူးသည်သာတည်း''ဟု
အောက်ပါအတိတ်အကြောင်းတို့ကိုပြောကြားလေ၏။

## သူဌေးသားဝတ္ထု၊

**သေကြူးလူယုတ် ဆွဲငင်ထုတ်**

ဆရာ–ကြားရဘူးသည်ကား–ရှေးအခါ
ဗာရာဏသီ ပြည်ဝယ် ကာဠီ မည်
သော ပြည့်တန်ဆာမတယောက်သည်
ရှိလေ၏၊ မောင်ကား တုဏ္ဍိလမည်၏၊ ကာဠီကား တနေ့
အတွက် ဥစ္စာ တထောင်ကိုယူ၏၊ တုဏ္ဍိလကား မိန်းမ
ကြူး၏၊ သေသောက် ကြူး၏၊ ကြွေအန်ကြူး၏၊ ကာဠီ
သည် တုဏ္ဍိလအား အမြဲ ဥစ္စာပေး၏၊ တုဏ္ဍိလကား
ရတိုင်းရတိုင်းသော ဥစ္စာကို ဖျက်ဆီး၏၊ တားမြစ်ခြင်းငှါ
မတတ်နိုင်။

တနေ့သ၌ တုဏ္ဍိလသည် ကြွေအန်လောင်းရာရှုံးသဖြင့်
ပုဆိုးကို ပေါင်နှံ၍ အပိုင်းအပိုင်းပြတ်သော ပုဆိုးကိုဝတ်
လျက် နမအိမ်သို့လာ၏၊ ကာဠီလည်း တစုံတခုမပေးမူ၍
ကျွန်မတို့ကို လည်ပင်း၌ကိုင်ကာ နှင်ထုတ်စေ၏၊ ကျွန်မ
တို့လည်း နှင်ထုတ်ကြကုန်၏၊ တုဏ္ဍိလလည်း တံခါးရင်း၌
ငိုကြွေးလျက်နေ၏။

**ကာမမပျော်ရေး တထောင်ပေး**

ထိုအခါ သူဌေးသား တယောက်သည် ဥစ္စာတထောင်ဖြင့် ကာဠီထံ လာရာ တုဏ္ဍိလကိုမြင်၍ မေးရာ အကြောင်းကိုသိရလျှင် ကာဠီထံသွားကာ "နှမ.... ပုဆိုးပြတ်ဝတ်နေသော မောင်တုဏ္ဍိလကို အဘယ်ကြောင့် ပုဆိုးမပေးသနည်း" ဟုမေး၏၊ "အရှင်....အကျွန်ုပ်မပေးနိုင်၊ သင်ချစ်လျှင် သင်သာပေးပါလော့"ဟု ဆို၏၊ ဆောင်ယူခဲ့သောဥစ္စာတထောင်မှ ငါးရာကား ပြည့်တန်ဆာမအတွက်၊ ငါးရာကား အဝတ်ပန်းနံ့သာတို့အတွက်ဖြစ်၏၊ လာတိုင်းလာတိုင်းသောသူတို့သည် ညအဘို့၌ ပြည့်တန်ဆာမထံမှ အဝတ်ကိုဝတ်၍ နံနက်အခါ ထိုအဝတ်ကိုထားခဲ့၍ အိမ်မှပါလာသောအဝတ်ကိုဝတ်ရမြဲဖြစ်၏။

[ဤသည်ကား ပြည့်တန်ဆာမတို့အိမ်၌ အလေ့အကျင့်တည်း။]

**နှပ်မစောင့်မေးမှု အချည်းနှီးပြု**

သူဌေးသားသည် ကာဠီထံမှ အဝတ်ကိုဝတ်ပြီးလျှင် မိမိပါရင်းအဝတ်ကိုတုဏ္ဍိလအားပေး၏၊ တုဏ္ဍိလလည်း အဝတ်ကိုရလျှင် ဝတ်၍ ကြိုးဝါးဟစ်ခေါ်ကာ သေတင်းကုပ်သို့သွားပြန်၏၊ ကာဠီလည်း ကျွန်မတို့အား နံနက်အိမ်သို့ပြန်သောအခါ သူဌေးသားထံမှ ငါတို့အိမ်က အဝတ်ကိုချွတ်၍ယူထားကြကုန်ဟု မှာထား၏၊ သူဌေးသားလည်း နံနက်လင်းသောအခါ အိမ်သို့ပြန်လျှင် ကျွန်မတို့သည် အတင်းချွတ်၍ လုယက်ထားကြသဖြင့် အချည်းနှီးကိုယ်ချည်းသာထွက်ခဲ့ရ၏၊ လူအများမြင်လျှင် ပြက်ရယ်ပြုကြကုန်၏၊ သူဌေးသားလည်း အလွန်ရှက်နိုးသည် ဖြစ်၍

ငါသည်ပင်လျှင် ဤအမှုကိုပြုမိခဲ့၏၊ ငါသည်ပင်နှုတ်မစောင့်ဘဲ မေးမြန်းမိသည်အတွက် ဆင်းရဲရသည်ဟု ပြောဆိုကာ ငိုကြွေးလေ၏။

နွားမြီးဆွဲငှက်ဝတ္ထု၊

နှုတ်မစောင့်လေ အသက်သေ

"ဆရာ.... ဤတွင်မကသေး ကြားရဘူးသည်ကား ရှေးအခါ ဗာရာဏသီပြည်ဝယ် ဆိတ်ကျောင်းသားတို့ မေ့လျော့ကုန်စဉ် ကျက်စားရာအရပ်၌ ဆိတ်နှစ်ကောင်တို့သည် ခတ်ကြကုန်၏၊ ထိုအခါ နွားမြီးဆွဲငှက်တကောင်သည် ဆိတ်တွေဦးခေါင်းကွဲ၍ သေရကုန်လတံ့ဟု အစိုးရိမ်ကြီးကာ ငါတားမြစ်မည်ဟုကြံစည်၍ ဆိတ်တို့ထံသွားကာ "ဦးရီးတို့.... မခတ်ကြကုန်လင့်"ဟု တားမြစ်လေ၏၊ ဆိတ်သည် နားမထောင်ဘဲ ခတ်မြဲခတ်ကြကုန်၏၊ နွားမြီးဆွဲငှက်သည် ဆိတ်တို့၏ ဦးခေါင်းပေါ် ကျောကုန်းပေါ်မှနေ၍ တောင်းပန်ပါသော်လည်း မရသဖြင့် ငါ့ကိုသတ်၍ ခတ်ကြကုန်လော့ဟု ဆို၍ ဆိတ်နှစ်ကောင် ဦးခေါင်းကြားသို့ဝင်၏၊ ဆိတ်တို့အချင်းချင်း ခတ်ကြသောအခါ ထိုနွားမြီးဆွဲငှက်သည် ကျောက်ပြင်၌ ကြိတ်သကဲ့သို့ မုန့်မုန့်ညက်ညက်ကြေ၍ သေရလေ၏၊ ဤနွားမြီးဆွဲငှက် သေရခြင်းလည်း မိမိပြုသောအမှုဖြင့် မိမိကိုယ်တိုင် သေရခြင်းဖြစ်သည်။

နွားကျောင်းသားလေးယောက်ဝတ္ထု၊

ကိုယ့်မှုကိုယ်ရှာ သေဆုံးရာ

"ဆရာ....ဤတွင်မကသေး ကြားရဘူးသည်ကား-ရှေးအခါ ဗာရာဏသီပြည်ဝယ် နွားကျောင်းသားတို့သည် အသီး

ရှိသော ထန်းပင်၌ တယောက်ကို အတက်ခိုင်းကုန်၏၊ ထန်းတက်သောသူလည်း ထန်းသီးတို့ကို ချပြီးသောအခါ ထန်းပင်မှမဆင်းသေးမီ တောင်ပို့ပေါက်မှထွက်လာသော မြွေဟောက်တကောင်သည် ထိုထန်းပင်သို့ တက်လေ၏၊ ထန်းပင်အောက်၌ နေသောသူတို့သည် တုတ်လှံတန်တို့ဖြင့် ပုတ်ခတ်တားမြစ်သော်လည်း မတတ်နိုင်ကုန်၊ ထိုအခါမြွေ ထန်းပင်ပေါ် တက်သွားသည်ဟု အလန့်တကြား ဟစ်အော်၍ ပြောကြကုန်၏၊ ထန်းပင်ပေါ်ကသူလည်းကြောက်လန့်လျက် ပြင်းစွာအော်၏။

ထိုအခါ အောက်၌နေသောသူတို့သည် အကြံရကာ ခိုင်ခံ့သော အဝတ်တထည်ကိုယူ၍ ထောင့်လေးထောင့်မှ လေးယောက် မြဲမြဲဆွဲကိုင်လျက် အဝတ်ပေါ်သို့ခုန်ချလော့ ဟု ပြောကုန်၏၊ ထန်းတက်သောသူသည် ခုန်ချလတ်သော် အဝတ်၏ အလယ်တည့်တည့်၌ ကျလေ၏၊ အဝတ်လေးထောင့်မှ ဆွဲကိုင်သူတို့သည် ကျလာသောအဟုန်ကိုမတားမြစ်နိုင်သဖြင့် အချင်းချင်း ခေါင်းချင်းရိုက်ကာ ဦးခေါင်းကွဲ၍ သေကြရကုန်၏၊ ဤသို့သေကြရခြင်းလည်း ကိုယ့်အမှုကို ကိုယ်ပင်ပြုကြခြင်းပင်ဖြစ်သည်။

### မြူးထူးမိသောဆိတ်ဝဏ္ဏ။

မိမိကြမ္မာ
တွေ့ကြုံရ

"ဆရာ····ဤတွင်မကသေး ကြားရဘူးသည်ကား-ရှေးအခါ ဗာရာဏသီပြည်ဝယ် ဆိတ်သူခိုးတို့သည် နေ့အခါဆိတ်ကိုသတ်၍ စားမည်ဟုကြံစည်ကာ ညအခါ မပြည်နိုင်အောင် နှုတ်သီးကိုစည်းလျက် ခိုးယူပြီးလျှင် ဝါးရုံတခုံ၌

ချည်ထားကုန်၏၊ မိုးသောက်အခါ သတ်၍စားမည် ဟု သွားကြရာ လက်နက်ကိုယူရန်မေ့ကြကုန်၏။

ဆိတ်ကို သတ်မည် ဟု လက်နက်ကို မေးသောအခါ တယောက်သောသူမျှ မပါခဲ့၍ လက်နက်မပါဘဲအသားကို မစားနိုင်ဟု ပြောဆိုကာ ဆိတ်ကား ကုသိုလ်ကောင်းသည် လွှတ်ကြအံ့ဟု တိုင်ပင်၍ ဆိတ်ကိုလွှတ်လိုက်ကုန်၏၊ထိုအခါ ကျူထရံသည် တယောက်သည် တောသို့ အမြဲလာသဖြင့် လက်နက်ကို ဝါးရုံပင်ကြား၌ထားခဲ့၏၊ ဆိတ်လည်းလွှတ် လိုက်လျှင် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ဝါးရုံပင်ရင်း၌ ခုန်ပေါက်မြူးထူး ကစားလတ်သော် နောက်ခြေတို့နှင့်ကန်မိသဖြင့် လက်နက်သည် ဝါးရုံကြားမှထွက်ကျလေ၏၊ သူခိုးတို့သည် လက်နက်ကိုမြင်လျှင် ဝမ်းမြောက် ဝမ်းသာ လက်နက်ကိုယူကာ ဆိတ်ကိုတဘန် ဖမ်းပြီးလျှင် သတ်၍ စားကြကုန်၏၊ ဤသို့သေရခြင်းလည်း ဆိတ်အမှုကိုဆိတ်ပင် ပြုလုပ်ခြင်းဖြစ်သည်။

## ကိန္နရီဝတ္ထု။

**ကိန္နရာဖမ်းလျက် မင်းကိုဆက်**

"ဆရာ.... ဤတွင်မကသေး၊ ကြားဘူးသည်ကား ရှေးအခါ ဗာရာဏသီပြည်ဝယ် မုဆိုးတယောက်သည် ဟိမဝန္တာသို့သွား၍ ဥပါယ်တမျဉ်ဖြင့် လင်မယားဖြစ်သော ကိန္နရာဖိုမတို့ကို ဖမ်းပြီးလျှင် မင်းကြီးအား ဆက်သလေ၏၊ မင်းကြီးလည်း မမြင်ဘူးသော ကိန္နရာတို့ကို မြင်ရလျှင် အလွန် နှစ်သက်သည်ဖြစ်၍ "အမောင်.... ဤကိန္နရာတို့ ဂုဏ်ကျေးဇူးကား အဘယ်နည်း"ဟု မေး၏၊ "မြတ်သော

မင်းကြီး…. ဤကိန္နရာတို့သည် သာယာစွာ သီဆိုတတ်ကုန်၏၊ နှစ်သက်ဘွယ်ကတတ်ကုန်၏''ဟု လျှောက်ထား၏၊ မင်းကြီးလည်း မှူဆိုးအား ဆုလာဘ်များစွာပေး၍ လွှတ်လိုက်၏။

**မင်းစေခိုင်းမှု ငြင်းဆန်ပြု**

မင်းကြီးသည် ကိန္နရာတို့ကို သီဆိုကြကုန်လော့၊ ကကြကုန်လော့ဟု စေခိုင်းလေ၏၊ ထိုအခါ ကိန္နရာတို့သည် ငါတို့သီဆို ကကုန်လတ်သော် အကယ်၍ သဒ္ဒါနှင့်မပြည့်စုံသည်ဖြစ်အံ့၊ သီဆိုပုံမကောင်း ဟု ကဲ့ရဲ့ ပြစ်တင်ကုန်လတ့်၊ သတ်သော်လည်း သတ်ကုန်လတ့်၊ စကားများစွာ ဆိုသူအား မုသာဝါဒဖြစ်၏ဟု မုသာဝါဒမှကြောက်လန့်ကုန်၍ မင်းကြီး အဘန်ဘန် စေခိုင်းသော်လည်း မသီဆိုကြကုန်၊ မကကြကုန်။

ထိုအခါ မင်းကြီးသည် အမျက်ထွက်၍ ဤကိန္နရာတို့ကား နတ်လည်းမဟုတ်ကုန်၊ တိရစ္ဆာန်မျိုးတို့သာတည်း၊ မှူဆိုးကား အကျိုးကိုလို၍ ငါ့ထံ ဆက်သလာသည်၊ တကောင်ကို သတ်၍ ယနေ့ ညစာဟင်းချက်ကြကုန်၊ တကောင်ကိုသတ်၍ နက်ဖြန်နံနက်စာ ဟင်းချက်ကြကုန် ဟုအမိန့်ပေးလေ၏။

**ဆိတ်ဆိတ်နေမှု လျှောက်ထားပြု**

မင်းကြီးစကားကို ကြားလျှင် ကိန္နရာမသည် မင်းကြီးသည် အမျက်ထွက်ပြီ မချွတ်လျှင် ငါတို့ကိုသတ်လတ့်၊ ယခုအခါ စကားပြောရမည့်အခါတည်းဟုကြံစည်လျက်—

"မြတ်သောမင်းကြီး.... မကောင်းသဖြင့် ဆို အပ်သော စကားတသိန်းတို့သည် ကောင်းစွာဆို အပ်သော စကားတလုံး၏ ဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်၊ မကောင်းသော စကားကိုဆိုသည်ရှိသော် ညစ်ညူး၏၊ ထို့ကြောင့် ကိန္နရာတို့သည် ဆိတ်ဆိတ်နေမိပါကုန်၏၊ မိုက်၍ ဆိတ်ဆိတ်နေသည်မဟုတ်ပါကုန်"—

ဟု သာယာချေငံစွာ လျှောက်တင်လေ၏၊ ထိုအခါ မင်းကြီးသည် ကိန္နရာမကို နှစ်သက်သည်ဖြစ်၍—

"အချင်းတို့.... ကိန္နရာမသည် ငါ့အားစကား ပြောဆိုဘိ၏၊ ထိုကိန္နရာမကိုလွှတ်ကြကုန်၊ဟိမဝန္တာ တောင်သို့ပို့ကြကုန်၊ ကိန္နရာဖိုကိုကား စဖိုသည် အားပေး၍ နံနက်စာချက်စေကုန်"—

ဟု အမိန့်ပေးလေ၏။

**ကိန္နရာဖိုကား မင်းလျှောက်ထား**

မင်းကြီး၏စကားကို ကြားလျှင် ကိန္နရာဖိုသည် စကားမပြောလျှင် ငါ့ကိုသတ်လတ့်၊ မင်းကြီးသည် အမျက်ထွက်၏၊ မချွတ်လျှင် ငါ့ကိုသတ်လတ့်၊ ယခုအခါ ငါစကားပြောမည်ဟု ကြံစည်လျက်—

"မြတ်သောမင်းကြီး.... အခြေလေးချောင်း ရှိသော သားတို့သည် မိုးလျှင် ကိုးကွယ်ရာရှိကုန် ၏၊ လူသတ္တဝါတို့သည် ကျွန်သွားစသော သားတို့ လျှင် မှီခိုရာရှိကုန်၏၊ သင်မင်းကြီးသည်အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ၊ အကျွန်ုပ်သည် ကိန္နရီ

မ၏ ကိုးကွယ်ရာ ဖြစ်ပါ၏၊ နှစ်ယောက်သော
အကျွန်ုပ်တို့တွင်တယောက်ယောက်သေသည်ကိုသိ
၍ သေခြင်းမှလွတ်သောသူသည် ဟိမဝန္တာတောင်
သို့သွားရာ၏''—

ဟု လျှောက်ထားပြီးလျှင်—

အလိုမကျ ကဲ့ရဲ့ကြ

''မြတ်သောမင်းကြီး.... စကားမပြော
လိုသောကြောင့် ဆိတ်ဆိတ် နေသည်
မဟုတ်ပါ၊ စင်စစ်ကား စကားများ
ခြင်း၌ အပြစ်ကိုမြင်၍ ဆိတ်ဆိတ်နေပါသည်'' ဟု
လျှောက်ထားပြန်၍—

''မြတ်သောမင်းကြီး.... စင်စစ် ကဲ့ရဲ့ခြင်းကို
အလွယ်နှင့် လွတ်ကင်းအောင် မရှောင်ကြဉ်နိုင်
ပါ၊ အထူးထူးသော အလိုဆန္ဒရှိသောသူတို့ မှီဝဲ
အပ်သောသူတို့တွင် သီလ စသော ဂုဏ်ကျေးဇူး
ကြောင့် တယောက်ကား အချီးမွမ်း ခံရ၏၊
တယောက်ကား အကဲ့ရဲ့ခံရ၏၊ အလုံးစုံသောသူတို့
သည် လွန်ကဲသောစိတ်ရှိကုန်၏၊ စိတ်အလိုသည်
ဆန်းကြယ်စွာ ဖြစ်လတ်သော် အလုံးစုံသောသူတို့
သည် အသီးအသီးစိတ်ရှိကုန်၏၊ လောက၌အဘယ်
သူအား စိတ်အလိုရှိတိုင်း ဖြစ်နိုင်မည်နည်း''—

ဟုလျှောက်ထားပြန်၏။

မင်းကြီးသဘောကျ ဘေးလွတ်ရ

ထိုအခါ မင်းကြီးသည် ကိန္နရာမိုကား
မှန်သောစကားကို ဆိုပေ၏၊ အလွန်
ပညာရှိပေ၏ဟု 'ဝမ်းမြောက်ဝမ်းသာ—

"အချင်းတို့…. ကိန္နရာဖိုကား စကားမပြော လို၍ ဆိတ်ဆိတ်နေခဲ့ပြီ၊ ယခုအခါ သေဘေးမှ ကြောက်သဖြင့် စကားပြောဆိုခဲ့၏၊ ယခုအခါချမ်း သာစွာ အနာရောဂါကင်းလျက် သေဘေးမှလွတ် ခဲ့၏၊ သို့အတွက်လူတို့အား သင့်သောအခါ၌ မှန် ကန်စွာဆိုသော စကားသာလျှင် အကျိုးစီးပွါးကို ဆောင်ပေ၏"–

ဟုချီးကျူးပြောဆိုပြီးလျှင် ကိန္နရာဖို ကိန္နရာမတို့အား အသက်ဘေးမှ ချမ်းသာပေးပြီးလျှင် မူဆိုးကို ခေါ်စေ၍ မူဆိုးကို ဖမ်းယူခဲ့ရာအရပ်၌လွှတ်ချေဟု စေခိုင်းလေ၏။

**နှုတ်မလုံ၍ ကျိုးပျက်ပုံ**

ထိုနောက် တက္ကာရိယလုလင် သည် "ဆရာ….နှုတ်စောင့်အပ်သည်၊ ဆိုခွင့် ရောက်သောအခါ ဆိုအပ်သည်"ဟု ပုံ ထုံးသက်သေတို့ကို ညွှန်ပြပြီးလျှင် "ဆရာ….မကြောက် လင့်၊ ဆရာအား အသက်ကိုပေးမည် ဟု ပြောဆိုကာ သက်သာရာကို ရစေ၍ ယနေ့နက္ခတ်နှင့် မယှဉ်သေးဆို၍ ထိုနေ့ကို လွန်စေပြီးလျှင် ညသန်းခေါင်ယံဝယ် ဆိတ်သေ တခုကိုယူစေ၍"ဆရာ….အမှတ်မရှိသောအရပ်သို့ သွား၍ အသက်မွေးချေလော့"ဟုမှာထားပြီးလျှင် တစုံတယောက် သောသူကို မသိစေဘဲလွှတ်လိုက်၏၊ ဆိတ်သားဖြင့် ဗလိ နတ်စာပြုကာ တံခါးတိုင်ကိုတည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါနွတ်မစောင့်သော ပုရောဟိတ်သည်- ယခုအခါကောကာလိက။

※ တက္ကာရိယလုလင်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) စကားစကား၊ ပြောပါများ၊ အမှားပါတတ်သည်။
(၂) ချိန်ခါမတန်၊ ပြောမိပြန်၊ ကေန်ဘေးရောက်သည်။
(၃) အချိန်ရောက်မှ၊ ပြောဆိုက၊ ဘေးမှလွတ်ကင်းသည်။
(၄) ကျိုးမပြီးခင်၊ နွတ်စောင့်လျှင်၊ အောင်မြင်ပြီးစီးမည်။
(၅) ကိုယ်,နွတ်,နှလုံး၊ သုံးပါးလုံး၊ စောင့်သုံးသင့်လှသည်။

တက္ကာရိယဇာတ် ပြီး၏။

---

# ၄၇၂- ရုရုမိဂဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကျေးဇူးမသိမှုအကြောင်းပြု**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်၏ကျေးဇူးမသိသည်ကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**သူဌေးသားရူးအပျော်ကြူး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကုဋေရှစ်ဆယ် ကြွယ်ဝသောသူဌေးတယောက်သည် သားတယောက်ကိုရသည်ရှိသော် ထို

သားအား မဟာဇနက ဟူသောအမည်ကိုမည့်ကုန်၏၊ အဘသူဌေးသည် သားအား ပင်ပန်းမည်ကိုစိုးရိမ်သဖြင့် အတတ်ပညာတို့ကိုမသင်ကြားစေ၊ ထိုသူဌေးသားသည် ကခြင်း,သီခြင်း,တီးမှုတ်ခြင်း,စားခြင်း သောက်ခြင်းမှတပါး မည်သည့်အမှုကိစ္စကိုမျှမသိ၊ အရွယ်သို့ရောက်လတ်သော် သင့်လျော်သောသတို့သမီးတယောက်နှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် အမိအဘတို့သည် သေလွန်ကြကုန်၏။

**ကြွေးရှင်ခေါင်င ပရိယာယ်ဆင်**

ထိုသူဌေး သားသည် မိဘတို့ သေလွန်လတ်သော် အတတ်ပညာ ဗဟုသုတမရှိသဖြင့် မိန်းမ ကြူးသောသူ, သေသောက်ကြူးသောသူ, ကြွေအန်ကြူးသောသူ စသောလူဆိုးလူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံ၍ အပျော်အပါးတို့ကိုလိုက်စားခဲ့ရာ မကြာမီ ဥစ္စာတို့သည် ကုန်ဆုံးပျက်စီးကုန်၏၊ ထိုအခါ ကြွေးမြီကိုယူ၍သုံး၏၊ မပေးမဆပ်နိုင်သဖြင့် မြီရှင်တို့သည်တောင်းကုန်၏၊ ထိုအခါသူဌေးသားသည် ငါကား လူ့ပြည်၌အသက်ရှည်သဖြင့် အကျိုးမရှိ၊ ငါသည် တဘဝတည်း၌ အဖြစ်အမျိုးမျိုးပြောင်းခဲ့ရ၏၊ သေရခြင်းသာမြတ်၏ဟု ကြံစည်ပြီးလျှင် မြီရှင်တို့အားသင်တို့မြီစာရင်းကိုယူခဲ့ကြကုန်၊ ဂင်္ဂါနား၌ ငါတို့မိဘမြှုပ်နှံထားသော ဥစ္စာရှိသည်ဟုပြောလျှင် မြီရှင်တို့သည် မြီစာရင်းကိုကိုင်ကာ ဂင်္ဂါမြစ်နားသို့ သူဌေးသားနှင့်အတူလိုက်ကြကုန်၏။

**မြီရှင်ရှေ့တွင် သေပွဲဝင်**

သူဌေးသားသည် ဂင်္ဂါမြစ်သို့ ရောက်လျှင် ဥစ္စာမြှုပ်ထားသောနေရာကို ညွှန်ကြားသည့်အလား ငါသေတော့မည့်

ဟုပြောဆိုကာ ဂင်္ဂါမြစ်ထဲသို့ဆင်းလေ၏၊ အဟုန်ပြင်းသောရေအယဉ်ဖြင့် မျောလတ်သော် သေဘေးမှကြောက်သဖြင့် သနားစဘွယ် ဟစ်အော်မည်တမ်းလေ၏၊ ထိုအခိုက် ဘုရားလောင်းဆတ်မင်းသည် အခြံအရံကိုစွန့်လျက် ဂင်္ဂါမြစ်ကွေ့ သရက်တောတခုဝယ် ဥပုသ်စောင့်သုံးကာ နေ၏၊ ညဥ့်သန်းခေါင်ယံ၌ သနားစဘွယ်ငိုကြွေးသော သူဌေးသားအသံကိုကြားလျှင် အလွန်သနားသဖြင့် အသက်ကိုပေးမည်ဟု နေရာမှထပြီးလျှင် ဂင်္ဂါမြစ်ကမ်းသို့သွား၍ "အိုယောကျ်ား.... မကြောက်လင့်၊ သင့်အား အသက်ကိုငါပေးမည်"ဟု သက်သာရာကိုရစေလျက် ရေအယဉ်ကိုဖြတ်ကူး၍ ကျောကုန်းပေါ်သို့တင်ပြီးလျှင် ဆယ်ယူကာ မိမိနေရာ၌ထား၍ သစ်သီးကြီးငယ်တို့ကိုကျွေး၏။

**ဆတ်မင်းကယ်မ ချမ်းသာရ**

နှစ်ရက်သုံးရက်ရှိ၍အားပြည့်လာသောအခါ ဆတ်မင်းသည် "အိုယောကျ်ား.. သင့်အား လူတို့လမ်းခရီးသို့ ပို့မည်၊ ချမ်းသာစွာသွားရလတ့်၊ စင်စစ်အားဖြင့် ဤအရပ်၌ ရွှေအဆင်းနှင့်တူသော ဆတ်မင်းရှိသည်ဟု ဥစ္စာကိုလိုချင်သဖြင့် မင်းအမတ်စသည်တို့ကိုမပြောကြားပါလင့်"ဟု မှာထား၍ဝန်ခံစေပြီးလျှင် ကျောကုန်း၌တင်ဆောင်ကာတောကိုလွန်စေ၍ ဗာရာဏသီပြည်သို့သွားသော လမ်းခရီး၌ ချပြီးလျှင် မိမိနေရာသို့ပြန်ခဲ့၏။

သူဌေးသားလည်း ဗာရာဏသီပြည်သို့ဝင်သည့်ရှိသော် ထိုနေ့မှာပင် ဗာရာဏသီမင်း၏ ခေမာမည်သောမိဖုရားကြီးသည် မိုးသောက်ထခါဦးတွင် ရွှေအဆင်းနှင့်တူသော

ဆတ်မင်းသည် မိမိအား တရားဟောသည်ကို အိပ်မက်မြင် မက်လေ၏။

ဆတ်မင်းတရားကို နာကြားလို

ထိုအခါမိဖုရားကြီးသည်မင်းကြီးထံကပ်၍ "အရှင်မင်းကြီး .... ရွှေအဆင်းနှင့်တူသော ဆတ်မင်းကိုမြင်လိုပါ၏၊ ထိုဆတ်မင်း၏တရားကိုလည်း နာလိုပါ၏၊ အကယ်၍မရခဲ့သော် အကျွန်ုပ်အသက်မရှင်ပြီ"ဟု လျှောက်ထားလေ၏၊ မင်းကြီးသည် မိဖုရားကြီးကိုနှစ်သိမ့်စေ၍ လူ့ပြည်၌ ရှိခဲ့ပါမူ ရမည်ဟု ပြောဆိုပြီးလျှင် ပုဏ္ဏားတို့ကို ခေါ်စေ၍ "ပုဏ္ဏားတို့....ရွှေအဆင်းနှင့်တူသော ဆတ်ရှိသလော" ဟုမေးရာ ရှိပါသည်ဟု လျှောက်ထားကုန်၏။

ထိုအခါမင်းကြီးသည် ဆင်ကိုတန်ဆာဆင်စေ၍ကျော ကုန်း၌ ရွှေပန်းတောင်းတွင် အသပြာထောင်ထုပ်ကိုတင် စေ၍ အမတ်တယောက်ကိုခေါ်ပြီးလျှင် မင်းကြီး၏အမိန့် တော်ဖြင့် တမြို့လုံးလှည့်လည်သျှက် မောင်းကြော်စေ၏၊ အမတ်လည်း အမိန့်တော်အတိုင်း–

"အချင်းတို့... ငါ့အားရွှေအဆင်းနှင့်တူသောဆတ်မင်း ကို ပြောကြားနိုင်သူကို ရွှေပန်းတောင်းနှင့်တကွ ဆင်ကို ၎င်း, အသပြာတထောင်ကို၎င်း, ရွာဆုကို၎င်း, တန်ဆာ ဆင်အပ်သောမိန်းမတို့ကို၎င်း ပေးမည်"ဟု မောင်းကြော် လေ၏၊ မောင်းကြော်သံကို ကြားလျှင် သူဌေးသားသည် အမတ်ထံသွား၍ ရွှေအဆင်းရှိသော ဆတ်မင်းကို ကျွန်ုပ် ကြားလျှောက်ပါမည်၊မင်းကြီးထံပို့ပါဟုပြောကြားလေ၏။

**ကျေးဇူးရှင်ပြစ်မှား သူယုတ်များ**

အမတ်လည်း ထိုယောက်ျားကို မင်းကြီးထံပို့လေ၏၊ မင်းကြီးလည်း "အိုယောက်ျား....ရွှေအဆင်းရှိသောဆတ်မင်းကို ပြနိုင်ပါသလော"ဟု မေး၏၊ "အရှင်မင်းကြီး.... မှန်ပါသည်၊ အကျွန်ုပ်အား ဥစ္စာစည်းစိမ်ကို ပေးတော်မူပါ၊ ပြနိုင်ပါသည်"ဟု ကြားလျှောက်လေ၏၊ မင်းကြီးသည် ထိုစကားကိုကြားလျှင် ကျေးဇူးမသိသော အဆွေခင်ပွန်းဖျက်အား အလွန်အားရနှစ်သက်တော်မူသည်ဖြစ်၍ "အိုယောက်ျား.... အဘယ်အရပ်၌နေသနည်း"ဟု တဖန်မေးပြန်၏၊ "အရှင်မင်းကြီး.... ဤမည်သောအရပ်၌နေပါသည်"ဟု ပြောသောအခါ မင်းကြီးသည် သူဌေးသားကို ခရီးလမ်းညွှန်ပြုကာ စစ်သည်ဗိုလ်ပါနှင့်တကွ ဆတ်မင်းကိုဖမ်းနိုင်ရန် သွားလေ၏။

သူဌေးသားလည်း ဆတ်မင်းနေရာသို့ နီးကပ်လတ်သော်—

"မြတ်သောမင်းကြီး.... ထိုတောအုပ်၌ သရက်ပင် အင်ကြင်းပင်တို့သည် ပွင့်ကုန်၏၊ ပိုးဖလံအဆင်းနှင့်တူသော မြက်နီတို့သည် ဖုံးလွှမ်းအပ်၏၊ ထိုတောအုပ်၌ ဆတ်မင်းသည်နေပါ၏"—

ဟု လက်ကိုဆန့်ကာ ညွှန်ကြားပြောပြလေ၏။

**ဆတ်မင်းနေရာ ဝိုင်းဝန်းကာ**

မင်းကြီးသည် စစ်သည် ဗိုလ်ပါတို့ကို လက်နက်စွဲကိုင်စေလျက် ဝိုင်းကြလော့ဟု အမိန့်ပေးလေ၏၊ စစ်သည်ဗိုလ်ပါတို့လည်း ကြွေးသံပေး၍ ဝိုင်းကြကုန်၏၊ ထိုအခါဆတ်

မင်းသည် တခဲနက်သောလူသံကိုကြားလျှင် လူသံကားများ၏၊ သူယုတ်မာမှဖြစ်သောဘေးတည်း၊ ထ၍ပရိသတ်ကိုကြည့်လတ်သော် ထူထပ်လှ၏၊ မင်းကြီးနေရာ၌ကားအလွန်နည်း၏၊ထိုနေရာဘက်သို့ပြေးမှချမ်းသာရာရပေမည်ဟု ကြံစည်ကာ မင်းထံရှေ့ရှုပြေး၏၊ မင်းကြီးလည်းဆတ်မင်းလာသည်ကိုမြင်၍ ဤဆတ်မင်းသည် လန့်၍ပြေးမှုကားပစ်၍ အားနည်းအောင်ပြုလျက် ဖမ်းယူမည်ဟုလေးကိုတင်ကာ အသင့်စောင့်လင့်၏။

**ဆတ်မင်းမပြေး မင်းကိုမေး**

ဆတ်မင်းလည်း လေးကိုအသင့်ပြင်ကာ စောင့်နေသော မင်းကြီးကို မြင်လျှင် မနီးမဝေးအရပ်မှာပင်ရပ်လျက်—

“မြတ်သောမင်းကြီး.... ဆိုင်းငံ့တော်မူပါဦးလော့၊ ရထားစီးချင်း မင်းတကာတို့ထက်မြတ်သော မင်းကြီး.... အကျွန်ုပ်ကိုမပစ်ပါလင့်၊ ဤအရပ်၌ ဆတ်မင်းရှိသည်ဟု သင်မင်းကြီးအား အဘယ်သူပြောကြားပါသနည်း”—

ဟု ချိုသာသောစကားဖြင့် လှမ်း၍မေးလင့်၏၊ မင်းကြီးလည်း ဆတ်မင်း၏ ချိုသာသောစကားကိုကြားရလျှင် လေးကိုချကာ ရိုသေစွာရပ်၏၊ ဆတ်မင်းလည်း ပျောက်ပတ်သောအရပ်၌ရပ်၏၊ လူအများလည်း လက်နက်ကိုချပြီးလျှင် လာလတ်၍ မင်းကြီးကိုခြံရံကုန်၏။

**သူယုတ်ကယ်လေ့ ဘေးနှင့်တွေ့**

ထိုခဏ၌ ဆတ်မင်းသည် မင်းကြီးအား သာယာစွာ အသံကိုပြု၍ မေးကြားလိုသဖြင့်—



P.239 မင်းကြီးအား ကျေးဇူးရှင်ပြစ်မှားသူကို လူ့ဘာသာဖြင့် ညွှန်ပြပြောဆိုနေသော ဆတ်မင်းပုံ

"မြတ်သောမင်းကြီး.... ဤအရပ်၌ ဆတ်မင်း ရှိသည်ဟု သင်မင်းကြီးအား ဘယ်သူပြောပါသနည်း"—

ဟု မေးမြန်း၏၊ ထိုမေးသောခဏ၌ သူဌေးသားယုတ်သည် အတန်ငယ် နောက်သို့ဆုတ်၍ နေ၏၊ ထိုအခါ မင်းကြီးသည်—

"အဆွေဆတ်မင်း ....အကျင့် ယုတ်မာသောသူကား မနီးမဝေးအရပ်၌ တည်ရှိပါ၏၊ ဤအရပ်၌ ဆတ်မင်းရှိသည်ကို ထိုသူယုတ်သည်ပင် ပြောကြားပါ၏"—

ဟု သူဌေးသားယုတ်ကို ပြလေ၏၊ ဆတ်မင်းသည် ထိုစကားကို ကြားလျှင် အဆွေခင်ပွန်းပြစ်မှားသောသူယုတ်မာကိုကဲ့ရဲ့၍—

"မြတ်သောမင်းကြီး .... ဤလောက၌ အချို့သောပညာရှိတို့သည် ထင်းတုံးကို ဆယ်တင်ခြင်းကား မြတ်သေး၏၊ အဆွေခင်ပွန်းကို ပြစ်မှားသောသူယုတ်ကို ကယ်တင်ခြင်းကား မမြတ်သည်သာတည်း—ဟု ရှေးပညာရှိတို့သည် အမှန်ကိုဆိုကြကုန်သတတ်"—

ဟု ပြောကြားလေ၏။

**သူယုတ်ကယ်မိ ကျိုးယုတ်ဘိ**

မင်းကြီးသည် သူယုတ်တို့၏ အခြင်းအရာများကို ဆတ်မင်း ပြောဆိုသောစကားကို ကြားရသဖြင့်—

"အဆွေဆတ်မင်း…. အသို့နည်း၊ သင်သည် သားတို့ကို ကွဲရှဲသလော၊ သို့တည်းမဟုတ် ငှက်တို့ကို ကွဲရှဲသလော၊ သို့တည်းမဟုတ် လူတို့ကိုကွဲရှဲသလော၊ လူ့ဘာသာဖြင့် ပြောဆိုသော သင်ဆတ်မင်း၏စကားကို ကြားရ၍ များစွာ ကြောက်မက်ဘွယ်ကို ရသကဲ့သို့ ထင်ပါ၏"—

ဟု မေးမြန်းပြန်၏၊ ထိုအခါ ဆတ်မင်းသည်—

"မြတ်သောမင်းကြီး…. ရေများစွာရှိ၍ လျင်မြန်သော မြစ်ရေအယဉ်ဖြင့် မျောလာသော သူကို ကယ်တင်မိပါ၏၊ သို့ကြောင့် အကျွန်ုပ်အား ဘေးရောက်လာပါ၏၊ သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဘော်ရခြင်းသည် စင်စစ် ဆင်းရဲလှပါ၏"—

ဟု အကျိုးအကြောင်းကို ပြန်ပြောင်း၍ ပြောကြားလေ၏။

**သူမိုက်ဖြုကျင့်မလုပ်သင့်**

ထိုအခါ မင်းကြီးသည် ဆတ်မင်းပြောကြားသော စကားကို ကြား၍ အလွန်အမျက်ထွက်သည်ဖြစ်၍—

"အဆွေဆတ်မင်း….ပြုခဲ့ဘူးသော ကျေးဇူးကို မသိ၊အဆွေခင်ပွန်းကို ပြစ်မှား၏၊ မပြုအပ်သည်ကို ပြုလေ့ရှိ၏၊ထိုသူယုတ်မာကို အကျွန်ုပ်သတ်ပစ်မည်၊ ကိုယ်ကို ဖောက်ထွင်းနိုင်၍ မြှား လွှာ လေးခုရှိသော မြှားဖြင့် ရင်ဝကို ပစ်သတ်မည်"—

ဟု ကြိမ်းမောင်း ပြောဆိုလေ၏၊ ဆတ်မင်းသည် သူယုတ်မာ ဖြစ်သော်လည်း ငါ့ကိုမှီ၍ မပျက်စီးစေပါလင့် ဟု ကြံစည်လျက်—

"မြတ်သောမင်းကြီး...သူမိုက်အားဖြင့်, ပညာရှိအားဖြင့် သတ်ခြင်းကို စင်စစ် သူတော်ကောင်းတို့ မချီးမွမ်းပါကုန်၊သူယုတ်မာသည် အလိုအတိုင်း အိမ်သို့သွားပါစေ၊ ထိုသူယုတ်မာအား သင်မင်းကြီး ပေးမည်ဟု ပြောဆိုထားသောစည်းစိမ်ဥစ္စာကိုလည်း ပေးပါ၊ အကျွန်ုပ်လည်း သင်မင်းကြီးအလိုသို့ လိုက်ပါမည်"—

ဟု အကြောင်းအကျိုးပြကာ မသတ်ရန် တောင်းပန်၏။

**လူတို့သဘောနက်အသိခက်**

မင်းကြီးလည်း ဆတ်မင်း၏ အဆုံးမပေးသော တရားစကားကို အလွန် နှစ်သက်သည်ဖြစ်၍—

"အဆွေဆတ်မင်း.... သင်ကား စင်စစ် သူတော်ကောင်းတို့တွင် တယောက်အပါအဝင် ဖြစ်၏၊ အဆွေခင်ပွန်းကို ပြစ်မှားသော အားနည်းလှသော ဤသူယုတ်မာသည် အလိုရှိတိုင်း အိမ်သို့သွားပါစေတော့၊ ထိုသူအားလည်း ပေးမည် ဟု ဝန်ခံထားသော စည်းစိမ်ဥစ္စာကိုလည်းပေးပါမည်၊ ဆတ်မင်းအားလည်း ရွာဆုကို ပေးပါမည်"—

ဟု ဆတ်မင်းအား ချီးကျူး၍ သူဌေးသားလည်း ချမ်းသာပေးတော်မူ၏၊ ထိုအခါ ဆတ်မင်းသည်—

"မြတ်သောမင်းကြီး.... မြေခွေးနှင့် ငှက်တို့ မြည်သံကို သိလွယ်ပါ၏၊ ထိုထက် လူတို့ပြောဆိုသော စကားသည် သိနိုင်ခဲပါ၏။

ရှေးအခါ ကောင်းသောစိတ် ရှိသည်ဖြစ်၍ ဤသူကား ငါ၏ဆွေမျိုး, ဤသူကား ငါနှင့်ချစ်ခင်သူ, ဤသူကား ငါ့၏အဆွေခင်ပွန်း ဟု စင်စစ် အောက်မေ့နိုင်ပါ၏၊ ထိုသူသည်ပင်လျှင် နောက်အခါ၌ ရန်သူ ဖြစ်တတ်ပါ၏''—

ဟု ပြောဆိုကာ မင်းကြီး၏ သဘောထားကို သိရအောင် စုံစမ်းပြန်၏။

**ဆိတ်မင်းဆုံးမ တရားပြ**

ထိုအခါ မင်းကြီးသည်''အဆွေ...ဤသို့ မအောက်မေ့ပါလင့်၊ ယုံကြည်ပါ၊ ငါသည် မင်းအဖြစ်ကိုသော်လည်း စွန့်ရာ၏၊ သင့်အားပေးသောဆုကို မစွန့်ရာ''ဟု ပြောဆိုပြီးလျှင် ဆုကို ပေးတော်မူ၏။

ဆိတ်မင်းလည်း ဆုကိုယူသည်ရှိသော် မိမိကိုယ်ကို အစပြု၍ အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းဆုကို ယူ၏၊ မင်းကြီးလည်း ပေးတော်မူ၏၊ ဆိတ်မင်းကို မြို့တော်သို့ ဆောင်ယူကာ မိဖုရားကြီးအား တရားဟောစေ၏၊ ဆိတ်မင်းသည် မိဖုရားကြီးမှစ၍ တိုင်းသူပြည်သားတို့ကို တရားဟောပြီးလျှင် တောသို့ ပြန်၍ ဆိတ်အပေါင်း ခြံရံကာနေ၏။

မင်းကြီးသည် သားငှက်မှစ၍ အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးတော်မူကြောင်းကို တမြို့လုံးစည်လည်စေ၏၊ ထိုနေ့မှစ၍ တိုင်းသူပြည်သားတို့သည် သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းဆဲခြင်းကို မပြုဝံ့ကြကုန်။

တရားညီညာ
ချမ်းသာစွာ

ထို အခါ သားငှက်တို့သည် လူတို့ကောက်ကိုစားသည်ရှိသော် မတားမြစ်ဝံ့ကြသဖြင့် မင်းရင်ပြင်၌ ကြွေးကြော်ကုန်၏၊ မင်းကြီးလည်း ပြည်သူတို့ ကြွေးကြော်သံကို ကြားလျှင်—

"အမောင်တို့··စင်စစ်ဇနပုဒ်မရှိသည် ဖြစ်စေ၊ တတိုင်းလုံးပျက်စီးသည်ဖြစ်စေ၊ သားငှက်တို့အား ဘေးမဲ့ပေးပြီးလျက် ငါသည် အဆွေဆတ်မင်းအား မပြစ်မှားတော့ပြီ၊ အဆွေ ဆတ်မင်းအား ဆုကိုပေးပြီး၍ ချွတ်လွဲသော စကားကို မဆိုတော့ပြီ"—

ဟု လူတို့ကို ပြောကြားလိုက်၏၊လူတို့လည်း မင်းကြီးကို မလျှောက်ထားဝံ့တော့သဖြင့် သွားကြကုန်၏၊ ထိုစကားသည် ပျံ့နှံ့၍ ဆတ်မင်းကြားလျှင် သားအပေါင်းကို စည်းဝေးစေ၍ လူတို့ကောက်ကို မစားကြလင့်ဟု ဆုံးမပြီးလျှင် လူတို့အားလည်း မိမိတို့လယ်ယာတို့၌ သစ်ခက်အမှတ်အသားကိုပြုလုပ်ကြကုန်ဟု ကြွေးကြော်စေ၏၊ လူတို့လည်း ဆတ်မင်းဆိုသောအတိုင်း သစ်ခက်အမှတ်အသားကို ပြုကြကုန်၏၊ သားငှက်တို့လည်း သစ်ခက် အမှတ်အသားဖြင့် လူတို့၏ ကောက်ကို ယနေ့တိုင်အောင် မစားကြကုန်။ [မှတ်ချက်····ယခုအခါ သစ္စာမရှိသော ခေတ်ဖြစ်၍ သစ်ခက်အမှတ်အသား ပြုသော်လည်း စားကြကုန်၏။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်- အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သူဌေးသားသည်-ယခုအခါ ဒေဝဒတ်။

※ မင်းကြီးသည်- အာနန္ဒာ။

※ ဆတ်မင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူ၏ကျေးဇူး၊ မထိမ်မြူး၊ အထူးဆပ်သင့်သည်။

(၂) ကျေးဇူးဖျက်ချေ၊ သူယုတ်တွေ၊ မသွေပျက်စီးမည်။

(၃) အသွေပြစ်မှား၊ သူယုတ်ကား၊ လားလိမ့်ပါယ်လေးမည်။

ရုရုမိဂ ဇာတ်ပြီး၏။

---

## ၄၈၃။ သရဘမိဂဇာတ်

ပဏ္ဏာသနိပါတ်

**တာဝတိံသာကြွ တရားပြ** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အကျဉ်းအား ဖြင့် မေးအပ်သော ပြဿနာကို ရှင်သာရိပုတ္တရာသည် အကျယ်အားဖြင့် ဖြေဆိုခြင်းကို အကြောင်းပြု၍ ဟော တော်မူ၏၊ ချဲ့၍ပြဦးအံ့—မြတ်စွာဘုရားသည် သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းရန် တန်ခိုးပြာဋိဟာ ပြပြီးလျှင် တာဝတိံသာသို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း၌ ဝါကပ်တော်မူ၏၊ ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူ၏။

အကျဉ်းဟောမှု အကြောင်းပြု

သီတင်းကျွတ် လပြည့်နေ့ ပဝါရဏာပြု ပြီးသောအခါ သင်္ကဿနဂိုရ်ပြည်တံခါး သို့ နတ်ပြဲဟွာ အပေါင်း ခြံရံလျက် ဆင်းသက်တော်မူ၍၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာ ပညာဉာဏ်ကြီးကြောင်းကို ပြတော်မူလိုသဖြင့် ရှင်သာရိပုတ္တရာအား ဘုံရားအရာဖြင့် အာဂမ ပဋိပဒါ ပြဿနာကို မေးတော်မူ၏၊ ရှင်သာရိပုတ္တရာသည်အကျဉ်း အားဖြင့် မေးအပ်သော ပြဿနာကို အကျယ်အားဖြင့် ဖြေဆိုတော်မူ၏၊ ရဟန်းတို့သည် တရားသဘင်ဝယ်ရှင်သာ ရိပုတ္တရာ ပညာကြီးကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... သာရိပုတ္တရာသည် ယခုအခါ သာလျှင် အကျဉ်းအားဖြင့် မေးအပ်သောပြဿနာကို အကျယ် အားဖြင့် ဖြေဆိုသည်မဟုတ်၊ ရှေးအခါ၌လည်းဖြေဆိုဘူး ပြီ" ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

**အတိတ်ဝတ္ထု။**

သူ့တာဝါတာ တောလိုက်ရာ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် သမင် ဆိုးဆောက်မျိုး၌ဖြစ်၍ တော၌နေ၏၊ မင်းကြီးသည်သမင် သား စားကြူး၏၊ အားအစွမ်းနှင့်ပြည့်စုံ၏၊ တပါးသော သူကို လူဟူ၍ပင်အမှတ်မထား။

မင်းကြီးသည် တနေ့သ၌ အမတ်တို့နှင့်တကွတောသို့ သွား၏၊ အကြင်သူ၏တာမှ သမင်ထွက်၏၊ ထိုသူအား

မင်းဒဏ်ပေးမည်ဟု ပြောဆိုကာ အသီးအသီး တာဝေ၍ တောကို ဝန်းရံကာစောင့်ကြကုန်၏၊ တောခြုံတို့ကိုပုတ်ခတ်၍ သမင်ကို ခြောက်လှန့်ကြကုန်၏၊ သမင်ဆီးဆောက်သည်ထ၍ ခြုံကိုပတ်ပတ်လည်ကာ ပြေးထွက်ရာ လမ်းပေါက်ကို ကြည့်လတ်သော် အခြားအရပ်တို့မှ လေးချင်းယှက်ကာ စောင့်နေသည်ကိုမြင်လျှင် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ မင်းကြီးတာဘက်သို့ ရှေးရှုသွား၏၊ မင်းကြီးသည် မြှားကိုတင်၍ပစ်၏၊ သမင် ဆီးဆောက်တို့ မည်သည်ကား လှည့်ပတ်ခြင်း၌ အလွန်လိမ်မာကုန်၏၊ မြှားတည့်တည့်လာလျှင် အဟုန်ယုတ်စေ၍တည်ကုန်၏၊ နောက်မှလာလျှင် လျင်စွာပြေးကုန်၏၊ အထက်မှလာလျှင် ကျောကိုညွတ်ကုန်၏၊ နံပါးမှလာလျှင် အတန်ငယ် ဘဲကုန်၏၊ ဝမ်းအနီးလာလျှင် ပြန်၍လည်းကုန်၏၊ မြှားလွန်လျှင် လေကိုဖြတ်သော ဝလာဟကနတ်မြင်းကဲ့သို့ လျင်စွာပြေးကုန်၏။

**မင်းကြီးတာဘက် သမင်ထွက်**

မင်းကြီးသည် သမင်ဆီးဆောက် ပြန်၍လည်းသည်ကိုမြင်လျှင် "မြှားမှန်ပြီ"ဟု အော်ဟစ်၏၊ သမင် ဆီးဆောက်သည် ထ၍လျင်မြန်စွာပြေး၏၊ အမတ်တို့သည် သမင်ဆီးဆောက်ပြေးသည်ကိုမြင်လျှင် တပေါင်းထည်းစုဝေးကာ မေးကြကုန်၏၊ "သမင် ဘယ်သူ့တာကပြေးသနည်း။ မင်းကြီးတာကပြေးသည်"၊ ထိုအခါမင်းကြီးသည် သမင်ကိုငါ့မြှားမှန်ပြီ၊ "ငါတို့မင်းကြီးမြှားသည် အဘယ်ကိုမှန်သနည်း။ လွဲသည်၊ မြေကြီးကိုမှန်သည်" ဟု ပြက်ရယ်ပြုကြကုန်၏၊

မင်းကြီးသည် အမတ်တို့သည် ငါ့ကိုပြက်ရယ်ပြုကြကုန်၏၊ ငါ၏ပမာဏကို မသိကြကုန် ဟု ကြံစည်၍ အဝတ်ကိုမြဲစွာ ဝတ်ပြီးလျှင် သန်လျက်ကိုကိုင်ကာ သမင် ဆီးဆောက်ကို အတင်းလိုက်လေ၏။

**ဒေါမာန်လွန်ထ ထူးတွင်းကျ**

သမင် မင်းလည်း အတင်း ပြေးကာ တောသို့ဝင်၏၊ မင်းကြီးလည်း တောသို့ ဝင်၍လိုက်၏၊ လမ်း၌အတောင်ခြောက် ဆယ်မျှရှိသော သစ်မြစ်ဆွေး ထူးတွင်းကြီးရှိရာ အတောင် သုံးဆယ်မျှ ရေပြည့်နေ၏၊ထိုတွင်းကြီးဝယ် မြက်သစ်ရွက် တို့ အုပ်ဖုံးလျက်ရှိ၏၊ သမင်မင်းကားရေနံ့ရ၍ ထူးတွင်း ရှိမှန်းသိသဖြင့် အတန်ငယ်လွှဲ၍ သွား၏၊ မင်းကြီးကား ဖြောင့်ဖြောင့်သွားရာ ထိုထူးတွင်းကြီးထဲသို့ ကျလေ၏၊ သမင်မင်းသည် ခြေသံကိုမကြားရသဖြင့် နောက်သို့ပြန်၍ ကြည့်ရာ မင်းကြီးကိုမမြင်လျှင် ထူးတွင်းကြီးထဲသို့ မုချကျ လိမ့်မည်ဟုသိ၍ နောက်သို့ပြန်လာပြီးလျှင် ကြည့်ရှုပြန်ရာ မထောက်မိသောရေထဲ၌ ဆင်းရဲစွာကူးနေသောမင်းကြီး ကိုမြင်လျှင် မင်းကြီးပြုသော အပြစ်ကို နှလုံးမသွင်းဘဲ အလွန် သနားကျင်နာလှသဖြင့် ငါရှိစဉ် မပျက်စီးပါစေ လင့်ဟု ကြံစည်လျက် တွင်းနခမ်း၌ရပ်လျက်—

**သမင်မင်းကယ် ကျေးဇူးကြွယ်**

''မြတ်သောမင်းကြီး·· မကြောက်လင့်၊ အကျွန်ုပ်ဆယ်တင်မည်''ဟု ပြောကာ အတောင် ခြောက်ဆယ်ရှိသော ထူး တွင်းမှ မင်းကြီးကိုဆယ်တင်ယူ၍ ကျောကုန်း၌ တင်လျက် တောမှထွက်ပြီးလျှင် စစ်သည်ဗိုလ်ပါတို့နှင့် မနီးမဝေး

သောအရပ်၌ ထား၏၊မင်းကြီးအား တရားနှင့်အညီ မင်းပြုရန် အဆုံးအမပေး၍ ငါးပါးသီလ၌ တည်စေ၏။

မင်းကြီးလည်းသမင်မင်းနှင့်မခွဲနိုင်သဖြင့်သမင်မင်းအား ဗာရာဏသီပြည်သို့ လိုက်ခဲ့ပါ၊ထီးနန်းကိုအပ်နှင်းပါမည်၊ မင်းပြုတော်မူပါဟု ဘိတ်မန်၏၊ သမင်မင်းလည်း အကျွန်ုပ်တိရစ္ဆာန်ဖြစ်သည့်,မင်းမပြုလိုပါ၊ အကျွန်ုပ်ကို ချစ်လျှင် ပေးသောသီလကို စောင့်ထိန်းပါ၊ တရားနှင့်အညီ မင်းပြုပါဟု အဆုံးအမပေးကာ တောသို့ဝင်၏၊ မင်းကြီးလည်း သမင်မင်း၏ ကျေးဇူးကို အောက်မေ့လျက် ဗိုလ်ပါစုသို့ ရောက်လျှင် ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တော်သို့ ဝင်ပြီးလျှင် ဤနေ့မှစ၍ တပြည်လုံး ငါးပါးသီလကို စောင့်ထိန်းရမည်ဟု စည်လည်စေ၏၊ သမင်မင်းပြုသော ကျေးဇူးကို တစုံတယောက်ကိုမျှ မပြောကြားလေ။

**ပညာရှိသဘော မင်းကြီးဟော**

ညအခါချမ်းသာစွာ အိပ်ပြီးလျှင် မိုးသောက်ထအခါ သမင်မင်း၏ ကျေးဇူးကို အောက်မေ့လျက် အိပ်ရာထက်၌ ထက်ဝယ်ဖွဲ့ခွေကာ ပီတိဖြင့် ပြည့်သော စိတ်နှလုံးရှိသည်ဖြစ်၍—

"အချင်းတို့.... ပညာရှိသောသူသည် တောင့်တခြင်းကို ပြုရာသည်သာတည်း၊ မပျင်းရိရာ၊ အလိုရှိတိုင်းဖြစ်လာသည်ကို ငါကိုယ်တိုင် မြင်ရ၏"။

"အချင်းတို့..ပညာရှိသောသူသည် တောင့်တခြင်းကို ပြုရာသည်သာတည်း၊ မပျင်းရိရာ၊ ရေမှ ကြည်းကုန်းသို့ တက်လာသည်ကို ငါကိုယ်တိုင် မြင်ရ၏"။

"အချင်းတို့····ပညာရှိသောသူသည် လုံ့လကို ပြုရာသည်သာတည်း၊ မပျင်းရိရာ၊ အလိုရှိတိုင်း ဖြစ်လာသည်ကို ငါကိုယ်တိုင် မြင်ရ၏"။

**ကံပြုသမျှ မပူပန်လှ**

"အချင်းတို့···· ပညာရှိသော သူသည် လုံ့လကို ပြုရာသည်သာတည်း၊ မပျင်းရိရာ၊ ရေမှကြည်းကုန်းသို့ တက်လာသည်ကို ငါကိုယ်တိုင် မြင်ရ၏"။

"အချင်းတို့···· ပညာရှိသောသူသည် ဆင်းရဲခြင်းသို့ ရောက်နေသော်လည်း ချမ်းသာခြင်းသို့ ရောက်ရန် တောင့်တခြင်း အာသာကို မဖြတ်ရာ၊ အမှန်အားဖြင့် အစီးအပွားမရှိ ဆင်းရဲသော အတွေ့တို့သည်၎င်း, အစီးအပွားရှိ၍ ချမ်းသာသော အတွေ့တို့သည်၎င်း များကုန်၏၊ မကြံစည် အားမထုတ်သော သူတို့သည် သေခြင်းသို့ရောက်ရကုန်၏"။

"အချင်းတို့···· မကြံသော်လည်း ဖြစ်တတ်၏၊ ကြံပါသော်လည်း ပျက်စီးတတ်၏၊အမှန်မှာ မိန်းမအား၎င်း, ယောကျ်ားအား၎င်း စည်းစိမ်ချမ်းသာတို့သည် ကြံစည်တိုင်းမပြီးကုန်"—
ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးနေစဉ် အရှက်တက်လေ၏။

**ချီးကျူးနိဒါန်း အမြစ်စီးဖြန်း**

ပုရောဟိတ်လည်း နံနက်စောစောက လျှင် ချမ်းသာစွာ အိပ်ရ၏လော ဟု မေးရန်လာရာ မင်းအိမ် တံခါးသို့

ရောက်လျှင် ဥဒါန်းကျူးသံကို ကြား၍ ကြံစည်၏၊မင်းကြီး သည် ယမန်နေ့က သမင်တောသို့ သွားလိမ့်မည်၊သမင်ဆိုး ဆောက်ကို ပစ်လိမ့်မည်၊ နောက် မှူးမတ်တို့ ပြက်ရယ်ပြု ကြလိမ့်မည်၊ ထိုနောက် သမင်ကို အတင်းလိုက်ရာ အ တောင်ခြောက်ဆယ် နက်သော ထူးတွင်းကြီးထဲသို့ ကျ လိမ့်မည်၊ ထိုအခါ သနား၍ သမင်ဆိုးဆောက်က ဆယ် တင်လိမ့်မည်၊ ထိုကြောင့် ဥဒါန်းကျူးယောင်တကား ဟု ကြံစည်၏၊ ဤသို့လျှင် ဥဒါန်းဂါထာ၏ အနက်အဓိပ္ပါယ်ကို ကြေးမုံပြင်၌ မျက်နှာရိပ်ထင်သကဲ့သို့ မင်းသည်ရင်း, သမင် ဆိုးဆောက်ပြုသော အမှုသည်ရင်း ထင်ရှားစွာ ပေါ်လာ လေ၏။

**ခြင်းရာ ရှုထောက်**
**မင်းကိုလျှောက်**

ထိုနောက် ပုရောဟိတ်သည် တံခါးကို ခေါက်၏၊ တံခါးခေါက်သံ ကြားလျှင် မင်းကြီးသည် ထ၍ဖွင့်၏၊ ပုရောဟိတ် သည်ဝင်၍ မင်းကြီးအား အောင်ဆုကို ပေးပြီးလျှင် လျှောက်ပတ်သော အရပ်၌နေလျက် ယမန် နေ့က ပြုခဲ့သော မင်းကြီးအမှုကို မိမိသိမြင်သော အတိုင်း. လျှောက်ထားလိုသဖြင့်—

"မြတ်သောမင်းကြီး····သင်သည် ယမန်နေ့က တောင်ချောက်ကြား၌ သမင် ဆိုးဆောက်ကို အ စဉ်သဖြင့် အတင်းလိုက်၏၊ တွန့်တိုသော စိတ်မရှိ မင်းကြီး၏ လုံ့လကြောင့် အသက်ကို ရတော်မူခဲ့၏၊ သမင်ဆိုးဆောက်သည် သင်မင်းကြီးကို တက်နိုင်ခဲ သော နရက်ချောက် ထူးတွင်းကြီးထဲမှ ကောင်းစွာ ဆယ်တင်ပေ၏၊ ဆင်းရဲနေသော သင်မင်းကြီးကို

သေမင်းခံတွင်းမှ လွတ်မြောက်စေ၏၊ မတွန့်တို သောစိတ်ရှိသော ထိုသမင်ဆီးဆောက်ကိုသာလျှင် ချီးမွမ်း၏”—

ဟု အဖြစ်အပျက် အလုံးစုံလျှောက်ထား၏။

**ပုရောဟိတ်ပညာ အံ့ဩဖွယ်ရာ**

ထိုအခါ မင်းကြီးသည် ပုရောဟိတ် စကားကို ကြားလျှင်—

“အို-ပုဏ္ဏားး…. အသို့နည်း၊ ထိုအခါ သမင်တော်၌ သင်ရှိသလော၊ ထိုသို့မဟုတ် သင့်အား တစုံတယောက်သောသူတို့ အကြောင်းကို ပြောသလော၊ ဝဋ်ဆင်းရဲကိုဖြတ်ပြီး၍ တရားအလုံးစုံကို သိမြင်သောဘုရားလော၊ သင်ပုဏ္ဏား၏ဉာဏ်ကား ကြောက်မက်ဘွယ် အားကြီးသော သဘောရှိစွတကား”—

ဟု မင်းကြီးသည် အံ့အားသင့်ကာ မေးမြန်းလေ၏။

**ကုသိုလ်ကျင့်ဆောက် နတ်ရွာရောက်**

ထိုအခါပုဏ္ဏားသည် မိမိထင်မြင်သော အခြင်းအရာကို မင်းကြီးအားလျှောက်ထားလို၍—

“မြတ်သောမင်းကြီး…. အကျွန်ုပ်သည် ထိုအခါ ထိုသမင်တော်၌မရှိပါ၊ အကျွန်ုပ်အား တစုံတယောက်သောသူသည် ထိုအကြောင်းကို မပြောကြားပါ၊ သင်မင်းကြီးသီဆိုအပ်သော ဂါထာပုဒ်တို့၏ အနက်အဓိပ္ပါယ်ကိုကား ပညာရှိတို့စုံစမ်း၍ သိနိုင်ကုန်၏”—

ဟု ပြောဆိုလေ၏၊ မင်းကြီးသည် အလွန်နှစ်သက်သည် ဖြစ်၍ ပုရောဟိတ်အား များစွာသောစည်းစိမ်ဥစ္စာကို ပေးတော်မူ၏၊ ထိုအခါမှစ၍ ကုသိုလ်ကောင်းမှု၌ မွေ့လျော်သည်ဖြစ်၍ သေတိုင်း သေတိုင်းသောသူတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။

**မင်းသီလစွမ်း သိကြားစမ်း**

ထိုအခါ တနေ့သ၌မင်းကြီးသည် မှတ်တိုင်ကို မြှားဖြင့်ပစ်မည်ဟု ပုရောဟိတ်ကိုခေါ်၍ ဥယျာဉ်တော်သို့သွား၏။

သိကြားမင်းသည် နတ်သားသစ်တို့ကိုမြင်၍ ဆင်ခြင်လတ်သော် ထိုမင်းကြီးနှင့် သမင်မင်း၏အကြောင်းကိုသိ၍ သမင်မင်း၏ ဂုဏ်ကျေးဇူးကိုဆိုစေပြီးလျှင် တရားဟောမည်ဟုကြံစည်ကာ ဥယျာဉ်တော်သို့သွား၏၊ မင်းကြီးသည်းမှတ်တိုင်ကိုပစ်မည်ဟု လေးကိုတင်ကာ မြှားကိုဘွဲ၏၊ ထိုခဏ၌ သိကြားမင်းသည် မင်းကြီးနှင့် မှတ်တိုင်အလယ်၌ မိမိအာနုဘော်ဖြင့် သမင်မင်းကိုပြ၏၊ မင်းကြီးသည် သမင်မင်းကိုမြင်လျှင် မြှားကိုမလွှတ်လေ။

**သမင်သတ်ရန် တိုက်တွန်းပြန်**

ထိုအခိုက် သိကြားမင်းသည် သမင်ကိုသတ်ရန် တိုက်တွန်းလို၍ ပုရောဟိတ်ကိုပူးဝင်လျက်—

"မြတ်သောမင်းကြီး.... သင်သည် မြှားရွက်မြှားလွှာနှင့်ပြည့်စုံ၍ သူတပါးလုံ့လကို ဖျက်ဆီးနိုင်သောမြှားကို လေး၌တင်ထားပါလျက် အဘယ့်ကြောင့် ယုံမှားဘိသနည်း၊ ထက်လှသောမြှားဖြင့် သမင်ဆီးဆောက်ကို လျင်စွာသတ်လော့၊ စင်စစ်

သမင်ဆိုးဆောက်သည် အရှင်မင်းကြီး၏ အစာ
ဖြစ်၏”–

ဟု ပစ်ရန်တိုက်တွန်းလေ၏၊ မင်းကြီးသည်–

“အို-ပုဏ္ဏား… သမင်ဆိုးဆောက်ကား မုချ
မင်း၏အစာဟူ၍ ငါသိ၏၊ သို့သော်လည်း ရှေး၌ပြု
ဘူးသော ကျေးဇူးကိုသာ အရိုအသေပြုပါ၏၊ ထို့
ကြောင့် ဤသမင်မင်းကို ငါမသတ်ပါ”–

ဟု ပုဏ္ဏား၏စကားကို ပယ်လေ၏၊ ထိုအခါ သိကြား
မင်းသည်–

“မြတ်သောမင်းကြီး…ဤသတ္တဝါကား သမင်
မဟုတ်၊ သိကြားမင်းဖြစ်သည်၊ ထိုသိကြားမင်းကို
သတ်၍ သိကြားမင်းလုပ်ပါလော့”-

“မြတ်သောမင်းကြီး… သင်သည် အကယ်၍
သမင်မင်းကိုသတ်ရန် ယုံမှားခဲ့အံ့၊ သင်မင်းကြီး
သည် သားမယားနှင့်တကွ ယမမင်း၏ နိုင်ငံဖြစ်
သော ကြိမ်ပိုက်ချောင်းရဲ၌ ကျရောက်လတံ့”–

ဟု သမင်မင်းကိုမသတ်ခြင်း၌ အပြစ်ပြကာ ခြိမ်း
ချောက်လေ၏။

ကျေးဇူးရှင်မြတ်
ငါမသတ်

ထိုနောက်မှ မင်းကြီးသည်မိမိအား ရှေး
က ပြုခဲ့ဘူးသော သမင်မင်း၏ ကျေးဇူး
အထူးတို့ကို ပြောလို၍–

“အို-ပုဏ္ဏား…ငါ, ဇနပုဒ်သူ, သား သမီး,
မယားနှင့် အဆွေခင်ပွန်းအပေါင်းတို့သည် ယမ
မင်း၏နိုင်ငံဖြစ်သော ကြိမ်ပိုက်ချောင်းရဲ၌ အကယ်

၍ ကျရောက်ကြသော်လည်း ငါ့အား အသက်ကို ပေးသော သမင်မင်းကို ငါမသတ်သည်သာ တည်း”-

“အို-ပုဏ္ဏားー ဤသမင်မင်းသည် ကြောက် မက်ဘွယ်ရှိသောတော၌ ဆင်းရဲနေသောတယောက် တည်းသောငါ့အား ကျေးဇူးပြုပေ၏၊ ထိုသို့ရှေးက ပြုခဲ့ဘူးသောကျေးဇူးကို အောက်မေ့သော ငါသည် သိလျက် အဘယ်ကြောင့်သတ်ရအံ့နည်း”–

ဟု သိကြားမင်း တိုက်တွန်းသောစကားကို ပယ်၍ သမင်မင်း၏ကျေးဇူးကို ပြောဆိုလေ၏။

**မင်းကျင့်လွှန်ကောင်း သိကြားဆုတောင်း** ထိုအခါ သိကြားမင်းသည် ပုရောဟိတ် ကိုယ်မှခွါ၍ ကောင်းကင်၌ရပ်လျက်–

“မြတ်သောမင်းကြီး… အဆွေခင်ပွန်းကောင်း ကို နှစ်သက်သော အရှင်မင်းကြီးသည် မြင့်ရှည်စွာ အသက်ရှည်ပါစေ၊ ဤဗာရာဏသီပြည်၌ပင် မင်းပြု ၍ ဆုံးမပါလော၊ မိဖုရားအပေါင်းတို့သည် လှပ ကျွေးလျက် နတ်ပြည်၌ သိကြားမင်းကဲ့သို့ တိုင်း ပြည်၌ မွေ့လျော်ပါလော”–

“မြတ်သောမင်းကြီး…. မေတ္တာကို ပွားများ လျက် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဩသည် ကောင်းဖြစ်သော လှူဒါန်းပူဇော်ခြင်းငှါ လျောက် ပတ်သော ရဟန်းပုဏ္ဏား အလုံးစုံတို့၏ စိတ်အလို ကိုသိသည်ဖြစ်၍ အစွမ်းအားလျော်စွာ ပေးလှူသုံး

ဆောင်လျက် သူတပါးတို့ မကဲ့ရဲ့အပ်သည်ဖြစ်၍
နတ်ပြည်သို့ကြွပါလော''—

ဟု ကျေးဇူးစကားကို ချီးကျူး ပြောကြားလေ၏၊ သိကြားမင်းလည်း ဤသို့သောစကားကို ပြောကြားပြီးလျှင် ''မြတ်သောမင်းကြီး…. သင်မင်းကြီးကို စုံစမ်းအံ့သော ငှါလာ၏၊ မမေ့မလျော့ဖြစ်ပါလော''ဟု ဆုံးမ၍ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဗာရာဏသီမင်းသည်- ယခုအခါ အာနန္ဒာ။

※ ပုရောဟိတ်သည်- သာရိပုတ္တရာ။

※ သမင်မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ပညာဉာဏ်ရှိ၊ တောင့်တဘိ၊ ပျင်းရိမမူရာ။
(၂) ပညာဉာဏ်ရှိ၊ လုံ့လရှိ၊ ပျင်းရိမမူရာ။
(၃) လိုအင်ဆန္ဒ၊ ဟူသမျှ၊ မုချပြည့်စုံရာ။
(၄) ဥဒါန်းစကား၊ အမြွက်အား၊ ကြားသူပညာဝါ။
(၅) မျက်နှာရိပ်ထင်၊ ကြေးမုံပြင်၊ သိမြင်ကျယ်ဝန်းစွာ။

သရဘင်္ဂဇာတ်ပြီး၏။

တေရသကနိပါတ်စကားပြေပြီး၏။

# ပကိဏ္ဏကနိပါတ်

## ၄၇၄။ ကောဒါရဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**အမိလုပ်ကျွေးဘူး ဘုရားချီးကျူး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမိကိုလုပ်ကျွေးသော ရဟန်းတပါးရှိ၏၊ ထိုရဟန်းကို ခေါ်တော်မူ၍ "ရဟန်း ....သင်သည် လူတို့ကို လုပ်ကျွေး၏ဟူသည်မှန်သလော"ဟု မေး၏၊"မှန်ပါသည်ဘုရား"ဟု လျှောက်၏၊ "အဘယ်သို့ တော်စပ်သနည်း" ဟု မေး၏၊" အမိအဘတို့ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားရာ "ရဟန်း.... ကောင်းစွ-ကောင်းစွ၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်မျိုး၌ ဖြစ်၍လည်း အမိအဘတို့ကို လုပ်ကျွေးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**လယ်ယာရှင်များ အစောင့်ထား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် မဂဓမင်း မင်းပြုသည်ရှိသော် မြို့တော်မှ အနောက်မြောက် အရပ်၌ သာလိန္ဒိယမည်သော ပုဏ္ဏားရွာတခုတည်ရှိလေ၏၊ ထိုရွာ၌ ကောသိယဂေါတ္တမည်သော ပုဏ္ဏားသည် အရှေ့မြောက် အရပ်၌ တည်ရှိသော မဂဓလယ်တို့တွင် ပယ်တထောင်မျှသောလယ်ကိုယူ၍ သလေးစပါးတို့ကို စိုက်ပျိုးလေ၏၊ ကောက်ပင်ထလတ်သော်စောင်ရန်းကို မြဲမြဲလုံခြုံစွာကာ၏၊

ထိုပယ်တထောင်တို့တွင် ပယ်ငါးရာကို,အချိုငါးဆယ်,အချို ခြောက်ဆယ်စသည်ဖြင့်ပေးကာ စောင့်ရှောက်စေ၏၊ ပယ် ငါးရာကိုကား အခစားပြုလုပ်သူ မိမိသူရင်းငှါးအား ပေး ကာ စောင့်ရှောက်စေ၏၊ သူရင်းငှါးလည်း ထိုလယ်၌ပင် အိမ်ငယ်ဆောက်လုပ်နေထိုင်၍ နေ့ညဉ့်ပတ်လုံး စောင့် ရှောက်ကာနေ၏။

**မိဘအိုလုပ်ကျွေး သားငယ်ကျေး**

ထိုလယ်၏ အရှေ့မြောက် အရပ်၌ကား မြေနှင့်ရောသော တောင်တခုဝယ် ကြီး စွာသော လက်ပံတောသည် တည်ရှိ လေ၏၊ ထိုလက်ပံတော၌ ကျေးပေါင်းများစွာတို့သည် နေထိုင်ကြကုန်၏၊ ထိုအခါ ဘုရားအလောင်းသည် ကျေး မျိုး၌ဖြစ်၍ ကျေးအပေါင်းတို့၏ မင်းဖြစ်၏၊ အလွန်အဆင်း လှ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ လှည်းပုံတောင်းပမာ ဏ ကိုယ်ရှိ၏၊ ဘုရားအလောင်း၏ အဘကျေးမင်းသည် အိုသည်ဖြစ်၍ ကျေးအပေါင်းကို မဆောင်နိုင်သဖြင့် သား အား အပ်နှင်း၏၊ သားဖြစ်သောကျေးမင်းလည်း ထိုနေ့ မှစ၍ မိဘအိုတို့အား အစာရှာမသွားစေဘဲ အသိုက်၌ နေစေလျက်လုပ်ကျွေး၏၊ကျေးအပေါင်းတို့သည် ဟိမဝန္တာ ၌ အလိုလို ဖြစ်သော သလေးစပါးတို့ကို စားသောက်ကြ ကုန်၏။

**သလေးစပါးခင်း ကျေးများဆင်း**

တနေ့သ၌ကျေးသားတို့သည် ရှေးအခါ ၌ ဤအချိန်တွင် မဂဓ လယ်တော၌ သလေးစပါးတို့သည် မှည့်ကုန်၏၊ ယခု အခါ အဘယ်သို့ဖြစ်သနည်းဟု ကျေးမင်းအား လျှောက်

ကြကုန်၏၊ ကျေးမင်းလည်းစုံစမ်းရန် ကျေးသားနှစ်ကောင်တို့ကို လွှတ်လိုက်၏၊ ကျေးသားနှစ်ကောင်တို့လည်း မဂဓလည်တောသို့သွားကာ သလေးစပါးတို့ကို အလိုရှိတိုင်းစားပြီးလျှင် သလေးနှံတို့ကိုယူခဲ့၍ ကျေးမင်းရှေ့၌ ချကာပြကုန်၏၊ ကျေးမင်းလည်း သလေးစပါးတို့ မှည့်သည်ကိုသိလျှင် နက်ဖြန် ကျေးအပေါင်း ခြံရံကာမဂဓလယ်တောသို့သွား၍ ထိုအခါ သူရင်းငှါးစောင့်သော လယ်တောသို့ ဆင်းသက်၍ ကျက်စားကုန်၏၊ လယ်စောင့်ယောက်ျားသည် ခြောက်လှန့်တားမြစ်ခြင်းငှါ မတတ်နိုင်၊ ကြွင်းသောကျေးတို့သည် အလိုရှိတိုင်းစားပြီးလျှင် ပျံကုန်၏၊ ကျေးမင်းကား အလိုရှိတိုင်းစားပြီးလျှင် များစွာသော သလေးနှံတို့ကိုချီကာပြန်ခဲ့၍ မိဘအိုတို့အားလုပ်ကျွေး၏၊ နက်ဖြန်နေ့မှစ၍ ထို့အတူကျက်စားကြကုန်၏။

**လယ်ရှင်တိုင်ကြား သူရင်းငှါး**

ထိုအခါ သူရင်းငှါး ယောက်ျားသည် ဤကျေးတို့သည် ဤလိုသာ နှစ်ရက်သုံးရက်သာ စားကုန်ငြားအံ့ စပါးသည်ကုန်ရာ၏၊ ပုဏ္ဏားသည် အဘိုးဖြတ်စေ၍ ငါ့အား မြီပြုလတံ့၊ ယခုသွား၍ပြောကြားမည်ဟု ပုဏ္ဏားထံ သွား၍ လျှောက်ပတ်သောနေရာ၌နေလျက်—

"အို—ကောသိယအနွယ်ဖြစ်သော ပုဏ္ဏား....
သလေးစပါး စိုက်ပျိုးသောလယ်သည် ပြည့်စုံပါ၏၊
သလေးစပါးကို ကျေးတို့သည် စားကုန်၏၊ ထို
အကြောင်းကို ပြောကြားပါ၏၊ အကျွန်ုပ်ကျေးတို့
ကို တားမြစ်ခြင်းငှါ မစွမ်းနိုင်ပါ၊ ထိုကျေးတို့တွင်

အလုံးစုံသော အဘို့ဖြင့် ကောင်းသော ကျေးကြီး
တကောင်ကား သလေးစပါးတို့ကို အလိုရှိတိုင်း
စားပြီး၍ အပြန်တွင် နှုတ်သီးဖြင့်လည်းချီ၍သွား
သေး၏''—

ဟုကျေးတို့အကြောင်းကို ပြောကြားလေ၏။

**လယ်စောင့်ထောင်သည့် ကျေးမင်းမိ**

ပုဏ္ဏားသည် လယ်စောင့်ယောကျ်ား၏ စကားကိုကြားလျှင် ကျေးမင်းကို ချစ်ခင်ကြည်ညိုသဖြင့်—

''အို-ယောကျ်ား....ထိုကျေးကြီးကိုမိလောက်
အောင် မြင်းမြီးကျော့ကွင်းတို့ဖြင့် ထောင်၍ငါ့ထံသို့
အရှင်ဖမ်းယူခဲ့ပါ''—

ဟုမှာထားလေ၏၊ ထိုအခါ လယ်စောင့်ယောကျ်ားလည်း မြီမပြုသဖြင့် ဝမ်းမြောက်ဝမ်းသာ လယ်တောသို့သွား၍ မြင်းမြီးတို့ကိုကျစ်၍ ကျော့ကွင်းပြုလုပ်ကာ ကျေးမင်းကျသောက်သောနေရာဝယ် ထောင်၍ ထားပြီးလျှင် ကျေးမင်းတို့လာခြင်းကိုကြည့်ရှုလျက် အိမ်ငယ်တွင်း၌နေ၏၊ ကျေးမင်းလည်း ကျေးအပေါင်းခြံရံကာ လာလတ်၍ သလေးလယ်၌ ကျက်စားပြန်၏၊ ခြေ၌ကျော့ကွင်း မိနေသည်ကိုသိလျှင် ငါသည် ယခုအခါ ကျော့ကွင်းမိသော မြည်သံကို အကယ်၍မြည်အံ့၊ ဆွေမျိုးတို့သည် သေဘေးမှ ကြောက်သဖြင့် အစာမစားဘဲ ပျံကုန်ရာ၏၊ သို့အတွက် အစာစား၍ ဝလောက်အောင် ဆိုင်းငံ့မည်ဟု ကြံစည်ပြီးလျှင် မမြည်ဘဲ သည်းခံ၍နေ၏၊ အတန်ကြာ၍ ဝလောက်သော အခါ သုံးကြိမ်ကျော့ကွင်းမိသောမြည်သံကို မြည်လေ၏။

**ကျေးမင်းမိလို့ လယ်ရှင်ထံပို့**

ထိုအခါ ကျေးအပေါင်း တို့သည် ကြောက်လန့်သဖြင့် ပျံကြကုန်၏၊ တကောင်သော ကျေးမျှပြန်၍မကြည့်ချေ၊ ကျေးမင်းသည်—

"အို—ကျေးငှက်အပေါင်းတို့···· သင်တို့ကား ဝအောင်စားသောက်ကာ ဘဲသွားကြကုန်၏၊ ငါ တကောင်ကိုသာ ကျော့ကွင်းဖြင့်မိခဲ့၏၊ ငါသည် အဘယ်မကောင်းမှုကို ပြုခဲ့ဘူးသနည်း"—

ဟု ငိုကြွေးမြည်တမ်းလေ၏၊ လယ်စောင့်ယောကျာ်း လည်း ကျေးမင်းမြည်သံနှင့် ကျေးတို့ပျံသံကို ကြားလျှင် အိမ်ငယ်မှထွက်၍ကြည့်ရှုရာ ရည်ရွယ်၍ထောင်ထားသော ကျေးမင်းပင်မိနေသည်ကို မြင်လျှင် နှစ်သက်သောစိတ်ရှိ သည်ဖြစ်၍ အသာကျော့ကွင်းမှ ဖြေပြီးလျှင်ခြေနှစ်ချောင်း တို့ကို တပေါင်းတည်းဖွဲ့ချည်လျက် ယူဆောင်၍ လယ်ရှင် ပုဏ္ဏားအားပေးလေ၏။

**စားဝချီမြေး လယ်ရှင်မေး**

ပုဏ္ဏားသည် အားကြီးသောချစ်ခြင်းဖြင့် ကျေးမင်းကို လက်နှစ်ဘက်တို့ဖြင့် မြဲမြဲ စွာကိုင်၍ရင်ခွင်၌ နေစေပြီးလျှင်—

"အမောင် ကျေးသား···· အခြားကျေးသား တို့အား သင့်လျော်သောဝမ်းဗိုက်ရှိ၏ဟုငါအောက် မေ့၏၊ သင်ကျေးသား၏ဝမ်းဗိုက်ကား အလွန်ကြီး ယောင်တကား၊ သလေးစပါးတို့ကိုအလိုရှိတိုင်းစား ပြီး၍ နှုတ်သီးဖြင့်လည်း ချီ၍သွားဘိ၏"။

"အမောင်ကျေးသား.... လက်ပံတော၌ ကျီကို မြည့်စေသလော၊ အမောင် ကျေးသားအား ငါနှင့်ရန်ငြိုးရှိသလော၊ ငါမေးအပ်သည်ကို ပြောကြားပါ၊ သလေးစပါးတို့ကို အဘယ်အရပ်၌ သိမ်းသနည်း"။

ဟု ကျေးမင်းအား မေးလေ၏။

**ကြွေးဟောင်းဆပ်လို ပစ္စည်းသို**

ထိုအခါ ကျေးမင်းသည် ပုဏ္ဏားစကားကို ကြားလျှင်—

"အိုပုဏ္ဏား.. အကျွန်ုပ်အား သင်နှင့်ရန်ငြိုး မရှိပါ၊ ကျီကျလည်း မရှိပါ၊ အကျွန်ုပ်သည် ကြွေးမြီဟောင်းကို ဆပ်ရပါ၏၊ ကြွေးမြီသစ်ကို ပေးရပါ၏၊ ဥစ္စာအိုးကိုလည်း မြှုပ်နှံရပါ၏"။

ဟု လူတို့ဘာသာစကားဖြင့် သာယာစွာ ပြောကြားလေ၏၊ထိုအခါ ပုဏ္ဏားသည် ကျေးမင်းစကားကို ကြားလျှင်—

"အမောင်ကျေးသား....အဘယ်ကို ကြွေးမြီဟောင်းဆပ်သည်ဆိုပါသနည်း၊ အဘယ်ကို ကြွေးမြီသစ်ပေးသည်ဆိုပါသနည်း၊ အဘယ်ကို ဥစ္စာအိုးမြှုပ်သည်ဆိုပါသနည်း၊ ရှင်းလင်းအောင် ပြောကြားပါ၊ ကျော့ကွင်းမှ လွှတ်ပါမည်"။

ဟု မေးမြန်းတောင်းပန်ပြန်၏။

**အသစ်ပေးမြန် အိုးမြှုပ်နှံ**

ထိုအခါ ကျေးမင်းသည် မိမိ ကြွေးဟောင်း ကြွေးသစ် မြှုပ်နှံမှုကို ပြောဆိုလို၍—

"အို-ပုဏ္ဏားး အကျွန်ုပ် ငယ်စဉ်က ကျွေးမွေး ခဲ့သော မိဘတို့အား အိုမင်းသောအခါ တဘန် ပြန်၍ ကျွေးမွေးခြင်းကို ကြွေးမြီဟောင်း ဆပ်သည် ဟု ဆိုပါသည်"။

"အကျွန်ုပ် အိုမင်းသောအခါ တဘန်ပြန်၍ ကျွေးမွေးစေရန် သားသမီးငယ်တို့အား ကျွေးမွေး ခြင်းကို ကြွေးမြီသစ်ပေးသည်ဟု ဆိုပါသည်"။

"အခြား အိုမင်း အားနည်းသော ကျေးတို့ အား ကျွေးမွေးခြင်းကို ဥစ္စာအိုးကို မြှုပ်နှံသည် ဟု ဆိုပါသည်"။

ဟု ရှင်းလင်းအောင် ပြောကြားလေ၏။

**လွန်စွာကြည်ညို ကျေးမင်းကို**

ပုဏ္ဏားသည် ကျေးမင်း၏ တရားစကား ကို ကြားရလျှင် အလွန် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍—

"အချင်းတို့.... ဤကျေးငှက်ကား ကောင်းစွ တကား၊ ဤကျေးငှက်ကား မြတ်သော တရားကို ကျင့်စွတကား၊ ဤကျေးငှက်ကျင့်သော တရားသည် လူအချို့တို့၌ မရှိပေ"။

"အမောင်ကျေးသား.... အလုံးစုံသော ဆွေ မျိုးတို့နှင့်တကွ အလိုရှိတိုင်း သလေးစပါးကို စား ပါလော"။

"အမောင်ကျေးသား.... နောက်ထပ် တဘန်

လည်း တွေ့မြင်လိုပါ၏၊ ငါသည်သင့်အား တွေ့မြင်ခြင်းကို နှစ်သက်မြတ်နိုးပါ၏”။

ဟု ချီးကျူးတောင်းပန်ပြီးလျှင် ချစ်လှသော သားကဲ့သို့ နူးညံ့သော စိတ်ဖြင့်ကြည့်ရှုလျက် ခြေမှ အနှောင်အဖွဲ့ကို ဖြေ၍အကြိမ်တရာချက်အပ်သော ဆီဖြင့် ခြေတို့ကို နှိပ်နယ်ပြီးလျှင် ရွှေအင်းပျဉ်၌နေစေ၍ ရွှေခွက်၌ ပျားပေါက်ပေါက်တို့ကို စားစေ၍ သကာရည်ကို သောက်စေ၏။

**ကျေးမင်း ဆုံးမ ဝမ်းမြောက်ကြ**

ထိုနောက် ကျေးမင်းသည် လယ်ရှင်ပုဏ္ဏားအား ကောင်းမှု ကုသိုလ်ပြုရန် တိုက်တွန်းပြန်လို၍–

“အို-ပုဏ္ဏား…. သင်၏နေရာ သင်၏အထံ၌ ငါတို့အား နေ့ည၌တို့၌ စားအိမ် သောက်အိမ် ဖြစ်ခဲ့ပြီ၊ ချအပ်ပြီးသော လက်နက် ရှိကုန်သော ရဟန်း ပုဏ္ဏားတို့၌ အလှူကိုပေးလှူပါလော့၊ အိုမင်းသော မိဘတို့ကိုလည်း ကျွေးမွေးပါလော့”။

ဟု ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ရန် အဆုံးအမ ပေးလေ၏၊ ပုဏ္ဏားသည် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍–

“အချင်းတို့…. ငါ့အားယနေ့ ကြက်သရေရှိစွတကား၊ ငါသည် ငှက်တကာတို့တွင် မြတ်လှသော ကျေးမင်းကို ဖူးမြင်ရပေ၏၊ ငါသည် ကျေးမင်း၏ ကောင်းစွာဟောသော တရားစကားတို့ကို ကြားနာရ၍ များစွာသော ကုသိုလ် ကောင်းမှုတို့ကို ပြုတော့အံ့”။

ဟု ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူးလေ၏။

နယ်စားပေးကြ ဝမ်းမြောက်လှ

ကျေးမင်းလည်း မိမိအား ပေးသော ပယ်တထောင်ရှိသော လယ်ကို စွန့်ပယ်၍ ရှစ်ပယ်မျှသော လယ်ကိုသာ ယူ၏၊ ပုဏ္ဏားလည်း မှတ်တိုင်စိုက်လျက် ကျေးမင်းအား လယ်ကို အပ်နှင်း၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြီးလျှင် အရှင်ကျေးမင်း သွားပါလော့၊ ငိုကြွေးနေသော မိဘအိုတို့ကို နှစ်သိမ့်စေပါလော့ ဟု ပြောဆို၍ လွှတ်လေ၏၊ ကျေးမင်းလည်း သလေးနှံတို့ကို ယူဆောင်ကာ မိဘတို့ရှေ့၌ ချ၍ ကျွေးမွေးလေ၏၊ မိဘအိုတို့လည်း အလွန် ရွှင်လန်းကုန်လျက် ထကြကုန်၏၊ ကျေးအပေါင်းတို့လည်း စည်းဝေးကုန်လျက် လွတ်မြောက်လာသော အကြောင်းကို မေးမြန်းကြကုန်၏၊ ကျေးမင်းလည်း အကြောင်းစုံကို အကျယ်တဝင့် ပြောကြားလေ၏။

ကောသိယ ပုဏ္ဏားလည်း ကျေးမင်းဆုံးမသော တရားစကားကို ကြားနာရသောအခါမှစ၍ တရားစောင့်သော ရဟန်း ပုဏ္ဏားတို့အား ကြီးစွာသော အလှူကို ဖြစ်စေ၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည့်အဆုံး၌ မိဘတို့ကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကျေးအပေါင်းသည်-ယခုအခါ ဘုရားပရိသတ်။

※ မိဘတို့သည်-မြတ်သော မင်းမျိုးတို့။
※ လယ်စောင့် ယောကျ်ားသည်-ဆန္ဒထေရ်။
※ ပုဏ္ဏားသည်- အာနန္ဒာ။
※ ကျေးမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) သားသမီးမွေး၊ ငယ်စဉ်ကျွေး၊ ကြွေးသစ်ချခြင်းသာ။
(၂) ကျေးဇူးဆပ်ပေး၊ မိဘကျွေး၊ ကြွေးဟောင်းဆပ်ခြင်းသာ။
(၃) အခြားသူသာ၊ ကျွေးမွေးရာ၊ ဥစ္စာမြှုပ်ခြင်းသာ။
(၄) ရှေးပညာရှင်၊ ဤသုံးအင်၊ အစဉ်ပြုကြရာ။

ကေဒါရဇာတ်ပြီး၏။

---

# ၄၇၅-စန္ဒကိန္နရီဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**ဘုရားတွေ့မြင် ငိုပွဲဆင်**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးပြီးလျှင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို သပိတ်တော်ယူစေ၍ အဂ္ဂသာဝကနှစ်ပါးတို့ကိုခေါ်ကာ ရာဟုလာမယ်တော်၏ နေရာအဆောင်တော်သို့ ကြွတော်မူ၏။

ထိုအခါ ရာဟုလာမယ်တော်သည် လေးသောင်းသော ကချေသည်မတို့နှင့် တထောင်ကိုးကျိပ်သော မင်းသမီးတို့

ခြံရံကာနေ၏၊ မြတ်စွာဘုရားကြွလာသည်ကိုသိ၍ အလုံးစုံသောမိန်းမတို့ကို ဖန်ရည်စွန်းသောအဝတ်ကို ဝတ်စေ၏၊ မြတ်စွာဘုရားသည် ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏၊ ထိုအခါ ရာဟုလာမယ်တော်အမှူးရှိသော အလုံးစုံသောမိန်းမတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလျှင် တပြိုင်နက် ငိုကြွေးကြကုန်၏။

**သားတော်ကျင့်မှု အတုပြ**

ခမည်းတော် မင်းကြီးသည် မြတ်စွာဘုရားအား"အရှင်ဘုရား.... အကျွန်ုပ်ချွေးမတော်သည် အရှင်ဘုရားတို့ဖန်ရည် စွန်းသော အဝတ်ကို ဝတ်သည်ဟုကြားလျှင် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၏၊ ပန်းပန်ခြင်းစသည်ကို စွန့်ပယ်သည်ဟုကြားလျှင် ပန်းပန်ခြင်းစသည်ကို စွန့်ပယ်၏၊ မြေ၌အိပ်သည်ဟုကြားလျှင် မြေ၌အိပ်၏၊ အရှင်ဘုရားတို့ ရဟန်းပြုသောကာလ၌ မုဆိုးမဖြစ်၍ မင်းတပါးတို့စေလွှတ်အပ်သော လက်ဆောင်ပဏ္ဏာကိုမယူ၊ မတွန့်သောစိတ်ရှိ၏ စသည်ဖြင့် ရာဟုလာမယ်တော်၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုလျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် "ခမည်းတော်မင်းကြီး... ရာဟုလာ မယ်တော်သည် ငါ၏ အဆုံးစွန်သောဘဝ၌ ချစ်ခြင်း, တွန့်တိုသောစိတ်မရှိခြင်း, သူတပါးတို့ဆောင်ယူခြင်းငှါ မတတ်နိုင်ခြင်းတို့ကား အံ့ဘွယ်မရှိသေး၊ ရှေးအခါ တိရစ္ဆာန်မျိုး၌ဖြစ်၍လည်း ငါ၌ ချစ်ခြင်း, တွန့်တိုသောစိတ်မရှိခြင်း, သူတပါးတို့ဆောင်ယူခြင်းငှါ မတတ်နိုင်ခြင်းတို့သည် ဖြစ်ခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ကိန္နရာမောင်နှံ ပျော်ရွှင်စံ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကိန္နရာမျိုး၌ဖြစ်၍ အမည်အားဖြင့် စန္ဒအမည်ရှိ၏၊ မယားကား စန္ဒာအမည်ရှိ၏၊ ထိုကိန္နရာဇနီး မောင်နှံတို့သည် စန္ဒမည်သော ရွှေတောင်၌နေကုန်၏။

ထိုအခါ ဗာရာဏသီမင်းသည် တိုင်းပြည်ကိုအမတ်တို့အား အပ်နှင်း၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီးလျှင်လက်နက်ငါးပါးကိုကိုင်စွဲလျက် တယောက်တည်းသာလျှင် ဟိမဝန္တာသို့ဝင်၏၊ ထိုမင်းသည် အမဲသားကိုရှာဖွေစားလျက် မြစ်ငယ်တခုသို့ လျှောက်ကာ မြစ်ညာသို့တက်၏။

**မောင်မယ်တစုံ ပျော်ရွှင်ပွဲ**

စန္ဒတောင်၌နေသော ကိန္နရာမောင်နှံတို့သည်မိုးတွင်းအချိန် တောင်အောက်သို့မဆင်းသက်ဘဲ တောင်ပေါ်၌သာနေကုန်၏၊ နွေအခါ တောင်ပေါ်မှ ဆင်းသက်ကြကုန်၏၊ စန္ဒကိန္နရာသည် စန္ဒကိန္နရီမနှင့်အတူ နံ့သာတို့ကိုလိမ်းကျံကာ ပန်းဝတ်မှုံတို့ကိုစား၍ ပန်းပုဆိုးတို့ကိုဝတ်ဆင်ပြီးလျှင် သာယာစွာ သီချင်းသီဆိုလျက် နွယ်ပုခက်တို့ကိုစီး၍ ကစားကြကုန်၏၊ တဖန်သွားကြပြန်ရာ မြစ်ငယ်၏ မြစ်ကွေ့တခုသို့ရောက်လျှင် ရေ၌ ပန်းတို့ကိုကြဲ၍ ရေကစားပြီးလျှင် ငွေပြားအဆင်းရှိသော သဲသောင်ပြင်၌ ပန်းမွေ့ရာခင်းလျက် ကိန္နရာဖိုက ဝါးလုံးကိုတီးကာ သီချင်းဆို၏၊ ကိန္နရာမက ကလေ၏။

ဂုန်စံပေါ်ချစ်ချင်း မြွားနှင့်ခွင်း

ထိုအခါ ဗာရာဏသီမင်းသည် ထိုကိန္နရာဖိုမတို့အသံကိုကြားလျှင် ခြေသံကိုမကြားစေဘဲ အသာသွားလျက် ခြုံတခုတွင်ပုန်းအောင်းကာ ကိန္နရာတို့ကိုမြင်လျှင် ကိန္နရီမ၌တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ကိန္နရာဖိုကိုပစ်သတ်ပြီးလျှင် ဤကိန္နရီမကို မယားပြုမည်ဟုကြံစည်လျက် လေးကိုတင်၍ ဆိပ်လူးမြှားဖြင့် ကိန္နရာဖိုကိုပစ်လေ၏။

ကိန္နရာမြှားမှန် သွေးလိမ်းကျံ

ထိုအခါ စန္ဒကိန္နရာသည် မြှားဒဏ်ဖြင့်လဲကာ ဆင်းရဲဝေဒနာသို့ ရောက်သည်ဖြစ်၍—

"အို-ရှင်မစန္ဒာ····သွေးတွေလိမ်းကျံသဖြင့် ဤငါ၏အသက်သည် သေလိမ့်ယောင်တကား၊ ယနေ့ငါ၏အသက်ကို စွန့်ရလိမ့်မည် အောက်မေ့၏၊ ငါ၏အသက်တို့သည် ချုပ်ငြိမ်းကုန်ယောင်တကား"

"ရှင်မစန္ဒာ···· ငါ၏အသက်သည် ဆုတ်နစ်ခဲ့၏၊ ငါ့အားဆင်းရဲလှ၏၊ နှလုံးသည်ပူလောင်လှ၏၊ ပင်ပန်းလှ၏၊ ထိုသို့ဆင်းရဲခြင်းကား- ငါနှင့်ကွဲကွာခြင်းကြောင့် စိုးရိမ်လတံ့သော သင် ရှင်မစန္ဒာကြောင့်ဖြစ်ရ၏၊ အခြားကြောင့်မဟုတ်"-

မြှားဒဏ်မှန်ချက် မယားတွက်

"ရှင်မစန္ဒာ···· ကျောက်ပူ၌ပစ်ချအပ်သော မြက်ပင်ကျူပင်ကဲ့သို့ ညှိုးခြောက်ရလတံ့၊ ရေမရှိသောမြစ်ကဲ့သို့ သွေ့ခြောက်ရလတံ့၊ ထိုသို့ဆင်းရဲခြင်းကား ငါနှင့်ကွဲကွာခြင်းကြောင့် စိုးရိမ်လတံ့သော သင်ရှင်မစန္ဒာကြောင့်ဖြစ်ရ၏၊ အခြားကြောင့်မဟုတ်"

"ရှင်မစန္ဒာ.... တောင်ခြေရင်းရှိ ရေအိုင်၌ အလျှဉ်မပြတ်ရွာသွန်းသောမိုးကဲ့သို့ ငါ့အားမျက်ရည်တို့သည် ယိုစီးကုန်၏၊ ထိုသို့ဆင်းရဲခြင်းကား ငါနှင့်ကွဲကွာခြင်းကြောင့် စိုးရိမ်လတံ့သော သင်ရှင်မစန္ဒာကြောင့်ဖြစ်ရ၏၊ အခြားကြောင့်မဟုတ်"— ဟု သနားကြင်နာ ငိုကြွေးမြည်တမ်းကာ ပန်းမွေ့ရာတွင်လျောင်းလျက်ပင် သတိလစ်၍ လူးလည်းလေ၏၊ မင်းကြီးလည်း ရပ်လျက်သာနေ၏။

**ကိန္နရာလူးလဲ မယားတွဲ**

စန္ဒကိန္နရီသည် မွေ့လျော်ကာမေ့လျော့နေသဖြင့် ချစ်လင်ကိန္နရာအား မြှားမှန်သည်ကို မသိလေ၊ မိန်းမောသဖြင့်လူးလည်း၍ အိပ်သည်ကိုမြင်ကာမှချစ်လင်အား အဘယ်သို့ဖြစ်လေသနည်းဟု စုံစမ်းလတ်သော် မြှားစူးသောအမာဝမှ ယိုထွက်နေသော သွေးတို့ကိုမြင်၍ လင်၌ဖြစ်သော စိုးရိမ်ပူဆွေးခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ သည်းထန်စွာသော အသံဖြင့် လှိုက်လှိုက်လှဲလှဲ ငိုကြွေးမြည်တမ်းလေ၏၊ ထိုအခါမင်းကြီးသည် ကိန္နရာဖို သေသည်ဖြစ်လိမ့်မည်ဟု ခြုံမှထွက်၍ ကိုယ်ကိုပြ၏။

**ချစ်လင်သေကွဲ မင်းကျိန်ဆဲ**

ကိန္နရီမလည်း ဗာရာဏသီမင်းကြီးကိုမြင်လျှင် ဤသူခိုးသည် ငါ၏ချစ်လှစွာသောလင်ကို ပစ်သတ်သည်ဖြစ်လတံ့ဟု ကြောက်ရွံ့တုန်လှုပ်လျက် ပြေးသွား၍ တောင်ထိပ်ပေါ်က နေပြီးလျှင်—

"ဟယ်-မင်းသား....သင်သည် ငါမှုဆိုးမဖြစ်ရစ်အောင် ငါ၏ချစ်လင်ကို တောင်ခြေရင်း၌ပစ်သတ်ဘိ၏၊ ငါ၏ချစ်လင်သည် မြှားစူးသည်ဖြစ်၍မြေ၌အိပ်ရ၏၊ ထို့ကြောင့်သင်သည် အလွန်ယုတ်မာလှ၏"-

"ဟယ်-မင်းသား....ကိန္နရာဖိုကို ရှုကြည့်သောငါ၏စိတ်နှလုံးသည်စိုးရိမ်ခြင်းဖြစ်ရ၏၊ ထိုစိတ်နှလုံးစိုးရိမ်ခြင်းကို နင့်အမေသည်ရပါစေ"—

"ဟယ်-မင်းသား....ကိန္နရာဖိုကို ရှုကြည့်သောငါ၏ စိတ်နှလုံးသည် စိုးရိမ်ခြင်းဖြစ်ရ၏၊ ထိုစိတ်နှလုံးစိုးရိမ်ခြင်းကို နင့်မယားသည် ရပါစေ"—

"ဟယ်-မင်းသား....သင်သည် ငါ့ကို အလိုရှိခြင်းကြောင့် အပြစ်မရှိသော ကိန္နရာဖိုကို ပစ်သတ်ဘိ၏၊ သင်၏အမိသည် သားနှင့်လင်ကို မမြင်ရပါစေ"—

"ဟယ်-မင်းသား.... သင်သည် ငါ့ကိုအလိုရှိခြင်းကြောင့် အပြစ်မရှိသော ကိန္နရာဖိုကို ပစ်သတ်ဘိ၏၊ သင်၏မယားသည် သားနှင့်လင်ကို မမြင်ရပါစေ"—

ဟုအဘန်ဘန်ကျိန်ဆဲလေ၏။

**ချစ်တင်းနှီးနှော မင်းသားပြော**

ဗာရာဏသီမင်းသည် ကျိန်ဆဲနေသော ကိန္နရီမကို မိမိ၏ အချစ်သဘောကိုနှီးနှောလိုသဖြင့်—

“ဒိုး-ရှင်မစန္ဒာ....သင်ကား တော၌ဖြစ်သော
ကြည်းပန်း,အောင်းမဲညိုပန်းနှင့် တူသော မျက်စိ
ရှိ၏၊ မငိုပါလင့်မစိုးရိမ်ပါလင့်၊ သင်သည် မင်းမျိုး
၌ နန်းတွင်းသူတို့ အကိုးကွယ်ခံရသော ငါ၏မယား
ဖြစ်ရလတံ့”—

ဟု ပြောဆိုနှစ်သိမ့်စေ၏၊ကိန္နရီမသည် မင်းကြီးစကား
ကိုကြားလျှင် လွန်စွာအမျက်ထွက်လျက်—

“ဟယ်-မင်းယုတ်....စင်စစ်ငါသည် သေတော့
အံ့၊ သင်သည်ငါ့ကို ကြိုက်နှစ်သက် ခြင်းကြောင့်
အပြစ်မရှိသော ငါ့လင်ကိန္နရာဖိုကို ပစ်သတ်ဘိ၏၊
ငါသည် သင်၏မယားဖြစ်လိမ့်မည်မဟုတ်”—

ဟုတင်းမာစွာ ခြသေ့်ဟောက်သကဲ့သို့ ပြောဆိုလေ၏။

**ကိန္နရီဆွယ်မရ ပြန်သွားကြ**

ထိုအခါ မင်းကြီးသည် ကိန္နရီမစကား
ကိုကြားလျှင်အလိုဆန္ဒမရှိတော့သဖြင့်-

‘‘ဟယ်-တိရစ္ဆာန်မ..နင်ကားအလွန်ကြောက်
သော သဘောရှိ၏၊ အလွန်အသက်ကို ချစ်ခင်၏၊
ပန်းညိုရွက် တောင်ဇလပ်ရွက်တို့ကို စားဘိ၏၊
သင်ကား ဟိမဝန္တာသို့သွားလေတော့၊ နင့်ကိုတ
ပါးသောသားတို့သည် မွေ့လျော်ကြကုန်လတံ့”—

ဟု ပြောဆိုပြီးလျှင် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ သွား
လေ၏။

**ချစ်လင်ပွေ့ဖက် ငိုကြွေးလျက်**

ထိုအခါ ကိန္နရာမသည် ဗာရာဏသီ
မင်းကြီး သွားသောအဖြစ်ကို သိ၍
တောင်ထိပ်မှ ဆင်းသက် ပြီးလျှင်

ချစ်လင်ကိန္နရာဖိုကို ပွေ့ပိုက်ကာ တောင်ထိပ်သို့တင်၍ ဦးခေါင်းကို မိမိပေါင်ပေါ်၌ထားကာ အိပ်စေပြီးလျှင်—

"အို—ချစ်လင်စန္ဒကိန္နရာ.... တော, တောင် ချောက်,လိုဏ်ဂူတို့သည် ထိုအရပ်မှာပင် တည်ရှိကြကုန်၏၊ ထိုနေရာတို့၌ ချစ်လင်ကို မမြင်ရသောငါသည် အဘယ်သို့ပြုရအံ့နည်း"—

"အို-ချစ်လင်.... သားရဲတို့မပြတ်လေ့ကျက်ရာ သစ်ရွက်အခင်းတို့သည် မွေ့လျော်ဘွယ် ရှိကုန်၏၊ ထိုအခင်းတို့၌ ချစ်လင်ကိုမမြင်ရသော ငါသည် အသို့ပြုရအံ့နည်း"—

**ချစ်လင်မတွေ့ မပျော်မွေ့**

"အို-ချစ်လင်....သားရဲတို့ မပြတ်လေ့ ကျက်အပ်သော ပန်းအခင်းတို့သည် မွေ့လျော်ဘွယ် ရှိကုန်၏၊ ထိုအခင်းတို့၌ ချစ်လင်ကို မမြင်ရသော ငါသည် အသို့ပြုရအံ့နည်း"—

"အို-ချစ်လင်.... ကြည်လင်၍ပန်းတို့ဖြင့် ပြွမ်းသော အယဉ်ရှိသော တောတောင် မြစ်တို့သည် စီးဆင်းကုန်၏၊ ထိုမြစ်တို့၌ချစ်လင်ကိုမမြင်ရသော ငါသည် အသို့ပြုရအံ့နည်း"—

"အို-ချစ်လင်....ပတ္တမြားညို့ဖြင့်ပြီးလျက်ရှုချင်စဘွယ်ကုန်သော ဟိမဝန္တာ တောင်ထွတ်တို့သည် တည်ရှိကုန်၏၊ထိုတောင်ထွတ်တို့၌ ချစ်လင်ကိုမမြင်ရသောငါသည် အသို့ပြုရအံ့နည်း"—

ချစ်သူကွေကွင်း စိုးရိမ်ခြင်း

"အို-ချစ်လင်....ရွှေဖြင့်ပြီးလျက်ရှုချင်စဘွယ် ရှိကုန်သော တောင်ထွတ်တို့သည်"—

"အို-ချစ်လင်.. မြင်းသီလာဖြင့်ပြီးလျက် ရှုချင်စဘွယ်ရှိကုန်သော တောင်ထွတ်တို့သည်"—

"အို-ချစ်လင်.... မြင့်မောက်သော အဖျားရှိလျက် ရှုချင်စဘွယ်၊ရှိကုန်သော တောင်ထွတ်တို့သည်"—

"အို-ချစ်လင်....ရွှေဖြင့်ပြီးလျက် ရှုချင်စဘွယ်ရှိသောတောင်ထွတ်တို့သည်"—

"အို-ချစ်လင်.. ရတနာခုနစ်ပါးဖြင့် ပြီးလျက် ရှုချင်စဘွယ် ရှိကုန်သော ဟိမဝန္တာတောင်ထွတ်တို့သည် တည်ရှိကုန်၏၊ထိုတောင်ထွတ်တို့၌ ချစ်လင်ကို မမြင်ရသောငါသည် အသို့ပြုရအံ့နည်း"—

ချစ်လင်ကွဲကွာ ပူဆွေးစွာ

"အို-ချစ်လင်.... ဘုမ္မစိုးနတ်တို့ မှီဝဲရာ ဆေးပင် တို့ဖြင့် ဖုံးလွှမ်း အပ်သော ဂန္ဓမာဒနတောင်၌ ချစ်လင်ကို မမြင်ရသောငါသည် အသို့ပြုရအံ့နည်း" —

"အို-ချစ်လင်....ကိန္နရာတို့မှီဝဲရာ ဆေးပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဂန္ဓမာဒနတောင်၌ ချစ်လင်ကို မမြင်ရသောငါသည် အသို့ပြုရအံ့နည်း"—

ဟုဖွဲ့နွဲ့ကာ ငိုကြွေးလေ၏၊ ဤသို့လျှင် စန္ဒကိန္နရီသည်

အမျိုးမျိုးငိုကြွေးပြီးလျှင် သတိကိုဖြစ်စေလျက် ကိန္နရာဖို၏ ရင်၌ လက်တင်၍ထားရာ ပူနွေးသောအဖြစ်ကိုသိလျှင်—

နတ်များတိုင်တယ် ကယ်မဘွယ်

ငါ၏ချစ်လင်သည်အသက်ရှင်ပါသေး၏ တကားဟု ဝမ်းမြောက် ဝမ်းသာဖြစ်လျက် လောကပါလနတ်များအား—

"အို-လောကပါလ နတ်အပေါင်းတို့.... သင်တို့သည် မရှိကြကုန်သလော၊ သို့တည်းမဟုတ် မေ့လျော့၍နေကြကုန်သလော၊ သို့တည်းမဟုတ် သေကုန်ကြပြီလော၊ ငါ၏ချစ်လင်ကို မစောင့်ဘဲနေကြကုန်သလော"—

ဟု သမာဒေဝနတ်ကောင်းနတ်မြတ်တို့ကို တိုင်ကြားပါသလေ၏။

ကိန္နရီသီလ သိကြားမ

ထိုအခါ ကိန္နရီမ၏ သောကအဟုန်ကြောင့် သိကြားမင်း၏ နေရာသည် ပူသောအခြင်းအရာကိုပြသဖြင့် ဆင်ခြင်လတ်သော် သိကြားမင်းသည် ထိုအကြောင်းကို သိလျှင် ပုဏ္ဏားအသွင်ဖြင့် လာလတ်၍ ကရားမှ ရေကို ယူပြီးလျှင် စန္ဒကိန္နရာဖိုကို သွန်းလောင်းလေ၏၊ ထိုခဏ၌လျှင် မြှားဆိပ်သည် ဆုတ်နစ်ကွယ်ပျောက်ကာ ပြေလေ၏၊ အမာလည်း အသားနုတက်၍လာ၏၊ မြှားစူးသောနေရာဟူ၍ပင် မထင်တော့ချေ၊ ကိန္နရာဖိုလည်း ချမ်းသာသည်ဖြစ်၍ အိပ်ရာမှထ၏၊ ကိန္နရီမလည်း ချစ်လင်ကို အနာရောဂါ ကင်းသည်ကိုမြင်လျှင် ဝမ်းမြောက် သည်ဖြစ်၍—

သိကြားဆုံးမနတ်ရွာကြွ

ကိန္နရီသည် သိကြားမင်းကို မိမိလင်သားချမ်းသာလာသည် အဖြစ်ကို ဝမ်းမြောက်ဝမ်းသာစွာရှိခိုးလျက်—

"အရှင်ပုဏ္ဏားမြတ်....အရှင်သည် ဆင်းရဲစွာအထီးကျန်သော အကျွန်ုပ်၏ ချစ်လင်ကို အမြိုက်ရေဖြင့် သွန်းလောင်းဘိ၏၊ အကျွန်ုပ်သည် ချစ်လှစွာသောလင်နှင့်တကွ ပေါင်းဘော်ရ၏၊ ထို့ကြောင့် အရှင်ပုဏ္ဏားမြတ်ကို ရှိခိုးပါ၏"—

ဟု-ကျေးဇူးစကား ပြောကြားချီးကျူးလေ၏၊ ထိုအခါ သိကြားမင်းသည် ကိန္နရာမောင်နှံတို့အား ဤနေ့မှစ၍ စန္ဒရွှေတောင်မှ သက်ဆင်းကာ လူတို့ခရီးသို့ မသွားကြလင့်၊ ဤတောင်၌သာ နေကြကုန် ဟု အဆုံးအမပေးပြီးလျှင် မိမိနေရာ တာဝတိံသာသို့ သွားလေ၏။

ကိန္နရာမောင်နှံတို့လည်း သိကြားမင်း၏ အဆုံးအမ၌ တည်လျက် အသက်ထက်ဆုံး စန္ဒရွှေတောင်၌သာ ပျော်ရွှင်စွာနေကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီမင်းသည်- ယခုအခါ ဒေဝဒတ်။

※ သိကြားမင်းသည်-အနုရုဒ္ဓါ။

※ စန္ဒကိန္နရီမသည်-ရာဟုလာမယ်တော်။
※ စန္ဒကိန္နရာဖိုသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မိန်းမမြတ်များ၊လင်၌ကား၊ ချစ်အားပိုသည်သာ။
(၂) မတွန့်မတို၊ စိတ်အလို၊ ပင်ကိုဖြောင့်စင်းရှာ။
(၃) ကြာခိုသူများ၊ သူ့ထံပါး၊ လားလားစိတ်မပါ။

စန္ဒကိန္နရီ ဇာတ်ပြီး၏။

---

## ၄၈၆—မဟာဥက္ကုသဇာတ်

### ပဥ္စပဏ္ဏာသ

**အကျိုးလိုလျက် မိတ်ကောင်းဖွဲ့**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးကောင်းသားတယောက်သည် အဆွေခင်ပွန်းကို စေလွှတ်၍ မထင်ရှားသော အမျိုးသမီးတယောက်ကို တောင်းစေ၏၊ ထိုအခါ အမျိုးသမီးသည် ထိုယောကျ်ားအား "အရှင်···ဖြစ်လာသော အမှုကိစ္စကို ဆောင်ရွက်ခြင်းငှါ စွမ်းနိုင်ပါသလော၊ အဆွေခင်ပွန်း အပေါင်းအဘော် ရှိပါသလော" ဟုမေး၏၊"ရှင်မ····မရှိပါ" ဟု ပြောသောအခါ "ထိုသို့ဖြစ်လျှင် အဆွေခင်ပွန်း အပေါင်းအဘော်ကိုရှာဦးလော"ဟု ပြောဆိုလိုက်၏။

ထိုအမျိုးကောင်း သားသည် မိန်းမ၏ အဆုံးအမ၌ တည်၍ ရှေးဦးစွာ တံခါးစောင့်လေးဦးနှင့် မိတ်ဖွဲ့၏၊နောက်

အစဉ်အတိုင်း မြို့စောင့်အမတ်ကြီးနှင့်၎င်း, စစ်သူကြီးနှင့်၎င်း, အိမ်ရှေ့မင်းနှင့်၎င်း, မင်းကြီးနှင့်၎င်း အဆွေခင်ပွန်းဖွဲ့ပြန်၏၊ ထိုနောက် ရှစ်ကျိပ်သော မဟာထေရ်တို့နှင့်၎င်း, ရှင်အာနန္ဒာနှင့်၎င်း, မြတ်စွာဘုရားနှင့်၎င်း မိတ်ဖွဲ့ပြန်၏၊ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသားကို သရဏဂုံ သီလ၌တည်စေ၏၊ မင်းကြီးသည်လည်း စည်းစိမ်ကို ပေး၏၊ ထိုအခါမှစ၍ သီတင်းသည်သည် မိတ္တဗန္ဓက ဟု ထင်ရှားလေ၏။

**မိတ်ကောင်းညွှန်ပြ အကျိုးထူးရ**

မင်းကြီးသည် မိတ္တဗန္ဓကအား ကြီးစွာသော အိမ်ကိုပေး၍ ထိမ်းမြားမင်္ဂလာကို ပြုစေ၏၊မင်းကြီးမှစ၍ လူအများတို့သည်လက်ဆောင်ကို ပို့လာကြကုန်၏၊ မယားသည် မင်းကြီးထံမှ လက်ဆောင်ကို အိမ်ရှေ့မင်းအား၊ အိမ်ရှေ့မင်းထံမှ လက်ဆောင်ကို စစ်သူကြီးအား ဤသို့စသည် ပေး၍ မြို့နေလူအလုံးစုံအား အဆွေခင်ပွန်းဖွဲ့၏၊ ခုနစ်ရက်မြောက်နေ့၌ ဘုရားအမှူးရှိသော သံဃာကိုပင့်ဘိတ်ကာ အလှူကြီးပေး၍ တရားတော်ကို နာရလျှင် လင်မယားနှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ထိုသီတင်းသည် လင်မယားတို့အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့…ဤမိတ္တဗန္ဓကသည် ယခုအခါ၌သာ မိန်းမကိုမှီ၍ စည်းစိမ်ကိုရသည် မဟုတ်၊ ရှေးအခါ တိရစ္ဆာန်ဖြစ်၍လည်း မိန်းမကိုမှီ၍ သားငယ်တို့အသက်ကို

ရဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သားကောင်များစွာ ပျော်မွေ့ရာ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ပစ္စန္တရစ်သား အချို့တို့သည် အမဲသားရရာအရပ်၌ ရွာတည်ကြပြီးလျှင် တော၌လှည့်လည်၍ ငါးအမဲကို ရှာဖွေကာ အသက်မွေးကုန်၏၊ထိုရွာအနီး၌အလိုလို ဖြစ်သော အိုင်ကြီးသည် ရှိလေ၏၊ ထိုအိုင်၏ တောင်အရပ်၌ စွန်ဖိုတကောင်သည်နေ၏၊ အနောက်အရပ်၌ စွန်မတကောင်သည် နေ၏၊ မြောက်အရပ်၌ ခြင်္သေ့မင်း နေ၏၊ အရှေ့အရပ်၌ ဝန်လိုငှက်သည်နေ၏၊ အိုင်၏အလယ်၌ လိပ်ကြီးသည်နေ၏။

**မိတ်ကောင်းရှာဖွေ အတူနေ**

ထိုအခါ စွန်ဖိုသည် စွန်မအား မယားပြုရန် ပြောဆို၏၊စွန်မသည် စွန်ဖိုအား ''အရှင်··အဆွေခင်ပွန်း ရှိ၏လော''ဟု မေး၏၊''ရှင်မ··မရှိပါ''ဟု ပြောသောအခါ ''အရှင်··ငါတို့၌ဖြစ်လာသော ဘေးရန်နှင့် ဆင်းရဲကို အဘယ်သူ ရွက်ဆောင်မည်နည်း၊ ကူညီမည့်အဆွေခင်ပွန်း အပေါင်းအဘော်ရခြင်းငှါ သင့်၏၊ အဆွေခင်ပွန်းဖွဲ့ဦးလော'' ဟု ပြော၏၊''ရှင်မ····အဘယ်သူတို့နှင့်အဆွေခင်ပွန်း ဖွဲ့ရမည်နည်း''ဟု မေး၏၊ ''အရှင်··အရှေ့အရပ်၌ နေသောဝန်လိုငှက်,မြောက်အရပ်၌နေသော ခြင်္သေ့မင်း, အိုင်အလယ်၌ နေသောလိပ်ကြီးတို့နှင့်အဆွေခင်ပွန်းဖွဲ့လော့၊ထိုအခါစွန်ဖို

သည် စွန်မစကားကို ဝန်ခံ၍ ဝန်လိုင်ကြက် ခြင်္သေ့မင်း လိပ်ကြီးတို့နှင့် အဆွေခင်ပွန်းဖွဲ့ပြီးလျှင် စွန်မနှင့် အတူတကွ ပေါင်းဘော်၍နေ၏။

**စွန်တို့သိုက်အောက် မှုဆိုးရောက်**

ထို စွန်နှစ်ကောင်တို့သည် အိုင်ကြီး၏ အလယ်၌ ကျွန်းငယ်တွင်ရှိသော ထိမ်ပင်၌ အသိုက်ပြု၍ နေကုန်၏၊ နောက်အတိုင်၌ စွန်ငယ်နှစ်ကောင်တို့ကို ဘွားမြင်ကုန်၏၊ အမွေး အတောင်မစုံမီ တနေ့သ၌ ဇနပုဒ်သားတို့သည် တနေ့လုံး လှည့်လည်သဖြင့် တစုံတခုကိုမျှ မရကြ၍ လက်ချည်း သက်သက်အိမ်သို့ ပြန်ရန်မသင့်၊ ငါးတို့နှင့် လိပ်တို့ကိုဖမ်းကြမည်ဟု အိုင်ကြီးသို့ ဆင်းသက်၍ ကျွန်းငယ်သို့ ရောက်လျှင် ထိမ်ပင်ရင်း၌ အိပ်ကုန်၏၊ မှက်ခြင်တို့ကိုက်ကုန်လတ်သော် မီးမွှေး၍ မီးခိုးကို ပြုလုပ်ကုန်၏။

**ဘေးကိုလွတ်ကြောင်း ကူညီတောင်း**

မီးခိုးတက်လတ်သော် စွန်ငယ်တို့သည် မြည်ကုန်၏၊ ဇနပုဒ်သားတို့သည် ငှက်သံကို ကြားလတ်သော် "အချင်းတို့.... ငှက်သံကြားရသည် ထကြကုန်လော၊ ဆာမွတ်ကုန်ပြီ၊ ငှက်သားကို စားပြီးမှ အိပ်ကုန်အံ့" ဟု ပြောဆို၍ မီးရှူးတို့ကို ပြုလုပ်ကုန်၏၊ စွန်မသည် လူတို့အသံကို ကြားလျှင် ဤလူတို့ကား သားငယ်တို့ကိုစားလိုကြသည်၊ ငါတို့မှာ ဤသို့ ဘေးမှလွတ်မြောက်နိုင်ရန် အဆွေခင်ပွန်းကို ဖွဲ့ရကုန်၏၊ သို့အတွက် လင်ကို ဝန်လိုင်ကြက်ထံစေလွှတ်မည်ဟု ကြံစည်ကာ—

"အရှင်.... ဇနပုဒ်သားမုဆိုးတို့သည် မီးရှူးတို့ကိုပြုလုပ်ကုန်၏၊ ငါတို့သားငယ်တို့ကိုစားလိုကုန်၏၊

အဆွေခင်ပွန်းတို့ကို ပြောဆိုချေလော့၊ ငါတို့သား
ငယ်တို့၏ ပျက်စီးခြင်းကိုပြောကြားချေလော့”

ဟု စေလွှတ်လေ၏၊ စွန်ဖိုလည်း လျင်မြန်သောအဟုန်ဖြင့် ဝန်လိုင်ှက်မင်းနေသော နေရာသို့သွား၍ လာသောအဖြစ်ကိုသိစေ၏၊ ဝန်လိုငှက်လည်း လာသောအကြောင်းကိုမေး၏၊ ထိုအခါ စွန်ဖိုသည်—

“အို-ဝန်လိုငှက်မင်း···· သင်ကား ငှက်တို့တွင်
မြတ်သောငှက်တည်း၊ အကျွန်ုပ်သည် သင်ငှက်
မင်းကို ကိုးကွယ်ဆည်းကပ်ပါ၏၊ ဇနပုဒ်သားမုဆိုး
တို့သည် အကျွန်ုပ်၏သားငယ်တို့ကို စားလိုကုန်၏၊
သင်ငှက်မင်းသည် အကျွန်ုပ်အား ချမ်းသာအောင်
ပြုလုပ်ပါ”—

ဟု အကြောင်းကိုပြောကြား၍ တောင်းပန်လေ၏။

**မိတ်ဆွေစစ်ရေး ကူညီပေး**

ထိုအခါ ဝန်လိုငှက်မင်းသည် စွန်ဖိုပြောကြားသော စကားကို ဆင်ခြင်လျက်သွားလော့ အကျွန်ုပ်လာပါမည် ဟုဆိုလျက်-

“အဆွေစွန်···· ပညာရှိတို့သည် အခါဟုတ်
သည်, မဟုတ်သည်၌ ချမ်းသာကိုရှာမှီးကုန်လျက်
အဆွေခင်ပွန်း အပေါင်းအဖော်ကို ဖွဲ့ကြကုန်၏၊
စင်စစ် မြတ်သော အကျင့်ရှိသောသူသည် မြတ်
သော အကျင့်ရှိသောသူ၏ကိစ္စကိုပြုလုပ်မြဲဖြစ်၏”-

ဟု ပြောဆိုကာ စွန်ကိုနှစ်သိမ့်စေပြီးလျှင် “အဆွေ··· ဇနပုဒ်သားမုဆိုးတို့ သစ်ပင်သို့ တက်ကြကုန်ပြီလော”ဟု



P. ၂၈၀ အဆွေစွန်၏သားငယ်များကို ကယ်ဆယ်ရန် ဇနပုဒ်သား၏မီးရှူးတိုင်ကို ဝံလိုင်ငှက် ရေဖြင့်ငုံထွေးနေပုံ

မေး၏၊ "အရှင်....မတက်ကြကုန်သေး၊ မိးရှူးကိုပြုလုပ်ကြကုန်ပြီ" ဟု ပြော၏၊ "အဆွေ.... သွားချေ၊ ငါလာကြောင်းကို အဆွေခင်ပွန်းမကို ပြောကြားချေ"ဟု လွှတ်လိုက်၏၊စွန်လည်း စွန်မအားပြောကြား၏၊ ဝန်လိုငှက်မင်းလည်းလာလတ်၍ ထိမ်ပင်၏အနီးဖြစ်သော သစ်ပင်တွင်နားလျက် ဇနပုဒ်သားမုဆိုးတို့တက်သည်ကိုကြည့်ရှုကာနေ၏၊ ထိုအခိုက် ဇနပုဒ်သားတယောက်သည် မိးရှူးကိုကိုင်၍ထိမ်ပင်သို့တက်ရာ စွန်သိုက်အနီးသို့ရောက်လျှင် အိုင်သို့ငုတ်ကာ အတောင်နှုတ်သီးတို့ဖြင့် ရေကိုယူ၍ မိးရှူးပေါ်၌လောင်း၏၊ မိးရှူးလည်းငြိမ်းလေ၏၊ ဇနပုဒ်သားသည်ဤဝန်လိုငှက်နှင့် စွန်ငယ်တို့ကိုစားမည်ဟု အောက်သို့ဆင်းသက်၍ မိးရှူးကိုညှိကာ တဖန်တက်ပြန်၏၊ ဝန်လိုငှက်မင်းသည် တဖန်ငြိမ်းစေပြန်၏၊ ဤသို့သောနည်းဖြင့် မိးရှူးကိုညှိလိုက်၊ ငြိမ်းလိုက်နှင့် ပြုလုပ်လာရာ သန်းခေါင်ယံသို့ရောက်လေ၏၊ ဝန်လိုငှက်သည် အလွန်ပင်ပန်း၏၊ ရင်မွေးတို့သည်ကျွတ်ကုန်၏၊ မျက်စိတို့လည်း နီကုန်၏။

**အသက်စွန့်ကာကွယ်ရှာ**

ထိုအခါစွန်မသည် "အရှင်.... ဝန်လိုငှက်မင်းသည် အလွန် ပင်ပန်းလှပြီ၊ အတန်ငယ် အပန်းဖြေပါစေ၊ လိပ်ကြီးထံသွား၍ ပြောကြားပါ"ဟု စေခိုင်းပြန်၏၊ စွန်ဖိုလည်းစွန်မစကားကိုကြားလျှင် ဝန်လိုငှက်မင်းထံကပ်၍—

"အရှင်.... မြတ်သောအကျင့်ရှိသော ငါ့အားအမှုကိစ္စဖြစ်လာ၏၊ ထိုအမှုကိစ္စကို မြတ်သောအကျင့်ရှိသောသင်သည် အစဉ်သနားသဖြင့် ပြုလုပ်

အပ်ပေပြီ၊ မိမိကိုယ်ကို စောင့်ရှောက်တော်မူပါ
မပင်ပန်းပါစေလင့်၊ သင်အသက်ရှည်သည့်ရှိသော်
သားငယ်တို့ကိုရကုန်လတံ့”—

ဟု ခေတ္တအနားယူရန် တောင်းပန်၏၊ ဝန်လိုဌက်သည်
စွန်မိုစကားကိုကြားလျှင်—

“အဆွေစွန်…. အစောင့်အရှောက်ကို ပြုလုပ်
သောငါသည် ခန္ဓာကိုယ်ပျက်စီးသော်လည်း မပင်
ပန်းပါ၊ စင်စစ် အချို့အဆွေခင်ပွန်းတို့သည် အ
သက်ကိုစွန့်ကုန်လျက် အဆွေခင်ပွန်း၏အမှုကိစ္စကို
ပြုလုပ်ကုန်၏၊ ဤအလေ့အကျင့်သည် သူတော်
ကောင်းတို့ အလေ့အကျင့်တည်း”—

ဟု ခြင်္သေ့မင်း၏ ကျူးရင့်သံကဲ့သို့ ကျူးရင့်ပြောဆို
လေ၏။

**လိပ်ကိုတဖန် တောင်းပန်ပြန်**

ထိုနောက်စွန်သည် ဝန်လိုဌက်မင်းအား အတန်ငယ်အပန်းဖြေလောဟု တောင်းပန်ပြီးလျှင် လိပ်ကြီးထံသွား၍—

“အဆွေလိပ်…. အချို့သူတို့သည် စည်းစိမ်
ဥစ္စာ အခြံအရံပျက်စီးသော်ငင်း,မိမိအမှုချွတ်ချော်
သော်ငင်း အဆွေခင်ပွန်းတို့အား သနားခြင်း၅
တည်ရှိကုန်၏၊ ငါ၏သားငယ်တို့သည် ကြင်နာကုန်
၏၊ သို့အတွက် အဆွေလိပ်ကို ကိုးကွယ်ရာတခုပြု
၍ လာခဲ့ပါ၏၊ အကျွန်ုပ်အကျိုးစီးပွားကို ကျင့်
ပါလော့”—

ဟုအဖြစ်အပျက်အလုံးစုံကို ပြောကြားပြီးလျှင် တောင်း
ပန်ပြန်၏၊ ထိုစကားကိုကြားလျှင် လိပ်သည်—

"အဆွေစွန်…. ပညာရှိတို့သည် ဥစ္စာဖြင့်ရင်း, စပါးဖြင့်ရင်း,ကိုယ်ဖြင့်ရင်း အဆွေခင်ပွန်းအပေါင်း အဘော်ဖွဲ့ကြကုန်၏၊ ငါသည် သင်၏အမှုကိစ္စကို ပြုလုပ်ပါမည်၊ စင်စစ် မြတ်သောအကျင့်ရှိသော သူသည် မြတ်သောအကျင့်ရှိသောသူ၏ အမှုကိစ္စ ကို ပြုလုပ်မြဲဖြစ်၏"—

ဟု ပြောဆိုဝန်ခံ၏။

**လိပ်ကြီးဆင်ခြင်ပရိယာယ်ထွင်**

ထိုအခါ လိပ်ကြီး၏သားသည် အနီး၌ ဝပ်နေခိုက်ကြားလျှင် ငါ့အဘ မပင်ပန်းစေသတည်း၊ ငါသည် အဘ၏ အမှုကိစ္စကိုပြုမည်ဟု ကြံစည်လျက်—

"အို- ဘခင်….သင်ဘခင်သည် ကြောင့်ကြမဲ့ နေပါ၊သားသည် အဘ၏အကျိုးစီးပွါးကို ကျင့်ရမြဲ ဖြစ်၏၊ အကျွန်ုပ်သည် စွန်၏သားငယ်တို့ကို ကယ် တင်လျက် ဘခင်၏အကျိုးစီးပွါးကို ကျင့်ပါမည်"—

ဟု အဘ၏ကိုယ်စား ဆောင်ရွက်ရန်ဝန်ခံလေ၏၊ ထို အခါ အဘလိပ်ကြီးသည်—

"ချစ်သား…. စင်စစ်လျှင် သားတို့မည်သည် အဘ၏အကျိုးစီးပွါးကို ကျင့်ရမြဲဖြစ်၏၊ ဤသို့ကျင့် ခြင်းသည် သူတော်ကောင်းတို့ သဘောတည်း၊ ကြီးသောကိုယ်ရှိသော ငါ့ကိုမြင်လျှင် ဇနပုဒ်သား တို့သည် စွန်၏သားငယ်တို့ကို လွှတ်ကြပေလိမ့် မည်"—

ဟု ကိုယ်တိုင်ဆောင်ရွက်ခြင်းအကြောင်းကို ပြောဆိုပြီး

လျှင် စွန်အား "အဆွေစွန်….မကြောက်လင့် သွားလော့၊ ငါယခုပင်လိုက်လာမည်"ပြော၍ လွှတ်လိုက်၏။

**မှုဆိုးများလောဘ ဆုံးရှုံးကြ**

ထို့နောက် လိပ်ကြီးသည် ရေ၌ကူး၍ ညွန်, မှော်တို့ကိုဆွဲငင်၍ယူကာ ကျွန်း ငယ်သို့ သွားပြီးလျှင် မီးပေါ်၌ဝပ်၏၊ မီးသည်ငြိမ်းလေ၏၊ ထိုအခါ ဇနပုဒ်သားတို့သည် ငါတို့အား စွန်ငယ်တို့ဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ လိပ်ကြီးကို လှိမ့်၍သတ်ကြမည်၊ ငါတို့ အလုံးစုံစားလောက်လိမ့်မည် ဟု နွယ်တို့ဖြင့်၎င်း, ဝတ်သောပုဆိုးတို့ဖြင့်၎င်း လိပ်ကြီးကို ချီတုပ်ကာ မြဲမြဲကိုင်ထားကြကုန်၏၊ လိပ်ကြီးသည် ရေသို့ ဆင်းသက်ကာ ရေနက်ရာသို့ ရုန်းကန်၍သွားလေ၏၊ဇနပုဒ် သားတို့လည်း လိပ်ကြီးဆွဲရာ ရေနက်သို့ရောက်ကြကုန်၏၊ လောဘဇောဖြင့် ဆွဲငင်ပါသော်လည်း မရကုန်၊ ဝမ်းဗိုက်၌ ရေပြည့်လျက် ပုဆိုးဆုံးကြကုန်၏။

အလွှန်ပင်ပန်းကြသဖြင့် တဘန်ကျွန်းပေါ်သို့ တက် ပြီးလျှင်"အချင်းတို့…. ဝန်လို၄က်သည် သန်းခေါင်ယံတိုင် အောင် ငါတို့မီးရှူးတို့ကို ငြိမ်းစေပြီ၊ ယခုလည်း လိပ်ကြီး သည် ရေထဲသို့ဆောင်ယူကာ ဝမ်းကိုရေပြည့်ရုံမက ပုဆိုး တို့ပါ ဆုံးပါစေပြီ၊ အရုဏ်တက်လတ်သော် ဤ၄က်ငယ် တို့ကိုစားမည်ဟု တဘန်မီးရှူးကိုညှိကြပြန်၏။

**ခြသေ့ဂူမှ ထွက်ပြေးရ**

ထိုအခါ စွန်မသည်"အရှင်…. ဤဇန ပုဒ်သားတို့သည် ငါတို့သားငယ်တို့ကို စားရန် ကြိုးစားကြပြန်ပြီ၊ ခြသေ့မင်း ထံသွား၍ တောင်းပန်ချေဦးလော့-ဟု လွှတ်လိုက်ပြန်၏၊ စွန်ဖိုလည်း အမြန် ခြသေ့မင်းထံသွား၍—

"သားတို့ထက် ဝီရိယဖြင့် မြတ်သော ခြင်္သေ့မင်း····သားတို့နှင့် လူတို့သည် ဘေးဖြင့်နှိပ်စက်ကုန်သည်ရှိသော် မြတ်သောသူကို ဆည်းကပ်ကြရကုန်၏၊ အကျွန်ုပ်သားငယ်တို့သည် ကြင်နာကုန်၏၊ ဤအတွက် ခြင်္သေ့မင်းကို ကိုးကွယ်ရာပြု၍လာခဲ့ပါ၏၊ သင်ကား ကျွန်ုပ်တို့၏ မင်းဖြစ် ပါ၏၊ အကျွန်ုပ်အား ချမ်းသာအောင်ဆောင်ရွက်ပါ"–

ဟုခြင်္သေ့မင်းအား တောင်းပန်ပြန်၏၊ ထိုအခါခြင်္သေ့မင်းသည်–

"အဆွေစွန်···· သင်၏ အမှုကိစ္စကို ငါသည်ဆောင်ရွက်မည်၊ သင်၏ရန်သူကို သတ်ဖြတ်ရန်သွားအံ့၊ ရန်သူကိုသတ်ဖြတ်ခြင်းငှါ စွမ်းနိုင်၍ မိမိအဆွေခင်ပွန်းအား ဘေးရန်ဖြစ်လာသည်ကို သိသောပညာရှိသည် အဆွေခင်ပွန်းအား စောင့်ရှောက်ခြင်းငှါ အဘယ်ကြောင့် အားမထုတ်ဘဲရှိအံ့နည်း"–

ဟုအားပေးစကား ပြောကြားပြီးလျှင်"အဆွေစွန်····သင်သွားလော၊ သားငယ်တို့ကို နှစ်သိမ့်စေလော့"ဟု စေလွှတ်ပြီးလျှင် ခြင်္သေ့မင်းသည် ရေကိုဖြတ်၍လိုက်လေ၏။

**ရန်အောင်မြင်ကြဆိုဆုံးမ**

ဇနပုဒ်သားတို့သည် ခြင်္သေ့မင်း လာသည်ကိုမြင်လျှင် "အချင်းတို့····ရှေးဦးစွာ ဝန်လိုင်ငှက်သည် မီးရှူးတိုင်တို့ကို ငြိမ်းစေပြီ၊ နောက်လိပ်ကြီးသည် ဝမ်းဗိုက်ဝအောင် ပုဆိုး

ဆုံးအောင် ပြုလုပ်ပြီ၊ ယခုလည်း ခြင်္သေ့မင်းလာပြန်ပြီ၊ မုချငါတို့သေရလတံ့ဟု ကြောက်ရွံ့ကြသဖြင့် တော်မိတော်ရာ ဒလကြမ်းပြေးကြကုန်၏။

ခြင်္သေ့မင်းသည် လာလတ်၍ သစ်ပင်ရင်း၌ တစုံတခုကိုမျှ မမြင်ရတော့ချေ၊ ထိုအခါ ဝန်လိုငှက်, လိပ်နှင့်စွန်တို့သည် အနီးသို့ကပ်၍ ခစားကုန်၏၊ ခြင်္သေ့မင်းသည် ဝန်လိုငှက်,လိပ်,စွန်တို့အား အဆွေခင်ပွန်းတို့၏ အကျိုးဆက်ကို ဟောပြောပြီးလျှင် "အဆွေတို့····ဤနေ့မှစ၍ အဆွေခင်ပွန်းသဘောကို မဖျက်ကြကုန်လင့်၊ မမေ့မလျော့နေကြကုန်"ဟု အဆုံးအမပေးကာ ဘဲသွားလေ၏၊ ဝန်လိုငှက်,လိပ်,စွန်တို့လည်း မိမိတို့နေရာသို့ပြန်ကြကုန်၏။

**သားငယ်များရှုကာ ဝမ်းမြောက်စွာ** စွန်မလည်းသားငယ်တို့ကိုကြည့်ရှုလျက် အဆွေခင်ပွန်းတို့ကို အမှီပြု၍ ငါ့သားငယ်တို့ အသက်ကို ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာစွန်ဖိုအား ပြောကြားလျက်—

"အရှင်···· ချမ်းသာသုခရရန် အဆွေခင်ပွန်းအပေါင်းအဘော်တို့ကို ဖွဲ့စည်းရာ၏၊ အရှင်ရှိသည်ကိုလည်းပြုရာ၏ ၊ ချပ်မိန်ညှိဝတ်သော သူတို့သည် မြှားတို့ကို နှိမ်နှင်း၍ ဝမ်းမြောက် ကုန်သကဲ့သို့ ငါတို့သည် သားငယ်တို့နှင့် အတူနေရသဖြင့် ဝမ်းမြောက်ပါကုန်၏"။

"အရှင်···· မိမိ၏အဆွေခင်ပွန်းဖြစ်၍ မပြေးမဆုတ်သောအဆွေခင်ပွန်း၏ အမှုကြောင့်မြည်တွန်

သောသင့်ကို သားငယ်သို့သည် နှလုံးသို့ဝင်သော အသံကို မြွက်ဆိုကာ အတူပြု၍ မြည်ကြကုန်၏"။

"အရှင်.... ပညာရှိသည် အဆွေ ခင်ပွန်း အပေါင်းအဘော်ကိုရ၍သော ချေလေးချောင်း ရှိသောအမျိုးနှင့် ဥစ္စာတို့ကိုရ၍ နှစ်သက်ရ၏၊ငါသည်လည်း အဆွေခင်ပွန်းတို့သနားခြင်းကြောင့် သား, လင်တို့နှင့်ပြည့်စုံစွာနေရ၏"။

**မိတ်ကောင်းကူရာ အောင်မြင်စွာ**

"အရှင်....မင်းဟူသော အဆွေခင်ပွန်း ရှိသောသူ, ရဲရင့်သော အဆွေခင်ပွန်း ရှိသော သူတို့သည် အကျိုးစီးပွားကို ပြည့်စုံစေနိုင်၏၊ ထိုသူတို့သည် အဆွေခင်ပွန်း၏ အကျင့်နှင့် ပြည့်စုံသောသူအားဖြစ်ကုန်၏၊ဤလောကဤ အဆွေခင်ပွန်းရှိခြင်း, အခြံအရံရှိခြင်း, ဂုဏ်ကြက်သရေတို့ဖြင့် တိုးတက်ခြင်းရှိသော သူသည် မွေ့လျော်ရ၏။

"အရှင်.... သူဆင်းရဲသည်လည်း အဆွေခင်ပွန်းကို ဖွဲ့ရာ၏၊ ကြည့်ရှုပါ၊ အဆွေခင်ပွန်း တို့၏ သနားခြင်းကြောင့် ငါတို့သည်သားတို့နှင့် အညီအညွတ်ဖြစ်ရကုန်၏"။

"အရှင်....ငါနှင့် သင်သည် ချမ်းသာသကဲ့သို့ ထို့အတူ ရဲရင့်အားရှိသောသူနှင့် အဆွေခင်ပွန်းပြုလုပ်ပေသော ဝန်လိုငှက်မင်းလည်း ချမ်းသာပါစေ"။

ဟု အဆွေခင်ပွန်းတို့၌ ကျင့်ခြင်း၏ ကျေးဇူးစကားကို ပြောကြားလေ၏၊ ထိုအဆွေခင်ပွန်းတို့သည် အသက်ထက်

ဆုံး အဆွေခင်ပွန်းသဘောကို မဖျက်ကုန်ဘဲ တည်ကုန်လျက် သေလွန်သောအခါ ကံအားလျော်စွာ လားကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ စွန်ဖိုစွန်မတို့သည်- ယခုအခါ သီတင်းသည်လင်မယား။

※ သားလိပ်ငယ်သည်-ရာဟုလာ။

※ အဘလိပ်ကြီးသည်-မောဂ္ဂလာန်။

※ ဝန်လို့ငှက်သည်- သာရိပုတ္တရာ။

※ ခြင်္သေ့မင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ယုတ်,လတ်,မြတ်ပေ၊ ဤသုံးထွေ၊ အဆွေဖွဲ့ကြရာ။

(၂) ဘေးရန်လွတ်ကင်း၊ ချမ်းသာခြင်း၊ ဆွေရင်းရှိ၍သာ။

(၃) အဆွေ နီး,ဝေး၊ ရောက်သည့်ဘေး၊သက်ပေးဆောင်ရွက်ရာ။

(၄) အဆွေကျင့်ထုံး၊ ဝတ်အားလုံး၊ သက်ဆုံးကျင့်ကြရာ၊

(၅) သား,မြေးမပျက်၊ နောင်ဆက်ဆက်၊ နှစ်သက်ပေါင်းသင်းရာ။

မဟာဥက္ကုသဇာတ် ပြီး၏။

# ၄၈၇။ ဥဒ္ဒါလကဇာတ်

## ပစ္စုပ္ပန်ဝတ္ထု။

**အံ့ဘွယ်ဖြစ်အောင် အယောင်ဆောင်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ဥယျာဉ်ထွက်သွား ပျော်မယား**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားဖြစ်လေ၏၊ လိမ်မာ၏၊ ပညာရှိ၏၊ ထိုပုရောဟိတ်သည် တနေ့သ၌ဥယျာဉ်ကစားသွားသည်ရှိသော် အလွန်အဆင်းလှသော ပြည့်တန်ဆာမတယောက်ကို မြင်လျှင် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ထိုပြည့်တန်ဆာမနှင့်တကွ ပေါင်းဘော်လေ၏၊ ထိုခဏ၌ ကိုယ်ဝန်တည်လေ၏။

ပြည့်တန်ဆာမသည် ကိုယ်ဝန်တည်သော အဖြစ်ကို သိလျှင် ပုရောဟိတ်အား “အရှင်....ကိုယ်ဝန်တည်ခဲ့ပြီ၊ ဘွားမြင်သောအခါအဘယ်သို့ အမည်မှည့်ရအံ့နည်း” ဟုမေး၏၊ ပုရောဟိတ်သည် “ကျွန်မဝမ်း၌ဖြစ်သောကြောင့် အမျိုး၏ အမည်ကို မှည့်ခြင်းငှါ မတတ်ကောင်း” ဟု ကြံစည်၍ လေတိုက်ခတ်သောသစ်ပင်ကိုစွဲ၍ “ရှင်မ....ဥဒ္ဒါလက-ဟု မှည့်

လေ''ဟု ပြောဆိုပြီးလျှင် လက်စွပ်ကိုပေး၍ သမီးမွေးလျှင် ဤလက်စွပ်ကိုရောင်း၍ ကျွေးမွေးလော့၊ သားမွေးလျှင် အရွယ်ရောက်သောအခါ လက်စွပ်နှင့်တကွ ငါ့ထံလာ၍ ပြလော့''ဟု မှာထားလေ၏။

**သားငယ်ဖွားမြင် ပညာသင်**

နောက်အဘို့၌ ပြည့်တန်ဆာ မသည် သားယောကျ်ားဘွားမြင်၏၊ အဘပေးထားသော အမည်အတိုင်း ဥဒ္ဒါလက ဟု မှည့်၏၊ ဥဒ္ဒါလက သတို့သားသည် အရွယ်သို့ ရောက်လတ်သော် မိခင်အားအဘကိုမေးသည်ရှိသော် ပုရောဟိတ်ဖြစ်ကြောင်းပြောကြားသဖြင့် ပုရောဟိတ်ဖြစ်လျှင် ဗေဒင်ကို သင်မည်ဟု ပြောဆို၍ အမိထံမှ လက်စွပ်နှင့် ဆရာအဘိုးကိုတောင်းပြီးလျှင် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ သွား၍ အတတ်ပညာ သင်ကြား၏၊ တတ်မြောက်လျှင် ဆရာကို ခွင့်ပန်၍သွားပြန်ရာ တခုသောအရပ်၌ ရသေ့တို့ကိုမြင်လျှင် ''ဤသူတို့ကား မြတ်သောအတတ်ပညာကို တတ်မြောက်ကြပေလိမ့်မည်၊ ထိုသူတို့ထံ အတတ်ပညာကိုသင်ယူဦးမည်ဟု ကြံစည်လျက် ရသေ့ရဟန်းပြု၍ ဝတ်ကြီးဝတ်ငယ်ကိုပြုကာ ရသေ့တို့ထံအတတ်ပညာ သင်ကြားရန် တောင်းပန်၏၊ ရသေ့တို့လည်း မိမိတို့တတ်သော အတတ်ပညာတို့ကို သင်ပေးကြကုန်၏၊ထိုအခါ ဥဒ္ဒါလက ရသေ့သည် ရသေ့ငါးရာတို့တွင် ပညာအတတ်မြောက်ဆုံး ဖြစ်လေ၏၊ ရသေ့တို့သည် စည်းဝေးတိုင်ပင်လျက် ဥဒ္ဒါလက ကို ဆရာအဖြစ်တင်မြှောက်ကြ၍ဥဒ္ဒါလက၏အဆုံးအမကို နာယူကြကုန်၏။

**ပညာတတ်မှု အကြီးပြု**

တနေ့သ၌ ဥဒ္ဒါလကသည် ရသေ့တို့အား စည်းဝေးစေ၍ "အရှင်တို့.... အရှင်တို့သည် တောသစ်သီး သစ်မြစ်တို့ကိုသာစားသောက်လျက် တော၌သာအမြဲနေကြကုန်၏၊ အဘယ်ကြောင့် လူတို့နေရာသို့ မသွားကြသနည်း" ဟု မေး၏၊ "အရှင်ဥဒ္ဒါလက.... လူတို့သည် အလှူကြီးပေး၍ အနုမောဒနာပြုစေကုန်၏၊ တရားဟောစေကုန်၏၊ ပြဿနာကိုမေးကြကုန်၏၊ ထိုဘေးမှကြောက်သဖြင့် လူတို့နေရာသို့မသွားကြကုန်"ဟု ပြောဆိုကြ၏၊ "အရှင်တို့.... အကယ်၍ စကြာမင်းဖြစ်ပါစေ၊ မကြောက်ပါလင့်၊ အရာရာ၌ အကျွန်ုပ်တာဝန်ထားပါ"ဟု ပြောဆိုဝန်ခံပြီးလျှင် ဥဒ္ဒါလကသည် ရသေ့တို့ကိုခေါ်လျက် ဒေသစာရီလှည့်လည်ခဲ့ရာ ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်တော်၌ နေ၏။

**လူများမြင်ရ ကြည်ညိုလှ**

နက်ဖြန်နံနက်အခါ မြို့တွင်းသို့ ဆွမ်းခံဝင်ကုန်၏၊ လူတို့သည် အလှူကြီးပေးကြကုန်၏၊ ဥဒ္ဒါလကသည် အနုမောဒနာပြု၏၊ မင်္ဂလာကိုရွတ်၏၊ ပြဿနာတို့ကိုဖြေဆို၏၊ သူတို့သည် အလွန်ကြည်ညိုသည်ဖြစ်၍ များစွာသော ပစ္စည်းတို့ကို လှူကြကုန်၏၊မြို့အလုံးသည် ပညာရှိဂိုဏ်းဆရာကြီးဘဦး ရောက်လာသည်ဟု မင်းကြီးအား လျှောက်ကြကုန်၏၊ မင်းကြီးလည်း ယနေ့ပင် ဖူးမြင်ရန်သွားမည်ဟု မိန့်တော်မူ၏၊ထိုအခါ မင်းချင်းတယောက်သည် ဥယျာဉ်တော်သို့သွား၍ ဥဒ္ဒါလကရသေ့အား ယနေ့ မင်းကြီးဖူးမြင်ရန် ကြွလာလိမ့်မည်ဟု လျှောက်ထားနှင့်လေ၏။

**အံ့ဘွယ်ထင်အောင် အယောင်ဆောင်**

ဥဒ္ဒါလကလည်း ရသေ့တို့ကို ခေါ်၍ "အရှင်တို့.... မင်းကြီးသည် လာလိမ့် သတတ်၊ မင်းမည်သည်ကား တနေ့နေ့၌ နှစ်သက်သည့်ရှိသော် အသက်ထက်ဆုံး အသက်မွေးခြင်း ၄ါ စွမ်းနိုင်ရာ၏၊ သင်တို့တွင် အချို့ရသေ့တို့သည် လင်းနို့ ကဲ့သို့ကျင့်ကြကုန်၊ အချို့သည် ဆောင့်ကြောင့်ထိုင်လျက် ကျင့်ကြကုန်၊ အချို့သည် ဆူး၌အိပ်ကြကုန်၊ အချို့သည် ငါးပါးသော ပူခြင်းဖြင့် ပူစေကြကုန်၊ အချို့သည် ရေသို့ ဆင်းသက်ကြကုန်၊ အချို့သည် ဗေဒင်တို့ကို သရဇ္ဈာယ် ကြကုန်"ဟုဆုံးမ၏၊ရသေ့ငါးရာတို့သည်ဥဒ္ဒါလက စီမံတိုင်း ပြု၍နေကြကုန်၏၊ဥဒ္ဒါလကရသေ့ကား ပညာရှိသောရသေ့ ရှစ်ယောက်တကျိပ်တို့ခြံရံလျက် သပိတ်ခြေ၌ သိမ်မွေ့သော စာကိုတင်လျက် ခင်းအပ်သောနေရာ၌နေ၏။

**ရသေ့တို့ကျင့်မှား မင်းလျှောက်ထား**

ထိုအခိုက် မင်းကြီးသည် ပုရောဟိတ်ကို ခေါ်၍ များစွာသော အခြံအရံဖြင့် ဥယျာဉ်တော်သို့ သွားလေရာ မိစ္ဆာအ ကျင့်ကိုကျင့်သော ရသေ့တို့ကိုမြင်လျှင် အလွန်ကြည်ညိုလှ ၍ ဥဒ္ဒါလကရသေ့ထံ ချဉ်းကပ်လျက် ပဋိသန္ထာရစကား ပြောကြားပြီးလျှင် အလွန်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍—

"ဆရာ.... ခွါနှင့်တကွ သစ်နက်ရေကို ဆောင် ကာ ဆံကျစ်ထုံးလျက် အညစ်အကြေး ကပ်သော သွား, မျက်ရေးမကွက်သော မျက်နှာရှိကုန်သော ရသေ့တို့သည် ဗေဒင်ကိုသရဇ္ဈာယ်ကုန်၏၊ ထိုရသေ့ တို့သည် လူ၌ဖြစ်သောလုံ့လကြောင့် ဤပဗ္ဗာတပ

အကျင့်ကိုကျင့်ခြင်း ဗေဒင်သရဇ္ဈာယ်ခြင်းတို့ကို သိ
ကြသည်ဖြစ်၍ အပါယ်ဘေးမှလွတ်ကုန်ပြီလော''—

ဟုပုရောဟိတ်အားမေးလေ၏၊ ထိုစကားကို ကြားလျှင် ပုရောဟိတ်သည် ဤမင်းကြီးကား အရာမဟုတ်သည်၌ ပြေးဝင်ဘိ၏ဟုဆိတ်ဆိတ်နေခြင်းငှာမသင့်ဟု ကြံစည်ပြီးလျှင်—

''မင်းမြတ်.... အကြားအမြင် ရှိသောသူသည်
ယုတ်မာသောမကောင်းမှုတို့ကိုအကယ်၍ပြုငြားအံ့
ဈာသိုလ်ကမ္မပထတရားဆယ်ပါးကို အကယ်၍မကျင့်
ငြားအံ့၊ သမာပတ်ရှစ်ပါးသို့မရောက်မူ၍ ဗေဒင်တ
ထောင်တို့ဖြစ်သော်လည်း ထိုဗေဒင်ကိုစွဲ၍ အပါယ်
ဆင်းရဲမှ မလွတ်နိုင်ရာ''—

ဟုမင်းကြီးစကားကိုပယ်၍ ဟုတ်မှန်သောအတိုင်းပြော ကြားလေ၏။

**ပုဏ္ဏားနှင့်ရသေ့အား အငြင်းပွါး**

ထိုအခါ ဥဒ္ဒါလကသည် မင်းကြီးကား ဟူးဟူးညားညားရသေ့တို့ကိုကြည်ညို၏၊ ပုဏ္ဏားကား ကျက်စားနေသော္ဌာနကို တုတ် လုံ့ကန်ဖြင့် ရိုက်သကဲ့သို့ဂုဏ်း, ခူးပြီးထမင်းပွဲ၌အမှိုက် တို့ကိုပစ်ချသကဲ့သို့ဂုဏ်းဖြစ်ခဲ့၏၊ ထိုပုဏ္ဏားနှင့် စကားပြော အံ့ဟုကြံစည်ကာ—

''ပုဏ္ဏား.... ဗေဒင်တထောင် ဖြစ်သော်လည်း
ထိုဗေဒင်ကိုစွဲ၍ သမာပတ်ရှစ်ပါးသို့ မရောက်မူ၍
အပါယ်ဆင်းရဲမှ မလွတ်ငြားအံ့၊ သီလစောင့်ခြင်း
နှင့် တကွဖြစ်သော သမာပတ်ရှစ်ပါးသည် မှန်၏၊

ဗေဒင်တို့သည် အကျိုးမရှိကုန် ဆိုရာရောက်သည်
ဟု ငါအောက်မေ့၏”—

ဟု ပုရောဟိတ်ကိုပြောဆိုလေ၏၊ ထိုနောက်ပုရောဟိတ်
သည်—

“ရသေ့…. ဗေဒင်တို့သည် အကျိုးမရှိသည်
ကား မဟုတ်ကုန်၊ သီလစောင့်ခြင်းနှင့်တကွဖြစ်
သော သမာပတ် ရှစ်ပါးသည်သာလျှင် မှန်၏၊
ဗေဒင်တို့ကိုသင်၍ ကျော်စောခြင်းသို့ ရောက်နိုင်၏၊
ကိုယ်နှုတ်နှလုံးကို ဆုံးမသောသူသည် သမာပတ်
ဖြင့် နိဗ္ဗာန်သို့ရောက်၏”—

ဟု ဥဒ္ဒါလကစကားကိုပယ်၍ တင်းမာစွာပြောဆို
ပြန်၏။

**ရသေ့ရှုံးဘွယ်ပရိယာယ်**

ထိုအခါ ဥဒ္ဒါလကသည် ဤပုဏ္ဏားကို
ဆန့်ကျင်ဘက်ပြောခြင်းငှါ မတတ်နိုင်၊
သားဟူ၍ ပြောဆိုသည်ရှိသော် မချစ်
သောသူမည်သည်မရှိ၊ သားဖြစ်ကြောင်းကို ပြောဆိုတော့
မည်ဟု ကြံစည်ကာ—

“အို-ပုဏ္ဏား….သားတို့မည်သည် အမိအဘ
ဆွေမျိုးတို့ကိုကျွေးမွေးရ၏၊ ထိုသားကား အကျွန်ုပ်
ပင်တည်း၊ အကျွန်ုပ်သည်ဥဒ္ဒါလကဖြစ်၏၊ ပုဏ္ဏား
အမျိုးအနွယ်မှဖြစ်၏”—

ဟု သားဖြစ်ကြောင်းကို ပြောဆိုလေ၏။

**ဘနင်ခေါ်မှ သားသိရ**

ထိုအခါပုရောဟိတ်သည် “သင်အမှန်
ပင် ဥဒ္ဒါလကဖြစ်သလော”ဟု မေး၏၊
“အမှန် ဖြစ်ပါသည်”ဟု ပြော၏၊

"သင့်အမိကို ငါပေးထားသော အမှတ်အသား ဘယ်မှာနည်း"ဟု မေးလေ၏၊ ထိုအခါ ဥဒ္ဒါလကသည် လက်စွပ်ကို ပုရောဟိတ်လက်သို့ပေးလေ၏၊ ပုရောဟိတ်သည် လက်စွပ်ကိုမြင်လျှင် သားအမှန်ဖြစ်ကြောင်းကိုသိ၍-

"ချစ်သားဥဒ္ဒါလက.... အဘယ်သို့သော အကြောင်းဖြင့် ပုဏ္ဏားမည်သနည်း၊ အဘယ်သို့သော အကြောင်းဖြင့် အလုံးစုံပြည့်စုံသနည်း၊ အဘယ်သို့ ငြိမ်းအေးသနည်း၊ အဘယ်သို့သောအကြောင်းဖြင့် တရား၌တည်၏ဟု ဆိုအပ်သနည်း"-

ဟု ပုဏ္ဏားတို့အကျင့်ကို မေးလေ၏။

**ဘခင်အမေး အဖြေပေး**

ထိုအခါ ဥဒ္ဒါလကသည် ဘခင်ပုဏ္ဏား မေးသောပြဿနာကို ဖြေကြားလို၍-

"ဘခင်ပုဏ္ဏား....ပုဏ္ဏားမည်သည် ဘွားစနေ့ ကမီးကိုယူ၍ အမြဲမပြတ် ရေသွန်းလောင်းလျက် ယဇ်ပူဇော်တိုင်ကို စိုက်ထူစေ၏၊ ဤသို့သောနည်းဖြင့် ပြုသောသူသည် ပုဏ္ဏားမည်၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ယဇ်ပူဇော်ခြင်း စသည်ကို ပြုသောကြောင့် ပုဏ္ဏားတို့ကျင့်ဝတ်၌ တည်၏ဟု ဆိုကြ၏"

ဟု ပုဏ္ဏားတို့ကျင့်ဝတ်ကိုပြောကြားလေ၏၊ထိုစကားကို ကြားလျှင် ပုရောဟိတ်သည်-

"ချစ်သားဥဒ္ဒါလက....ရေသွန်းလောင်းသဖြင့် လည်း စင်ကြယ်ခြင်းမရှိ၊ အလုံးစုံလည်း မပြည့်စုံ၊ ပုဏ္ဏားလည်းမမည်၊ သည်းခံခြင်း သီလ၌အလွန်

မွေ့လျော်ခြင်း မဖြစ်သည်သာတည်း၊ ထိုသူသည် မငြိမ်းအေးလေ"—

ဟု ဥဒ္ဒါလက ပြောကြားသော ကျင့်ဝတ်ပယ်ပြန်၏။

**ဘခင်ပြဿနာ အဖြေမေးရာ**

ထိုနောင်မှ ဥဒ္ဒါလကသည် ဘခင်မေးသော ပြဿနာကို တဖန် မေးလိုပြန်သဖြင့်—

"ဘခင်ပုဏ္ဏား⋯⋯အဘယ်သို့သော အကြောင်းဖြင့် ပုဏ္ဏားမည်သနည်း၊အဘယ်သို့သောအကြောင်းဖြင့် အလုံးစုံ ပြည့်စုံသနည်း၊ အဘယ်သို့သော အကြောင်းဖြင့် ကိလေသာမှ ငြိမ်းအေး သနည်း၊ အဘယ်သို့သော အကြောင်းဖြင့် ကျင့်ဝတ်တရား၌ တည်သည်ဟု ဆိုအပ်သနည်း"—

ဟု ပြန်၍ မေးပြန်၏။

**ဘခင်ဖြေကြား ဆုံးမပြား**

ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် သားရသေ့အား အဆုံးအမပေးကာ ဖြေကြားလိုသဖြင့်—

"ချစ်သား ဥဒ္ဒါလက⋯⋯လယ် ယာ ရွာ နိဂုံး သိမ်းဆည်းခြင်း ဆွေမျိုးဖွဲ့ခြင်း, အနွယ်ဖွဲ့ခြင်း, မိတ်ဖွဲ့ခြင်း, အပေါင်းအဘော်ဖွဲ့ခြင်း, အတတ်သင်သဖြင့်ဖွဲ့ခြင်း ဤဗန္ဓငါးပါးကို သိမ်းဆည်းခြင်း ကင်းသည်ဖြစ်၍ သတ္တဝါ သင်္ခါရတို့၌ မြတ်နိုးခြင်း ကင်းသည်ဖြစ်၍ လာဘ် ဥစ္စာ သားသမီးအသက်တို့၌ တပ်ခြင်းကင်းသည်ဖြစ်၍ မကောင်းသော မက်မောခြင်း,မညီညွတ်သော မက်မောခြင်း ကင်းသည်

ဖြစ်၍ ဘဝရာဂကုန်ခန်းသည် ဖြစ်၍ ဤသို့သော နည်းဖြင့်ပြုသောသူသည် ဗြာဟ္မဏမည်၏၊ ကိလေသာမှ ငြိမ်းအေး၏၊ ပုဏ္ဏားကျင့်ဝတ်၌ တည်သည် မည်၏”—

ဟု ပုဏ္ဏားတို့ ကျင့်ဝတ်ကို ပြောကြားလေ၏။

**အကျင့်မြတ်ရေး ဘခင်မေး**

ထိုနောင် ဥဒ္ဒါလကသည် ပုရောဟိတ်အား တဖန်မေးကြား ပြန်လိုသဖြင့်—

“ဘခင်ပုဏ္ဏား.... မင်း, ပုဏ္ဏား, သူကြွယ်, သူဆင်းရဲ, ဒွန်းစဏ္ဍား, ပန်းမှိုက်သွန် ဤအလုံးစုံသော သူတို့သည် သီလ၌ မွေ့လျော်ကုန်၏၊ ယဥ်ကျေးကုန်၏၊ ကိလေသာငြိမ်းအေးကုန်၏၊ ထိုအလုံးစုံငြိမ်းအေးပြီးသော သူတို့အား မြတ်ခြင်းရှိမည်လော၊သို့မဟုတ် ယုတ်ညံ့ခြင်း ရှိမည်လော”—

ဟု မေးပြန်၏၊ ထိုအခါ ပုရောဟိတ်သည်—

“ချစ်သားဥဒ္ဒါလက....မင်း,ပုဏ္ဏား,သူကြွယ်, သူဆင်းရဲ, ဒွန်းစဏ္ဍား, ပန်းမှိုက်သွန် ဤအလုံးစုံသော သူတို့သည် သီလ၌ မွေ့လျော်ကုန်၏၊ ယဥ်ကျေးကုန်၏၊ ကိလေသာမှ ငြိမ်းအေးကုန်၏၊ ထိုအလုံးစုံ ငြိမ်းအေးပြီးသော သူတို့အား မြတ်ခြင်းလည်းမရှိ၊ထိုမှတပါး ယုတ်ညံ့ခြင်းလည်း မရှိ”—

ဟု ပြောကြားပြန်၏။

**အရိပ်ဥပမာ ဇာတ်ဝတ္ထု**

ထိုအခါ ဥဒ္ဒါလကသည် ဘခင်ပုဏ္ဏားအား အကျင့်ယုတ်မြတ်မရှိ၊ တူမျှသော သဘောကို မေးလို၍—

"ဘခင်ပုဏ္ဏားတ....မင်း, ပုဏ္ဏား,သူကြွယ်, သူဆင်းရဲ,ဒွန်းစဏ္ဍားပန်းမှိုက်သွန် ဤအလုံးစုံသော သူတို့သည် သီလ၌ မွေ့လျော်ကုန်၏၊ ယဉ်ကျေးကုန်၏၊ကိလေသာမှ ငြိမ်းအေးကုန်၏၊ ထိုအလုံးစုံ ငြိမ်းအေးပြီးသောသူတို့အား မြတ်ခြင်းမရှိအံ့၊ သို့မဟုတ်၊ ယုတ်ညံ့ခြင်းမရှိအံ့၊ အဘယ်ကြောင့် ချီးမွမ်းအပ်၍ ပုဏ္ဏားအမျိုးအနွယ်ဖြစ်သော အဖြစ်ကို ကျင့်ဘိသနည်း"–

ဟု ကွဲရှဲလို၍ မေးပြန်၏၊ ထိုအခါ ပုရောဟိတ်သည်–

"ချစ်သား ဥဒ္ဒါလက..အထူးထူးသောဆိုးရည်တို့ဖြင့် ဆိုးအပ်သော အဝတ်တို့ဖြင့် အိမ်ကိုမိုးငြားအံ့၊ ထိုအဝတ်တို့၏ အရိပ်သည် အထူးထူး အပြားပြားမဖြစ်နိုင်၊ ဆိုးထားသောအတိုင်း မဖြစ်နိုင်၊ ထို့အတူ လူတို့၌ လူတို့သည်အကြင်အခါ စင်ကြယ်ကုန်၏၊ တရားကိုသိ၍ ကောင်းသောအကျင့်ရှိကုန်၏၊ထိုအခါထိုသူတို့အား အမျိုးသည်မစင်ကြယ်"–

ဟု အရိပ်နှင့် ဥပမာပေး၍ ပြောကြားလေ၏၊ ထိုအခါ ဥဒ္ဒါလကသည် တဘန်မေးရန်မရှိတော့သဖြင့် ဆိတ်ဆိတ်သာနေ၏။

**မင်းမှုထမ်းလေ ရငဲ့တွေ**

ထိုအခါ ပုရောဟိတ်သည် မင်းကြီးအား "မြတ်သောမင်းကြီး.... အလုံးစုံသော ဤရသေ့တို့သည် အယောင် ဆောင်၍ အံ့ဘွယ်သရဲကို ဖြစ်စေကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း အလုံး၌

အံ့ဘွယ်သရဲဖြင့်ပင် ပျက်စီးစေလတံ့၊သို့အတွက် ဥဒ္ဒါလက ကို လူထွက်စေ၍ ပုရောဟိတ်ငယ် ရာထူးကို ပေးပါလော့၊ ကြွင်းသော ရသေ့တို့ကိုလည်း လူထွက်စေပြီးလျှင် လက် နက်ကိုအပ်၍ အမှုထမ်းစေကုန်လော့''ဟု လျှောက်ထား လေ၏၊ မင်းကြီးလည်း ဆရာပုရောဟိတ်ဆိုတိုင်း ပြုစေ၏၊ ရသေ့တို့လည်း လူထွက်ကာ မင်းကို ခစားကုန်လျက် အသက်၏အဆုံး၌ ကံအားလျော်စွာ လားကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဥဒ္ဒါလကသည်-ယခုအခါ အံ့ဘွယ်သရဲ ကို ပြုလုပ်သောရဟန်း။

※ ဗာရာဏသီမင်းသည်-အာနန္ဒာ။

※ ပုရောဟိတ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကျင့်ကောင်းမဆွယ်၊ကျင့်သည့်နွယ်၊ အံ့ဘွယ်ပြုသည်သာ။
(၂) အံ့ဘွယ်ပြုဆန်း၊ လူ့ပေါက်ပန်း၊ ဘုန်းတန်းကြီးလှစွာ။
(၃) အံ့ဘွယ်ပြုရိုး၊ လူလိမ်မျိုး၊ ကျိုးမဲ့လူတကာ။
(၄) ကြားမြင်မစုံ၊ အံ့ဘွယ်ယုံ၊ လူနုံလူအသာ။
(၅) ဇမ္ဗူကျွန်းလုံး၊ အံ့ဘွယ်ဖုံး၊ ပျက်ပြုန်းလိမ့်မည်သာ။

ဥဒ္ဒါလက ဇာတ်ပြီး၏။

## ၄၇၈။ ဘိသဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းပျင်းရိ
ကဲ့ရဲ့ဘိ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကိလေသာကို စွဲ၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

လူ့ဘဝမပျော်လှ
မဟာကဉ္စန

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏမဟာသာလမျိုး၌ ဖြစ်၍ မဟာကဉ္စနဟူသော အမည်ကို မှည့်ကြကုန်၏၊ ထိုနောက်ဘွားမြင်သောသတို့သားကို ဥပကဉ္စနဟု အမည်ကိုမှည့်ကြကုန်၏၊ ဤသို့လျှင် အစဉ်အတိုင်း ခုနစ်ယောက်မွေးဘွားကုန်၏၊ အငယ်ဆုံး သတို့သမီးဖြစ်၍ ကဉ္စနဒေဝီဟူသောအမည်ကို မှည့်ကြကုန်၏။

မဟာကဉ္စန သတို့သားသည် အရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် ပြန်လာသောအခါ အမိအဘတို့သည် အမျိုးတူသော သတို့သမီးတယောက်နှင့် လက်ထပ်ရန် တိုက်တွန်းကုန်၏၊ ထိုအခါ မဟာကဉ္စနသတို့သားသည် မိဘတို့အား "အို မိခင်ဘခင်တို့…. အကျွန်ုပ်အား အိမ်ရာထောင်ခြင်းဖြင့်

အလိုမရှိ၊ ဘဝသုံးပါးတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သကဲ့သို့ရင်း,နှောင်အိမ်ကဲ့သို့ရင်း, သင်းချိုင်းမြေကဲ့သို့ရင်း စက်ဆုပ်ရွံရှာဘွယ် ထင်ကုန်၏၊ အိပ်မက်ဖြင့်သော်လည်း မေထုန်အကျင့်ကို မကျင့်စဘူးပါ၊ ညီတော်တို့အား တိုက်တွန်းကုန်လော့''ဟုဆို၏၊ အဘနတလဲလဲ တောင်းပန်သော်လည်းအလိုမရှိ၊ ညီတော်တို့လည်း အလိုမရှိကုန် နှမတော်လည်း အလိုမရှိ။

**ပစ္စည်းစွန့်လေ တောထွက်နေ**

ထိုနောက်မိဘတို့သည် သေလွန်ကုန်၏၊ မဟာကဥ္စနသတို့သားသည် သင်္ဂြိုဟ်ခြင်းကိစ္စပြုပြီးလျှင် ကုဋေ ရှစ်ဆယ်သော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းစွန့်ကြဲခဲ့၍ ညီတော်ခြောက်ယောက်, နှမတော်ကဥ္စနဒေဝီ,ကျွန်မိန်းမတယောက်,ကျွန်ယောက်ျားတယောက်, အဆွေခင်ပွန်းတယောက် ဤဆယ်ယောက်သောသူတို့ကို ခေါ်ယူ၍ ဟိမဝန္တာသို့ဝင်ပြီးလျှင် ရသေ့ရဟန်းပြုကုန်လျက် ပဒုမာကြာအိုင်တခုကို အမှီပြုကာ ကျောင်းဆောက်၍ တောသစ်သီးသစ်ရွက် သစ်ဥတို့ဖြင့် မျှတကာနေကုန်၏။

ရသေ့တို့သည် တောသို့ သွားကုန်သည်ရှိသော် အတူတကွသွားကုန်၏၊ သစ်သီးသစ်ရွက် ဆွတ်ခူး ရာ၌လည်း အချင်းချင်း ပြောဆိုတိုင်ပင်၍ ဆွတ်ခူးကြကုန်၏၊ထိုကြောင့် ရွာသူတို့ အမှုလုပ်ရာအရပ်ကဲ့သို့ဖြစ်၏၊ ထိုအခါ မဟာကဥ္စနရသေ့သည် ငါတို့ကား ကုဋေရှစ်ဆယ်မျှ ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ရသေ့ရဟန်းပြုကြလျက် ပျှပ်ပေါ်လော်လီသော သွားခြင်းဖြင့် မလျောက်ပတ်၊ ဤနေ့မှစ၍

ငါသာလျှင် သစ်သီးရှာ သွားမည်ဟု ကြံစည်လျက် ကျောင်းသို့ရောက်လျှင် ညနေချမ်းအခါ အလုံးစုံသော ရသေ့တို့ကို စည်းဝေးစေ၍ "ငါ့ရှင်တို့.... သင်တို့သည် ယနေ့မှစ၍ ကျောင်း၌ ရဟန်းတရားကို အားထုတ်ကုန်လော့၊ ငါတယောက်တည်းသာ သစ်သီးရှာသွားမည်" ဟုတိုင်ပင်၏။

**တိုင်ပင်ညီညာ သစ်သီးရှာ**

ထိုအခါ ညီတော် ဥပကဥ္စနရသေ့သည် နောင်တော်အား "နောင်တော်.... အကျွန်ုပ်တို့ ကား နောင်တော်ကိုမှီ၍ ရသေ့ရဟန်းပြုကြသည်၊ နောင်တော်နှင့် နှမငယ်ကျွန်မိန်းမ တို့ကျောင်း၌နေရစ်၍ရဟန်းတရားကိုအားထုတ်ကုန်လော့၊ ရှစ်ယောက်သော အကျွန်ုပ်တို့သည် အလှည့်ကြအားဖြင့် သစ်သီးကိုဆောင်ယူပါမည်"ဟု လျှောက်ထား၏၊ ထိုနေ့ မှစ၍ တယောက်တယောက်စီအလှည့်ကျအားဖြင့်သစ်သီး တို့ကို ဆောင်ယူရ၏၊ အလှည့်ကျသောသူသည် တောမှ ပြန်လာလျှင် မဏ္ဍပ်တခုဝယ် ကျောက်ဖျာပေါ်၌ အစု ဆယ့်တစုကို ပုံ၍ထားပြီးလျှင် ကျောက်စည်ကို ထိုးရ၏၊ ကြွင်းသောရသေ့တို့သည် ကျောက်စည်သံကို ကြားသော အခါ မိမိတို့အစုကိုယူပြီးလျှင် အသီးအသီး ကျောင်းတွင်း ၌စားကုန်၏၊ လျှပ်ပေါ်လော်လီခြင်းမရှိကုန်၊ အကြောင်း ထူးမရှိဘဲ တဦးနှင့်တဦးတွေ့ဆုံခြင်းမရှိကြကုန်။

**ရသေ့သီလစွမ်း သိကြားစမ်း**

ရသေ့တို့သည် နောက်အဘို့၌ ကြာစွယ် ကြာရင်းကို ဆောင်၍စားကုန်၏၊ ပြင်း ထန်သော အကျင့်ရှိကုန်၏၊ ကြီးမား

သောတန်ခိုးရှိကုန်၏၊ ဈာန်ရှိကုန်လျက် ကသိုဏ်းပရိကံကိုပြုကာနေကြကုန်၏၊ ထိုအခါ ရသေ့တို့တန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် တုန်လှုပ်သဖြင့် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ရသေ့တို့ကို ကာမဂုဏ်တို့၌ နှလုံးသွင်းသည် မသွင်းသည်ကို စုံစမ်းမည်ဟု ကြံစည်ကာ ရသေ့တို့ထံသို့သွား၍ မဟာကဉ္စန၏ အစုကို သုံးရက်ပတ်လုံး မိမိတန်ခိုးဖြင့် ပျောက်ကွယ်စေ၏။

မဟာကဉ္စနရသေ့လည်း ကျောက်စည်ထိုး၍ မိမိအစုကိုယူရန်သွားရာ မမြင်လျှင် ရှေးဦးနေ့၌မေ့လျော့၍ မပို့မိသည်ဖြစ်လိမ့်မည်ဟု အောက်မေ့၏၊ နှစ်ရက်မြောက်နေ့၌လည်း မမြင်ပြန်လျှင် ငါ့မှာအပြစ်ရှိလိမ့်မည်ဟု အောက်မေ့ပြန်၏၊ သုံးရက်မြောက် နေ့၌လည်း မမြင်ပြန်လျှင် အဘယ်ကြောင့် ငါ့အစုကို မပို့ကြသနည်း၊ အပြစ်ရှိလျှင် ထုတ်ဘော်၍ ပြောသင့်သည်၊ ရသေ့တို့ကို သည်းခံစေမည်ဟု ညချမ်းသောအခါ ကျောက်စည်ကို ထိုးလေ၏၊ ထိုအခါ ရသေ့တို့သည် စည်းဝေးကြကုန်၏။

**ဝေစုပျောက်မှု စည်းဝေးပြု**

ရသေ့တို့စုံညီစွာ ရောက်ကြလျှင် မဟာကဉ္စနရသေ့သည် ‘‘ငါ့ရှင်တို့….ငါ့အား ဝေစုမရသည်မှာ သုံးရက်ရှိပြီ၊အဘယ်သူတို့ ဝေစုကိုဝေကြသနည်း’’ဟု မေးရာ အလှည့်ကျသော ရသေ့သုံးဦးတို့သည် အစဉ်အတိုင်းထ၍ ရှိခိုးကုန်လျက် နောင်တော်အတွက် ဝေစုကိုအနည်းငယ်မဟုတ် အများပြု၍ထားပါကြောင်း လျှောက်ထားကြကုန်၏၊ ထိုအခါ မဟာကဉ္စနရသေ့သည် ‘‘ငါ့ရှင်တို့…. ကြာစွယ်ကြာရင်းမျှ

ကိုပင် ခိုးယူသူရှိတန်ရာ၏၊ ထိုသူကို သိခြင်းငှါ သင့်၏''ဟု ဆိုလတ်သော်ရသေ့တို့သည် ''အော်…နိုင်ထက်ကလူပြုရက် ပေစွတကား''ဟု စိတ်နှလုံးထိတ်လန့်ကုန်၏၊ ထိုအခိုက် အနီးရှိ တောစိုးသစ်ပင်မှ ရုက္ခစိုးနတ်သည် ရသေ့တို့အထံသို့ လာ၍နေ၏၊ နှိပ်စက်ခြင်းဆင်းရဲကို မခံနိုင်သဖြင့် အနှောင်အဖွဲ့ကိုဖြတ်၍ ထွက်လာသော ဆင်တစီးလည်း လာ၍နေ၏၊မြွေကို ကစေသောအလမ္ပါယ်သမား၏မျောက် တကောင်လည်း ထွက်ပြေးကာလာ၍နေ၏၊ သိကြားမင်းလည်း မထင်ရှားသောကိုယ်ဖြင့်လာ၍နေ၏။

ထိုအခါ ညီတော်ဥပကဉ္စနရသေ့သည် မိမိကိုသံသယကင်းရှင်းအောင် ကျိန်ဆိုလိုသည်ဖြစ်၍ ပရိသတ်အလယ်မှ ထကာ ရှိခိုးလျက်--

**ယုံမှားကင်းလို ကျိန်စာဆို**

''အို-ဆရာ‥ဆရာ၏ကြာစွယ်ကြာရင်းတို့ကို ခိုးယူသော သူသည် ဤတောအရပ်၌ပင် နွား,မြင်း, ငွေ,ရွှေနှစ်သက်ဘွယ်သော မယားတို့ကိုရပါစေ၊ သားသမီးတို့နှင့်ပြည့်စုံပါစေ''—

ဟု ရဲဝံ့စွာ ကျိန်ဆိုလေ၏၊ ထိုစကားကို ကြားလျှင် ရသေ့အပေါင်းသည် ''မဆိုပါလင့် မဆိုပါလင့်၊ အလွန်ဝန်လေးသော ကျိန်စာကိုဆိုဘိ၏၊ မကြားဝံ့သဖြင့် နားနှစ်ဘက်ကိုပိတ်ကြကုန်၏၊ ထိုအခါ မဟာကဉ္စနရသေ့သည် ''ဥပကဉ္စန…. သင်အလွန်ဝန်လေးသော ကျိန်စာကို ဆိုဘိ၏၊ သင်ခိုးယူမည်မဟုတ်၊ သင့်နေရာမှာပင်နေပါ'' ဟု ခွင့်ပေးလေ၏။

လျှော်ရာမျှော်လေ နေရပါစေ

ထိုနောက် အသီးသီးထကာ ရှိခိုးကုန်လျက် ကျိန်ဆိုကြကုန်၏။

"အို-ဆရာ.... ဆရာ၏ကြာစွယ် ကြာရင်းတို့ကို ခိုးယူသောသူသည် ပန်းနှင့်ကာသိတိုင်းဖြစ် စန္ဒကူး နံ့သာတို့ကို ပန်ဆောင်ရပါစေ၊ သားသမီးတို့ ပွား များပါစေ၊ ကာမဂုဏ်တို့၌ ပြင်းစွာ ငဲ့ကွက်ခြင်းကို ပြုပါစေ"။

"အို-ဆရာ....ဆရာ၏ ကြာစွယ်ကြာရင်းတို့ကို ခိုးယူသောသူသည် များစွာသောစပါး, များစွာ သောလယ်ယာ, များစွာသော အခြံအရံနှင့်ပြည့်စုံ သည်ဖြစ်၍ သားသမီးတို့ကိုရပါစေ၊ လူဖြစ်၍ ဥစ္စာ ပြည့်စုံပါစေ၊အလုံးစုံသောကာမဂုဏ်တို့ကိုရပါစေ၊ အရွယ်ကိုမရှုနိုင်သည်ဖြစ်၍ အိမ်၌နေရပါစေ"။

တညာမင်္ဂလေ နေပါစေ

"အို-ဆရာ..ဆရာ၏ ကြာစွယ်ကြာရင်း တို့ကို ခိုးယူသောသူသည် နိုင်ထက် ကလူပြုမှုသောမင်းဖြစ်ပါစေ၊ သမုဒ္ဒရာ လျှင် အပိုင်းအခြားရှိသောမြေအပြင်၌ မင်းတရာတို့ ပူဇော်ရာအားကြီးသည်, များစွာသော အခြံအရံ ရှိသည်ဖြစ်၍ နေရပါစေ"။

"အို-ဆရာ....ဆရာ၏ ကြာစွယ် ကြာရင်းတို့ကို ခိုးယူသောသူသည် တပ်ခြင်းမကင်းသော ပုရော ဟိတ်ပုဏ္ဏားဖြစ်၍ နက္ခတ်, မုဟုတ်တို့အကြောင်း၌ ယှဉ်ပါစေ၊အခြံအရံများ၍ တိုင်းပြည်၏အရှင်ဖြစ် သောမင်းသည် ပူဇော်ပါစေ။

"အို-ဆရာ....ဆရာ၏ ကြာစွယ် ကြာရင်းတို့ကို ခိုးယူသောသူကို အလုံးစုံသောဖေဒင်တို့ကို သင်အံ သရဇ္ဈာယ်သူ မြိုးမြီသော အကျင့်ရှိသော ပုဏ္ဏား ဟူ၍ လူအလုံးစုံသည် မှတ်ထင်ပါစေ၊ဇနပုဒ်ရွာသူ အပေါင်းသည်အညီအညွတ်ကပ်၍ ပူဇော်ပါစေ"။

လူ့ရွာရောက်နေ မိဖုရားဖြစ်ပါစေ

"အို-ဆရာ..ဆရာ၏ကြာစွယ်ကြာရင်း တို့ကို ခိုးယူသောသူသည် သိကြားမင်း သည်ပေးသကဲ့သို့ လူ့,စပါး,ထင်း,ရေ လေးပါးတို့နှင့်ပြည့်စုံကြွယ်ဝသော ရွာမြတ်ကို သုံး ဆောင်ခံစားရပါစေ၊ ထိုရွာ၌ တပ်မက်စွဲလမ်းကာ သေခြင်းသို့ရောက်ပါစေ"။

"အို-ဆရာ....ဆရာ၏ ကြာစွယ်ကြာရင်းတို့ကို ခိုးယူသောသူသည် အဆွေ ခင်ပွန်းတို့ အလယ်၌ ကခြင်း သီခြင်းတို့ဖြင့် ဝမ်းမြောက်သည်ဖြစ်၍ ရွာ သူကြီးဖြစ်ပါစေ၊ ထိုရွာသူကြီးသည် မင်းထံမှ တစုံ တခုသောပျက်စီးခြင်းကိုမရပါစေ"။

"အို-ဆရာ....ဆရာ၏ ကြာစွယ်ကြာရင်းတို့ကို ခိုးယူသောမိန်းမကို ကေရာဇ်မင်းသည် မြေအပြင် ကိုအောင်မြင်၍ မိန်းမတသောင်း ခြောက်ထောင် တို့ထက် အဂ္ဂမဟေသီအရာ၌ ထားပါစေ၊ မိန်းမ အပေါင်းတို့ထက်မြတ်ပါစေ"။

ဂင်္ဂလရွာနေ ရှင်သေ့ဖြစ်ပါစေ

"အို-ဆရာ.... ဆရာ၏ ကြာစွယ်ကြာ ရင်းတို့ကို ခိုးယူသောမိန်းမသည် အညီ အညွတ် စည်းဝေးကုန်သော အလုံးစုံ

သော ရသေ့တို့အလယ်၌ စင်စစ် ကောင်းမြတ်သော အရသာကို မကြောက်မရွံ့ စားရပါစေ၊ လာဘ်လာဘကြောင့် အံ့ဘွယ်သရဲအမှုကို ပြုကျင့်ရပါစေ”။

“အို-ဆရာ....ဆရာ၏ ကြာစွယ် ကြာရင်းတို့ကို ခိုးယူသောသူသည် ဂဇင်္ဂလမြို့တွင် ပျက်စီးနေသော ကျောင်းတိုက်ကြီး၌ သုတ်သင်ရသော ရဟန်း ဖြစ်ပါစေ၊အမှုသစ်ကိုပြုလုပ်ရသော ရဟန်းဖြစ်ပါစေ၊ လေသွန်တံခါးကို တနေ့ချင်းပြုလုပ်ရပါစေ”။

**မင်းဒဏ်ပေးလေသင့်ပါစေ**

“အို-ဆရာ...ဆရာ၏ကြာစွယ်ကြာရင်းတို့ကို ခိုးယူသောသူသည် ခြေနှစ်ဘက်, လက်နှစ်ဘက်, လည်ပင်း,ခါး ခြောက်ဌာနတို့၌ များစွာသော လွန်ကြိုးကွင်းတို့ဖြင့် ဖွဲ့ပါစေ၊ နှစ်ဘက်တို့၌ စူးဝင်လျက် ရှည်သောအဆူးရှိသောတုတ်တို့ဖြင့်၎င်း, ချွန်းတို့ဖြင့်၎င်း ညှဉ်းဆဲပါစေ၊ မွေ့လျော်ဘွယ်ရှိသောတောမှ မင်းနေပြည်သို့ဆောင်ပါစေ”။

“အို-ဆရာ....ဆရာ၏ ကြာစွယ် ကြာရင်းတို့ကို ခိုးယူသောသူသည် မုရိုးပန်းတို့ကို ပန်ဆင်လျက် သလွဲစင်တို့ကို နား၌ပန်ဆင်လျက် လှံတန်ဖြင့် ရိုက်ကာ မြေခံတွင်းသို့ဝင်ရပါစေ၊အောက်ပိုးကြိုက်သကဲ့သို့ ခါး၌ဖွဲ့အပ်သည်ဖြစ်၍ ခရီးလမ်းဆုံသို့ သွားရပါစေ”-

ဤသို့ တကျိပ်သုံးယောက်သော သူတို့သည် ရဲဝံ့စွာကျိန်ဆိုကြသည်ရှိသော်-

**နောင်တော်တဖန် ကျိန်ဆိုပြန်**

မဟာကစ္စာန ရသေ့သည် မပျောက်ဘဲလျက် ပျောက်သည်ဟု ဆိုသည်ဟုမယုံမှားကြစေရန်—

"ငါ့ရှင်တို့....ငါ့ရှင်တို့၌ ယုံမှားသက်ာရှိ၍ စင်စစ် မပျောက်ပါဘဲ ပျောက်သည်ဟု ဆိုသောသူသည် ကာမဂုဏ်တို့ကိုသာလျှင် ရပါစေ၊ ခံလည်းခံစားရပါစေ၊ အိမ်ရာထောင်သော လူ့ဘောင်၌သေပါစေ"—

ဟု မိမိ၌လည်း သံသယကင်းရှင်းအောင် ကျိန်ဆိုပြန်၏၊ ထိုရသေ့တို့ ကျိန်ဆိုသည်ရှိသော် သိကြားမင်းသည် ထိတ်လန့်လျက် ငါသည်ရသေ့တို့ကို စုံစမ်းလို၍ ကြာစွယ်ကြာရင်းတို့ကို ကွယ်ပျောက်စေဘိ၏၊ ဤရသေ့တို့ကား ကာမဂုဏ်တို့ကို ထွေးပြီးသော တံတွေးပေါက်ကဲ့သို့ ကဲ့ရဲ့ပြစ်တင်ကုန်၏၊ ထိုအကြောင်းကို ငါမေးမည်ဟု ကြံစည်လျက်—

**ကျိန်ဆိုသည့်အရေး သိကြားမေး**

သိကြားမင်းသည် မထင်ရှားသော အသွင်ဖြင့် ရသေ့တို့ ကျိန်ဆိုကြသော အဖြစ်ကို မဟာကစ္စာနရသေ့ကိုရှိခိုးလျက်-

"အို-ရှင်ရသေ့တို့.... လောက၌ သတ္တဝါတို့သည် ဝတ္ထုကာမ ကိလေသာကာမကို ရှာကုန်လျက်သွားကုန်၏၊ များစွာသော လူနတ်တို့သည် ထိုဝတ္ထုကာမ ကိလေသာကာမကို အလိုရှိကြ၏၊ ချစ်နှစ်သက်ကြ၏၊ ရှင်ရသေ့တို့ကား အဘယ်ကြောင့် ကာမဂုဏ်တို့ကို မချီးမွမ်းကြသနည်း"—

ဟု မေးလျှောက်လေ၏။

**ကာမပျော်မှု ရှုံ့စရာအစု**

ထိုအခါ မဟာ ကဥ္စန ရသေ့သည် ကာမဂုဏ် ပျော်ပါး လိုက်စားမှုသည် သူယုတ်တို့၏အကျင့် ဖြစ်သည်ကို ပြော လိုသဖြင့်—

"သိကြားမင်း…. ကာမဂုဏ်တို့ကြောင့် စင်စစ် အသတ်ခံရကုန်၏၊ နှောင်ဖွဲ့ခံရကုန်၏၊ ကိုယ်စိတ် ဆင်းရဲရကုန်၏၊ အစွပ်စွဲခံရကုန်၏၊ ကာမဂုဏ် တို့၌ မူးယစ်လိုက်စားသူတို့သည် မကောင်းမှုကို ပြု ကြကုန်၏၊ ယုတ်မာသော အကျင့် ရှိသူတို့သည် မကောင်းမှုကို ပွားစေသောကြောင့် သေလွန် သောနောက်၌ ငရဲသို့သွားရကုန်၏၊ ရသေ့တို့ကား ထိုကာမဂုဏ်တို့၌ အပြစ်ကို မြင်ကြသောကြောင့် မချီးမွမ်းကြကုန်"ဟုပြောကြားလေ၏။

**သိကြားကြောက်လှ တောင်းပန်ရ**

သိကြားမင်းသည် ထိုရသေ့ ပြောကြား သောစကားကိုကြားလျှင် အလွန်ထိတ် လန့်ကြောက်ရွံ့သည်ဖြစ်၍—

"အရှင်ရသေ့တို့….အကျွန်ုပ်သည် စုံစမ်းလို၍ အရှင်၏ ကြာစွယ် ကြာရင်းတို့ကို အနီး၌ယူကာ ဖွက်ထားမိပါ၏၊ရှင်ရသေ့တို့ကား စင်ကြယ်ကုန်၏၊ မယုတ်မာကြသည်ဖြစ်၍ နေကြကုန်၏၊ ဤကြာစွယ် ကြာရင်းတို့ကား အရှင်၏ ကြာစွယ် ကြာရင်းတို့ ဖြစ်ပါ၏"—

ဟု ပြကာလျှောက်ထားလေ၏။

ရသေ့ငေါက်ငန်း တောင်းပန်ခဏ်း

ထိုအခါ မဟာကစ္စာန ရသေ့သည် သိကြားမင်းအား အပြစ်တင် မောင်းမဲလျက်—

"အို-သိကြားမင်း.... ငါတို့သည် သင်၏သဘောင်သည်မဟုတ်ကုန်၊ ကစားထိုက်သော သူလည်းမဟုတ်ကုန်၊အဆွေအမျိုးလည်းမဟုတ်ကုန်၊အဆွေခင်ပွန်းလည်း မဟုတ်ကုန်၊ သင်သည် အဘယ့်ကြောင့် ရသေ့တို့နှင့်ကစားဘိသနည်း"—

ဟု သိကြားမင်းကိုအပြစ်တင်လေ၏၊ ထိုအခါသိကြားမင်းသည်—

"ပညာကြီးသော ရှင်ရသေ့.... ရှင်ရသေ့သည် အကျွန်ုပ်၏ဆရာဖြစ်တော်မူပါ၊ အဘလည်း ဖြစ်တော်မူပါ၊ ချွတ်ချော်မှားယွင်းမိသော အကျွန်ုပ်၏ မှီခိုကိုးကွယ်ရာဖြစ်တော်မူပါ၊ တကြိမ်တခါ လွန်ကျူးမိသောအပြစ်ကို သည်းခံတော်မူပါ၊ပညာရှိတို့သည် အမျက်ထွက်အားမကြီးကြပါကုန်"—

ဟု စုံစမ်းမိသော အပြစ်ကို တောင်းပန် ကန်တော့လေ၏။

ရသေ့တို့ညီညာ ဝမ်းမြောက်စွာ

ထိုနောက် မဟာကစ္စာန ရသေ့သည် ရသေ့တို့ကို ဆုံးမလျက် ဝမ်းမြောက်ဝမ်းသာစွာဖြင့်—

"အို-ရသေ့တို့....နတ်တို့ အရှင်သခင်ဖြစ်သော သိကြားမင်းကို မြင်ကြရသောကြောင့် ရသေ့တို့အား တညဉ့်မျှနေရခြင်းသည် ကောင်းသော နေရခြင်းပေတည်း၊ သင်တို့ဆရာငါသည် ကြာစွယ် ကြာ

ရင်းတို့ကိုပြန်၍ရပေပြီ၊ ထိုကြောင့် အလုံးစုံသော
ရသေ့တို့သည် ဝမ်းမြောက်ကြလော့”–

ဟု ပြောဆိုဆုံးမကာ သည်းခံစေကုန်၏၊ ထိုနောက် သိကြားမင်းသည် ရသေ့တို့ကိုရှိခိုးပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏၊ ရသေ့တို့လည်း ဈာန် အဘိညာဉ်ကိုဖြစ်စေလျက် သေလွန်သောအခါ ဗြဟ္မာ့ပြည် သို့လားကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ငြီးငွေ့ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ ညီနောင်ခုနစ်ယောက်တို့သည်-ယခုအခါ ငါဘုရား,သာရိပုတ္တရာ,မောဂ္ဂလာန်,ကဿပ, အနုရုဒ္ဓါ,ပုဏ္ဏ,အာနန္ဒာ။

※ ကဥ္စနဒေဝီသည်-ဥပ္ပလဝဏ်။

※ ကျွန်မသည်-ခုဇ္ဇုတ္တရာ။

※ ကျွန်ယောကျ်ားသည်-စိတ္တသူကြွယ်။

※ ရုက္ခစိုးသည်–သာတာဂိရိဘီလူး။

※ ဆင်သည်-ပါလိလေယျကဆင်မင်း။

※ မျောက်သည်–ပေါင်္ဃပါဒမျောက်။

※ သိကြားမင်းသည်–ကာလုဒါယီဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမကြောင်းရင်း၊ နှောင်ဖွဲ့ခြင်း၊ ဆင်းရဲလှသည်သာ။
(၂) စွပ်စွဲခံရ၊ ဘေးကိုရ၊ ပါပပြုသည်သာ။
(၃) သေပြန်ပါငြား၊ ငရဲသွား၊ ပြစ်များလှသည်သာ။
(၄) သူတော်ဟူက၊ ကြောက်ရွံ့လှ၊ ရှုတ်ချကဲ့ရဲ့ရာ။

ဘိသဇာတ် ပြီး၏။

---

## ၄၇၉။ သုရုစိဇာတ်

ပဥ္စုပြုန်ပဏ္ဏာသ၊

**ဝိသာခါလျှုဒါန်း ဆုတောင်းခဏ်း** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ ဒါယိကာမကြီး၏ ပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် ဝိသာခါဒါယိကာမကြီးသည် ဘုရား အမှူးရှိသော သံဃာကို အိမ်သို့ပင့်ဘိတ်၍ ဆွမ်းကပ်လှူပြီး လျှင် မြတ်စွာဘုရားထံ အောက်ပါဆုရှစ်ပါးတို့ကိုတောင်း လေ၏။

ဆုရှစ်ပါး

(၁) အသက်ထက်ဆုံး ရဟန်းတို့အား မိုးရေခံ သင်္ကန်းလှူခြင်း။
(၂) အသက်ထက်ဆုံး အာဂန္တုကဘတ်ကိုလှူခြင်း။
(၃) အသက်ထက်ဆုံး ဂမိကဘတ်ကိုလှူခြင်း။
(၄) အသက်ထက်ဆုံး ဂိလာနဘတ်ကိုလှူခြင်း။
(၅) အသက်ထက်ဆုံး ဂိလာနုပဋ္ဌာကဘတ်ကိုလှူခြင်း။
(၆) အသက်ထက်ဆုံး သူနာတို့အား ဆေးလှူခြင်း။

(၇) အသက်ထက်ဆုံး ယာဂုကိုလှူခြင်း။
(၈) အသက်ထက်ဆုံး ရဟန်းမိန်းမတို့အား မိုးရေခံ သင်္ကန်းလှူခြင်း။

ဤရှစ်ပါးသောဆုတို့ကို မြတ်စွာဘုရားသည်ပေးတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ဝိသာခါ ဒါယိကာမကြီးအား ပေးတော်မူသော ဆုရှစ်ပါးကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ဝိသာခါသည် ယခုအခါ၌သာ ငါဘုရားထံမှ ဆုကိုရသည် မဟုတ်၊ ရှေးအခါ၌လည်း ရဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**တက္ကသိုလ်ပြည်သွား မင်းသားနှစ်ပါး**

လွန်လေပြီးသောအခါ မိဓိလာပြည်ဝယ် သုရုစိမင်း မင်းပြုသည်ရှိသော် ထိုမင်း၏သားလည်း သုရုစိ အမည်ရှိ၏၊ ထိုသုရုစိ မင်းသားသည် အရွယ်သို့ ရောက်လတ်သော် အတတ်ပညာသင်ကြားရန် တက္ကသိုလ်ပြည်သို့သွားလေ၏၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသားလည်း အတတ်ပညာ သင်ကြားရန်တက္ကသိုလ်ပြည်သို့သွား၏၊ တက္ကသိုလ်ပြည်သို့ ရောက်လျှင် သုရုစိမင်းသားနှင့်တွေ့၍ အချင်းချင်း အဆွေခင်ပွန်းဖွဲ့ကာ ဆရာကြီးထံအတူသွား၍ ဆရာစားကိုပေးပြီးလျှင် အတတ်ပညာ သင်ကြားကုန်၏၊ မကြာမြင့်မီပင် တတ်မြောက်ကြ၍ ဆရာကို ပန်ကြားပြီးလျှင် အတူတကွ တိုင်းပြည်သို့ပြန်ကုန်၏။

**ချင်းချင်းတိုင်ပင်မှု ကတိဝတ်ပြု**

ထိုမင်းသားနှစ်ယောက်တို့သည်အတန် ငယ်သွားကြ၍ လမ်းခွဲခရီးဆုံသို့ ရောက် လျှင် ငါတို့နှစ်ယောက်တွင် နောက်အ ခါ တဦးဦးကသားမွေး၍ တဦးဦးကသမီးမွေးလျှင် လက် ထပ်ထိမ်းမြားကြစတမ်းဟု ကတိကဝတ်ပြုကာ ခွဲခဲ့ကြကုန် ၏၊ မိမိတို့တိုင်းပြည်သို့ရောက်၍ အသီးသီး မင်းအဖြစ်သို့ ရောက်ကြလျှင် သုရုစိမင်းကြီးမှာ သားတော်ဘွားမြင်၍ သုရုစိသတို့သားဟု အမည်မှည့်၏၊ ဗြဟ္မဒတ်မင်းကြီးမှာ ကား သမီးတော်ဘွားမြင်၍ သုမေဓာသတို့သမီးဟုအမည် မှည့်၏။

သုရုစိမင်းကြီးသည် သားတော် သုရုစိမင်းသားအား အရွယ်သို့ရောက်၍ အတတ်ပညာ သင်ကြားပြီးသော အခါ အဘိသိက်သွင်းကာ မင်းမြှောက်လို၍ ငါ့အဆွေ တော် ဗြဟ္မဒတ်မင်းအား သမီးတော်ရှိသတတ်၊ ငါတို့တဦး နှင့်တဦး ကတိကဝတ်ရှိခဲ့သည်၊ ထိုမင်း၏ သမီးတော်ကိုပင် လက်ထပ်၍ မိဖုရားကြီးပြုမည်ဟု အမတ်တို့ကို များစွာ သော လက်ဆောင်ပဏ္ဏာတို့နှင့် သမီးတော်ကိုတောင်းရန် ဗြဟ္မဒတ်မင်းထံ စေလွှတ်လေ၏။

**သမီးထိမ်းမြားမှု တိုင်ပင်ပြု**

အမတ်တို့မရောက်မီလျှင် ဗာရာဏသီ မင်းလည်း မိဖုရားကြီးကိုခေါ်၍ "ရှင် မိဖုရား.... မိန်းမတို့အား ဘယ်အရာ သည် အလွန်ဆင်းရဲသနည်း"ဟု မေး၏၊ မိဖုရားကြီးသည် "အရှင်မင်းကြီး.... လင်တယောက်တည်း၌ မယားအ များရှိခြင်းသည် အလွန်ဆင်းရဲပါ၏"ဟု ဖြေကြား၏၊

ကောင်းပြီ- ငါ့သမီးတော်ကို ဤဆင်းရဲမျိုး မတွေ့စေရ၊ မယားတယောက်တည်း ယူမည့်မင်းကိုသာ ပေးစားမည်ဟု တိုင်ပင်လေ၏။

သုရုစိမင်းကြီး၏ အမတ်တို့လည်း ဗာရာဏသီမင်းကြီးထံရောက်လျှင် သုမေဓာမင်းသမီးကိုယူရန် လာခဲ့ကြကြောင်းကို လျှောက်ထားကုန်၏၊ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် "အမတ်တို့.... အဆွေတော်သုရုစိမင်းကြီးနှင့် တဦးနှင့်တဦး ဝန်ခံကတိရှိခဲ့သည်ကား မှန်၏၊ သို့သော်လည်း ငါတို့သမီးတော်ကို မယားများအလယ်၌ မချလိုပါ၊ မယားတယောက်တည်းယူသော မင်းကိုသာပေးမည်"ဟု စီမံထားကြောင်း ပြောလေ၏၊ ထိုအခါ အမတ်တို့သည် ထိုအကြောင်းကို သုရုစိမင်းကြီးထံ စေလိုက်ကုန်၏။

**ထီးနန်းရိပ်မှာ ပျော်ရွှင်စွာ**

သုရုစိမင်းကြီးသည် ထို အကြောင်းကို ကြားလျှင် နှစ်သက်တော်မမူ၊ သားတော် သုရုစိမင်းသားကား ငါ့အား မယားအများဖြင့် အလိုမရှိ၊ သုမေဓာမင်းသမီးတဦးတည်းသာ ယူမည်ဟု ခမည်းတော်ထံ လျှောက်ထား၏၊ ခမည်းတော်လည်း သားတော်အလိုဆန္ဒအတိုင်း အမတ်တို့ထံအကြောင်းပြန်၏၊ အမတ်တို့လည်း သုမေဓာမင်းသမီးကို ဆောင်ယူခဲ့ကုန်၏၊ ခမည်းတော်မင်းကြီးလည်း မိဖုရားကြီးပြုကာ သားတော်နှင့်အတူ ဘိသိက်သွန်းတော်မူ၏၊ သုရုစိမင်းသားသည် မင်းအဖြစ်သို့ ရောက်လျှင် တရားနှင့်အညီမင်းပြုလေ၏၊ အနှစ်တသောင်းကြာသော်လည်း သားသမီးတို့ကိုမရလေ။

**ပြည်သူများလိုလျက် နန်းမွေဆက်**

ထိုအခါ ပြည်သူတို့သည် စည်းဝေးကုန်လျက် နန်းရင်ပြင်၌ ကြွေးကြော်ကုန်၏၊ ကြွေးကြော်သံကိုကြားလျှင် မင်းကြီးလည်း "အမောင်တို့.... အကြောင်းအသို့နည်း"ဟု မေး၏၊ "အရှင်မင်းကြီး.... အရှင်မင်းကြီးတို့၌ အပြစ်မရှိပါ၊ စင်စစ်သော်ကား အမျိုးအနွယ်ကို စောင့်ရှောက်မည့်သားသမီးမရှိ၊ မင်းကြီးအား မိဖုရားတယောက်ကည်းသာဖြစ်၏၊ အယုတ်အားဖြင့် တသောင်းခြောက်ထောင်မျှဖြစ်ကုန်ရာ၏၊ ထိုမိန်းမတို့တွင် ဘုန်းရှိသောမိန်းမသည် သားကောင်းရတနာကို ရပေလတ့်၊ "အမောင်တို့.... အဘယ်သို့ဆိုကုန်သနည်း၊ ငါ့မှာ သုမေဓာတယောက်သာ ယူမည်ဟု ဝန်ခံထားသည်၊ မိန်းမအများဖြင့်အလိုမရှိ၊ ဝန်ခံကတိကိုမဖျက်လို၊ သွားကြကုန်"ဟု လွှတ်လိုက်၏။

**မိဖုရားများလည်း အချည်းနှီး**

သုမေဓာမိဖုရားကြီးသည် ထိုစကားကို ကြားလျှင် မင်းကြီးကား သစ္စာရှိပေ၏၊ သို့အတွက် အခြားမိန်းမကို မဆောင်ယူပေ၊ ငါသည်ပင် မင်းကြီးအား ဆောင်ယူပေးမည်ဟုကြံစည်ပြီးလျှင် မင်းကြီး၏အမိနှင့်တူသော မယားအရာ၌တည်၍ မိမိအလိုအားဖြင့်သာ မင်းသမီးတထောင်, အမတ်သမီးတထောင်, သူဌေးသမီးတထောင်, ကချေသည်မတထောင် ဤလေးထောင်တို့ကို ဆောင်ယူစေ၏၊ အနှစ်တသောင်းကြာသော်လည်း သားသမီးတို့ကိုမရကုန်။ နောက်သုံးကြိမ်တိုင်အောင်လေးထောင်လေးထောင်ယူစေပြန်၏၊ ဤနည်းဖြင့် တသောင်းခြောက်ထောင် ဖြစ်ကုန်၏၊



P.317 သုရုစိမင်း၏ မိဖုရားငယ်များ သိကြားမင်းရသေ့ထံ သွားဆုပန်ဆင်နေကြပုံ

နောက် အနှစ်လေးသောင်းကြာပြန်သော်လည်း သား သမီးတို့ကိုမရကုန်၊ ဤသို့လျှင် အနှစ်ငါးသောင်းရှိကုန်၏။

**သုမေဓာသီလ မွန်မြတ်လှ**

တဖန် ပြည်သူတို့သည် နန်းရင်ပြင်သို့ လာ၍ ကြွေးကြော်ကြပြန်၏၊ မင်းကြီး သည် မိဖုရားတို့ကို သားဆုကိုတောင်း စေ၏၊ မိဖုရားတို့လည်း အထူးထူးသောနတ်တို့ကိုရှိခိုးကာ သားဆုကိုတောင်းကြကုန်၏၊ တစုံတယောက်မျှ သား သမီးတို့ကိုမရလေ၊မိဖုရားကြီးကိုလည်း သားဆုကိုတောင်း စေ၏၊ မိဖုရားကြီးသည် ပန္နရသီနေ့၌ အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကို ဆောက်တည်လျက် သီလကို ဆင်ခြင်ကာ ညောင်စောင်းငယ်၌ နေ၏၊ ကြွင်းသော မိဖုရားတို့ကား ဆိတ်အကျင့် နွားအကျင့်ကို ကျင့်ကုန်သော်လည်း သား သမီးမရကြသဖြင့် ဥယျာဉ်တော်သို့သွားကုန်၏။

**သိကြားစဉ်းစား သနွှေသား**

ထိုအခါ သုမေဓာမိဖုရားကြီး၏ သီလ တန်ခိုးကြောင့်သိကြားမင်း၏နေရာသည် တုန်လှုပ်၏၊ သိကြားမင်းသည် ဆင်ခြင် လတ်သော် ထိုအကြောင်းကိုသိ၍ သုမေဓာမိဖုရားကြီး အား ဟူးဟူးငြားငြားသော သားကိုပေးခြင်းငှါ မသင့်ဟု ကြံစည်လျက် ကျွထရံသည် နတ်သားထံသွား၍ လူ့ပြည် ၌ဖြစ်ရန်ဝန်ခံစေပြီးလျှင် ရသေ့ အသွင်ဖြင့် မင်းဥယျာဉ် သို့သွား၍ မိဖုရားတို့အထက်ကောင်းကင်၌ စင်္ကြံသွားကာ ကိုယ်ကိုထင်ရှားပြလျက် "ဘယ်မိန်းမအား.... သားဆုကို ပေးရအံ့နည်း၊ဘယ်မိန်းမသည် သားဆုကိုယူလိုသနည်း" ဟု မေး၏။

**သုမေဓာထံမှောက် သိကြားရောက်**

ထိုအခါ တသောင်း ခြောက်ထောင်သောမိန်းမတို့သည် အကျွန်ုပ်အားပေးတော်မူပါ၊ အကျွန်ုပ်အားပေးတော်မူပါဟု လက်အုပ်ချီကာ သူ့ထက်ငါ တောင်းကြကုန်၏၊ သိကြားမင်းသည် သီလရှိသူအား ပေးမည်ဟုပြောပြန်ရာ သီလ မရှိကြသောကြောင့် ချိမြှောက်သော လက်တို့ကို ချွေကာ "အရှင်ဘုရား.... သီလရှိသူအား အကယ်၍ပေးလိုပါမူ သုမေဓာမိဖုရားကြီးထံကြွပါ"ဟု လျှောက်ထားကုန်၏။

ထိုနောက် သိကြားမင်းသည် ကောင်းကင်ဖြင့်သွား၍ သုမေဓာ မိဖုရားကြီးနေသော လေသွန် နန်းတံခါး၌ ရပ်တည်လေ၏၊ မိဖုရားတို့လည်း "အရှင်မိဖုရားကြီး.... လာတော်မူပါ နတ်သားတယောက်သည် သားဆုပေးရန် လာသည်"ဟု လျှောက်ထားကုန်၏။

**သီလစစ်ဆေး သိကြားမေး**

ထိုအခါ သုမေဓာ မိဖုရားကြီးသည် လေသွန်နန်းတခါးကို ဖွင့်ကာ ရှိသေလေးမြတ်စွာရှိခိုးလျက်"အရှင်ဘုရား.. အရှင်ဘုရားတို့သည် သီလရှိသူအား သားဆုကိုပေးမည်ဟူသည် မှန်ပါသလော" ဟု မေး၏၊ "အရှင်မိဖုရား.... မှန်ပါ၏"ဟု ပြော၏၊ "ထိုသို့ဖြစ်လျှင် အကျွန်ုပ်အား ပေးတော်မူပါ"ဟု တောင်းပန်၏၊ "သင့်သီလကား အဘယ်နည်း ပြောဆိုပါ၊ ငါနှစ်သက်လျှင် ပေးမည်"ဟုပြောလေ၏၊ ထိုအခါ သုမေဓာမိဖုရားကြီးသည် နားထောင်တော်မူလော့ဟု လျှောက်ထားကာ—

"အို-ရှင်ရသေ့... အကျွန်ုပ်သည် သုရုစိမင်းကြီး၏ မိဖုရားကြီးဖြစ်ပါ၏၊ အကျွန်ုပ်ကို ဆောင်ယူခဲ့သောအခါမှစ၍ ရှေးဦးစွာ နန်းတော်မှာ အနှစ်တသောင်းနေခဲ့ပါပြီ၊ သုရုစိမင်းကြီးကို ကိုယ်နှုတ်တို့ဖြင့် မျက်ကွယ်မျက်မှောက် မထေမဲ့မြင် မပြုခဲ့ဘူးပါ၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့်သားရပါစေ၊ မမှန်သော စကားကို ဆိုချေသော် ဦးခေါင်းခုနစ်စိတ်ကွဲပါစေ"–

"အို-ရှင်ရသေ့....သုရုစိမင်းကြီးအဘယောက္ခမယောကျ်ားသူ အမိယောက္ခမ မိန်းမသူ တို့သည် အသက်ထက်ဆုံး အကျွန်ုပ်ကို ဆုံးမပါကုန်၏၊ အကျွန်ုပ်သည် သူတပါးတို့ကို ညှဉ်းဆဲလေ့မရှိ၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို အားထုတ်လျက် နေ့ညဥ့်ပတ်လုံး မပျင်းမရိ ရှိသေစွာ လုပ်ကျွေးပါ၏၊ဤသို့မှန်သောစကားကိုဆိုရခြင်းကြောင့်သားရပါစေ၊ မမှန်သောစကားကို ဆိုချေသော် ဦးခေါင်းခုနစ်စိတ်ကွဲပါစေ"–

"အို-ရှင်ရသေ့....အကျွန်ုပ်သည် လင်တူမယားဖြစ်ကြသော တသောင်းခြောက်ထောင်သောမိန်းမတို့၌ ငြူစူစောင်းမြောင်းခြင်း အမျက်ထွက်ခြင်းသည် တရံတဆစ်မျှမဖြစ်ခဲ့ဘူးပါ၊ အကျိုးစီးပွားဖြင့်သာ နှစ်သက်ပါ၏၊ မုန်းတီးသော မိန်းမတယောက်မျှမရှိ၊ ကိုယ်နှင့်အတူချစ်ခင်ပါ၏၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် သားရပါစေ၊

မမှန်သောစကားကို ဆိုချေသော် ဦးခေါင်းခုနစ်စိတ်ကွဲပါစေ”—

“အို-ရှင်ရသေ့…. ကျွန်အမှုလုပ် တို့ကိုဧင်း, အခြားအကျွန်ုပ်ကိုမှီ၍ အသက်မွေးသော သူတို့ကိုဧင်း ကျင့်ဝတ်သဘောဖြင့် အခါခပ်သိမ်း ဝမ်းမြောက်သော ရုပ်ခန္ဓာရှိသည်ဖြစ်၍ စေခိုင်းပါ၏၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် သားရပါစေ၊ မမှန်သောစကားကိုဆိုချေသော် ဦးခေါင်းခုနစ်စိတ်ကွဲပါစေ”—

“အို-ရှင်ရသေ့….ရဟန်းပုဏ္ဏားတို့ကိုဧင်း,ခရီးသွားညှော်သည် အထီးကျန်သောသူတို့ကိုဧင်း အခါခပ်သိမ်း ဖြန့်အပ်သောလက်ရှိသည်ဖြစ်၍ ထမင်းအဖျော်တို့ဖြင့် ရောင့်ရဲစေပါ၏၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် သားရပါစေ၊ မမှန်သောစကားကိုဆိုချေသော် ဦးခေါင်းခုနစ်စိတ် ကွဲပါစေ”—

“အို-ရှင်ရသေ့….ဆယ့်လေးရက်မြောက်နေ့, ဆယ့်ငါးရက်မြောက်နေ့, လဆန်းလဆုတ်ရှစ်ရက်မြောက်နေ့, အပို, အကြိုနေ့တို့၌ အင်္ဂါရှစ်ပါးရှိသောဥပုသ်ကို ကောင်းစွာ စောင့်သုံးပါ၏၊ အခါခပ်သိမ်း ငါးပါးသီလကို စောင့်သုံးပါ၏၊ ဤသို့မှန်သောစကားကိုဆိုရခြင်းကြောင့် သားရပါစေ၊ မမှန်သောစကားကို ဆိုချေသော် ဦးခေါင်း ခုနစ်စိတ်ကွဲပါစေ”—

ဟု မိမိဂုဏ်ကျေးဇူးကို ပြောဆိုကာ သစ္စာပြုလေ၏။

**မိဖုရားကျင့်မြတ် သားကောင်းအပ်**

ထိုအခါ သိကြားမင်းသည် သုမေဓာ မိဖုရားကြီးအား—

"အို-အရှင်မိဖုရား··သင်သည်ဓိမိဒ္ဓရှိသောဂုဏ် ကျေးဇူးတို့ကို ပြောကြားပေ၏၊ ပြောကြားသမျှ အလုံးစုံလည်း သင်၌ရှိပါပေ၏၊ ရေမြေကိုအုပ်စိုး ၍ အမျိုးဇာတ်နှင့် ပြည့်စုံလျက် အခြံအရံရှိသော ဝေဒေဟတိုင်းကြီးကို တရားသဖြင့်မင်းပြုမည့်သား ကောင်းရတနာသည်သင့်အားမွေးဘွားလိမ့်မည်"-

ဟု ပြောကြားကာ သားဆုကိုပေးလေ၏၊ မိဖုရားကြီး လည်း ထိုစကားကိုကြားလျှင် အလွန်နှစ်သက်ဝမ်းမြောက် သည်ဖြစ်၍—

"အို-ရှင်ရသေ့··မျက်ခရမက္ကက် မြူအလိမ်းလိမ်း ကပ်သော သစ်ခေါက်ဆိုးကို ဝတ်ဆင်၍ ကောင်း ကင်၌ တည်သော သင်ကား အလွန်နှစ်သက် ဘွယ်သောစကားကိုဆိုဘိ၏၊ သင်သည် နတ်ပြည်မှ နတ်သားဖြစ်သလော၊ သို့မဟုတ် တန်ခိုးကြီးသော ရသေ့ဖြစ်သလော၊ ဤအရပ်သို့ ရောက်လာသော သင်သည် အဘယ်သူနည်း၊အကျွန်ုပ်အား ပြော ကြားပါ"—

ဟုသိကြားမင်းအားဘောင်းပန်မေးမြန်းပြန်၏။

**သုမေဓာသီလစွမ်း သိကြားချီးမွမ်း**

ထိုအခါ သိကြားမင်းသည် သုမေဓာ မိဖုရားအား ကိုယ်ထင်ပြ၍—

"အို-သုမေဓာမိဖုရား.... သုမေဓာနတ်သားကင်သို့ အညီအညွတ်လာကုန်သော နတ်တို့သည်ငါ့ကိုရှိခိုးကုန်၏၊ ငါကား မျက်စိအမြင် တထောင်ကိုဆောင်သောသိကြားမင်းဖြစ်၏၊ သင့်ထံသို့ လာခဲ့ရ၏။

လောက၌ ဒွါရသုံးပါး၌ ညီမျှသောအကျင့်ရှိ၍ ပညာရှိလျက် သီလရှိသောမိန်းမ, ယောက္ခမတို့ကို နတ်ကဲ့သို့ ရိုသေသောမိန်းမ, လင့်ဝတ်နှင့် ပြည့်စုံသောမိန်းမ,စင်ကြယ်သောအမှုရှိသော မိန်းမတို့ကို ရှုမြင်ကြရန် လူ့ပြည်သို့နတ်တို့သည် လာကြရကုန်၏"။

"အရှင်မိဖုရား....သင်သည် ရှေးအခါကောင်းသောအလေ့အကျင့်ရှိသောကြောင့် အလုံးစုံအလိုဆန္ဒနှင့်ပြည့်စုံသော မင်းမျိုး၌ဖြစ်ရ၏၊ သင်၏ဤကောင်းသောအလေ့အကျင့်သည် ဤဘဝ နောင်ဘဝတို့၌အောင်မြင်ရ၏၊ နတ်ပြည်သို့ ရောက်ရ၏၊ ထင်ပေါ်ကျော်စောရ၏၊ "အရှင်မိဖုရား.... ရှည်မြင့်စွာ ကိုယ်၌ကုသိုလ်တရားကို စောင့်ပါလော့၊ ငါသည် တာဝတိံသာနတ်ပြည်သို့သွားပါအံ့၊ ငါသည်သင့်အား ရှုမြင်ရခြင်းကိုချစ်မြတ်နိုးပါ၏"–

ဟု ပြောဆိုချီးကျူးကာ နတ်ပြည်သို့သွားလေ၏၊ ကျူထရံသည်နတ်သားလည်း မိုးသောက်သောအခါ စုတေ၍ သုမေဓာမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလေ၏။

**သားတော်ဘွားလေလာဘ်မိုးရွာ**

ထိုအခါမိဖုရားကြီးသည် ကိုယ်ဝန်တည်သော အဖြစ်ကို သိ၍ မင်းကြီးအား လျှောက်ထား၏၊ မင်းကြီးလည်း အစောင့်အရှောက်ကို ပေး၏၊ ဆယ်လ လွန်သဖြင့် သားယောကျ်ားကို မွေးဘွားလေ၏၊ သတို့သားအား မဟာပနာဒ သတို့သားဟူသော အမည်ကိုမှည့်ကြကုန်၏၊ဗာရာဏသီ,မိဓိလာ နှစ်ပြည်ထောင်၌ နေကုန်သောသူတို့သည် မင်းသားနို့ဘိုးဟု ပြောဆိုကာ အသပြာတသပြာစီ မင်းရင်ပြင်၌ ပစ်ကြကုန်၏၊ များစွာသော အသပြာစုံသည် ဖြစ်၏၊မင်းကြီးသည် တားမြစ်သော်လည်း ယူ၍မသွားကြကုန်၊ မင်းသားသည် အရွယ်သို့ရောက်သောအခါ အလုံးစုံသောအတတ်ပညာတို့၌ အပြီးတိုင်ရောက် တတ်မြောက်လေ၏။

**လူမင်းဘုန်းသမ္ဘာ သိကြားမနေသာ**

ခမည်းတော်မင်းကြီးသည် သားတော်၏အရွယ်ကို ကြည့်၍ မိဖုရားကြီးနှင့် တိုင်ပင်ကာ မွေ့လျော်ဘွယ် ရှိသော နန်းပြာသာဒ်ကို ဆောက်လုပ်စေ၍ အဘိသိက် သွန်းကာ မင်းမြှောက်မည်ဟု ပြောဆိုစီမံပြီးလျှင် မြေကြွန်တတ်သောဆရာတို့ကိုခေါ်စေ၍“အမောင်တို့····လက်သမားတို့ကိုခေါ်၍ ငါ၏နန်းတော်နှင့် မနီးမဝေးသော အရပ်၌ မွေ့လျော်ဘွယ် နန်းပြာသာဒ်ကို ဆောက်လုပ်ကြလော့” ဟု အမိန့်ပေးလေ၏၊ မြေကြွန်တတ်သော ဆရာတို့သည် ဆောက်လုပ်ရန် အရပ်ကိုစုံစမ်းကြကုန်၏၊ထိုအခါသိကြားမင်းနေရာသည်ဘုန်းလျှပ်လေ၏၊ သိကြားမင်းသည်ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ဝိသုကြံနတ်သားကို

ခေါ်ပြီးလျှင် "အမောင်···· မဟာပနာဒမင်းသားအတွက် အလျားကိုးယူဇနာ အနံရှစ်ယူဇနာ အစောက်ဆယ့်ငါး ယူဇနာရှိသော ရတနာပြာသာဒ်ကို ဘန်ဆင်းချေ" ဟု စေလွှတ်လိုက်၏၊ ဝိသုကြုံနတ်သားလည်း လက်သမား အသွင်ဖြင့် ဆောက်လုပ်မည့် လက်သမားတို့ထံ သွား၍ လှံကန်ဖြင့် မြေကြီးကိုခတ်ကာမျှဖြင့် ဘုံဆင့်တရာရှိသော ရတနာပြာသာဒ်သည် မြေမှပေါက်လေ၏၊ မဟာပနာဒ မင်းသားအား ပြာသာဒ်တင်မင်္ဂလာ,ထီးဆောင်းမင်္ဂလာ, လက်ထပ်မင်္ဂလာ ဤမင်္ဂလာသုံးမျိုးတို့သည် တပြိုင်နက် ဖြစ်ကုန်၏။

**သားတော်ပြုံးရယ်မှု ပွဲတော်ပြု**

နှစ်ပြည်ထောင်သားတို့ စည်းဝေးကြရာ မင်္ဂလာ ပွဲသဘင်ကြီးသည် မိဓိလာ ပြည်၌ဖြစ်၍ ခုနစ်နှစ်ကိုလွန်စေ၏၊ ထို နှစ်ပြည်ထောင်သားတို့ကို မင်းကြီးသည် ပြန်ရှု၍မလွှတ်ချေ၊ အဝတ်တန်ဆာထမင်းခဲဘွယ် ဘောဇဉ်တို့သည် မင်းအိမ်မှ ဖြစ်ကုန်၏၊ ထိုအခါ နှစ်ပြည်ထောင်သားတို့သည် ကြွေး ကြော်ကြကုန်၏၊ "အရှင်မင်းကြီး···· အကျွန်ုပ်တို့သည်မင်္ဂ လာပွဲကိုရှုစားနေကြသည်မှာ ခုနစ်နှစ်လွန်ကုန်ပြီ၊ အဘယ် အခါမှပြီးဆုံးမည်နည်း" ဟု မေးကြ၏၊ "အမောင်တို့···· ငါ့သားတော်ကား မပြုံးမရယ်စဘူး၊ ငါ့သားတော်ပြုံး ရယ်သောအခါမင်္ဂလာပွဲ ပြီးဆုံးပြီ သွားကြကုန်လော့" ဟု မိန့်တော်မူ၏၊ ထိုအခါ ခြောက်ထောင်သော သဘင်သည် တို့သည် စည်းဝေးကုန်လျက် ခုနစ်စုပြုကာ အမျိုးမျိုး ကပြ ကြကုန်သော်လည်း ပြုံးရယ်ခြင်းကိုမပြုလေ။

**ပွဲတော်ဖျော်ဖြေ မပြုံးရယ်လေ**

ထိုအခါ ဘဏ္ဍုကဏ္ဍု သဘင်သည်ကြီးနှင့် ပဏ္ဍုကဏ္ဍု သဘင်သည်ကြီးတို့သည် ငါတို့ပြုံးရှင်အောင် လုပ်မည်ဟု ပြောကြားကာ ထိုနှစ်ဦးတို့တွင် ဘဏ္ဍုကဏ္ဍုသည် ရှေးဦးစွာ မင်းအိမ်တံခါး၌ ကြီးစွာသော အတုလသရက်ပင်ကြီးကိုဘန်ဆင်း၏၊ နောက်ချည်လုံးကို သရက်ပင်ပေါ်သို့ ပစ်ကာ အခက်၌ငြိစေလျက် ချည်တန်းဖြင့် သရက်ပင်သို့တက်၏၊ သရက်ပင်စောင့်ဖြစ်သော နတ်တို့သည် အင်္ဂါကြီးငယ်တို့ကို တခြားစီဖြတ်၍ အပင်အောက်သို့ပစ်ချကုန်၏၊ ကြွင်းသောသဘင်သည်တို့သည် ထိုအင်္ဂါကြီးငယ်တို့ကို စုရုံးကာ ရေဖြင့် သွန်းလောင်းကုန်၏၊ ထိုအခိုက် ဘဏ္ဍုကဏ္ဍုသည် ဝတ်ပန်းပုဆိုးကို ဝတ်ရုံကာ ကလျက်ထ၏၊ မဟာပနာဒ မင်းသားသည် မပြုံးရှင်လေ။

ထိုနောက် ပဏ္ဍုကဏ္ဍုသည် မင်းယင်ပြင်၌ ကြီးစွာသောမီးပုံကြီးကိုပြုစေပြီးလျှင် မိမိပရိသတ်နှင့်တကွ မီးပုံထဲသို့ဝင်လေ၏၊ မီးငြိမ်းလတ်သော် ရေဖြင့် သွန်းလောင်းကုန်၏၊ ထိုအခိုက်၌ ပရိသတ်နှင့်တကွ ဝတ်ပန်းပုဆိုးကိုဝတ်ရုံကာ ကလျက်ထကြကုန်၏၊ မဟာပနာဒမင်းသားသည် မပြုံးရှင်၊ ဤသို့လျှင် မဟာပနာဒမင်းသားကို ပြုံးရှင်အောင်မတတ်နိုင်ကြသဖြင့် လူတို့သည် ဆင်းရဲပင်ပန်းကြကုန်၏။

**သိကြားစီမံမှ ရယ်ပြုံးကြ**

ထိုအကြောင်းကို သိကြားမင်း သိလျှင် နတ်သဘင်သည်တို့ကို စေလွှတ်၏၊ နတ်သဘင်သည်တို့လည်း သဘင် ခံရာသို့ သွား၍ ကောင်းကင်၌ရပ်တည်ကုန်လျက် ကိုယ်ထက်ဝက်ကို

ပြကုန်၏၊ လက်တဘက်, ခြေတဘက်, မျက်စိတဘက်, အစွယ်တချောင်းသာဖြစ်၍ကကုန်၏၊ ကိုယ်ထက်ဝက်သည် လှုပ်၏၊ ထက်ဝက်သည်မလှုပ်၊ မဟာပနာဒမင်းသားသည် ထိုနတ်သဘင်သည်ကိုမြင်လျှင် အတန်ငယ် ပြုံးရယ်လေ၏၊ လူတို့ကား ခြေပစ်လက်ပစ်ဖြစ်ကာ ပြုံးရယ်ကြကုန်၏၊ ထို အခါမှ မင်္ဂလာပွဲသည် ပြီးဆုံးလေတော့၏၊ မဟာပနာဒ မင်းကြီးသည် အသက်ထက်ဆုံး ဒါနသီလစသောကုသိုလ် ကောင်းမှုကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မဟာပနာဒမင်းသည်—ယခုအခါ ဘဒ္ဒဇိ။

※ သုမေဓာမိဖုရားသည်—ဝိသာခါ။

※ ဝိသုကြုံသည်—အာနန္ဒာ။

※ သိကြားမင်းသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ်, နှုတ်, စိတ်ဝယ်၊ မျက်မှောက်, ကွယ်၊ လင်သယ် မခထကောင်း။

(၂) ယောကျာ်းမများ၊ နှာအလား၊ ညွှတ်တွားလုပ်ကျွေးခြင်း။

(၃) လင်တူမယား၊ ချစ်ခင်ငြား၊ စီးပွားကျင့်ခဲ့ခြင်း။

(၄) ကျွန်,မှုလုပ်သူ၊ မှီနေသူ၊ ကြည်ဖြူကျွေးမွေးခြင်း။

(၅) ရဟန်း,ပုဏ္ဏား၊ ဧည့်သည်များ၊ မမှားကျွေးမွေးခြင်း။
(၆) လေးသီတင်း, ပို,ကြို၊ ရှစ်ပါးကို၊ ငါးကိုမြဲစောင့်ခြင်း။
(၇) သုမေဓိဖျား၊ အကျင့်များ၊ မှတ်သားလူခပင်း။

သုရုစိဇာတ်ပြီး၏။

---

# ၄၉၀—ပဉ္စုပေါသထဇာတ်

## ပစ္စုပ္ပန်ဝတ္ထု။

**သီတင်းသည်များ တရားဟောကြား**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပုသ်ဆောက်တည်သော သီတင်းသည် ငါးရာတို့ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ရသေ့ထံဆည်းပူး သတ္တဝါလေးဦး**

လွန်လေပြီးသောအခါ အင်္ဂတိုင်း မဂဓတိုင်း ကာသိတိုင်း ဤတိုင်းကြီးသုံးတိုင်းတို့အလယ်၌ မွေ့လျော်ဘွယ် ရှိသော တောအုပ်သည်ရှိလေ၏၊ မဂဓတိုင်းဝယ် ဘုရားအလောင်းသည် ဗြာဟ္မဏ မဟာသာလမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် စည်းစိမ်ဥစ္စာကာမဂုဏ်တို့ကို စွန့်ပယ်ပြီးလျှင် ထိုတောအုပ်သို့ဝင်၍ ရသေ့ရဟန်းပြုကာ ကျောင်းသင်္ခမ်း ဆောက်လျက်နေ၏။

ရသေ့ကျောင်းအနီး ဝါးတော၌ ခိုလင်မယားသည်နေ၏၊ တောင်ပို့တခု၌ မြွေသည်နေ၏၊ ချုံတခု၌ မြေခွေးသည်

နေ၏၊ တခုသောတောအုပ်၌ ဝံသည်နေ၏၊ ထိုလေးဦးသောသတ္တဝါတို့သည် အမြဲမပြတ် ရသေ့ထံသို့ကပ်၍တရားနာကြကုန်၏။

**နို့နှင့်မြွေအညီ ရသေ့ထံမှီ**

တနေ့သ၌ ခိုလင်မယားသည် အစာရှာသွားရာ စွန်တကောင်သည် ခိုမကို ဖမ်း၍စားလေ၏၊ ထိုအခါ ခိုမနှင့်ကွေကွင်းခြင်းကြောင့် အလွန်ပူပန်၏၊ ယခုအခါ ရာဂကိုနှိပ်မည်ဟု ရသေ့ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည်လျက်နေ၏။

မြွေသည် မိမိနေရာမှထွက်၍ နွားတို့သွားရာ လမ်း၌ အစာကိုရှာ၏၊ ထိုအခါ ရွာစားမင်း၏ ကိုယ်လုံးဖြူသော နွားလားဥသဘသည် ကျက်စားရာတောင်ပို့တခု၌ ချိုသွေး၍ ခွါတို့ဖြင့် မြေတို့ကိုရက်၍ကစား၏၊ မြွေသည်ကြောက်၍ပြေးရာ နွားလားဥသဘသည် နင်းမိ၏၊ထိုအခါ အမျက်ထွက်၍ကိုက်သဖြင့် နွားလားဥသဘသည် သေခဲ့၏၊ ရွာသားတို့သည် ငိုကြွေးကာ နွားသေကို သင်္ဂြိုဟ်ကုန်၏၊ ထိုအခါ မြွေသည် ငါ၏ဒေါသကိုမှီ၍ နွားသေရသည်၊ ထိုဒေါသကို နှိပ်မည်ဟု ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည်လျက်နေ၏။

**လောဘပြစ်မြင် ကျောင်းသို့ဝင်**

မြေခွေးသည် အစာရှာသည် ရှိသော်ဆင်သေတစီးကိုမြင်လျှင် များစွာသော အစာကို ရပေပြီဟု ဝမ်းမြောက်ဝမ်းသာ နှာမောင်း, နားရွက်, ဝမ်းဗိုက်စသည်တို့၌ ကိုက်စားရာ မာကျောလှသဖြင့် ကိုက်၍မရ၊ ဝစ္စမဂ်ကိုကိုက်ပြန်ရာ

မုန့်ညက်ကို ကိုက်ရသကဲ့သို့ နူးညံ့သဖြင့်စားရ၏၊ ထိုမြေ ခွေးသည် လောဘ၏အစွမ်းဖြင့်ဝစ္စမဂ်မှ ဝမ်းတွင်းသို့ဝင်၍ အသားကိုစား၊အသွေးကို သောက်ကာနေရာ နေပူ လေ တိုက်သဖြင့် ဆင်သေ၏ဝစ္စမဂ်ပိတ်သောအခါ ထွက်ပေါက် မရဘဲဆင်းရဲလေ၏၊ တဘန်မိုးရွာ၍ ရေနူးကာ ဝစ္စမဂ် ပေါက်ပွင့်လာသောအခါ ကြောက်အားလန့်အား အဟာင်း တိုး၍ထွက်ရာ အမွေးတွေကျွတ်၍ အရေစုတ်လျက် အလွန် ဆင်းရဲလှ၏၊ ထိုအခါ လောဘကိုနှိပ်မည်ဟု ကျောင်းသို့ သွား၍ ဥပုသ်စောင့်လျက်နေ၏။

**လောဘဆင်းရဲ အမြင်လွဲ**

ဝံသည် အလွန် အလိုကြီးသဖြင့် တော မှထွက်ခဲ့၏၊ မလ္လတိုင်း ပစ္စန္တရစ်ရွာသူ တို့သည် ဝံလာသတဲ့ဟုကြား၍ တုတ် လုံကန် လေးမြှားတို့ကိုကိုင်လျက် လာကြ၍ ဝံအောင်း သောခြုံကို ဝန်းရံကုန်၏၊ ဝံသည် ကြောက်ရွံ့သဖြင့် ထွက်၍ ပြေး၏၊ လူတို့လည်း တုတ်လုံကန်စသည်တို့ဖြင့် ရိုက်ပုတ် ပစ်ခတ်ကုန်၏၊ ဝံသည်ခေါင်းကွဲလျက် သွေးယိုစီးကာ မိမိ နေရာသို့ရောက်လျှင် အလွန်အလိုကြီးသော လောဘ ကြောင့်ဖြစ်ရ၏၊ ထိုလောဘကိုနှိပ်မည်ဟု ကျောင်းသို့သွား ၍ ဥပုသ်ဆောက်တည်လျက်နေ၏။

**မာနထန်မှု အမှားပြု**

ရသေ့လည်း မိမိမာနကိုမှီ၍ ဈာန်အ ဘိညာဉ်ကိုမဖြစ်စေနိုင်၊ ထိုအခါ ပစ္စေ ကဗုဒ္ဓါတဆူသည် ထိုအကြောင်းကို သိတော်မူလျှင် ဤရသေ့ကား ယုတ်ညံ့သော သတ္တဝါ မဟုတ်၊ ဘုရားအလောင်းတည်း၊ မာနကိုနှိပ်၍ ဈာန်အဘိ

ညာဉ်ကိုဖြစ်စေမည်ဟု ကြံစည်လျက် ဟိမဝန္တာမှကြွလာ ကာ ရသေ့၏ကျောင်းအနီး ကျောက်ဖျာ၌နေ၏၊ ရသေ့ လည်း ကျောင်းတွင်းမှထွက်လာရာ ပစ္စေကဗုဒ္ဓါကိုမြင် လျှင် မာနကိုမှီ၍ အမျက်ထွက်သဖြင့် ချဉ်းကပ်ပြီးလျှင် လက်ဖျစ်တီးလျက်- "ဟယ်သူယုတ် ဦးပြည်....ပျက် လေ့၊ သွားလေ့၊ အဘယ်ကြောင့် ငါ့နေရာ၌လာ၍နေ ဘိသနည်းဟု"ဆို၏၊ ထိုအခါပစ္စေကဗုဒ္ဓါသည်"အိုသူတော် ကောင်း.... အဘယ်ကြောင့် မာနကြီးဘိသနည်း၊ ငါကား ပစ္စေကဗုဒ္ဓါဖြစ်သည်၊ သင်သည် ဤကမ္ဘာ၌ပင် ဘုရား ဖြစ်လတ့်" စသည်ဖြင့် အမည်အမျိုး အဂ္ဂသာဝကစသည် တို့ကို ပြောကြားပြီးလျှင် တဖန် "အိုသူတော်ကောင်း.. အဘယ်ကြောင့် မာနကြီးဘိသနည်း၊ ကြမ်းကြုတ်ဘိသ နည်း၊မသင့်လျော်"ဟုဆုံးမတော်မူ၏။

**ပစ္စေကဆုံးမ ရသေ့နှိမ်ချ**

ရသေ့သည် ပစ္စေကဗုဒ္ဓါဆုံးမပါသော် လည်း ရှိမခိုး၊ ဘယ်အခါ ဘုရားဖြစ် မည်နည်း ဟူ၍လည်း မမေးမြန်း၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည်ရသေ့ကို "သင်သည်ဇာတိမာန် ကြောင့် ငါ၏ဂုဏ်ကျေးဇူးကြီးသည်အဖြစ်ကိုမသိ၊ သင်အ ကယ်၍စွမ်းနိုင်လျှင် ငါကဲ့သို့ကောင်းကင်၌သွားလော့" ဟု ပြောဆိုပြီးလျှင် ကောင်းကင်သို့ပျံတက်၍ ခြေမှုံ့တို့ကို ရသေ့၏ဆံကျစ်ဝန်းသို့ကြဲချလျက် မြောက်ဟိမဝန္တာသို့ကြွ လေ၏၊ထိုအခါရသေ့သည်ထိတ်လန့်သည်ဖြစ်၍"ဤရဟန်း ကား ကောင်းကင်သို့ ပျံနိုင်၏၊ ငါကား ဇာတိမာန်ဖြင့် ပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့ကိုရှိမခိုးမိ၊ ဘယ်အခါဘုရားဖြစ် မည်နည်းဟူ၍လည်းမမေးလိုက်မိ အမျိုးကား အဘယ်သို့

ပြုအံ့နည်း၊ လောက၌ အကျင့်သီလသာမြတ်၏၊ ငါသည် မာနကိုနှိပ်မည်ဟုကသိုဏ်းပရိကံပွားများကာ ဈာန်အဘိညာဉ်ကိုဖြစ်စေလျက် စကြဉ်းရှိကျောက်ဖျာ၌နေ၏။

**နိသီလတည်ရေး ရသေ့မေး**

ထိုအခါ ခိုစသော သတ္တဝါလေးဦးတို့သည် ရသေ့ထံချဉ်းကပ်၍ လျှောက်ပတ်သောအရပ်၌နေကြကုန်၏၊ ရသေ့သည် ခိုဖိုအား—

"အို- ခိုဖို.... သင်သည် အစာရှာသွားချိန်ဖြစ်လျက် အစာရှာမသွားဘဲ ကြောင့်ကြမဲ့အစာရေစာမွတ်သိပ်ခြင်းကို သည်းခံလျက် အဘယ်ကြောင့် ဥပုသ်ဆောက်တည်၍နေဘိသနည်း"—

ဟု မေးလေ၏၊ ထိုအခါ ခိုဖိုသည်ရသေ့အား—

"အရှင်ဘုရား.... အကျွန်ုပ်သည် ရှေးအခါ ခိုမနှင့်မွေ့လျော်ကာနေပါ၏၊ ထိုအခိုက်ခိုမကိုစွန်တကောင် ဖမ်းသွားသဖြင့် ခိုမနှင့်ကွေကွင်းရသည့်အတွက် ဆင်းရဲပါ၏၊ ထို့ကြောင့် ခိုမ၌တပ်မက်သော ရာဂကိုနှိပ်လိုသဖြင့် အစာရှာမသွားဘဲ ဥပုသ်စောင့်ပါ၏"။

ဟု မိမိဥပုသ်စောင့်ရင်း အကြောင်းကို လျှောက်ထားလေ၏။

**မြွေကိုတဖန် ရသေ့မေးပြန်**

ထိုအခါ ရသေ့သည် တဖန်မြွေအား သီလဆောက်တည်ခြင်း အကြောင်းကို မေးလိုပြန်သဖြင့်—

"အို-မြွေ…. သင်သည် အစာရှာသွားချိန်ဖြစ်လျက် အစာရှာမသွားဘဲ ကြောင့်ကြမဲ့အစာရေစာမွတ်သိပ်ခြင်းကိုသည်းခံလျက် အဘယ်ကြောင့် ဥပုသ်စောင့်၍ နေဘိသနည်း"–

ဟု မေးပြန်၏၊ ထိုအခါ မြွေသည်ရသေ့အား–

"အရှင်ဘုရား…. အကျွန်ုပ်သည် အစာရှာသွားရာ ရွာစားမင်း၏ ကိုယ်လုံးဖြူသော နွားလားဥသဘနင်းမိ၍ အမျက်ထွက်သဖြင့် ထိုနွားလားဥသဘကိုကိုက်၍ သတ်မိပါ၏၊ ထို့ကြောင့်ဒေါသကိုနှိပ်နင်းလိုသဖြင့် ဥပုသ် ဆောက်တည်ပါ၏"–

ဟု ဥပုသ် ဆောက်တည်ခြင်းအကြောင်းကို လျှောက်ထားပြန်၏။

**သီလစောင့်ရေး မြေခွေးမေး**

ထိုနောက်ရသေ့သည် တဖန် မြေခွေးအား သီလဆောက်တည်သော အဖြစ်ကိုမေးလို၍–

"အို-မြေခွေး….သင်သည် အစာရှာသွားချိန်ဖြစ်လျက် အစာရှာမသွားဘဲ ကြောင့်ကြမဲ့အစာရေစာမွတ်သိပ်ခြင်းကို သည်းခံလျက် အဘယ်ကြောင့် ဥပုသ်ဆောက်တည်၍ နေဘိသနည်း"–

ဟု မေးမြန်းပြန်၏၊ ထိုအခါမြေခွေးသည် ရသေ့အား–

"အရှင်ဘုရား….ကျွန်ုပ်သည် အစာ၌တပ်မက်သောလောဘဖြင့် ဆင်သေကောင်၏ဝမ်းသို့ဝင်ခဲ့ရာ ပစ္စမက်ပေါက်ပိတ်သဖြင့်ဆင်းရဲရပါ၏၊နောက်မိုယ်းရွာ၍ ဝစ္စမဂ်ပွင့်သောအခါ အတင်းတိုးထွက်သဖြင့်



P.333 ဝံ, ခွေး, မြွေ, ငှက် လေးဦးသားတို့ သံဝေဂရကာ ရသေ့ထံလာပြီး ဥပုသ်စောင့်သုံးနေကြပုံ

အမွေးတွေကျွတ်, အရေတွေစုတ်ပြတ်ကာ ဆင်းရဲရပါ၏၊ ထို့ကြောင့် လောဘကိုနှိပ်လိုသဖြင့် ဥပုသ်ဆောက်တည်ပါ၏''—

ဟု ဥပုသ်ဆောက်တည်ခြင်း အကြောင်းကို လျှောက်ထားပြန်၏။

**ဝံလောဘကြောင့်သီလစောင့်**

ထိုနောက် ရသေ့သည် တဘန် ဝံအား မေးလိုပြန်သည်ဖြစ်၍—

''အို-ဝံ··သင်သည် အစာရှာသွားချိန်ဖြစ်လျက် အစာရှာမသွားဘဲ ကြောင့်ကြမဲ့ အစာ ရေစာမွတ်သိပ်ခြင်းကို သည်းခံလျက် အဘယ်ကြောင့် ဥပုသ်ဆောက်တည်၍နေဘိသနည်း''—

ဟု မေးပြန်၏၊ ထိုအခါ ဝံသည် ရသေ့အား—

''အရှင်ဘုရား····အကျွန်ုပ်သည် အလွန် အလိုကြီးသောလောဘဖြင့် မိမိနေရာမှ ရွာနားသို့ သွားမိပါ၏၊ ရွာသားတို့သည် တုတ်လှံကန်စသည်တို့ဖြင့် ရိုက်နှက်ပစ်ခတ်သောကြောင့် ခေါင်းကွဲလျက် ဆင်းရဲ၍ ပြန်ခဲ့ရပါ၏၊ ထို့ကြောင့် အလိုကြီးလှသော လောဘကိုနှိပ်လိုသဖြင့်ဥပုသ်ဆောက်တည်ပါ၏''။

ဟုဥပုသ်ဆောက်တည်ခြင်းအကြောင်းကို လျှောက်ထားပြန်၏။

**မာနမှိုပြ နှိမ်ချမှု**

ဤသို့လျှင် သတ္တဝါ လေးဦး တို့သည် မိမိတို့ ဥပုသ်ဆောက်တည်ခြင်း၏ အကြောင်းရင်းကို အသီးအသီးလျှောက်ထားပြီးလျှင် ရှိခိုးကာရသေ့အား—

"အရှင်ဘုရား.... အရှင်တို့သည် သစ်သီးရှာ သွားချိန်ဖြစ်ပါလျက် သစ်သီးရှာမသွားဘဲ ကြောင့်ကြမဲ့ အစာရေစာ မွတ်သိပ်ခြင်းကို သည်းခံလျက် အဘယ်ကြောင့် ဥပုသ် ဆောက်တည်၍ နေပါသနည်း"—

ဟုမေးမြန်းလျှောက်ထားကုန်၏၊ ထိုအခါ ရသေ့သည် သတ္တဝါလေးဦးတို့အား—

"အချင်းတို့.... ငါ၏ကျောင်းသို့ ပစ္စေကဗုဒ္ဓါ တပါး ကြွလာ၍ သွားလာရာဂတိ,အမည်,အမျိုး, အနွယ်,အကျင့်တို့ကို ဆုံးမပါ၏၊ ငါသည် မာနကို မှီ၍ ရှိလည်းမခိုး၊ မေးလည်းမမေးမိ၊ ထိုကြောင့် မာနကိုနှိပ်လိုသဖြင့် ဥပုသ်ဆောက်တည်ပါ၏။

ဟု မိမိဥပုသ်ဆောက်တည်ခြင်း အကြောင်းကို ပြောကြားပြီးလျှင် လေးဦးသော သတ္တဝါတို့ကို ဆုံးမ၍ လွှတ်လိုက်၏၊လေးဦးသောသတ္တဝါတို့သည် ရသေ့ကိုရှိခိုးပြီးလျှင် မိမိနေရာသို့ ပြန်သွားကြကုန်၏၊ ရသေ့လည်း မယုတ်သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လား ရ၏၊ လေးဦးသော သတ္တဝါတို့လည်း ရသေ့၏အဆုံးအမ၌ တည်၍ သေလွန်သောအခါ နတ်ပြည်သို့ လားကြရကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့....

※ ထိုအခါ ခိုသည်-ယခုအခါ အနုရုဒ္ဓါ။

※ ဝံသည်-ကဿပ။

※ မြေခွေးသည်-မောဂ္ဂလာန်။
※ မြွေသည်-သာရိပုတ္တရာ။
※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ–
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရာဂ,ဒေါသ၊ မာန်မာန၊ လောဘအကုသိုလ်။
(၂) နှိပ်ရန်ကြိုးစား၊ သူမြတ်ငါး၊ စောင့်ခြားဥပုသ်ကို။
(၃) ဥပုသ်စောင့်လမ်း၊ သူတော်ဌာန်း၊ ဖြောင့်တန်းနိဗ္ဗာန်ကို၊
ပဥ္စုပေါသထဇာတ်ပြီး၏။

---

# ၄၉၁-မဟာမောရဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**ကိလေရှိန်စော် လူ့ဘဝမျှော်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်ထမ်း ရဟန်းတပါးသည် ကိလေသာ၏အစွမ်းဖြင့် လူ့ဘောင်သို့ လည်တမော့မော့မြော်၍ နေသတတ်၊သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းအား "ရဟန်း····သင်သည် လူ့ဘောင်သို့ လည်တမော့မော့မြော်၍နေ၏ဟူသည် မှန်သလော"ဟုမေး၏၊ "မှန်ပါ၏ဘုရား"ဟု လျှောက်ထား၏၊ "အားကြီးလှသော ရာဂကိလေသာသည် သင်ကဲ့သို့သောသူကို အဘယ်မှာ မလျှပ်ပေါ်စေဘဲ ရှိနိုင်အံ့နည်း၊ ရှေးအခါ၌ နှစ်ပေါင်းခုနစ်ရာပတ်လုံး ကိလေသာစင်ကြယ်နေသောသူပင် လျှပ်ပေါ်စေခဲ့ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**သားပေါင်းရေရောက် ဒေါင်းမင်းမြောက်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ပစ္စန္တရစ်အရပ် ဥဒေါင်းမျိုး၌ဖြစ်၍ ရွှေအဆင်းနှင့်တူ၏၊ မျက်စိတို့သည် ချင်ရွေးသီးနှင့်တူကုန်၏၊ နှုတ်သီးသည် သန္တာအဆင်းနှင့်တူ၏၊ နီသောအရေးသုံးကြောင်းတို့ လည်ပင်း၌ ရစ်လျက် ကျောလယ်ဖြင့် သွားကုန်၏၊ အရွယ်သို့ရောက်လတ်သော် ကြီးမားသောကိုယ်ရှိ၏၊ အလွန်အဆင်းလှ၏၊ ဥဒေါင်းအပေါင်းတို့သည် စည်းဝေးကုန်လျက်မင်းမြောက်ကြကုန်၏။

**တဦးတည်းကျင့်ခြင်း ဘေးရန်ကင်း**

တနေ့သ၌ ဥဒေါင်းမင်းသည် ရေအိုင်၌ ရေသောက်သည် ရှိသော် မိမိ၏ အဆင်းအင်္ဂါနှင့် ပြည့်စုံခြင်းကိုမြင်လျှင် "ငါကား အခြားဥဒေါင်းတို့ထက် တင့်တယ်၏၊ လူတို့ခရီး၌ အကယ်၍နေငြားအံ့၊ ငါ့အားဘေးရန်ဖြစ်လတံ့၊ ဟိမဝန္တာသို့သွားပြီးလျှင် တကောင်တည်း ချမ်းသာစွာ နေမည်"ဟု ကြံစည်ပြီးလျှင် ညဉ့်အခါ ဥဒေါင်းတို့ အိပ်ပျော်စဉ် တိတ်တဆိတ်ထ၍ ပျံသန်းလျက်ဟိမဝန္တာသို့ ဝင်၏၊ တောင်သုံးလုံးတို့ကို လွန်စေ၍ လေးခုမြောက်သောတောင်ဝယ် တောတခုတွင် တခုသော ပဒုမာကြာအိုင်သည် ရှိလေ၏၊ ထိုအိုင်၏အနီး တောင်တခုကိုမှီ၍ ပေါက်သော ညောင်ပင်ကြီး၏ အခက်၌နား၏၊ ထိုတောင်၏ အလယ်၌ လိုဏ်တခုရှိ၏၊ ထိုလိုဏ်ကား အောက်မှတက်ခြင်းငှါရင်း,

အထက်မှ ဆင်းခြင်း၄ါငှင်း မတတ်နိုင်၊ မြွေကင်းစသော ဘေးရန်မှလည်း လွတ်၏၊ ဥဒေါင်းမင်းသည် ထိုလိုဏ်၌ အမြဲနေ၏။

**နေဝင်နေထွက် စည်းချလျက်**

နက်ဖြန်နေ့ နံနက်၌ လိုဏ်မှထပြီးလျှင် တောင်ထိပ်၌ အရှေ့သို့ ရှေးရှုလျက် ထွက်လာသော နေကိုကြည့်၍ မိမိအား နေ့အဘို့ စောင့်ရှောက်ရန်(ဥဒေတယံ စက္ခုမာ) စသော အရံအတားကိုပြုပြီးလျှင် ကျက်စားရာအရပ်သို့ ဆင်းသက်ကာ ကျက်စား၏၊ ညချမ်းသောအခါ တောင်ထိပ်သို့တက်၍ အနောက်သို့ရှေးရှုလျက် ဝင်လတံ့သော နေကိုကြည့်၍ မိမိအားညအဘို့ စောင့်ရှောက်ရန်(အပေတယံ စက္ခုမာ) စသော အရံအတားကို ပြုပြီးလျှင် အိပ်တန်းသို့ တက်၍ အိပ်၏၊ ဤနည်းဖြင့် နေ့စဉ်ပြုလုပ်လျက်နေ၏။

**မိဖုရားအိပ်မက် ဥဒေါင်းမြင်**

တနေ့သ၌ မုဆိုး တယောက်သည် ဟိမဝန္တာသို့ ဝင်၍ လှည့်လည် လတ်သော် တောင်ထိပ်၌ နေသော ရွှေ ဥဒေါင်းမင်းကိုမြင်လျှင် အမှတ်အသားပြုကာ အိမ်သို့ပြန်လာ၍ မိမိသေခါနီးကာလ၌ သားကိုခေါ်၍ "ချစ်သား·· ဟိမဝန္တာဝယ် လေးခုမြောက် တောင်ထိပ်၌ ရွှေအဆင်း နှင့်တူသောဥဒေါင်းမင်းသည်ရှိလေ၏၊ ငါတို့မင်းကြီးမေးခဲ့သော် လျှောက်ထားလေလော့"ဟု မှာကြား၍ သေလွန်ခဲ့၏။

ထိုအခါ ဗာရာဏသီမင်းကြီး၏ ခေမာမိဖုရားကြီးသည် မိုးသောက်ထခါနီးတွင် အိပ်မက်ထဲ၌ ရွှေအဆင်းနှင့် တူ

သောဥဒေါင်းမင်းသည် တရားဟောလာသည်၊ ကောင်းချီး ပေးလျက်တရားနာရသည်၊ တရားဟောပြီးလျှင် ပျံသွား သည်၊ ထိုအခါ ဖမ်းကြပါ၊ ဖမ်းကြပါ ဆိုရင်းလန့်၍နိုး လေ၏၊ မိဖုရားကြီးသည် အိပ်မက်၏အဖြစ်ကို သိသော် လည်း အိပ်မက်ဟုပြောလျှင် ရှိသေမည်မဟုတ်၊ ချင်ခြင်း ဖြစ်သည်ဟု ပြောရမူကောင်း၏ဟု ကြံစည်ကာ အိပ်ရာ၌ သာ ချင်ခြင်းဖြစ်သကဲ့သို့ အိပ်၍နေ၏။

**ချင်ခြင်းဖြစ်အင် မင်းလျှောက်တင်**

မင်းကြီးသည် မိဖုရားကြီး အိပ်ရာမှမထ လျှင် အိပ်ခန်းတွင်းသို့ သွားကာ အနား သို့ချဉ်းကပ်၍ "အရှင်မိဖုရား....ရှင်မ အား ဘယ်အနာရောဂါ ဖြစ်သနည်း"ဟု မေး၏၊"အရှင် မင်းကြီး....ချင်ခြင်းဖြစ်ပါ၏"ဟု လျှောက်လျှင်၊"ရှင်မ.... အဘယ်ကိုအလိုရှိသနည်း" မေးသောအခါ၊ "အရှင် မင်းကြီး....ရွှေအဆင်းနှင့်တူသော ဥဒေါင်းမင်း၏တရားကို နာလိုပါသည်၊ ရွှေဥဒေါင်းမင်း အဘယ်မှာ ရှိသနည်း၊ "အရှင်မင်းကြီး....မနာရလျှင်သေတော့မည်"ဟုလျှောက် ထားလေ၏၊"ရှင်မ....မစိုးရိမ်လင့်၊တစုံတခုသောအရပ်၌ ရှိပါမူ၊ ရလိမ့်မည်"ဟု ပြောကာ သက်သာရာကိုရစေ၏။

**ဥဒေါင်းမင်းလိုရေး မှူးဆိုးတို့မေး**

ထိုနောက် မင်းကြီးသည် အမတ်တို့ကို ခေါ်၍"အမောင်တို့...မိဖုရားကြီးသည် ရွှေဥဒေါင်းမင်း တရားကို နာလိုသတဲ့၊ ရွှေဥဒေါင်းမင်းရှိသလော"ဟုမေး၏၊ "အရှင်မင်းကြီး.... ပုဏ္ဏားတို့ကို မေးတော်မူပါကုန်" ဟု လျှောက်ကြပြန်ရာ

ပုဏ္ဏားတို့ကိုခေါ်၍ "ရွှေဥဒေါင်းရှိသလော"ဟုမေးပြန်၏၊ "အရှင်မင်းကြီး....ရှိပါ၏၊ အကျွန်ုပ်တို့ လက္ခဏာဝေဒင် ကျမ်းတို့၌ လာကုန်၏"ဟု လျှောက်ထားကြကုန်၏၊ ထို နောက်မင်းကြီးသည် မုဆိုးတို့ကိုခေါ်စေ၍"အမောင်တို့.... ရွှေအဆင်းနှင့်တူသော ဥဒေါင်းမင်းကို မြင်ဘူးကြသ လော"ဟု မေး၏၊ ကြွင်းသော မုဆိုးတို့သည် "အရှင် မင်းကြီး.... မမြင်ဘူးပါကုန်"ဟု လျှောက်ထားကုန်၏၊ အဘ မှာကြားခဲ့သော မုဆိုးကား "အရှင်မင်းကြီး.... အကျွန်ုပ်ကား မမြင်ဘူးပါ၊ အကျွန်ုပ်အဘ သေခါနီးမှာခဲ့ သည်ကား- ချစ်သား....ဟိမဝန္တာဝယ် လေးလုံးမြောက် တောင်ထိပ်၌ ရွှေအဆင်းနှင့်တူသော ဥဒေါင်းမင်းရှိသည်၊ မင်းကြီးမေးတော်မူလျှင် လျှောက်ရစ်ပါ"ဟု မှာထားခဲ့ ပါသည်ဟု လျှောက်ထားလေ၏။

**ဒေါင်းမင်းမမိလေ မိဖုရားသေ**

မင်းကြီးလည်း ထိုစကားကို ကြားရ လျှင် အလွန် နှစ်သက်တော်မူသဖြင့် "အမောင်.... သင်သည် ငါ၏ဌင်း, မိဖုရားကြီး၏ဌင်း အသက်ကိုပေးသည်ဖြစ်သတည်း၊ သွားချေ၊ ထိုရွှေဥဒေါင်းမင်းကို အရဖမ်း၍ ငါ့ထံ ဆောင်ယူခဲ့ လော့"ဟု မှာထားပြီးလျှင် များစွာသောဥစ္စာစည်းစိမ်ကို ပေး၍လွှတ်လိုက်၏၊ မုဆိုးလည်း သားမယားတို့အားဥစ္စာ တို့ကိုပေးခဲ့၍ ရွှေဥဒေါင်းမင်းရှိရာသို့သွား၍ နေ့စဉ်မိလိမ့် နိုးနိုးဖြင့် ထောင်လေ၏၊ နှစ်ကြာလတ်သော် မုဆိုးလည်း ထိုအရပ်မှာပင်သေရလေ၏၊ မိဖုရားကြီးလည်း ရွှေဥဒေါင်း မင်း၏တရားကို မနာရသဖြင့် နတ်ရွာစံလေ၏။

ဥဒေါင်းမင်းမုန်း ပရိယာယ်သုံး

မင်းကြီးလည်း ရွှေဥဒေါင်းမင်းကိုအမိပြု၍ ငါ၏ ချစ်လှစွာသောမယား သေလွန် ရသည်ဟု အမျက် ထွက်ကာ [ဟိမဝန္တာ၌ လေးလုံးမြောက်တောင်ထိပ်ဝယ် ရွှေအဆင်းနှင့်တူသော ဥဒေါင်းမင်းရှိသည်၊ ထိုဥဒေါင်းမင်း၏အသားကိုစားရသည်ရှိသော် မအိုမသေ နေရကုန်လတံ့]ဟု ရွှေပေတွင် အက္ခရာတို့ကို ရေးစေပြီးလျှင် ဉစ္စာထားရာတံတင်း၌ သွင်း၍ထားစေ၏။

ထိုမင်းကြီး နတ်ရွာစံလတ်သော် တပါးသောမင်းသည် နန်းတက်ပြန်၏၊ ထိုမင်းသည် ရွှေပေ၌ အက္ခရာတို့ကိုမြင်လျှင် မအိုမသေ နေလိုသည်ဖြစ်၍ မုဆိုးတယောက်ကိုဖမ်းရန်လွှတ်ပြန်၏၊ ထိုမုဆိုးလည်း ဖမ်း၍မရဘဲ ထိုအရပ်မှာပင် သေလွန်ပြန်၏၊ ဤသို့သော နည်းဖြင့် ခြောက်ဆက်မြောက်မင်းတိုင်အောင် ဖမ်းစေရာ မုဆိုးခြောက်ယောက်တို့သည် ဥဒေါင်းမင်းကိုဖမ်း၍မရဘဲ ထိုအရပ်မှာပင် သေလွန်ကြကုန်၏။

မင်း ၇-ဆက်ရောက် အကြံမြောက်

ခုနစ်ဆက်မြောက်မင်း နန်းတက်လာလျှင် ထိုမင်းလည်း ဖမ်းရန် ခုနစ်ယောက်မြောက် မုဆိုးကို လွှတ်ပြန်၏၊ မုဆိုးသည် ခုနစ်နှစ်တိုင်အောင် ဖမ်း၍မမိနိုင်၊ ထိုအခါ မုဆိုးသည် ဥဒေါင်းမင်း၏ခြေ၌ ကျော့ကွင်း မမိနိုင်ခြင်းအကြောင်းကို စုံစမ်းလတ်သော် ညနံနက်တိုင်း ပရိတ်အရံအတား ပြုသည်ကိုမြင်၍ ဤအရပ်၌ အခြား ဥဒေါင်းမလည်းမရှိ၊ မြတ်သောအကျင့်ကိုကျင့်သော ဥဒေါင်းဖြစ်ရာသည်၊ အကျင့်၏ အာနုဘော်ကြောင့် ကျော့ကွင်းမမိနိုင်၊

ဥဒေါင်းမနှင့်မြွားကာ အကျင့်ဖျက်၍ ဖမ်းယူမည်ဟု ကြံစည်ပြီးလျှင် ပစ္စန္တရစ်သို့သွား၍ ဥဒေါင်းမ တကောင်ကို လက်ဖျစ်တီးလျှင် တွန်အောင် လက်ခုပ်တီးလျှင် ကအောင် သင်ကြားပြီးလျှင် ယူခဲ့၍ ဥဒေါင်းမင်း ပရိတ်အရံအတား မပြုမီ ကျော့ကွင်းကိုထောင်၍ ဥဒေါင်းမကို တွန်မြည်လျက် ကစေ၏။

**ဥဒေါင်းမိမှ ကြည်ညိုလှ**

ဥဒေါင်းမင်းသည် ဥဒေါင်းမ အသံကို ကြားလတ်သော် အနှစ်ခုနစ်ရာပတ်လုံး ငြိမ်ဝပ်နေသော အနုသယ ကိလေသာ တို့သည် လှုံကန်ဖြင့်ခတ်မိသောမြွေဟောက်ပမာပရိယုဋ္ဌာန ကိလေသာအဖြစ်သို့ ပြောင်းလဲကာ ထကြွသောင်းကျန်း၍ လာကုန်၏၊ သို့အတွက် ပရိတ်အရံအတားကိုပင် သတိမရတော့ဘဲ ဥဒေါင်းမရှိရာသို့ အမြန်ဆင်းသက်သောအခါ ကျော့ကွင်းတံဖျား၌ ဦးခေါင်း စောက်ထိုးဆွဲလျက် ခြေ၌ ကျော့ကွင်းမိလေ၏၊ ထိုအခါ မုဆိုးသည် ဥဒေါင်းမင်းမိနေသည်အဖြစ်ကိုသိလျှင် ငါ့အတွက် ဥဒေါင်းမင်းမှာ ဆင်းရဲရ၏၊မင်းကိုလက်ဆောင်ပြုသဖြင့် အဘယ်မှာအကျိုးရှိအံ့နည်း၊ သီလရှိသော ဥဒေါင်းမင်းကို မပြစ်မှားလို၊ ငါသွားလျှင်သတ်မည်ထင်၍ ခြေကိုရင်း, အတောင်ကိုရင်း ချီး၍ထွက်ရာ၏၊ငါသည် မြှားဖြင့်ကျော့ကွင်းကိုပစ်၍ လွှတ်စေမည်၊ လွှတ်သောအခါ သွားလိုရာသွားစေတော့ဟု ကြံစည်ပြီးလျှင် ခြုံတွင်း၌နေလျက် လေးကိုတင်၏။

**သေဘေးလွတ်မှု တောင်းပန်ပြု**

ဥဒေါင်းမင်းလည်း မုဆိုးသည် ကျော့ကွင်းမိနေသည်ကိုသိသော်လည်းမလာ၊ အဘယ်၌ နေသနည်းဟု ကြည့်ရှုလတ်

သော် လေးကိုတင်သည်ကိုမြင်လျှင် မုချ ငါ့ကို ပစ်၍ သတ်တော့မည်ဟု အောက်မေ့ကာ သေဘေးမှ ကြောက်သဖြင့် အသက်ကို ချမ်းသာပေးရန် တောင်းပန်မည်ဟု ကြံစည်လျက်—

"အဆွေမုဆိုး....သင်သည် ဥစ္စာကိုလို၍ ငါ့ကို ဖမ်းယူပါမူ မသတ်ပါလင့်၊ အရှင်ဖမ်းကာ မင်းကြီးထံသို့ဆောင်ယူပါ၊ ဥစ္စာများစွာရပါလိမ့်မည်ဟု ငါထင်ပါ၏"—

ဟုမုဆိုးအား ရှေးဦးစွာ ပဋိသန္ထာရစကား ပြောကြားလေ၏။

**ဥဒေါင်းဖမ်းရေး မုဆိုးမေး**

မုဆိုးသည် ဥဒေါင်းမင်းစကားကိုကြားလျှင် ဤဥဒေါင်းမင်းကား ငါ့ကိုသတ်ရန် လေးကိုတင်သည်ဟုမှတ်ထင်နေ၏၊ နှစ်သိမ့်စေမည်ဟုကြံစည်လျက်—

"အို-ဥဒေါင်းမင်း....ငါသည် သင့်ကိုသတ်ရန် လေးကိုတင်သည်မဟုတ်ပါ၊ ငါသည် မြှားဖြင့် ကျော့ကွင်းကို ဖြတ်မည်၊ သင် သွားလိုရာ အရပ်သို့ သွားပါ"—

ဟု လွှတ်ရန်အကြောင်းကို ပြောကြားလေ၏၊ ထိုအခါ ဥဒေါင်းမင်းသည်—

"အဆွေမုဆိုး.... သင်သည် ငါ့ကိုဖမ်းရန် ခုနစ်နှစ်တို့ပတ်လုံး အစာငတ်ရေငတ်ခံ၍ ပင်ပန်းစွာလိုက်ရ၏၊ ထိုသို့ဖမ်းရပါလျက် ကျော့ကွင်း၌ မိနေသောငါ့ကို အဘယ်ကြောင့် လွှတ်လိုသနည်း၊

သင်သည် ယန္တေ ပါဏာတိပါတမှ ကြဉ်ရှောင်သလော၊ အလုံးစုံသောသတ္တဝါတို့ကို ဘေးမဲ့ပေးသလော"—

ဟု လွတ်ခြင်းအကြောင်းကို မေးလေ၏။

ကံအကျိုးရှိမှုဟောကြားပုံ

ထိုအခါမှုဆိုးသည် ပါဏာတိပါတကံကို စောင့်ရှောက်သောအကျိုးကို မေးလို၍—

"အို-ဥဒေါင်းမင်း.... ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း, သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းအကြောင်းကို သင့်အားမေးလိုပါ၏၊ ပါဏာတိပါတမှ ကြဉ်ရှောင်သောသူ, သတ္တဝါတို့အား ဘေးမဲ့ပေးသောသူတို့သည် သေလွန်သောအခါ အဘယ်သို့သော ချမ်းသာကို ရကြသနည်း"—

ဟု တဖန် ဥဒေါင်းမင်းအားမေးပြန်၏၊ ဥဒေါင်းမင်းလည်း—

"အဆွေမုဆိုး....ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း, သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းအကျိုးကို ငါဟောမည်၊ ပါဏာတိပါတမှ ရှောင်ကြဉ်သောသူ, သတ္တဝါတို့အား ဘေးမဲ့ပေးသူတို့သည် ယခုဘဝ၌ ချီးမွမ်းခြင်းကိုခံရ၏၊ သေလွန်သောအခါ နတ်ပြည်သို့သွားရ၏"—

ဟု ပြောကြားလေ၏။

ဘမလွန်မရှိဟုအမေးပုံ

ထို့နောက် မုဆိုးသည် ဥဒေါင်းမင်းအား ကံကျိုးတရားမရှိဟု ပြောဆိုသောပုဏ္ဏားကို မေးလိုပြန်သဖြင့်—

"အို-ဥဒေါင်းမင်း.... နတ်များမရှိဟု အချို့ ရဟန်းပုဏ္ဏားတို့ဆိုကြ၏၊ ဤဘဝ၌သာ အသက်သည် ပျောက်ဆုံးခြင်းသို့ရောက်၏၊ ထိုမှတပါး ကုသိုလ်,အကုသိုလ်တို့၏ အကျိုးသည်မရှိ၊ အလှူကို သူယုတ်မာတို့သည် မကောင်းသဖြင့် ပညတ်အပ်၏ဟုပြောဆိုသော ဆရာတို့စကားကို ယုံကြည်သောကြောင့် အကျွန်ုပ်သည် ငှက်တို့ကိုသတ်ပါ၏"—

ဟု မိမိမှားယွင်းသော အယူဝါဒကို အယူဝါဒမှန်ထင်မှတ်လျက် ပြောကြားလေ၏။

**တမလွန်ရှိမှု ဥပမာပြ**

ထိုအခါ ဥဒေါင်းမင်းသည် တမလွန်လောကရှိသည်ကို ဟောပြောလိုသဖြင့် ကျော့ကွင်းတံဖျား၌ ဦးခေါင်းစောက်ထိုးဆွဲလျက်ပင်—

"အဆွေမုဆိုး.... လ-နေ နှစ်ပါးတို့သည် ကောင်းကင်၌ ထွန်းလင်းလျက်သွားကုန်၏၊ ထိုလ-နေတို့သည် ဤလူ့ပြည်၌တည်ကြသလော၊သို့မဟုတ် နတ်ပြည်၌တည်ကြသလော၊ ထိုလနေတို့ကိုရှိသည်ဟူ၍ငြင်း, မရှိဟူ၍ငြင်း, နတ်ဟူ၍ငြင်း,လူဟူ၍ငြင်း, အဘယ်သို့ ပြောဆိုကြသနည်း"—

ဟု မုဆိုးအား လ-နေတို့အကြောင်းကို မေးပြန်၏၊ မုဆိုးလည်း—

"အို-ဥဒေါင်းမင်း.... လ-နေ နှစ်ပါးတို့သည် ကောင်းကင်၌ ထွန်းလင်းလျက်သွားကုန်၏၊ ထိုလ-

နေတို့သည် နတ်ပြည်၌တည်ကြကုန်၏၊ ဤလူ့ပြည်၌မတည်ကြကုန်၊ ထိုလ-နေတို့ကို ဤလူ့ပြည်၌ နတ်တို့ဟုဆိုကြကုန်၏”–

ဟု ပြောကြားပြန်၏၊ ထိုအခါ ဥဒေါင်းမင်းသည်–

“အဆွေမုဆိုး····သင်ပြောဆိုရာ၌သင့်ဆရာတို့ကား အဟေတုကအယူရှိကုန်၏၊ ယုတ်မာသောအယူရှိကုန်၏၊ ကံကိုမဆိုကုန်၊ ပယ်အပ်ကုန်၏၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးကိုလည်း မဆိုကြကုန်၊ သူယုတ်မာတို့သာ အလှူကိုပညတ်အပ်၏ဟု ဆိုကြကုန်၏”–

ဟု မုဆိုး၏အယူဝါဒကို ပယ်လေ၏။

**ငရဲဘုံလွတ်မှုသာမေးပြ**

ထိုအခါမုဆိုးသည် သတိသံဝေဂရသဖြင့် ဥဒေါင်းမင်းအား ငရဲဘုံဘဝမှ လွတ်မြောက်ရန် မေးကြားလိုသဖြင့်–

“အို- ဥဒေါင်းမင်း···· စင်စစ် သင်၏စကားသည်မှန်ပေ၏၊အလှူသည်အဘယ့်ကြောင့်အကျိုးမရှိဖြစ်ရာအံ့နည်း၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးကို သူယုတ်မာတို့ပညတ်ခြင်းအသို့ဖြစ်ရာအံ့နည်း”။

“အို-ဥဒေါင်းမင်း···· ဘယ်အမှုကိုပြုသည်ရှိသော်ရင်း, အဘယ်သို့ပြုသော်ရင်း, ဘယ်အကျင့်ကိုကျင့်သော်ရင်း, ဘယ်တရားကို မှီဝဲသော်ရင်း, ဘယ်အကျင့် ကျေးဇူးဖြင့်ရင်း အကျွန်ုပ်သည် ငရဲသို့မကျရာ၊ ထိုအကြောင်းကိုဟောကြားပါ”–

ဟု တောင်းပန်ပြန်၏၊ ထိုအခါ ဥဒေါင်းမင်းသည်

မှုဆိုး၏ပြဿနာကို မဖြေသည့်ရှိသော် လူ့ပြည့်ကိုအချည်းနှီးပြုသကဲ့သို့ ဖြစ်လတံ့ဟု ကြံစည်လျက်–

"အဆွေမှုဆိုး.... ဤမြေပြင်၌ ရဟန်းပုဏ္ဏားတို့သည်ရှိကုန်၏၊ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကုန်၏၊ အိမ်ရာမထောင်ကုန်၊ ရဟန်းတရားကို ကျင့်ကြကုန်၏၊ နံနက်အခါ၌ ဆွမ်းခံ၍စားကုန်၏၊ ညအခါ၌မစားကုန်။

လူ့ပြည်၌ ကိလေသာငြိမ်းပြီးသော ရဟန်းတို့ကို အခါခပ်သိမ်းဆည်းကပ်၍ သင်ကြည်ညိုသော ရဟန်းတို့ကို မေးမြန်းပါကုန်၊ သိမြင်သောအတိုင်း ယခုဘဝ၏အကျိုးစီးပွား, နောင်ဘဝ၏ အကျိုးစီးပွားတို့ကို ဟောကြကုန်လတံ့"–

ဟု ငရဲဘေးဖြင့် ခြိမ်းချောက်ကာပြောဆိုလေ၏။

**မှုဆိုးဘဝမှ ပစ္စေကဗုဒ္ဓ**

မှုဆိုးကား ရင့်သန်ပြီး ပါရမီရှိသော ပစ္စေကဗုဒ္ဓါ အလောင်းဖြစ်၍ ဥဒေါင်းမင်း၏တရားစကားကို ကြားနာပြီးလျှင် ရပ်မြဲတိုင်းဖြင့်လျှင် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ကာ ပစ္စေကဗောဓိဉာဏ်ကို ရ၍ ပစ္စေကဗုဒ္ဓါဖြစ်လေ၏၊ မှုဆိုး ပစ္စေကဗုဒ္ဓါဖြစ်သည်နှင့် တပြိုင်နက် ဥဒေါင်းမင်းလည်း ကျော့ကွင်းမှလွတ်လေ၏။

ထိုအခါ ပစ္စေကဗုဒ္ဓါသည်အလုံးစုံသော ကိလေသာတို့ကိုဖောက်ခွဲကာ ဘဝ၏အဆုံး၌တည်လျက်–

"အချင်းတို့.... မြွေသည် အရေဟောင်းကို ပယ်စွန့်သကဲ့သို့ရင်း,စိမ်းစိုသောသစ်ပင်သည်အရွက်

ဟောင်းကို ပယ်စွန့်သကဲ့သို့ရင်း ငါသည်ယခုအခါ မှုဆိုးအဖြစ်ကို ပယ်စွန့်အပ်ပြီ''—

ဟု ဥဒါန်းကျူးလေ၏၊ ထိုနောက် ပစ္စေကဗုဒ္ဓါသည် ''ဥဒေါင်းမင်း.... ငါကား ကိလေသာ အနှောင်အဖွဲ့မှ လွတ်ခဲ့ပြီ၊ ငါ့အိမ်၌နှောင်ဖွဲ့ထားခဲ့သောငှက်တို့ကို အဘယ်သို့ လွှတ်ရပါအံ့နည်း''ဟုမေးလေ၏၊ ဥဒေါင်းမင်းသည်''အရှင် ဘုရား.... ကိလေသာမှလွတ်ပြီးသော အရဟတ္တမဂ်ဉာဏ် ပစ္စေကဗောဓိဉာဏ်ကို အာရုံပြု၍ သစ္စာပြုတော်မူ လော''ဟု နည်းပေးလေ၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည်—

''ငါ၏အိမ်၌ နှောင်ဖွဲ့၍ ထားအပ်ကုန်သော အရာမက များစွာကုန်သော ငှက်အပေါင်းတို့၏ အသက်ကို ယခု ငါသည် ပေးပါ၏၊ ထိုငှက်အ ပေါင်းတို့သည် အနှောင် အဖွဲ့မှလွတ်ကုန်၍ မိမိ တို့နေရာသို့ သွားကြစေကုန်သတည်း''—

ဟု ဥဒေါင်းမင်းပေးသောနည်းအတိုင်း သစ္စာပြုလေ၏၊ ထိုသစ္စာပြုသောခဏ၌ အိမ်၌ နှောင်ဖွဲ့၍ထားသောငှက်အ ပေါင်းတို့သည် အနှောင်အဖွဲ့မှ လွတ်ကုန်လျက် ဝမ်း မြောက်ဝမ်းသာမြည်တွန်ကာ မိမိတို့နေရာသို့သွားကုန်၏။

**ဗောဓိဉာဏ်ရောက် လူ့အသွင်ပျောက်**

ထို့နောက် ပစ္စေကဗုဒ္ဓါသည် လက်ဖြင့် ဦးခေါင်းကိုသုံးသပ်၏၊ ထိုခဏ၌လျှင် လူ၏အသွင်ပျောက်၍ ရဟန်း၏အသွင် သို့ရောက်လေ၏၊ ပရိက္ခရာရှစ်ပါးနှင့် ပြည့်စုံလျက် အဝါ ခြောက်ဆယ်ရပြီး မထေရ်ကြီးကဲ့သို့ဖြစ်လေ၏၊ ထိုနောက် ဗောဓိလောင်းလျာဖြစ်သော ဥဒေါင်းမင်းအား သင်

ဥဒေါင်းမင်းသည် ငါ၏မိဒိုရာဖြစ်သည်ဟု ပြောကြားကာ လက်အုပ်ချီ၍ လက်ျာရစ် လှည့်ပြီးလျှင် ကောင်းကင်သို့ ပျံတက်လျက် နန္ဒမူလိုဏ်သို့ သွားလေ၏၊ ဥဒေါင်းမင်းလည်း ကျော့ကွင်းတံဖျားမှ ပျံကာ အစာစားပြီးလျှင် မိမိနေရာသို့သွားလေ၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ လှူ့ဘောင်သို့ လည်တမော့မော့နေသော ရဟန်းသည် အရဟတ္တဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါ ဥဒေါင်းမင်းသည်— ယခုအခါ ငါဘုရား ဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အရုံအတား၊ ပရိတ်ကား၊ ဘေးများကာကွယ်သည်။
(၂) ပရိတ်ရွတ်လျှင်း ၊ဥဒေါင်းမင်း၊ ညွတ်ကွင်းလွတ်ခဲ့သည်။
(၃) ပရိတ်ရွတ်ရိုး၊ မန္တန်မျိုး၊ တန်ခိုးကြီးလှသည်။

မဟာမောရဇာတ်ပြီး၏။

# ၄၉၂-တစ္ဆကသူကရဇာတ်

**မဇ္ဈုပ္ပန်ဝတ္ထု၊**

**စစ်ရေးရှုံးမှု စုံစမ်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မဟာကောသလမင်းကြီးသည် သမီးတော် ဝေဒေဟီကို ဗိမ္ဗိသာရမင်းအား ပေးသည်ရှိသော် ရေချိုးကသယ်မှုနှံ့ဘိုးအတွက် သမီးတော်အား ကာသိကရွာကို ပေးခဲ့၏၊ သားတော် ပသေနဒီကောသလမင်း လက်ထက်သို့ ရောက်သောအခါ သားတော် အဇာတသတ်မင်းသတ်၍ ဗိမ္ဗိသာရမင်းကြီး သေလွန်သည်ရှိသော် ခမည်းတော်လက်ထက်ကပေးခဲ့သော ကာသိကရွာကိုပြန်၍လုယူရန်တူတော်အဇာတသတ်မင်းနှင့် စစ်တိုက်ခဲ့၏၊ ကောသလမင်းကြီးသည် ရှုံးလေ၏။

ထိုအခါ ကောသလမင်းကြီးသည် အမတ်တို့ကို ခေါ်၍ အဇာတသတ်မင်းကိုဖမ်းရန်အကြောင်းကိုမေး၏၊ အမတ်တို့သည် ရဟန်းတို့ကား အတိုင်အပင်၌ အလွန်လိမ်မာကုန်၏၊ သူလျှိုတို့ကိုလွှတ်၍ စုံစမ်းတော်မူရန်လျှောက်ထားကုန်၏၊ မင်းကြီးသည် သဘောကျသဖြင့် သူလျှိုတို့ကိုလွှတ်ကာ ရဟန်းတို့ထံ စုံစမ်းစေ၏၊ သူလျှိုတို့လည်း ညအခါ ရဟန်းကျောင်းတို့၌ အနှံ့အပြားစုံစမ်းကုန်၏။

**မထေရ်အိုဆွေးနွေး စစ်ဆင်ရေး**

ထိုအခိုက် ဓနုဂ္ဂဟတိဿ မည်သော မထေရ်အိုနှင့် မန္တိဒတ္တ မည်သော မထေရ်အိုနှစ်ပါးတို့သည် ကျောင်းတို့

၏အစွန်ဆုံးကျောင်း၌ အတူတကွနေကုန်၏၊ ထိုနှစ်ပါးတို့တွင် ဓနုဂ္ဂဟတိဿမထေရ်အိုသည် နံနက် မိုးသောက်ထအခါ မီးမွှေး၍ မီးလှုံနေရင်း "အို-မန္တိဒတ္တ.... အိပ်ပျော်နေသေးသလော"ဟုမေး၏၊ "အရှင်ဘုရားမပျော်ပါ၊အသို့ပြုရအံ့နည်း"ဟုမေးပြန်၏၊ "အရှင်ဘုရား....ဤကောသလမင်းကြီးကား မိုက်စွတကား၊ တအိုးချက်မျှ ထမင်းကို စားရန်သာ သိသည်၊သားငယ်မျှလောက်ရှိသောအဇာတသတ်မင်းကိုစစ်ရှုံးဘိ၏၊"အရှင်ဘုရားနိုင်အောင်အဘယ်သို့တိုက်သင့်သနည်းဟုမေး၏၊ "အရှင်ဘုရား....စစ်ဆင်နည်းကားသကဋဗျူဟာ,စက္ကဗျူဟာ,ပဒုမဗျူဟာဟူ၍သုံးမျိုးရှိသည်၊ထိုသုံးမျိုးတို့တွင် အင်အားတူသော အဇာတသတ်မင်းကိုဖမ်းယူလိုလျှင် သကဋဗျူဟာ စစ်ဆင်နည်းဖြင့် ဖမ်းယူရမည်၊ ဤမည်သော တောင်ကွေ့ဝယ် နံဘေးနှစ်ဘက်တို့၌စစ်သည်တို့ကိုထားကာ ရှေ့မှဗိုလ်ထုကိုပြ၍ အတွင်းသို့ ဝင်လာသည်ကို သိလျှင် ဟစ်ကြွေးကြော်ငြာကာ မြှုံးဝင်မှားသော ငါးကဲ့သို့ နှစ်ဘက်ပိတ်၍ဖမ်းလျှင် ခံနိုင်ရိုးလား၊ မုချမိရမည်"ဟု တိုင်ပင်ပြောဆိုလေ၏။

**စစ်ရေးပိုင်ပိုင် ကောသလနိုင်**

ထိုအခါ မင်းချင်း သူလျှိုတို့သည် သေချာစွာ မှတ်သား၍ မင်းကြီးအား လျှောက်ထားကုန်၏၊ မင်းကြီးလည်း စစ်သည်ဗိုလ်ထုဖြင့် မြို့တော်မှထွက်၍ မထေရ်အိုတို့ ပြောဆိုသောနည်းအတိုင်း သကဋဗျူဟာ စစ်ဆင်နည်းမျိုးဖြင့် အဇာတသတ်မင်းကိုဖမ်းရာ မိလေ၏၊ နှစ်ရက် သုံးရက် သံခြေကျဉ်းခတ်လျက် နှောင်အိမ်၌သွင်းကာညှဉ်းဆဲလေ၏၊ တဘန် ဤသို့သောအမှုကိုမပြုလင့်ဟုပြောဆိုခြိမ်းချောက်၍

နှောင်အိမ်မှလွတ်ပြီးလျှင် ဝဇီရက်မည်သော သမီးတော်ကို ပေး၍ များစွာသောအခြံအရံဖြင့်လွတ်လိုက်၏၊ကောသလ မင်းကြီးသည် ဓနုဂ္ဂဟတိဿမထေရ်အို၏ အစီအရင်ဖြင့် အဇာတသတ်မင်းကို ဖမ်းယူသည်ဟူသော စကားမှာ သံဃာ့ဘောင်ဝယ် အလွန်ထင်ရှား၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ဓနုဂ္ဂဟ တိဿမထေရ်အို၏ အကြောင်းကို စကားစပ်မိ၍ ပြောဆို နေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်း ကိုသိတော်မူလျှင် "ရဟန်းတို့…ဓနုဂ္ဂဟတိဿမထေရ်သည် ယခုအခါ၌သာ စစ်ဆင်နည်း၌ လိမ္မာသည်မဟုတ်၊ ရှေး အခါ၌လည်း လိမ္မာခဲ့ပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ကျီးလုပ်ဘက် အိမ်မွေးဝက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည် မြို့တံခါးအနီး ရွာငယ်၌နေသော လက်သမား တဦးသည် သစ်ယူရန် တောသို့သွားရာ တွင်းထဲသို့ ကျ၍နေသော ဝက်ငယ်တ ကောင်ကိုမြင်လျှင် အိမ်သို့ဆောင်ယူကာ ကျွေးမွေး၍ထား ၏၊ အမည်ကို တစ္ဆကသူကရဟု မှည့်ခေါ်၏၊ ထိုဝက်သည် လက်သမားအား အလွန်ကျေးဇူးများ၏၊ နှုတ်သီးဖြင့် သစ်တို့ကို လှိမ့်၍ပေး၏၊ အစွယ်ဖြင့်ရစ်ကာ မျဉ်းကြိုးကို ကိုင်၏၊ နှုတ်သီးဖြင့်ကိုက်ချီကာ ပဲခွပ်ပုဆိန်တို့ကို ဆောင် ယူ၏။

အရွယ်သို့ရောက်လတ်သော် ကိုယ်လုံး ကိုယ်ခပေါက်ကြီး ထွား၏၊ အလွန်အားကောင်း၏၊ လက်သမားသည်း ထို ဝက်ကို သားသမီးကဲ့သို့ ချစ်ခင်၏၊ တနေ့သ၌ လက်သမား သည် ထိုဝက်ကို၍အိမ်၌ထားသည်ရှိသော် တစုံတယောက် သောသူသည် သတ်ဖြတ် ညှဉ်းဆဲရာ၏ဟု ကြံစည်ပြီးလျှင် ဝက်ကိုတော၌လွှတ်လေ၏။

**ဝက်တွေပေါင်းစု ကျားအံတု**

ဝက်လည်း ငါသည်၍တော၌တကောင် ထည်းနေခြင်းငှါ မတတ်နိုင်၊ အဆွေ အမျိုးတို့ကိုရှာ၍ ၎င်းတို့နှင့် အတူ တကွနေမည်ဟု ကြံစည်လျက် ဝက်တို့ကို ရှာလတ်သော် ဝက်တို့ကိုမြင်လျှင် ဝမ်းသာသည်ဖြစ်၍—

"အဆွေတို့.... အဆွေတို့ကို ရှာဖွေသောငါသည် တောတောင်အနှံ့ လှည့်လည်ခဲ့ပြီ၊ ယခုအခါ ငါ သည် အဆွေတို့ကိုရခဲ့ပြီ၊ ဤသစ်မြစ်သစ်သီးအစာ တို့လည်း ပေါများကုန်၏၊ ဤတောင် ဤမြစ်တို့ လည်း မွေ့လျော်ဘွယ်ရှိကုန်၏၊ ချမ်းချမ်းသာသာ ဖြစ်လိမ့်မည်၊ ငါသည် ဤအရပ်၌လျှင် အလုံးစုံ သောအဆွေတို့နှင့် မကြောင့်ကြဘဲ မနှိုးရှားဘဲ မစိုးရိမ်ဘဲ ဘေးရန်မရှိဘဲနေရပေလတ့်"

ဟု ရှေးဦးစွာ စတင်၍ပဋိသန္ဓာရစကား ပြောကြား လေ၏၊ ထိုတစ္ဆကသူကရ၏ စကားကို ဝက်အပေါင်းတို့ ကြားလျှင်—

"အဆွေတစ္ဆက.... အခြားပုန်းကွယ်ရာ အရပ် ကိုရှာပါ၊ ဤအရပ်၌ ငါတို့အား ရန်သူရှိသည်၊

ထိုရန်သူသည် လာလတ်၍ ဆူနိုးရာရာ ဝက်တို့ကို သတ်၍စား၏”—

ဟု ရန်သူရှိကြောင်းကို ပြောကြားကုန်၏၊ ထိုအခါ တစ္ဆကသူကရသည်—

“အဆွေတို့…. ဤအရပ်၌ ငါတို့ရန်သူကား အဘယ်သူနည်း၊ ညီညွတ်နေသောငါတို့အား ဖျက်ဆီးသောရန်သူကိုပြောကြားပါ”—

ဟု ရန်သူကိုမေးလေ၏၊ ထိုအခါ ဝက်တို့သည်—

“အဆွေတစ္ဆက…. တက်သော နီမြန်းသော အရေးအကြောင်းရှိ၍ ခွန်အား ကြီးမားလျက် ထက်သော အစွယ်ရှိသော သားမင်းဖြစ်သော ကျားသည် ဤအရပ်သို့ လာလတ်၍ ဆူနိုးရာရာ ဝက်တို့ကိုသတ်၍စား၏”—

ဟု ရန်သူကျားရှိကြောင်းကို ပြောကြားကုန်၏။

“အဆွေတို့….ငါတို့အားလည်း အစွယ်ရှိသည် မဟုတ်ကုန်လော၊ အပေါင်းအစုဖြစ်သော ဝက်တို့၏ ဗိုလ်ထု၌ ငါတို့အလုံးစုံသည် အညီအညွတ်ဖြစ်ကြ၍ တကောင်တည်းသော ကျားကို ငါတို့ အလိုသို့လိုက်အောင်ပြုမည်”—

ဟု အကြံပေးလေ၏၊ ထိုအခါ ဝက်အပေါင်းတို့သည် တစ္ဆကဝက်၏စကားကို အလွန် နှစ်သက်ကုန်သည်ဖြစ်၍—

“အို-ဝက်မင်း….သင်သည် နားချမ်းသာ၍စိတ် နှလုံးသို့ သက်ဝင်သောစကားကို ပြောဆိုပေ၏၊

စစ်ထိုးရာ၌ ထွက်ပြေးသောဝက်ကို ငါတို့နောက်မှ
သတ်ကုန်အံ့''–

ဟုအညီအညွတ် ဝက်မင်းအားဝန်ခံကုန်၏၊ ထိုနောက် ဝက်မင်းသည်''အချင်းတို့.. ကျားဘယ်အခါလာသနည်း'' ဟုမေး၏၊ ''အရှင်တစ္ဆက.... ယနေ့နံနက်ကပင် ဝက်တကောင်ကို ယူသွားခဲ့ပြီ၊ နက်ဖြန်နံနက်အခါ လာပါလိမ့်ဦးမည်''ဟုပြောဆိုကုန်၏။

**အောင်မြေပေါ်မှ စစ်ဆင်ကြ**

တစ္ဆကဝက်ကား စစ်ထိုးခြင်း၌အလွန်လိမ်မာ၏၊ စစ်အောင်ရာ ဘူမိနက်သံမြေကြန်အတတ်ကို ကောင်းစွာ တတ်မြောက်၏၊ ထို့ကြောင့် တခုသောအရပ်ကို မှတ်ပြီးလျှင် ညဉ့်အခါ၌ပင် ဝက်တို့ကိုအစာကို ဝအောင်စားစေ၍ နံနက်စောစောကလျှင် စစ်ဆင်နည်းသုံးမျိုးတို့တွင် ပဒုမဗျူဟာ စစ်ဆင်နည်းကိုစီရင်၏။

### ပဒုမဗျူဟာစစ်ဆင်နည်း

ဝက်တို့ကို အညီအညွတ်စည်းဝေးစေပြီးလျှင် အလယ်အရပ်၌ နို့စို့ဝက်ငယ်တို့ကိုထား၏၊ ဝက်ငယ်တို့ကိုရံ၍ မိခင်ဝက်မတို့ကိုထား၏၊ ဝက်မတို့ကိုရံ၍ ဝက်ပျိုမတို့ကိုထား၏၊ ဝက်ပျိုမတို့၏ အကြားအကြား၌ အစွယ်ရှိသော ဝက်ပျိုတို့ကိုထား၏၊ ဝက်ပျိုတို့၏ အကြားအကြား၌ ဝက်အိုတို့ကိုထား၏၊ ဝက်အိုတို့ကိုဝန်းရံကာ ဆယ်စီး, နှစ်ဆယ်, သုံးဆယ် အစုအစုပြု၍ ဗိုလ်စုကိုထား၏၊ မိမိအောင်းရန်တွင်းတခုကိုတူး၏၊ ကျားလာသောအခါကျရန် မန်းဆန်ကော သဏ္ဍာန်တွင်းကောက်တခုကို အောက်ကျယ် အဝ

ကျဉ်းပြု၍တူး၏၊ တွင်းနှစ်ခုတို့ အကြား၌ မိမိနေရာ မြေပလ္လင်ကိုပြု၍ထား၏၊ ထိုနောက် တစ္ဆကဝက်သည် အားအစွမ်းနှင့် ပြည့်စုံသော ဝက်သူရဲကောင်းတို့ကို ခေါ်၍လှည့်လည်ကာ ဝက်တို့ကိုအားပေး၏၊ အလုံးစုံစီရင်၍ပြီးလျှင်နေသည်ထွက်လေ၏။

ထိုအခါ ကျားသည် ရသေ့စဉ်းလဲကျောင်းမှ ထွက်၍တောင်ထိပ်သို့တက်ကာ မတ်တတ်ရပ်လာ၏၊ ဝက်တို့သည် ကျားကိုမြင်လျှင် ရန်သူလာပြီ ရန်သူလာပြီဟု တစ္ဆကဝက်အား ပြောကြားကုန်၏၊ တစ္ဆကဝက်လည်း "အဆွေတို့.... မကြောက်ကြကုန်လင့်၊ ကျားပြုလုပ်သကဲ့သို့ အတုပြုကာ မခံ့လေးစား ပြုကြကုန်" ဟု နည်းပေးလေ၏၊ ကျားသည် ကိုယ်ကိုခါ၍ နောက်သို့ ဆုတ်သကဲ့သို့ပြုလျက်ကျင်ငယ်စွန့်၏၊ ဝက်တို့ကျားအတူပြုလုပ်ကုန်၏၊ကျားသည် ကျယ်စွာသောအသံကိုမြည်၏၊ ဝက်တို့လည်းကျယ်စွာသော အသံကိုမြည်ကုန်၏၊ ဝက်တို့သည် ကျားပြုတိုင်းအတုလိုက်၍ပြုကြကုန်၏။

**ရသေ့စဉ်းလဲ ကျားနှင့်တွဲ**

ထိုနောက် ကျားသည် ဝက်တို့အမူအရာကိုမြင်လျှင် ဝက်တို့ကားရှေးအခါနှင့်မတူကုန်၊ ယနေ့ ငါ့ရန်သူဖြစ်ကုန်၏၊ အစုအစုတည်ကုန်၏၊ ထိုဝက်တို့အား စစ်ထိုးရန်စီမံပေးသောအကြီးအမှူးလည်း ရှိတန်ရာ၏၊ ယနေ့ငါဝက်တို့ထံ သွားခြင်းငှါမသင့်ဟု ကြံစည်၍ သေဘေးမှ ကြောက်သဖြင့် ရသေ့စဉ်းလဲထံ ပြန်လေ၏၊ ရသေ့စဉ်းလဲသည် လက်ချည်း အချီးနှီးပြန်လာသော ကျားကိုမြင်လျှင်—

"အို-ကျား.... ယနေ့သင်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ထားသလော၊ အလုံးစုံသောသတ္တဝါတို့၌ ဘေးမဲ့ပေး၍ ထားသလော၊ ဝက်အပေါင်းထံရောက်ပါလျက် လက်ချည်းပြန်ကာ ကြံမှိုင်ဘိ၏၊ သင့်အားသားတို့ကိုသတ်ဘို့ အစွယ်တို့မရှိကုန်သလော့"—

ဟု မေးမြန်းကာ ပြက်ရယ်စကား ပြောကြားလေ၏၊ ထိုအခါကျားသည်—

"အို-ရှင်ရသေ့.... ငါ့အား သတ်ဘို့အစွယ်တို့သည်ရှိပါကုန်၏၊ ဝက်တို့သည် မိုလ်ပါစုဝေးလျက်ရှိ၏၊ ငါသည် ဝက်တို့အညီအညွတ် တပေါင်းတည်းနေသည်ကို မြင်ရသောကြောင့် တော၌တကောင်တည်းကြံမှိုင်ပါ၏။

၍ဝက်တို့သည် ရှေးအခါ ငါ့ကိုမြင်လျှင် တော်မိတော်ရာဒလကြမ်းပြေးကုန်၏၊ သေဘေးမှကြောက်သဖြင့် အသီးအသီး ပုန်းအောင်းရာကိုရှာကုန်၏၊ ယခုကားတပေါင်းတည်း စုဝေးကာနေကုန်၏၊ ထို့ကြောင့်ငါသည် ဝက်တို့ကိုမနှိပ်စက်ဝံ့ပါ။

အကြီးအမှူးနှင့် ပြည့်စုံလျက် တပေါင်းတစုတည်း အတူတကွသွားလာကုန်၏၊ ထိုဝက်တို့သည် အညီအညွတ် ငါ့ကိုညှင်းဆဲကုန်ရာ၏၊ ထို့ကြောင့် ထိုဝက်တို့ကိုငါသည် မတောင့်တတော့ပြီ"—

ဟု မိမိပြန်လာခဲ့ရခြင်းအကြောင်းကို ပြောကြားလေ၏၊ ထိုအခါ ရသေ့စဉ်းလဲသည်—

"အဆွေကျား‥သိကြားမင်းသည် တယောက်တည်း အသုရာတို့ကိုအောင်နိုင်၏၊ သိန်းငှက်သည် တကောင်တည်း ငှက်အပေါင်းကို သတ်နိုင်၏၊ ကျားသည်တကောင်တည်း ဝက်အပေါင်းကိုသတ်နိုင်၏၊ အမှန်မှာ ဝက်အပေါင်းကိုသတ်နိုင်သော ကျား၏ခွန်အားဗလကား သင်ကဲ့သို့ပင်တည်း"—

ဟု ကျားကိုမြှောက်ပင့်၍ အားပေးပြန်၏၊ ထိုအခါ ကျားသည်—

"အို-ရှင်ရသေ့‥‥ အညီအညွတ် တပေါင်းတည်း ဖြစ်ကုန်သောသူတို့ကို သိကြားမင်းသည်ငှင်း၊သိန်းငှက်သည်ငှင်း၊ကျားသည်ငှင်း၊ မအောင်မြင်နိုင် မိမိအလိုသို့လိုက်သည်ကိုမပြုနိုင်"—

ဟု အကြောင်းကို ရှင်းလင်း၍ပြောပြန်၏၊ ထိုအခါ ရသေ့စဉ်းလဲသည် တဖန်—

"အဆွေကျား‥‥ ကုမ္ဘိလက အမည်ရှိသော ငှက်တို့သည် ကောင်းကင်၌ အညီအညွတ်တပေါင်းတည်း ပျံသွားကြကုန်၏၊ ထိုပျံသွားသောငှက်အပေါင်းတို့တွင် တကောင်သောငှက်ငယ်သည် အစွန်းတဘက်ဖြင့်ပျံသွား၏၊ ထိုငှက်ကို သိန်းသည် ဖမ်းယူနိုင်၏၊ ထို့အတူ သင်လည်း အစွန်းကျသောဝက်ကို ဖမ်းယူနိုင်၏"—

ဟု အကြောင်းပြကာ အားပေးတိုက်တွန်းပြန်၏။

ကျားနှင့်စစ်ပြိုင်
ဝက်တို့နိုင်

ကျားသည် ရသေ့စဉ်းလဲ၏ အားပေးစကားကိုကြားပြန်လျှင် အားတက်လာ၍ အရဖမ်းမည်ဟု တောင်ထိပ်သို့

တက်ကာ ရပ်ပြန်၏၊ ဝက်တို့မြင်လျှင် ကျားသူခိုးကြီးလာပြန်ပြီဟု တစ္ဆကဝက်အားပြောကြားပြန်ကုန်၏၊ တစ္ဆကဝက်လည်း လာပါစေမကြောက်ကြကုန်လင့်ဟု အားပေး၍ တွင်းနှစ်ခုကြား မြေပလ္လင်ပေါ်သို့တက်ကာ စောင့်လင့်၏၊ ကျားသည် တစ္ဆကဝက်ရှိရာသို့တဟုန်တည်း ပြေးဆင်းလာ၏၊ တစ္ဆကဝက်သည် ပြန်လည်၍ နောက်သို့မျက်နှာပြုလျက် ရှေ့တွင်း၌ဆင်း၏၊ ကျားလည်းအဟုန်ကိုမသတ်နိုင်သဖြင့် မန်းဆန်ကောနှင့်တူသော တွင်းသို့ကျရာ လက်အုပ်ချီသကဲ့သို့ဖြစ်၍တည်၏။

ထိုအခိုက် တစ္ဆကဝက်သည် လျှပ်မြန်စွာထ၍ ကျား၏ ပေါင်ကြားမှ နှလုံးကျောက်ကပ်တိုင်အောင် အစွယ်ဖြင့်ခွဲကာ အသားကိုစားပြီးလျှင် နှုတ်သီးဖြင့်ချီကိုက်၍ တွင်းအဝ၌ချပြီးလျှင် ဤကျွန်စုတ်ကိုယူကြကုန်လောဟု ပြောလေ၏၊ ဝက်တို့သည်လာ၍ ကျားသားကိုစားကုန်၏၊ ရှေးဦးစွာလာလေသော ဝက်တို့သည် နှုတ်သီးစွတ်လောက်ရုံမျှစားရကုန်၏၊ နောက်မှလာသောဝက်တို့ကား မစားရသဖြင့် စားရသော ဝက်တို့နှုတ်သီးကိုသာ နမ်းကြရကုန်၏။

**အကြံပေးရသေ့ ဝက်ဘေးတွေ**

တစ္ဆကဝက်လည်း တွင်းမှတက်ပြီးလျှင် ဝက်တို့ကိုကြည့်၍ "အချင်းတို့....အသို့နည်း နှစ်သက်ကြကုန်၏လော"ဟုမေး၏၊ "အရှင်....ကျားကိုဖမ်းပြီးရုံဖြင့် မနှစ်သက်နိုင်သေးပါ၊ ကျား၏ကျွန်ရှိသေးသည်"ဟု ပြော၏၊ "အချင်းတို့....ကျား၏ကျွန်ကား အဘယ်သူနည်း"ဟု မေး၏၊ "အရှင်ကျား-ဆောင်ခဲ့တိုင်း,ဆောင်ခဲ့တိုင်းအသားကိုစားနေသော ရသေ့စဉ်းလဲဖြစ်ပါသည်"ဟုပြောကြ၏၊ "အချင်းတို့....လာကြ

ကုန်ရသေ့စဉ်းလဲကိုလည်း ဖမ်းကြကုန်အံ့”ဟု ဝက်တို့နှင့် အတူလျင်မြန်စွာပြေးလေ၏၊ ရသေ့စဉ်းလဲလည်း ကျား သည်ကြာမြင့်လှ၍ကျားလာမည့်လမ်းခရီးကို မြော်၍ကြည့် လတ်သော် ဤဝက်တို့ကား ကျားကိုသတ်ပြီး၍ ငါ့ကိုသတ် ရန် လာကြယောင်တကားဟု သဘောမှ ကြောက်သဖြင့် အတင်းပြေးလွှားကာ နီးရာရေသဖန်းပင်သို့ တက်လေ၏။

ဝက်တို့မြင်လျှင် ရေသဖန်းပင်သို့လိုက်ကုန်၏၊ တစ္ဆက ဝက်သည် ဝက်ပျိုတို့ကိုခေါ်၍ သစ်ပင်ရင်းမှ မြေတို့ကိုယက် စေကုန်၏၊ ဝက်မတို့ကို မြစ်မှရေကိုငုံ၍ ထွေးစေကုန်၏၊ မကြာမီ ရေသဖန်းမြစ်တို့သည်ပေါ်လာကုန်၏၊ ထိုအခါ အစွယ်ထက်သောဝက်တို့ကိုအမြစ်တို့ကိုဖြတ်စေ၏ အားလုံး အမြစ်တို့ပြတ်၍ ခေါင်မြစ်ကြီးတမြစ်သာ ကျန်တော့၏၊ ထိုအခါ တစ္ဆကဝက်သည် ဝက်တို့ကိုဖယ်စေ၍ ကိုယ်တိုင် တချက်တည်းကိုက်ဖြတ်လေ၏၊ ခေါင်မြစ်ပြတ်လျှင် ရေသ ဖန်းပင်သည်လဲ၍ ရသေ့စဉ်းလဲမြေသို့ကျလေ၏၊ ဝက်တို့ ပြေးလာကြ၍ ရသေ့စဉ်းလဲ၏ အသားကို စားကြကုန်၏၊ ထိုအံ့ဘွယ်သရဲကိုမြင်၍ ရုက္ခစိုးနတ်သည်—

> “အချင်းတို့····များစွာစည်းရုံးကုန်သောဆွေမျိုး
> တို့သည် ကောင်းကုန်၏၊ တော၌ဖြစ်၍ များစွာ
> စည်းရုံးကုန်သော သစ်ပင်တို့သည် ကောင်းကုန်၏၊
> ညီညွတ်သောဝက်တို့သည် တကောင်တည်းသွား
> သောကျားကိုသတ်အပ်၏”—

ဟုချီးကျူးလေ၏၊ ထိုနောက် ဝက်တို့သည်• ကျားနှင့် ရသေ့စဉ်းလဲ နှစ်ယောက်လုံးသေလျှင် အလွန်နှစ်သက်

ကုန်လျက် ဝမ်းမြောက်ဝမ်းသာ အသံကျယ်စွာ မြည်ကုန်၏၊ တစ္ဆကဝက်သည် တဘန်"သင်တို့ရန်သူ ရှိသေးသလော"ဟု မေးပြန်၏၊ ဝက်တို့သည်"မရှိပါ"ဟု ဖြေဆိုကုန်၏၊ ရန်သူကို အောင်မြင်ပြီးသောအခါ ဝက်တို့သည် တစ္ဆကဝက်ကို ရေသဖန်းတုံးပေါ်၌ ထိုင်စေလျက် သင့်လျော်သော ဝက်မတကောင်နှင့် အတူ ရသေ့စဉ်းလဲသောက်သော လက်ျာရစ်ခရုသင်းဖြင့် ဂင်္ဂါမြစ်ရေကို ယူဆောင်ကြလျက်တစ္ဆက၏ထိပ်၌ အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏၊ ဝက်မကိုလည်း မိဖုရားမြှောက်ကြကုန်၏၊ [ထိုအခါမှစ၍ မင်းတို့ကို ရေသဖန်းပျဉ်၌ ဂင်္ဂါမြစ်ရေကို လက်ျာရစ်ခရုသင်းဖြင့် ဘိသိက်သွန်းရသော အလေ့အထဖြစ်သတတ်။]

[ဤဇာတ်သည် အောက်၌ပြခဲ့သောဝဍ္ဍကီသူကရဇာတ်နှင့်တူ၏၊ စကားအစဉ်အနည်းငယ်သာကျယ်ဝန်းမည်။]

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါရသေ့စဉ်းလဲသည်-ယခုအခါဒေဝဒတ်။

※ တစ္ဆကသူကရဝက်မင်းသည်-ဓနုဂ္ဂဟတိဿ။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) စစ်ဆင်တတ်ပြန်၊ တပါးရန်၊ အမှန်အောင်ရမည်။
(၂) ညီညွတ်ကြပြန်၊ တပါးရန်၊ အမှန်အောင်ရမည်။
(၃) ဝက်တွေညီ၍၊ ကျားခုသေ့၊ ရှုံး၍သေရသည်။
(၄) ပျဉ်ရေသဖန်း၊ ဘိသိက်ဖျန်း၊ ထုံးတမ်းဖြစ်ခဲ့သည်။

တစ္ဆကသူကရဇာတ်ပြီး၏။

---

## ၄၉၃-မဟာဝါဏိဇဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

**သရဏဂုံတည်ကြ၍ ကုန်ကူးသွား**

နတ်လူ တို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ကုန်သည်တို့သည် ကုန်ကူးသွားခါနီးတွင် မြတ်စွာဘုရားအား အလှူကြီးကိုပေး၍ သရဏဂုံသီလ ဆောက်တည်ပြီးလျှင် "အရှင်ဘုရား.... အကျွန်ုပ်တို့သည် အနာကင်းလျက် ပြန်ရောက်ပါကုန်အံ့၊ အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါကုန်အံ့" ဟု လျှောက်ထားပြီးလျှင် လှည်းငါးရာတို့ဖြင့် ကုန်ကူးသွားကြကုန်၏။

ထိုလှည်းငါးရာတို့သည် ကန္တာရသို့ ရောက်လျှင် ခရီးကိုမမှတ်နိုင်ကြသဖြင့်ခရီးမှားကာ အစာရေမရှိသောတော၌ လှည့်လည်လတ်သော် နဂါးသိမ်းဆည်းသော ညောင်ပင်ကြီးသို့ ရောက်၍ လှည်းတို့ကိုချွတ်ကာ သစ်ပင်ရင်း၌ နားနေကြကုန်၏။

နဂါးမိုင်ပြု ရတနာ၁၃

ထိုအခါ လှည်းသမားတို့သည် ညောင်ပင်၏ ရေစိုနေသကဲ့သို့ စွတ်စိုသော အရွက်တို့နှင့် ရေပြည့်သကဲ့သို့ အကိုင်းအခက်တို့ကိုမြင်၍ ဤညောင်ပင် ကြီး၏ အကိုင်း တို့ကို ဖြတ်လျှင် ရေရတန်ရာ၏ဟု ကြံစည် စဉ်းစားပြီးလျှင် လှည်းသမားတယောက်သည် ညောင်ပင်သို့တက်၍ အရှေ့ဘက်ကိုင်းကိုဖြတ်၏၊ ထန်းလုံးတမျှရေအယဉ် ထွက်လာသဖြင့်အလိုရှိတိုင်း ချိုးရသောက်ရကုန်၏။

တောင်ဘက်ကိုင်းဖြတ်ပြန်၏၊ အထူးထူးသော ခဲဘွယ်ဘောဇဉ်တို့ ထွက်လာသဖြင့် အလိုရှိတိုင်း စားသောက်ကြရကုန်၏၊ အနောက်ဘက်ကိုင်းကို ဖြတ်ပြန်၏၊ တန်ဆာဆင်အပ်သော မိန်းမ တို့ထွက်လာသဖြင့် အလိုရှိတိုင်း မွေ့လျော်ပျော်မြူးရကုန်၏၊ မြောက်ဘက်ကိုင်းကို ဖြတ်ပြန်၏၊ ရတနာခုနစ်ပါးတို့ထွက်လာသဖြင့် အလိုရှိတိုင်းလှည်းတို့၌တင်ကာ သာဝတ္ထိပြည်သို့ ပြန်ကြကုန်၏။

လောဘဆင်ခြင် ဘေးရန်စင်

ရောက်သောနေ့ညနေ၌ မြတ်စွာဘုရားထံအဖူးအမျှော် သွားပြီးလျှင် နက်ဖြန်အတွက်ပင့်ဘိတ်ကာ အလှူကြီးပေးကုန်၏၊ "အရှင်ဘုရား‥ အကျွန်ုပ်တို့အားဥစ္စာကိုပေးလိုက်သော ရုက္ခစိုးနတ်မင်းအား အလှူ၏အဘို့ကို အမျှပေးဝေပါကုန်၏"ဟု လျှောက်ထားကာ အမျှပေးဝေကုန်၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးလတ်သော် "ဒါယကာတို့‥‥ အဘယ်ရုက္ခစိုးအား အမျှပေးဝေကြသနည်း" ဟု မေးတော်မူရာ ပညောင်ပင်၌ ဥစ္စာရခဲ့ကြောင်းကိုလျှောက်ထားကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ဒါယကာတို့‥

သင်တို့သည် အတိုင်းအရှည်ကိုသိ၍ တဏှာ၏ အလိုသို့ မလိုက်သောကြောင့် ဥစ္စာကိုရခဲ့ကြသည်၊ ရှေးအခါ၌ကား အတိုင်းအရှည်ကို မသိကြဘဲ တဏှာ၏အလိုသို့ လိုက်သောကြောင့် ဥစ္စာကိုမရကြဘဲ အသက်ပါဆုံးရှုံးရကြောင်းကို" မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ခရီးလမ်းမှား ကုန်သည်များ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ်လှည်းကုန်သည်တို့သည်လှည်းငါးရာတို့ဖြင့် ကုန်ကူးသွားရန် တိုင်ပင်ညီညွတ်၍ ဘုန်းပညာနှင့် ပြည့်စုံသော ဘုရားအလောင်းလှည်းမှူးကို အကြီးအကဲပြုကာ လှည်းတို့ဖြင့် ထွက်ကြကုန်၏၊ အစာနှင့်ရေမရှိသော ကန္တာရတခုသို့ ရောက်လျှင် ခရီးကို မမှတ်နိုင်ကြသဖြင့် ဟိုဟိုသည်သည် လှည့်လည်သွားလာကြရာ ပညောင်ပင်ကြီးတခုသို့ ရောက်၍ အလွန်မောပန်းသဖြင့်လှည်းတို့ကို ချွတ်ကာ စခန်းချကြကုန်၏။

ထိုပညောင်ပင်ကြီးကား ရေတို့ဖြင့် စွတ်စိုသကဲ့သို့ အလွန်စိမ်းလန်းသော အရွက်နှင့် ပြည့်စုံ၏၊ ရေအယဉ်ပြည့်သည့်အလား အလွန်စိမ်းလန်းသော အကိုင်းအခက်နှင့် ပြည့်စုံ၏၊ ထိုပညောင်ပင်ကြီးကို တန်ခိုးကြီးသော နဂါးမင်းသည် သိမ်းဆည်းအပ်၏။

**ညောင်ပင်ကြီးမှ စားဘွယ်ရ**

လှည်းကုန်သည် မိုက်တို့သည် အစာလည်း မစားရ၊ ရေလည်း မသောက်ရသဖြင့် ပင်ပန်းဆင်းရဲလျက် မိုက်မဲတွေ

ဝေကြသည်ဖြစ်၍ "အချင်းတို့....ဤပဒေါင်ပင်ကြီးကား အလွန်စွတ်စို စိမ်းလန်း၏၊ အတွင်း၌ ရေရှိယောင်ထင်၏" ဟု တိုင်ပင်ညီညွတ်ကာ အရှေ့ဘက်အကိုင်းကို ဖြတ်ကြကုန်၏၊ထိုအခါ အလွန်ကြည်လင်သော ရေအယဉ်သည် ထန်းလုံးပမာဏ ယိုစီးထွက်ကျလာ၏၊ ကုန်သည်တို့သည် ရေကို အလိုရှိတိုင်း ချိုးသောက် သုံးဆောင်ရကုန်၏။

ထိုနောက်တဘန် ကုန်သည်မိုက်တို့သည် မိုက်မဲတွေဝေကြသည်ဖြစ်၍ တိုင်ပင်ညီညွတ်ကာ တောင်ဘက်ကိုင်းကို ဖြတ်ကြပြန်ကုန်၏၊ ထိုအခါ သားပြွမ်းထမင်း, ယနာခွန္နထမင်း, ဟင်းလျာမုန့်စသော ခဲဘွယ် ဘောဇဉ်တို့သည် ထွက်လာကုန်၏၊ ကုန်သည်တို့သည် အလိုရှိတိုင်း စားသောက်သုံးဆောင်ရကုန်၏။

**လိုတိုင်းပြည့်ဝ သယ်ယူကြ**

ထိုနောက်တဘန် ကုန်သည်မိုက်တို့သည် မိုက်မဲတွေဝေကြသည်ဖြစ်၍ တိုင်ပင်ညီညွတ်ကာ အနောက်ဘက်ကိုင်းကို ဖြတ်ကြပြန်ကုန်၏၊ ထိုအခါ ဆန်းကြယ်သော အဝတ်တန်ဆာကို ဆင်လျက် ပတ္တမြား နားဒေါင်းကို ပန်ဆင်ကုန်သော မိန်းမတို့သည် ထွက်လာကုန်၏၊ ကုန်သည်တို့သည် အလိုရှိရာမိန်းမတို့ကို ဖမ်းယူကုန်လျက် ပေါင်းဘော် ကြရကုန်၏၊ မြူးထူးပျော်ပါးကြရကုန်၏။

ထိုနောက်တဘန် ကုန်သည်မိုက်တို့သည် မိုက်မဲတွေဝေကြသည်ဖြစ်၍ တိုင်ပင်ညီညွတ်ကာ မြောက်ဘက်ကိုင်းကို ဖြတ်ကြပြန်ကုန်၏၊ထိုအခါ ရွှေ,ငွေ,ပုလဲ ပတ္တမြားစသော များစွာသော ရတနာတို့သည်ရင်း,သားမွေးဖြင့် ယက်အပ်

သော အဝတ်အထည် ကမ္ဗလာတို့သည်ပင် ထွက်လာကုန်၏၊ ကုန်သည်တို့သည် ပစ္စည်းဥစ္စာတို့ကို အလိုရှိတိုင်း ယူငင်ကြရကုန်၏။

**ညောင်ပင်တူးခြား ပညာရှိတား**

ထိုနောက် ကုန်သည် မိုက်တို့သည် ပညောင်ပင်ကြီး၏ လေးမျက်နှာရှိ အကိုင်းကြီး ၄-ကိုင်းကို ဖြတ်၍ အလိုရှိရာ ရရသမျှသော ပစ္စည်းဥစ္စာတို့ဖြင့် တင်းမတိမ်နိုင်ဘဲ အတိုင်းအရှည်ကို မသိ၊တဏှာ၏အလိုသို့ လိုက်ကာ မိုက်မဲတွေဝေကြသည်ဖြစ်၍"အချင်းတို့..အမြစ်တို့ကိုဖြတ်လျှင် အလွန်များပြားသော ပစ္စည်းဥစ္စာတို့ကို ရကြလိမ့်မည်" ဟု တိုင်ပင်ကြကုန်၏။

ထိုအခါ ပညာရှိသော လှည်းကုန်သည်မှူးသည် လက်အုပ်ချီလျက် "အချင်းတို့....ဤပညောင်ပင်မင်းသည် သင်တို့ကို အဘယ်သို့ ပြစ်မှားသနည်း၊အရှေ့ဘက်ကိုင်းမှ ရေ, တောင်ဘက်ကိုင်းမှ အစာအာဟာရ,အနောက်ဘက်ကိုင်းမှ မိန်းမ,မြောက်ဘက်ကိုင်းမှ ပစ္စည်းဥစ္စာရတနာတို့ကိုအလိုရှိတိုင်းပေးခဲ့၏၊ အဘယ်သို့ ပြစ်မှားသနည်း၊သင်တို့အား ကောင်းခြင်း မင်္ဂလာဖြစ်ပါစေ၊ မိမိတို့နေခဲ့ဘူး,ထိုင်ခဲ့ဘူး, အိပ်ခဲ့ဘူးသော သစ်ပင်၏ သစ်ခက်ကိုပင် မချိုးမဖြတ်ရာ၊ ထိုစကားသည်မှန်၏၊ အရိပ်၌နေခဲ့ဘူးသော သစ်ပင်၏ အကိုင်းအခက်ကို ချိုးဖြတ်သောသူသည်, ယုတ်မာသောသူ အဆွေခင်ပွန်းကို ပြစ်မှားသောသူဖြစ်သည်၊ သို့အတွက် အလွန်ကျေးဇူးကြီးလှသော ပညောင်ပင်ကြီး၏ အမြစ်တို့ကို မတူးမဖြတ်ပါကုန်လင့်" ဟု တောင်းပန်လေ၏။

ကုန်သည်မိုက်စုသေဆုံးမှု

များစွာသော လှည်းကုန်သည် မိုက်တို့သည် တဦးထည်းဖြစ်သော လှည်းကုန်သည်မှူး၏ စကားကို မနာယူကြဘဲ ထက်စွာသွေးအပ်သော ဒါးမတို့ဖြင့် အမြစ်တို့ကိုဖြတ်ရန် လုံးပန်းအားထုတ်ကြကုန်၏၊ ထိုအခါနဂါးမင်းသည် "ဤကုန်သည်တို့အား ရေကိုလည်းပေးအပ်ပြီ၊ခဲဘွယ်ဘောဇဉ်ကိုလည်းပေးအပ်ပြီ၊ အလုပ်အကျွေး မိန်းမကိုလည်း ပေးအပ်ပြီ၊ ရတနာတို့ကိုလည်း ပေးအပ်ပြီ၊ယခုအခါ ငါ့သစ်ပင်ကို အမြစ်မှဖြတ်ကြရန် ဝိုင်းဝန်း အားထုတ် ကုန်၏၊ အလွန်ကြမ်းကြုတ်ကုန်၏၊ လှည်းကုန်သည်မှူးကို ထား၍ ကြွင်းသောလှည်းကုန်သည်မိုက်တို့ကို သတ်ရန် သင့်၏"ဟု ကြံစည်ပြီးလျှင် လက်နက် စွဲကိုင်သော နဂါး စစ်သည်တို့ကို "ထွက်ကြကုန်လော့၊ လှည်းကုန်သည်မှူးကိုချန်ထား၍ တယောက်မျှမကျန်အောင်သတ်ကြကုန်လော့"–ဟုအမိန့်ပေးလေ၏၊ ထိုအခိုက် နဂါးစစ်သည်တို့သည် ထွက်ကာ လှည်းကုန်သည်မှူးကိုချန်ထား၍လှည်းကုန်သည်အားလုံးတို့ကို သတ်ကြကုန်၏၊ ထိုအခါ လှည်းကုန်သည်တို့သည် သေကြေပျက်စီးခြင်းသို့ရောက်ကုန်၏။

နဂါးစစ်သည်တို့သည် အလုံးစုံသောပစ္စည်းဥစ္စာရတနာတို့ကို လှည်းငါးရာတို့၌တင်ကာ လှည်းကုန်သည်မှူးကို ယူဆောင်၍ ဗာရာဏသီပြည်သို့ သွားပြီးလျှင် လှည်းကုန်သည်မှူး၏အိမ်၌ထားကာ လှည်းကုန်သည်မှူးကို ပန်ကြားပြီးလျှင် မိမိတို့နဂါးပြည်သို့သွားကြကုန်၏။



P.366 ပညောင်ပင်၏·အရိပ်နေ၍ အခက်ချိုးသူတို့အား နဂါးတို့စိတ်ဆိုးသဖြင့် လိုက်လံသတ်ဖြတ်နေပုံ။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ ကုန်သည်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့····

※ ထိုအခါ နဂါးမင်းသည်—ယခုအခါ သာရိပုတ္တာရာ။

※ လှည်းကုန်သည်မှူးသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) တိုင်းရှည်လွန်ပြီး၊ လောဘကြီး၊ ပျက်စီးရမည်မှတ်။

(၂) လောဘနိုင်ငံ၊ မလိုက်ရန်၊ ကောန်သတိချပ်။

(၃) ကျိုးစီးပွားမြင်၊ ပညာရှင်၊ ကုန်စင်လောဘသတ်။

(၄) လောဘလည်းသိမ်း၊ ဒုက္ခငြိမ်း၊ မယိမ်းနိဗ္ဗူရပ်။

မဟာဝါဏိဇဇာတ်ပြီး၏။

---

# ၄၉၄—သာမိနဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**သီလတန်ခိုးစု ဟောကြားပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒါယကာတို့သည် ဥပုသ်စောင့်ကြကုန်၏၊ ထိုဒါယကာတို့ကို မြတ်စွာဘုရားသည် ''ဒါယကာတို့····ရှေးပညာရှိတို့သည် ဥပုသ်

ဆောက်တည်ခြင်းကို အမှီပြု၍ လူ၏ကိုယ်ဖြင့် နတ်ပြည်သို့ ရောက်လျက် ရှည်မြင့်စွာ နေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**အလှူပေးခြင်း သာဓိနမင်း**

လွန်လေပြီးသောအခါ ဝေဒေဟတိုင်း မိဓိလာပြည်၌ သာဓိနမင်း မင်းပြုသည်ရှိသော် ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြု၏၊ မြို့တံခါးလေးမျက်နှာ, မြို့လယ်, နန်းတော်ဤခြောက်ဌာနတို့၌ ခြောက်ဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်လုပ်စေ၍ ဇမ္ဗူဒိပ်တကျွန်းလုံး လယ်ထွန်ခြင်းပြတ်အောင် အလှူကြီးကိုပေးလှူ၏၊ နေ့တိုင်းနေ့တိုင်း ခြောက်သိန်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲ၏၊ ငါးပါးသီလကို ဆောက်တည်၏၊ ဥပုသ်ကိုစောင့်သုံး၏၊ တိုင်းတပါး၌တည်သောသူတို့လည်း သာဓိနမင်း၏ အဆုံးအမ၌တည်၍ ကုသိုလ် ကောင်းမှုကို ပြုကာ သေတိုင်းသေတိုင်းသော သူတို့သည် နတ်ပြည်သို့ ရောက်ကုန်၏။

**သိကြားဖူးမြင်လို မင်းကြီးကို**

တနေ့သ၌ သုဓမ္မာနတ်သဘင် အစည်းအဝေး၌ နတ်တို့သည် သာဓိနမင်းကြီး၏ဂုဏ်ကျေးဇူးကို ချီးမွမ်းစကား ပြောကြားကြကုန်၏၊ ချီးမွမ်းစကားကိုကြားရသောနတ်တို့သည် သာဓိနမင်းကြီးကို ဖူးမြင်လိုကြကုန်၏၊ ထိုအခါ သိကြားမင်းသည် နတ်တို့စိတ်အကြံကိုသိ၍ နတ်တို့အား သာဓိနမင်းကြီးကို ဖူးမြင်လိုသလားဟု မေးမြန်းရာ ဖူးမြင်လို

ကြောင်း လျှောက်ကြကုန်၏၊ သိကြားမင်းသည် မာတလိ နတ်သားကိုခေါ်၍ "အမောင်···· သွားချေ၊ ဝေဇယန္တာ ရထားဖြင့် သာဓိနမင်းကြီးကို နတ်ပြည်သို့ပင့်ဆောင်ချေ" ဟု စေခိုင်း၏၊ မာတလိ နတ်သားလည်း သိန္ဓောမြင်း တထောင်ကသော ဝေဇယန္တာရထားကိုက၍ ဝေဒေဟ တိုင်းမိမိလာပြည်သို့သွားလေ၏၊ ထိုနေ့ကား လပြည့်နေ့ ဖြစ်၏။

**ရထားဝေဇယန္တာ မင်းကြီးထံလာ**

လူတို့သည် ညစာထမင်း စားပြီးလျှင် အိမ်တံခါးတို့၌ ချမ်းသာ စကားပြော ဟောနေကြစဉ်လဝန်းနှင့်ယှဉ်၍မောင်း နှင်လာသော ဝေဇယန္တာ ရထားကို လဝန်းကြီးနှစ်ခု တပြိုင်နက်ထွက်လာသည်ဟု အုတ်အုတ်ကျက်ကျက် ပြော ဆိုကြကုန်၏၊ ထိုအခိုက် လဝန်းကိုလွန်၍လာသော ရထား ကိုမြင်ကြလျှင်"ဤကား လဝန်းမဟုတ်၊ နတ်ရထားဖြစ် သည်၊ ဤနတ်ရထားကား ငါတို့မင်းကြီးအတွက် လာသည် ဖြစ်လိမ့်မည်၊ ငါတို့မင်းကြီးကား သီလရှိသည်၊ တရား စောင့်သည်၊တရားနှင့်အညီ မင်းပြုသည်"ဟု ဝမ်းမြောက် ဝမ်းသာလက်အုပ်ချီကုန်လျက်-

"အချင်းတို့···· လောက၌ မဖြစ်ဘူးမြဲသဘော သည် ဖြစ်စွတကား၊ ကြက်သီးမွေးညှင်း ထဘွယ် ဖြစ်စွတကား၊ အခြံအရံများသော ငါတို့အရှင် ဝေဒေဟမင်းအား နတ်ရထားသည် ထင်ရှားဖြစ်စွ တကား"-

ဟု ချီးကျူးသြဘာ ပေးကြကုန်၏၊ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြကုန်၏၊ လူတို့မြင်ကုန်စဉ်လျှင် နတ်ရထားသည်

မိမိလာမြို့တော်ကို လက်ျာရစ် သုံးပတ်လှည့်ပြီးလျှင် နန်းတော်သို့ဝင်၍ လေသာနန်းတံခါး၌ တက်စီးရန်အသင့်ပြင်ဆင်ကာ ရထားနောက်မြီးကို ထိုး၍ထားလေ၏။

**နတ်နန်းဘုံဆင့်မင်းကြီးပင့်**

ထိုနေ့၌ မင်းကြီးသည် အလှူတင်းကုပ်တို့ကို လှည့်လည် ကြည့်ရှု စီမံပြီးလျှင် ဥပုသ်ဆောက်တည်လျက် ပြာသာဒ်မ၌ အမတ်အပေါင်းခြံရံကာ လေသွန်တံခါးကို ရှေးရှုလျက် တရားစကားကို ပြောဟောလျက်နေ၏၊ ထိုအခါ မာတလိနတ်သားသည်—

"မြတ်သော မင်းကြီး.... ဤရထားသို့ တက်တော်မူပါ၊ တာဝတိံသာနတ်ပြည်သို့ကြွတော်မူပါ၊ သုဓမ္မာနတ်သဘင်ဝယ် သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့သည် အရှင်မင်းကြီးကို ဖူးမျှော်ရန် ငံ့လင့်စောင့်စား၍ နေကြပါ၏"—

ဟု ပင့်လေ၏၊ ထိုအခါ သာဓိနမင်းကြီးသည် မှူးမတ်တို့ကို မှာထားပြီးလျှင် ရထားသို့ တက်လေ၏၊မာတလိနတ်သားလည်း ရထားကို မောင်းနှင်သွားရာ သုဓမ္မာနတ်သဘင်သို့ ရောက်လေ၏၊ သာဓိန မင်းကြီးလည်း ရထားမှ ဆင်းသက်ပြီးလျှင် သုဓမ္မာနတ်သဘင်၌ သိကြားမင်းနှင့်တကွ နတ်တို့အလယ်၌ တင့်တယ်စွာ နေလျက် ပဋိသန္ဓာရစကား ပြောကြားလေ၏။

**နတ်ပြည်ကြာသော်မွေ့လျော်**

သိကြားမင်းသည် သာဓိန မင်းကြီးအား "အရှင်မင်းကြီး....နတ်ပြည်သို့ ကြွလာခြင်းကား ကောင်းသော လာ

ခြင်းဖြစ်ပါသည်၊ နတ်အပေါင်းတို့ ဝမ်းမြောက် ကြပါသည်'' ဟု နတ်ခွန်းဆက်ပြီးလျှင် နတ်မင်း၏ စည်းစိမ်ကို ဆက်ဝက်ခွဲ၍ပေးလေ၏၊ သာဓိနမင်းကြီးလည်း နတ်စည်းစိမ်ကိုခံစားနေစဉ် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း ခုနစ်ရာတို့သည် လွန်ကုန်၏၊ နတ်ပြည်၌ နေရအံ့သော ကောင်းမှုကုသိုလ်ကံသည် ကုန်ခဲ့လေ၏၊ နတ်ပြည်၌ မမွေ့လျော်ခြင်းသည်ဖြစ်လေ၏၊ ထိုအခါ သိကြားမင်းအား—

''အို-သိကြားမင်း.... နတ်ပြည်သို့ ရောက်နေသောငါသည် ရှေးအခါ ကခြင်း, သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့် မွေ့လျော်ပါ၏၊ ယခုအခါ မမွေ့လျော်တော့ပါ၊ အသက်ကုန်လေသလော၊သေချိန်နီးကပ်လေသလော၊ သို့မဟုတ် တွေဝေယောင်သလော''—

ဟု ပြောကြားလေ၏။

**သာဓိနမင်းအား သိကြားမင်းတား**

ထိုအခါ သိကြားမင်းသည် သာဓိနမင်းကြီးအား နတ်၏ စည်းစိမ်ချမ်းသာကို ခံစားရန်တောင်းပန်လိုသဖြင့်—

''မြတ်သော မင်းကြီး.... အရှင် မင်းကြီး၏ အသက်လည်းမကုန်သေးပါ၊ သေချိန်လည်းဝေးပါသေး၏၊ တွေဝေခြင်းလည်းမဖြစ်ပါ၊သို့သော်လည်း နတ်ပြည်၌နေရအံ့သော ကောင်းမှု ကုသိုလ်ကား နည်းချေပြီ''။

''မြတ်သောမင်းကြီး.... နတ်တို့အာနုဘော်ဖြင့် နေတော်မူပါ၊ တာဝတိံသာနတ်ပြည်၌ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကို ခံစားတော်မူပါ''—

ဟု တဖန်ပင့်ဘိတ်ပြန်၏။

လူ့ရွာပြန်ရောက် စကြိုလျှောက်

ထိုအခါ သာမိနမင်းကြီးသည် သိကြားမင်းအား လူ့ပြည်သို့ ပြန်ရန် ပြောကြားလို၍—

"သိကြားမင်း....သူတပါးပေး၍ရသော စည်းစိမ်ကား ငှါးရမ်း၍စီးသော ယာဉ်နှင့်တူ၏၊ချေးငှါးအပ်သော ဥစ္စာနှင့်တူ၏၊ထို့ကြောင့် သူတပါးပေး၍ ရသောစည်းစိမ်ကို ငါအလိုမရှိပြီ၊ မိမိကိုယ်တိုင်ပြုအပ်သော ကောင်းမှု ကုသိုလ်သည်သာ အသီးအခြား ကိုယ်ပိုင်ဥစ္စာမည်၏"။

"သိကြားမင်း....ငါသည် လူ့ပြည်သို့ သွား၍ ကုသိုလ်ကောင်းမှုကို ပြုသည်ရှိသော် ချမ်းသာကို ရနိုင်၏၊နောင်တတဖန်လည်း မပူပန်ရ၊ထို့ကြောင့် များစွာသောကုသိုလ်ကောင်းမှုကို ပြုတော့အံ့"—

ဟု သိကြားမင်းအား ဥပမာ ဥပမေယျနှင့်တကွ ပြောကြားပြန်၏၊ သိကြားမင်းသည် မာတလိ နတ်သားအား သာမိနမင်းကြီးကို မိမိလာပြည် ဥယျာဉ်တော်သို့ ပို့ရန် စေခိုင်း၏၊ မာတလိ နတ်သားလည်း ဥယျာဉ်တော်သို့ပို့လေ၏၊ သာမိနမင်းကြီးလည်း ဥယျာဉ်တော်သို့ ရောက်လျှင် စင်္ကြံသွား၍နေ၏။

ဘိုးတော်တွေ့ကာ ဝမ်းမြောက်စွာ

ဥယျာဉ်စောင့် မြင်လျှင် ချဉ်းကပ်ကာ မေးမြန်း၍ သာမိန မင်းကြီး ဖြစ်ကြောင်းကိုသိလျှင် နာရဒမင်းထံသွား၍လျှောက်၏၊ နာရဒ မင်းလည်း ဥယျာဉ်စောင့်အား ဥယျာဉ်တော်ကိုသုတ်သင်၍ နေရာ နှစ်နေရာခင်းရန် စီမံ၏၊

ဥယျာဉ်စောင့်လည်း နာရဒမင်း စိမ်တိုင်းပြုလေ၏၊သာမိန မင်းကြီးသည် နေရာ နှစ်နေရာခင်းသည်ကိုမြင်လျှင် ဥယျာဉ်စောင့်အား "အမောင်.... အဘယ်ကြောင့် နှစ်နေရာခင်း သနည်း" ဟု မေး၏၊ "အရှင်မင်းကြီး.... အရှင်မင်းကြီး ဘို့တနေရာ၊ အကျွန်ုပ်တို့ မင်းဘို့တနေရာ ဖြစ်ပါသည်"ဟု ပြောကြား၏၊ ထိုအခါ သာမိနမင်းကြီးသည် ငါမှတပါး ဘယ်သူသည် ငါ၏အနီးနေရာ၌နေ့လတံ့နည်းဟုတခုသော နေရာ၌ထိုင်၍ တခုသောနေရာ၌ကား ခြေတင်၍ထား၏။

**ရှေ့ဟောင်းဖြစ်ရပ် ပြောကြားအပ်**

ထိုအခါ နာဒရမင်းရောက်လာ၍ သာမိနမင်းကြီး၏ခြေတို့ကိုရှိခိုးကာ လျှောက်ပတ်သောနေရာ၌ နေ၏၊ နာဒရမင်းကား သာမိနမင်းကြီး၏ ခုနစ်ဆက်မြောက် မြစ်တော်ဖြစ်သတတ်၊ ထိုအခါ လူတို့အသက်သည် တရာတမ်းဖြစ်၏၊ သာမိန မင်းကြီးကား ကုသိုလ်ကောင်းမှု၏ အစွမ်းဖြင့် အသက်ခုနစ်ရာ ရှည်ကြာအောင်နေရ၏၊ထိုနောက်သာမိန မင်းကြီးသည် မိမိ၏မြစ်တော်ဖြစ်သော နာရဒမင်းကိုလက်ဆွဲလျက် ဥယျာဉ်တော်သို့လှည့်လည်ကာ–

"အမောင်နာရဒ.... ရှေးအခါ ဤစိုက်ပျိုးရာမြေတို့သည် မွေ့လျော်ဘွယ်ရှိကုန်၏၊ဤရေမြွန်ကား နားချောင်းနှင့်တူ၏၊တဘက်တချက်ပေါက်နေသော မြက်တို့သည်၎င်း, ဤစီးဆင်းနေသော မြစ်တို့သည် ၎င်း မွေ့လျော်ဘွယ်ရှိကုန်၏"၊

"အမောင်နာရဒ.... ဤရေကန်တို့သည် မွေ့လျော်ဘွယ်ရှိကုန်၏၊ စက္ကဝက်ငှက်တို့သည် ကွန့်မြူး

ကုန်၏၊ မန္ဒာလကန္တယ်, ပဒုမာကြာ, ဥပ္ပလကြာတို့ဖြင့်ဖုံးလွှမ်းအပ်ကုန်၏၊ ငါ၏အလုပ်အကျွေးမောင်းမတို့သည် ဤအရပ်၌ မွေ့လျော်ကုန်၏၊ ထိုမောင်းမတို့သည် ယခုအခါ အဘယ်သို့သွားကြသနည်း၊ လူအပေါင်းကို မမြင်ရသောငါ့မှာ အရပ်မျက်နှာတို့သည် ဆိတ်ညံသကဲ့သို့ ဖြစ်ကုန်၏''—

ဟု နောက်နောက်ကဖြစ်ပျက်ခဲ့သော အကြောင်းတွေကို လွှမ်းဆွတ်သတိရကာ ပြောကြားလေ၏။

**ဘိုးတော်မင်းပင်ထီးနန်းတင်**

ထိုအခါ နာရဒမင်းသည် သာမိနမင်းကြီးကို ထီးနန်းနှင့်တကွ တိုင်းပြည်စည်းစိမ်ပါအပ်နှင်းလိုသဖြင့်—

"အရှင်မင်းကြီး····အရှင်မင်းကြီးတို့သည် နတ်ပြည်သို့ကြွသွားနေသည်မှာ နှစ်ပေါင်း ခုနစ်ရာရှိပါပြီ၊ အကျွန်ုပ်ကား အရှင်မင်းကြီး၏ ခုနစ်ဆက်မြောက် မြစ်တော်ဖြစ်ပါ၏၊ အရှင်မင်းကြီး၏ ငယ်ကျွန်မောင်းမတို့မှာ သေမင်း၏ခံတွင်းသို့ ဝင်ကြပါပြီ၊ မိထိလာပြည်ကြီးကား အရှင်မင်းကြီး၏ပြည်ဖြစ်ပါ၏၊ မင်းပြုတော်မူပါ''—

ဟု တောင်းပန်လျှောက်ထားလေ၏၊ ထိုအခါ သာမိနမင်းကြီးသည်—

"အမောင်နာရဒ···· ငါကား တပြောင်ပြောင်တောက်ပနေသော နတ်ဗိမာန်တို့ကို နတ်များနှင့်သိကြားမင်း၏ မျက်မှောက်၌ ကိုယ်တိုင်တွေ့မြင်ခဲ့ရပြီ၊ နတ်ဗိမာန်၌လည်း နေခဲ့ဘူးပြီ၊ နတ်၌ဖြစ်၍

အလုံးစုံ အလိုဆန္ဒနှင့်ပြည့်စုံသော ကာမဂုဏ်တို့ကိုလည်း ခံစားခဲ့ဘူးပြီ၊ ဤသို့သဘောရှိသော ကာမဂုဏ်တို့ကိုစွန့်လွှတ်၍ ဤအရပ်သို့လာခဲ့ခြင်းကား မင်းပြုရန်လာခဲ့သည်မဟုတ်၊ ကုသိုလ်ကောင်းမှုပြုရန်သာ လာခဲ့၏၊ ငါသည် ကုသိုလ်တရားကိုသာကျင့်အံ့၊ မင်းအဖြစ်ကိုအလိုမရှိ"၊

"အမောင်နာရဒ.... အပြစ်ဒဏ် မရှိသောသူတို့သည် ကျင့်အပ်သော မြတ်စွာဘုရားဟောကြားအပ်သော မဂ္ဂင်ရှစ်ပါးတရားသည်ရှိ၏၊ သူတော်ကောင်းတို့သည် ထိုမဂ္ဂင်ရှစ်ပါးဖြင့် နိဗ္ဗာန်သို့သွားကြကုန်၏၊ ငါသည်လည်း ထိုမဂ္ဂင်ရှစ်ပါးတရားကိုကျင့်အံ့"—

ဟု မင်းအဖြစ်ကိုပယ်၍ မိမိမိလာပြည်သို့ လာခဲ့ရင်းအကြောင်းကို ပြောကြားလေ၏၊ ထိုအခါ မြစ်တော်နာရဒမင်းသည် တဖန် မင်းပြုတော်မူရန် တောင်းပန်ပြန်၏၊ ထိုအခါ သာမိနမင်းကြီးသည် "မင်းအဖြစ်ဖြင့်အလိုမရှိ၊ အနှစ်ခုနစ်ရာပတ်လုံး ကင်းပြတ်၍နေသောအလှူကို ခုနစ်ရက်ထည်းဖြင့်လှူလိုသည်"ဟုပြောလေ၏၊နာရဒမင်းလည်း ကောင်းပြီဟုဝန်ခံကာ အလှူကြီးကို စီမံ၍ပေးလေ၏၊ သာမိနမင်းကြီးလည်း ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူပြီးလျှင် ခုနစ်ရက်မြောက်နေ့၌သေလွန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အချို့သော ဒါယကာတို့သည် သော

တာပတ္တိဖိုလ်, အချို့သကဒါဂါမိဖိုလ်, အချို့အနာဂါမိဖိုလ် ၌ တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့....

※ ထိုအခါ နာရဒမင်းသည်- ယခုအခါ အာနန္ဒာ။

※ သိကြားမင်းသည်- အနုရုဒ္ဓါ။

※ သာမိနမင်းကြီးသည်- ငါဘုရားဖြစ်လာပြီ"—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဥပုသ်သီလ၊ ကျင့်ဓမ္မ၊ နိစ္စစောင့်သုံးရာ။

(၂) သူတော်တို့ငြိမ်း၊ မဂ္ဂင်လမ်း၊ ဖြောင့်တန်းနိဗ္ဗူတာ။

(၃) သီလစွမ်းရည်၊ အသက်ရှည်၊ နတ်ပြည်ရောက်လိမ့်သာ။

သာမိနဇာတ်ပြီး၏။

---

## ၄၉၅-ဒသဗြာဟ္မဏဇာတ်

ပစ္စုပ္ပန်ဝတ္ထု

စီစစ်လှူမှု အကြောင်းပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် အာသအလှူကြီးကို ပေးလှူရာ၌ အလှူခံတို့ကို ရွေးချယ်စီစစ်၍ လှူခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ကျင့်မဲ့ပုဏ္ဏား စိစစ်ကြား

လွန်လေပြီးသောအခါ ကုရုတိုင်းဣန္ဒပတ္ထနဂိုရ်ပြည်ဝယ် ယုဓိဋ္ဌိလအနွယ်ဖြစ်သောကောရဗျမင်းမင်းပြုသည်ရှိသော် ထိုမင်းအား အကျိုးအကြောင်းကို ဆုံးမတတ်သောပညာရှိအမတ်ကား ဝိဓုရအမည်ရှိ၏။

ကောရဗျမင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံး ချောက်ခြားစေတတ်သော အလှူကြီးကိုပေးလှူ၏၊ အလှူခံပုဂ္ဂိုလ်တို့တွင် ငါးပါးသီလမျှကို စောင့်သုံးသောသူမည်သည်မရှိ၊ သီလမရှိသည်သာတည်း၊ ထိုအလှူသည်မင်းကြီးကိုမနှစ်သက်စေနိုင်မင်းကြီးသည် အဘယ်မည်သောအလှူသည် အကျိုးကြီးသနည်း ဟု ဆင်ခြင်ရာ သီလရှိသောသူတို့အား လှူလိုသည်ဖြစ်၍ ဝိဓုရအမတ်နှင့်တိုင်ပင်မည်ဟု ကြံစည်လျက်နေရာ မိမိထံသို့ ဝိဓုရအမတ်အခစားရောက်လာ၍—

"အို-ဝိဓုရပညာရှိ.... အကျိုးကြီးမြတ်သောပုဂ္ဂိုလ်တို့အားသာ အလှူကိုလှူဒါန်းမည်၊ မေထုန်အကျင့်မှ ကြဉ်ရှောင်၍ အကြားအမြင်များလျက်သီလရှိသောပုဏ္ဏားတို့ကို ရှာမှီးလော့"—

ဟု ဝိဓုရအမတ်ကိုတိုင်ပင်ကာ အလှူခံပုဏ္ဏားတို့ကို ရှာစေ၏၊ ဝိဓုရအမတ်လည်း မင်းကြီး၏စကားကို ကြားလျှင်—

"မြတ်သောမင်းကြီး.... မေထုန် အကျင့်မှ ကြဉ်ရှောင်၍ အကြားအမြင်များလျက် သီလရှိသောပုဏ္ဏားတို့ကို အလွန်ရခဲပါ၏"။

"မြတ်သောမင်းကြီး.... တကျိပ်သောပုဏ္ဏားမျိုးတို့သည်ရှိကုန်၏၊ ထိုတကျိပ်သောပုဏ္ဏားမျိုးတို့ကို အကျယ်အားဖြင့် ခွဲခြမ်းဝေဘန်၍ပြပါမည်၊ စုံစမ်းဆင်ခြင်၍ နားတော်မူပါ"။

(၁) "-မြတ်သော မင်းကြီး.... အကြင် ပုဏ္ဏားတို့သည် ဆေးမြစ်ဖြင့်ပြည့်သောဆေးအိပ်တို့ကို လွယ်ကုန်လျက် ဆေးကုကုန်၏၊ ဆေးကျမ်းကိုလည်း ရေးသားကုန်၏၊ ရေလည်းချိုးကုန်၏၊ မန္တန်လည်းမန်းမှုတ်ကုန်၏၊ ထိုပုဏ္ဏားတို့ကား ဆေးသမားနှင့်တူသောပုဏ္ဏားမျိုးတို့တည်း။

(၂) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် ကြေးစည်တို့ကိုတီးလျက် ရှေ့မှလည်း ကြွေးကြော်ကုန်၏၊ ခိုင်းစေရာသို့လည်း သွားကုန်၏၊ ရထားအတတ်၌လည်း သင်ကုန်၏၊ ထိုပုဏ္ဏားတို့ကား ကျွန်အမှုလုပ်နှင့်တူသော ပုဏ္ဏားမျိုးတို့တည်း။

(၃) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် ရေကရား, တဝ်ကောက်တို့ကိုယူ၍ ရွာ, နိဂုံးတို့၌ မင်းတို့သို့ ပို့ဆောင်ကုန်၏၊ ရွာ,နိဂုံးတို့၌ မပေးလျှင် မထဘဲနေကုန်၏၊ ထိုပုဏ္ဏားတို့ကား အခွန်တောင်းသူတို့နှင့်တူသော ပုဏ္ဏားမျိုးတို့တည်း။

(၄) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် တောခြိုက်ခဲ့သို့ စည်ပင်သော လက်ကတီးမွေး, ခြေသည်း, လက်သည်း, ကိုယ်မွေး, အညစ်အကြေးကပ်သော သွား,မှုံဖြင့်ပွမ်းသော ဦးခေါင်းရှိကုန်

၏၊ မြူမြေမှုန့်အလိမ်းလိမ်းကပ်သော ကိုယ်ရှိကုန်၏၊ ဥစ္စာကိုလည်း တောင်းကုန်၏၊ ထိုပုဏ္ဏားတို့ကား သစ်ငုတ်နှင့်တူသောပုဏ္ဏားမျိုးတို့တည်း။

(၅) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် သဖန်းခါးသီး,ရှစ်ရှားသီး,သရက်သီး, သပြေသီး, သစ်ဆိမ့်သီး, တောင်ပိန္နဲသီး, ဥသျှစ်သီး, ဆီးသီး, လင်းလွန်းသီး, ဒန်ပူ, ကြံတင်လဲ, အခိုးတန်, ပျားရည်,မျက်စဉ်းတို့ကို ရောင်းချကုန်၏၊ထိုပုဏ္ဏားတို့ကား ကုန်သည်နှင့်တူသောပုဏ္ဏားမျိုးတို့တည်း။

(၆) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် လယ်လုပ်ကုန်၏၊ ကုန်သွယ်ကုန်၏၊ ဆိတ်မြုံမာ ဆိတ်ကုလားတို့ကို မွေးမြူကုန်၏၊ သတို့သမီးငယ်တို့ကို ဥစ္စာဖြင့်ပေးကုန်၏၊ သမီးပေး၍ရင်း, သမီးယူ၍ရင်း ထိမ်းမြားလက်ထပ်ကုန်၏၊ ထိုပုဏ္ဏားတို့ကား သူဌေး သူကြွယ်နှင့်တူသော ပုဏ္ဏားမျိုးတို့တည်း။

(၇) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏား တို့သည် ရွာတို့၌ အမြဲတည်သော ဆွမ်းဝတ်ကို စားကုန်၏၊ ရွာသူတို့သည် ထိုပုဏ္ဏားတို့ထံ နက္ခတ်မင်္ဂလာ, မဟုတ်မင်္ဂလာတို့ကို မေးကုန်၏၊အခယူ၍ နွားကို သင်းကွပ်ခြင်း,တံဆိပ်ရိုက်ခြင်းတို့ကိုပြုကုန်၏၊ အိမ်၌နွား,ကျွဲ,ဝက်,ဆိတ်တို့ကို သတ်ကုန်၏၊ထိုပုဏ္ဏားတို့ကား နွားသတ်သမားနှင့်တူသော ပုဏ္ဏားမျိုးတို့တည်း။

(၈) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏားတို့သည် သန်လျက်,ကာ,အတတ်တို့ကို သင်ပြီး၍သန်လျက်, ကာတို့ကို ကိုင်ကုန်လျက် လမ်းခရီးတို့၌နေ၍ ကုန်သည်တို့ကိုအဘိုးအခဖြင့်ပို့ဆောင်ကုန်၏၊ ထိုပုဏ္ဏားတို့ကား နွားကျောင်းသားနှင့်တူသော ပုဏ္ဏားမျိုးတို့တည်း။

(၉) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏားတို့သည် တော၌ တဲအိမ်ကိုဆောက်ကာ စဉ်းလဲသောကျေးရွာကွင်းကိုထောင်၍ ယုန်, ကြောင်,ဖွတ်, ငါး,လိပ်တို့ကိုသတ်ကုန်၏၊ ထိုပုဏ္ဏားတို့ကား မုဆိုး တံငါနှင့်တူသောပုဏ္ဏားမျိုးတို့တည်း။

(၁၀) မြတ်သော မင်းကြီး.... အကြင်ပုဏ္ဏားတို့သည် ဥစ္စာကို အလိုရှိသည်ဖြစ်၍ ညောင်စောင်းအောက်၌အိပ်လျက် မကောင်းမှုကို စင်စွာ ဆေးသော ယဇ်ဖြစ်လတ်သော် မင်းတို့ကို ညောင်စောင်းအထက်၌ခေါင်းဆေးစေကုန်၏၊ ထိုပုဏ္ဏားတို့ကား အညစ်အကြေးကို ဆေးလျော်သောသူနှင့်တူသော ပုဏ္ဏားမျိုးတို့တည်း''။

ဤသို့ဝိဓုရသုခမိန်သည် ပုဏ္ဏားအမည်ခေါ်ဝေါ်ကာမျှဖြစ်သော တကျိပ်သောပုဏ္ဏားမျိုးတို့ကို အကျယ်အားဖြင့် ခွဲခြမ်းဝေဘန်၍ပြလေ၏။

ထိုအခါ မင်းကြီးသည်—

''ဝိဓုရသုခမိန်.... ယခုဆိုအပ်ပြီးသော တကျိပ်သောပုဏ္ဏားတို့ကား ပုဏ္ဏားအကျင့်မှ ကင်းကုန်

၏၊ ပုဏ္ဏားအကျင့်မှ တပါးသောအကျင့်ကို ကျင့်ကုန်၏၊ အခြားဖြစ်သော အကြားအမြင်များ၍ သီလရှိသောပုဏ္ဏားတို့ကိုရှာပါဦးလော့"—
ဟု တိုက်တွန်းပြန်၏၊ ထိုအခါ ဝိဓုရသုခမိန်သည်—

"မြတ်သောမင်းကြီး.... မေထုန်အကျင့်မှကြဉ်ရှောင်၍ အကြားအမြင်များလျက် သီလရှိသောပုဏ္ဏားတို့သည် ရှိပါကုန်၏၊ ထိုပုဏ္ဏားတို့ကား တထပ်ထည်းသောအစာအာဟာရကိုသာစားကုန်၏၊ယစ်မျိုးတို့ကိုမသောက်စားကုန်၊ထိုပုဏ္ဏားတို့သာ မှချဆတ်ဆတ်မြတ်သောပုဏ္ဏားစစ်တို့ဖြစ်ပါသည်၊ ထိုပုဏ္ဏားတို့အားလှူဒါန်းပါ"—
ဟုကောရဗျမင်းအား ပုဏ္ဏားစစ်ဖြစ်၍ မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်တို့ကိုညွှန်ပြလေ၏။

**ပုဏ္ဏားစစ်မှာ ရှင်ပစ္စေကာ**

ကောရဗျမင်းသည် ထိုစကားကိုကြားလျှင် အလွန် ဝမ်းမြောက်သည် ဖြစ်၍ "အို-ဝိဓုရသုခမိန်.... သင်ပြောသော ပုဏ္ဏားစစ်တို့ကား အဘယ်အရပ်မှာရှိသနည်း" ဟု မေး၏၊"မြောက်ဟိမဝန္တာ နန္ဒမူလိုဏ်၌ရှိပါသည်"ဟုလျှောက်ထား၏၊ "ယခုအမြန် ပင့်ဘိတ်ပေးပါ"ဟု ပြော၏၊ထိုအခါ ဝိဓုရသုခမိန်သည် ကောင်းပြီဟု ဝန်ခံ၍မြို့တော်ကို တန်ဆာဆင်စေပြီးလျှင် ပြည်သူတို့ကို အလှူပေးစေ၏၊ ဥပုသ်ကိုဆောက်တည်စေ၏၊ မင်းကြီးတို့လည်း အခြွေအရံ ပရိသတ်နှင့်တကွ ဥပုသ်ကို ဆောက်တည်စေ၏၊ မိမိကိုယ်

တိုင်လည်း နံ့နက်စောစောကလျှင် ထမင်းစား၍ ဥပုသ်ဆောက်တည်၏၊ ညဉ့်ချမ်းအခါ မုလေးပန်းတို့ဖြင့် ပြည့်သော ရွှေပန်းတောင်းကို ဆောင်ယူခဲ့စေ၍ မင်းနှင့်တကွ ငါးပါးသော ထီးဖြင့် ရှိခိုးလျက် ရှင်ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးကိုအောက်မေ့ ဆင်ခြင်လျက် (မြောက်ဟိမဝန္တာ- နန္ဒမူလိုဏ်၌ သီတင်းသုံးသော ငါးရာသော အရှင်ပစ္စေကဗုဒ္ဓါတို့သည် နက်ဖြန်အကျွန်ုပ်တို့ ဆွမ်းကို ခံတော် မူစေသတည်း။) ပင့်ဘိတ်ကာ ကောင်းကင်သို့ မုလေးပန်း ရှစ်ဆုပ်တို့ကို စေလွှတ်လေ၏။

ရှုဘွယ်ဝဏ္ဏ၊ စီစဉ်ပြ

ထိုအခါ ငါးရာသော အရှင်ပစ္စေကဗုဒ္ဓါတို့သည် နန္ဒမူလိုဏ်၌ တည်နေလျက် ရှိကုန်၏၊ ပန်းရှစ်ဆုပ်တို့သည် သွား၍ ရှင်ပစ္စေက ဗုဒ္ဓါတို့အပေါ်၌ ကျကုန်၏၊ ပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိတော်မူ၍“ငါ့ရှင်တို့…ဝိဓုရပညာရှိသည် ငါတို့ကို ပင့်ဘိတ်ဘိ၏၊ ထိုဝိဓုရပညာရှိကား ဟူးဟူး ညားညားသော သတ္တဝါ မဟုတ်၊ ဤဘဒ္ဒကမ္ဘာ၌ပင် ပွင့်တော်မူလတ့ံသော ဘုရားအလောင်းပေတည်း၊ထိုဝိဓုရပညာရှိအား ချီးမြှောက်ခြင်းကို ပြုကုန်အံ့ဟုတိုင်ပင်ကာ ပင့်ဘိတ်ခြင်းကိုဝန်ခံကြကုန်၏။

ဝိဓုရသုခမိန်သည် ပန်းတို့၏ ပြန်မလာသော အမှတ်ဖြင့် ပစ္စေကဗုဒ္ဓါတို့ ဝန်ခံသောအဖြစ်ကိုသိ၍ မင်းကြီးအား “မြတ်သောမင်းကြီး....နက်ဖြန် ပစ္စေကဗုဒ္ဓါတို့ ကြွလာကုန်‘ပေအံ့၊ လျှာဒါန်းပူဇော်ဘွယ်တို့ကို အသင့် စီရင်ထားစေ

လော့''ဟု လျှောက်ထား၏၊ ကောရဗျမင်းကြီးလည်း များစွာသော လျှဒါန်းပူဇော်ဘွယ်တို့ကို စီရင်စေ၏၊ ပြာသာဒ်မှ၌ မြတ်သောသူတို့နေခြင်းငှါ ထိုက်သော နေရာတို့ကို ခင်းစေ၏။

**လှူဒါန်းသမှု မင်းကြီးပြု**

ရှင်ပစ္စေကဗုဒ္ဓါတို့လည်း အနဝတတ်အိုင်၌ ကိုယ်လက် သုတ်သင် ပြီးလျှင် အခါကိုမှတ်၍ ကောင်းကင်ခရီးဖြင့် ကြွလာကာ ကောရဗျမင်းကြီး၏ မင်းရင်ပြင်၌ ဆင်းသက်ကုန်၏၊ ကောရဗျမင်းကြီးနှင့် ဝိဓုရသုခမိန်တို့လည်း ပစ္စေကဗုဒ္ဓါတို့ ကြွလာသောအခါ အလွန်ကြည်ညိုသော စိတ်ဖြင့် သပိတ်တော်တို့ကို လှမ်းယူ၍ ပြာသာဒ်ထက်သို့ ပင့်ဆောင်ပြီးလျှင် အလှူရေစက်သွန်းချလျက် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကုန်၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် ခုနစ်ရက်တိုင်အောင် ပင့်ဘိတ်၍ လှူဒါန်း၏၊ ခုနစ်ရက်မြောက်နေ့၌ အလုံးစုံသော ပရိက္ခရာတို့ကို လှူဒါန်း၏၊ ရှင်ပစ္စေကဗုဒ္ဓါတို့လည်း အနုမောဒနာပြုပြီးလျှင် နန္ဒမူလိုဏ်သို့ ကြွကုန်၏၊ အခြံအရံပရိသတ်နှင့်တကွ ကောရဗျမင်း ဝိဓုရအမတ်တို့သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လျက် သေလွန်သောအခါ နတ်ပြည်သို့ လားကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ကောရဗျမင်းသည်-ယခုအခါအာနန္ဒာ။
※ ဝိဓုရ သုခမိန်သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဆေးသမားဟန်၊ မှူလုပ်ကျွန်၊ အခွန်တောင်းပုဏ္ဏား။
(၂) သစ်ငုတ်,ကုန်သွယ်၊ သူဌေးနှယ်၊ မဖွယ်နွားသဘ်လား။
(၃) နွားကျောင်း,မှူဆိုး၊ ညစ်ဆေးရိုး၊ ဆယ်မျိုးရှိခဲ့ပြား။
(၄) သီလလွတ်ကင်း၊ ပုဏ္ဏားဖျင်း၊ လျှုခြင်းကျိုးမများ။
(၅) မင်းကောရဗျ၊ ရွေးချယ်လှ၊ ပင့်ကြပစ္စေများ။
(၆) ကိလေစင်ကြယ်၊ ဘုရားငယ်၊ လှူဘွယ်အကျိုးများ။
ဒသဗြာဟ္မဏဇာတ်ပြီး၏။

---

## ၄၉၆-ဘိက္ခာပရမ္ပရဇာတ်

ပန္နရသနိပါတ်။

တရားရှုရေး အာနန္ဒာမေး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သူကြွယ်တယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ အမြဲမပြတ်ဘုရားအားငင်း, သံဃာအားငင်း ပူဇော်သက္ကာရကိုပြု၏၊ ထိုသူကြွယ်သည် တနေ့သ၌ အကြံဖြစ်သည်မှာ ငါကား ဘုရားရတနာနှင့် သံဃာရတနာကို ပူဇော်ရပေပြီ၊ တရားရတနာကိုလည်း ပူဇော်လိုသည် အဘယ်သို့ ပူဇော်ရပါအံ့နည်း ကြံစည်ကာ မြတ်စွာဘုရားထံ သွား၍ ထိုအကြောင်းကို လျှောက်ထား၏။

ထိုအခါမြတ်စွာဘုရားသည်သူကြွယ်အား''ဒါယကာ·· သင်သည် အကယ်၍ တရားရတနာကို ပူဇော်လိုသည် ဖြစ်အံ့၊ တရားဘဏ္ဍာစိုးဖြစ်သော ရှင်အာနန္ဒာကို ပူဇော်လော့၊ ရှင်အာနန္ဒာကို ပူဇော်လျှင် တရားကို ပူဇော်သည် မည်၏''ဟု မိန့်တော်မူ၏၊ သူကြွယ်သည် မြတ်စွာဘုရား မိန့်တော်မူတိုင်း ရှင်အာနန္ဒာအား ပင့်၍ တရားရတနာ အားရည်မှတ်ကာ ဆွမ်းခဲဘွယ် ဘောဇဉ်နှင့် သင်္ကန်းသုံးထည်တို့ကို လှူဒါန်း၏။

**ဆွမ်းနှင့်သင်္ကန်း ဆင့်ဆင့်လှူဒါန်း**

ရှင်အာနန္ဒာသည် ဤဆွမ်းခဲဘွယ်ဘောဇဉ်နှင့် သင်္ကန်းတို့ကား တရား ရတနာ အားသာ လှူဒါန်းအပ်၏၊ငါနှင့်မထိုက်တန်ဟု တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာအား လှူဒါန်းလေ၏၊ရှင်သာရိပုတ္တရာလည်း ဤဆွမ်းခဲဘွယ်ဘောဇဉ်နှင့် သင်္ကန်းတို့ကား တရားရတနာအားသာ လှူအပ်၏၊ ငါနှင့်မထိုက်တန် ဟု တရား၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား လှူဒါန်းပြန်၏၊ မြတ်စွာဘုရားလည်း ကိုယ်တော်ထက် လွန်မြတ်သူကို မမြင်သဖြင့် ဆွမ်းခဲဘွယ် ဘောဇဉ်ကိုလည်း ဘုဉ်းပေးတော်မူ၏၊ သင်္ကန်းကိုလည်း သုံးဆောင်တော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် ''ရဟန်းတို့····ယခုအခါ၌သာ ဆွမ်းသည် အဆင့်ဆင့် သင့်လျော်သော အဖြစ်သို့ရောက်သည်မဟုတ်၊ ရှေးအခါ၌လည်း ရောက်ခဲ့ဘူးပြီ''ဟု မိန့်

တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ပြည်တွင်းပြည်ပ စုံစမ်းကြ

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် အဂတိလေးပါး မလိုက်စားဘဲ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုလေ၏၊ ဤသို့ တရားနှင့် အညီ မင်းပြုသော်လည်း သင့်တင့်လျောက်ပတ်ခြင်းသည် မဖြစ်၊ ဆိတ်ငြိမ်သကဲ့သို့ဖြစ်၏၊ ထိုအခါ မင်းကြီးသည် မိမိအား ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောသောသူကို စုံစမ်းရှာဖွေရာ၊ နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင်တို့၌ မမြင်၊ ထိုအခါ ဇနပုဒ်၌လှည့်လည်၍ စုံစမ်းရှာဖွေမည်ဟု အမတ်ကြီးတို့အား တိုင်းပြည်ကို အပ်နှင်းခဲ့ပြီးလျှင် ပုရောဟိတ်နှင့်တကွ မထင်ရှားသောအသွင်ဖြင့် စုံစမ်းရှာဖွေသော်လည်းမမြင်သဖြင့် နိဂုံးရွာတခုသို့သွား၍ ရွာတံခါးစရပ်တွင်နေ၏။

မင်းမှတဖုံ ဆင့်ဆင့်ရှုပ်

ထိုခဏဝယ် နိဂုံး၌ ကုဋေရှစ်ဆယ် စည်းစိမ်ရှိသော သူကြွယ်သည် များစွာသော အခြံအရံဖြင့် ရေချိုးဆိပ်သို့ သွားသည်ရှိသော် အဆင်းအင်္ဂါလှပ၍ သိမ်မွေ့နူးညံ့သော မင်းကိုမြင်လျှင်ချစ်ခင်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ စရပ်သို့ဝင်၍ အပြေအပြစ်လောကွတ်ပျူငှါ နှုတ်ခွန်းဆက်ပြီးလျှင် ဤစရပ်၌ ခေတ္တဆိုင်းငံ့ပါဦးဟု တောင်းပန်ကာ အိမ်သို့ပြန်၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေလျက် အခြံအရံတို့ဖြင့် မြတ်သောထမင်းကိုယူ၍ လာ၏၊

ထိုအခိုက်၌ အဘိညာဉ်ငါးပါးနှင့်ပြည့်စုံသောရသေ့သည် လာလတ်၍ ထိုစရပ်၌နေ၏၊ နန္ဒမူလိုဏ်မှ ရှင်ပစ္စေကဗုဒ္ဓါသည် လာလတ်၍ ထိုစရပ်၌လျှင်နေ၏၊ သူကြွယ်သည် လက်ဆေးရေပေး၍ ထမင်းခွက်ကိုမင်းအားဆက်၏၊ မင်းသည်ယူ၍ ပုရောဟိတ်အားပေး၏၊ ပုရောဟိတ်သည် ရသေ့အားလှူ၏၊ ရသေ့လည်း ရှင်ပစ္စေကဗုဒ္ဓါအား လှူပြန်၏၊ ရှင်ပစ္စေကဗုဒ္ဓါသည် တစုံတယောက်ကိုမျှ မပန်ကြားမူ၍ ဘုဉ်းပေးတော်မူ၏။

**အဆင့်ဆင့်လှူပေးကြောင်းရင်းမေး**

ထိုအခါ သူကြွယ်သည် ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းဘုဉ်းပေးပြီးလျှင် ငါသည် မင်းအားဆက်၏၊ မင်းသည် ပုရောဟိတ်အား၊ ပုရောဟိတ်သည် ရသေ့အား၊ ရသေ့သည်ရှင်ပစ္စေကဗုဒ္ဓါအား အဆင့်ဆင့်လှူဒါန်းခြင်းကား အကြောင်းအသို ရှိသနည်း၊ ရှင်ပစ္စေကဗုဒ္ဓါ မပန်ကြားဘဲ ဘုဉ်းပေးခြင်းကား အကြောင်းအသိုရှိသနည်း၊ ဤလေးယောက်တို့ကို အစဉ်အတိုင်းကပ်၍မေးမည်ဟု ကြံစည်၍ မင်းကြီးထံရှေးဦးစွာကပ်၍—

"မြတ်သောမင်းကြီး.... ပစ္စန္တရစ်သို့ ရောက်လာသော အရှင်မင်းကြီးအား ချစ်ခင်ကြည်ညို သောစိတ်ရှိသည်ဖြစ်၍ မွန်မြတ်သောခဲဘွယ် ဘောဇဉ်တို့ဖြင့်ပြည့်သော ထမင်းကို အိမ်သို့ပြန်၍ ယူဆောင်ကာဆက်သပါ၏၊ သင်မင်းကြီးသည် ကိုယ်တိုင်မသုံးဆောင်ဘဲ အဘယ်ကြောင့် ပုရောဟိတ်အားပေးပါသနည်း"—

ဟု မင်းကြီးအား မေးလျှောက်၏၊ မင်းကြီးသည်—

"အို-သူကြွယ်.... ဤပုရောဟိတ်ကား ငါ၏ ဆရာတည်း၊ အမှုကြီးငယ်တို့၌ ကြောင့်ကြစိုက်၏၊ အလေးပြုထိုက်သူ, စားလှည့် ခေါ်ထိုက်သူဖြစ်၏၊ ထိုကြောင့် ပုရောဟိတ်အား ပေးပါ၏"—

ဟု သူကြွယ်အား ပြောကြား၏၊ ထိုနောက် သူကြွယ် သည် ပုရောဟိတ်ထံကပ်၍—

"အို-ပုရောဟိတ်.... သင်သည် မင်းကြီးပေး သောထမင်းကို ကိုယ်တိုင်မသုံးဆောင်ဘဲ အဘယ့် ကြောင့် ရသေ့အားလှူဘိသနည်း၊ မိမိသည်အလှူ၏ ကောင်းသော လယ်တာမြေ မဟုတ်သည်၏အဖြစ် ကိုသိ၍ပါလား"—

ဟု ပုရောဟိတ်အား မေးမြန်းပြန်၏၊ ပုရောဟိတ်သည်—

"အို-သူကြွယ်.... ငါကား သားမယားတို့ကို မွေးမြူ၏၊ အိမ်၌တပ်မက်၏၊ ကာမဂုဏ်တို့ကိုခံစား ၏၊ မင်းကြီးအားဆုံးမရ၏၊ ရသေ့မြတ်ကား-ခြိုးခြံ သောအကျင့်ရှိ၏၊ ပညာဂုဏ်ကြီး၏၊ ကိုယ်အကျင့် ကိုပွားများ၏၊ တော၌နေ၏၊ ထိုကြောင့် ရသေ့ မြတ်အားလှူဒါန်းပါ၏"—

ဟု သူကြွယ်အား ပြောကြား၏၊ ထိုနောက် သူကြွယ် သည် ရသေ့မြတ်ထံကပ်၍—

"ရှင်ရသေ့.... အရှင်သည် ပုရောဟိတ် လှူဒါန်း သောဆွမ်းကို ကိုယ်တိုင် မဘုဉ်းပေးဘဲ အဘယ့် ကြောင့် ရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းပါသနည်း၊

ဤရှင်ပစ္စေကဗုဒ္ဓါသည် ရှင်ရသေ့ထက် အဘယ် ကျေးဇူးဖြင့် လွန်မြတ်ပါသနည်း’’—

ဟု ရသေ့အား မေးလျှောက်ပြန်၏၊ ရသေ့သည်—

‘‘အို-သူကြွယ်.... ငါကား- သစ်ဥတို့ကိုတူး၍ စားရ၏၊ သစ်သီးတို့ကိုဆွတ်၍စားရ၏၊ ဆန်,ဟင်း သီး,ဟင်းရွက်တို့ကို ချက်ပြုတ်၍စားရ၏၊ ခြသေ့်စား ကြွင်း,ကျားစားကြွင်း အမဲတို့ကို ချက်၍စားရ၏၊ သိမ်းဆည်းရ၏၊ စွဲလမ်းရ၏၊ ကြောင့်ကြစိုက်ရ၏၊ ဤရှင်ပစ္စေကဗုဒ္ဓါကား·တူးဆွ ချက်ပြုတ်ခြင်း မရှိ၊ သိမ်းဆည်းခြင်းမရှိ၊ ကြောင့်ကြ စိုးရိမ်ခြင်းမရှိ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းမရှိ၊ ထိုကြောင့် ရှင် ပစ္စေကဗုဒ္ဓါအား လှူဒါန်းပါ၏’’—

ဟု သူကြွယ်အား ပြောကြား၏၊ ထိုနောက် သူကြွယ် သည် ရှင်ပစ္စေကဗုဒ္ဓါထံကပ်၍—

‘‘အရှင်ဘုရား.... အရှင်ဘုရားသည် ရသေ့ မြတ်လှူဒါန်းသောဆွမ်းကို အလှူခံ၍ တပါးတည်း ဆိတ်ဆိတ်ဘုဉ်းပေးတော်မူဘိ၏၊ အဘယ်ကြောင့် အခြားသူကိုမပေးမဖိတ် မပန်ကြားပါသနည်း’’—

ဟု ရှင်ပစ္စေကဗုဒ္ဓါအား မေးလျှောက်ပြန်၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါသည်—

‘‘အို-သူကြွယ်.... ဤဆွမ်းကား ငါအားသာ အထိုက်တန်ဆုံးဖြစ်၏၊ ငါ့ထက်ကြီးမြတ်သောသူ မရှိ၊ပေးလှူသူကို တဖန်ပေးကမ်းဖိတ်မန် တောင်း ပန်ခြင်းသည် ဆန္ဒကျင်ဘက်ဖြစ်၏ဟု ငါအောက်

မေ့၏၊ ထို့ကြောင့် မပေးကမ်း မဖိတ်မန် မပန်ကြားပါ”—

ဟု သူကြွယ်အား ပြောကြားတော်မူ၏၊ ထိုနောက် သူကြွယ်သည်—

“အချင်းတို့.... မင်းကြီးသည် ငါ၏အကျိုးငှါ ကြွလာပစ္စေကဗုဒ္ဓါ၊ အလျှ၏အကျိုးကြီးမြတ်သော အလှူခံပုဂ္ဂိုလ်တို့ကို ယခုငါသိရပေပြီ၊ ပြည့်ရှင်မင်းသည် တိုင်းပြည်၌ မက်မော၏၊ ပုဏ္ဏားသည် ကိစ္စကြီးငယ်တို့၌မက်မော၏၊ ရသေ့သည် သစ်မြစ် သစ်သီးတို့၌မက်မော၏၊ ရှင်ပစ္စေကဗုဒ္ဓါသာ မက်မောခြင်းမှ လွတ်ကင်းတော်မူ၏”—

ဟု အလွန်နှစ်သက်အားရသည်ဖြစ်၍ ရှင်ပစ္စေကဗုဒ္ဓါအား ချီးမွမ်းလေ၏။

ရှင်ပစ္စေကဗုဒ္ဓါလည်း သူကြွယ်အား တရားဟောပြီးလျှင် မိမိနေရာ နန္ဒမူလိုဏ်သို့ ကြွတော်မူ၏၊ ရသေ့လည်း ရှင်ပစ္စေကဗုဒ္ဓါအတူ သူကြွယ်အား တရားဟောပြီးလျှင် မိမိနေရာသို့ကြွလေ၏၊ မင်းကြီးနှင့်ပုရောဟိတ်တို့ကား သူကြွယ်ထံ၌ နှစ်ရက်သုံးရက်နေပြီးလျှင် ဗာရာဏသီပြည်သို့ သွားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—